www.burmeseclassic.com

# လရောင်ကျူးရင့်

ကျွန်တော်တို့နဲ့ မစံပယ်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာထင်လင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရှင် ၈၉၅.၈၃
ကျွန်တော်တို့နဲ့ မစံပယ်/ လရောင်ကျူးရှင်၊
ရန်ကုန်။ ရွှေညာထင်လင်းစာပေ၊ ၂၀၁၆။
၃၉၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကျွန်တော်တို့နဲ့ မစံပယ်




### အခန်း(၁)

"ကိုတရုတ်ကြီး .."
"ဘာတုံး .."
"ခင်ဗျား ဒါလေးတောင် မကူညီနိုင်ဘူးလား .."
"ဟေ့အေး .."
"တကယ် မကူညီဘူးလား .."
"ဘုန်းရိုပ် .. မင်း ငါ့ကို ပြဿနာမရှာနဲ့နော် .. ငါ့ကို ကိုကြီးသောင်းက သေချာမှာခဲ့တာ .."

"မှာခဲ့တော့ ဘာဖြစ်လဲဗျာ .. သူ့သမီးက သမိုင်းဝင်ရုပ်ထုလည်းမဟုတ် .. ရတနာမြေပုံလည်းမဟုတ်ပဲ ခင်ဗျား ဒီလောက် အခန်းရှေ့မှာ တန့်လန့်အိပ်ပြီး ပြူးပြဲစောင့်နေစရာမလိုပါဘူး .."

"ဟေ့အေး ဘုန်းရိုပ် .. ငါ့ကို ခွယ်တရားမဟောနဲ့ .. ကိုကြီးသောင်းကို ငါကြောက်တယ် .. လုံးဝ မဖယ်ပေးဘူးဆို မဖယ်ဘူးပဲ .."

ပြောပြီး လှည့်ကြည့်တော့ ဘုန်းရိုပ် က မျက်မှောင်ကြီးကုတ်ထားသဖြင့် တရုတ်ကြီး မြန်မြန်ဆန်ဆန် ခေါင်းမြီးခြုံပစ်လိုက်သည်။

"ကိုတရုတ်ကြီး ခင်ဗျားကို ဒီထရော်လီအစုတ်ပြတ်ကြီး ပေးအိပ်ထားတာ တော်တော်ဘဝင်ခွေ့နေတယ် ဟုတ်လား .."

"အဲဒီတော့ ဘာဖြစ်လဲတွ .."

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးက ခေါင်းမြီးခြုံထဲကနေ ပြန်အော်သည်။ ရွာထိပ်မီးကင်းကနေ ညကိုးနာရီထိုးသည့် သံချောင်းအသံကြောင့် သူတို့အသံခဏတိတ်သွားကြပြီး...

"ကိုတရုတ်ကြီး .."

"ဟေ့လကွာ .. ငါ အိပ်မလို့ .."

"ခင်ဗျားက ခင်ဆုံ ကို အိမ်ရှေ့တံခါးကနေ စောင့်အိပ်နေတာနဲ့ စိတ်ချရပြီထင်နေတယ်ပေါ့ .."

တရုတ်ကြီး ခေါင်းမြီးခြုံ ဖျတ်ခနဲ ဖွင့်ကြည့်သည်။ ညက မှောင်နေသော်လည်း မြင်တော့မြင်နေရတာပဲဖြစ်ကာ ဘုန်းရိုပ် က ခါးထောက်ထားသဖြင့်...၊

"ဘုန်းရိုပ် .."

"ပြော .."

"မင်းက ဘာဖြစ်နေတာလဲ .."

"ဘာဖြစ်နေလို့လဲ .."

"မင်း ငါ့ကို ဒုက္ခမပေးပါနဲ့ကွာ .. ငါ့မှာ ကိုကြီးသောင်း ပေးတာ ဆွေးတာလေးနဲ့ စားနေရတာပါ .."

"ခင်ဗျားဆီက ဘယ်သူက ဈေဝေပေးပါ တောင်းနေလို့လဲ .."

"မဟုတ်ဘူးလေကွာ .. ငါ စောင့်ရှောက်ပေးရမယ့် မိန်းကလေး ကို မင်းက .."

"သူ့ကို ကူညီပေးချင်တာလေ .. အဲဒီ မိန်းကလေးက သူ့ချစ်သူနဲ့ တွေ့ချင်လွန်းလို့ အထဲမှာ ငိုနေတာ ခင်ဗျား သိလား .."

"ဒါ လူငယ်တွေသဘာဝပဲကွ .. မိဘက မတော်ဘူးထင်လို့တားတယ် .. သူတို့ နားမလည်သေးလို့ငိုတာပေါ့ .."

"အခု .. သူ့အဖေမရှိတုန်း ခဏလောက် သူတို့စကားပြောမှာ ဘာဖြစ်သွားနိုင်လို့လဲ .."

"ဘုန်းရိုပ် .."

"ခေါ်ပြန်ပြီ .."

ကျွတ်ခနဲ ရှုံ့မဲ့သွားကာ ..၊

"ဟုတ်တယ် .. ခင်ဗျားကို လာညှိနေတာ ဘုန်းရိုပ် .. အခု ဒီနားက



ခဏဖယ်ပေးမှာလား မပေးဘူးလား .."

"မင်းက ဓားပြတိုက်သလိုပါလား .."

"မေတ္တာရပ်ခံနေတာ .."

"မှတ်သားစရာပါပဲ မောင်မင်းကြီးသားရယ် .."

"နောက်မှ မှတ်ဗျာ .. တော်ကြာ ဘကြီးသောင်း ပြန်ရောက်လာဦးမယ် .."

"မင်းက .. သူများကိစ္စပါဝင်ကူညီရတာ တော်တော်ဝါသနာကြီးပါလား.."

"ငယ်ငယ်တည်းက ဖျောက်မရတဲ့အကျင့် .."

"အေး .. ငါကလည်း စားထားတဲ့ထမင်းအတွက် သစ္စာရှိရမယ် ဟော့ .. အိပ်ပြီ .."

ပြောကောင်းဆိုကောင်းဖြစ်လာပြီးမှ တရုတ်ကြီးက စောင်းခေါင်း မြီးခြုံသွားပြန်သည်။

"တောက် .."

ခပ်ကြိတ်ကြိတ်တက်ခေါက်ရင်း ခါးထောက်လိုက်မိသည်။ တရုတ်ကြီးက သူ့ တက်ခေါက်သံကို ကြားသွားကာ ..၊

"ရှောလီးပဲ ဘုန်းရိုပ် ရေ .. မင်း ဝါသနာကို ငါကတော့ ပါရမီ ဖြည့်မပေးနိုင်ဘူး .. ရှောလီး ဗွတ်တပိုင် .."

"ပြောချင်လည်း ပီပီသသပြော .. ဟွန်း .. သူများချစ်သူတွေကို တွေ့နာရကောင်းမှန်း မသိတာ ခင်ဗျား ဒီညသတိထားအိပ် .."

"ဟေ့ .. ဟေ့ .. ဟား .. ဟား .. ဟိ .. ဟိ .."

ခေါင်းမြီးခြုံထဲကနေ ဘယ်လိုတွန့်လိမ်ပြီး သံစုံမြည်အောင် ရယ်နေသည်မသိ ..၊ ဘုန်းရိုပ် ကတော့ သူ့ရယ်သံကို ဂရုမစိုက်တော့ပါ။ ခါးနှစ်ဖက်ထောက်ရင်း တရုတ်ကြီး အိပ်ရာနဲ့ ဆောဆီအထက်အောက် ကို ကုန်းကွကြည့်ရှုပြီး ..၊

"အိပ်မက်လှလှမက်ပါစေဗျာ .."

"ဟီး ဟိ .. ပေးတဲ့ဆုနဲ့ ပြည့်ပါစေ .. ဟီး .. ဟီး .."

သူ ထွက်လာတာနှင့် ခေါင်းငိုက်စိုက်နှင့် စောင့်နေသည့် ငွေား

www.burmeseclassic.com

www.burmeseclassic.com



က ထခုန်မတတ်ကြိုဆိုကာ ...।

"ဘယ်လိုလဲ ဘုန်းရိပ် .."

"တွေ့ဖို့ပြင်ထားလိုက် .."

"ဟာ .. ဟုတ်လှချေလား၊ ကိုတရုတ်ကြီးက ဒါဆိုဒါ ငကပ်ကြီး မင်းကိုတော့ .."

"လုံးဝပြောမရဘူး .."

"ဟင် .."

သစ်ရွက်ကြိုကြားက အလင်းပျောက်တို့နှင့် နောက်ထပ်ရောက်လာကြသော အောင်ကြီး နဲ့ ချမ်းသာ တို့ကလည်း ဘယ်သူ့ကိုကြည့်၍ ဘာနားထောင်ရမှန်းမသိ ဖြစ်နေကြကာ ...।

"ဘယ်လိုလဲ .. ကိုတရုတ်ကြီး က .."

"မသိပါဘူးကွာ .. တွေ့ရမယ်ပြောလို့ ဝမ်းသာသွားတာ .. ပြောတာလည်း မရခဲ့ဘဲနဲ့ .."

ရှုံးမဲ့နေကြသည့် အောင်ကြီး တို့ကို ကြည့်ကာ ဘုန်းရိပ် က ကျွတ်ခနဲ ခေါင်းခါ၍ ...

"ပူမနေစမ်းပါနဲ့ .. ဘုန်းရိပ် ပါ .."

"ဟင် .. ဒီလိုလား .."

"အေး .. အားကိုးပါတယ် .. လုပ်ပါဦးကွာ .. ငါ ခင်ဆုံ နဲ့ ဒီညမှ စကားပြောခွင့်မရရင် ငါတို့တစ်သက်လုံး ဝေးရတော့မယ့်ကိန်း ဆိုက်တော့မှာ .."

"ဩော် .. နေစမ်းပါဆိုမှ နားငြီးလိုက်တာ .."

"မင်းက နားငြီးနေ .. ခုပဲ ကိုးနာရီကျော်နေပြီကွ .. တောင်ပိုင်းမှာ ဆေးသွားကုပေးနေတဲ့ သူ့အဖေပြန်လာရင် .."

"ဒီည ဘကြီးသောင်း ပြန်လာနိုင်ရင် ကံကောင်းပဲ .."

"ဟေ !..."

"အစောဆုံး ပြန်လာရင်လည်း ညဆယ့်နှစ်နာရီဝန်းကျင်လောက်မှ ဖြစ်မယ် .."



"မင်းက သေချာလှချေလား .."

"ပြန်လာရင် လှည်းဝင်ရိုးသံကြားရမယ် .. ဓာတ်မီးရောင်ကိုလှမ်းမြင်ရမယ် .. ဘာဖြစ်လို့လဲဆိုတော့ ညဥ့်နက်သန်းခေါင်ကြီးဆိုတော့ တောင်ပိုင်းက လူကြီးအိမ်က ဆေးဆရာကို ဒီတိုင်းပြန်ပို့မှာမဟုတ်ဘူး၊ လှည်းနဲ့ ပြန်လာမှာ .."

"တော်ချက်ကတော့ကွာ .."

"အဲဒီတော့ အခု ငါတို့ ဘာလုပ်ရမှာလဲ .."

"ငါ အချက်မပေးမချင်း ထွက်မလာကြနဲ့ အေးအေးနေ .."

"ဟာ .. ဘယ်နှစ်နာရီကျမှ .."

"မစောင့်နိုင်ဘူးဆိုရင်လည်း .."

"စောင့်ပါ့မယ် .."

ဘုန်းရိပ် က သူ့စတိုင်လ်အတိုင်း ပုဆိုးရဲ့ အောက်ဖျားနှစ်စကိုကိုင်၍ လျှောက်ထွက်သွားတာ တလွှားလွှား ...।

"သွားပြီ .."

"ဘာသွားတာလဲ ထွေး ရာ၊ ဘုန်းရိပ် ကြံရင် ဘူးစင်တစ်စင်လုံး တောင် မခံနိုင်ဘူး .. မသိတာကျလို့ .."

သရဲစောင့်ပါသည်ဆိုသည့် ဘူးစင်လည်း ဘုန်းရိပ် ရဲ့ အကြံတစ်ချက်မှာ တစ်သက်ခံသွားရတာ ဘယ်အခါမှ မေမေ့ဘာဆာနုလုံမထူခဲ့ရ။

သူတို့လူစု ခေါင်းချင်းဆိုင်ပြီဆို နီးစပ်ရာ လူတွေမျက်ခုံးလှုပ်ကုန်ကြ၏။ ရွာလူကြီးက ဘာမှန်းမသိသေးဘဲလည်း ကြိမ်းဝါးတတ်သေးသည်။

"မင်းတို့ကောင်တွေ ပွေပွေရှုပ်ရှုပ်တွေလုပ်တတ်တာ သတိထား။ အပြစ်ရှိလာရင် ငါ ခွင့်လွှတ်မှာမဟုတ်ဘူး .." တဲ့ ...။

လူကြီး ကြိမ်းတိုင်းလည်း သူတို့က ခပ်ကြိတ်ကြိတ်ရယ်မပျက်ရှိကာ ..

ဘာဖြစ်လဲ .. ခွင့်မလွှတ်တာက နောက်မှ .. လုပ်ချင်တာ လုပ်ရရင် ပြီးပြီ ...।

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကြည့်ပါဦး ဘကြီးကြွယ် ရယ် .. ကျွန်တော့်ကို သရဲကုတ်လိုက်တာ နည်းတာကြီးမဟုတ်ဘူး .. ဟီး .. ဟီး .."

"ဟာ .. ဒီကောင်ကလည်း တစ်မျိုး .. မင်းအသံကြီးတိတ်တိတ်နေစမ်းပါ .. ဘယ်မှာလဲ .. ဘုန်းရိပ် ဆိုတဲ့သတ္တဝါလေး မရောက်သေးဘူးလား .."

"ခေါ်ထားတယ် သူကြီး .. မရောက်သေးဘူး .."

"ဘုန်းရိပ် လား .. ဒီအချိန် သူ့ကို ခေါ်ထုတ်လို့ကတော့ အိပ်ရာမှာ ငုတ်တုတ်ငိုက်တာ နာရီဝက်လောက်၊ ရေစည်သားမှာ သွားတိုက်တံ ကိုကိုင်ပြီး ငိုက်မှာက နာရီဝက်၊ အဆင်မသင့်ရင် ရေစည်ဖက်ပြီး အိပ်နေမှာတွေလည်း ရှိသေးတယ် .."

"ဟဲ့ .. ခတ္တာမ .. နင်က သိလှချေလား .."

"သိတာပေါ့ သူကြီးရယ် .. သူ့အိမ်ခေါင်းရင်းနဲ့ ကျုပ်တို့ မီးဖိုချောင်က ကပ်လျက်၊ သူတို့ရေစည်နဲ့ ကျုပ်တို့ ရေစည်ကလည်း .."

"တိတ်စမ်း .. တိတ်စမ်း .. မလိုချင်ဘူး၊ မျက်နှာသစ်ရ မသစ်ရ သစ်ရ .. ခု ချက်ချင်း ဆွဲခေါ်လာခဲ့ .."

ရွာလူကြီးအိမ်ရှေ့မှာ ရွာသားတစ်ချို့နှင့် စည်ကားနေ၏။ ဒီလိုပဲ ဘုန်းရိပ် တို့ တစ်ခုခု အပြစ်ကျူးလွန်ခဲ့ပြီဆို ဘယ်လိုဘယ်ပုံဆိုတာ သိချင်ကြသည့်လူတွေက ရှိတဲ့အလုပ်တွေ ပစ်ထားခဲ့ပြီး အချိန်ကုန်ခံပြီး



လာကြည့်ကြတာပင် ...။

ရွာလူကြီး ဦးငွေးကြွယ် ကလည်း အပိုအလုပ်ရှုပ်နေရသည့်အဖြစ်ကြောင့် ရှုံ့မဲ့နေတော့သည်။

"တော်တော် အလုပ်ရှုပ်တဲ့ကောင်တွေကွာ .. ငါ့ရွာမှာ ငါ့အဘိုးအဘွားလက်ထက်ကတည်းက ဘာပြဿနာမှ အကျယ်တဝင့်ဖြေရှင်းရတာ မရှိခဲ့ဖူးဘူး၊ ဒီကောင်တွေကျမှ .."

"ဟုတ်ပါတယ် ဘကြီးကြွယ် ရယ် .. ဘုန်းရိပ် ဆိုတဲ့ကောင် တော်တော်ကို လွန်တာပါဗျာ .. ဟီး .. ဟီး .. ဟီး .."

ကျောကုန်းကြီး တလုန်လုန်နှင့် တရုတ်ကြီးက မကြီးမငယ်နဲ့ မျက်ရည်တွေတွေကျနေ၏။

"ဟုတ်ပါရဲ့ ကိုတရုတ်ကြီး ကျောကုန်းမှာ လက်သည်းရာကြီးပဲ.."

"မဟုတ်လောက်ပါဘူး မိအေး ရယ် .. သချိုင်းကုန်းမှာ အသေအကြေထွက်ပြေးပြီး လဲကွဲပွန်းရှကုန်တာဖြစ်မှာပေါ့ .."

"အောင်မယ်လေး မဟုတ်ပါဘူးဆိုမှဗျာ .."

တရုတ်ကြီး က ကြည့်ချင်တဲ့လူတွေဘက်ကို ကျောကုန်းကြီးလှည့်ပြသည်။ စုတ်သပ်သနားနေကြရင် အကောင်း ...၊

'မဟုတ်လောက်ပါဘူး' လို့ပြောသံကြားလိုက်တာနှင့် အသံပြန့်ပြန့်အော်တော့သည်။

"ကျုပ်က သချိုင်းကုန်းမှာမှန်းသိတာနဲ့ သံခုတင်ပေါ်က ဆင်းပြေးတာ .. အဲဒါ သရဲက နောက်ကနေတွန်းလိုက်တာဗျ .."

"ဟုတ်လို့လား .. ဦးတရုတ် ရယ် .."

"မိညို .. ငါ တကယ်ခံလိုက်ရတာနော် .. ဒါတွေ ငါ ချော်လဲလို့ ရခဲ့တဲ့ ဒဏ်ရာတွေ .."

လက်တံတောင်ဆစ်နဲ့ လက်ဖျံတွေမှာ ပွန်းရှသွေးစို့နေတာတွေ အပြင် ဒူးနှစ်ဖက်ကို လှန်ပြတော့လည်း ပေါက်ပြဲသွေးထွက်နေ၏။

တိတ်စမ်းလို့ အမိန့်ပေးနေပေမယ့် လှန်လှော့ပြနေတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးခွေးကြွယ် မျက်လုံးတွေက ဒဏ်ရာတွေကိုကြည့်မိလျက်သားဖြစ်ကာ..၊

"ထောက် .. ဒီကောင်တော့ .."

ဘုန်းရိုင် ကိုပဲ စိတ်တိုနေမိ၏။

"ဟုတ်တယ် .. ဘုန်းရိုင် ဆိုတဲ့ကောင်ပဲ ဘကြီးကြွယ် .. ဒီကောင် လေး ပြောသလို တကယ်လုပ်တာ၊ ပြီးတော့ ခင်ဆုံ ကိုလည်း ဟိုဥစ္စာ.."

"တရုတ်ကြီး ငါ မမေးဘဲ မင်းဘာမှ မပြောနဲ့ တိတ်စမ်း .."

"ဟုတ်ကဲ့ပါ .."

ဝိုင်းဝန်းကြည့်ရှုသူတွေသာ များလာသည်။ ဘုန်းရိုင် က ပေါ်မလာ သေး..။

"ကျွန်တော်တို့ ရောက်ပါပြီ သူကြီး .."

လှမ်းကြည့်လိုက်တော့ ငထွား နဲ့ ချမ်းသာ တို့က လက်နှစ်ဖက် ရှေ့ချပြီး ထပ်ဆုပ်ထားကာ ကုပ်ချောင်းချောင်းပုံတွေနှင့် ဆောကပ်ရပ် လိုက်ကြ၏။

"ဘယ်မှာလဲ ဘုန်းရိုင် .."

"ကျွန်တော် ဒီမှာ .."

လူတန်းရှည်ရဲ့နောက်မှာ ဘုန်းရိုင် က ပုဆိုးခြေဖျားတိုက်နှင့် ရှပ် အင်္ကျီအပြာကွက်ကို အပေါ်ကြယ်သီးနှစ်လုံးဖြုတ် ဝတ်ထားသည်။

ဆံပင်က လျှိုင်းတွန့်ရှိသဖြင့် အုပ်ထူသည်။ ပြီးတော့ ဂုတ်ထောက် အောင်ရှည်နေတာလည်းရှိ၏။ ထိုဆံပင်ကို မိန်းကလေးတွေသုံးသည့် ဘီးကုတ် နှင့် သိမ်းတင်ထားတတ်သဖြင့် ထိပ်မှာ ဆံပင်ကပွနေသည်။

နဖူးပေါ် ဖရိုဖရဲပြန်ကျသည့် ဆံပင်တစ်ချို့နှင့် သူ့ပုံစံကို မြင်ရတိုင်း မျက်လုံးထဲမှာ ဘာဖြစ်သွားမှန်းကို မသိဘဲ ခုလည်း သူကြီးမျက်နှာ ပို၍ ရှုံ့မဲ့သွားကာ ..

"လာစမ်းပါ .. ရှေ့ကိုထွက်ခဲ့စမ်းပါ၊ မင်း နာမည်နဲ့ ရောက်လာတဲ့ ပြဿနာတွေကို ဖြေရှင်းနေရတာ .. ငါသာ ရဲမှူးဆိုရင် ရာထူးတိုးနေ လောက်ပြီ .."



"ဟုတ်တယ် .. အားလုံး ပေါ့ပေါ့ပါးပါးလေးတွေပါပဲ .."

"ဘာကွ ..."

"မဟုတ်ပါဘူး .. ကျွန်တော် ပြဿနာအကြီးကြီး မရှာခဲ့တာကို ပြောတာပါ .."

"လာ .. ခု မင်း ငါ့ရှေ့ကိုလာခဲ့ .."

"ဟုတ်ကဲ့ .."

ဘုန်းရိုင် ရောက်လာပြီဆိုတည်းက အားလုံး ပြုံးစိစိတွေဖြစ်ကုန် ကြသည်။ ခုနက ငိုယိုအော်ဟစ်နေသည့် တရုတ်ကြီး ကတော့ ကျောလှန် ထားသည့်အင်္ကျီကို ပြန်ဆွဲချကာ ဘုန်းရိုင် ထိုင်ဖို့ ဆောကိုနေရာရွှေ့ပေး ၏။

"ခင်ဗျားပဲ ထိုင်ပါ .. ကျွန်တော့်ကို ကြိုဆိုဖို့ မလိုပါဘူး .."

"ဘာကွ .. ငါက မင်းကို ကြိုတယ် ဟုတ်လား .."

"ဟော့ .. တော်ကြတော့ .."

ဦးခွေးကြွယ် က ညာဘက်အင်္ကျီလက်စရှည်ကို ဆွဲတင်လိုက်ပြီး ထိုလက်တစ်ဖက်ကို စားပွဲပေါ် ခပ်မိန့်မိန့်တင်ကာ ..၊

"မင်းက ကိုသောင်းအိမ် ကို ဘာသွားလုပ်တာလဲ .."

"တမင်သွားတာမဟုတ်ပါဘူး .. မနက်ခင်းစောစော ပဲပြုတ်နှစ်ဆယ် သား အော်ဒါယူဖို့ အဘွားစော ကို သွားမှာရင်းနဲ့ပါ .."

သူကြီး မျက်နှာမဲ့သွားပြန်သည်။

"မင်း ဘာဖြစ်လို့ တရုတ်ကြီး ရဲ့ အိပ်ရာကို သချိုင်းကုန်းထဲသွား ပို့ထားတာလဲ ပြောစမ်း .."

"သူ ကျွန်တော့်ကို တံခါးဖွင့်နိုင်းတာ ဘကြီးကြွယ် .. အထဲက ခင်ဆုံ .."

"တရုတ်ကြီး .."

"ဗျ ..."

"မင်းကို မေးမှပြော .."

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရိပ် နဲ့ ပြိုင်ဆိုင်ပြောရပြီဆို ကိုယ်က မဦးလို့မဖြစ်တာ ရွာထဲမှာ တော်တော်များများသိကြလေသည်။ တရုတ်ကြီး အသည်းအသန်တိုင်ပုံကြောင့် တစ်ချို့က ရယ်ကြ၏။

"ဟိတ်ကောင် ပြော .. ကိုသောင်း မရှိတဲ့အချိန် မင်းက တံခါးဖွင့်ခိုင်းတယ်ဆိုတာ ဘာလဲ .."

"တံခါးဖွင့်ပေးပါလို့ ကျွန်တော် မပြောခဲ့ပါဘူး .."

"ဟိတ်ကောင် .. မင်း .. မင်း ပြောတာလေ .."

"ကျွန်တော်က ကိုတရုတ်ကြီး ကို အဲဒီထရော်လီပေါ်က ဆင်းပေးဖို့ပဲ ပြောတာပါ .."

"ဘာကွ ..."

မလိမ်ပိုးမလိမ္မာ ကြွက်သေရုပ်လေးနဲ့ ကြည့်စမ်း ဒီကောင် ..၊ တရုတ်ကြီး မချင့်မရဲနှင့် ဘာမှလည်း မပြောတတ် ..၊

"ဆင်းခိုင်းပြီး ဘာလုပ်မလို့လဲ .."

"ဘကြီးသောင်း က အဲ့ဒီ ထရော်လီ ဘီးတစ်ဖက်မကောင်းလို့ ပြင်တတ်လားမေးဖူးလို့ပါ၊ အဲ .. ကျွန်တော်ကလည်း အလုပ်ရှုပ်နေတာတော့ တမင်တကာ မရောက်ဖြစ်ဘူးလေ .."

ဦးဒွေးကြွယ် နှာခေါင်းကြီးပါ ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

"ရောက်တဲ့အချိန် ဝင်ကြည့်မယ်ဆိုပြီး .."

"အဲ့ဒါမဟုတ်ဘူး သူကြီး၊ ဘကြီးကြွယ် အဲဒါ လုံးဝမဟုတ်ဘူး၊ သူ ခင်ဆုံ နဲ့ .."

"ဟေ့ကောင် .."

ဦးဒွေးကြွယ် စိတ်တိုသွားသည်။ မိန်းကလေးတစ်ယောက်နာမည်ကို သူနိုးအထုပ်ဖြေသလို ဖြည်ပြနေလို့ရမလား ..၊

"မင်း ပါးစပ်ကို ငါ ဒီပန်းကန်လုံးနဲ့ ပိတ်ထားရမလား ပြော.."

အကြမ်းသောက် ပန်းကန်လုံးကို ကိုင်ပြီး ရွယ်လိုက်တော့မှ တရုတ်ကြီး ပါးစပ်ပိတ်၏။ တရုတ်ကြီးကို လှမ်းကြည့်ပြီး ရယ်နေသည့် ဘုန်းရိပ်



မျက်နှာက သူကြီး မျက်နှာ သူ့ဘက်လှည့်လာသည်နှင့် အော်တိုမစ်တစ် တည်၏။

"အဲ့ဒါကို ကိုတရုတ်ကြီး က အိပ်ချင်နေပြီ လုံးဝ မဆင်းပေးဘူး လို့ပြောတာနဲ့ စိတ်တိုပြီး အငြင်းအခုံဖြစ်ကြတာပါ သူကြီး၊ သူက သူ ကို အပိုင်ပေးထားတဲ့ ထရော်လီ ပေါ်ကနေ လုံးဝမရွေ့ဘူးပြောတာနဲ့ ကျွန်တော်က ရွေ့အောင်လုပ်ပြတာ .."

"ဒါနဲ့ပဲ သချိုင်းကုန်းထိ ဘာလုပ်တာလဲ .."

"အဲ့ဒါက ပျက်နေတဲ့ သံဘီးတစ်ဖက်ကို ကျွန်တော်ပြင်ပြီးတာ ဘကြီးသောင်း ပါ သိသွားအောင် တွန်းပြရင်း သူ့ကို .."

"မင်း လူတစ်ယောက်လုံးကို အဲဒီထိကွာ .."

"သူက လုံးဝမဖယ်ပေးဘူးဆိုလို့ ကျွန်တော့်မှာ အလေးခံပြီး တွန်း သွားရတာပါ၊ လမ်းမှာလည်း 'ခင်ဗျားဆင်းစမ်းပါ' လို့ တွန်းထိုးနှိုးခဲ့ တယ်၊ လုံးဝကို မထလို့ပါ သူကြီး .."

"ဟုတ်လဲ .. မဟုတ်ဘဲနဲ့ .. မင်း .. မင်းနော် .."

"အခု ထရော်လီ ဘီးတစ်ဖက်က တကယ်ကောင်းသွားတာလား—"

"မကောင်းဘူး သူကြီး .. ဒီတိုင်းပဲ .."

"ကျွန်တော့်ကို ဘကြီးသောင်း ပြထားတဲ့ ဘက်ကတော့ ကောင်း သွားပါပြီ၊ ကျန်နေရင်တော့ အဲ့ဒါ သူ့ဘာသာ သချိုင်းကနေ ကြောက် အားလန့်အား တွန်းပြေးလာလို့ ဖြစ်တာပဲနေမှာ .."

"ငါ နောက်တစ်ခေါက်ကျမှ ကိုကြီးသောင်း အိမ်က စာရင်းငှား လင်မယားနဲ့ သွားပြန်ယူတာကွ၊ ကြောက်အားလန့်အားနဲ့မဟုတ်ဘူး သူကြီး .. ဘကြီးကြွယ် .."

"ဟာကွာ .. ရှုပ်နေတာပဲ တိတ်တော့ .."

"ဘကြီးကြွယ် ဟာ .. ကျွန်တော် ပြောရင် တိတ်တော့ဆိုည်းပဲ.. အဲ ကောင်လေး ပလီစိချောက်ချက်တွေ သိပ်ပြောတာ၊ သူ ပြောတိုင်း ..'

"အေး .. မင်းလည်း ငိုချင်းချတာကိုလျှော့၊ မင်း ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ နာရီဦးမှုက ပါပြီးသားပဲ တော်ကြတော့ ..."

"သူကြီး .. သူကြီး ကျွန်တော့် အိမ်က ဖိုးတရုတ် ဒီရောက်နေတာလား .."

ဦးသောင်း က မာဖလာကြီး လည်ပင်းမှာပတ်လျက် စိတ်မောနေဟန်နှင့် ရောက်လာ၏။ မေးလည်းမေးကာ ရှေ့ကိုတိုးဝင်လာပြီး တရုတ်ကြီးရဲ့ လက်မောင်းကို ဆွဲလိုက်ပြီးမှ ...

"အားလုံး အလုပ်ရှုပ်အောင် လုပ်ခဲ့တာ သူ့အစား ကျုပ် တောင်းပန်ပါတယ် သူကြီးရယ်၊ ဒီကောင် အိပ်ပြီဆို အသေအိပ်၊ ပြီးတော့ ကယောင်ကတမ်းတွေ ထ,ထ ပြောတာက ရှိသေးတယ်၊ အားလုံး ဘာမှမဟုတ်ပါဘူး၊ လာခဲ့ ပြန်မယ် ဟေ့ကောင် .."

"ဘကြီးသောင်း .. ကျွန်တော်က .."

"တော်ပြီ .. ထဆိုထ .. လာ လိုက်ခဲ့ .."

"ဘကြီးသောင်း ကျွန်တော့်ကို ကိုတရုတ်ကြီး စွပ်စွဲနေတာပြောသွားဦးလေ၊ ကျွန်တော်က တံခါးဖွင့်ပြီး ဘကြီးသောင်း သမီးကို .."

"ဟေ့ .. ဟေ့ .. တော်တော့၊ အဲဒါတွေ ဘာမှမဟုတ်ဘူးထားလိုက်၊ တောက် .. ဒီခွေးကောင်တော့ .."

ဦးသောင်း မျက်နှာကြီးနီနေကာ တရုတ်ကြီးကို တွန်းထိုးကြိမ်းမောင်းသွား၏။

"မင်း .. မင်း မှတ်ထား ခွေးကောင်လေး၊ ဒီတစ်ခါ မင်း နိုင်သွားပြီ .."

အနားက ကပ်သွားရင်း လူကြီးမကြားအောင် ပြောဖြစ်အောင်ပြောသွားသေးသည်။ ဘုန်းရိပ် က စပ်ဖြဲဖြဲနှင့် မျက်နှာလွှဲလျှင် စိုက်ကြည့်နေသည့် သူကြီး၏ မျက်လုံးတွေနဲ့ ဆုံ၏။

အားလုံး ရယ်ကာမောကာနှင့် ထွက်သွားကြလျှင် ...

"ဘုန်းရိပ် .."

"ခင်ဗျာ .."



"ခင်ဗျာကို ထားခဲ့ .. မင်း ဒီကိုလာဦး .."

သူကြီးဦးဌေးကြွယ် ဘာတွေပြောတော့မှာကို သိကာ၊ ဘုန်းရိပ် မျက်နှာကို လိုတာထက်ပိုမဲ့၍ ...

"အား .. ကျွတ် .. ကျွတ် .. ဘကြီးကြွယ် ဘာပြောမလို့လဲ၊ ကျွန်တော် နောက်ဖေးသွားရင်းနဲ့ သူကြီးက ခုလာပါဆိုလို့ ထလာရတာ .. အား.."

"ဩော် .. မင်းက .. ဒါ ချက်ချင်း ထလိုက်ရတဲ့ ပုံပေါ့ .."

"ဟုတ်တယ် .. အဲဒါ .. အခု .. ဆက်ရန်အသံပေးနေပြီ၊ ပြေးလုပ်လိုက်ဦးမယ်နော် .. ဒါမှမဟုတ် ဒီမှာပဲ .."

"ဟေ့ .. ဟေ့ .."

အိမ်နောက်ဖေး ဝင်ပြေးဖို့ပြင်လိုက်သည့် ခြေလှမ်းကို ဦးဌေးကြွယ် ကမန်းကတန်း တားဆီးလိုက်ရသည်။ ဗိုက်နှိပ်ရင်း ရှုံ့မဲ့နေသည့် ဘုန်းရိပ် မျက်နှာကိုကြည့်ကာ စိတ်တွေလည်း ပျက်ရကာ ...

"သွား .. သွား .. ပြန်တော့ .."

"ဟုတ် .."

တစ်ချိုးတည်း လှည့်ပြေးသွားသည့် ကျောပြင်ကို ကြည့်၍ ခေါင်းတခါခါဖြစ်နေမိလျက် ...

"ဒီကောင်လေးတော့ .. ကျွတ် .."

"ဘာဖြစ်လို့လဲ .. ကိုကြွယ် .."

သူကြီးကတော်က ရေနွေးအိုးကို ဇန်းထဲထည့်လာကာ အကြော်စုံဝန်းကန်နှင့် ထမင်းဆီဆမ်းကို သမီးဖြစ်သူက နောက်မှာကိုင်လာ၏။

ဦးဌေးကြွယ် ရှေ့မှာ အားလုံးတည်ခင်းလိုက်ပြီးမှ မိသားစုသုံးယောက် ထိုင်လိုက်ကြရင်း ...

"ဒီကောင်လေးက အစအနောက်သန်တာပါ ကိုကြွယ် ရယ်၊ အကျင့်စာရိတ္တလေးက မဆိုးရှာပါဘူး .."

"အစအနောက်သန်တာလည်း တခြားလူကို ထိခိုက်စေတဲ့ကောင်းသလားကွ .."



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီး တကယ်ခံလိုက်ရတာကိုသိသည်။ ဒါပေမယ့် ဘယ်လို ပြဿနာဖြစ်လာလာ ဘုန်းရိပ် ချောင်ပိတ်ခံလိုက်ရတယ်ဆိုတာမရှိခဲ့ပေ..။

သူ့ ထွက်ပေါက်အတွက် ဆင်ခြေတစ်ခုခုက အမြဲရှိနေတတ်ကာ မြို့ကြီးပြကြီးမှာ ဘွဲ့ရပညာတတ်တဲ့အထိ နေလာခဲ့သူမို့ အပြောအဆိုကလည်း ပိပိရိရိရှိပါဘိ ..။

"ဘွဲ့ရပညာတတ်ဖြစ်ပြီး မြို့မှာအလုပ်လေးဘာလေး လုပ်နေပါလား၊ အလကား ရွာပြန်လာပြီး မိဘကို ဒုက္ခပေးနေတယ်၊ တောက အလုပ်လည်း မလုပ်ချင်ဘဲနဲ့ တောမှာပျော်နေတာကြည့်ပါလား .."

"သူ့မိဘက လယ်ယာကျွဲနွားနဲ့ တိုက်နဲ့တာနဲ့ရှင့်၊ ပြောရရင် ကျွန်မတို့ထက်တောင် ချမ်းသာသေးတယ်၊ သူတို့ရဲ့ သားလေးတစ်ယောက်အတွက်တော့ အလုပ်မလုပ်လည်း ငြိုငြင်ပါ့မလား၊ ပြီးတော့ ဘုန်းရိပ်က ဒုက္ခပေးနေတဲ့ သားမျိုးလည်းမဟုတ်ပါဘူး .."

"အေး .. မင်းက အဲ့လိုထင်နေ၊ ဒီကောင်လေး ရွာပြန်လာတည်းက .. ဒီနေ့လိုမျိုး နေမထွက်ခင် ပြဿနာက အိမ်ရှေ့ရောက်နေတာကွ၊ အိပ်ကောင်းခြင်း မအိပ်ရတဲ့ ညတွေ၊ ဘယ့်နှယ်ကွာ .. အုပ်စုဖွဲ့ပြီး မွေကြတာ လွန်ကိုလွန်တယ် .."

"အဖေကလည်း ဘုန်းရိပ် က ကူညီစရာရှိရင်လည်း ကူညီပါတယ်.."

"သက်ထား .."

"ရှင် .."

"ညည်းပါးစပ်ကို ပိတ်ထား .."

စိတ်ကတိုတော့ တိုသလိုပြောမိ၏။ လူကြီးမို့ လူငယ်တွေ ပါးစပ်ဟလိုက်တာနဲ့ သိပြီးသား၊ တစ်ရွာလုံးမှာ ရှိသမျှ မိန်းကလေးတွေ ဘုန်းရိပ်ကိုဆို သဘောမကျတဲ့ မိန်းကလေးမရှိ ..။

အရပ်ကမြင့်မြင့်မားမား၊ ရင်ဘတ်က ပွင့်သည်။ အမြဲတမ်း ပုဆိုး 'မ' လမ်းလျှောက်တတ်ပေမယ့် ဘုန်းရိပ် ဖြတ်သွားပြီဆို အိမ်ထဲက လိုက်ပြေးချောင်းကြတဲ့ မိန်းကလေးတွေလည်းရှိ၏။



ဒီထဲမှာ ကိုယ့်သမီးချောင်းကြည့်နေတာကိုတော့ ဦးဒွေးကြွယ်ကိုယ်တိုင် မြင်ခဲ့ရတာဖြစ်သည်။ ဖအေမို့ မျက်နှာလွှဲနေခဲ့ရပေမယ့် နောက်ထပ်သတိထားပြီး အကဲခတ်မိတိုင်းမှာ အဖြေကရှင်းနေ၏။

"ဒီနေ့ကိစ္စ ဒီကောင်လေး တမင်အရှောင်ကောင်းတာ၊ ခင်ဆုံ ဆိုတဲ့ မိန်းကလေး သိက္ခာကျမှာစိုးလို့ ဘာမှ သေချာမမေးလိုက်ရဘူး၊ ကိုသောင်း လည်း ဒါကြောင့် အမြန်ပြေးလာပိတ်တာပဲ .."

ဒေါ်သန်းသန်း က ရေနွေးကြမ်းငှဲ့ပေးနေရင်း ပြုံးလိုက်ကာ ..၊

"ငထွားနဲ့ ခင်ဆုံ ရည်ငံနေကြတာ တစ်ရွာလုံး သိကြတာ ကိုကြွယ်ရယ်၊ ငထွား က ဘုန်းရိပ် တို့သူငယ်ချင်းပဲ လူငယ်တွေသဘာဝ .."

"လူငယ်သဘာဝက သူများ သားသမီးကို အိမ်ထဲထိသွားခေါ်ထုတ်ရမလား၊ သိသိကြီးနဲ့ ဒီကောင် အရှောင်ကောင်းသမျှ လွှတ်ပေးနေရတယ် .."

ဘုန်းရိပ် ကို ဘာကိစ္စဖြစ်ဖြစ် ထဲထဲဝင်ဝင် မမေးရဲပေ ..။ မမေးသင့်သည့်ကိစ္စပေမယ့် မေးလိုက်တာနှင့် ရှေ့မင်းသားက မဖြေရဲတာ ဘာမှမရှိ ..။

တစ်ခါတစ်လေ ပုံပြင်အကိုးအကားတွေတောင် ပါတတ်သေးသည်။ ဘယ်လိုနက္ခတ်နဲ့ မွေးလာတဲ့ကောင်လဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟဲ့ .. ငယ်ငယ် .."

"ရှင် .. အရီး .."

"နွားတွေ တင်းကုပ်ထဲမှာထားတာ နင်ပါ ရေအိပ်နေသလား.."

"လာပါပြီ .. အရီးရဲ့ .."

ငယ် ကမန်းကတန်း ထွက်လာတာပဲဖြစ်သည်။ ဒါပေမယ့် နွားချေးခြောက်ပုံပေါ် ခြေတစ်ဖက်ကျကာ ကားခနဲချော်လဲ၏။ လဲကျမသွားအောင်ထိန်းရင်း အပြင်ထွက်လာကြည့်သည့် ဒေါ်မြရှင် ရှေ့ကို လေဟုန်စီးသည့်နှုန်းနှင့် ရောက်သွားခဲ့ပြီး ...

"အဲ .."

"ဟဲ့ .. ဟဲ့ .. ခြော် .. ငါ့ကိုဝင်တိုက်မိတော့မယ် ဘာဖြစ်တာလဲ.."

"ခစ် .. ခစ် .. ခစ် .."

နွားနို့ညှစ်နေသည့်နေရာကနေ စန်းရီ က တစ်ခစ်ခစ်ရယ်ကာ..၊

"မိငယ် ကိုဘုန်း ကို လိုက်ချောင်းပြီး နွားချေးခြောက် (နချေးခြောက်) ပုံကို ခလုတ်တိုက်တာ အရီး .. ခစ် .. ခစ် .."

"အယ် .. မဟုတ်ပါဘူး .."

ငယ် လက်ဝါးချင်းပွတ်လိုက်၊ လည်ပင်းကုပ်လိုက်နှင့် ရှက်နေကာ..၊

"မဟုတ်ဘူး အရီး .. အရီး ခေါ်လိုက်လို့ .."

"ကဲ .. တော်ပါပြီအေ .. ညည်းလည်း ကျုပ်သားကို ပိုးလာတာ နှစ်နဲ့ချီနေပြီ .. မမောသေးဘူးလား .."

"အရီးကလည်း မဟုတ်ပါဘူးဆို .."



"အေး .. မဟုတ်ရင်ပြီးရော၊ ကိုဘုန်း ကို ရရင်ညည်းပဲ ပင်ပန်းမှာ၊ ဒီကောင်လေးက ဘယ်အလုပ်ကိုမှ လက်ကြောတင်းအောင်လုပ်ချင်တာ မဟုတ်ဘူး .."

"အမေနော် .. ကျွန်တော် ကြားတယ် .."

အပြင်ကပြန်လာပြီး အပေါ်တက်သွားတာမို့ ဘုန်းရိပ် က လှေကားထိပ်မှာ ရေသောက်နေရင်း လှမ်းအော်သည်။ ဒေါ်မြရှင် က အပေါ်ကိုလည်းပင်လိမ်၍ မော့ကြည့်ပြီး ...၊

"ဩော် .. ငါ့သားတော်မောင် တကယ်ပြန်ရောက်နေပြီကိုး၊ အမေက ကိုယ့်သားရဲ့ အတင်းတုတ်နေတာ မဟုတ်ပါဘူး၊ အရှိအတိုင်းလေးပဲ ပြောပြနေတာပါ .."

"အဲ့ဒါကိုက မှားနေတာ အမေ .. အရှိအတိုင်းမှ မမြင်သေးဘဲ.."

"ဟဲ့ .. ပေးလေ .."

"အယ် .. ဟုတ် .."

ငယ် ပါးစပ်လေးအဟောင်းသားနှင့် မမြင်ရသည့် ဘုန်းရိပ် ကို အသံအတိုင်းလိုက်မော့ကြည့်သည်။ ဒေါ်မြရှင် က လက်ဝါးဖြန့်နေပေမယ့် ကိုင်ထားသည့် ပိုက်ဆံကို ထည့်မပေးဘဲ ငေးနေဆဲ ..၊

"အဟွန်း .. အရီးကလည်း လန့်လိုက်တာ .."

"အေးပေါ့ .. ညည်းက ငေးနေတာကိုး .."

နွားတွေငှားခ ဒီနေ့ ရှင်းပေးရမှာမို့ ငယ် က ကျစ်နေအောင် ဆုပ်ထားသည့် ပိုက်ဆံလေးကို ကမန်းကတမ်းနှင့် ပေးလိုက်ကာ ..၊

"အရီး ..ဟိုခေလ ကြီးကြီးက ငါးထောင်တော့ ချန်ထားပေးပါတဲ့ အဲဒါကို.."

"ကျုပ် သိပါတယ် .. မနက်က ညည်း ဒေါ်ကြီးနဲ့ ဈေးလေးမှာတွေ့လို့ ပြောလိုက်တယ်၊ ဟဲ့ .. စန်းရီ .. နွားနို့တစ်ပုလင်းထည့်ပြီး မကြော့အတွက် ပေးလိုက်ဦး၊ မနက်ကတွေ့တာ သူ သိပ်နေမကောင်းဘူးတဲ့.."

"ဟုတ်ကဲ့ အရီး .. သမီး ထလို့မရဘူးလေ၊ ပုလင်းယူလာပေးခိုင်းလိုက်ပါဦး .."

"အေး ..."

ဒေါ်မြရှင် က ပိုက်ဆံရေတွက်ရင်း ခေါင်းညိတ်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ် ရေ ခုနပဲ အပေါ်ကိုယူသွားတဲ့ပုလင်း အဲဒါ သွားလှယ်ပြီး ယူလာခဲ့လိုက် .. သွား .."

"ဟုတ် .."

ဘုန်းရိပ် ရှိသည့်နေရာသွားရမည်ဆို ငယ် တို့ မားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ရပါစေ ..၊ အိမ်ပေါ်ကိုရောက်တော့ ဘုရားခန်းရှေ့ စားပွဲမှာ နွားနို့နဲ့ပုလင်းကို မြင်သည်။

ဒါပေမယ့် နို့ပုလင်းကိုကျော်၍ အင်္ကျီချွတ်နေသည့် ဘုန်းရိပ် ဆီကို တည့်တည့်သွားကာ ..၊

"ကိုကြီး .."

"ဟင် !..."

ရုတ်တရက်နောက်က ရောက်လာသဖြင့် ချွတ်ပြီးသည့်အင်္ကျီကို လည်ပင်းမှာ ပြန်ပတ်ထားလိုက်ပြီး မေးဆတ်၍ ..၊

"ဘာလဲ .."

"ကိုကြီးနဲ့ အစ်မခင်ဆုံ နဲ့ ကြိုက်နေတာလားဟင် .."

"ဟာ .. ပေါက်တတ်ကရ .."

"တော်ပါသေးရဲ့ .."

"ဘာတော်ပါသေးရဲ့လဲ .."

"ကိုကြီးတို့ ကြိုက်နေကြတာလို့ ကိုအောင်ကြီးက ပြောလို့ .."

"ငါ့ဘာသာ ဘယ်သူနဲ့ကြိုက်ကြိုက် မကြိုက်ကြိုက် နင်နဲ့ဘာဆိုင်လို့လဲ .. ဒီမှာ .."

ဘုန်းရိပ် က ပါးကွက်လေးနှစ်ဖက်နှင့် မျက်နှာဝိုင်းဝိုင်းလေးကို မျက်မှောင်ကုတ်ကြည့်ကာ ..၊

"အပြောအဆိုတွေ နည်းနည်းပါးပါးဆင်ခြင် .."

"ငယ် ဘာပြောလို့လဲ .."

"နင် ဟိုမေးဒီမေးတွေ လျှောက်လုပ်လို့ ဟိုက လျှောက်ပြောလိုက်တာပေါ့၊ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး နင့်ကို သူများတွေ ဝိုင်းဟားနေကြတာ မရှက်ဘူးလား.."

"ဘာကိစ္စလဲဟင် .. ဘယ်သူတွေ ရယ်နေကြတာလဲ .."

ပြောလိုက်ရင် ပြူးတူးပြဲတဲနဲ့ ရှင်ငယ်လေး ..။



မျက်တောင်က ကော့ကော့ မျက်လုံးလေးနက်နက်ဝိုင်းဝိုင်းနှင့် ကျစ်ဆံမြီးလေး မတိုမရှည်လေးနှစ်ဖက်ကျစ်ချထားတိုင်း ကော်ပတ်ရုပ်လေးနဲ့တူအောင် လှပါ၏။

ဒါပေမယ့် လူကောင်လေးက သေးသေးနွဲ့နွဲ့နှင့် သူမလေးက မိဘမဲ့ဖြစ်သည်။ ပြီးတော့ စာဆိုလည်း ရေးတတ်ဖတ်တတ်ရဲ့ ..။

"ဒီမှာ .. မိငယ် .."

"ဟင် ..."

"နင် ငါ့အကြောင်းတွေ လျှောက်စုံစမ်းမနေနဲ့ .."

"မစုံစမ်းပါဘူး .."

"အခု ငါ့ကိုတောင် လက်တို့မေးနေပြီးတော့ နင် ..."

"လက်မတို့ပါဘူး ဒီတိုင်းမေးတာပဲဟာ .."

"ကဲ .. ဘာလုပ်မလို့လဲ ခု ပြီးရင် ကြွတော့ .."

"ငယ်ငယ် .."

"ရှင် .. အရီး .."

"မြန်မြန်ဆင်းခဲ့လေ .. ဟိုမှာ နို့တွေပြည့်နေပြီ .. မြော် .. ဒုက္ခပါပဲ.."

"ဟုတ် .. လာပါပြီ .."

ချက်ချင်း သတိဆွဲလိုက်သလို နွားနို့ပုလင်းကိုပြေးယူပြီး ဇလုံတစ်ခုထဲကို လှယ်ထည့်သည်။ ဇလုံကို ကြောင်အိမ်လေးထဲ ထည့်ပိတ်ပြီးတာနှင့် ပုလင်းကိုယူပြီး ပြေးဆင်းသွားတာ ဓာတ်လမ်းထဲမှာ အမြန်ကွက်ရှေ့ပစ်လိုက်သလိုပင် ..။

သူမသည် ဘုန်းရိပ် နှင့် ပတ်သက်လာလျှင် တစ်ခါတလေ ယောင်ယောင်မှားမှား ..၊

တစ်ခါတလေ ဝိပိရိရိမြန်မြန်ဆန်ဆန် ပြေးလွှားနေခဲ့လျက် အမြဲတမ်းက ဘုန်းရိပ် ကို တွေးနေခြင်းပဲဖြစ်လေသည်။

တွေ့ရှိနွဲ့သိက္ခာလေးနဲ့ ချစ်ရှုမှန်းလည်းမသိ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟဲ့ .. မိငယ် .."

"ဟင် ..."

"နင်နဲ့ ကိုဘုန်း က ဘယ်လိုလဲ .."

"ဟင် .. ဘာကိုဘယ်လိုလဲ .."

"ဩော် .. ခက်လိုက်တာ၊ နင်ပဲ အရီးမြ နဲ့ ခင်တာ၊ အဲဒီအိမ်မှာလည်း အမြဲဝင်ထွက်နေကျ .."

"ပြီးတော့ ငါတို့ကို စန်းရီ ပြောပါတယ် ငယ် ရယ်၊ နင်နဲ့ ကိုဘုန်း အခြေအနေကို အရီးမြ တောင် သိနေပြီဆို .."

"ဟင် .. အဲ့ဒါလား .. အဲဒါက .."

"ဘာလဲ .. ညာချင်လို့လား .. ဟွန်း .. မရဘူးနော် .."

ရေတွင်းကုန်းမှာ မိန်းကလေးတွေဝိုင်းစုကာ ငယ့် ကို အချွန်နဲ့ တွန်းပို့နေကြ၏။ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ကာ ခပ်တည်တည်အထင်ကြီးဟန်လေးတွေ ပြင်ဆင်၍ ...၊

"အားကျလိုက်တာ ငယ် ရယ်၊ ငါတို့ဆို ကိုဘုန်း မြို့ကပြန်လာပြီး တစ်သွေးတစ်မွေး ဖြူနုချောသန့်လာတာကို ဒီတိုင်းပဲ ထိုင်ငေးနေရတယ်၊ နင့်လို အခွင့်အရေးမျိုးများ မရခဲ့ပါဘူး .."

"ဟွတ်ပဟယ် .. ဟဲ့ .. လှလွန်း၊ ငါ့အိုးလေးထဲ ရေဖြည့်ပေးစမ်းပါ၊ ငါးခေါက်ရှိနေပြီ ငါ့လက်နာလို့ .."



"အေးပါ .. ထည့်ပေးပါ့မယ် .."

မြှောက်ပင့်ချွန်တွန်းကာ ခိုင်းလည်းခိုင်း၏။ ဒီအကြောင်းကိုပဲ ဆက်နေလျက် ...၊

"သူ့ပြီးရင် ငါ့အိုးကို ဖြည့်ပေးနော် .. ငါကလည်း ခုပဲ အားကျကြောင်း ပြောနေတာ၊ အရီးမြ နဲ့ အရီးကြော့ တို့ကလည်း အရမ်းခင်ကြတာ၊ အရီးမြ ကလည်း သဘောတူပြီဆိုရင် .."

"အဲ့လိုမဟုတ်သေးပါဘူး ဝိုင်း ရယ် .. အရီးဓာ ငါ့ကို .."

"နင်က အလုပ်လုပ်တာ ဖင်ဖေါ့သလားမမေးနဲ့၊ နင့်လောက်ခိုင်းကောင်းတာကို .. အဲလေ .. နင်တ ချစ်စရာလေးဥစ္စာ .. အရီးက သဘောတူတာဖြစ်နိုင်တာပေါ့ဟ .."

ရေဆွဲနေရင်း ငယ့် လက်လေးတွေ ရပ်သွားသည်။ ဖြစ်နိုင်သလားဆိုတဲ့အတွေးက အနားမှာရှိသမျှလူတွေကိုပါ မေ့၏။

"ဟဲ့ .. ဟဲ့ .. ဆွဲတင်လိုက်ပါဦး ရေပုံးကို .. အဲ့ဒါ ငါယူမယ် .."

"ဟာ .. ငါ့အိုးထဲထည့်မှာ .."

မြှောက်ပင့်ခိုင်းကြရင်း ရေတွင်းဘောင်ပေါ်မှာ တင်ထားသမျှ အိုးတွေသာ ပြည့်သွားသည်။ သေးက ဘောင်ခွေပေါ်မှာရှိနေသည့် ကိုယ့်ရဲ့ ရေအိုးလေးကတော့ ဒီတိုင်းမို့ ...၊

"တော်ပြီနော် .. ငါ့လက်တွေ နာနေပြီဟ .."

"ဟာ .. ငါ့တစ်အိုးပဲ ကျန်တော့တာကိုလုပ်ပါ၊ နင် ငါ့ကို ပုန်မကာန်နဲ့နော် ငယ် .. ငါကမှ အကြံကောင်းပေးမလို့ တမင်နောက်ချန်ပြီး စောင့်နေတာ၊ အခု ကိုဘုန်း ဘယ်သူနဲ့ ချိတ်တိတ်တိတ်လုပ်နေလဲ သိလား.."

"ဟင်!..."

မျက်လုံးလေး ဝိုင်းသွားတော့ ရေပြည့်ပြီးသည့် မိန်းကလေးတွေ ဝါးစပ်ပိတ်ရယ်ကြ၏။ ပြောနေသည့် မိညို ကတော့ ခပ်တည်တည်ပုံ

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ..၊

"သူကြီး သမီးလေး .. ငါတို့ ရွာရဲ့ ပန်းတောင်ကိုင် အချောဆုံး အလှဆုံး .."

"မသက်ထား .."

"သိပ်ဟုတ်တာပေါ့ .. အဲ့ဒါထားလိုက်တော့၊ အရမ်းပြည့်ရင် မျက်နှာပေါ် ရေတွေစီးလို့ .."

ကြိုးတပ်ထားသည့် ရော်ဘာရေပုံးက ရေတစ်ဝက်နှင့် ငယ့် ဘက်ကို ပြန်ရောက်လာကာ မိညို ပြန်တွန်းပို့လိုက်သည့်အရှိန်ကြောင့် ဆောင်ဘင်ခတ်သည့် ရေတစ်ချို့က ရင်ဘတ်နဲ့ မျက်နှာကိုပါ ဆွတ်ဖျန်းသွားခဲ့ပြီး..၊

"မတော်လို့နော် .. နင်က အတွေးတွေလွန်ပြီး စွတ်ထည့်နေတာကိုး.."

"မိညို အဲ့ဒါတကယ်လားဟင် .."

"လုံးဝ အတိအကျသိလာတာပါဆို .. သက်ထား နဲ့ ချိတ်မိရင်တော့ နင့်အတွက် မျှော်လင့်ချက်မရှိတော့ဘူးနော် ..၊ ဟိုက ပညာတတ် အချောအလှ သူကြီးသမီး .."

အဆုံးသတ်ကျတော့ ကိုယ့်ရေအိုးတွေ ခေါင်းပေါ်ဆွဲပင့်ပြီး ထွက်သွားကြကာ လမ်းကျမှ ခိုးခိုးခစ်ခစ်ရယ်ကြလေသည်။

"အဲ့ဒီတစ်ယောက်တော့ နောက်ပိုးပိုးရလွန်းလို့ ရူးတော့မှာသိလား.."

"ဟုတ်ပဟယ် .. ကိုဘုန်း ကိုများ မတန်မရာ .."

"နင်တို့ကလည်း မိငယ် က လှပါတယ်၊ မတန်မရာလို့တော့ မပြောပါနဲ့ .."

"လှတာလေးတစ်ခုနဲ့ ဘာလုပ်ရမှာလဲဟ .. မျက်နှာလေးက ဟုတ်တော့မလိုနဲ့ လူပုံက ပိစိညှောက်တောင့်၊ ပညာမတတ်၊ မိဘမရှိနဲ့ အရီးမြ ဘယ်လောက်သဘောကောင်းကောင်း သူ့သား ပညာတတ်လူချောလေးနဲ့တော့ သဘောတူမှာမဟုတ်ဘူး .."

"သဘောပဲ တူပါစေဦးဟယ်၊ ကိုဘုန်း က ကြိုက်မှာတဲ့လား



သူ့ကို၊ ဟိုကဖြင့် သက်ထား တစ်ပိုင်းသေအောင်ကြိုက်နေတာတောင် ဂရုမစိုက်တဲ့ဟာကို .."

"ဂရုမစိုက်တာ မဟုတ်ပါဘူး၊ သူကိုက နောက်လိုက်ပြောင်လိုက်နေချင်နေတာ၊ မြို့မှာ ရည်းစားမထားခဲ့တာကြည့်လေ .."

"ဘာလဲ .. နင့်ကို ရည်းစားမရှိကြောင်း မှတ်ပုံတင်တွေဘာတွေ ထုတ်ပြလိုက်လို့လား .."

"ကောင်မ .. ငါ့ကိုမရွဲ့နဲ့နော်၊ ဒါမျိုးက မှတ်ပုံတင်လျှောက်လွှာ မလိုဘူး၊ မြင်တာနဲ့ သိတယ် .."

"ဟဲ့ .. ပါးစပ်တွေ ခဏပိတ်ဦး၊ ဟိုမှာ အရီးကျော့ လာနေတယ်–"

ရေအိုးတွေနဲ့ တန်းစီလာနေသည့် မိန်းကလေးတွေထဲမှာ ကိုယ့်တူမ မပါနိုင်မှန်း တွက်မိပါသည်။ အနားကပ်လာတော့ ပိုသေချာသွား၏။

ထို့ပြင် မိန်းကလေးငါးယောက်၏ တိတ်ဆိတ်သွားကြခြင်းကို ထောက်ရှုကာ သေချာပေါက် ကိုယ့်အကြောင်းပြောလာသည်မှန်းလည်း သိလိုက်၏။

"ညည်း ခုမှ ရေပြည့်တယ်ပေါ့ .. ဟုတ်လား မိငယ် .."

"ကြီးကြီး .. ဟိုလေ .."

"ပြစမ်း .."

လက်ဖဝါးနှစ်ဖက်ကိုဆွဲယူကြည့်လိုက်တော့ ဖွေးနုသည့်လက်ဖဝါးလေးတွေက သွေးခြည်ဥနေပြီဖြစ်ကာ ..၊

"ဒီရေတစ်အိုးကို လက်တွေသွေးထွက်အောင် ဆွဲနေရတယ် ဟုတ်လား.."

ချောင်ပိတ်မေးလိုက်ပြီဆို ငယ် ဘယ်တော့မှ မဖြေရှင်းတတ်ရှာ..၊

ဒါပေမယ့် စိတ်ကြီးသည့် ဒေါ်ကျော့ခင် ကလည်း သနားစိတ်၏ ရှေ့မှာ ဒေါသတွေသာ ဦးထောင်ထလျက် ..၊

"လာခဲ့ .. ညည်းကို ငါ ဒီတိုင်းလွှတ်ထားလို့မဖြစ်တော့ဘူး .."

"ကြီးကြီး .."

"ကြာရင် ညည်းတစ်ရွာလုံးရဲ့ ခိုင်းဖတ်ဖြစ်တော့မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့လို မဟုတ်ပါဘူး ကြီးကြီးရယ် .."

"တိတ်စမ်း .. မိငယ် .."

"ရေအိုး .."

"မလိုဘူး .. ထားခဲ့ .."

"ခွမ်း .."

"အမလေး .."

ဒေါ်ကျော့ခင့် ဒေါသတွေကြီးကာ ရေအိုးပုံးနှင့် ကိုင်ရိုက်ပစ်လိုက်သဖြင့် ခွမ်းခနဲကွဲသွား၏။

ကိုယ်မွေးတဲ့ကြက် ကိုယ့်ဘာသာ ရိုက်ရိုက် သတ်သတ် သူများခိုးယူပြီး အိုးမည်းသုတ်နိုင်းစားမှာတော့ မခံနိုင် ..။

ဒီကောင်မလေးကိုက ဦးနှောက်မရှိတာပါ၊ ဒါမှမဟုတ် စုလုံးကန်းနေပြီလား ..၊



## အခန်း (၅)

"ကိုကြီး .. ဘာလုပ်နေတာလဲဟင် .."

ကုတ္တိုပင်ရိပ်မှာ အေးအေးလူလူထိုင်နေပုံပေါက်ပေမယ့် လှည့်ကြည့်လာသည့် မျက်နှာက ရှုံ့တွနေကာ ..၊

"နင်ကရော ဒီကို ဘာလာလုပ်တာလဲ .."

"ဟိုဘက်ယာထဲမှာလေ .. ဘကြီးဖြိုး တို့ နမ်းကြဲနေတာ ဝိုင်းကူနေတာ .."

"ခုပြီးပြီလား .."

"မပြီးသေးဘူး .. ကိုကြီးကိုတွေ့လို့လာတာ .."

"ဒါဆို ငါ့ကို နွားတွေ ခဏကျောင်းပေးထား .."

"ဟင် ..."

လူကိုမြင်တာနှင့် တန်းတန်းမတ်မတ်လာခဲ့ပေမယ့် နွားတွေကို သူမ မမြင်ခဲ့ပေ ..။ ဒေါ်မြရှင် တို့က လယ်ပိုင်နွားပိုင်တွေ အများကြီးရှိကာ ခိုင်နွားတွေရော နို့စားနွားမတွေပါ အားလုံး ကျန်းမာရေးကောင်းကြသည်။

လယ်တွေ ငှားသလို နွားတွေလည်း ငှား၏။ ပြီးတော့ ထွက်ကုန်စိုက်ပျိုးသူတိုင်းကို ကြိုတင်ငွေချပေးထားကာ သီးနှံတွေပေါ်ပြီဆို အားလုံးသိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရင်းစာသာနဲ့ အလုပ်တွေကို ဒေါ်မြရှင် ကပဲ သိမ်းကျုံးလုပ်ကာ စုစည်းသိမ်းတာ၊ မြို့မှာသွင်းတာတွေကို ဒေါ်မြရှင် ရဲ့ မောင်အငယ်နှစ်ယောက်က ဒိုင်ခံလုပ်ကြ၏။

မောင်နှမသုံးယောက်စလုံးက စိတ်ရင်းကောင်းကြသည်။ အလုပ်ပေါ်မှာ တိကျမယ့် လူမှုရေးပိုင်းမှာလည်း စာနာငဲ့ညှာမှုတွေရှေ့ထားတာကြောင့် အလုပ်လုပ်ရာမှာ အဆင်မပြေတာ ဘာမှမရှိပေ ..။

နွားတွေကို လှမ်းကြည့်ပြီး ငယ် က ခေါင်းညိတ်လိုက်ကာ ...၊

"ကိုကြီး .. ဟိုလေ .. ငယ် တစ်ခုလောက် မေးချင်လို့ .."

"ဘာလဲ .."

သစ်မြစ်ဆုံပေါ်ကနေ ထရပ်လိုက်ပြီး ဖုတ်ဖက်ခါရင်း မေးဆတ်၍..၊

"မြန်မြန်မေး .. ငါ သွားစရာရှိသေးတယ် .."

"ကိုကြီးက အိမ်မှာ စာကျက်ပိုင်းလုပ်ပေးမလို့ဆို .."

"အမေ အဲ့ဒါပဲ .. ကျွတ် .."

လက်ဖျားခါသွားအောင် မဲ့ရွဲ့သွားတာကို ငယ် က သေချာလိုက်ကြည့်၏။

"မဟုတ်ဘူးလား .."

"အဲ့ဒါ အမေ လုပ်နေတာဟာ .. ငါ့ကို တောအလုပ်တွေမလုပ်နဲ့တဲ့ .. ကလေးတွေကို စာသင်ပေးရမယ်တဲ့ .."

"ပိုက်ဆံနဲ့လားဟင် .."

"ဘယ်က ပိုက်ဆံရရမှာလဲ .. အမေ့အကြောင်း သိရဲ့သားနဲ့ .."

"ဒါဆို ကိုကြီး တကယ်သင်ရတော့မှာပေါ့ .."

"အံမယ် .. ဒါက ဘာဖြစ်တာလဲ .."

ငယ် ဝမ်းသာအားရဖြစ်သွားတာကို ဘုန်းရှိပ် က မျက်မှောင်ကုတ်ကြည့်၏။

"ကိုကြီး စာသင်မယ်ဆို ငယ် လည်း အင်္ဂလိပ်စာသင်မှာပေါ့.."

"လုံးဝ သေချာသွားပြီ .. မသင်ဘူး .."

"ငယ့် ကြောင့်လား .."



"ဟုတ်တယ် .."

"ကိုကြီးက ငယ့် ကို ဘာဖြစ်လို့ မုန်းနေတာလဲ .."

"ခင်ဗျားကို မုန်းတယ်လို့များ ပြောမိလို့လား .."

"ဒါဆို .."

"မျက်စိနောက်လို့လေ၊ နင့်ကိုလည်း သူငယ်ချင်းတွေ ဒီလောက်နောက်နေကြတာ .."

"နောက်ပေ့စေပေါ့ .. ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲဟာ .."

"အံမာ .. စကားလုံးကြီးတွေ ပြောလို့ .."

"ကိုကြီးနားမှာ နေရရင် ငယ်က ပျော်တယ်၊ သူတို့ဘာသာထင်သလိုပြောနေကြတာကို .."

"သူတို့ထင်သလိုပြောနေကြတာ နင်က ထင်သလိုလိုက်ပြောနေလို့ပေါ့ .. ဒီမှာ မိငယ် .."

"ဟင် .."

ဘုန်းရှိပ် က ရှေ့တိုးပြီး ခါးထောက်လိုက်ကာ ...၊

"ယောကျ်ားလေးတစ်ယောက်က မိန်းကလေးကစပြီး နောက်ပိုးပိုးတယ်အပြောခံရတာ ဂုဏ်ယူစရာမှတ်နေလား .."

"မမှတ်ပါဘူး .."

"လပြည့်နေ့ကလည်း နင့်ကို စီညို တို့ အုပ်စု ညာခိုင်းနေကြတယ်တဲ့.."

"ကိုကြီးကို ဘယ်သူပြောလဲ .."

"ဘယ်သူပြောပြောပေါ့ .."

စိတ်တိုတိုနှင့် အော်ပစ်လိုက်မိသည်။

"အဲ့ဒီလိုတွေ နာမည်ကြီးနေတာ၊ နင်လည်း သိက္ခာမဲ့တယ်၊ ငါ့ဘက်မှာလည်း မကောင်းဘူး၊ နင် ရိုးပိုးရိုးပန်းလေးနဲ့ ဒီနေရာကျတော့ ခွတ်ကြီးပါလား.."

"ငယ် ဘာလုပ်လို့လဲ ကိုကြီးရဲ့ .."

"နင့် .. ကျွတ် .."

"ငယ် က ကိုကြီးကို ပြန်ချစ်ပါလို့လည်း မပြောဘဲနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ .."

"သူတို့ကလည်း ညာခိုင်းတာမဟုတ်ပါဘူး၊ ဟိုလေ .. ကိုကြီး အကြောင်းပြောကြရင်းနဲ့ ဒီလိုပဲ .."

"မပြောနဲ့လေ .. နင်က ငါ့အကြောင်းမပြောနဲ့ပေါ့၊ အိမ်ကိုလာရင် ငါနဲ့ တိုက်ရိုက်ပြောလို့ရတယ်၊ ပြောကိုပြောချင်နေလို့ဆိုရင်လည်း အိမ်ကိုပဲ လာပြော .. ဘာဖြစ်လို့ အပြင်မှာ လူစုံတိုင်း ငါ့အကြောင်းပဲပြောနေတာလဲ.."

"အဲ့ဒါ သူတို့ကပြောတာ .."

"ဘာ ..."

ငယ် က သူမ ကျစ်ဆံမြီးလေးကို ပြန်ကိုင်ပြီး မျက်နှာငယ်လေးနဲ့ ကြည့်သည်။ မိုးနေသည့် သူ့မျက်နှာထိ မော့ကြည့်ရတဲ့အခါမှာ ငယ့် မျက်တောင်ကော့လေးတွေက မျက်ခွံပြေပြေမှာ တစ်ပင်ချင်းဖြန့်ကပ်နေကြတာ ကြည့်လို့ကောင်းသည်။

တစ်ခါတလေ မျက်တောင်တစ်ချက်မှ မခတ်ဘဲ ငေးနေပြီဆို တကယ် ကို အရုပ်မလေးနဲ့တူသွားတတ်လေသည်။

ဒါပေမယ့် သူမလေးကို သူ့စိတ်ထဲမှာ မည်သို့သော မရိုးသားစိတ်မှ မရှိခဲ့ရာ ...၊

"အေး .. နင် ခံနိုင်ရင် ပြီးတာပဲ၊ ငါ့နွားတွေကို ကျောင်းပေးထား၊ ငါ ပြန်မလာဘဲနဲ့ နွားတွေပြန်သိမ်းမသွားနဲ့နော် .. အမေ ငါ့ကိုဆူလိမ့်မယ်.."

"အင်းပါ .."

ငယ် သစ်မြစ်ဆုံပေါ်မှာထိုင်လိုက်ကာ ကြီးကြီး အသစ်သင်ပေးထားသည့် ဓာရဏပရိတ်တော်ကို ပြန်ရွတ်နေလိုက်၏။ သူမအတွက် ကျက်စရာ မှတ်စရာက ဒါပဲရှိတာမို့ စိတ်ရောလူရော အားနေပြီဆို သူမနှုတ်ဖျားမှာ အချိန်ပြည့် ဆိုနေတတ်တာ တရားစာပဲဖြစ်နေခဲ့တာပင် ...။

"ဟိတ် .."

"အမေ့!..."

ရုတ်တရက် စန်းရီ ရောက်လာပြီး ပခုံးပုတ်လိုက်သဖြင့် တုန်ခနဲ ဖြစ်



သွားသည်။

"ဘာတွေ တစ်ယောက်တည်းပြောနေတာလဲ .. ပွစိပွစိနဲ့ .."

"ဓာရဏပရိတ်ရွတ်နေတာပါ .."

"အယ် .. ဟုတ်သားပဲ .. နင် ဘုရားစာရွတ်နေတတ်တာ မေ့သွားလို့ .. ကန်တော့နော် .. ကန်တော့ .."

စန်းရီ က ပျာပျာသလဲတောင်းပန်ပြီး ဘေးမှာ ပူးကပ်ထိုင်လိုက်၏။

"ပြော .. နင့်ကို ကိုဘုန်း တာဝန်ပေးခဲ့ပြီမို့လား .."

"ဟုတ်တယ် .. နင်ရော .."

"ငါ့ကို အရီးလွှတ်လိုက်တာလေ၊ ဘကြီးဖြိုး တို့ယာထဲမှာ ငယ် ရောက်နေသလားမသိဘူးတဲ့၊ ကိုဘုန်း က ငယ့် ကို မြင်ရင် ခေါ်ခိုင်းမှာ ပဲတဲ့ .. ခုလိုမျိုးလေ၊ အဲဒါ သိလို့ အရီးက ငါ့ကိုကြည့်ခိုင်းလိုက်တာ.."

"အရီးက သိနေတယ် .."

"သိတာပေါ့ သူမွေးထားတဲ့သားအကြောင်း သူ မသိဘဲနေမလား၊ ပိုသိတာက နင်ကလည်း ကိုဘုန်း ကို မြင်ရင် စကားသွားပြောမှာပဲ၊ ခိုင်းရင်လည်း လုပ်ပေးမှာပဲဆိုတာလေ .. ဟဲ .. ဟဲ .. နင်က ကျေကျေ နပ်နပ်လုပ်ပေးနေတာ အကြောင်းမဟုတ်ဘူး၊ အရီးက ကိုဘုန်း ကို တခြား ထွက်ပြီး ပြဿနာမရှာနိုင်အောင် အလုပ်ပေးထားတာ၊ နင်က သူ့အစား ဝင်လုပ်လိုက်တော့ .."

"အရီးက ငါ့ကို စိတ်ဆိုးနေတာလားဟင် .."

"မဆိုးပါဘူး .. ဒါပေမယ့် ညည်းတော့ ညည်းတယ် .."

"ဘာတဲ့လဲဟင် .."

"ဒီကောင်မလေးကတော့ ခက်ပါတယ်တဲ့ .. ဟဲ .. ဟဲ .."

စန်းရီ က ပါးစပ်ဖွာပေမယ့် စိတ်ရင်းကောင်းလေးတော့ရှိပါသည်။ သူလည်း မိဘမဲ့ပဲဖြစ်ကာ သူမကို ယခုလက်ရှိ ကျွေးမွေးစောင့်ရှောက် သည့်မိဘတွေက ဒေါ်မြရှင် တို့အိမ်က စာရင်းငှားတွေဖြစ်သည်။

လယ်ယာ ကျွဲနွားကိစ္စတွေအားလုံးကို မိဘတွေက တာဝန်ယူကြ

www.burmeseclassic.com

www.burmeseclassic.com



ကာ စန်းရီ ကတော့ အိမ်ဗာဟီရနှင့် နွားနို့ညှစ်ခြင်း၊ နွားစာကျွေးရခြင်းတွေကို ဝိုင်းကူလုပ်ပေး၏။

စန်းရီ တို့ မိသားစုသုံးယောက်စလုံးသည် ဒေါ်မြရှင် အတွက် အားထားရသည့် အလုပ်သမားတွေပဲဖြစ်လေသည်။

"စန်းရီ ရယ် .. ငါက တကယ်တော့လေ .."

"ကိုဘုန်း ကို တအားကြိုက်လို့ပါ၊ ဒါပဲလား .. ခစ် .. ခစ် ..ခစ်"

"အဲ့လိုကြီးတော့ မဟုတ်ပါဘူး၊ ဟို .. ဘယ်လိုပြောရမလဲ မသိဘူး၊ ကိုကြီးက အရမ်းချောတယ်ဟာ .. ပြီးတော့ ငါ့ကိုလည်း အလိုလိုက်တယ်၊ ငါတို့က ငယ်ငယ်လေးတည်းက သူများထက်ပိုပြီး ရင်းနှီးခဲ့တာ နင် သိပါတယ် .."

"အေးပါ .. အားလုံးသိပါတယ်၊ နင်က ကိုဘုန်း နားကမှ မခွာတာကို.."

"အဲဒီကတည်းက ငါ ကိုကြီးကို ချစ်ခဲ့တာပါ .."

"မောင်နှမလိုမျိုးတော့ မဟုတ်နိုင်ပါဘူးဟယ် .. ခုကျမှ ရှင်းပြမနေပါနဲ့.."

"ဒါပေမယ့် ငါ ငယ်ငယ်တုန်းကလိုပဲ ချစ်နေတာ၊ နည်းနည်းမှ မလျော့ဘူး စန်းရီ၊ ဒီအရွယ်တွေရောက်လာပြီဆိုတော့ ငါက ချစ်လို့ပါ လို့ ပြောတိုင်း ငါပဲ သိက္ခာမဲ့နေတာပေါ့ .."

"နင့်ကိုယ်နင် အပြစ်မရှိဘူးထင်ပြီး လွတ်လွတ်လပ်လပ်ကြီး ချစ်တယ်ပြောနေတာကိုပဲ အရီးတို့က ပြောနေကြလေ၊ မနေ့ကဆို 'ဒီ မိန်းကလေး ရူးနေပြီလားတောင်မသိဘူး' တဲ့ .."

"ငါက မရူးပါဘူး .."

"ဟုတ်တယ်လေ .. ဒါပေမယ့် အပျိုရွယ်မိန်းကလေးတစ်ယောက် အနေနဲ့ ယောကျ်ားတစ်ယောက်မျက်နှာကိုကြည့်ပြီး ချစ်လို့ပါလို့ ဘယ်သူကပြောမှာလဲ၊ တခြားသူစိမ်းတွေရှေ့မှာရော 'ကြိတ်ပိုး' လို့ပြောတာကို ဘယ်သူက ငြိမ်နေမှာလဲ .. ပြီးတော့ နင် ကလေးဆန်နေတယ်လို့ ထင်ရပေမယ့် ကိုဘုန်း ဘယ်သူနဲ့တွဲနေပြီ၊ ကြိုက်နေပြီ ကြားတာနဲ့ .."

"အဲ့ဒါက ကိုကြီးက တစ်ယောက်ယောက်ကို ပင်တိုင်ထားပြီး



ချစ်သွားမှာစိုးလို့ပါ .."

"ဩော် .. ကဲ .."

"စန်းရီ ရယ် .. နင်လည်း ငါ့ကို သူတို့လိုပဲထင်တာလားဟင် .."

"ဘယ်သူ့ကိုလဲ .. ငါက .. အရီးတို့ပြောတာတွေပဲ ကြားတာပါ၊ အပြင်ကိုတော့ နင့်လောက်မထွက်ရပါဘူး ငယ် ရယ် .."

စန်းရီ ကလည်း ပြောနေရင်း ဘဝ၏အဆင်မပြေမှုတွေကို သတိရသွားသည်။ စားကျက်မှာ အေးချမ်းစွာ ရှိနေကြသည့်နွားတွေကို လှမ်းငေးနေလျက် ..၊

"နင်က နင့်ကို ထိန်းကျောင်းနေတဲ့ ကြီးတော်အရင်းခေါက်ခေါက်ရှိသေးတယ်၊ ကိုယ့်အိမ်ရာ၊ ကိုယ့်အလုပ်နဲ့ နေနိုင်တယ်၊ ငါ့ကျတော့ မိဘမဲ့ချင်းတူတာတောင်မှ အရီးတို့ ကျေးဇူးနဲ့ ငါတို့မိသားစုပြည့်ပြည့်စုံနေရတာလေ၊ နင့်ကို ငါ ခင်ပါတယ်၊ သူများတွေ ကဲ့ရယ်တဲ့သဘောမျိုးနဲ့ ပြောရင်တောင် ငါက ကဲ့ရယ်ချင်လို့ပြောတာမဟုတ်ပါဘူး .."

"အေးပါ .. ငါ နင့်ကိုယုံပါတယ် .."

"နင့်ဘက်က ရိုးသားမှုလေးတစ်ခုရှိလို့သာ ဒီလောက် ပွင့်လင်းနေတယ်ဆိုတာ အရီးတို့ကလည်း သိတယ်၊ ဒါပေမယ့် ယုတ္တိမှမရှိတာ၊ အတွင်းစိတ်သဏ္ဌာန်ဆိုတာ ဘာကိုမှ ဆုပ်ကိုင်ပြီး သက်သေပြလို့မရဘူးလေ၊ ငါ ဖြစ်စေချင်တာကတော့ ကိုဘုန်း ကို သဘောကျပြီး သူသွားလေရာ လိုက်ကြည့်နေတာတွေ နင် ဆင်ခြင်ပါဟာ .."

ငယ့် မျက်နှာလေးတွေ ငယ်ကျနေကာ ငေးကြည့်နေပြီးမှ ခေါင်းညိတ်သည်။ ဒါပေမယ့် မျက်တောင်လေးတဖျတ်ဖျတ်ခတ်၍ စန်းရီ ငြိမ်လှည့်ကြည့်ကာ ..၊

"နင် ငါ့ကို သနားနေတာလားဟင်၊ အရီးက မကြိုက်ဘူးလို့ပြောနေတာတွေ ငါ့ကို မပြောရက်လို့ သတိပေးနေတာလား .."

"မဟုတ်ပါဘူး .. အရီးက အဲ့ဒီလို သူများအကြောင်း ကွယ်ရာမှာ [illegible]ချီးမပြောတတ်ပါဘူး၊ ဟိုတစ်နေ့က နင့်ကို မိညို တို့ ရေတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှာ ဝိုင်းညှာနိုင်းကြတာတွေ အရီးကို ငါ့ရှေ့မှာတင် ဝိုင်း ကိုယ်တို့
လာပြောနေတာလေ၊ အဲဒီလိုကြီး ကြားရတော့ နင့်အစား ငါ မခံချ
ဖြစ်သွားတာပေါ့ ..''

"ဝိုင်း က .. ဟုတ်လား ..''

"ဟုတ်တယ်လေ .. သူတို့အုပ်စုက နင်နဲ့ အရီးတို့အိမ် ရင်းနှီးနေ
တာကို ပြတ်တောက်စေချင်ကြတာလေ ..''

"ဘာဖြစ်လို့တဲ့လဲ ..''

"သြော် .. နင်မို့ မေးသေးတယ်၊ ဘာဖြစ်လို့လို့ ဘယ်သူကပြောမှ
လဲဟဲ့ ..၊ ဒါတွေကို အရီး ကြားပြီး နင်နဲ့ ဆက်ဆံရေးကို တားဆီးေ
ချင်လို့ဖြစ်မှာပေါ့၊ ဒါပေမယ့် အရီးက အဲ့လိုစိတ်မရှိပါဘူး၊ ဘာပဲဖြစ်ဖြ
နင် ဆင်ခြင်ပါဟာ ..''

"အေးပါ အဲဒီနေ့ကလည်း နင်က ဘာပြောတယ် ညာပြောတယ်
သူတို့ကပြောလို့ ..''

"ဒါကတော့ နင့်ကိုတစ်ရွာလုံးဒီလိုပဲ စနောက်နေကြတာပဲ၊ စ
ပဲ စတာမဟုတ်ဘူးဆိုရင် ဒါက အနိုင်ကျင့်ရာကျနေပြီ၊ အနိုင်ကျင့်ခံရ
ခံနေတဲ့သူမှာလည်း အပြစ်ရှိတာပဲ၊ သူများအနိုင်ကျင့်ချင်အောင် နုံတာလေ

"ငါလား ...''

"ဟုတ်တယ် .. နင်ပဲ၊ မ 'အ' စမ်းပါနဲ့ဟာ .. ကိုဘုန်း နဲ့ ငါ
ဘဝတွေက အဝေးကြီးပဲ၊ ရုပ်ရည်ပညာ အဆင့်အတန်းဘာမှကို မတူတ
ဘူး၊ ရှေးရှေးက ပဋ္ဌာန်းဆက်ရှိခဲ့တဲ့လူတွေ၊ အတုံ့အလှည့်ဆုတော
အမျိုးမျိုးတွေကြောင့် ဘယ်လိုလူနဲ့ ဘယ်လိုလူတွေ ညားသွားကြတ
ဘာညာ .. အဲ့ဒါတွေလည်း အားမကျနဲ့၊ ကံကိုယုံပြီး ဆုံးဖြတ်မနှင်းရဘူးလေ

"ငါက အဲဒီလောက် ပြောမရဆိုမရပုံပေါက်နေပြီလား စန်းရီ

"မသိဘူး .. ဘယ်သူတွေ ဘာပြောပြော နင် ဘာကိုမှ ဂရုမစိုက်
တာတော့ အမှန်ပဲ ..''

သဘောပေါက်သွားသလို ခေါင်းတော့ ညိတ်ပြရှာ၏။



"ငါ ဒီလိုမျိုး မနေတော့ပါဘူး ..''

"အေးပါ .. နင် စိတ်ညစ်သွားပြီမို့လား၊ အဲဒါတွေထားလိုက်တော့၊
အထူးတလည်ကြီး ဆင်ခြင်နေဖို့လည်း မလိုဘူး၊ ကိုယ့်ကို သူများက
နှောက်ပိုးလို့ ပြောရင်တော့ ပြန်ပြောနိုင်ရမှာပေါ့ ..''

"ငါက သူတို့ပြောချင်အောင် နေမိတာကိုး ..''

"သြော် .. အဲဒီလို ငါ့အပြစ်လို့ချည်းပဲ မတွေးနဲ့လေဟာ .. ဘာဖြစ်
လဲ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့လေ၊ ပြောစရာဖြစ်နေတဲ့ လူတိုင်းကို ဒီလိုသွား
ပြောလို့ရသလား၊ လောကကြီးမှာ မဟုတ်တာလုပ်နေတဲ့လူတွေမှ တစ်ပုံ
ကြီး၊ အဲဒီလူတွေကို ဘယ်သူသွားပြောရဲလို့လဲ၊ နင့်လိုလည်း ဘယ်သူမှ
ချောမဟုတ်ဘူး ..''

စန်းရီ က သူ့ရဲကောင်းမလေးလို ခါးလေးထောက်ပြီး မျက်နှာလေး
ပါ မော့ပြထားသေးသည်။

"မဟုတ်တာလုပ်နေတဲ့လူတွေက ပိုပြီးတော့ အကာအကွယ်ကောင်း
ရှိတယ်၊ နင့်လိုလူကလွဲရင် ..''

ပြောပြီးတော့ ရယ်နေတာ ဟက်ဟက်ပက်ပက် ..။

"စိတ်ညစ်စရာတွေအသာထားပြီး ပျော်စရာပြောရဦးမယ်ဟ ..၊
ငါတို့ရွာဦးစေတီကို ပြန်ပြုပြင်ပြီး ထီးတော်တင်ပွဲလုပ်မှာတဲ့၊ ဆရာတော့်
ကျောင်းကိုလည်း အုတ်ဖိနပ်ခံနဲ့ ကျကျနန ပြန်ဆောက်လှူမှာတဲ့ ..၊
မြို့ကသူဌေးရဲ့ လူယုံကိုယ်တိုင် ဆရာတော့်ကို လာလျှောက်သွားတာ..''

"ဟုတ်လား ..''

"ငါတို့ရွာဦးစေတီမှာ ထီးတော်တင်ပွဲလုပ်လိုက်ရင် တောင်ပိုင်းရွာ
ထက်သာသွားပြီ၊ ဆရာတော့်ကျောင်းကို ပြင်ဆောက်မယ်ဆိုရင်လည်း
နန်းကြီးကျောင်းချင်းယှဉ်နိုင်ပြီလေ၊ အမေက သူများလှူဒါန်းနိုင်တာ
ဝမ်းသာစရာဖြစ်ရမယ်ဆိုပေမယ့် သူတို့ကပဲ ပြိုင်နေကြတာနော် ..''

"အေးလေ .. ဆရာတော်ချင်းတောင်မှ ငါတို့ဆရာတောက် ပိန်
သာတို ကြံဖန်ပြီး ပြိုင်သေးတယ်၊ သူတို့ဆရာတော်က ဖြူဖြူဝဝနဲ့လို့
ကြီး ကြည်ညိုဖွယ်ဖြစ်တာလေးဘာလေးနဲ့ ..''

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲဆီ စိတ်ရောက်သွားတော့ စောစောက ညိုနေသည့် ငယ့် မျက်နှာလေး ပြန်ကြည်လာသည်။

"နှင်ပြောတာ တကယ်လား စန်းရီ ရယ် ..၊ ဘယ်တော့တဲ့လဲ .."

"ဒီတပေါင်းပွဲမှာ လုပ်မှာတဲ့ .. ဘုရားပွဲဈေးမှာ မုန့်လုပ်ရောင်းမယ့် လူတွေတောင်မှ သူကြီးဆီမှာ နေရာချပေးဖို့ သွားပြောနေကြပြီတဲ့ .."

"ဟုတ်တယ် .. ကိုယ့်ရွာကပွဲမှာ ကိုယ့်ရွာသားတွေပဲ နေရာကောင်းရမှ ဖြစ်မှာပေါ့၊ ဟိုဘက်ရွာက ဈေးသည်တွေက ဇေထိဆို သူတို့ကရှေ့ဆုံးက.."

စန်းရီ က အားပါးတရပြောနေသည့် ငယ့် မျက်နှာလေးကိုကြည့်ကာ..၊

"မိငယ် .."

"ဟင် .."

"နှင့် ကြီးကြီးကတော့ အဲဒီပွဲမတိုင်ခင် ရွာမကြီးဘက်က ယောဂီ ကျောင်းမှာ တရားစခန်းသွားဝင်တော့မယ်လို့ပြောနေတာ .."

"ကြီးကြီးက .."

"အင်း .."

စန်းရီ ဘာကြောင့်ပြောလိုက်တာကို သိသွားသဖြင့် ငယ် က မျက် နှာလေးငုံ့သွားကာ ..၊

"ကြီးကြီး ကတော့ အဲ့ဒါကို ဘယ်တော့မှ ရင်ဆိုင်ချင်မှာမဟုတ် ဘူးဆိုတာ ငါ နားလည်ပါတယ်ဟယ် .. ဒါပေမယ့် ကြာလှပြီပဲဥစ္စာ.."

"ဟုတ်တယ်လေ .. ငါလည်း အရီးနဲ့ ပြောနေသံကြားတာပါ၊ ဖြစ် ခဲ့တာတွေက နှင့်တစ်သက်ရှိပြီဥစ္စာ၊ ဘယ်သူ့စိတ်ထဲမှာမှလည်း ဒီ ပြဿနာ မရှိတော့ပါဘူး၊ အရီးက အဲ့ဒါပြောပြနေပေမယ့် ဘကြီးကြော့ က စိတ် တော်တော်ပျက်နေတဲ့ပုံပဲ .."

ငယ့် မျက်နှာလေး ပြန်မော့မလာတော့ဘဲ ဒူးနှစ်ဖက်ပေါ် မေးဖျား တင်ထားလျက် ..၊

"ငါ့ကို ကြီးကြီး တောက်လျှောက်မုန်းလာခဲ့တာလည်း အဲဒီအကြောင်း နဲ့ပဲ .. ဘုရားပွဲမှာ သူများတွေပျော်ကြသလို ငါပျော်ရပါ့မလားတောင် မသိဘူး .."



စန်းရီ က ငယ့် လက်မောင်းလေးကို အားပေးသလိုဆုပ်ကိုင်လိုက်ကာ..၊

"နှင့်အကြောင်းတော့ ပြောသံမကြားပါဘူးဟာ ..၊ ကြိုပြီး စိတ် ညစ်မနေပါနဲ့၊ အရီး နဲ့ ငါတို့တွေလည်းရှိတာပဲ၊ နှင် ပျော်ခွင့်ရမှာပါ၊ ဘုရားပွဲမှာဝတ်ဖို့ အင်္ကျီအသစ်လေး ဘာလေးရအောင် ပိုက်ဆံစုဦး၊ ကိုယ့်ဘက်က လုပ်စရာရှိတာလုပ်ထားဖို့ အရေးကြီးတယ် .."

ငယ့် မျက်နှာပြုံးလာကာ မျက်နှာချင်းဆိုင်ပြီး အားတက်သရော တွေ ပြန်ဖြစ်သွားကြသည်။ သူမဘဝ လူ့လောကထဲ မရောက်ခင်တည်း က လောကဓံလက်မည်းကြီးက ဖြန့်ကားစောင့်ကြိုနေခဲ့တာဖြစ်သည်။

မွေးကင်းစ နီတျာရဲဘဝလေးမှာ ကလေးတိုင်း အနှီးဖြူဖြူလေး ထဲမှာ ထွေးသိပ်ခံခဲ့ရမှာဖြစ်သော်ငြား သူမကတော့ အနက်ရောင်ခြုံလွှာ နှင့် ဖြန့်ခင်းအုပ်မိုးခံခဲ့ရလေသည်။

ဒီအဖြစ်တွေကို သူမ လူမှန်းသိတတ်စတည်းက ကြားလာခဲ့ရသည်။ ကြီးကြီးကလည်း ခေါသထွက်တိုင်း ဒါပဲ ထည့်ပြောပြီး ကြိမ်းမောင်းတတ်၏။

တူမအရင်းမို့ မေတ္တာစိတ်ရှိခဲ့သော်ငြား မိဘ၏ မကောင်းသည့် အရိပ်မည်းကြောင့် မကြာခဏ ကျိန်ဆဲခံခဲ့ရတာလည်း မသိလို့မဟုတ်..။

ဒါပေမယ့် ငယ် ပျော်ပျော်ပဲနေတတ်ခဲ့သည်။ ကိုယ် မသိမမြင်ဘူး ခဲ့သော မိဘနှစ်ပါးတို့အကြောင်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ် စေ လူ့လောကမှာလည်း မရှိကြတော့သည့်အဖြစ်ကို ဆက်လက်အပြစ်ရှာ ဖို့လည်း စိတ်ထဲမှာ တစ်ခါမှ မဖြစ်ခဲ့ပေ ..။

ဒီနေ့ ရွာဦးစေတီနှင့် ပတ်သက်သော အဖြစ်အသစ်တို့ကြောင့် သာ မဟုတ်လျှင် အမြဲတလျှော့ရှိနေခဲ့ပြီဖြစ်လေရာ ..၊

သူမ သိတာက ကြီးကြီးသည် အမေ၊ ကြီးကြီးသည်သာ အဖေ..၊

ဘယ်လောက်ပဲ ဆူပူငေါက်ငမ်းနေပါစေ၊ ကြီးကြီး သူမကို မုန်း လို့မဟုတ်၊ ထို့ကြောင့် ကြီးကြီးကို သူမ ချစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

"နတ်တော် ပြာလို လင်မလိုတဲ့ .. အခု တပို့တွဲတပေါင်းဆိုပေမယ့် .."

"အဲ့ဒါ မလိုတဲ့လူတွေပြောတာ ခင်ဆုံ ရဲ့၊ ဒီလောက် ချမ်းအေးနေတာ လင်မလိုဘဲ နေပါ့မလား .."

"ဟင့်အင်း ငါကတော့ ခိုးရာမလိုက်ရဲပါဘူး .."

"အ ..."

"ဖက် ..."

စကားပြောမယ့်ကြိုတိုင်း ခြုံတစ်ဖက်ကနေ ခြင်ရိုက်သံက နေ့တင့်ယှက်၏။ ညတမှောင်မှောင် နှင်းကျလို့ စိုစိုစိစိနေထိုင်မကောင်းရတဲ့အထဲ..၊

"ဒီဘက်တိုးစမ်းပါ ခင်ဆုံ ရာ .. နင့်ကိုငါ ဘာမှမလုပ်ပါဘူး .."

"ပြောလို့ရမလား၊ နင့်လက်ကြီးက မမိ မိရာ လိုက်ဆွဲနေတာ.."

"ဟာကွာ .."

"လက်ကိုလေ .."

"တစ်ခါမှကို မမိလို့ကြိုးစားနေရတာကို ကြားမကောင်းအောင်ပြောတော့မယ်၊ ချစ်သူနဲ့ ချိန်းတွေ့တာ တစ်လံလောက်ခွာပြီး ထိုင်ရမယ်လို့ နင့်ကို ဘယ်သူ သင်လိုက်တာလဲ .."

"ခစ် .. ခစ် .."

"မရယ်နဲ့နော် .. ဒီဘက် တိုးဆိုတိုး .."

"ငထွား နော် .. ငါ အော်လိုက်မယ် .. ခစ် .. ခစ် .."



"ခဏလေးတွေ့ရတာကို စည်းခြားနေသေးတယ်၊ ငြိမ်ငြိမ်နေ ခင်ဆုံရယ် .. ပခုံးလေးပဲဖက် .."

"အ .."

"ဖြန်း .."

"သူ့အမေကြီးတော်မှပဲ .. ဟိတ်ကောင်တွေ .. ခြင်ရိုက်တာ ဖျာကြမ်းပိုးရိုက်နေတာကျနေတာပဲ .. တိုးတိုးကွ .."

"မတတ်နိုင်ဘူး .. ခြင်တစ်ကောင်တစ်ကောင်ကို ပိသာလေးထိုးလို့ရတယ် .."

"ကျွတ် .."

ငထွား ခင်ဆုံ့ ပခုံးလေးကို ဖက်ထားခွင့်ရတုန်း ဘုရားတနေရတော့သည်။ ခိုးတွေ့နေရတာက ခင်ဆုံ တို့ ခြံထောင့် တောစပ်လေးမှာ ..၊ ချွေးအူသံမှလွဲပြီး တိတ်ဆိတ်နေသည့် ညဥ့်ယံမှာ ဒီလောက် ဖြန်းခနဲ ဖမ်းခနဲအသံကို အထဲက ဘုရားဒကာကြီး မကြားဘဲနေပါ့မလား..။

"အဖေ နိုးနေလိမ့်မယ် ငထွား .. ငါ ပြန်ဝင်တော့မယ်နော် .."

"နေပါဦး ခင်ဆုံ ရယ် .. နင့်ကို တောင်ပိုင်းရွာက ကုန်စုံဆိုင်ပိုင်ရှင်သားနဲ့ လူကြီးချင်း စေ့စပ်ထားတယ်ဆို .."

"အဲ့ဒါ ဘာဖြစ်မှာမို့လို့လဲ .. ခု ယူရမှာမှ မဟုတ်သေးတာ .."

"အဲဒီကောင်က .. ကျောင်းဆရာပေါက်စလည်း ဖြစ်တယ်၊ ငါတို့ထက်လည်း ချမ်းသာတယ်၊ နင့်ကို အချိန်မရွေး ဆွဲပေးစားလိုက်မှာ .."

"နတ်တော်ပြာသို လင်မလိုတဲ့ .. လူကြီးတွေက သိပြီးသား .."

"အေး .. အဲဒါ သူတို့က မလိုဘူးထင်နေတုန်း၊ ငါတို့က လိုတာသိအောင်ပြလိုက်ရင် ပြီးတာပဲ၊ လူကြီးတွေ စိတ်ဆိုးလည်းခဏပေါ့ဟာ..၊ နင့်မှာလည်း အဖေတစ်ခု သမီးတစ်ခု နှစ်ခုပဲရှိတာ .."

"ဘာ ..."

"ကြာကြာ စိတ်မဆိုးနိုင်ဘူးဆိုတာ ပြောတာပါ၊ လုပ်ရအောင်ပါဟာ.."

"ငထွား .."

"ခိုးပြေးဖို့လေ .."

www.burmeseclassic.com

www.burmeseclassic.com



"နင်တော့ ဗိုက်ကြောပြတ်အောင် လိမ်ဆွဲခံရတော့မယ်၊ ဖယ်.. ဖယ် .. ငါ ပြန်တော့မယ် .."

"နေပါဦး .."

"အား .. နာလိုက်တာ .."

"ကိုင်းကွာ .."

"ဖြန်း .."

"ဖြောင်း .."

သံစုံမြည်သွားကာ အော်သံရိုက်သံတွေ ပွင့်ကန်ထွက်လာ၏။

သွားပြီ ...

"ဟော့ကောင်တွေ .."

"ငါ မဟုတ်ဘူးကွ .. ဒီတစ်ခါ ချမ်းသာ နဲ့ ဘုန်းရိပ် .."

"အောင်မယ်လေး .. ပြန်ဖြေနေသေးတယ် .."

"ဟော့ .. အပြင်မှာ ဘာသံတွေလဲကွ .."

ဟင် ...၊

အဖေ ထွက်လာပြီ ..၊

ဆတ်ခနဲ အသံတိတ်တောင့်မတ်သွားကြပေမယ့် ငထွား နဲ့ ခင်ဆုံ ကိုယ်စီသဘောပေါက်သွားကြသည်။ ထို့အတူ တံခါးဖွင့်သံနှင့် လက်နှိပ်ဓာတ်မီးရောင်က မရှေးမနှောင်းထွက်လာလျှင် ..၊

"လာ .. ပြေးရအောင် .."

"အို .. မပြေးပါဘူး .."

"နင့်အဖေ မသိအောင် ပြန်မဝင်နိုင်ရင် နင့်ကို ရိုက်လိမ့်မယ်.."

"အဖေ ရိုက်လို့ အရှိုးရာထင်ရင်လည်း တစ်ရက်နှစ်ရက်ဆို ပျောက်သွားမှာ .. ဒီလိုနည်းနဲ့တော့ အိမ်ထောင်သည်အဖြစ်မခံနိုင်ပါဘူး၊ ဒီမှာ ငထွား နင် ကလေးမဆန်စမ်းပါနဲ့၊ ငါတို့တဝကို ထူထောင်ဖို့ ဘာမှ မစုဆောင်း မပြင်ဆင်ရသေးဘဲနဲ့ ချစ်တာတစ်ခုတည်းနဲ့ ယူကြရင် ဒုက္ခရောက်မှာပေါ့.."

"နင် ဒီလောက်ဆင်းရဲမှာကြောက်နေရင် သေချာတယ်၊ ဟိုကောင့်ကို နင် စဉ်းစားတော့မှာ .."



"လုံးဝ မစဉ်းစားဘူး၊ ငါတို့ ကြိုးစားကြဖို့ ကတိပေးတယ် .."

"တကယ်နော် .."

"နောက်မှ ဘုရားရှေ့သွားပြီ တကယ်နှစ်ကယ်တွေ တိုင်တည်ကြ၊ ဟိုမှာ လာနေပြီ .. ပြေးမယ် .."

"ငါတို့က ဘယ်က ထွက်မလဲ .."

"အပြင်မှာပဲဟာ မင်းက ပူနေသေးတယ်၊ ခင်ဆုံ ပြန်ဝင်ဖို့အပေါက် ရှာပေးလိုက် .."

"အေး .. ဟုတ်တယ် .."

ဒါမျိုးကျတော့ အကြံသာပေးတတ်ပြီး ဘုန်းရိပ် က မတ်တပ် ကိုယ်တော် ..၊

"လာ .. ဒီဘက်ကို .."

အောင်ကြီး နဲ့ ချမ်းသာ က ခင်ဆုံ့ လက်ကိုလာဆွဲပြီး အိမ်ထဲပြန်ဝင်လို့ရသည့် အပေါက်ဘက်ကို ပြေးကြ၏။ ငထွား က နောက်ဆုံးက..၊

"ဟေး .. ဒီဘက်က ဘာတွေလဲ .."

'ကျွန်တော်တို့ပါ' လို့ ပြန်အော်ဖြေလိုက်ချင်တာ လျှာယားနေတော့သည်။ ဘုန်းရိပ် တို့ ဒါမျိုးဆို ခွေးပြေးပြေးရတာထက် မျက်နှာချင်းဆိုင်ပြီး ခပ်ပြောင်ပြောင် လစ်ထွက်သွားဖို့အတွက် ပညာကုန်အောင် သုံးစရာမလို..။

ဒါပေမယ့် ခင်ဆုံ က ရှိနေသေးသည်။ ခိုးထုပ်ခိုးထည်နဲ့ဆိုတော့ မတတ်နိုင် ..။

"ကြောင်တွေ ပြေးလွှားနေတာဖြစ်မှာပါ ကိုကြီးသောင်း ကလည်း၊ ကြောင်မိတ်လိုက်တဲ့ရာသီလေ .."

ပြောနေသည့် ငထွား မျက်နှာကြီးရှုံ့မဲ့သွားတာ ဘယ်သူမှ မမြင်..။

"ကြောင်တွေက တိတ်တိတ်ဆိတ်ဆိတ် မိတ်လိုက်တာမဟုတ်ဘူးကွ.. ခြံစည်းရိုးအပြင်ဘက်ကဆိုတော့ လူဖြစ်နိုင်တယ်၊ မင်း နောက်ဖေးကသွား.."

သေပြန်ပြီ ..၊

နောက်ဖေးကို ဦးတည်ပြေးနေကြသည့် ငထွား တို့ တုံ့ခနဲရပ်သွားကြသည်။ မျက်လုံးချင်းတိုင်ပင်ရအောင်လည်း တစ်ယောက်မျက်နှာတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ခြင်ရ ...

ဇောလှမ်းပြောဖို့ကလည်း ဟိုဘက်က နီးလာပြီမို့ ကြားသွားနိုင်၏။ ထိုစဉ် ...

"အောင်မယ်လေး ... စံပယ် ရယ်၊ ညနေတုန်းကတောင် မနက်ကျဘုရားဝန်းလှူဖို့ ပန်ဖို့နဲ့ ခရေပန်းတွေကို ထိုင်သီနေသေးတယ် ... လုပ်ကြပါဦး ..."

"မမကြီးရယ် ... စိတ်ထိန်းပါဦး၊ ဟဲ့ ... အသက်ထွက်သွားတာမှဟုတ်ရဲ့လား ... စမ်းကြည့်ကြပါဦး ..."

"အသက်မရှိတော့ဘူး အရီးလှ ..."

"ဒါဆို ဝိညာဉ်ထွက်လိမ့်မယ် ... ယော့ ... အိမ်ပြတင်းတံခါးတွေဖွင့်လိုက်၊ တံခါးမကြီးလည်း ဖွင့်ပေးထား ..."

"အောင်မယ်လေး ... ငါ့သမီးကြီး အဖြစ်ဆိုးလှချေလား၊ စပယ်ရေ ... သမီးရဲ့ ... ဟီး ... ဟီး ... ဟီး ..."

ပူလောင်စူးရှသည့် ငိုသံရှည်ကြီးက ညဉ့်ယံကိုထွင်းဖောက်ထွက်ပေါ်လာကာ အိမ်ကိုလည်း လှမ်းမြင်နေရသည်။ ပြောကြသည့် စကားသံတွေကို ကြားနေရတာလည်း ဒီတိုင်း ...၊

စံပယ် ...၊

ဆံပင်ရှည်တွေ ဖင်လောက်နှင့် မည်းမည်းဖွံ့ဖွံ့ထွားထွား အပျိုကြီး မမ...၊

"ဘယ်လိုဖြစ်သွားတာလဲဟင် ..."

ခြေလှမ်းတွေ ညီညီညာညာတုံ့ရပ်သွားကြပြီး ခင်ဆုံ အသံတုန်လေးနှင့် မော့မေး၏။

သူမလက်ကို ဆွဲထားသည့် အောင်ကြီး က ဒေါ်လှလှ ၏ သုံးပင်အိမ်လေးကို မှင်တက်မိနေသလို လှမ်းကြည့်နေလျက် ...၊

"ငါလည်း ဘယ်လိုလုပ်သိမှာလဲ ..."

ပြန်ဖြေသံက မသိမသာတုန်ယင်နေကာ ...၊

"အောင်ကြီး ခေါင်းရင်းတံခါးကနေ ဝိညာဉ်ထွက်လာရင် ခုလောက်ဆို ငါတို့ရှေ့ကိုရော ..."



"သူတောင်းစား ..."

အောင်ကြီး ဆဲရေးသံနှင့်အတူ ချမ်းသာ ဘေးကို လွှားခနဲရောက်လာ၏။

"ဘာတုန်းကွာ ... အပျိုကြီးက သူ့ဆီပြေးလာတာကြနေတာပဲ..."

"ဟိတ်ကောင် ... မင်းနော် ..."

"ငါ တွေးမိတာက ... အပျိုကြီးက ငါ့ကိုကြိုက်နေတာဆိုတော့..."

"ဟုတ်တယ် ... မင်းဆီကိုပဲ ပြေးလာမှာ ..."

အောင်ကြီး ချမ်းသာ ကို ဖွန့်ချကာ ငထွား ဘေးကို ရောက်လေသည်။ ထိုစဉ် သူ့ပခုံးပေါ်ကို လက်တစ်ဖက်က လာတင်လိုက်လျှင် ...

"အောင်မယ်လေးဗျာ ..."

အလန့်တကြားအော်ကာ လွှားခနဲထခုန်၏။

"ဟိတ်ကောင် ... ဘာဖြစ်တာတုန်း ... ငါရယ် ..."

ဘုန်းရိပ် က အောင်ကြီး ထပ်မခုန်အောင် လက်ကို ခပ်ဖိဖိဖြစ်ဆွဲထားကာ ...၊

"မသာအိမ်ဘက်ကို အာရုံရောက်သွားတဲ့လူတွေ မင်းကြောင့်သိကုန်ပြီ ... ပြေးမယ် ..."

"ခင်ဆုံ ..."

"ပြေး ... ပြေး ... ငါ့ဘာသာ လွတ်အောင်ကြိုးစားမယ် ..."

"ဟိုမှာ မသာအိမ်ကြီးနဲ့ နင် ဖြစ်ပါ့မလား ..."

"ငါ မကြောက်ပါဘူး ... သွား ... သွား ..."

ခင်ဆုံ့ကို စိတ်မချပေမယ့် အောင်ကြီး ကြောင့် ဒုက္ခရောက်ကုန်ကြကာ...

"ဒါ ... ဘုန်းရိပ် တို့ပဲဖြစ်မှာ ကိုကြီးသောင်း၊ ဒီတစ်ခါ ကိုကြီးသောင်းပဲ မိအောင်ဖမ်း ..."

တရုတ်ကြီးက ဘုန်းရိပ် ကို လန့်နေပြီမို့ နောက်ချန်ရစ်၏။ ဦးသောင်း၏ ဓာတ်မီးရောင်က တဝေ့ဝေ့ပြေးလွှားနေပေမယ့် ဘယ်သူ့ကိုမှ မမြင်...

ဘာရမလဲ ... အဲ့ဒါ ဘုန်းရိပ် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အစိမ်းသေမို့လို့လား မသိဘူး ခြောက်လိုက်တာ ကျောင်းကျောင်း ကိုမြည်နေတာပဲတဲ့ မမြ ရယ် .."

"ဟုတ်လား .. အေးနော် .. ခေါင်းလျှော်ရေချိုးမှားတာဆိုတော့ အစိမ်းသေပေါ့ .."

"အင်းလေ .. အသက်မထွက်ခင်ထိ ရွာဘုရားထီးတင်ပွဲမှာ ဝတ်ဖို့ မြို့မှာသွားဝယ်မယ်လို့ ပြောနေသေးတယ်တဲ့၊ သိပ်မကြာဘူး၊ မူးတယ် ဆိုပြီး ကိုယ်ပူတွေ တက်လာတာ ခဏလေးနဲ့ သွားစေ့သွားတာပဲ .."

"မတင်နွယ် က ရှိနေတာလား .."

"ဟုတ်ပအေ .. ခေါင်းလျှော်မှားလို့ ဖျားနေတယ်ဆိုတည်းက ငါက အိမ်ချင်းကပ်နေတော့ တန်းရောက်သွားတာပေါ့၊ ခါတိုင်းလည်း ပတ်ဝန်းကျင်က ငါ့အိမ်မှာပဲ ဆေးမြီးတိုလေးဘာလေး အချိန်မတော် လာတောင်းနေကျလေ .."

တိုင်းရင်းဆေးဆရာလည်းမဟုတ်၊ ဆေးလည်း မကုတတ်ပါ၊ ဒါပေ မယ့် ဒေါ်တင်နွယ် တို့ လင်မယားမက ဆေးမြစ်တွေစုဆောင်းထား တတ်ကာ မြန်မာဆေးတွေဆိုလည်း တော်တော်စုံအောင် ဝယ်ထားတာရှိသည်။

အချိန်မတော် ဘယ်သူဘာဖြစ်ဖြစ် သူတို့သိလျှင် စေတနာပါပါ



ကူညီကြတာပဲဖြစ်သည်။

"ပြတင်းပေါက်နေ မလှ လှမ်းခေါ်တော့ ငါ အိပ်ရာတောင်မဝင် ရသေးဘူး၊ ကိုပု ရဲ့ အဖေအတွက် ဆေးမြစ်သွေးနေတာလေ၊ အဲ့ဒါ ဘာဆေးမှလည်း ယူမသွားရသေးဘူး၊ ဘာဖြစ်တာလဲ သွားကြည့်ဦးမယ် ဆိုပြီး သွားလိုက်တာ ပြန်ကိုမထလိုက်ရဘူး မမြ ရယ် .. ကြည့်နေတုန်း အသက်ထွက်သွားတာ .."

အသုဘအိမ်မို့ ငိုသံတွေရော၊ တရားပြနစ်သိမ့်နေကြတာရော စိတ်မချမ်း မြေ့ဖွယ်ပါ။ ဒါကိုပဲ ဖြစ်ပျက်ရှုပြီး သခ်ါရသဘောနဲ့ နှလုံးသွင်းနေရသည်။

"နေ့မြင့် ညပျောက်ကိုး မလှ ရယ် .."

ဒေါ်မြရှင် စကားပြောနေတုန်း သားတော်မောင်နဲ့ သူငယ်ချင်းတစ်စု ဝိုင်းထဲဝင်လာကြတာ မြင်လိုက်သည်။ အသုဘအိမ်မို့ လူငယ်တွေက ဒီလိုပဲ ကူညီနေကျပါ။

ဒါပေမယ့် ကိုယ့်သားနဲ့ အဖွဲ့ကိုတော့ စိုးရိမ်စိတ်အနည်းငယ်နှင့် မကြာမကြာ လှမ်းကြည့်နေမိသည်။ သူတို့အဖွဲ့ထဲမှာ ငထွား က ခင်ဆုံ နဲ့ ချစ်ကြိုက်နေကြတာဖြစ်သည်။

အသုဘအိမ်ရဲ့ ခေါင်းရင်းဘက်မှာ ခင်ဆုံ တို့ အိမ်မို့ ဒါက သတိ ထားစရာအချက်တစ်ချက် ..၊

"ဟေ့ကောင်တွေ မျက်လုံးမကစားနဲ့ အငြိမ်းမနံ့နဲ့နော် ..၊ ဒီထဲမှာ အရိုးမြ ရော ဘကြီးသောင်း ရောရှိတယ်ဟ .."

သူတို့ဝင်လာတည်းက လူကြီးတွေကလည်း လှမ်းကြည့်နေကြသ ဖြင့် အလှမ်းဝေးပေမယ့် နှုတ်ခမ်းလှုပ်အောင်တောင် စကားမပြောရဲကြပေ..၊

ထိုစဉ် တရုတ်ကြီးက သူတို့ကို မီးဖိုချောင်ဘက်ကနေ လက်ယပ် ခေါ်နေသဖြင့် အုပ်စုလိုက်ရောက်သွားကြလျှင် ..၊

"အပိုကြီး သရဲခြောက်လိုက်တာ ညက ဘယ်သူမှ မအိပ်ရဘူးတဲ့.."

ဘုန်းရိပ် က ခပ်တည်တည်စိုက်ကြည့်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ .."

"ဒီမနက် အာရုံတက်တော့လည်း မျက်နှာတွေသစ်၊ ဆွမ်းချက်ဖို့ အိုးခွက်တွေ လှန်းလှော်နဲ့ ခင်ဆုံ တို့ ဒီတိုင်းကြားနေရတာ .."

"အဲဒါ ဘာဖြစ်လဲ .."

"အပျိုကြီးက ခင်ဆုံ ကို ဆွမ်းတော်ချက်ဖို့ နှိုးနေကျလေ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"မနက်က ခင်ဆုံ ရေလို့ လှမ်းခေါ်တာ နှစ်ခါ .."

"အောင်မယ်လေး .."

ညနေခင်း အလင်းရောင်ရှိနေသေးတာတောင် အောင်ကြီး ကြက်သီးထသလို တွန့်ခါသွားသည်။ တရုတ်ကြီးက အောင်ကြီး ကို မျက်လုံးကြီးပြူးကြည့်ကာ ..၊

"ဟုတ်တယ် ဒီအသံပဲ .."

"ဘာလဲဗျ .."

ချမ်းသာ က ရိပ်မိလိုက်သဖြင့် အောင်ကြီး ကို ပခုံးချင်းတိုက်ဖယ်ပြီး ခပ်ကြွားကြွားရှေ့တက်သည်။

"ငါ ညက ကြားလိုက်တာ အဲဒီအသံပဲ၊ လုံးဝသေချာတယ်၊ မင်းတို့ ငါတို့ခြံနားကို အချိန်မတော်ဘာလို့ ရောက်နေကြတာလဲ .."

"အချိန်မတော်ပဲရောက်ရောက် တစ်ညလုံးပဲနေနေ၊ အဲဒီ့တုန်းက ခင်ဗျား တကယ်မြင်လို့လား .."

"မမြင်ပေမယ့် .."

"ကိုတရုတ်ကြီး .."

ဘုန်းရိပ် က သူ့ပခုံးကို ပုတ်ခေါ်ကာ ..၊

"ကိုယ့်အလုပ်ကိုယ်သွားလုပ်တော့ .."

"အံမာ .. မင်းက .."

"မလုပ်ဘူးလား .."



"ဟွန်း .."

ပက်ခနဲ ပြန်မပြောရဲတော့ဘဲ တရုတ်ကြီးက ဘုန်းရိပ် ကို ပေစောင်းစောင်းကြည့်သည်။ ဘုန်းရိပ် က ခါးထောက်ရင်း ..၊

"ခင်ဗျားက အမြဲတမ်း အပြင်မှာအိပ်တာနော် .."

"အဲ့ဒါ မင်းက ဘာလုပ်ချင်သေးလို့လဲ .. ဒီမှာ တရုတ်ကြီးကွ .. တစ်ခါပဲရမယ် .."

"ခင်ဗျား စိန်ခေါ်ပြန်ပြီလား .."

တရုတ်ကြီး တိတ်သွားပြန်သည်။ ဘုန်းရိပ် က အလောင်းစင် ပြင်ထားသည့်ဆီ လက်ညှိုးထိုးပြတော့လည်း မကြည့်ဘဲမနေနိုင် ..၊

"ကျွန်တော်က မသာကို လမ်းထလျှောက်အောင်လည်း နှိုးနိုင်တယ်နော် .."

"ဘာ !..."

ဒေါသနှင့် 'ဘာ' တာမဟုတ်ဘဲ လန့်ဖျပ်သွားသည့် 'ဘာ'သံဖြစ်သည်။ တကယ်တော့ တရုတ်ကြီးလောက် သရဲကြောက်တတ်တာမရှိသေး။ ညက အော်သံတစ်သံ သေချာကြားလိုက်၍သာ လူသေသည့်အိမ်နဲ့ ဆက်စပ်ကြည့်ပြီး ဒီမှာ အပိုင်လာအစ်နေတာဖြစ်သည်။

ဘုန်းရိပ် စကားကြောင့် သူ့မျက်လုံးတွေ ကျီးကန်းတောင်းမှောက်ဖြစ်သွားခဲ့လျက် ..၊

"ဘာလဲ .. မင်း .. မင်းက .. အောက်လမ်းဆရာလား .."

"ကျွန်တော် ကြံကြံဖန်ဖန်တွေ အကုန်လုပ်တတ်တာ ခင်ဗျားသိပါတယ်၊ ဒါပေမယ့် မယုံရင်တော့ .."

"တော်ပြီ ဟော့ကောင် .. တောလေဂျပိုး .."

ပွစိပွစိ ကျိန်ဆဲပြီး လှည့်ထွက်သွား၏။ ဘုန်းရိပ် က ပခုံးတွေ လှုပ်အောင် ခပ်ကြိတ်ကြိတ်ရယ်၏။

"ဘုန်းရိပ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. လာမမေးနဲ့ ဘာမှ မလုပ်တတ်ဘူး .."

"ဟုတ်လို့လား .. မင်း .."

အောင်ကြီး နဲ့ ငထွား က မယုံ ...၊

ဟုတ်တယ်ပြောတိုင်း ဟုတ်ချင်မှဟုတ်ကာ မဟုတ်ဘူး ခေါင်းခါနေရင် ဟုတ်နေတာတွေ ရှိတတ်တာ ဘုန်းရိပ် ပဲဖြစ်သည်။ ထို့ကြောင့် ကိုယ့်သူငယ်ချင်းပေမယ့် သံသယက မပျယ် ...၊

လှမ်းကြည့်လိုက်တော့ တဖြည်းဖြည်း နေညိုသွားသည့် ခပ်ပြာပြာ အလင်းရောင်အောက်မှာ အိမ်ရှေ့ထုတ်ထားသည့် အလောင်းက ဆံပင်တွေ ဖြန့်ချထားသဖြင့် စင်အောက်မှာ တို့လို့တွဲလောင်း ...၊

သူတို့ လှမ်းကြည့်လိုက်တုန်း လေဝေ့သွားတော့ ဆံပင်တွေက တလွန့်လွန့်လွှဲယမ်းသွား၏။

မျက်နှာတွေ ပြိုင်တူလွှဲလိုက်ကြပြီး ဘုန်းရိပ် ကိုပဲ စိတ်ဝင်တစား စုပြုံကြည့်ကြသလိုလို ...၊

"ဘာကြည့်ကြတာလဲ .."

"မင်းကို ကြည့်တာမဟုတ်ဘူး .."

ဘုန်းရိပ် သဘောပေါက်သွားကာ ...၊

"ဟား .. ဟား .. ဟား .."

ရယ်သံကြီးက ဟိန်းထွက်လာ၏။ ထိုအခါ ညို့သည်တွေထဲမှာ ထိုင်ငိုနေသည့် ဒေါ်လှလှ ရဲ့ ငိုသံတိခနဲတိတ်ကျသွား၏။

ကြည့်စမ်း .. ဒီကောင်လေး ...၊

ဒေါ်မြရှင် အားနာရလွန်းကာ မျက်နှာဘယ်သွားထားရမှန်းမသိ အောင်ပင် ...။

အသုဘအိမ်ကိုလာပြီး ဟားတိုက်ရယ်နေရလောက်အောင် ဒီကလေး အလိုက်ကမ်းဆိုးမသိလှချေလား ...၊

အားလုံးသောမျက်နှာတွေ သူ့ဆီရောက်လာတာ သိလျှင် ဘုန်းရိပ်



[illegible] သွားအမွှေးသားမျက်နှာကြီး တစ်နေရာတည်းမှာ ဇက်ခိုင်သွား၏။

"အခြေအနေ မကောင်းဘူး ဘုန်းရိပ် .."

"မင်း ပါးစပ်ကြီး ပြန်ပိတ်လေ .."

သူငယ်ချင်းတွေကပ်ပြီး လက်တို့နေကြပေမယ့် ...၊

"အရှိန်က မရတော့ဘူး .."

ဒီတိုင်းမျက်နှာနှင့် မီးဖိုချောင်ဘက်ကို မှင်သေသေလျှောက်သွားလိုက်သည်။ ကွယ်ရာမှာ ပြောချင်တာပြောကြ၊ အောင်ကြီး တို့လည်း မျက်နှာတွေလွှဲ ခေါင်းကုတ် ဖင်ကုတ်နှင့် ဘုန်းရိပ် ခြေလှမ်းအတိုင်း လိုက်ကြလေသည်။

"မလွယ်ဘူးဟ .. တစ်ကြိမ်တစ်ခါရယ်မိတာလေးကို လှမ်းကြည့်ကြတဲ့ ဒေါ်သဗို့အားတွေ မနည်းဘူး .."

ကွယ်ရာရောက်သည်နှင့် ဟူးခနဲ မှုတ်ထုတ်ရင်း ညည်းမိ၏။

"မင်းကလည်း မင်းပဲ .."

"မင်းတို့ကရော မိုးတောင်မချုပ်သေးဘူး .. ဒီလောက်ကြောက်ရလား.."

"တော်ပြီဟေ့ .. ငထွား ကိစ္စ ငါဘာမှမလိုက်ပေးတော့ဘူး .."

"အောင်ကြီး ကွာ .. မင်း ဒီလိုတော့ မဖောက်နဲ့ .."

"မင်းတို့က မကြောက်တတ်ဘူးလေ၊ ငါက ကြောက်တယ်၊ မသာ အိမ်ထိတော့ မခေါ်နဲ့ကွာ .."

"ဟဲ့ .. အောင်မယ်လေး ဒီနားမှာ ဘာကိစ္စတွေ လာတိုင်ပင်နေကြတာလဲ .."

ဒေါ်သေးသေး က ယောင်းမကြီးကိုင်လျက် မီးဖိုချောင်က ထွက်ကြည့်ပြီး ...၊

"အသုဘအိမ်လာပြီး အားကောင်းမောင်းသန် အကူအညီရမလား မှတ်ပါတယ်၊ ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်ရှုပ်နေကြတယ် [illegible]လား၊ [illegible] .. နောက်ဖေးမှာ ထင်းခွဲစရာတွေရှိတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်း လိုက်သွား အောင်ကြီး၊ မိုးလည်း မချုပ်သေးဘူး၊ မသာက ရှေ့မှာဆိုတော့ .."

"ဟုတ်တယ် .. ငါတို့က ရှေ့မှာ လိုအပ်တာလေးတွေ လုပ်ပေးရမှာ.."

"ငထွား လိုက်သွားလိုက် .. ငါနဲ့ ဘုန်းရိပ် .."

"အံမယ် .. လေးယောက်စလုံးလာခဲ့ကြ၊ ထင်းတုံးတွေက အများကြီး.."

အောင်ကြီး တို့ကိုကြည့်၍ ဘုန်းရိပ် ရယ်ချင်သွားကာ ..၊

"ကောင်းတယ် .. ဟား .. ဟ .."

မျက်နှာကြီးမော့၍ အစွမ်းကုန်ရယ်လိုက်မိပြီးမှ သတိရသွား၏။

"ကောင်းလိုက်တာ အဲ့ဒီပါးစပ်ကြီးဖြဲလျက်သားနဲ့ ဒီတိုင်းပြဲနေပါစေဗျာ .."

"ဟိ .. ဟိ .. ဟိ .."

သွားဖြဲပြီး ပခုံးတွေကျုံ့ရယ်တော့ အောင်ကြီး က ခေါင်းညိတ်ကာ..၊

"ဒါက ရယ်နည်းနောက်တစ်မျိုး .."

"ဟုတ်တယ် .. ဒါပေမယ့် ညစ်ရယ်ရင်းနဲ့ လိပ်ခေါင်းထွက်ပါစေလို့ ကျိန်ရင်ရသေးတယ် .."

"ဟား .. ဟား .. ဟား .."

အသံတိုးတိုးနှင့် ဘုန်းရိပ် ဗိုက်နှိပ်ရယ်လေသည်။

"ငါ့သူငယ်ချင်းတွေ ပို့သတဲ့မေတ္တာကြောင့် .."

"သေလိုက် .."



## အခန်း (၈)

"မိုးကလည်း ရာသီမဟုတ်ဘဲနဲ့ ရွာချလိုက်တာနော် .. ရေကလည်း ပါလိုက်တာ နေ့တစ်ဝက်လောက်ပဲ ရွာလိုက်တာကို အိမ်တိုင်တွေ့ပါ ကျွတ်ပါမျောတော့မလား မှတ်ရတယ် .."

"ရာသီဥတုတွေ ဖောက်ပြန်နေတာလေ၊ ဘယ်ရာသီမှာဖြစ်ဖြစ် မိုးတာတော့ ရွာချင်ရွာမှာပဲ .."

"မိုးရွာတာ အကြောင်းမဟုတ်ဘူး၊ ဆောင်းကလည်း မကုန်သေးတော့ ချမ်းလို့သေတော့မယ်ဟ .."

"အေး .. ချမ်းတာလည်း အကြောင်းမဟုတ်ဘူး မသာကျင်းတူးလို့တောင် မရတာက ပြဿနာ .."

မိုးစက်သံက တဖြောက်ဖြောက်ကျနေသေးသည်။ မိုးသက်လေက တစိမ့်စိမ့်နှင့် နှိပ်စက်နေ၏။ မသာအိမ်မို့ မီးတွေ ဖွေးထိန်နေအောင် ချွန်းသွားရသဖြင့် ညဥ့်နက်တဲ့အထိ မီးစက်သံက တချောင်းချောင်းဆူညံနေ၏။

"ကဲပါ .. တခြားအရေးကိစ္စတွေကို နောက်မှပြောကြ၊ လူကြီးတွေ အေးနေပြီ .. ပြန်ကြပါစေတော့ .."

အိမ်နီးချင်းဖြစ်သည့် ဦးသောင်း က မတ်တပ်ထရပ်ပြီး ဓာတ်မီး ထောက်ကိုင်သည်။

"ကိုသောင်း ကရော .. ရှင်လည်း လူကြီးပါပဲ ပြန်နားပါရှင်၊ တော်ကြာ ဖဲဝိုင်းလာလုပ်ကြမှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. မလှ ကိုလည်း အထဲဝင်နားခိုင်းကြဦး၊ ငိုပဲငိုနေတာ ကျွန်းမာရေးထိခိုက်လာတော့မှာ .. ငါ မီးစက်သွားကြည့်ဦးမယ်၊ နောက် လမ်းထဲမှာ ဦးစိန်မောင် က ကျွန်းမာရေးမကောင်းဘူး၊ ဒီစက်သံကြောင့် သူ့ကို ဒုက္ခပေးသလိုဖြစ်မှာလည်း စိုးရိမ်ရသေးတယ် .."

ခေါ်တင်နွယ် က ဦးသောင်း နဲ့ အတူလိုက်ထရပ်ကာ ..၊

"မီးစက်ကတော့ မပိတ်လိုက်ပါနဲ့ ကိုသောင်း ရယ်၊ ဒီမှာ လူလေးမှ လေးယောက်ပဲရှိတာ၊ အသုဘအိမ်ဆိုတာ မှောင်ချမနေကောင်းပါဘူး.."

"မမှောင်ပါဘူးဟာ .. ငါ့မှာ အောက်လင်းမီးအိမ်တွေ နှစ်လုံးတောင်ရှိတယ်၊ ဘက်ထရီမီးလည်းရှိတယ်၊ အိမ်ရှေ့အိမ်နောက် ခွဲထွန်းလိုက်ရင် ဖြစ်ပါတယ် .. မီးစက်က တစ်ညလုံး ဘယ်ဖြစ်မလဲ .."

"ဒါပေမယ့် ခုတော့ သွားမပိတ်ပါနဲ့ဦး .."

"မပိတ်ပါဘူး .. ဆီ သွားကြည့်ရုံပါ .."

"ဖဲသမားတွေလာတော့မှာဆိုတော့ ကျွန်တော်တို့ ပြန်လို့ရပြီပေါ့.."

လှည့်ကြည့်လိုက်တော့ မျက်နှာချိုသွေးပြီး မော့ကြည့်နေကြသည့် ချမ်းသာ နဲ့ ထွေး ..၊

"မင်းတို့က ဘာလဲ .. လူငယ်တွေဖြစ်ပြီး ဒီလောက်တောင် အားကိုးလို့မရဘူးလား ..၊ ဒီမှာ လူကြီးနှစ်ယောက်ပဲရှိတာကို .."

"ဟုတ် .. ဟိုလေ .. ကျွန်တော်တို့အဖွဲ့ကလည်း လူမစုံတော့ .. ဖျင်း.."

"ဘာ ..."

ဦးသောင်း ရဲ့ ဒေါသကြောင့် အလောင်းစင်ကို လှမ်းကြည့်လိုက်မိသည့် ချမ်းသာ တုန်ခနဲဖြစ်သွားသည်။

"ဖျင်းလို့ဟုတ်လား .. နာရေးကူညီဖို့လာတာ မင်းတို့အတွက် လူရှင်တော်တွေဘာတွေပါ ထည့်ပေးရဦးမလား .."

"အဲ့လိုမဟုတ်ဘူးလေ .. ဟို .."

"အပိုတွေ ပြောမနေကြနဲ့ တော်ကြာ .. ဘုန်းရိပ် တို့လာလိမ့်မယ်.."

"ဟင် .. တကယ်လား .."

"အံမာ .. ငါ့ကို .."



ဦးသောင်း လက်နှိပ်ဓာတ်မီးနဲ့ နောက်ဖေးထွက်သွားလျှင် ထွေး ရှုံ့မဲ့နေလျက် ..၊

"ဒီလိုအချိန်မှာ လူငယ်တွေစုံပါစေဆိုပြီး ခင်ဆုံလေး ကိုများ.."

"ဒေါ်ကြီးလှ .."

ထီးလေးတစ်လက်နှင့် ဦးစံ တို့သားအဖကို မြင်လိုက်ရကာ ..၊

"ဟော .. လာလေ .. စန်းရှိ၊ ကိုစံထွေး ပါလာတာလား နေမကောင်းဘူးဆို.."

"အေးဟာ .. ဒါပေမယ့် မိုးကစွေနေတော့ မလှ တို့အိမ်မှာ လူနည်းနေမှာပဲဆိုပြီး စန်းရှိ နဲ့ မိငယ် ကိုလာပို့တာ .."

ဒေါ်တင်နွယ် က ကပျာကယာ ထခေါ်ရင်း ခေါင်းညိတ်၍ ..၊

"မြင်တဲ့အတိုင်းပါပဲ ကိုစံထွေး ရယ်၊ ဒါပေမယ့် ကိုစံထွေး မှ နေမကောင်းတာ စန်းရှိ တို့ပြန်ခေါ်သွားပါ၊ ငယ့်တစ်ယောက်ဆိုရပါပြီ.."

"မမြ က ထည့်ပေးလိုက်တာပါ .. ရပါတယ် .."

"စန်းရှိ ပြန်လိုက်သွား ပြန်လိုက်သွား .. တော်ကြာ ခွေးညိုတို့ အုပ်စုဖဲဝိုင်းလာလုပ်ကြမှာပဲ ဖြစ်ပါတယ် .."

ဘယ်သူနေခဲ့နေခဲ့ လာစေချင်တဲ့လူက မလာတော့၊ ချမ်းသာ တို့ လည်ပင်းရှည်နေကြတုန်းဖြစ်ကာ ..၊

"မိငယ် .. နင် အရီးမြ တို့အိမ်ဝင်ခဲ့သေးတယ်မို့လား .. ဘုန်းရိပ် ရော.."

"အိပ်နေတယ်လို့ပြောတာပဲ .. အရီးကလည်း ဆူနေတယ်၊ ဒီကိုသွားရမယ်ပြောဆိုတာ အိပ်နေလို့တဲ့ .."

"ကောင်းတာပေါ့ .. သူကောင့်သားက မိုးအေးအေးနဲ့နှပ်နေတာ ဟို .. ကြောက်ကောင်ကလည်း .."

"ဘုန်း .."

ပြောနေတုန်း စကားမဆုံးခင် အိမ်ရှေ့မှာ ချော်လဲသံကြားလိုက်ရကာ..၊

"အဲ့ဒါ သရဲတက်နင်းတာလား မသိဘူး .."

"ဟော .. အောင် .. အောင်ကြီး .."

ချမ်းသာ အသံကြားပြီး ဝမ်းသာလုံးဆို့သွားတာ စကားတောင် မပီချင် ..၊

www.burmeseclassic.com

www.burmeseclassic.com



လူစုံတက်စုံ ရောက်လာကြတော့ ဘုန်းရိပ် က ငယ့် ကိုကြည့်ကာ..၊

"နင်က ဘာလုပ်နေတာလဲ ပြန်တော့ .."

"အရီးက .."

"အခု ငါပြောနေတယ် ပြန်တော့ .."

"ကြီးကြီး သိတဲ့ဥစ္စာ၊ ပြန်သွားရင် ဆူမှာပေါ့ .. ပြီးတော့ တစ်ယောက်တည်း မပြန်ရဲပါဘူး .."

"ဘကြီးကြော့ ကလည်း ဘာမှန်းမှသိဘူး၊ မိန်းကလေးကို မသာအိမ်.."

"ဟိတ်ကောင် .."

ချမ်းသာ က ဦးသောင်း ဒီဘက်ပြန်လာတာကို မေးဆတ်ပြကာ..၊

"မသာအိမ် .. မသာအိမ်နဲ့ ပြောမနေနဲ့ ဘကြီးသောင်း က ညနေကပဲ ငါတို့ကို ဆူပြီးပြီ .."

"မသာအိမ်မို့ မသာအိမ်ခေါ်တာပဲကွာ .."

"မသာအိမ်ပေမယ့် မြန်မာစကား အသွားကြွယ်တဲ့ကွ ..၊ မင်း မြန်မာလူမျိုးမဟုတ်ဘူးလား .."

ဦးသောင်း က ကြားဖြစ်အောင် ကြားသွားသေးသည်။

"အသုဘအိမ်လို့ခေါ် .. မသာရှင်ကို နည်းနည်းပါးပါး အားနာ.."

"သူ့ကျတော့ မသာ .."

"ဘာကွ .."

"အဲ့ဒီလိုလည်း ပြောရင်းနဲ့ ပါသွားတတ်တာပဲလို့ .."

ဦးသောင်း က အသက်ကြီးပြီး လူပုစိတ်တိုဖြစ်သည်။ နေရာတကာမှာ အကူအညီလိုပြီဆို တတ်နိုင်သမျှ ကူညီတတ်သလောက် လူငယ်တွေက သူကြီးကို ကြောက်ရသလိုပဲ သူ့ကို မလေးမစားမပြောရဲကြပေ ..။

ဘုန်းရိပ် ကတော့ ဘယ်သူဖြစ်ဖြစ် မထိတထိပြန်ပြောနေကျအတိုင်း..၊

"မင်း ယောက္ခမလောင်းကတော့ မလွယ်ဘူးကွ .."

ဦးသောင်း ကျောခိုင်းလိုက်တာနှင့် ငထွား မျက်နှာကို ကြည့်ပြောလိုက်၏။ ဦးသောင်း တုံ့ခနဲဖြစ်သွားကာ ..၊

"ဘုန်းရိပ် .."



"ဗျာ .."

"မင်းက ဘာပြောလိုက်တာလဲ .."

"သြော် .. ငထွား ယောက္ခမဖြစ်မယ့်သူကိုပါ၊ ဒီကောင် တကယ်မလွယ်တာ .. အဟွန်း .. သူ့ယောက္ခမဖြစ်ရရင်တော့ .. သွားပြီ .."

ဦးသောင်း မချင့်မရဲကြီး စိုက်ကြည့်သွားတော့ ချမ်းသာ ပါးစပ်ပိတ်ရယ်သည်။ ငထွား ကတော့ ညမှောင်မှောင်နဲ့ မစည်ကားသည့် မသာအိမ်ကို အသည်းတွေယားနေရကာ ..၊

"ငယ်ငယ် .."

"ဟင် ..."

"ငါ့ကို ခင်ဆုံလေး ကို ခေါ်ပေးပါလား .."

"အံမယ် .. ဘကြီးသောင်း ကို ကြောက်ပါတယ် .."

"မိန်းကလေးချင်း အဖော်ရချင်လို့ပါဆိုပြီးတော့လေ .."

"ငယ် မှ မညာရဲတာ .."

"အလကား ကောင်မလေး .. အားကိုးလို့မရဘူး .."

"မင်းကလည်းတစ်မျိုး၊ ဘယ်နှစ်ခါတွေ့တွေ့ အားရတယ်မရှိဘူး"

သရဲကြောက်ကြောက်နှင့် လူကြီးတွေအမိန့်နဲ့ လာရသည့် အောင်ကြီးက ငထွား ညည်းနေတာကိုပဲ စိတ်တွေတိုနေကာ ..၊

"ဟေ့ .. အောင်ကြီး နဲ့ ငထွား .."

ဓာတ်မီးရောင် ဝင်းခနဲရောက်လာကာ ..၊

"အိမ်မှာ မီးအိမ်နဲ့ ဘက်ထရီတွေလိုက်သယ်စမ်း .."

"ဟုတ် .."

ငထွား တစ်ချီးတည်းပြေးလိုက်သွားလျှင် ..၊

"ဟာ .. ဟေ့ကောင် .. နေဦးဟ .."

ငထွား ပြေးလိုက်ပေမယ့် နောက်ကျကျန်ရစ်လျက် အလောင်းခင်ဆားက ဖြတ်ကာမှ ခြေခေါက်လဲ၏။

"ဒီကောင် တစ်ခုခုတော့ တစ်ခုခုပဲကွ .."

ချမ်းသာ က ခပ်တည်တည်မျက်နှာကြီးနဲ့ ဝေဖန်၏။ ဒါကို ကြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ကြားလိုက်ကာ၊ အောင်ကြီး ခေါင်းကြီးသွား၏။

"ဘာဖြစ်လို့လဲ .."

"သူ့ကိုချည်းပဲ သရဲက ခြေထိုးခံနေတာဖြစ်မှာ၊ သူချည်းပဲလဲနေတာကြည့်ပါလား .."

သူတောင်းစား ချမ်းသာ ..၊

ကိုယ့်ဘာသာ ကမန်းကတန်းပြန်ကုန်းထရင်း အလောင်းကိုလည်း လှည့်ကြည့်မိသေးသည်။ ခြံပြင်ကိုရောက်တော့ ထီးတစ်ချောင်းနဲ့အတူတူ ဖြတ်လျှောက်သွားကြသည့် ရွာသူနှစ်ယောက်က အထဲကိုကြည့်ပြီး ခြေလှမ်းတွေကို အမြန်နှုန်းတင်လိုက်ကာ ..၊

"မြန်မြန်လျှောက်ဟဲ့ .. မနက်တုန်းက နေ့ခင်းကြောင်တောင်တောင်မှ အရှုးဖိုးဆယ် ဆီက ခွာညိုပြန်းလိုက်တောင်းတာဟဲ့ .."

"ဟယ် .. နင်ကလည်း အဲဒါယုံနေပြန်ပြီ .."

"တကယ်ပါဆို .. ဦးဖိုးဆယ်ကြီး တစ်ယောက်တည်း ခေါင်းခါလက်ခါနဲ့ ပြောနေတာကို ဒေါ်ရွှေမိ တို့ သေချာမြင်တာ၊ စံပယ် နာမည်ခေါ်ပြီး မပေးဘူး ဘာဘူးလုပ်နေတာတဲ့ .."

မင်းကျမှပဲ အောင်ကြီး .. သေစမ်း ..၊

မှောင်မည်းနေတာလည်း ရှေ့ကိုဘာမှ မမြင် ..၊

"ထွေး .. ထွေး ဟော့ကောင် စောင့်ဦးဟ .."

ရှေ့ကိုပြေးလေ ခြေထောက်က နောက်ပြန်ဆွဲနေလေ ..၊

ဟင် !..၊

နောက်က ဘာသံလဲ ..၊

"ဖလပ် .. ဖလပ် .. ဖလပ် .."

ခြေသံလား ..၊

ပြောနေရင်း စုံရပ်လိုက်တော့ ပြေးလိုက်လာသည်ထင်ရသည့် အသံကလည်း ရပ်သွားသည်။

ကြောက်ပါသည်ဆိုလျှင် ကြောက်နေသည့်နေရာကို ပိုကြည့်ချင်၏။ နောက်ကို လှည့်မကြည့်ရဲပေမယ့် ရှေ့ဆက်ပြေးခဲ့လျှင် ..၊



"ဖလပ် .. ဖလပ် .. ဖလပ် .."

သေချာပြီ မရပ်နဲ့ ပြေးတော့ အောင်ကြီး ..၊

"အောင်မလေးဗျ .."

"ဘာတုံးဟ .. ဟော့ကောင် .. ငါရယ် .."

"ဟင် .."

"မင်းကို ရပ်စောင့်နေတာ .."

"ခွေးသူတောင်းစား ရောက်နေကာမှ ရပ်စောင့်ဖော်ရသလား၊ တော်တော်အားကိုးရတဲ့ကောင် .."

"အံမယ် .. လူကိုဝင်တိုက်တာ မိန်းကလေးသာဆို ရှိသမျှ အကုန်လုံးပြားချပ်ကုန်ပြီ .."

"ဟိတ်ကောင်တွေ လာလေ .. ဘာတွေတွတ်ထိုးနေတာလဲ .."

"လာပြီ .. ဘကြီး .. ဘာမှ မထိုးဘူး .."

ခြံကျယ်ကြီးတွေမို့ တစ်ခြံနဲ့တစ်ခြံကို ကူးလူးသွားလာရတာ နီးနီးလေးတော့မဟုတ်ပေ ..။ ထို့ပြင် ဒေါ်လှလှ တို့ အိမ်ရဲ့ခေါင်းရင်းမှာ ကန်စွန်းခင်းလေးကရှိနေသေးသည်။ နောက်ဖေးမှာကျတော့ အပျိုကြီးစပယ် ကိုယ်တိုင်စိုက်ထားသော ဘူးစင်တွေ၊ ပဲစင်တွေနှင့် ပြည့်နေ၏။

အောင်ကြီး နဲ့ ထွေး တို့ မီးအိမ်တွေ၊ ဘက်ထရီတွေကို နှစ်ခေါက်ပြန်သယ်လိုက်ရကာ ထီးလည်းမွှပါတော့ မိုးတွေစိုနေကြ၏။

"ဒီမိုးကလည်း မတိတ်တော့ဘူး .."

"ဖဲသမားတွေလည်း ဘယ်သွားသေကုန်ကြပြီလဲ မသိဘူး .."

"ကဲကွာ .. မီးဆင်နေတာ မပြီးနိုင်တော့ဘူး၊ မင်းတို့ ညည်းတာက တစ်မျိုး၊ တော်ကြာ မသာက နားငြီးတယ်ထပြောတော့မယ် .."

"ဘုန်းရိပ် .. မင်း စကားပြောရင် အဲ့ဒါမပါဘဲ ပြောလို့မရဘူးလား.."

"မရဘူး .. မင်း ယောက္ခမလည်း ပြန်အိပ်ပြီ၊ အရီးဒေါ်တင်နွယ်လည်း ပြန်ပြီ၊ မသာရှင်နဲ့ ငါတို့ပဲရှိတော့တာ .."

"အံမာ .. မိငယ် .. ထ .. ထ .. နင်က မိန်းကလေးတစ်ယောက်တည်းဆိုပြီး အခွင့်အရေးတွေရနေတာ၊ ထိုင်နေရင်သိုင် အိပ်ဖို့တော့

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားနဲ့ ..."

ချမ်းသာ က တိုင်မှီပြီးငိုက်နေသည့် ငယ် ကို လဲကျသွားအောင် တွန်းပစ်လိုက်၏။ မီးချောင်းဆင်နေရင်း ဘုန်းရိပ် က ...

"အဲဒီကောင်မလေး ပြန်လိုက်သွားဆိုတာ သက်သက်နေခဲ့တယ်၊ အကြီးကြော် က ဘာမှန်းလည်းမသိဘူး .."

"မဟုတ်ပါဘူး .. အကြီးကို အရိုးလှ က ပြောလို့ ငယ် ကိုလွှတ်လိုက်တာပါ .."

"ဘာ ..."

ဘက်ထရီမှာ ကလစ်ချိတ်ပြီးမှ ဘုန်းရိပ် က ခါးထောက်ကာ..၊

"အရိုးလှ က အိပ်နေပြီ၊ နင့်ကိုမှာပြီး ဘာလုပ်မှာလဲ .. မဟုတ်တာတွေ.."

ငယ် က လဲသွားရာကနေတိုင်မှာပဲ ပြန်မှီလိုက်ကာ ထောက်လိုက်သည့် လက်တံတောင်လေးကို ပွတ်သပ်ခါရင်း ..၊

"ဘယ်လိုလုပ်သိမှာလဲ .. ငယ် က ကြီးကြီးမလွှတ်ဘဲနဲ့ ညဘက်ကြီးကို ဘယ်လိုလုပ်ထွက်လာနိုင်မှာလဲ .."

"ဟုတ်သားပဲ .. မင်းကလည်း မင်းရှိလို့ လာတယ်များထင်နေလို့လား ..၊ မာန်တက်မနေနဲ့ မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် ခုချိန်မှာ တစ်ယောက်တိုးရင် တစ်ယောက်ပဲ .."

ဘုန်းရိပ် က အောက်လင်းမီးအိမ်ကို ဆီထိုးရင်း ငယ် ငုတ်တုတ်လေးငိုက်နေတာကို မျက်နှာထားကြီးနဲ့ လှမ်းကြည့်နေ၏။

ငယ် က သူမ ငိုက်နေတာကို စိတ်တိုနေသည်ထင်ကာ မျက်လုံးလေးတွေပြူးပြဲဖွင့်ဖို့ ကြိုးစားရင်း လက်နဲ့လည်း ဖိပွတ်နေကာ ..၊

"ငယ် အထဲမှာ အရိုးလှ ကို သွားကြည့်လိုက်ဦးမယ် .. ငိုနေလား မသိဘူး.."

"မသွားပါနဲ့ အိပ်နေရင် နိုးသလိုဖြစ်ဦးမယ်၊ ငထွား .. ဟိုမှာ အလောင်းစင်ပေါ်က မီးကာလေးလှန်သွားပြီ သွားပြန်ဆွဲချ .."

"အံမာ .. အဲဒါ ငါ ဘာလို့မြင်ရတာလဲ .."

"မင်းပဲ အားနေတာလေ .. သွားစမ်းပါကွာ၊ သူ့ရဲဘောကြောင်



မနေစမ်းပါနဲ့ .."

"ဒါဆို .. အောင်ကြီး လည်း အားတယ် .. လိုက်ခဲ့ .."

"ဘာ ..."

အောင်ကြီး ငုတ်တုတ်ကနေ မြောက်တက်သွားတဲ့အတိုင်း ..၊

"ငါ့မှာ ညနေတည်းက သူကြီးအမိန့်နဲ့ နေရတာနော် .."

"အံမာ .. ငါရောပဲလေ .."

"ငထွား .. မင်းက မင်းဘာသာ မျှော်လင့်ချက်နဲ့နော် .. ငါက မင်းကြောင့် .."

"ငါရော .. ခုထိ မျက်နှာလေးတောင် မမြင်ရသေးဘူး .."

"အပိုတွေ မပြောနဲ့ .. ညနေတုန်းက ခင်ဆုံ ပန်းတွေလာပို့တော့ မင်း ရှီးတိုးရှုတနဲ့ .."

"အဲဒါကို အချစ်လို့ခေါ် ..."

"ဂျွတ် .."

"ဘုန်း ..."

"အောင်မလေး .. သေပါပြီ .."

မီးပက်သည့်ဘက်ကို အပေါ်တက်ပြီး ကာရံနေတုန်း ယောင်းနွမ်းနေသည့် ခုံက ကျိုးကျ၏။ ချမ်းသာ ရှုံ့မဲ့နေကာ ..၊

"သူတို့စကားများနေတာ နားထောင်ရတာနဲ့ .."

"လာသေးတယ် .."

"နင် အဆင်ပြေရဲ့လားဟင် .."

"ကျတာတော့ ခွေးကျပဲ .."

"ဒီမှာ ခါးကျိုး ..."

ဖြေနေရင်း ချမ်းသာ ဟင်ခနဲဖြစ်သွားသည်။ ဘုန်းရိပ် ကို လှမ်းကြည့်လိုက်တော့ ဘုန်းရိပ် ကလည်း ဟိုကြည့်ဒီကြည့်နှင့် သူ့ကို ပြန်ကြည့်၏။

ပြီးတော့ ငယ် ကို ပြိုင်တူကြည့်လိုက်မိကြ၏။ ကျန်သည့်နှစ်ယောက်လည်း ပြူးတူးပြဲတဲတွေဖြစ်နေကြလျက် ..၊

"ငယ် က အိပ်ပျော်နေပြီ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါ .. ဒါဖြင့် .. ခုန .."

"မင်း ကြားလိုက်လို့လား .."

"ကြားတယ် .."

"ဟမ်!..."

ရွှတ်နောက်နောက် ချမ်းသာ မျက်နှာက ရုတ်ချည်းလေးငယ်သွားကာ လေးယောက်သား မြန်မြန်ဆန်ဆန် ကျောချင်းကပ်ပြီးသားဖြစ်သွားကြ၏။

"ဘယ်သူ မေးလိုက်တာလဲ .."

"ဘယ်သူမေးမေး .. မမေးနဲ့တော့ .."

ဘုန်းရိပ် က အလောင်းစင်ဆီ လှမ်းကြည့်လိုက်ကာ မျက်လုံးကြီး ပြူးသွား၏။ ဒါကို အောင်ကြီး မြင်ကာ ..၊

"ဟိတ်ကောင် .. ဘာမြင်မြင် မပြောကြေးကွာ .."

"မျက်နှာ .. မျက်နှာ .."

"ဘုန်းရိပ် .. သေနာကျ .."

"မဟုတ်ဘူးကွ .. မျက်နှာပေါ်က ပဝါ လွင့်ကျသွားပြီ မရှိတော့ဘူး.."

"တိုးတိုးပြောစမ်းပါ၊ အပေါ်က အရီးလှ ကြားပြီး သွားပြန်တင်ပေးပါ ပြောလိမ့်မယ်၊ ခုချိန်ကစပြီး ဘယ်သူမှမထဘဲ ငါတို့ဘာသာ ဖဲရိုက်ကြမယ် .."

"လုံးဝ မရိုက်ဘူး .."

ခင်ဆုံ က လောင်းကစားမလုပ်ရဘူးလို့ မှာထားသဖြင့် ထွေး တို့က တစ်ခွန်းဆိုတစ်ခွန်း ..၊

ထိုစဉ် ဒေါ်လှလှ က မုန့်ချပ်ကြီးတစ်ချပ်ကို ကိုင်ကာ အပေါ်ဆင့်ကနေ ဆင်းလာ၏။ မျက်နှာသည် အိပ်ထားပုံမရှိဘဲ အလွန်အမင်း ငိုထားသလို နီရဲဖောင်းအစ်နေလျက် ..၊

"မတင်နွယ် ပြန်သွားပြီမို့လား .."

"ဟုတ်ကဲ့ .. အရီးလှ က ဘာဆင်းလုပ်တာလဲ မုန့်ကြီးနဲ့ .."

"ဒီမုန့်ကြီးက ဘုန်းကြီးကျောင်းက သွားငှားထားတာလား .."

"ဟာ .. ထွေး ဆိုတဲ့ကောင် လျှောက်ပြောနေပြန်ပြီ .."



"ဟုတ်တယ် .. ငါ သွားငှားထားတာ .."

"ဟမ် .."

"ဗျာ .. အရီးလှ ဘာလုပ်ဖို့လဲ .."

"ငါ့ကို သနားရင် တိတ်တိတ်နေကြပါဟယ် .. ငါ ပြောပါ့မယ်.."

ပြောနေရင်း မျက်ရည်တွေ တလည်လည်နှင့် သူတို့အားလုံးသော မှာထိုင်ကာ ..၊

"ငါ ဆရာတော့်ဆီမှာ ဝတ္ထုငွေကပ်ပြီး ငှားထားတာပါ .."

အောင်ကြီး က ဒေါ်လှလှ မျက်လုံးနဲ့မဆုံအောင် ဘုန်းရိပ် နောက်ကို မသိမသာကွယ်နေ၏။ တော်ကြာ ငါ့သမီးမျက်နှာက ပဝါ သွားပြန်အုပ်ပေးပါဆို ဒုက္ခ ..၊

ကြောက်ပါသည်ဆိုမှ မျက်လုံးချွေပြီး လှမ်းကြည့်မိတော့ သနပ်ခါး အဖွေးသားနှင့် စံပယ့် မျက်နှာကြီးက သေပြီးမှ ပိုပြီး ပြားထွက်လာသလို..၊

"ငါ့သမီးကို ခြောက်တယ်လို့ လူတိုင်းပြောနေကြပေမယ့် ငါက တော့ ဘာမှမတွေ့ရဘူး .."

"မတွေ့ရလေ ကောင်းလေပေါ့ အရီးလှ ကလည်း .."

"ဟိတ်ကောင် .."

ကောက်ခနဲ ဝမ်းသာအားရထပြောလိုက်သဖြင့် ချမ်းသာ က အောင်ကြီး ကို တံတောင်နဲ့ တွက်၏။ ပြီးမှ ဒီဘက်လှည့်၍ ..၊

"ဒါမျိုးလည်း ကောင်းတာပဲ အရီးလှ ရယ်၊ လူတွေက လေကြားဖမ်းတရားနာနေကြတာ၊ တစ်ယောက်က နည်းနည်းပြောရင် နောက်တစ်ယောက်က အများကြီးပုံချဲ့ကြရော၊ စပယ် က ဒီလောက်မခြောက် .."

"ဘုန်း .."

"အောင်မယ်လေး .."

"ဟာ .. အလောင်း .."

"ဟင် .. အလောင်း .. အလောင်း ဘယ်ထသွားပြီလဲ .."

"မသွားသေးဘူး .. မတ်တပ်ကြီး .."

"အောင်မလေး .. အရီးလှ လုပ်ပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး ငယ် အိပ်နေသည့် တိုင်ကို နောက်ကနေ ပြေးဖက်ကာ အော်နေတော့သည်။

"အောင်ကြီး ဟိတ်ကောင်ရ .. တိတ်တိတ်နေစမ်းပါ၊ မိုးပက်ပြီး ဒေါက်စင်ချော်ထွက်သွားတာနေမှာပေါ့ .."

ပြောသာပြောနေရကာ သူတို့အုပ်စုချည်းပဲရှိနေမှ ဟိုဖြစ်ဒီဖြစ်မို့ ဘုန်းရိပ် ဦးဆောင်သူအဖြစ် မားမားမတ်မတ်ရပ်နေရပေမယ့် တံတွေး မျိုချနေရသည်။

အောင်ကြီး မှ လွဲလျှင် သူတို့တွေ အလောင်းစင်ရှိရာကို ဦးတည်လိုက်ကြသည်။ ဒေါ်လှလှ ကတော့ ရှေ့ဆုံးကပြေးသွားကာ ..၊

"အောင်မလေး .. ငါ့သမီးကိုယ်တစ်ခြမ်းမှာရော ဆံပင်တွေရော ရေတွေစိုလို့ပါလား .."

အောင်ကြီး ကမန်းကတန်းကျူးထကာ ငယ့် နားကိုတိုးကပ်လိုက်၏။

"ငယ် .. ငယ် နင်လုပ်ပါဟာ .. ကျွန်မ ပြန်တော့မယ်လို့ပြောလိုက်ပါ၊ ကိုအောင်ကြီး လိုက်ပို့နိုင်းမယ်လို့ .."

"ဟာ .. ငယ့် ကို လာနေပေးပါလို့ အရီးလှ က ကြီးကြီးကိုပြောထားတာပါဆို .."

"ဟာကွာ .. သေစမ်း .."

ငယ် က လက်ရှိအခြေအနေကို ဘာတွေဖြစ်နေမှန်းမသိဘဲ အလောင်းစင်နားမှာ စုနေကြသည့်လူတွေဆီ လှမ်းကြည့်ကာ ..၊

"ဟင် .. မမစံပယ် က မတ်တပ်ကြီး .."

"ဘာ ..."

"ဟိုမှာလေ .."

"ငယ့် .. နင်နော် .."

"စင်ကျိုးကျသွားတာလား၊ ခြေရင်းက ကျိုးတော့ အလောင်းက.."

"တော်ပါတော့ မယ်မင်းကြီးမလေးရယ် .. ငါ တောင်းပန်ပါတယ်.."

"ကိုအောင်ကြီး က ဒီလောက်တောင် ကြောက်နေရင်လည်း ဘာလို့ ဒီမှာ လာနေနေလဲ .."



"ငါလည်း နင့်လိုပေါ့ .. တကယ်ဆို ဒီမသာကို မနေ့တည်းက ချရမှာ .."

"မိုးတွေကြီးနေလို့ ကျင်းတူးလို့မှ မရတာ .."

"အဲဒါပြောတာပေါ့ .. ဒီရွာ သင်္ချိုင်းကုန်းကိုက သင်္ချိုင်းကုန်းမဟုတ်ဘဲနဲ့ သင်္ချိုင်းချိုင့်ဖြစ်နေတာ .."

အောင်ကြီး က တိုင်နားကိုပြန်တိုးကာ အဖော်တစ်ယောက်လို ထပ်မှီ၍ ရှုံ့မဲ့နေလေသည်။

"သင်္ချိုင်းကို မြောက်ဘက်နည်းနည်းထပ်ထိုးပြီး ကုန်းပေါ်တင်လိုက်ပါပြောတာ၊ နေ့ရွှေ့ ညရွှေ့နဲ့ ဟိုဘက်ရွာက စေတီနဲ့ နီးမှာစိုးလို့ အကြောင်းပြတာကရှိသေး .."

သင်္ချိုင်းက ကုန်းနိမ့်ကျနေကာ မြို့နွယ်ပိတ်ပေါင်းတွေ များပြားနေသဖြင့် မိုးကြီးလိုက်တာနှင့် ရေကဝပ်နေတော့သည်။

ရွာသားတွေ အသုဘကျင်းသွားတူးတော့လည်း တူးသမျှရေပြည့်နေသဖြင့် တော်တော်ဒုက္ခရောက်ကြ၏။

"ဒီပုံဆို အလောင်းချပြီးပြန်ဖို့စရာ မြေကြီးတောင်မရှိတော့ဘူး၊ အလောင်းလည်း ရေပေါ်ပြန်ပေါ်လာမှာပဲ .. ထားလိုက်တော့ မိုးတိတ်မှပဲ အလောင်းမြေချလို့ရမှာ .." တဲ့ ..။

မဖြစ်သာလို့လုပ်ကြရတာပေမယ့် ဒီအလောင်းကြီး အိမ်မှာကြာရှည်နေသမျှ ဘယ်သူမှ မဆိုင်သလိုနေလို့ရမှာမဟုတ် ..၊

"အောင်ကြီး ရေ .."

လုပ်ပြီ ..၊

"အောင်ကြီး .. ခေါင်းရင်းအပေါ်ဆင့်က ယွန်းအစ်ထဲမှာ အပ်ချည်လုံးယူခဲ့စမ်းပါ .."

ဘာလုပ်မလို့လဲလို့ ပြန်မေးလိုက်ရမှာ ဒေါ်လှလှ ကို အားနာသွားသဖြင့် အပ်ချည်လုံးထယူလိုက်ရသည်။

"ယူခဲ့စမ်းပါ မြန်မြန် .."

"ထီး .. ထီး .."

"အမလေးကွာ .. တစ်စက်မြိက်ကထွက်ရုံလေးကို မြန်မြန်ပြေးခဲ့.."



www.burmeseclassic.com

www.burmeseclassic.com



သူတို့သွားတော့ မိုးကမှမသည်းတာ ..၊

စိတ်ထဲကပြောမိပေမယ့် မတတ်နိုင် .. သို့သော် ..၊

"နင် တစ်ယောက်တည်းနေရဲလို့လား မိငယ် .. လာလိုက်ခဲ့ .."

"နေရဲပါတယ် .. မီးဖိုချောင်ထဲမှာ လက်ဖက်သုပ်ပဲကြော်သွားထည့်ရဦးမှာ .."

မိန်းကလေးပေမယ့် ငယ် က သူ့ထက်တောင် သတ္တိကောင်းနေသေးသည်။ မီးဖိုချောင်ထဲမှာ ဘာမီးမှလည်း မရှိ ..၊

ပြီးတော့ ..၊

"ဟိတ်ကောင် .. လာပါဟ .."

"လာပြီ .."

ရေစိုထဲပြေးထွက်ပြီး အပ်ချည်လုံးကို ချမ်းသာ လက်ထဲထည့်ပေးလိုက်သည်။ ပြီးတာနှင့် ပြန်လှည့်ပေမယ့် ..၊

"ငါ့ကို မပေးနဲ့လေ .. ဒီမှာကိုင်ထားပေးရတာ လက်မအားဘူး၊ မစံပယ် ခြေမတွေ ကြိုးပြုတ်နေတာ အဲဒါပြန်တုပ်လိုက် .."

"ဟမ် .. ဘာ .."

အောင်ကြီး မျက်လုံးတွေရှေ့ကို ခုန်ထွက်လာတော့မတတ် ပြူးသွားသည်။

"သမီးရယ် .. အမလေးကြည့်ပါဦး မျက်နှာမှာရေတွေပက်မိပြီး သနပ်ခါးတွေတောင် ကွက်ကုန်ပြီ .."

သရဲမကြီးနဲ့တူနေတာကို ကြည့်နိုင်းရလား ..၊

ပြိုင်တူတွေးမိကြကာ လှမ်းကြည့်လိုက်မိသည့်ဘုန်းရိပ် တို့မျက်နှာတွေ ရှုံ့မဲ့ကုန်ကြ၏။ အောင်ကြီး ကြောက်တတ်မှန်းသိကြတာတောင် လူသေကောင်ကိုတော့ မကိုင်ချင်ကြသည်မို့ ရှေ့မျက်နှာနောက်ထားပြီး ခိုင်းလိုက်ရသည့်အဖြစ် ..၊

ဒီကြားထဲ ဒေါ်လှလှ က သနပ်ခါးဘူးလေးကို ဘယ်လိုယူလာလိုက်မှန်းမသိဘဲ လူသေကောင်မျက်နှာကို သေချာလိမ်းပေးနေသေးသည်။

"အရီးလှ .. မလုပ်နဲ့တော့လေ၊ အဲဒါမိုးပက်တာမဟုတ်ဘူး၊ ပုပ်ချင်လို့ အစိုကွက်တွေ ထလာတာ .. တော်ကြာ ဒီ့ထက်ပိုဆိုးကုန်တော့မှာပဲဗျာ–"



"မဟုတ်ပါဘူးဟယ် .. မိုးရေပက်တာပါ၊ ငါ့သမီး တစ်နေ့ကမှသေတာကို ပုပ်စရာလား .."

"သုံးရက် တင်းပြည့်ကျပ်ပြည့်ရှိနေပြီ အရီးလှ ရဲ့ .."

တော်ပါတော့လို့ ဘုန်းရိပ် က ငွေ့ားကို လက်တို့သည်။ အောင်ကြီးက အပ်ချည်လုံးကိုင်ပြီး ခုထိ တုန်ယင်နေကာ ..၊

"ဘုန်းရိပ် .."

"မခေါ်နဲ့ ဒီမှာ လက်မအားဘူး .."

"မင်းတို့မှာလည်း ဒါလေးလုပ်နေကြတာကို မိုးလင်းမှ ပြီးမှာလား.."

ချမ်းသာ ကို လှမ်းကြည့်တော့လည်း ခေါင်းမိုးကိုင်သလိုလို ဒေါက်တိုင်ကိုင်သလိုလိုနှင့် အပေါ်ကြည့်၊ အောက်ကြည့် ..၊

မတတ်သာသည့်အဆုံးမှာ အောင်ကြီး အသက်ကိုတစ်ဝကြီးရှူကာ လွှမ်းထားသည့် ထမီစကို ခြေမပေါ်မှာဖုံးပြီးမှ ကြိုးတုပ်ပစ်လိုက်သည်။

ခြေမနှစ်ချောင်းပူးသွားဖို့က အဓိကမို့ ဖြစ်သလို မြန်မြန်ချည်ပစ်လိုက်၏။ ထမီစခံထားတာတောင် ခြေမက အေးစက်နေသည့်အထိအတွေ့က လက်ကိုလာရန်စနေသေးသည်။

အလကားအပျိုကြီး၊ သေတာတောင် ရာသီဥတုဖောက်ပြန်နေမှ ဆိုက်တိုက်ဆိုင်ဆိုင် ..၊

"ငါ့သမီးလေး ကံကောင်းပါတယ် သမီးရယ် .."

ဒေါ်လှလှ ရဲ့ ငိုသံရောက်သောစကားတွေကြောင့် စိတ်တိုရတာ သက်ရှိုး ..၊

"မိုးလေး စိမ့်စိမ့်နဲ့ အေးအေးချမ်းချမ်းနေရတယ်၊ အေးနေလို့သာ သမီးအခုချိန်ထိ အမေ့အိမ်ထဲမှာ နေရတာ သမီးရဲ့ .."

မသာကထပြီး ကျေးဇူးတင်ပါတယ်ပြောလာနိုင်၏။ ဘုန်းရိပ် ထဲက ပြောမိကာ လွှမ်းထားသည့် အင်္ကျီနဲ့ ထမီစတွေကို ခပ်ဆောင့်ဆောင့်ဆွဲတင်ပြုပြင်ပေးလိုက်၏။

ထိုအခါ ထမီစနှင့်ရော၍ ဖြစ်သလို တုပ်ချည်ပစ်ခဲ့သည့် ခြေမနှစ်ချောင်းပူးထားသော ကြိုးက အသာလေးပြုတ်ပါသွားလေသည်။ တောင့်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ခြေထောက်နှစ်ဖက်ကားခနဲ ပြန်ဖြစ်သွားတာကို ဘယ်သူမှ မသိလိုက်ကြ ..။

"ငါ့တူလေးတွေကို ကျေးဇူးတင်လိုက်တာ .."

"ရပါတယ် .. အရီးလည်း ပြန်အိပ်ပါတော့ .."

အားလုံးပဲ စိတ်မရှည်နိုင်ဖြစ်လာကြ၏။ မီးစက်သွားပိတ်လိုက်တာနှင့် ပတ်ဝန်းကျင်က ရုတ်တရက်ကြီးတိတ်ကျသွား၏။ ထိုအခါ မိုးစက်သံတဖျောဖျောနှင့် သူတို့လူစု၏ လှုပ်ရှားသံတွေသာ ပတ်ဝန်းကျင်မှာ ကျယ်ကျယ်လောင်လောင်ဖြစ်နေခဲ့ရကာ ..။

"အရီးလှ လက်ဖက်သုပ် .."

"ဟာ .. အိပ်ဖို့တိုက်တွန်းရမယ့်ဟာ လက်ဖက်သုပ်သွားကျွေးနေတယ် .. လာ .. ဒီကိုယူခဲ့ .."

ချမ်းသာ နဲ့ ထွေး တို့က အကျအနထိုင်လိုက်ကာ လက်ဖက်သုပ်စားဖို့ပြင်၏။

"ဟုတ်တယ် .. လူလေးတို့ကိုကျွေးလိုက်၊ ဟဲ့ .. ယေးစမ်း .. လက်ဖက်သုပ်က ပုဇွန်ခြောက်ပါရဲ့လား .."

ဒေါ်လှလှ က လက်ဖက်အစ်ကိုဆွဲယူကာ သနပ်ခါးမခြောက်တခြောက်နှင့် လက်ညှိုးတစ်ချောင်းလုံးသုံး၍ မွှေနှောက်ကြည့်နေလျှင်..

တော်ပြီ ..။

သုံးယောက်သား မျက်လုံးချင်းဆုံသွားကြပြီး ငယ် ကလည်းသိသည်။ အထူးသဖြင့် ဘုန်းရိပ် ရှိတတ်တာကိုသိနေသဖြင့် ..။

"ရပါပြီ .. ပေးပါ အရီးရဲ့ .."

"နင့်ဟာ ပုဇွန်ခြောက်မှ မပါတာ .. ပြီးတော့ ယောက်ျားလေးတွေကို ဒီလိုကြီးချမပေးနဲ့လေ တစ်ခါတည်း နယ်ဖက်ပြီး .."

"ဟုတ် .. ဟုတ်ကဲ့ပါ .. ပေးပါ .. ငယ် နယ်လိုက်ပါ့မယ် .."

ငယ် က လက်ဖက်အစ်ကို ကမန်းကတန်းပြန်ယူကာ လက်ဖက်ကို ဒေါ်လှလှ မထိရသေးကြောင်း ပဲကြော်ကိုပြန်ခွဲထုတ်ပြီးလုပ်ပေးမယ့်အကြောင်း လက်နဲ့ ပုံစံလုပ်ပြ၏။



ဒါပေမယ့် အားလုံးက ခေါင်းခါလိုက်ကြသည်။ အောင်ကြီး က ဒါကိုကြည့်ကာ ..။

"ဘာတွေ ခေါင်းခါနေကြတာလဲ .. မျောက်သေရုပ်တွေနဲ့ .."

ပြန်ဖို့မပြောဘဲ စားဖို့သောက်ဖို့ပြင်နေကြသည့် ဘုန်းရိပ် တို့ကို အောင်ကြီး က အစတည်းက စိတ်တိုနေသည်ဖြစ်ကာ ..။

"ဟွန်း .. မပြောလိုက်ချင်ဘူး၊ သူများကိုရှုံ့နေသေးတယ်၊ ခုပဲ သောကိုင်လာတယ်၊ ဒီလက်တွေနဲ့ပဲ စားဖို့ပြင်နေတယ် .."

"မသာကို မင်းပဲကိုင်တာ ငါတို့က .."

"ဘာထိမိ ထိမိ အတူတူပဲ .."

သူလည်း ထမီစနဲ့ ခံပြီးကိုင်တာကို ပြောပြလိုက်ချင်သေးသည်။ သုံးယောက်ခေါင်းချင်းဆိုင်ပြီး ရန်ဖြစ်နေကြတာကို ဘုန်းရိပ် က နောက်ပြန်လက်တို့ကာ ..။

"ဟိုမှာ အရီးလှ နောက်ပြသနာတစ်ခုရှာပြန်ပြီ၊ မှန်ကြီးသွားယူပြီး ဘာလုပ်ဦးမလဲမသိဘူး .."

"မရဘူး .. ဖဲဝိုင်းက မလုပ်ဘူးလားမေးပြီး ငါကတော့ ပြန်မှာပဲ.."

အောင်ကြီး ယတိပြတ်ဆုံးဖြတ်၍ တရားဝင်ကြေညာလေသည်။ ပြီးတော့ တကယ်ထရပ်ကာ ..။

"အရီး .."

"ဟေ .."

"ဖဲဝိုင်းက အရီးက မလုပ်တော့ဘူးလား၊ သူတို့က မလာကြတော့ဘူးလား.."

"ဟုတ်တယ် အရီးလှ .. ကိုသာဗျော တို့က ဒါမျိုးလိုက်ရှာနေတဲ့သူတွေ၊ တမင်ပိတ်မထားရင် မလာဘဲနေမှာမဟုတ်ဘူး .."

ဘုန်းရိပ် ပါ ဝင်ပြောတော့ ဒေါ်လှလှ က မှန်ကြီးကိုပိုက်၍ ရှေ့ကိုတစ်ရွေ့ရွေ့တိုးလာကာ ..။

"နှစ်ရက်စလုံး ဖဲဝိုင်းပါပါတယ် လူလေးရယ် .. လူလေးတို့က ထိုင်ချင်လို့လားဟင် .."

"ကျွန်တော်တို့က ဖဲသမားတွေမှ မဟုတ်ဘဲ အရီးရဲ့ ဒါပေမယ့် အသုဘအိမ်ဆိုတာ ညဘက်ဖဲဝိုင်းရှိမှ စိုပြည်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"အသုဘအိမ်ပဲကွယ် .."

"ဟုတ်တယ် အရီး .. ကျွန်တော်ပြောတာလည်း အသုဘအိမ်ရဲ့ ထုံးစံကိုပြောတာ .."

ဘုန်းရိပ် က သူ့အကျင့်အတိုင်း အလကားနေရင်းလည်း ပုဆိုးစ အောက်ဖျားနှစ်စကို ကိုင်ထားတတ်တာမို့ မတ်တတ်ရပ်ပြီး စကားပြောနေလျှင် ရန်ဖြစ်နေသည့်အတိုင်း ..။

"အရီးပဲ စဉ်းစားကြည့် မသာစောင့်မရှိရင် မသာက ထလာတတ်တယ်ဆိုတာတွေ .."

"အိုကွယ် .. စံပယ် က အဲဒီလိုမခြောက်လှန့်ပါဘူး၊ ငါ့သမီးလေးက ဖုတ်ကောင်ဖြစ်စရာအကြောင်းလည်းမရှိဘူး၊ သူတော်ကောင်မလေးပါ.."

"အရီးကတော့ ခက်တော့တာပဲ .."

"ခုလည်း မင်းတို့လေးငါးယောက်တောင်ရှိနေတာဥစ္စာ၊ အရီးကို မရက်စက်ကြပါနဲ့နော် .."

"ဒါဆို အရီးက ဖဲဝိုင်းတမင်မလုပ်ခိုင်းတာပေါ့ .."

"အေး ..."

"ကောင်းရောကွာ .."

"ဒါဆို .. ကျွန်တော်တို့က ဒီတစ်ညလုံး နေပေးရမှာပေါ့ .."

"အေးလေ .."

ပြဿနာကြီးဦးခေါင်း ဘယ်လက်ထဲရောက်မလဲလို့ တွေးစရာတောင်မလို..။

"ပြီးတော့လေ .. ဒါ .. ဒါလေးတစ်ခုလောက် ကူညီကြပါလို့.."

"ဟင် .. ဘာလဲ .."

ဒေါ်လှလှ က မှန်ကြီးကိုကိုင်ကာ မြေပြင်မှာ ခင်းထားသည့် ဝါးကွပ်ပျစ်ပေါ်ထိုင်ချလိုက်၏။ ထို့ကြောင့် သူတို့အားလုံး ထိုင်လိုက်ကြရကာ..။

"ဒါကလေ .. သေတဲ့လူကိုခေါ်လို့ရတယ်ဆိုလို့ .."

"ဗျာ!...."

အောင်ကြီး ရဲ့ ဗျာသံကြီးက ဝမ်းခေါင်းသံပါနေသလိုပင် ..၊ ပြီးတော့ မှန်ကို ပြူးပြဲကြည့်လိုက်ကာ ..၊

"ဒီမှန်နဲ့ .."



"အေး .."

မျက်ရည်တလည်လည်နှင့် သူတို့မျက်နှာတွေကို လိုက်ကြည့်နေသဖြင့် ပစ်ပစ်ခါခါငြင်းဆန်ကဲ့ရယ်ဖို့လည်း မတတ်သာ၊ ဘုန်းရိပ် ခေါင်းတုတ်လိုက်ရင်း ..၊

"အဲ့ဒါက အောက်လမ်းဆရာနဲ့ လုပ်ရတာ အရီးကလည်း၊ ဒီကောင်တွေ ဒီလောက်ကြောက်တတ်နေတာကို .."

"အောက်လမ်းဆရာ မလိုပါဘူး သားရယ် .."

ဒေါ်လှလှ က ပုံမှန်အချိန်တွေတုန်းကဆို ဒီလောက် သဘောမကောင်းခဲ့ပေ ..။ အထူးသဖြင့် သူ့သမီး အပျိုကြီးကို အသားမည်းမည်း အပျိုဟိုင်းကြီးဖြစ်ပြီး ဘာညာအသံ ကြားတာနှင့် လူကိုမြင်စရာမလို..၊

အသံကြားသည့်ဘက်ကို မျက်နှာမူပြီး ကော်တုတ်တော့တာပင်..။ ပြီးတော့ ညဘက်ကျ စိပ်ပုတီးတလှုပ်လှုပ်နှင့် အိမ်ရှေ့တံစက်မြိတ်အောက်မှာ..။

"ဟိုမှာ ဝိုင်းထဲမှာ လမ်းလျှောက်ပြီး ပုတီးစိပ်နေပြီ၊ သူ့ခြံရှေ့ရောက်ရင် အီးကျယ်ကျယ်မပေါက်နဲ့ .." လို့တောင် ပြောစမှတ်ရှိတဲ့ မိန်းမကြီး..။

"အဟမ်း .."

အထူးသဖြင့် ဘုန်းရိပ် ကပဲ အစအနောက်သန်တာမို့ သူနဲ့ပဲ ပြဿနာဖြစ်ရတာများတတ်သဖြင့် တွေးမိတော့ ချောင်းတစ်ချက်ဟန့်၍ သတိရသာတွေကို ပြန်မျိုချရသည်။

"လူလေးရယ် မင်းတို့က ယောကျ်ားလေးတွေပါကွယ်၊ အရီးကို ကူညီပါနော် .. သေသွားပြီးတဲ့လူက မင်းတို့ကို ဘာမှမလုပ်နိုင်ပါဘူး.."

"အဲ့ဒီ ဘာမှမလုပ်နိုင်တာကြီးကို ကြောက်တာ .."

ချမ်းသာ က အောင်ကြီး ကို ပခုံးနဲ့တိုက်၍ ..၊

"မင်းကလည်း တစ်မျိုး .."

"ကြောက်တယ်ကွ .."

"ငါတို့လည်း ကြောက်တာပဲ .. ဒါပေမယ့် ယောကျ်ားမာနလေးတော့ ထားဦးမှာပေါ့၊ ဟိုမှာ မိငယ် တစ်ချက်မှ အော်သံမထွက်သေးဘူး.."

"သူက ဘာမှမှ မတွေ့တာ .."

"မင်းရော ဘာတွေ့လို့လဲ .. အပျိုကြီးက လျှာထုတ်ပြလို့လား.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းနော် .. မင်း .."

"ဟိတ်ကောင်တွေ .."

ဘုန်းရိပ် က နောက်လှည့်သတိပေးလိုက်ပြီးမှ ..၊

"ဒီမှန်နဲ့ ဘာလုပ်ရမှာလဲ .. အရီး သိလို့လား .."

"သိတယ် .. တောင်ပိုင်းက သူကြီးသား သေတုန်းကလေ၊ တစ်ယောက်က အလောင်းရှေ့မှာ သွားခေါ်ရမယ်၊ တစ်ယောက်ကတော့ မှန်ရှေ့ကနေ နာမည်သုံးခါခေါ်ပြီး သူ့ပစ္စည်းတစ်ခုခုကို လက်နောက်ပစ် ဆုပ်ကိုင်ထားရတယ်တဲ့ .."

"နှစ်ယောက်တောင် လုပ်ရမှာပေါ့ .."

"ဟုတ်တယ် .. ဒါလေးပါပဲ .."

"အဲဒါနဲ့ မှန်ထဲမှာ ပေါ်လာရောလား .."

"ဟုတ်တယ် .. သူတို့ကတော့ ဆရာနဲ့ ပင့်ခေါ်တာလေ၊ သူကြီးမိန်းမ က စီစဉ်နိုင်တာကိုး၊ ငါတို့ရွာမှာတော့ သူကြီးက အဲဒါမျိုးတွေ လုပ်ခွင့် မှ မပြုတာ .."

"မပြုတာ ကောင်းတဲ့ အစဉ်အလာပဲ အရီးရာ .. မလုပ်ပါနဲ့ .."

"လုပ်ပါရစေ ဘုန်းရိပ် ရယ်၊ နင်တို့လူစုကိုပဲ အားကိုးလို့ရမယ်ဆိုတာ သိလို့ ဒီအချိန်မှာ နင်တို့ချည်းပဲရှိနေအောင် အရီး သေချာစီစဉ်ထားရတာ .."

"အရီး .. ကျွန်တော်လည်း အဲလောက်ကြီးဆို ကြောက်တာပဲနော်၊ မလုပ် ပါနဲ့ အရီးရာ၊ ရာသီဥတုလည်း မကောင်းဘူး၊ ဒီမှာလူလည်း သိပ်မရှိဘူး .."

"လူများရင်လည်း မရလို့ပါ ဘုန်းရိပ် ရယ် .. ငါ့သမီးလေးနဲ့ငါ နောက်ဆုံးတွေ့ရမှာပါ .. ငါ့ကို သနားကြပါ .."

ဒေါ်လှလှ ကို ဘယ်လိုမှ တောင်းပန်နားချလို့မရတော့ပေ ..၊ အောင်ကြီး နောက်ကနေ လက်တို့ခေါင်းခါနေပေမယ့် ငထွား တို့နဲ့ ဘုန်းရိပ် မျက်နှာလွှဲရခက်နေခဲ့လျက် ..၊



အခန်း (၉)

"ဟော .. ဦးသောင်း ပါလား .."

"မမြရှင် တို့ မိုးထဲလေထဲ ညဉ့်နက်နေမှ ဘာလာလုပ်ကြတာလဲ.."

မိုးတဖြောက်ဖြောက်နှင့် ရွာလမ်းကလေးက မှောင်မိုက်နေသည်။ နှစ်ဖက်ခတ်မီးရောင်တွေ ဆုံမိလေကာမှ ဘယ်သူဘယ်ဝါမှန်း သိကြကာ..၊

"အသုဘအိမ်ကိုလေ .. ကိုကြီးသောင်း၊ ခုနကပဲ ခွေးညိုကြီးတို့ နှစ်ယောက်ကိုမြင်လိုက်လို့ ဖဲဝိုင်းမလုပ်ကြဘူးဆိုတာ သိရတာ .."

"ဟင် .. ဟုတ်လား၊ ညဦးက မလှ ပြောတော့ လာကြတော့မှာ တဲ့၊ ဒါဆို .. အသုဘအိမ်မှာ လူသိပ်မရှိဘူးပဲ .."

မိုးရေထဲမှာပြောလို့တော့ သိပ်မကောင်းပေမယ့် ဒေါ်မြရှင် နဲ့ စန်းရီ အမေ ဒေါ်ဂျမ်းဆုံ တို့က ထီးတွေတိမ်းလိုက်ပြီး ဦးသောင်း နား ထပ်တိုးကာ ..၊

"မလှ ကြည့်ရတာ ဖဲဝိုင်းထားချင်ပုံမရဘူး ကိုကြီးသောင်း ရဲ့.."

အသုဘအိမ်က မီးရောင်ကို လှမ်းမြင်နေရပြီမို့ အသံကိုပိုနှိမ့်ထားရကာ..၊

"အရမ်းလည်း ခံစားနေရတာ သနားဖို့ကောင်းပါတယ်၊ မကြာ တောင်မှ သူ့သမီးကို လွှတ်ပေးပါလို့ မလှ ကိုယ်တိုင်ပြောလို့ ငယ့် ကို လွှတ်ပေးထား ရတယ်လေ၊ စန်းရီ ကိုပါ ထည့်ပေးလိုက်မယ်ပြောတာတောင် ရပါတယ်တဲ့ .."

"အခု ခင်ဗျားတို့က .."

"ကျွန်မက ဘုန်းရိပ် ကို သွားကြည့်မလို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အုပ်စုတွေ ကောင်းကောင်းမွန်မွန်ပါပဲ .."

"ဟုတ်လား .. အဲ့ဒီလိုနေပါ့မလားလို့ စိုးရိမ်လို့ပါ .."

ဒေါ်မြရှင် က မီးရောင်ကိုလှမ်းကြည့်လိုက်ပြီးမှ ...၊

"သူတို့က လူစုံပြီဆို ပွေပွေရှုပ်ရှုပ်တွေသိပ်လုပ်တာ၊ အဲဒါကို စိုးရိမ်လို့ .."

"တကယ်ဆို မလှ က ဖဲဝိုင်းလေးတော့ လုပ်သင့်တာပေါ့နော်၊ ရာသီဥတုကလည်း ဒုက္ခပေး၊ နေထိုင်မကောင်းတဲ့သူက မကောင်းဘူး၊ အသုဘအိမ်မှာ ဘယ်လိုလုပ်လူရှိမှာလဲ .. ပြီးတော့ လူငယ်တွေဆိုတာ အိပ်မိတာနဲ့ တုံးခနဲပဲနေမှာ .."

ဒေါ်ဂျမ်းဘုံ က ဖြစ်စေချင်တာလေးကိုပြောသည်။

"ကဲပါ .. အချိန်လည်း ရှိပါသေးတယ်၊ မလှ ကို ကျွန်မတို့ အဲ့ဒါလေးသွားပြောကြည့်ရအောင်ပါ .."

"နေ .. နေ .. မပြောကြနဲ့ .."

"ဟင် .."

"ကျုပ်က အနီးကပ်ရှိတဲ့လူပါ၊ သူ လူရှုပ်တာမကြိုက်လို့ဆိုရင် ခင်ဗျားတို့ ပြောရင်လည်း သူ စိတ်ရှုပ်မှာပဲရှိတယ်၊ ခုလည်း သူအိပ်နေပြီထင်တယ်၊ ကျုပ် မီးစက်ပိတ်ဖို့ ပြောထားခဲ့တော့ သူ အိပ်ဖို့ဝင်သွားတာပဲ.."

"ဒါဖြင့် .. ငယ် က တစ်ယောက်တည်းဖြစ်နေတာပေါ့၊ မလှ နဲ့များ အတူဝင်အိပ်နေမလား .."

"အဲဒါလည်း မပူပါနဲ့၊ ကျုပ်သမီးကို ငယ်ငယ် နဲ့ အဖော်ရအောင် လွှတ်လိုက်ပါ့မယ်၊ ကဲ .. ကဲ .. ပြန်ကြပါ၊ အောက်ကလည်း စိုစိုစွတ်စွတ်နဲ့ .."

"ကိုကြီးသောင်း က ဘယ်ကိုသွားမလို့တုန်း .."

"သူကြီးအိမ် သွားမလားလို့ ထွက်လာတာ၊ မသွားတော့ဘူး .."

ဦးသောင်း က မိန်းမသားတွေကို ပြန်လွှတ်လိုက်ပြီးတာနှင့် အိမ်ဘက် ပြန်လှည့်လာခဲ့ပြီး ...၊

"ခင်ဆုံ .."



"ရှင် .. အဖေ .."

"နင် မအိပ်သေးဘူးမို့လား .."

"မအိပ်သေးပါဘူး .. အဖေ အနှိပ်ခံချင်လို့လားဟင်၊ နှိပ်မယ်ဆိုဆေးမြစ်စုံအရင်လိမ်းပေးမယ်လေ၊ သမီး သွေးထားပြီးပြီ .."

"မဟုတ်ပါဘူး .. အသုဘအိမ်မှာ လူစောင့်နည်းနေလို့ အဲဒါ နင့်ကို လွှတ်ချင်တာ၊ ဟိုမှာ ငယ်ငယ် လည်းရှိတယ်၊ မကြောက်ဘူးမို့လား.."

ခင်ဆုံ မျက်နှာဝင်းလက်သွားတာကိုကြည့်ပြီး ဦးသောင်း က မျက်နှာတော့ သိပ်မကြည် ...။ သို့သော် နာရေးကိစ္စမို့ မတတ်နိုင်ပါ ...။

"တရုတ်ကြီး ကိုပါ ခေါ်သွား .."

"ရပါတယ် အဖေရဲ့ .. သမီး မကြောက်ပါဘူး၊ ကိုတရုတ်ကြီးကိုခေါ်သွားရင် အိမ်မှာ အဖေတစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ တင်းကုပ်ထဲမှာ နွားတွေခြင်ဆေးကုန်ရင် ဆေးရိုးတွေ ထပ်ဖြည့်ရမှာနဲ့ ဘာနဲ့.."

"ပြီးရော .. ပြီးရော .. ဟိုစင်ပေါ်မှာ ဓာတ်မီးယူသွား .."

ခင်ဆုံ ဝမ်းသာအားရဖြစ်နေသည့် မျက်နှာကို ဖုံးဖိရင်း ခေါင်းလေးငုံ့၍ ထွက်ခဲ့ရလေး ထွက်လာခဲ့သည်။ အပြင်ရောက်မှ သိပ်သည်းသည့် အမှောင်ထုနှင့် တိတ်ဆိတ်ခြင်းကြောင့် ဟိုကြည့်ဒီကြည့်လေးဖြစ်သွား၏။

မျက်နှာချင်းဆိုင်မှာ အိပ်မရှိပေ ...။ အရီးမြရှင် တို့ပိုင်သည့် အိမ်ဝိုင်းလွတ်ကြီးနှင့်တွဲလျက် ထင်းကိုဒေါင်ရှည်ကြီးတစ်ခုရှိသည်။

ကိုယ့်ဘက်မှာကျတော့ အရီးလှ တို့အိမ်ကိုရောက်ဖို့ ကန်စွန်းခင်း တစ်ခင်း အကွာအဝေးကိုဖြတ်ရဦးမှာဖြစ်သည်။ ကိုတရုတ်ကြီးကို ပြန်ခေါ်ရင် ကောင်းမလားလို့တွေးမိပေမယ့် ဒီလူက စပ်စုသလောက် အတိုင်အတောထူသည်။

ထို့ပြင် ကြောက်တတ်လိုက်တာ နှစ်ယောက်မရှိ ...၊

ဟိုတစ်ခါ ဘုန်းရိပ် လုပ်ချလိုက်တဲ့ကိစ္စမှာ အကြောက်ကြီးပြီး များလိုက်တာ သုံးရက်တောင်မှ ...၊

ထရော်လီအစုတ်ကြီးပေမယ့် အိပ်နေတုန်း အသာလေးတွန်းသွားတာ သူ လုံးဝမသိခဲ့ပေ ...။

www.burmeseclassic.com

www.burmeseclassic.com



"ထရော်လီက စုတ်နေပြီ၊ လူတစ်ကိုယ်လုံး တင်တွန်းသွားရင် ဘာသံမှ မထွက်ဘဲ လုံးငနေမှာမဟုတ်ဘူး၊ မင်း ဒီလောက်ပဲ အအိပ်ကြီးရလား .." လို့ အဖေဆူတော့ ဒီကောင်တွေ ဘယ်လိုလုပ်သွားတာ ဘာညာတွေ ကယောင်ကတမ်းတွေလျှောက်ပြောနေ၏။

"ခင်ဆုံ နင်နော် .. ငါ အကုန်သိတယ်၊ ကြပ်ကြပ်သတိထား.." တဲ့..။

သမီးရဲ့ အရှက်သိက္ခာကြောင့် ဘာမှမဟုတ်သလိုနေလိုက်ပေမယ့် အဖေကြိမ်းမောင်းခဲ့တာ ကြောက်စရာပင် ..။ အဖေက တော်ရုံနဲ့တော့ မဆူမရိုက်တတ်ပေ ..။

ဒါပေမယ့် ဒေါ်သထွက်လာပြီဆို ကြီးလေးတဲ့ပြစ်ဒဏ်မျိုးပေးတတ်တာရှိ၏။ အချစ်ကြောင့်သာမဟုတ်လျှင် ခင်ဆုံ အဖေ့ကိုကြောက်သည့်စိတ်နှင့် ဘယ်တုန်းကမှ မဟုတ်တာမလုပ်ခဲ့ဖူး ..။

"ခင်ဆုံ .."

"ရှင် .."

ဘုရား ..၊

ကြက်သီးတွေ ဖြန်းခနဲထသွားသည်။ နောက်က ခေါ်လိုက်သံကြောင့် အမှတ်တမဲ့ထူးလိုက်ပြီးမှ မစပယ် အသံမှန်းသိလိုက်သည်။

"ဖလပ် .. ဖလပ် .. ဖလပ် .."

သူမ ခြေလှမ်းမြန်လေ နောက်ကလိုက်လေ ..၊

ဆုံးသွားသည့် မနက်ကလည်း ကိုယ်ကလည်း သူမ သေနေပြီမှန်းမသိ .. ခေါ်လိုက်တော့ ဟိုဘက်ကနေ ကြည်ကြည်လင်လင်ကြီး ..။

"ခင်ဆုံ .."

"ဘုရား .. ဘုရား .."

ဘယ်လိုခေါ်သံကြီးနဲ့လဲ ..၊

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ .. ဓမ္မံသရဏံ ဂစ္ဆာမိ .. သံဃံ ...."

သရဏံဂုဏ် တွင်တွင်ရွတ်ကာ အပြေးတစ်ပိုင်းလျှောက်နေရသည်။ ဒေါ်လှလှ တို့ ဝိုင်းရှေ့ကိုရောက်လာတော့မှ အိမ်ထဲက မီးရောင်နဲ့ လူတွေကို လှမ်းမြင်လိုက်ရကာ ..၊



"ဘုန်းရိုပ် ရေ ... ငယ်ငယ် .."

"ဟေ ..."

"ခင်ဆုံ လာပြီဟေ့ .."

ခင်ဆုံ ဝင်လာပုံကြောင့် ဘုန်းရိုပ် တို့က အံ့သြသလိုလှမ်းကြည့်နေကြလျက် ..၊

"ဘာဖြစ်လာတာလဲ .."

"အပျိုကြီး .. အဲ .."

အသံတွေတုန်နေကာ ပြောမည်ပြင်ကာမှ မျက်ရည်ဝိုင်းနေသည့် ဒေါ်လှလှ မျက်နှာကို မြင်လိုက်ပြီး တံတွေးကို ဗွိခနဲမျိုချ၍ ..၊

"ဟို .. မှောင်နေတော့ နည်းနည်းကြောက်လို့ပါ .."

"ခင်ဆုံ ရယ် .."

ငယ် က ခင်ဆုံ့ လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီး နားလည်သွား၏။ အေးကပ်အေးစက်နေသည့်လက်က နည်းနည်းလောက်ကြောက်တာနဲ့တော့ ဒီလောက်ထိ ဖြစ်ဖို့မရှိပေ ..။

စိတ်ဝင်တစားကြည့်နေကြသည့် ဘုန်းရိုပ် တို့ကလည်း ငယ့် အကြည့်တစ်ချက်ကြောင့် ခင်ဆုံ အခြောက်ခံရပြီမှန်းသိလိုက်ကြ၏။ ဘာကိုမှ ဂရုမစိုက်နိုင်အောင် ဝမ်းခြောက်ဝမ်းသာဖြစ်နေသူက ငွေား ပဲဖြစ်လျက် ..၊

"ခင်ဆုံ ရယ် .. နင် ခိုးထွက်လာတာလားဟင် .."

"ဟင့်အင်း .. အဖေ လွှတ်လိုက်တာ .."

"ဟာ .. ဟုတ်လှချေလား .."

"ဟုတ်မနေနဲ့ .. အရီးလှ ပြောတာကို မင်းတို့ သဘောတူလိုက်တာ မှားမယ်နော် ဘုန်းရိုပ်၊ ဒီအပျိုကြီး ဒီလောက်သောင်းကျန်းနေတာ.."

"ကဲကွာ .. အောင်ကြီး မင်း ပါးစပ်ပိတ်ပြီး အသာလေးကြည့်နေစမ်းပါ၊ ဘာမှမဖြစ်ပါဘူး၊ ဖြစ်တော့လည်း သူက သရဲပဲကွ.."

"မင်း ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး မရှုနိုင်မကယ်နိုင်ဖြစ်နေလေသည်။ မိန်းကလေးတွေက နှစ်ယောက်ဖြစ်လာတော့ သူ ပိုပြီးပြောရခက်သွား၏။ ဒီနေရာမှာ သူသာ မိန်းကလေးဆိုလျှင် ဘယ်သူနေနေ မနေနေ ကိုယ်ကတော့ မနေရဲဘူးဆိုပြီး တစ်ယောက်ယောက်ကို အတင်းပြန်ပို့ခိုင်းမိမှာပင် ...။

ခုတော့ ...၊

"ကောင်းတယ် .. ခင်ဆုံ လည်း သူ့သူငယ်ချင်းကိုတွေ့ချင်မှာပါ.."

"ဟင် .. အရီးလှ ဘာပြောလိုက်တာလဲ .."

ခင်ဆုံ က ဘာမှမသိသေးတဲ့လူ ...၊

"အရီးက စပယ့် ကို ဒီမှန်နဲ့ ခဏလောက်ခေါ်တွေ့ပြီး စကားပြောချင်လို့ပါ .."

"ဟင် ..."

အသုဘအိမ်မှာ အစောင့်မရှိမှာစိုးလို့ ရောက်လာရတဲ့လူက မသာနှီးကြမည့်အစီအစဉ်နဲ့မှ တည့်တည့်လာတိုးနေရသည့်အဖြစ် ...၊

"နင် .. နင်တို့က .."

"ငါတို့လည်း မသိပါဘူးဟယ် .. အဲဒီလိုလုပ်ဖို့ဆိုပြီး အရီးက ဖဲဝိုင်းလည်းမထောင်ဘူး၊ ဘယ်သူ့မှလည်း မစောင့်ခိုင်းဘူး၊ ငါတို့ပဲ .."

အေးပေါ့ နင်တို့အဖွဲ့ကပဲ မွေလီကာလီကိုး ...၊

ခေါင်းညိတ်ရင်း ကြည့်နေသည့် ခင်ဆုံ့ မျက်လုံးတွေက ဤကဲ့သို့ အဓိပ္ပာယ်တွေနှင့် ရှိနေရာ ...၊

"ငါတို့ တကယ်မသိပါဘူး ခင်ဆုံ ရာ .."

ငထွား က ကပ်ပြီးရှင်းပြနေသည်။ ဒေါ်လှလှ ကတော့ မျော်နေလေလျက် ...၊

"ငယ် က ဘုရားစာ တရားစာတွေ အကုန်လုံးရတယ်၊ ပြီးတော့ သိပ်မကြောက်တတ်ဘူး၊ အဲဒါကို အရီးက ကြားထားတော့လေ အခု သမီးကို ခေါ်ထားတာက စပယ့် နာမည်ကို သုံးခါခေါ်ပြီး အလောင်းနားမှာ သွားနှီးပေးဖို့ .."



"ဟင် .. ငယ်က .."

"အေး .."

"အဲ .. အဲလောက်ကြီးတော့ ငယ် သတ္တိမကောင်းပါဘူး အရီးရယ်.."

ငယ် ခေါင်းလေးတခါခါနှင့် ဘုန်းရိပ် လက်မောင်းနားကို ကပ်သည်။ ဘုန်းရိပ် က ငယ့် ကို ငုံ့ကြည့်ကာ ...၊

"အရီးကလည်း အလောင်းနားမှာ သွားခေါ်ဖို့ထိ ငယ့် ကို မခိုင်းပါနဲ့ဗျာ .."

"ငယ် မှ ဖြစ်မှာ .. သိက္ခာသမာဓိနဲ့ ပြည့်ဝတဲ့ ဆရာသမားကနှီးမှ သူ သေဝပ်ဖွာထမယ်တဲ့ .."

"အလောင်းကြီးက .."

"အလောင်းက မထပါဘူး၊ မှန်ထဲကို ရောက်လာမှာကိုပြောတာ၊ သူ့ကို အရမ်းကြောက်ပြီး ရတနာသုံးပါးဂုဏ်တော်တစ်ခါမှ နှုတ်ငုံမဆောင်ခဲ့ဘူးတဲ့သူဆို မဖြစ်ဘူးတဲ့ .."

အောင်ကြီး က ချမ်းသာ နဲ့ ကျောချင်းကပ်သွားထိုင်ချလိုက်ကာ...၊

"အဲဒီကတည်းက ပွဲကြမ်းပြီ .."

သူ အစတုန်းက ဒီလောက်မကြောက်တတ်ပါ။ ဘယ်ရွာမှာ ဘယ်ဆရာရောက်လာတယ်ဆို သူတို့အုပ်စု မတွေ့ဖူးလိုက်သည့်ဆရာဆိုတာ မရှိ ...။

ဗီယဆေးဖော်မည်။ သချိုင်းကုန်းကိုသွားရမည်။ သိုက်စောင့်နတ်နဲ့ သိုက်ဆရာ ပညာပြိုင်မည်။ စသဖြင့်သော သည်းထိတ်ရင်ဖိုတွေမှာတောင် သူတို့ချည်းပဲရှေ့ဆုံးက ...။ သို့သော် ...၊

တစ်ခါက အင်းထဲမှာ ငါးဆင်းခိုးရင်း ရေနစ်သေသည့် ကလေးလေးတစ်ယောက်ရှိခဲ့သည်။ ထိုစဉ်က ဦးလေး ဆေးကုဖို့အတွက် မန္တလေးမြို့ပေါ်မှာ သူ ရောက်နေခဲ့၏။

ရွာပြန်လာတော့ ဦးလေးနဲ့ ပစ္စည်းတွေကို အိမ်အရောက်ပို့ပေးခဲ့ပြီး ကိုယ့်အိမ်ကို တစ်ယောက်တည်း လမ်းလျှောက်ပြန်ခဲ့သည်။

တိုးလေး ဆိုသည့် ထိုကလေးက ဦးဘယုံ ရဲ့ ငှက်ပျောတောနားမှာ

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်နေ၏။

"တိုးလေး ဘာလုပ်နေတာလဲကွ .. မင်း ပထွေး ထန်းရည်ဝယ်ခိုင်းမှာစိုးလို့ ပတ်ပြေးနေတာလား .."

"လာ ပြန်မယ်လေကွာ .. မိုးချုပ်နေပြီ .."

"မင်းအမေ မရှိဘူးလား .."

သူ ခေါ်လိုက်တာနှင့် ချက်ချင်းကပ်လိုက်လာပေမယ့် ဘာမေးမေး မဖြေ ..၊ ခါတိုင်းဆို 'ဗိုက်ဆာလှပြီဗျာ'၊ 'အမေက မလာသေးဘူး'၊ 'ဟိုလူကြီးရိုက်မှာစိုးလို့' စသဖြင့် ဒီကောင်လေး တညည်းညည်းနှင့် မပြတ်တမ်းပြောနေတတ်တာဖြစ်သည်။

ထူးဆန်းနေသဖြင့် ခဏခဏ ငုံ့ကြည့်မိကာ သူ သတိထားမိတာက အသားတွေပြာနေကာ လက်ချောင်းလုံးလေးတွေက သိသာစွာ သေးနေတာပင် ..။

သေပြီဆိုတာ သိလိုက်ရတော့ အိမ်ပြန်ရောက်ပြီး ညရှစ်နာရီလောက်ကျမှ..၊

"ကောင်လေးက အထက်လန်အောက်လျှောဖြစ်နေတာ၊ အဲ့ဒါကို ပထွေးက ဆုံလို့ ဟင်းစား ဆင်းရှာတာဖြစ်မှာပေါ့၊ ဘယ်သူမှ မသိဘူး၊ ပုပ်လို့ပေါ်လာမှ သိတာ .." တဲ့ ..။

သူ ခေါင်းနားပန်းကြီးသွားကာ ရွာအဝင်ကနေ တောက်လျှောက်ပါလာသည့် ပုံကိုပြန်မြင်ပြီး ကြက်သီးတဖျန်းဖျန်းထသွား၏။ ထို့ပြင် ဒါကိုနားထောင်ပြီး ပြတင်းပေါက်တံခါးပိတ်ဖို့ ထရပ်လိုက်ကာမှ ခြံဝင်းအပြင်ကနေ သူ့ကို လက်ယပ်ခေါ်နေ၏။

"အောင်မယ်လေး .. လုပ်ကြပါဦး .."

သူ ငယ်သံပါအောင် အော်မိကာ ရှစ်ရက်လုံးလုံး စကားမပြောနိုင်အောင် ကြောင်တောင်တောင်ဖြစ်သွားခဲ့၏။ ကြောက်တတ်လာခြင်းက ထိုအချိန်မှစ၍ သာသာထိုးထိုးဖြစ်လာခဲ့၏။ ထို့ပြင် ..၊

"ငါတို့အလယ်ရွာကျမှ သရဲတွေ ခြောက်နေတာ၊ သချိုင်းတွေ ကြားထဲမှာ ညပ်နေလို့ဖြစ်မှာ .." ဟု လူကြီးတစ်ယောက်တစ်လေ၏



ပြောလိုက်သံကြားတော့ ပိုဆိုးသွားသည်။

ခုဆို သစ်ရွက်ကြွေသံကိုတောင် တရားခံရှာချင်မိတဲ့အထိ ..။

"ဒီမှာလူတွေရှိနေတာပဲ သမီးရယ် နော် .. သမီး ဒီအိမ်မှာ ထင်သလိုသွားလာနေတာတောင် နင့်အစ်မက တစ်ခါလေးမှ ကိုယ်ယောင်ပြခဲ့ဘူးမို့လား .."

"အရီးကလည်း .."

"မောင်ချမ်းသာ က မှန်ရှေ့မှာရပ်ပြီး သူ့ကိုခေါ်ပေးနော် .."

"ကျွန်တော်က .."

ခေါ်လှလှ ခေါင်းညိတ်တာ မျက်နှာငယ်လေးနှင့် ..၊

"ပြောရမယ်ဆိုရင် အရီးရဲ့ သမီးလေးက မင်းကိုတော့ သံယောဇဉ်ကြီးခဲ့ရှာပါတယ် .."

သူတို့မျက်နှာတွေ စပရိန်တွန့်ဖြစ်ကုန်ကြသည်။ ခုကျတော့ သံယောဇဉ်ကြီးရှာပါတယ်တဲ့ ..။

မသေခင်ကတော့ အိမ်ရှေ့က ဖြတ်လျှောက်ပြီး အမှတ်တမဲ့လှည့်ကြည့်မိတာတောင် စောင်းမြောင်းဆဲခဲ့သေးသည်။

ဒီလောက်မည်းသည်းပြီး မျက်နှာကြီးက မာထန်နေတဲ့ အပျိုဟိုင်းကြီးကို ဘယ်သူက စိတ်ဝင်စားပါတယ်ပြောမိလို့လဲ ..၊

မျက်နှာကြီးကတော့ တင်းနေပြီး ရင်ထဲမှာ ကျလိကျလိဖြစ်နေတာ [illegible]မှ သိရတာပါလားလို့သာ ပြောပစ်လိုက်ချင်တော့သည်။

"ကဲကွာ .. ဘယ်လိုလဲ .."

ခုလုပ်ချင်လို့ ဘယ်လိုပဲရှောင်လွှဲနေပေမယ့် ထားပြီးတော့လည်း [illegible]နိုင်၊ ဒီမှာနေနေလျက်နှင့် ခေါင်းခါလို့မရအောင် မျက်နှာတွေ [illegible]ယောက်စီကို လိုက်ကြည့်ပြီး တောင်းပန်နေတာ ဘယ်လိုလုပ်မလဲ..၊

[illegible]န်းရိပ် ဆုံးဖြတ်လိုက်ရကာ သူပဲ စတင်ဆော်ဩလိုက်ရ၏။

"[illegible]တ် .. တော်တော် ဂျိုတိုက်တဲ့ အရီးလှ ကွာ .. လုပ်မပေး[illegible]နေ [illegible]ညလုံး ငုတ်တုတ်ထိုင်ပြောနေမယ့်ပုံ .."

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ ခင်ဆုံ လည်း အုံ့သြရင်း ခေါင်းညိတ်လိုက်ရတော့သည်။ အဖေသာ သိရင်တော့ ဒါကိုတားမှာပဲလို့ ပြောမိပေမယ့် ...၊

"ခုနေ သမီးအဖေ ရောက်လာလည်း မပြောပါနဲ့နော် .." လို့ ထပ်ပြောလာသဖြင့် ...၊

"နင် ရှရဲ့လားဟယ် .. အလောင်းရဲ့ဘေးမှာ သွားပြောရမှာ .."

ခင်ဆုံ ငယ့် ကို စိတ်ပူနေမိသည်။ ငယ် ဆိုတဲ့ကောင်မလေးက ဘယ်သူဘာပဲခိုင်းခိုင်း လုပ်ပေးချင်သည်။ သနားအောင်ပြောလိုက်တာနှင့် ဘာပဲလုပ်ရလုပ်ရ ...၊

အပျိုရွယ်လေးတွေထဲမှာ သူမက အသက်အငယ်ဆုံးဖြစ်ကာ မျက်နှာငယ်ဆုံးဖြစ်ရှာတာလည်း သူမပဲဖြစ်လေသည်။

"မိငယ် .. နင် ဟုတ်မှလုပ်နော် .."

"ကြောက်တော့ ကြောက်တာပေါ့ ကိုကြီးရဲ့ .. ဒါပေမယ့် ငယ်လုပ်ပေးမှရမယ့်ဟာကို .."

ဘုန်းရိပ် က နဖူးခြစ်ရင်း ကျွတ်ခနဲစုတ်သပ်ကာ ...၊

"ခင်ဆုံ ကို အနားမှာ ခေါ်ထားလိုက် .."

"အို .. မရဘူး၊ မရလို့ပါ .. တစ်ယောက်က အရမ်းကြောက်သွားရင် စည်းပေါက်တာတဲ့၊ ဘာမှလုပ်လို့ရမှာမဟုတ်တော့ဘူး .."

"စည်းပေါက်ရင် ဘာမှလုပ်လို့မှရမှာထက်ဆိုးမယ် အရီးလှ ရေ၊ အကုန်လုံး ဒုက္ခရောက်ကုန်မှာဗျ .."

ချမ်းသာ က ခပ်ကျယ်ကျယ်ဝင်ပြော၏။ ဘေးလူတွေကြားလည်း မတတ်နိုင် ..၊ ဒေါ်လှလှ ကတော့ မှန်ကြီးတပိုက်ပိုက်နှင့် ပြုံးပြုံးပြုံး..။

"ကဲပါ .. လုပ်ရအောင်နော် .. မိုးလည်းသည်းနေပြီဆိုတော့ .."

"ဟမ် .. မိုးသည်းတော့ ဘာဖြစ်လဲ .."

"မဟုတ်ပါဘူး .. မိုးရွာနေတော့ အလုပ်လုပ်နေတုန်း လူဝင်လူထွက်မရှိတော့ဘူးပေါ့ .."

ဒေါ်လှလှ က ဘယ်တုန်းကမှမရှိခဲ့ဖူးသော အပြုံးမဲ့မဲ့လေးနှင့်



အောက်ကျို့ခယနေရှာ၏။ ဒီလောက်ထိ သေချာစီစဉ်ထားတာကို သူတို့သေချာသိရလေ အံ့သြလေ ...။

"ရော့ .. လူလေး .. လူလေးရဲ့ လက်နှစ်ဖက် နောက်ပစ်ပြီး ဒါကိုဆုပ်ထားနော် .."

"ဘာလဲ .. အဲဒါ .."

ချမ်းသာ က လက်ထဲထိုးထည့်လာသည့် ကျွတ်ကျွတ်အိတ်လေးနဲ့ တစ်ဆုပ်စာလောက်ပစ္စည်းပျော့ပျော့ကို သေချာငုံ့ကြည့်လျှင် ဒေါ်လှလှက တမန်းကတန်းလက်ကို ပြန်ဖိချကာ ...၊

"မကြည့်ပါနဲ့ .. မိန်းကလေးပစ္စည်းမို့လို့ပါ .."

"မကြည့်ရဘူး .."

"အေးပါ .. နင့်ကို ဘာမှထိခိုက်မယ့်ပစ္စည်း မဟုတ်ပါဘူး၊ ဒီမှာဆုပ်ပြီး ငယ်ငယ် နှိုးပြီးတာနဲ့ ခေါ်နော် .."

မှန်ကို ခပ်မော့မော့လှန်၍ အောင်ကြီး ကို ကိုင်ခိုင်း၏။

"ဟာဗျာ .. အရီးကလည်း မ .. မလုပ်ရဲပါဘူး .."

"ဘေးကကြည့်ရင် ပိုမြင်ရတာပေါ့၊ မှန်ကို နောက်က ကိုင်ထားသဆိုတော့ မကြည့်ရင် ဘာမှ မမြင်ရဘူးလေ .."

သရဲပေါ်လာမယ့် မှန်ကြီးကို ကိုင်ရမယ်လို့ အစီအစဉ်မရှိ ..၊

"ကိုင်လိုက်ပါကွာ .."

ချမ်းသာ က ကပ်ပြောကာ ..၊

"ဒါမျိုးက ဆရာနဲ့ သေချာခေါ်ရတာ .. ဒီတိုင်းလျှောက်လုပ်လို့ဘာမှ ဖြစ်မလာပါဘူး .."

"ဘာကွ .."

အောင်ကြီး ဒေါပွသွားသည်။ သူပဲကြောက်ပါသည် အော်နေတာသူကိုမှ လာခိုင်းရလား ...၊

"မင်း ကြောက်မှန်းသိလို့ .. မှန်နောက်ကို တမင်ပို့ထားတာ .."

"ချမ်းသာ .. မင်း အဲဒါတွေ မကြားဖူးဘူးလား၊ ဆရာနဲ့လုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဆရာက နိုင်တာ၊ ဒီသရဲမ ဝင်လာရင် ဘယ်သူက နှိမ်နင်းမှာလဲ ..”

“ကဲ .. အောင်ကြီး ရာ ..”

ဘုန်းရိပ် ကလည်း စိတ်မရှည်သည့် မျက်နှာနှင့် ကြားဝင်ပြော လာကာ ..၊

“မင်းပဲ အရစ်ရှည်နေတယ်၊ ယောကျ်ားဖြစ်ပြီး တော်ရုံကြောက် စမ်းပါ၊ မင်းကို ဘာမှမဖြစ်စေရဘူး ..”

“ဖြစ်တော့ ငါပဲခံရတာ ..”

“မင်းကို ဘယ်သရဲကမှ ဂုတ်ချိုးသွားမယ် မကြားမိပါဘူး ..”

“ဂုတ်ချိုးခံရရင် သေနေပြီပေါ့ကွ ..”

“အဟမ်း ..”

ငထွား က သူ့ကိုယ်သူ ပွဲထိန်းလိုလို မန်နေဂျာလိုလိုနှင့် ခင်ဆုံ နဲ့ ယှဉ်တွဲထိုင်နေလျက် ချောင်းဟန့်လိုက်၏။

“အရီးလှ ပြောပြလိုက်ဦးလေ၊ ခေါ်ပြီးတော့ ပေါ်လာရင် ဘာလုပ် ရမှာလဲ ..”

“အရီးတို့သားအမိ စကားလေးတစ်ခွန်းနှစ်ခွန်း ပြောလို့ရရင် ပြော ချင်တယ် ..”

“အဲဒါမျိုးက စကားပြောနိုင်တယ်လို့ မကြားဖူးပါဘူး၊ အလွယ် တကူခေါ်လို့ရတယ်ဆိုတာလည်း မရှိဘူး၊ အဲဒါကြောင့် အရီးလှ ဘာလုပ် မှာလဲလို့ စောင့်ကြည့်ချင်တာ ..”

“ဘုန်းရိပ် ..”

“ဘာတုန်း ..”

“မင်းက စောင့်ကြည့်ဖို့စိတ်ဝင်စားနေတယ် ဟုတ်လား ..”

တစ်ယောက်ယောက် စကားများပြီဆို အောင်ကြီး က ပြဿနာရှာ ဖို့ အဆင်သင့် ..၊

ဘုန်းရိပ် ကလည်း ခေါင်းညိတ်လိုက်ကာ ..၊

“ငယ် .. ဘယ်လိုလဲ ..”



“ဟုတ် ..”

ထီးလေးဖွင့်နေရင်း ငယ် က မျက်နှာလေးတော့ မကောင်းရှာ..၊

မိုး က ခပ်စိပ်စိပ်သည်းလာကာ လေဖျန်းသွားတော့ အားလုံးစိမ့် သွားကြသည်။ အသီးသီးနေရာယူလိုက်တော့ ကစားပွဲနဲ့တူသွား၏။

ထို့ပြင် စကားသံတွေပါ တိတ်ကျကုန်လေသည်။ မှန်နောက်မှာ ရပ်၍ မှန်ကိုကိုင်ထားရသည့် အောင်ကြီး ရဲ့ မျက်လုံးတွေ လှုပ်ရှားနေ ရုံတင်မကဘဲ လက်တွေတုန်နေတာ မှန်ကပါ မငြိမ်သက်တော့ပေ ..။

“သူ မရလောက်ဘူး အရီးလှ .. ဖယ် အောင်ကြီး .. ငါကိုင်မယ်”

ငထွား က အောင်ကြီး ကို ဖယ်ခိုင်းပြီး သူ ဝင်ကိုင်သည်။ ဒီလိုကျ တော့လည်း ကြောက်ပြီး ဝေးဝေးသွားမနေပေ ..။ ခင်ဆုံ့ ဘေးမှာဝင်ထိုင် ပြီး မှန်ကိုကြည့်ဖို့ နေရာယူ၏။

“အရီးနဲ့ စကားပြောပြီးရင်လည်း သူ ပြန်ပျောက်သွားမှ မှန်ကို သိမ်းနော် .. ငထွား၊ သူ မပြန်ခင် မှန်မရုတ်ရဘူး ..”

ငထွား က ရယ်သည်။ အရီးက သူ့သမီးနဲ့ စကားပြောရမည်ထင် နေတာကိုက သဘာဝမကျသည့်အဖြစ်ဆိုတာ မသိရှာ ..။ ထိုစဉ် လေက ဟူးခနဲဆောင့်တိုက်သွားကာ အောက်လင်းမီးအိမ်တွေပါ လွှဲခါသွား၏။

ကင်းသံချောင်းက ညဉ့်ဆယ့်တစ်နာရီထိုးသံကြောင့် မျက်လုံးတွေ ပါ ဟိုကြည့်ဒီကြည့်ဖြစ်ကုန်ကြ၏။ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်နဲ့ မည်းမည်းရှိနေလျက် မိုးစက်တွေက လေနဲ့ရော၍ စိန်ပြေးတမ်းဆော့ နေသလို ဖျောခနဲ အသံကျယ်သွားလိုက်၊ ဝေးကွာသွားလိုက်၊ လုံးဝပျောက် သွားတယ်ဆိုတာမရှိ ..၊

ဘုန်းရိပ် ပုဆိုးစနှစ်ဖက် ‘မ’လျက် ဒီဘက်ပြန်လှည့်လာလိုက်၊ ငယ့် ဆီကို သွားလိုက်နှင့် အနားမှာ လူပိုမရှိရဘူးဆိုတော့လည်း ဘာလုပ်ရမှန်း မသိပြန် ..။

ဒီကောင်မလေးကို မကြောက်တတ်ဘူး ဘယ်သူပြောခဲ့တာလဲ၊ ဒီလောက် အသည်းငယ်တတ်တာကို ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းရိပ် မင်း ဘာလုပ်မှာလဲ .."

"လိုအပ်ရင် ပါလာမှာပေ့ါ .. ဆရာ မလုပ်နဲ့ .."

အောင်ကြီး က သူပဲမေးပြီးမှဲ့သည်။ ဘုန်းရိပ် က သူတို့ထဲမှာတော့ သိပ်မကြောက်တတ်ပေ ..။ ဒါကြောင့် အနားမှာ အုပ်စုတောင့်အောင် လာနေဖို့ကို မျှော်လင့်မိသည်။

သင်းက ငယ့် ကိုပဲ စိတ်မချလို့ ထိုနေရာက မခွာနိုင် ..၊

"အရီး .. ငယ် .. ငယ် ခေါ်ရတော့မလားဟင် .."

"အေး .. ခေါ်တော့ သမီး .."

"ဘယ်လို နှိုးရမှာလဲဟင် .."

"ဟို .."

ဒေါ်လှလှ က သူမ မေးမြန်းလာတာကို သေချာပြန်စဉ်းစားပြီးမှ..၊

"မမစံပယ် ရေ .. အရီးလှ နဲ့ စကားပြောရအောင် ပြဒါးမှန်ထဲကို လာခဲ့ပါ၊ ပြဒါးမှန်က မမစံပယ် ကို ခေါ်နေပြီ .. ထ .. ထ .."

ငယ် က ခေါင်းညိတ်ပြီး ဒေါ်လှလှ ပြောသည့်အတိုင်း လိုက်ပြောပေးသည်။

ယိမ်းထိုးနေသည့် မီးအိမ်တွေရဲ့ အလင်းရောင်က မငြိမ်သက်သည့်အတိုင်း၊ သနပ်ခါးအဖွေးသားနှင့် စပယ့် မျက်နှာကြီးက မျက်လုံးဖွင့်တော့မလိုလို တစ်ခုခုပြောတော့မလိုလို ..။

"မမ .. မမ စံပယ် ကို ပြဒါးမှန်ကခေါ်နေတာ၊ အရီးလှ နဲ့ စကားပြောဖို့ ပြဒါးမှန်ထဲကိုလာရမယ် .."

ပြောနေရင်း မကြည့်ရဲတော့တဲ့ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိ၏။

ငယ့် နေရာမှာ တစ်ယောက်တည်းမို့ ဘုန်းရိပ် က ငယ့် ဘက်ကို ပိုနီးအောင်နေကာ မှန်ထောင်နေသည့်ဘက်ကိုလည်း လှည့်ကြည့်၏။

"နာမည်ကိုပဲ .."

ဒေါ်လှလှ အချက်ပြသည်နှင့် ချမ်းသာ က ပစ္စည်းတစ်ခု လက်နောက်ပစ်ဆုပ်ကိုင်ထားသည့်ပုံစံနှင့် မှန်ရှေ့ကို ပိုတိုးလိုက်ပြီး ..။

"မစပယ် .."



"မစပယ် .. မပယ် .."

လေပြင်းတစ်ချက် နောက်ထပ်ပြေးဆောင့်သွားသည်။ ဘာလှုပ်ရှားသည့်ပုံရိပ်မှ မပေါ် ..။

"လုပ်ပါ .. ထပ်လုပ်ကြပါဦး .. သူ့ မှန်ထဲမှာ ပေါ်လာရမှာ၊ ငါ့ သမီးလေးကို ခေါ်ပေးကြပါ .."

ဒေါ်လှ ငိုကြီးချက်မ တောင်းဆိုနေသဖြင့် ငယ် က ခုနကအတိုင်း ထပ်နှိုးသည်။ ဒါကို ဒေါ်လှ အားမရနိုင်တော့ဘဲ ..၊

"သမီးရေ .. သမီးရဲ့ အမေ့ဆီကို ခဏလေးဖြစ်ဖြစ် ပြန်လာခဲ့ပါဦး .. ဟီး .. ဟီး .. ဟီး .."

ခေါ်လိုက်ပုံက အစီအရင်တစ်ခုခုလုပ်နေတာနှင့်မတူဘဲ အသူဘအိမ် ငိုချင်းရှည်ကြီးနဲ့သာ တူနေခဲ့လျက် ..၊

"မမ စံပယ် .."

"စံပယ်ရေ .. သမီး .. လာခဲ့ .. လာခဲ့ .."

"မစံပယ် .. မစံပယ် .. မစံပယ် .."

လူသုံးယောက်၏ စံပယ် ခေါ်သံ တစ်ထပ်တည်းကျနေခဲ့သဖြင့် ပါထာရွတ်နေသလို ဖြစ်လာခဲ့လျှင် လေပြင်းတစ်ရိုက်နှင့်အတူ နောက်ဖေး ခေါင်းရင်းက ဘက်ထရီမီးတွေ အားလုံး မှောင်ကျသွား၏။

လေက ပြန်ရုတ်မသွားဘဲ ဆက်တိုက်တိုးဝှေ့နေလျှင် အောက်လင်း အိမ်နှစ်လုံးက လွှဲယမ်းလာသည်။ ထို့ပြင် မီးအိမ်တစ်လုံး၏ မီးစာက ဖျတ်ဖျတ်ဖျော့ကျသွားခဲ့ရာ အားလုံး၏စိတ်ထဲမှာ အခြေအနေတစ်ခုခု ဖြစ်လာတော့မှာကို ခံစားမိလိုက်ကြ၏။ ထိုစဉ် ..၊

"မမစံပယ် ...ထ .. အမလေး .."

"ဟင်!..."

"ဟယ်!... သမီး .. ဒီမှာ ငါ့သမီးက .."

အဖြစ်တွေက တစ်ပြိုင်တည်းမှာ ထဖြစ်ကုန်လျက် ..၊

"ဟာ .. ဖောက် .. ဖောက်ထိုးကြီး .. သူရဲ .."

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး မှန်ထဲကို လက်ညှိုးထိုးကာ အသံကုန်အော်လျှင် အားလုံး လှည့်ကြည့်လိုက်မိကြ၏။ မှန်ထဲမှာ ဆံပင်ရှည်ကြီးတွေ စိုက်ဆင်းလွဲရမ်းနေသော စံပယ် ရဲ့ ခေါက်ထိုးပုံကြီးက ရုပ်ပျက်ဆင်းပျက် ...၊

ခင်ဆုံ မျက်လုံးစုံမှိတ်ပစ်ကာ ...၊

"အား ..."

"ဒုန်း .."

"ခွမ်း .. ချွမ် .."

အားလုံး၏အကြည့်တွေကြောင့် ငထွား လန့်ဖျန့်ကာ ဘာမပြော ညာမပြောနှင့် မှန်ကို တွန်းထုတ်ပစ်လိုက်၏။ မှန်က ခွမ်းခနဲကွဲထွက်သွားကာ တစ်ချိန်တည်းမှာ ငယ် က အလောင်းစင်ရဲ့ဆောမှာ ခွေကျမေ့မြောသွား၏။

"ငယ် ..."

နှစ်ဖက်ကြားမှာ စိတ်ပူပန်စွာရပ်နေသဖြင့် ဘုန်းရိပ် ငယ့် ဆောကို ချက်ချင်းရောက်သွားသည်။ ငယ် ကိုင်ထားသည့် ထီးက လေကြောင့် အဝေးကို တလိမ့်လိမ့်ပါသွားပြီဖြစ်ကာ ငယ် နဲ့ ဘုန်းရိပ် မှာ မိုးရေတွေ စိုရွှဲသွား၏။

"ခင်ဆုံ .. ခင်ဆုံ .. ညီမ .."

"အောင်ကြီး .."

"ဟိတ်ကောင် .. အောင်ကြီး .. အောင်ကြီး တက်နေပြီဟ .. နှိပ်ကြစမ်းပါ .."

ညဥ့်ယံမှာ သူတို့အသံတွေ ပွက်လောရိုက်သွားလေသည်။ ဒေါ်လှလှကလည်း တစ်မျိုးတိုးလျက် ...၊

"အောင်မယ်လေး ငါ့သမီးလေး ငါ့ဆီလာခဲ့ပါရက်နဲ့ အမေ့ကို စကားပြောမသွားရရှာဘူး၊ အဖြစ်ဆိုးလှချေလား သမီးရဲ့ .."

လူတွေရှိသမျှ အဖြစ်ဆိုးကုန်ကြတာကို လှည့်တောင်မကြည့်ဘဲနဲ့ .. ဒီမိန်းမကြီး ...၊



အခန်း (၁၀)

"ငယ် .. မိငယ် ကိတ် .."

"ဟင် ..."

ပါးကို ပုတ်နှိုးလိုက်သည်နှင့် ငယ့် မျက်လုံးတွေပွင့်လာသည်။ ပြီးတော့ ဟိုကြည့်ဒီကြည့်နှင့် လက်လေးတုန်ယင်ကာ ဘယ်ကိုပြနေမှန်းမသိ ...၊

"ငယ့် .. သတိရရဲ့လား .. ငါ့ကိုကြည့် .."

ခင်ဆုံ ကလည်း ငယ့် ကို စိုးရိမ်သည့်မျက်နှာလေးနှင့် တတွတ်တွတ်လှုပ်ခေါ်၏။

"ငယ် သတိထားလေဟာ .."

"မမစံပယ် .. မမစံပယ် မျက်လုံးဖွင့်ကြည့်တယ် သိလား .."

ငယ် လက်ညှိုးလေးထိုးရင်းပြောတော့ သတိရလာကာစ အောင်ကြီးရဲ့ မျက်လုံးတွေ ပြူးခနဲပြန်ဖြစ်၏။

"ဟုတ်တယ် .. ငယ် .. ငယ် နှိုးလိုက်တော့ သူ့မျက်လုံးကြီးဖွင့်ပြီး ငယ့် ကို .."

"ဂစ် .. ဂစ် .."

"ဟာ .. ကွာ .. အောင်ကြီး ဟိတ်ကောင် .."

ငယ့် စကားဆုံးသည်နှင့် အောင်ကြီး ပက်ခနဲလန့်ထွက်သွားကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် တက်ခဲ့လေသည်။ ငထွား နဲ့ ချမ်းသာ တို့ အောင်ကြီး ကို ဝိုင်းနှိပ်လှုပ်ခေါ်နေစဉ် ဘေးအိမ်နီးချင်းတွေ ပြေးလွှားရောက်လာကြ၏။

ငယ် ကို ပွေ့လျက်သားနှင့် ရေတွေစိုနေသော ဘုန်းရိပ် တို့အပြင် အောင်ကြီး သတိမရတစ်ချက် ရတစ်ချက်နှင့် မြင်ကွင်းတစ်ခုလုံးက ကွဲရှ ရှုပ်ပွနေရာ ...၊

"ဘာတွေဖြစ်ကုန်ကြတာလဲဟင် .. မ[illegible]ငိုသံလည်း ကြားတယ်၊ မှန်က ဘယ်လိုဖြစ်လို့ ကွဲတာလဲ .."

"အော်လိုက်တာ ငယ် လား .."

"ပြောကြပါဦး ဘာတွေဖြစ်ကုန်[illegible] .."

ချမ်းသာ က ဦးသောင်း ကိုပဲ လှ[illegible] ...၊

"အရီးလှ က သူ့သမီးကို စကားပြော[illegible]ဆိုလို့ မှန်နဲ့ခေါ်တာ.."

အားလုံး ဟင်ခနဲ ဖြစ်ကုန်ကြသည်[illegible]သောင်း က လက်နှိပ်ဓာတ်မီးကိုင်ရင်း ခေါင်းတခါခါနှင့် ...၊

"မလှ ဗျာ .. ခင်ဗျား ဒီလိုတွေလျှောက်မလုပ်သင့်ဘူး .."

"အေးလေဗျာ .. ဖြစ်ပျက်သခေါ်ရ တရားလေးဘာလေး ရှုမှတ်နေရမယ့်အစား .."

လူတွေ တဖြည်းဖြည်းများလာသလို မိုးက ပိုသည်းလာ၏။ ဝိုင်းထဲမှာ အမိုးအကာနဲ့ ထုတ်ထားသည့် အလောင်းစင်က တိုင်လေးဖက်စလုံး လှုပ်ခါနေသဖြင့် မကြာခင် တစ်စစီ ပြုတ်ထွက်တော့မလိုပင် ...။

နောက်ထပ် ရောက်လာသည့်လူတွေက ပျက်စီးယိုင်နဲ့နေတာတွေကို ပြင်ဆင်နေကြကာ ဦးသောင်း ကတော့ မျက်နှာကြီးရှုံ့တွနေဆဲနှင့်...၊

"ရွာသားတွေက ဟိုပြောဒီပြော ပြောနေကြတာနဲ့ ခင်ဗျား လုပ်ပုံကတော့ အင်း .. ဒီည အသုဘ စောင့်ဖို့လူတောင်ရှိပါ့မလား .."

"ဘုန်းရိပ် တို့ပဲ .."

"ဟာ .. မရလောက်ဘူးနော် .. အောင်ကြီး ဒီလောက်တောင် .."

"အောင်ကြီး ကို ပြန်ခိုင်းလိုက်ပါ၊ ဖဲဝိုင်းခေါ်လိုက်ရင်လည်း ရတာပဲ .."



"ဖဲဝိုင်းလုပ်မယ့်လူတွေက ခုလောက်ဆို မိုးအေးအေးနဲ့ ဘယ်သူမှ ထလာမှာမဟုတ်ဘူး .."

"ဖဲမရိုက်လည်း ဒီမှာ လာစောင့်ပေးမယ့်လူတိုးလာရင် ပြီးတာပဲ.."

တစ်ယောက်တစ်ခွန်း ဆွေးညံ့လာတော့ ဦးသောင်း က လက်ကာလိုက်ကာ ...၊

"တော်ကြတော့ လောလောဆယ် ငယ်ငယ့် ကို ဘုန်းရိပ် နဲ့ ခင်ဆုံ ပြန်ပို့ပေးလိုက်၊ တရုတ်ကြီး ပါ လိုက်သွား .."

"ကျွန်တော် လိုက်သွားမယ်လေ .."

ငထွား လိုက်ချင်ဇောနှင့် ဝင်ပြောလိုက်ပြီးမှ ဦးသောင်း မျက်နှာကြီးလှည့်လာတော့ ခေါင်းငုံ့သွား၏။

"ဒီညတော့ ဒီကောင်တွေနဲ့ မလှ ကို ထားလို့မဖြစ်ဘူး၊ တစ်ညလုံး ဘာတွေထပ်လုပ်ကြမလဲဆိုတာ မပြောနိုင်ဘူး .."

"ဘကြီးသောင်း ဒီကိစ္စ ကျွန်တော်တို့နဲ့ လုံးဝမဆိုင်ဘူးနော်၊ အရီးလှ အကူအညီတောင်းလွန်းလို့ .."

ဘုန်းရိပ် က ပြောရင်း ခုထိငိုကြွေးနေသည့် ဒေါ်လှ ကို လှည့်ကြည့်သည်။ မှန်ကွဲစတွေကို သားသမီးမျက်နှာကဲ့သို့ တယုတယလိုက်ကောက်နေသည့်မြင်ကွင်းကြောင့် ဆက်ပြောမည့်စကားတွေ ပျောက်ရှကုန်လျက်...၊

"ကျုတ် .. အဲ့ဒါပဲ .."

"ဟုတ်ပါတယ် အဖေရယ် .. ဘုန်းရိပ် တို့က .."

"ငါ အားလုံးသိတယ် .. ကဲ သွားကြတော့ ကောင်မလေး ရေတွေစိုထားတာ အအေးပတ်ဦးမယ် .."

အအေးပတ်တာ မပတ်တာထက် ဒေါ်လှ တို့ သားအမိကြောင့် သူတို့နှလုံးရောဂါရသွားနိုင်တာ သေချာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"ဟား .. ဟား .. ဟား .."

"ခင်ဗျားက ဘာလာဖြစ်တာလဲ .."

"ဟား .. ဟား .. ဟား .."

တစ်ယောက်တည်း ခြံထောင့်မှာ ငုတ်တုတ်ထိုင်နေသည့် အောင်ကြီး ရဲ့ ညောင်နာနာပုံကြောင့် တရုတ်ကြီး က လမ်းကြားလေးဘက်ကနေ လက်ခုပ်လက်ဝါးတီးပြီး ရယ်နေကာ ..၊

"ဝမ်းသာချက်ကွာ .. ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ဟား .. ဟား .. ဟား .. အဲ့ဒါ မင်းတို့လူစု ဝင်လိုက်တာကွ၊ ငါ့ကို သချိုင်းမှာ တစ်ယောက်တည်း ထရော်လီ နဲ့ ထားကြတာလေ .."

"ဘာဆိုင်လဲ .."

"ဆိုင်တာပေါ့ကွ .. ခင်ဆုံ နဲ့ တွေ့ခွင့်မပေးရကောင်းလားဆိုပြီး မင်းတို့ ငါ့ကိုလုပ်ကြတာလေ ..၊ ငါ ဘယ်လောက်ထိ ကြောက်ခဲ့ရလဲ ခုသိပြီလား.."

"သေပေါ့ .."

"မင်းပဲ သေဖို့နီးတာပါ၊ ဟား .. ဟား .. ဟား .. တဂစ်ဂစ်နဲ့ တက်သွားလိုက်တာများ .."

"အဲဒါ ခင်ဗျားကြီးတော်ကြီး တွေလီကာလီတွေ လုပ်လို့လေ .."

"ဘာကြောင့်ဖြစ်ဖြစ် .. အဲ့ဒါ ဝင်လိုက်တာ၊ မင်းတို့အုပ်စု သူများကို ချွန်တွန်းလုပ်လွန်းလို့ .."

"အုပ်စု မဟုတ်ပါဘူး .. ကျုပ် တစ်ယောက်ပဲဖြစ်တာ၊ ဘယ်သူမှ



မကြောက်ဘူး .."

"ကြောက်လို့သာ အဲ့ဒီညက စောင့်မယ့်သူမရှိတာပေါ့၊ ဟား .. ဟား .. လုပ်မနေစမ်းပါနဲ့ကွာ .. သရဲမကြောက်ဘူးဆိုတဲ့လူ ရှိရင်ရှိမယ်၊ မင်းတို့အုပ်စုကတော့ ကြောက်စရာမတွေ့သေးလို့ မကြောက်တာပါ .."

"ဟုတ်တယ်လေ .. ငါ့လိုလူကတော့ ရှားပါတယ် .."

ဖဲသမား သံချောင်း က ပုဆိုးစနှစ်ဖက် မ ၍ ပခုံးနှစ်ဖက်နိမ့်တုံ မြင့်တုံ နှင့် ဟန်ပါပါလျှောက်လာ၏။ သူက မျက်နှာမှာ ကျောက်ပေါက်မာတွေ အပြည့်နှင့် ရုပ်တော့ဆိုးပေမယ့် ဘုန်းရိုပ် ကို အသေအလဲအထင် ကြီးနေသူဖြစ်သည်။

ဘုန်းရိုပ် စကားပြောတာ၊ လမ်းလျှောက်တာ ဘယ်လိုပုံစံဖြစ်ဖြစ် လိုက်တု၏။ တစ်ခါတလေ တံတွေးထွေးလိုက်တာကအစ ဘေးကနေ ပုံစံတူလုပ်နေတတ်သူ ..။

"ငါက ဘုန်းရိုပ် လိုလူနော် .. ဒါပေမယ့် ဘုန်းရိုပ် ထက် ပိုသတ္တိ ကောင်းတယ်၊ မသာအိမ်ပေါင်းများစွာမှာ မိုးအလင်းထိုင်စောင့်လာခဲ့တာ ဒီနေ့ထိ အောင်မလေးဗျ အော်ခဲ့ဖူးတာ တစ်ခါမှမရှိဘူး .."

"အော်စရာမှ မဖြစ်သေးတာကိုး .."

တရုတ်ကြီး ရဲ့ ဒေါသက သံချောင်း ဘက် လှည့်သွား၏။ သံချောင်း တလည်း အားကျမခံ ..၊

"ဘာလို့မဖြစ်ရမှာလဲ .. ဟောဒီရွာမှာ အေးအေးပြီးသွားတဲ့ မသာ အိမ်မရှိဘူး၊ အနည်းဆုံးတော့ ဖဲသမားချင်း ရန်ထဖြစ်ပြီး မသာတောင် စင်ပေါ်က ပြုတ်ကျတာနော် .. ဟွန်း .."

ခြေရောလက်ရော ခေါင်းရော အားလုံးပါကာ မျက်စိနောက်အောင် ပြောနေသဖြင့် ခြံထဲက မြင်နေရသည့် အောင်ကြီး ကိုယ့်ခေါင်းကိုထု တာ ထိုင်ရာမှထ၏။

လူလာသမျှ ကိုယ့်ကိုပဲ ရယ်ကြ၊ စကြနှင့် နားငြီးလွန်းလို့ အပြင် ထွက်နေကာမှ ဘာတွေနဲ့ လာတွေ့ရမှန်းမသိ ..။

"ဟေ့ .. မင်းက ဘယ်ထသွားတာလဲ၊ ငါ အမှန်အကန်တွေပြော

www.burmeseclassic.com

www.burmeseclassic.com



နေတာနော် .. အခု သူကြီးရဲ့ အဖေ လက်ထက်က သူကြီးရဲ့ခယ်မရဲ့ ယောက်ျားရဲ့ မိန်းမရဲ့ တူနှစ်ဝမ်းကွဲ .."

"နေဦး .. ငါ အိပ်ရာနဲ့ ခေါင်းအုံး သွားသယ်ဦးမယ် .."

"ငါ နာမည်မေ့နေလို့ကွ .."

"ဘုန်းရိပ် ဆို .. သူ ပြောစရာရှိတဲ့စကား ဘယ်တော့မှ မမေ့ဘူး"

"အံမာ .."

သံချောင်း က ထွက်သွားသည့် အောင်ကြီး ကို လှမ်းကြည့်သေးသည်။ ပြီးမှ တရုတ်ကြီး ဘက်လှည့်၍ ..၊

"အဲဒီစကား အောင်ကြီး က ပြောရင် ငါ လက်ခံသေးတယ်.."

"ငါက ပြောတော့ ဘာဖြစ်လဲ .. မင်းက ဘုန်းရိပ် ကို မိတ္တူပွား ယူနေတာလေ၊ ဘယ်နေရာမှာမှ မတူဘဲနဲ့ မတန်တာကို .."

"တရုတ်ကြီး .."

"ဘာတုန်း .."

"ငါ့မှာ ကျောက်ပေါက်မာလေး နည်းနည်းပါးပါးရှိနေလို့ .."

"မျက်နှာမှာ အပ်တစ်ဖျားချစရာတောင် မရှိဘဲနဲ့ .."

"ဒီလောက်တော့ မဆိုးသေးဘူး တရုတ်ကြီး၊ မင်း မနာလိုတိုင်း မပြောနဲ့ .. ဟွန်း .. မင်း မသိသေးလို့ ပြောပြလိုက်ဦးမယ်၊ ဘုန်းရိပ် ရည်းစားမထားသေးလို့ ငါ မထားတာ နားလည်လား၊ ငါ့မှာ ကြိုက်မယ့် မိန်းမချောလေးတွေရှိတယ် .."

"သိသားပဲ .. နှစ်မှဆိုးမ တစ်လင်ကွာ မထွားစိန် လေ .."

"တစ်ယောက်ကို တစ်နှစ်လောက်ပဲ ပေါင်းရတာပါကွ .. အလကား ရှာကြံသိက္ခာချနေကြတာ .."

"နောက်တစ်ယောက်က လင်တရှူး မိလုံး .."

"မရှူးပါဘူးကွာ .. မင်းတို့ အဲဒါပဲ .. ဘုန်းရိပ် ထက် ငါ သာတာ ရှိနေလို့.."

"ဟား .. ဟား .. ဟား .."

တရုတ်ကြီးက ဝါးလုံးကွဲရယ်လေသည်။ မျက်လုံးပိတ်အောင်



ရယ်နေသဖြင့် သူကြီး အနားရောက်လာတကိုလည်း မသိ ..၊

"တရုတ်ကြီး .."

"ဘာတုံး .."

"ဟ .. ဒီကောင် .."

"ဟား .. ဟား .. ဟား .. ဝေါ့း .. အရှူး .."

"အံမာ .."

"တစ်ရွာလုံးမှာ မင်းလောက် သောက်ကျည်းတန်ပြီး သုံးစားမရ တာရှိလို့လား .."

"တရုတ်ကြီး .."

ဦးဌေးကြွယ် ၏ ဒေါသသံ ဟိန်းထွက်သွားမှ တရုတ်ကြီး ရယ်သံ တိခနဲရပ်သွားကာ ..၊

"လှည့် ဒီဘက်ကိုလှည့်စမ်း .. ငါ့ကိုကြည့် .."

တရုတ်ကြီး မျက်လုံးကြီး ပြူးလျက်သားနှင့် ငုတ်တုတ်မေ့နေခဲ့၏။ ပြီးမှ တဖြည်းဖြည်းလှည့်ကြည့်ကာ ..၊

"ကျွန်တော်က .. သူ့ .. သူ့ကို .."

"ဟား .. ဟား .. ဟား .."

ဒီတစ်ခါ သံချောင်း က မိုက်နိုပ်ရယ်ရသည့် အလှည့်ဖြစ်ကာ..၊

"ဝမ်းသာလိုက်တာ .. ဟား .. ဟား .. ဟား .."

"ဟိတ် .. တိတ်စမ်း .."

ဦးဌေးကြွယ် လိုရင်းတိုရှင်းပြောဖို့ လာကာမှ လိုရာမရောက်သဖြင့် စိတ်တွေတိုသွားကာ ..၊

"မင်းတို့ကိစ္စတွေ ဘယ်လိုအခြေအနေရှိသလဲ လာမေးတာမဟုတ်ဘူးကွ.."

"ဟုတ် .. ဟုတ်ကဲ့ပါ သူကြီး .. ဟဲ .. ဟဲ .. ကျွန်တော်တို့က ရယ်လက်စနဲ့မို့လို့ပါ .."

"မဟုတ်ဘူး သူကြီး .. ဒီကောင်က စရယ်တာ .."

"တော်ကြစမ်း .."

"ဟုတ်ကဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးဌေးကြွယ် က လက်မှာဆွဲလာသည့် အောက်လင်းမီးအိမ်ကို တရုတ်ကြီး လက်ထဲထည့်လိုက်ကာ ...၊

"ရော့ .. ဒါကို ကိုသောင်း ကို ပေးလိုက် .."

"ဟုတ်ကဲ့ .."

"မီးစာ ဘာမှမဖြစ်ဘူး၊ ပြောင်းနည်းနည်းအက်နေတာကို ကြည့်လုပ်လိုက်လို့ .."

"ဟုတ်ကဲ့ .."

"ပြီးရင် မင်း အိပ်တော့ .. ညကျ အသုဘအိမ်ကိုစောင့်ရမယ်.."

"ဟုတ် .. ဗျာ ...."

"ဟား .. ဟား .. ဟား .."

တရုတ်ကြီး အဖြစ်ကြောင့် သံချောင်း ရယ်ချလိုက်ပြီးမှ တစ်ဝက်နဲ့ ရပ်သွား၏။

"ကျ .. ကျွန်တော်က .. သူ့ကို .."

"မင်းလည်း ပါတယ် .."

"ဗျာ ..."

"အဟီး .. ခွီး .."

တရုတ်ကြီးက အချိန်မီပါးစပ်ပြန်ပိတ်ပြီး ခပ်တည်တည်နေဖို့ ကြိုးစား၏။ ဦးဌေးကြွယ် က ကြည့်သည့်အချိန်မှာ မျက်နှာက စပရိန်လို တွန့်လိမ်နေလျက် ...၊

"ကျွန်တော် .. သွားပို့ရတော့မလား သူကြီး .."

"နေဦး မပြီးသေးဘူး၊ အလောင်းစင်ပေါ်ကို ပလတ်စတစ် တစ်ထပ်ထပ်အုပ်ပြီး ဒေါးကို ပိုဖြန့်ရမယ် .. ခြေရင်းက မိုးယိုနေတယ် .."

"သူကြီး .. အဲ့ဒါ .."

"မင်းနဲ့ စောရ လုပ်ရမယ်၊ ဒီည ဗိုက်ခွဲဖို့လိုရင်လည်း ခွဲရမှာ၊ သချိုင်းက ရေလွှမ်းနေတာ ဘယ်လိုမှ ကျင်းမပေါ်ဘူး၊ မနက်စောစောတုန်းက မယ်ဥ ပြောတာ အလောင်းက အနံ့ထွက်နေပြီတဲ့ .."

သေပါပြီ ...၊



ဗိုက်ခွဲမယ့်ညကျမှ အစောင့်ကျရသည့် အဖြစ်ပါလား ...၊ သံချောင်းသည်း သူ့ကိုယ်သူ ကာကွယ်ဖို့သတိရသွားကာ ...၊

"သူကြီး ကျွန်တော်တို့ အဖွဲ့က လူမစုံဘူးနော် .. ညီချော တို့က.."

"မင်းကို ဖဲဝိုင်းထိုင်ဖို့ခေါ်တာ မဟုတ်ဘူး၊ မင်းနဲ့တွဲနေတဲ့ ပျော့ကြီးတို့ကိုခေါ် .. လူမစုံရင် စုံအောင်လိုက်စုရမယ်၊ မလှ က ဖဲဝိုင်းလုပ်တာ မကြိုက်ဘူး မင်းတို့ ဒီတိုင်း အကြမ်းရည်သောက် လက်ဖက်သုပ်စားပြီး စောင့်ကြ.."

"သူကြီး .. ဟို .. ဘုန်းရိပ် တို့ ပါမှာလားဟင် .."

"ပြန်မမေးနဲ့ .. မင်း အခုလုပ်ရမှာက စောရ တို့ လင်မယားကို သိုက်ရှာ၊ ညကျ ဗိုက်ခွဲဖို့လိုအပ်ရင် ချက်ချင်းလာနိုင်အောင် ပြင်ထားလို့.."

ပြောနေရင်း မိုးဖွဲတွေကျလာလေသည်။ ဦးဌေးကြွယ် က ထီးကောက်ကြီး ဖွင့်ဆောင်းလိုက်သဖြင့် ထီးမပါသည့် တရုတ်ကြီးနဲ့ သံချောင်းတို့က ထီးအောက်ကို ကပ်သီးကပ်သပ်တိုးဝင်ကြ၏။

ဦးဌေးကြွယ် ဘယ်ကိုကြည့်လိုက်၊ ညာကိုကြည့်လိုက်နှင့် ရုတ်တရက် ခြေဦးစားရကျပ်သလိုဖြစ်သွားသည်။ သို့သော် .. ဘာမှမပြောဘဲ ဒီတိုင်းထွက်သွားသဖြင့် တရုတ်ကြီးတို့ ဒီတိုင်းရပ်လျက်သား ကျန်ခဲ့လေသည်။

ပြီးမှ တရုတ်ကြီးက အကျီအောက်ဖျားစလှန်၍ ခေါင်းပေါ်အုပ်လိုက်သည်။ သံချောင်း က ဆေးမှာရှိနေသည့် ငှက်ပျောပင်ကို တစ်ဖက်ခြေးခွာပြီး ခေါင်းပေါ်တင်၏။

ထိုစဉ် မိုးက တအုန်းအုန်းရွာချလာရာ ...၊

"ပြေးပြီဟေ့ .."

*ရက်စက်တယ် သူကြီး ×× သူကြီး လုပ်ရပ်ကြောင့် ရွှဲပြီလေ ××*

သံချောင်း က သီချင်းအကျယ်ကြီး အော်ဆိုသွားသေးသည်။

သူကြီး ဦးဌေးကြွယ် သမင်လည်ပြန်လှည့်ကြည့်ပြီး မျက်နှာကြီး မှုတ်တုံ့တုံ့ဖြစ်သွား၏။

ခွေးကောင်လေးတွေ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

သူကြီးကိုယ်တိုင် ပုဆိုးတိုတိုဝတ်ပြီး သံတူရွင်းကိုင်၍ ရောက်လာသဖြင့် စိတ်ပါပါ မပါပါ ထလိုက်လာကြရသည့် လူငယ်တစ်ချို့က မျက်နှာလွှဲ၍ ရှုံ့မဲ့မဲ့ ...၊

"လာစမ်း ဟိုကောင် .. ဒီဘက်က 'မ' .."

"လာပါပြီ သူကြီး .."

အသုဘအိမ်မှာ ရှေ့ကမိုးပက်တာရော၊ အိမ်ထဲရေဝင်တာရော ဝိုင်းပြီး ပြုပြင်ပေးကြရသည့်ပြင် အသုဘစင်ကိုပါ မနိုင်တာတွေ ပြန်ပြီးချည်တုပ်ကြရလျှင် ...၊

"ရော့ .. ခုံ .."

"ဘာလုပ်ဖို့လဲ .."

"ခေါင်းမိုး လေမလန်အောင် ပြန်တုပ်ရမှာလေ .."

"ဟာ .. ဘုန်းရိပ် ကလည်း .. ဟိုမှာ သေချာချည်ထားတာဝါကွ.."

"ငထွား .."

"ခင်ဗျား .."

"နိုင်းတာကိုလုပ်လိုက် မရှည်နဲ့၊ ညမှုညတာကျမှ ပြုတ်ပြုတ်ထွက်ရင် မင်းတို့ ပါးစပ်တွေပဲ ဟိုပြောဒီပြော .."



ဦးသောင်း ကိုတော့ ငထွား က ကြောက်နည်းနှစ်မျိုးနှင့် ကြောက်ရတာဖြစ်ကာ လှမ်းအော်လိုက်တာနှင့် တစ်ခါတည်းဇက်ပုသွား၏။

"ခုတော့ သက်တောင့်သက်သာရှိသွားပြီလား .."

ဘုန်းရိပ် က ဝါးလုံးတိုင်နားမှာ ခွေးခြေပုလေးချ၍ တက်ရပ်လိုက်ပြီး ရှဲ့မေးသည်။ ငထွား ကလည်း ခေါင်းညိတ်၍ အသံတိုးတိုးနှင့် ...၊

"ငါ့ကို မကယ်နိုင်တော့ဘူးလား ဟေ့ကောင် .. လုပ်ဦး .."

အနီးကပ်မှ ပို၍နံလာသည့် အနံ့ကြောင့် ငထွား ရှုံ့မဲ့နေ၏။ ညကျ ချစ်သူနဲ့ ခိုးတွေ့ကြဖို့ ရှိသေးသည့် ငထွား အတွက် ချမ်းသာ က စာနာ ...ာရားရှေ့ထားကာ ..၊

"ဖယ် .. ဖယ် .. ငါ လုပ်လိုက်မယ် .."

"အဟီး .."

သဘောတွေကျသွားသည့် ငထွား မျက်နှာကြီးကို ချမ်းသာ က ...စောင်းလှည့်ထိုးပြီးမှ ခုံပေါ်တက်လိုက်လျှင် ...၊

"အရပ်ကလည်း ပုလိုက်တာကွာ .. ရေအိုင့်မှာစိုးလို့ ခေါင်းထုတ်...ကွ .. ဝါးလုံးကို ခါးလော်ကကိုင်ပြီး အပေါ်ထိုးပေးထား .."

"နိုင်းရင် အေးဆေးနိုင်းနော် ဟေ့ကောင် .. ပုသလေး ကွသလေး ...စော်ကားနဲ့၊ မင်းဟာ မင်း ရှည်ချင်တိုင်းရှည်နေတဲ့ကိစ္စ ငါတို့က ...ချင်ဘဲနဲ့ ပုရတာ .."

"ရှင်းရှင်းလင်းလင်း ပြော .. ငါ ဝါးလုံးနဲ့ ထိုးချလိုက်လို့ နောက် ... ျှမ်းထိုးသွားမယ် .."

မျက်နှာချင်းဆိုင် အလုပ်လုပ်နေကြပြီး စကားနိုင်လုနေတာကို ...ကြွယ် စိတ်တိုပေမယ့် ဘာမှမပြောဘဲနေလိုက်၏။

"တဲ .. အပေါ်နည်းနည်းထိန်းတက်လိုက် ချမ်းသာ ရာ .."

"မင်းဥစ္စာက တောင့်တင်းရဲ့လား .."

"တက်ကြည့်လိုက်ရင် သိလိမ့်မယ် .."

"တက်ပြီ .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ ချောက်တွန်းဖို့ ကြံစည်တာမဟုတ်ဆေ၊ ဒီလောက်ဖြစ်မယ်လို့လည်း မထင်ခဲ့ ...၊

ချမ်းသာ အလောင်းစင်နှုတ်ခမ်းပေါ် အသာလေးခြေတင်အားပြုပြီး တက်လိုက်တာနှင့် ခြေထောက်ကို အာရုံများသွားကာ အဝဲပါကိုပါ ဖိဆွဲလိုက်သလိုဖြစ်သွားပြီး ...၊

"ဝုန်း ..."

"ဒုန်း ..."

"ဟာ ..."

"သေပါပြီ ..."

ခေါင်းမိုးတစ်ခုလုံး ချည်တုပ်လက်စနှင့် ပြိုကျကာ ဘုန်းရိပ် က နောက်ပြန်လန်ကျသွား၏။ ချမ်းသာ အမိုးအောက်မှာ ပျောက်နေကာ...

"လုပ် .. လုပ်ကြပါဦး .. ဒီမှာ သေပြီ .."

"ဘယ်မှာတုန်းဟ .. အဲ့ဒါကြီး ဖယ်စမ်း .."

ဘုန်းရိပ် လည်း လဲကျနေရာမှထကာ ချမ်းသာ ဆီ ပြေးသွားမိသည်။

"ဟေ့ကောင် .. တာလပတ်စလေးအုပ်မိတာကို ဘာဖြစ် .."

"ဟာ .. ဒါ .. ဘာဖြစ် ..."

ခေါင်းမိုးစကို တစ်ဖက်စီဆွဲ၍ ဖယ်လိုက်ကြလျှင် ဘယ်သူမှ မေးခွန်းဆုံးအောင် မမေးနိုင်ကြဘဲ မျက်လုံးတွေပြူးကုန်ကြ၏။ ချမ်းသာ သည် အလောင်းဘောင်းမှာ ကုန်းကွအော်နေလျက် ...၊

"ငါ့ကို လုပ်ဦး .. ဒီမှာ .. ညှစ် .. ညှစ်ထားတာကွ .."

"မသာက ဘယ်ကိုညှစ် .."

"ဟာ .. ဒီကောင်တွေ .. ဖယ်ကြစမ်း .."

ဦးသောင်း နဲ့ သူကြီးတို့က အရေးကြီးမှန်းသိကြသဖြင့် ချမ်းသာနားကို ကူညီဖို့ပြေးသွားကြ၏။

"အောင်မလေး .. သေပါပြီ၊ သေပြီ .. သူကြီး .. မြန်မြန်လုပ်ပေးပါ.."

"မင်း ခြေချော်ပြီး သူ့အကြောမတစ်ခုခုကို ပြင်းပြင်းထန်ထန်



ဒိလိုက်လို့ပါ၊ အကြောမလွတ်လို့ ထဖြစ်တာမဟုတ်ရင် ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး .."

"အမလေး .. အမလေး သေပါပြီ .. ဒီမိန်းမကြီး လွှန်တယ် .. တောက်.."

"အံမယ် .. ငါ့သမီးကို တက်ခေါက်တယ်ဟုတ်လား၊ နင် မတော်အရော်လုပ်ဖို့ ကြိုးစားပါတယ်ဆိုပြီး မြို့က ရဲစခန်းကို ပြေးတိုင်လိုက်လို့ရတယ် သိရဲ့လား .."

"ပုတ်ပွနေတဲ့ မသာကြီးကို ကျွန်တော်က ကြိုးစားစရာလား.."

"ဘာ .. ငါ့သမီးကိုများ .."

"ကဲဗျာ .. မလှ က တစ်မျိုး၊ ငါကလည်း မမြင်မစမ်းနဲ့ ဘုန်းရိပ် သာစမ်းကွာ .. လက်ချောင်းတွေကို ဖြည်ထုတ်စမ်း .."

"အား .. သေပါပြီ၊ မသာ လက်ကလည်း မပြောလိုက်ချင်ဘူး .. အား.."

"ခ်ိ .. ခ်ိ .."

မရိုမသေနဲ့ မှိုသိပ်ထားရသည့် ရယ်သံတစ်သံ လူကြားထဲက ထွက်လာ၏။ ဦးသောင်း လှမ်းကြည့်လိုက်တော့ ငထွား နဲ့ သံချောင်း တို့ ချစ်ခနဲပျောက်သွားကြပြီး တစ်ဖက်မှာ ...၊

"ဟား .. ဟား .. ဟား .."

"ခွိး .. ခွိ .. ဟိ .. ဟိ .. ဟီး .. ဟီး .."

ခေါင်းချင်းဆိုင်၍ မှိုသိပ်နေကြပေမယ့် ခေါင်းချင်းတိုက်မိမတတ် ကျော်ထိုးခွက်လန် ရယ်နေမိကြကာ ...၊

"မ .. မသာက .. ဟီး .. ဟီး .. ဟီး .. မသာပါး .."

"ချမ်းသာ ကို အဖျိုကြီး ဒီလောက်တောင် စွဲလမ်းသွားတာ မသိဘူး .. ဟား .. ဟား .. ဟား .."

"အကြောလိုက်သွားတာတဲ့ .. ခိ .. ခိ .. ကွက်တိကြီး .. ခီး ..ခီး.. ခစ်.."

ဒီ ခေါင်းမိုးချည်းပဲ ဒုက္ခပေးနေသဖြင့် ဒေါ်လှ ကလည်း ထမီစွန်တောင် စုံ'မ' ကာ ...၊

"သူကြီးနဲ့ ကိုသောင်း တို့ရယ် .. သူကြီးတို့ ယောက်ျားတွေ အများကြီး

www.burmeseclassic.com



စုပေါင်းကွပ်ကဲနေကြတာတောင် ဒီယာယီစင်လေးက ခိုင်ခိုင်ခံ့ခံ့ မရှိဘူး ..."

စကားလှအောင် ပြောနေပေမယ့် အပြစ်တင်သည့် ဒေါသအတိုင်း အတာက မသေး ...၊

"အခု သုံးလေးရက်မှာ စင်ကျိုးကျတာ ဘယ်နှစ်ခါရှိပြီလဲ ... ကဲ..."

စင်ကို ပြန်ပြီး တုပ်ချည်မယ့်လူငယ်တွေနဲ့ ကွေးကောက်နေဆဲ ချမ်းသာ ရဲ့ ဆေးမှာရှိနေကြသည့် သူကြီးနဲ့ ဦးသောင်း တို့အားလုံး ဒေါ်လှ ဘက်ကို လှည့်ကြည့်လာကြ၏။

ဒေါသဖြစ်ကြပေမယ့် ဆံယဉ်စတို့ ဖွားတရာကြလျက် လူတ ခြောက်ခြောက် မျက်ကွင်းညိုနေသော ဒေါ်လှ ပုံစံကြောင့် ခေါင်းတခါခါ နှင့် ဒေါသကို ပြန်သိမ်းကြရကာ ...၊

"မိုးနဲ့ လေနဲ့ဆိုတော့ ဖြစ်ပြီပေါ့ဟ ... အသုဘစင်ဆိုတာ ယာယီ စင်လေ၊ သံရိုက်မထားကောင်းဘူး ..."

"သံမရိုက်ရတာနဲ့ပဲ ခိုင်ခံ့အောင် လုပ်မရတော့ဘူးလား ..."

"မယ်လှ နင်ကတော့ ခက်ပြီ ..."

ပြောနေကြတုန်းမှာ ညနေခင်းက ညို့ခနဲမှောင်သွားပြီး မိုးစက် တွေ ကျလာ၏။ ဒေါ်လှ က မိုးစက်တွေနဲ့ အသုဘစင်ကို ငေးကြည့် လိုက်ကာ မျက်ရည်တွေပါ ကျလာခဲ့လျက် ...၊

"မိုးရွာပြန်ပြီ ... အဲဒီတော့ ထပ်ကျိုးကျဦးမှာပေါ့၊ ကျိုးပြီဆိုလည်း ပြောလိုက်ကြတဲ့ ပါးစပ်တွေ၊ ကျွန်မသမီး ဗွာန္ဒြေသိက္ခာနဲ့ အပျိုကြီး သေကာမှ ... ဟီး ... ဟီး ... ဟီး ..."

ရုတ်ခနဲ ထိုင်ချလိုက်ကာ ချုံးပွဲချငိုလေသည်။ ထို့ပြင် ...၊

"ဒါတောင် ဘုန်းကြီးကျောင်းက ယာယီခုတင်လေးသွားငှားပြီး ပြောင်းထားလို့၊ ဝါးကပ်လေးနဲ့ ဝါးတိုင်ထူပြီးတော့သာ ထားမိရင် ကျွန်မ သမီး ရွှံ့ဗွက်ထဲထိ ဘယ်နှစ်ခါလောက် နစ်ပတ်သုံးပတ် လိမ့်နေမလဲ..."

ဒေါ်လှ ပြဿနာရှာပြီဆိုတာနှင့် မီးခိုးကြွက်လျှောက် ...၊

"ကျွန်မ အဲ့ဒါတွေကြောင့် အိမ်မှာ လူတွေများတာကို မကြိုက်



တာပေါ့၊ လူငယ်တွေလုပ်ကြစမ်းဆိုပြီး သူကြီးတို့က ခိုင်း၊ လက်တွေ များပေမယ့် လူများပြီး ပွဲမစည်ဘူး၊ ဖြစ်ပြီဆိုတော့ မကြားဝံ့မနာသာ တွေပြောပြီး ဟားတိုက်ရယ်ကြသေးတယ် ..."

နောက်က တခိခိ တိုးတိုးတိတ်တိတ်ရယ်သံတွေ တိခနဲ တိတ် ကျသွားသည်။ သို့သော် ...၊

"ခုန ညိုကြီး ဝင်သွားတာ ကျွန်မ မြင်လိုက်တယ်၊ ခါးကြားထဲ မှာ ဖဲထုပ်နဲ့ ..."

"ဟာ ... မဟုတ်တာ မလှ ရာ၊ ဖဲဝိုင်းမလုပ်ရဘူးလို့ ပြောပြီးသားကို..."

"ဟုတ်တယ်လေ ... ဒီည လူဖင်အားတိုးအောင် ခေါ်ထားတာ ဖဲဝိုင်းမပါဘူးဆိုတာ သူတို့သိတယ် ..."

"မြင်တယ် ... ကျွန်မ သေချာမြင်တယ် ... ညိုကြီး ကို ခုခေါ်ပြီး နောက်လှည့်ခိုင်းကြည့် ..."

ညိုကြီး ခုနကပဲ ဝင်လာတာဖြစ်ကာ ထိုင်တောင်မထိုင်ရသေးပေ။ ဒေါ်လှ ၏ အသံစူးစူးနှင့် လက်ညှိုးတစ်ချောင်း သူ့ဆီရောက်လာလျှင် ခပ်စောင်းစောင်းရပ်နေရာကနေ ချက်ချင်းတည့်တည့်မတ်မတ် မျက်နှာ ချင်းဆိုင် ဖြစ်သွား၏။

"တွေ့လား ... သူ့ခါးကြားထဲမှာ ပါလာတယ်၊ မယုံရင် လှည့်ခိုင်းလိုက်..."

အားလုံးအကြည့်တွေ ညိုကြီး ထံမှာ စုပြုံသွားသည်။ ဘုန်းရိုပ် က ညိုကြီး နား လျှောက်သွားပြီး ...၊

"မင်း ဟုတ်သလား ..."

"ဘယ်ကလာကွာ ... မဟုတ်ပါဘူး၊ ဖဲ ... ဖဲဆိုတာ တစ်ယောက် တည်း ခိုးရိုက်လို့လည်း ရတာမဟုတ်ပါဘူး ..."

"ခိုးရိုက်ကြမှာလေ ... နင်တို့လား ဒီတိုင်း တစ်ညလုံးထိုင်စောင့်မှာ..."

"လူလဲပြီး စောင့်ပေးမှာပေါ့ အရီးရာ ..."

"ညာနေတာ သူ့ကို လှည့်ခိုင်း ..."

"ဟိတ်ကောင် ... လှည့်ပြစမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက အမိန့်ပေးတော့ ညိုကြီး မျက်နှာပျက်သွား၏။

"ဟို .. မလုပ်ပါနဲ့ သူကြီးရယ်၊ ကျ .. ကျွန်တော့်မှာ ဒူလာရှိတယ် မတော်တရော်တွေ့မှာစိုးလို့ပါ .."

ဘုန်းရိုက ထွေး နဲ့ တစ်ဖက်တစ်ချက်ကနေ ဝင်ရုံကာ ညိုကြီး နောက်ကို သေရာဇွာသွားကြည့်၏။ သူကြီးက ဘုန်းရိုပ်ရဲ့ အဖြေကို စောင့်နေလျှင်..၊

"မရှိပါဘူး .."

လို့ ဖြေကာ ညိုကြီး ကို ထွေး ဘက် တွန်းပစ်လိုက်ပြီး ..၊

"လှည့်ဆိုလှည့်ပြလိုက်ကွာ .. ဘာတွေပေနေနေ .."

ညိုကြီး ယိမ်းယိုင်သွားပြီးမှ မတ်မတ်ပြန်ရပ်ပြီး ကျောလှည့်ပြ၏။ ဒေါ်လှ သူခိုးဖမ်းမည့်မျက်နှာနှင့် အပိုင်ကြည့်နေပြီးမှ ဖျတ်ခနဲ မျက်နှာ လွှဲပစ်၏။

"ကဲ .. တွေ့ပြီလား .."

"တွေ့တယ် .. ဒါပေမယ့် .."

"တော်တော့ မလှ .. ဒီလိုအချိန်မျိုးမှာ အတိုက်အခံစကားတွေနဲ့ စိတ်ဝမ်းကွဲလို့ အကျိုးမရှိဘူး .."

ဒေါ်လှ က မလျှော့ချင်သေးပေ ..။ ဘုန်းရိုပ် တို့လည်း မျက်နှာတွေလွှဲပြီး ကြိတ်ပြုံးနေကြ၏။ ညိုကြီး ရဲ့ ပုခုံးကို နောက်ကနေ အကြမ်းရည်အကျန်နှင့် လှမ်းပက်ပေးလိုက်သည့် သံချောင်း က အကြမ်းပန်းကန်လုံးကို ကမန်းကတန်း ဖှက်ထားလိုက်ပြီး ပါးစပ်ပိတ်ရယ်နေတာ ပန်းတွေတောင် လှုပ်နေတော့သည်။

ညနေအချိန်မှာ မိုးမှောင်လည်းကျနေတော့ အိမ်အောက်က လူစုစုတွေကို ခပ်လှမ်းလှမ်းကနေ ဒေါ်လှ သေချာမမြင်ရပေ ..။

ဒါပေမယ့် တခွိခွိရယ်သံကိုလည်း ကြားနေရသဖြင့် မျက်မှောင်ကြီးကုပ်ပြီးကြည့်တော့ ကြည့်နေဆဲ ..၊



အခန်း (၁၃)

"မမြ ရေ .. ငယ်ငယ် တို့ တူဝရီး ဒီမှာဆို .."

"ဟေ .. ပြောတုန်းဆိုတုန်း အသက်ရှည်ဦးမယ် .."

ဒေါ်မြရှင် တို့က တိုက်ခံပျဉ်ထောင်အိမ်ကြီးဖြစ်ကာ ခြံကကျယ်သလောက် အလုပ်သမားတွေနေသည့် တဲလုံးလေးတွေနှင့် စပါးကျီနှစ်ခုတပဲ အိမ်ကြီးရဲ့ ဘေးတွဲကြီးတွေလို ရွာထဲမှာဆိုလျှင် သူကြီးအိမ်ထက်ပိုကြီးပြီး ကျယ်လည်းကျယ်၏။

ခြံဝကနေ လှမ်းမေးလိုက်သဖြင့် အပေါ်ထပ်ပြတင်းပေါက်ကနေ ငုံ့ကြည့်လိုက်သည့် ဒေါ်မြရှင် တို့ မျက်နှာတွေကို အဝေးကမြင်ရသလို ဖြစ်နေခဲ့၏။

ဒေါ်လှ က ထီးဆောင်းရင်း ကျောက်လောင်းထားသည့် အိမ်ဝိုင်းထဲကို ခပ်သုတ်သုတ်ဝင်လာ၏။ ဒေါ်မြရှင် က ငုံ့ကြည့်နေကာ ..၊

"မလှ လည်း သနားပါတယ်နော် ..၊ မြင်လိုက်ရရင် သုတ်သုတ်သုတ်သုတ်ချည်းပဲ .."

"ဝင်လာပြီလား .. ဖွ .. ဖွ .. လို့မှ လုပ်ခဲ့ရဲ့လား မသိပါဘူး၊ အားမှိုင်းသွင်းချိန်ကြီး၊ အပျိုကြီးကလည်း ဒီလောက်တောင် ပွဲဆူအောင်လုပ်နေတဲ့ဟာ .."

"ပြောမနေနဲ့တော့ မကျော့ ရေ ကြားသွားလို့ စိတ်ဆိုးဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မလှ ကလည်း နာရေးဖြစ်ကာမှ စိတ်တိုတတ်နေတာ နာမည်ကို ကြီးလို့ ..”

“ဟုတ်တယ် .. ကြားတယ်၊ ညနေတုန်းကတောင် သူကြီးကိုရန်တွေ့နေတာ မိန်းမငယ်လေးကျနေတာပဲ၊ ကက်ကက်ကို လန်ရောတဲ့..”

ဒေါ်မြရှင် က အသံမထွက်အောင် မျက်နှာငုံ့ရယ်ပြီး ငယ် က လူကြီးတွေရဲ့ဘေးမှာ ကျုံ့ကျုံ့လေးထိုင်နေသဖြင့် လေ့ကားရင်းကို လှမ်းကြည့်လိုက်ပြီး ..၊

“ဒီနားရောက်နေပြီ ကြီးကြီး ..”

“ရောက်တော့ ဘာဖြစ်လဲ မဟုတ်တာပြောတာမှမဟုတ်ဘဲ ..”

ဒေါ်ကျော့ ကတော့ အများသူငါလို ခွင့်လွှတ်ခြင်းတရားတွေချည်း စုပုံမထားနိုင်တဲ့သူဖြစ်သည်။ စေတနာနဲ့ ဝိုင်းကူညီနေကြသည့် လူတွေကို နှင်လွှတ်လို့လွှတ်၊ ရန်တွေ့လို့တွေ့နှင့် တန်းစီစော်ကားနေတာ ကောင်းသဲလား ..၊

စိတ်မနှံ့တဲ့သူလည်းမဟုတ်၊ မြီးကောင်ပေါက် မိန်းမငယ်အရွယ်လေးလည်းမဟုတ်၊ ဒါပေမယ့် သဘောထားနုံးညံ့သည့် ဒေါ်မြရှင် က အပြုံးမပျက်တာမို့ ကိုယ့်ဒေါသကို ပြန်မျိုသိပ်ရသည်။

“မကျော့ ရယ် .. ကျုပ်က အိမ်မှာသွားရှာနေတာ ..”

“ဟုတ်လား .. ဘာများပါလိမ့် ..”

“ငယ်ငယ် လေ .. ငယ်ငယ့် ကို ..”

“မိငယ် က နေကောင်းနေပါပြီ၊ သူက တော်ရုံဆို ဒီလောက် မဖြစ်တတ်ပါဘူး၊ ခုက တကယ်ကြီး ပြူးတူးပြဲတဲမြင်လိုက်ရတော့ ..”

“ဟုတ်ပါတယ် .. သူ ဘာမှမဖြစ်ဘူးဆိုတာ သိပါတယ်၊ အဲ့ဒါကြောင့်လည်း စံပယ် မြေမကျခင်ထိတော့ ကျုပ် ခေါ်ထားပါရစေလို့..”

“ဘာရယ် ..”

ဒေါ်ကျော့ ကိုယ့်ကြားလုံးနဲ့ ကိုယ် ထိသွားသည်။ ပြောလိုက်တာကတော့ ကြားတာမဟုတ်ပေ၊ စံပယ် က ခြောက်နေပါသည်ပြောတိုင်းရန်ခံတွေ့နေမှန်းသိထားလို့သာ ဒါကို ပေါ်လွင်အောင် ပြောလိုက်တာ



ဖြစ်သည်။

“လုပ်ပါရှင် .. ကျုပ်အတွက်က လူတွေအများကြီးမလိုဘူး၊ ငယ့်ကိုလည်း စံပယ် က အမြဲတမ်းချီးမွမ်းနေခဲ့တာပါ၊ သူ မရှိတော့ဘူးဆိုပေမယ့် တစ်ယောက်တည်းနေရတာ ရူးမတတ်ခံစားနေရလို့ပါ၊ ငယ်လေးတစ်ယောက်ကိုတော့ ခေါ်ထားပါရစေနော် ..”

ဒေါ်ကျော့ မျက်နှာ ဟန်ဆောင်လို့မရလောက်အောင် တင်းနေတော့သည်။ ပြောစရာစကားတွေ လျှာပေါ်လုံးကြွတက်လာပေမယ့် ..၊

“ငယ် .. သမီးလေး နေကောင်းနေပြီမို့လား .. အရီးနဲ့ လာနေပေးမယ်မို့လားဟင်၊ လူပြောသူပြောတွေကို မကြောက်ဘူးမို့လား ..”

“ဟို .. အရီးလှ .. အဲ့ဒါက ..”

“မကြောက်တတ်ဘူးဆိုတာကတော့ မလှ ရယ်၊ ပြူးပြဲလုပ်ပြနေရင် ယောကျ်ားရင့်မာကြီးတောင် သတိလစ်အောင် ကြောက်တတ်တာပဲ..”

“အဲ့ဒါကတော့ အောင်ကြီး ဆိုတဲ့ ကောင်လေး အသည်းကိုငယ်တာပါကွယ်၊ မှန်ထဲမှာ ပေါ်လာတာလေးကို ..”

“ကဲ .. ကဲ .. အဲ့ဒါတွေ ပြန်ပြောတာနဲ့ စကားတွေ ထပ်ရှည်နေရပါဦးမယ်၊ သူ့စိတ်လည်း ခံစားနေရတော့ မကျော့ က ကူညီလိုက်ပါ၊ ဟိုမှာ သားလည်းရှိနေတာပဲ၊ သူ့ညီမ ဒုက္ခရောက်တယ်ဆို သူ ပြေးပွေ့တာပဲတဲ့ .. အားလုံး ပြောနေကြတာ ..”

“ဒါတော့ ဟုတ်ပေမယ့် နောက်ထပ်တစ်ခုခုကြုံစည်ဖို့များ ငယ့်ကို ခေါ်တာဆိုရင် ..”

ဒေါ်လှ မျက်နှာကွက်ခနဲပျက်သွားသည်။ သို့သော် ချက်ချင်းပျာပျာသလဲ လက်ကာ၍ ..၊

“မကြံစည်ပါဘူး၊ အဲဒါကို စိတ်ချပါ ..”

ဒီလောက်ကြီးလာကပ်ခေါ်နေတာကို စိတ်ချရမယ်လို့ပဲ ..၊

စိတ်ထဲမှာ မကျေလည်သမျှ ဒေါ်ကျော့ မျက်နှာမှာ ပေါ်နေပေမယ့် မတတ်နိုင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒေါ်ကြီးလှ .. မိငယ် ကို သွားခေါ်လာတယ် ကြည့်စမ်း.."

အသုဘအိမ်မှာကျတော့ တစ်ယောက်တစ်ခွန်း ပြောသံတွေ ထွက်လာကြကာ ..၊

"အရီးတော့ မရိုးတော့ဘူးထင်တယ် .."

ငထွား က ဘုန်းရိပ် ကို ကပ်ပြောသည်။ သူတို့မှာ ယာယီစင်ပြင်ပြီးလို့ အေးဆေးထိုင်နားနေတာ အမောတောင် မပြေသေးဘဲ ဒေါ်လှလှ လှုပ်ရှားသွားတာလည်း လှစ်လှစ်ပါလို့ပါလား ..၊

"မလှ ရယ် .. ကိုကြီးသောင်း တာဝန်ပေးလို့ ကျုပ် ဒီမှာ ရှင်နဲ့ အဖော်လုပ်ပေးဖို့လာတာပါ၊ မိငယ် က ဟိုနေ့ကကိစ္စနဲ့ နေကောင်းသေးလို့လား.."

ဒေါ်လှ က ငယ့် လက်ကို မလွှတ်တမ်းဆွဲထားကာ ဒေါ်တင်နွယ်နဲ့ ရှိနေသမျှ လူတွေကိုပဲ အဖျက်သမားတွေလို ..၊

"အောင်မလေးဟယ် .. ငါ သူ့မိဘဆီက ခွင့်တောင်းပြီးမှ ခေါ်လာတာပါ၊ တစ်ယောက်တစ်ပေါက် ဝိုင်းပြောလိုက်ကြတာ .."

စိမ်ခန့်ခွဲနေဆဲရှိသည့် ဦးသောင်း က ထမပြန်ရသေးပေ ..။ သူကြီး ပြန်သွားတော့ 'မလှ ဘယ်ရောက်သွားလဲ' လို့တောင် မေးသွားခဲ့ပေမယ့် ရွာလယ်ထိရောက်အောင်သွားနေပြီလို့ မထင်ခဲ့မိ ..။

"မဟုတ်ဘူး မယ်လှ .. ဒီမှာအားလုံးက မိုးအလင်း .."

"မိုးအလင်းနေမယ့်လူတွေကို ကျွန်မက ခေါ်တာမဟုတ်ဘူးလေ.."

'ဟုတ်ပါတယ် .. ကျွန်တော်၊ ကျွန်မတို့က ခြေရှည်ပြီး ရောက်လာတာပါ' လို့ သံပြိုင်ထပြောသင့်သည့် စကားလုံးမျိုးပေမယ့် မျက်နှာတွေပင့်၊ တံတွေးမျိုကြရင်းနဲ့ တိတ်တိတ်နေကြရာ၏။

"ကျွန်မအတွက်က နှစ်ယောက်တည်းနေရရင် ပြည့်စုံပြီ .."

စိတ်ဆိုးပြီး ထပြန်သွားကြစမ်း ..၊

ငယ့် လက်လေးကို ဆွဲပြီး အိမ်ပေါ်တန်းတက်ခဲ့တာ ဘယ်သူ့မျက်နှာကိုမှ လှည့်မကြည့်ခဲ့ပေ ..။ ဘုန်းရိပ် ကို သမင်လည်ပြန်လှည့်ကြည့်ရင်း ပါသွားသည့် ငယ့် ကိုလည်း ဂရုမစိုက် ..။



ခုချိန်ထိ ဆောင့်ကြောင့်ထိုင်နေရသည့် ချမ်းသာ က အားလုံးကို မြင်နေကြားနေရကာ ..၊

"ခွင့်ပြုချက်နဲ့ ခေါ်လာယေလို့ပဲ .. ဝရမ်းပြေးဖမ်းလာတာ ကျနေတာပဲ.."

"ကဲ .. တော်ကြတော့၊ ဘက်ထရီမီးနဲ့ မီးအိမ်တွေ သေချာစစ်ဆေး၊ မိုးက တစိမ့်စိမ့်ရွာနေရင် အကြောင်းမဟုတ်ဘူး၊ လေနဲ့ရောလာရင် စိတ်မချရဘူး .."

"ဘကြီးသောင်း ပြောတော့ ဘက်ထရီက အားသိပ်မရှိဘူးဆို.."

"အေး .. အားပြည့်တဲ့အိုး သူကြီး ပို့ခိုင်းလိုက်မယ်ပြောသွားတယ်၊ မင်းတို့ ကောင်းကောင်းမွန်မွန် ပြောသလိုနေကြ ပြဿနာမရှာနဲ့ .."

"မရှာပါဘူး .."

"မရှာပါဘူး .."

သံပြိုင်ထွက်လာသည့် သံချောင်း နဲ့ တရုတ်ကြီး တို့နှစ်ယောက်ကို ဦးသောင်း က လှည့်ကြည့်၏။ သံချောင်း တို့က မလုံမလဲမျက်လွှာချကုန်၏။ သို့သော် .. သူကြီးက ဘာမှမပြောဘဲ ထီးဖွင့်လိုက်ရင်း ဘုန်းရိပ် ကို ခေါင်းညိတ်ခေါ်ကာ ..၊

"မလှ ကို ငါ မသက်ဘူး၊ ဒီမှာ လူရှိနေတာလည်း မကြိုက်ဘူး၊ လူအင်အားမိန်းမလာတာလည်း ဒေါသထွက်နေတယ် .."

"ဟုတ်တယ် .."

"အဲဒါ စိုးရိမ်စရာပဲ .. ပြီးတော့ မနက်က ထွက်သွားတာ နေ့လယ်ကျမှ ပြန်လာတယ်တဲ့၊ ဘယ်သွားမှန်းလည်း မသိကြဘူး၊ ဒီမှာ ဒါတွေကိုထားပြီး သွားလောက်စရာ .."

"သူ့သမီးကို ဖုတ်သွင်းမလို့ထင်တယ် .."

"ဟာ .. ဒီကောင် .."

တိုးတိုးကပ်ပြောနေကာမှ ဘုန်းရိပ် အကျယ်ကြီး ပြောလိုက်သဖြင့် ဒေါ်တင်နွယ် ခေါင်းထောင်သွား၏။ မနေ့တစ်နေ့က အဖြစ်တွေကြောင့် သူကြီးနဲ့ ဦးသောင်း ကသာ တမင်လှမ်းခေါ်ပြီး တာဝန်ပေးတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရင် သူမ လာခဲ့မှာမဟုတ် ...။

"ကိုကြီးသောင်း .. အဲဒါ .."

"ပေါက်ကရပဲ ... ဒီကောင်တွေ ဒီလောက် အစအနောက်သန်တာကို နင်ကလည်း လူကြီးဖြစ်ပြီးတော့ .."

"လူကြီးပေမယ့် ကြောက်တယ် ကိုကြီးသောင်း ရဲ့၊ အဲဒါက ငယ် ကျင့်ဆိုတော့ ပြင်လို့မရဘူး၊ ငယ် တောင် ကျွန်မထက်သတ္တိကောင်းသေးတယ်၊ မနေ့တစ်နေ့က ဖြစ်ထားတဲ့နေရာကို ခု သွားခေါ်တော့ ပါလာတာပဲ .."

"အဲဒီတော့ နင်က ဒီလူငယ်တွေကို ထိန်းရမှာ .. ခေါင်းဆောင်ပြီး ကြောက်ပြမနေနဲ့၊ ငါ ခဏတစ်ဖြုတ်ပြန်နားဦးမယ် .."

"ဟာ .. ဘကြီးသောင်း အေးဆေးတစ်ရေးလောက်အိပ်လိုက်ဦး၊ ဒီအတွက် မပူနဲ့ .."

"ဟုတ်တယ် .. ဘကြီးသောင်း တစ်နေ့လယ်လုံး ရေစွတ်ပက်နဲ့ အလုပ်လုပ်ထားရတာ ပင်ပန်းနေပြီ .."

သိတတ်လှချေလားဆိုသည့် အကြည့်တွေက မယုံကြည်မှုတွေနဲ့ ဖြစ်ကာ ငထွား ဖောင်းသာဝေအောင်ပြောနေသည့်မျက်နှာကို အထူးသဖြင့် စိုက်ကြည့်၏။

"အဟမ်း .."

ငထွား က ဆံပင်တွေဟန်ပါပါသပ်၍ မနေတတ်မထိုင်တတ် ချောင်းဟန့်လိုက်ရင်း ...၊

"တကယ်ပြောတာပါ .. လူကြီးတွေ နာမကျန်းဖြစ်ရင် နာတာရှည်တတ်လို့ .."

"အင်း .."

ဦးသောင်း ရဲ့ 'အင်း' သံကြီးက ယုံကြည်လိုက်တာလား မယုံဘူး ပြောတာလားတော့ မသိ၊ ဘာမှမပြောတော့တဲ့ ထီးဆောင်း၍ ထွက်ခွာသွားလေသည်။

"ကိုကြီးတို့ကို အသုပ်သုပ်ကျွေးမလို့တဲ့ .. လက်ဖက်သုပ်စားမလား၊ ဂျင်းသုပ်စားမလား .."



"ဟင် ..."

ငယ် က အိမ်ပေါ်ကဆင်းလာပြီး အားလုံးကိုဝေ့ကြည့်ကာ အလောင်းဆီကိုလည်း မျက်လုံးရောက်သွား၏။

"မိငယ် .."

"ရှင် .. ကိုကြီး .."

"နင့်ကို အရီးလှ အတင်းဆွဲခေါ်လာတာလား .."

"ဟင့်အင်း .."

အင်္ကျီရင်ဖုံးစကားဝါရောင်၊ အဝါအနက်ပွင့်ထမီလေးနှင့် တိုနံ့နံ့ ကျစ်ဆံမြီးလေးနှစ်ဖက်လည်းရှိသေးသည်။ အောက်လင်းမီးရောင်အောက်မှာ ငယ့် အသားရောင်လေးက ဝင်းဝင်းစိုစိုလေးရှိနေခဲ့၏။

သိရင်သိတယ်၊ မသိရင် မသိဘူး၊ ချက်ချင်း ခေါင်းညိတ်ခေါင်းခါ လုပ်တတ်သည့် မျက်နှာလေးကြောင့် သူမလေးကိုဆို မယုံကြည်ဘူးဆိုတဲ့သူ မရှိသလောက်ပင် ...။

'ငယ် ပြောတာလား .. ဒါဆိုရင်တော့ ဖြစ်နိုင်တယ် ..' ဆိုတာတွေသာ ...။

"ဒါဆို အကြီးကျော့ က ထည့်လိုက်တာပေါ့ .."

"အရီးလည်းရှိပါတယ် .. ငယ် တို့က အရီးဆီမှာ ပိုက်ဆံအတိုးသွားပေးနေတာလေ .."

"မင်းကလည်းကွာ .. အရီးလှ က အတင်းဆွဲခေါ်ရအောင် ပြန်ပေးသမားမှ မဟုတ်တာ၊ သူ ခွင့်တောင်းခဲ့တယ်လို့ ပြောနေသားနဲ့ .."

ဘုန်းရိုပ် က ဝင်ပြောကြသည့်လူတွေကိုပါ မှုန်ကုတ်ကုတ်ကြည့်ကာ...၊

"ပြဿနာဖြစ်လာရင် ငါပဲ .."

"ဘယ်သူခိုင်းလို့လဲ .."

"မင်းတို့က တစ်မျိုး .."

ငထွား က စိတ်တိုသွားကာ ...၊

"မင်းက အရင်တစ်မျိုးလုပ်တာလေ၊ ငယ့် အတွက်ပူမယ့်သူ မင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသလိုလို ..”

“အကြီးကျော် က ငါ့ကိုအပ်ထားတာ ..”

“ဖြစ်ရတယ် ..”

“တော်ပြီ .. သွားတော့၊ ဘာမှလည်း မသုပ်နဲ့ ..”

“ကိုကြီးတို့ ဒီတိုင်း တစ်ညလုံး ..”

“နောက်တစ်နေ့ ကူးသွားလည်း ငုတ်တုတ်ကနေ မလဲစေရဘူး လို့ ပြောလိုက် ..”

“ဘာ .. ငါ့ကို ဟုတ်လား ..”

ဒေါ်လှ မျက်လုံးပြူးကြီးနှင့် ခေါင်းပြူကြည့်လာပြီး ရန်စွယ်နဲ့ ဝေါဝေါ ..။

“မဟုတ်ဘူး .. အရီး၊ ဘုန်းရိပ် ကို သူ့အမေက မှာလိုက်တယ်ဆိုလို့ အဟဲ .. အဲ့ဒါပြောနေတာ ..”

“အခု ပြောတာ ချမ်းသာ လား ..”

“ဟုတ်ကဲ့ ..”

“သြော် .. မင်း အသံထွက်နိုင်ပြီပဲ ..”

ချမ်းသာ မျက်နှာ ရှုံ့တွတွဖြစ်သွားသည်။

မသာနေရာမှာ ဒီမိန်းမကြီးသာဆို မတွေးရဲစရာ ..။



## အခန်း (၁၄)

“လုပ်ပါ ခင်ဆုံ ရာ .. ခဏတော့ ဆင်းခဲ့ပါ၊ မိုးလေးတိတ်နေတုန်း”

“အင်းပါ .. ဒါပေမယ့် ကိုတရုတ်ကြီး က မရှိတော့ အဖေကလည်း ကြက်အိပ်ကြက်နိုးနဲ့နေတာ ..”

“ဒါဆို .. ငါ စောင့်နေရမှာလား ..”

“မိုးစိုစိုစွတ်စွတ်နဲ့ ထွေး ရယ် ..”

“ဘာပဲစိုစို .. ဖြစ်တယ် ..”

ပြတင်းပေါက်တံခါးဘောင်မှာ လက်နှစ်ဖက်နဲ့ ချိတ်ထားရသည့် ...ား အဖြစ်ကို ခင်ဆုံ ကလည်း စိတ်မချမ်းသာပါ။

“အောက်က ဘယ်သူလဲဟင် ..”

“ဟိတ်ကောင် မြန်မြန်လုပ်ဟ ..”

ဘုန်းရိပ် အသံထွက်လာသဖြင့် ခင်ဆုံ မျက်လုံးပြူးသွား၏။

“ကိုဘုန်း လား ..”

“ဟုတ်တယ် .. အဲဒါ အသာထားစမ်းပါဟာ ..၊ နင်နဲ့ ငါ ဒီလိုနေ့ ...မှ မတွေ့ကြရရင် နောက်ထပ် အဆင်ပြေပြေတွေ့ကြဖို့ ပိုတောင် ...စ်ဦးမယ် ..”

ဘွတ် ..၊

ထွား .. သေနာကောင် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရိုပ် ထမ်းပေးထားရသည့် ကိုယ်ကြီးကို စိတ်တိုနေမိကာ ခြေ ထောက်ကို ခြင်တွေကိုက်နေတာလည်း သည်းမခံနိုင်အောင်ဖြစ်လာ၏။

"နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင် သိရဲ့သားနဲ့ ခင်ဆုံ ရယ် .."

သေလိုက် ..၊

ဒီမှာ ခြင်တွေကိုက်နေတာကျတော့ တစ်ချက်မှ ငုံ့မကြည့်ဘူး ခွေးကောင် ..၊

"သိပါတယ် ငထွား ရယ်၊ ဒါပေမယ့် ငါလည်း အဖေ့ကို ကြောက် နေရတာ နင်သိတဲ့အတိုင်းပဲ .."

မရတော့ဘူး .. သေပြီ ..၊

ဘုန်းရိုပ် ခြေထောက်မှာ ပူထူသွားသဖြင့် ငုတ်တုတ်ထိုင်ချလိုက် လျှင် ပခုံးပေါ်မှာ အကျအနခွထိုင်နေသည့် ငထွား ကိုယ်ကြီးက ပြတင်း ပေါက်မှာ ချိတ်လျက် ကားရားကြီးကျန်ရစ်၏။

"ဟိတ်ကောင် .. အ .."

"ဘာဖြစ်တာလဲ .. ငထွား .."

"ဘာမှမဖြစ်ဘူး .."

လက်နှစ်ဖက်ပေါ်မှာပဲ အားပြုနေရသည့် ကိုယ်ကြီးကို ထိန်းရင်း ခေါင်းခါလိုက်ရပေမယ့် ချိုင်းနှစ်ဖက်မှာ အားစိုက်ထားရတော့ မျက်နှာ က နီရဲလာလျက် ..၊

"ငထွား .. နင် အိမ်သာတက်ချင်လို့လား .."

"ဟင့်အင်း .."

ဘုန်းရိုပ် သူတောင်းစား ဘယ်ရောက်သွားတာလဲ ..၊

ခြေထောက်တွေနဲ့ ဟိုဒီစမ်းပြီးရှာပေမယ့် ဘုန်းရိုပ် ကို ဘယ်မှာ မထိမိ ..၊

ဒီကောင် ငါ့ကို ဒီတိုင်းထားပြီးသွားတာတော့ မဖြစ်တန်ရာပါ ..



ငထွား ခြေထောက်တွေ လေထဲမှာ ရေကူးနေတာကိုမြင်သည်။ ထို့ကြောင့် ဘုန်းရိုပ် ယားသည့်နေရာကို အားပါးတရကုတ်ပစ်လိုက်ပြီး ခြေနှင်းကတန်း ထရပ်ပေးလိုက်၏။

"အု .."

ငထွား မျက်နှာကြီး ကြွခနဲ မြောက်တက်သွားပြီး မျက်လုံးပါပြူး၏။

"ငထွား .. ဘာဖြစ်တာလဲဟင်၊ လက်တွေ ညောင်းနေပြီလား .."

"ညောင်းဘူး .."

အံကြိတ်ထားရသဖြင့် စကားသံတွေ ဗလုံးဗထွေးဖြစ်ကုန်သည်။ ချမ်းသာ ကို ဟားတိုက်ရယ်ခဲ့မိလို့ သူ ဝဋ်လည်တာမှန်းသိပေမယ့် ဒေါသ ချောင်းချောင်းထွက်မိ၏။

နှမပေး ဘုန်းရိုပ် ..၊

"ဒီတိုင်းပြောပြီး ပြန်ပါတော့ ငထွား ရယ်၊ နင်တို့ မိုးစိုစိုထဲမှာ ကြာကြီး စောင့်နေရမှာစိုးလို့ပါ .."

"ကြားပါ့စေ ရတယ် .. အပွန်း .. မိုးလည်း မရွာသေးပါဘူး ချမ်းသာ ဆင်းလာခဲ့ပါ၊ ငါတို့တွေ့နေကျနေရာမှာ ချမ်းသာကြီး စောင့် နေတယ် .."

"ဟင် .. ချမ်းသာ လည်းပါတယ် .."

"မပါလို့ မရဘူး၊ ဟိုဘက်က မသာမှာ လူအင်အားနည်းနေတာ ပြဿနာရှာမယ့်လူရှိတယ်၊ ဟိုဘက်ဒီဘက် ကင်းပုန်းပေါ့ .."

"ငထွား ရယ် .. တော်ကြာ အဖေ ဆင်းသွားလို့ တွေ့သွားမှဖြင့်.."

"ဘကြီးသောင်း ထွက်လာရင် ချမ်းသာ က အရင်လှမ်းမြင်မှာလေ၊ ဒီဘက်က လှုပ်ရှားမှုကိုရောပဲ .. ကင်းပုန်းပါဆိုမှ .."

"ဟိတ်ကောင် မြန်မြန်ဖြတ်ကွ .."

"သိပါတယ် .. မင်းကလည်း တစ်မျိုး .."

သူ ထမ်းထားရတယ်ဆိုပြီး လူကို ဒုက္ခပေးထားတာ ခုထိ နေနေတုန်း..၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ မင်းလည်း ခံထိုက်သေးတယ် .. ဝဲစား ..၊

ကိုယ့်စိတ်ကူးနဲ့ကိုယ် ညီမျှခြင်းချလိုက်ပြီး ခင်ဆုံ့ လက်လေး ဆုပ်ကိုင်လိုက်မိစဉ် အောက်ခြေလွတ်သွားခဲ့ပြီး ..၊

"အ .."

ဘုန်းရိုပ် .. ကောင်စုတ် ဘာလုပ်ပြန်ပြီလဲ ဒီကောင် ..၊

ခြေကားယားကျန်ရစ်တိုင်း တစ်ကိုယ်လုံး တွဲလောင်းဖြစ်နေသ အားကို လက်နှစ်ဖက်နဲ့ တွဲခိုထားရသဖြင့် တောင့်ထားရသည့် ဝန်ဆော မှုက နည်းနည်းနောနောမဟုတ် ..။ သို့သော် ..၊

"ဘာဖြစ်ပြန်ပြီလဲ ငထွား ရယ် .. မမိမကမ်းနဲ့ ခိုထားရတာ ရှို တွေနာနေမှာပေါ့ .."

"ရ .. ရတယ် .. ဘာမှမဖြစ် .. အ .."

လူက ခြောက်ခနဲဖြစ်သွားကာ ကိုင်ထားသည့် ခင်ဆုံ့ လက်ပေ ပါ လွတ်သွား၏။ ဒီတစ်ခါ ငထွား ၏ ပြူးထွက်လာသည့် မျက်လုံး ပြန်ဝင်မသွားတော့ဘဲ အတန်ကြာသည်အထိ ဖားပါးစပ်နှင့် ငြိမ်သက်

"ဟင် .. ငထွား .. ငထွား .."

"ဟိတ်ကောင် .. မပြီးသေးဘူးလားကွ .."

ကပျာကယာ ပွတ်သပ်ကုတ်လိုက်၊ ပြန်ထရပ်ပြီး ထမ်းထား ရနှင့် ဘုန်းရိုပ် မှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်၊ ငထွား ကိုပဲ ကျိန်ဆဲနေမိလျ

"ငထွား .. လေကြွား .. သင်းကတော့ ကောင်းစားနေတာကို သူဖြစ်နေတာ ကိုယ်မသိ၊ ကိုယ်ဖြစ်နေတာ သူမသိနှင့် ..၊



## အခန်း (၁၅)

"ဒီကောင် .. ဒါတော့ တော်တော်ကိုလွန်နေပြီ .."

ရေပြင်မြုပ်နေအောင် လွှမ်းခြုံနေသည့် ကန်စွန်းခင်းနှင့် ရေနစ်နေ ည့်မြေကြီးပေါ်မှာ ခြင်တွေတယ်လောက်တောင် ကြီးစိုးမင်းမူနေသည် မသိ..။ ခြင်တစ်ကောင် ကိုက်သွားပြီဆို ထိုနေရာမှာ မီးစနဲ့ ထိုးသွားသလို ကျန်ရစ်၏။ ခြင်အကောင်ပေါင်းများစွာ ကိုက်ခံစားသုံးခံနေရသည့် ယောက်တွေ လက်တွေဆိုတာ ဆားဖြူးခံလိုက်ရသည့် တီကောင်ထက် ာင် အဖြစ်ဆိုးလေသည်။

ဒါမှမဟုတ် သူ ကုတ်နေရသည့်ပုံက ဘရိုတ်ဒန့်(စ်)ကနေတာ ဏူနေပြီလား ..၊

"ငထွား .. ခွေးဝဲစားကောင်၊ ခင်ဆုံ ကိုသွားချောင်းလိုက်ဦးမယ် လမ်းခုလပ်မှာ အပျိုကြီး ဂုတ်ချိုးလို့ သေနေပြီလား .."

ကုတ်ဖဲ့နေရင်း ငထွား ကိုသာ မေတ္တာပွားနေမိ၏။ ထိုစဉ် ငယ် လေးကို ခပ်သဲ့သဲ့ကြားလိုက်ရ၏။

"ကိုကြီးတို့ရော .."

"သုံးယောက်စလုံး မရှိတာလား .."

ပြန်ဖြေကြသည့် အသံတွေကို မကြားရပေမယ့် သူတို့ ဒီဘက်ရောက်နေ ည်ဆိုတာ ဘယ်သူမှ ဖုံးဖိပေးကြမှာမဟုတ်မှန်းတော့ သိပြီးသားပင်..။ နောမလေး ညဥ့်နက်နေမှ ကျယ်လိုက်တဲ့ အသံ ..၊

ဘကြီးသောင်း ကြားအောင်များ တမင်မေးနေသလားမှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရိပ် ဘယ်သွားသွား ဒီကောင်မလေးကြောင့် လူသိတဲ့အကြိမ်ပေါင်း လည်း မနည်းတော့ ..။

ဘာပဲဖြစ်ဖြစ် ဘုန်းရိပ် ဆိုတဲ့ကောင် သင်း ပါသွားရက်နဲ့ ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာ မတွေးမိဘူးလား ..။ မြန်မြန်သွား မြန်မြန်တွေ့ ကြပြီး တော်ပြီပေါ့ ..။

တစ်ရွာလုံး ဒီ မစံပယ် ကြောင့် ဒုက္ခရောက်နေကြရတာ သူများ အသုတ် လို တစ်ရက်နှစ်ရက်နဲ့လည်း မပြီး၊ နှစ်ရက်သုံးရက်လည်းမကတော့ပေ ..။

တော်တော် ဒုက္ခပေးတဲ့ အပျိုကြီး ..။

"ချွတ် .."

နောက်က လှုပ်ရှားသံကြောင့် မှောင်နဲ့ မည်းမည်းထဲကို လှည့်ကြည့် လိုက်မိသည်။ ပြီးတော့ ဆတ်ခနဲခေါင်းညိတ်၍ ..။

"ဒါလည်း ကောင်းတာပဲ .."

လို့ တစ်ယောက်တည်း ရေရွတ်ပြီးမှ ..။

"နောက်ကနေ သူခိုးဖမ်းသလိုချောင်းပြီး လာမနေနဲ့၊ ငါရှိတယ် လာထိုင် .."

ဘေးမှာ ထိုင်လို့ရအောင် သစ်ငုတ်တုံး၏ တစ်ဖက်ကို နေရာရွှေ့ ပေးလိုက်ရင်း ..။

"သံချောင်း တို့ကို ကြက်ကာလသားဟင်း ချက်ရအောင် အမြန် အဖန်သွားလုပ်ဦးမယ်ပြောပြီး သုံးယောက်စလုံး ထွက်လာခဲ့တာ ငါ့မှာ ခုတော့ တစ်ယောက်တည်းပြန်ဖို့ခက်နေပြီ .."

ဟိုကောင်တွေလည်း ခုလောက်ဆို ရိပ်မိနေလောက်ပါပြီ။ ငွေ ဒီအသုဘအိမ်မှာ နေ့ရော်ညရော ခိုအောင်းနေတည်းက ဘယ်အချိန် အရေးကို စောင့်နေသလဲဆိုတာ ..။

"ဟိုကောင်တွေ သွားတာကြာလှပြီ သိလား .."

ငယ် က သူ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး သက်ပြင်းတွေချနေသည်။ ညမှောင်မှောင်မှာ သူ ထိုင်နေသည့်နေရာက တစ်ယောက်မျက်နှာတစ် ယောက် ခပ်ရေးရေးတောင် မမြင်ရဘဲရှိရာ ..။



"နင်က ဘာတွေဖြစ် ..."

"ဟော့ .. ဟိုဘက်ခြံစပ်က ဘယ်သူလဲကွ .."

ဟင် ...။

ဦးသောင်း ရဲ့ အောင်မြင်ခန့်ညားသည့်အသံကြီးကြောင့် ငယ် ကို စကားပြောဖို့လှည့်ကြည့်လိုက်သည့် ချမ်းသာ မျက်နှာ ရှေ့ကိုဒိုင်းခနဲ ပြန်ရောက်သွားသည်။

ခတ်မီးချောင်းက ဖွေခနဲဝဲခနဲပြေးလွှားနေကာ နောက်ထပ်လှုပ်ရှား သံတွေက ဒီဘက်ကို ပတ်ပြေးလာကြသည့် ဘုန်းရိပ် တို့ပဲဆိုတာ တပ်အပ် သိလိုက်ကာ ..။

"သွားပြီ .. ငါ ကြိုသတိပေးရမှာကို နင့်ဆီ အာရုံရောက်သွားတာ နဲ့ တွိုင်တက်ပြီဟ .. ထ .. ထ .."

ငယ့် လက်ကို ဆွဲ၍ သူ နေရာမှ အပြေးအလွှားထွက်သည်။ တစ်ခုခု ပြသနာစပြီဆို လေ့တိုက်လာတာ မိုးဖွားတွေ ကျလာတာ တိုက်ဆိုင် ဘာဆိုရင်တောင် တော်တော် အံ့သြဖို့ကောင်းသည့် တိုက်ဆိုင်မှုပင် ..။

မှောင်မှောင်မည်းမည်းထဲမှာ မိုးသားတွေကြောင့် အမှောင်ထုက ပို၍ နက်ရှိုင်းနေသည်။ မိုးစက်သံက တစ်ဖြောက် နှစ်ဖြောက်လောက်ပဲ ဆိုမယ့် နောက်က ကပ်လိုက်လာသည့် ခြေသံနှင့်တူနေလေသည်။

"ဒီလောက်တောင် ကြောက်နေရလား ငယ် ရာ၊ လက်တွေက သည်း အေးစက်နေတာပဲ .. ဘာလဲ မောနေတာလား .."

"မောဘူး .."

ဟင်!...။

ဘာသံကြီးလဲ .. ဒါ ..။

ချမ်းသာ ရဲ့ ပြေးနှုန်းက နောက်က ဆွဲထားလိုက်သလို တုံ့ခနဲ ရပ်သွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားပေမယ့် ဆုပ်မိထားသည့် လက်ကို တစ်ချက်ပွတ်ကြည့်လိုက်သေး၏။

ကြောက်လို့ မောလို့ တစ်ခုခုမှမဟုတ်ဘဲ ချွေးမစို အရေးခါတ် ပေါ်ဘဲ အခြောက်တိုက်အေးနေတာကြီး ..။

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားသည့် လက်ကို ဖြုန်းပစ်လိုက်မိ၏။ သို့သော် အေးစက်စက်ကြီးက သူ့လက်ကို ပြန်ဆုပ်ထား၏။

ချမ်းသာ့ နှလုံးသွေးရပ်မတတ် တောင့်ခဲသွားစဉ် ...၊

"ချမ်းသာ .. ဟေ့ကောင် .."

"အောင်မလေး မောလိုက်တာ၊ တော်တော် အားကိုးရတဲ့ကောင် .."

ချမ်းသာ သူတို့ကို ရပ်စောင့်နေသည်ပဲထင်ကာ နောက်ကို ခပ်လွဲလွဲပို့ထားသည့် လက်ကိုပါ ပုတ်ထုတ်ပစ်လိုက်ကာ ...၊

"ဘာခုမှလာပြီး လောကွတ်ချော်နေတာလဲ .."

"ချမ်းသာ .. ဟိတ်ကောင် .. ချမ်းသာ .."

ဘုန်းရိပ် က အရင်ဆုံးသတိထားမိကာ ချမ်းသာ ရှေ့ကို ထပ်တိုးပြီး မျက်နှာကို ပြူးပြဲငုံ့ကြည့်သည်။ ဘာမှ မမြင်ရပေမယ့် မျက်လုံးပြောင်ပြောင်ကိုတော့ သေချာမြင်နေရကာ ...၊

"အောင်မလေးကွာ .. မတ်တပ်အိပ်ပျော်နေသလား မှတ်ရတယ် မင်း .."

သူတို့ ဘာပြောပြော မလှုပ်မယှက် စကားပြန်မရတာဖြစ်နေမှ ငထွားက ပခုံးကို ဆောင့်တွန်းလိုက်ပြီး ...၊

"ချမ်းသာ .."

ဟင် ...၊

ချမ်းသာ မျက်နှာ ဘယ်ပြန်ညာပြန် လှည့်ကြည့်၏။ ပြီးတော့ ...

"ဟို .. ဟိုမှာ .."

ငထွား နောက်ကို လက်ညှိုးထိုး၍ ...၊

"မစံပယ် .. မစံပယ်ကြီး .."

ပြောပြီးတာနှင့် ချာခနဲလှည့်ပြေးလေသည်။ ငထွား နဲ့ ဘုန်းရိပ် မျက်လုံးချင်း သေချာမဆုံနိုင်ပေမယ့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ စိတ်ချင်းတိုင်ပင်လိုက်သည်။

ပြီးတော့ အသက်တစ်ဝကြီးရှိုက်သွင်းလိုက်ကြပြီး ...၊

"ပြေး .."

နှစ်ယောက်သား မကြည့်စတမ်းပြေးခဲ့ကြ၏။ ခလုတ်တွေတိုက်



လိုတိုက်၊ ဟပ်ထိုးလဲကျတော့မလို ဖြစ်လိုဖြစ်နှင့် ...၊

"ချမ်းသာ နေဦးကွ .. မင်းကြီးတော်မို့ စွတ်ပြေးနေတာလား .."

"ဒီကောင် ဒီထဲကိုပဲ စွတ်ပြေးတာကြည့်၊ အကုန်လုံးသိကုန်တော့မှာပဲ.."

ဘယ်သူတွေသိသိ မသိသိ ချမ်းသာ သိနေတာက နောက်မှာ မစံပယ် လိုက်လာနေပြီဆိုတာပဲဖြစ်၏။ ထို့ကြောင့် အားပြုကိုင်ထားစရာတစ်ခုခု ကိုထိမိတာနှင့် ခြေစုံရပ်နားလိုက်သည့် သူ့ရှေ့မှာ မစံပယ် ရဲ့ အလောင်းကြီးရှိနေတာကိုလည်း မမြင် ...၊

"ဟူး .. ဟူး .. ဟူး .."

ယာယီခုတင်ကြီးကို လက်ထောက်မှီလိုက်ပြီး ဟောဟဲဆိုက်နေတာ ပါးစပ်ကနေ တဟူးဟူးအသံထွက်နေတော့သည်။

သူ့ကို သံချောင်း တို့ တအံ့တသြလှမ်းကြည့်နေကြတာကိုလည်း သတိမထားမိ ..။ ယာယီစင်ကိုလည်း မေ့လျော့နေကာ မျက်နှာအုပ်သည့် ပဝါစကိုဆွဲယူပြီး သူ့မျက်နှာကို ဖိပွတ်ပစ်လိုက်၏။

တစ်ပြင်လုံး နံ့သွားမှ မျက်လုံးတွေ ပြန်ဖွင့်လိုက်လျှင် ...၊

ဟင် ...၊

ညိုမည်းဖောင်းကားနေသည့် မစံပယ် မျက်နှာကြီးက သူ့ဘက်လှည့်ပြီး ရယ်ပြနေတာ သွားအဖွေးသားနှင့် ...၊

"သ .. သရဲ .. သရဲဟေ့ .. ပြေးကြ .."

လက်ညှိုးထောင်အော်ကာ ပြေးတော့ပြေးပေမယ့် ယာယီစင်ကို ခဲ ဝိုင်းပတ်၍ ...၊

"ဟိတ်ကောင် .. ချမ်းသာ .."

"သရဲဟ .. သရဲမ ရယ်ပြနေတယ် .. ပြေး .."

"ဘယ်မှာတုန်း .. မရှိဘဲနဲ့ .. ဟေ့ .. ရပ်ဦး .."

တရုတ်ကြီးနဲ့ ဘုန်းကြီးကျောင်းသားနှစ်ယောက်က သူ့ကိုဆွဲဖို့ ဆလိုက်ကြတာဖြစ်၏။ သို့သော် ချမ်းသာ ပတ်ပြေးနေသဖြင့် လိုက်တဲ့ သူတွေလည်း အလောင်းစင်ကို ပတ်နေကြရကာ၊ ကြောက်တဲ့သူက လေးယောက်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လေးယောက်တန်းပြေးနေခြင်းကို ဦးသောင်း ပြေးလွှားရောက်လာပြီး အော်ပစ်လိုက်မှ တားဆီးနိုင်ကြ၏။ သို့သော် တရုတ်ကြီး ဒူးချင်းရိုက်နေရင်း ကျင်ငယ်ရေတွေ ထွက်ကျကုန်လေသည်။

ဘုန်းကြီးကျောင်းသားနှစ်ယောက်က အရှိန်လွန် ခေါင်းချင်းတိုက်မိကာ လန့်ဖျန့်နေသည့်အရှိန်နှင့် သတိလစ်မေ့မြောသွားကြ၏။

"ကြည့်စမ်းပါဦး .. ဝါးဟား .. ဟား .. ဟား .."

သံချောင်း ထတော့ထပြေးလာဖော်ရပေမယ့် လက်ခုပ်တီးဗိုက်နှိပ်ရင်း ဝါးလုံးကွဲရယ်၏။

"သံချောင်း .."

"ဟား .. ဟား .. ဟား .. ကြည့်ပါဦး ဘကြီးသောင်း ရဲ့၊ တရုတ်ကြီး ဟား .. ဟား .. ဟား .. တရုတ်ကြီး မပြီးနိုင်သေးဘူး ဟား .. ဟား .."

"ဟိတ်ကောင် .."

"ခိ .. ခိ .. ခိ .. ဗျာ .."

"တိတ်စမ်း .."

"ခိ .. ခိ .."

"တောက် .. လူရှုပ်လေးတွေ သင်းတို့ကို သူကြီးလက်ထဲမှာ ညသိပ်မှပဲ ဖြစ်တော့မှာ .."

တကယ်လား ..၊

ဦးသောင်း ပါလာသဖြင့် ခြံအဝင်ဝမှာ အသာလေးကပ်ဖယ်ပေးနောက်ချန်နေရစ်ခဲ့သည့် ဘုန်းရိုပ် နဲ့ ငထွား ခြံဝမှာပဲ ခြေစုံရပ်နေရင်း မျက်လုံးချင်းဆုံသွားကြသည်။

သူကြီး ရောက်လာပြီး သူတို့တွေကို 'လိုက်ခဲ့ကြ' လို့များ တကယ်ခေါ်ထုတ်သွားမှာလား ..၊

ဒါ တကယ်ဖြစ်လာမည်ဆိုလျှင် သူတို့ဝင်သွားသင့် မသွားသင့် ..၊



အခန်း (၁၆)

"မင်းတို့ တော်တော်ကို ပွေရှုပ်ကြပါလား၊ အလောင်းကောင်ကိုဝတ်ပြီး ဘာလုပ်ကြတာလဲ၊ ဘယ်မှာလဲ ဘုန်းရိုပ် .. ငထွား လည်းမတွေ့ဘူး.."

ဦးသောင်း ၏ မေးသံကြားမှ ဘုန်းရိုပ် တို့ ခပ်ကုပ်ကုပ်ဝင်လာကြ၏။ ခြင်တွေ နှိပ်စက်ထားသဖြင့် ယားယံနေဆဲ ခြေထောက်တွေက အငြိမ်နေလို့မရ ..၊

ဒါပေမယ့် ကုပ်ဖွဲ့နေရင်လည်း သူတို့ခပ်ဝေးဝေးရောက်နေကြတာ ဦးသောင်း သိသွားနိုင်တာမို့ ဘုန်းရိုပ် ခြေထောက်ရင်း မသိမသာပွတ်နေရ၏။

"မင်းတို့က ဘယ်ကပြန်လာကြတာလဲ .."

"ခြံဝမှာပဲလေ .. ဘကြီးသောင်း မြင်သားနဲ့ .. အဟဲ .."

"ဘာလဲ .. အဟဲဆိုတာက .."

"အဟဲဆိုတာ .. ဟို .. ယုံပါလို့ .."

ငထွား ရယ်ပြနေရပေမယ့် ရင်တွေခုန်နေလေသည်။ ဘကြီးသောင်းက ခပ်တုံးတုံးပုံစံပေမယ့် တစ်ခါတစ်ခါ ဒေါသထွက်ပြီဆို ကြောက်စရာ။

ပြီးတော့ ကိုယ်တိုင်က လူကဲခတ်မကောင်းရင်တောင် မေးခွန်းတစ်ခုကိုပဲ လှည့်ပတ်မေးပြီး အလိမ်ပေါ်တတ်တာ ဆွဲချရှေ့နေတက်ဆိုး၏။

"သြော် .. ခြံဝမှာ ဘာလုပ်နေကြတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟင် ..၊

'ဘုန်းရိပ် မင်းအလှည့်' ဆိုသည့်အကြည့်နှင့် ထွေး က တာဝန်လွှဲ၏။

"အဟမ်း .."

"အံမာ .."

ဘုန်းရိပ် က ချောင်းဟန့်ပြီး လျှာသပ်လိုက်သေးသည်။

"ဒီလိုပါ .. သူတို့က သရဲမြင်တယ် ဘာညာတွေလျှောက်ပြောနေလို့ ကျွန်တော်တို့က ကာကွယ်လိုစိတ်နဲ့ ခြံထဲမှာ လျှောက်ပတ်ပေးနေတာပါ .."

"စကားကို ပီအောင်ပြော .."

သံချောင်း က ခပ်တည်တည်နဲ့ စကားလှမ်းထောက်၏။

"သံချောင်း .."

"ဗျာ .. ဘကြီးသောင်း .."

"မင်း ပါးစပ်ကိုပိတ်ထားမလား မထားဘူးလား .."

"ဟုတ်ကဲ့ပါ .. ကျွန်တော်က ဘကြီးသောင်း နားကြားလွဲသွားမှာစိုးလို့ သတိပေးတာပါ၊ လျှောက်ပတ်ပေး .."

"ဟိတ်ကောင် .."

"ဟုတ် .."

သံချောင်း က ဘုန်းရိပ် ကို မိတ္တူပွားဖို့ကြိုးစားနေတာမို့ ပြောရဲဆိုရဲရှိတာ မျက်နှာထားပုံကအစ ဘုန်းရိပ် လို တစ်ထပ်တည်းအတုခိုး၏။

ဦးသောင်း က မျက်နှာသေလေးတွေနှင့် ကြောက်မပြေဖြစ်နေသေးသည့် ချမ်းသာ တို့ လေးယောက်ထိုင်နေကြတာကို လှမ်းကြည့်ကာ..၊

"မင်းတို့က အလောင်းစင်ကို ပတ်ပြီး ဘာလဲ .. ပရိတ်ရွတ်နေကြတာလား .."

"ချမ်းသာ ဘာဖြစ်လာမှန်းမသိလို့ ထပြေးသွားတာပါ .."

တရုတ်ကြီး ကပဲ စဖြေကာ ဒူးနှစ်လုံးကို ဖက်ထားရင်း ကိုယ့်ဒူး



ကို ပြန်ငုံ့နမ်း၏။ ပြီးတော့ မလုံမလဲမျက်နှာနှင့် လိုက်မော့ကြည့်၍ ..၊

"ချမ်းသာ က ဒီတိုင်းပြေးနေလို့ လိုက်နေရင်းနဲ့ မသာကိုလှမ်းကြည့်ပြီး .."

"မသာက မျက်လုံးပြူးပြဲရောလား .."

"အောင်မလေး .. ဘကြီးသောင်း .."

အကင်းမသေသေးသည့် ချမ်းသာ က ဦးသောင်း ရှေ့ကို အပုံလိုက်ကျလာ၏။ ပြီးတော့ ခြေထောက်နားကပ်ထိုင်၍ ..၊

"ဘကြီးသောင်း မနောက်နဲ့နော် .."

"အံမာကွာ .."

"ဟုတ်တယ် ဘကြီးသောင်း .."

ဘုန်းကြီးကျောင်းသားတစ်ယောက်က အလောင်းစင်ရှိရာကို ကျောခိုင်းထိုင်လိုက်ပြီး အသံတုန်တုန်နှင့် ..၊

"တစ်ခုခုတော့ လုပ်ပြထားသေချာတယ်၊ တကယ် .. တကယ်ပြောတာ မျက်နှာကြီးက .. အောင်မလေး ဟိုမှာ .."

မျက်နှာမူထားရာကို လက်ညှိုးထိုး၍ မျက်လုံးကို စုံမှိတ်အော်၏။

အားလုံး လှည့်ကြည့်လိုက်ကြတော့ လေကာထစ်ပေါ်မှာ ငယ် က အံ့အားသင့်နေသည့် မျက်နှာလေးနှင့် ထိုင်နေတာ မြင်ရကာ ..၊

"ငတိုး .. ဟိုမှာ ငယ်ငယ် ရယ်ပါ၊ မျက်လုံးလေးဘာလေး ဖွင့်ကြည့်ဦး .."

ငယ် က သူမကိုကြောက်သွားတာမှန်းသိကာ ကမန်းကတန်းဆင်းလာ၏။ ကျောင်းသား ငတိုး က ထိုအခါကျမှ သေချာမော့ကြည့်ကာ..၊

"နင်က .. ဘာလို့ သနပ်ခါးတွေ လိမ်းထားတာလဲ .."

"အရီးလှ လိမ်းခိုင်းလို့ပါ .."

"ဟော .. ဒါနဲ့ မယ်လှ ငြိမ်နေပါလား၊ အောက်မှာ ဒီလောက် ဝရုန်းသုန်းကားဖြစ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"အရီးလှ .. အိမ်နေတယ် ဘကြီးသောင်း .."

"ဟော ..."

ပူပင်သောကနဲ့ လူကြီးတစ်ယောက်က ဒီလောက်ထိ အိပ်နေတာ ဟုတ်ပါ့မလား ...၊

အားလုံးကလည်း ဒါကို စိတ်ဝင်စားသွားကြပြီး ဦးသောင်း ဘာ ထပ်မေးမလဲ နားစွင့်နေကြ၏။

"အိပ်နေတာမှ ဟုတ်ရဲ့လား ငယ်ငယ် .. လူကြီးဆိုတာ ယုံရတာ မဟုတ်ဘူး .. ခေါ်ခက် မကြည့်ဘူးလား .."

"ခေါ်တယ် ဘကြီးသောင်း ပြန်မထူးပေမယ့် ပြုံးနေတာနဲ့ .."

"ဘာ ..."

ဦးသောင်း မျက်မှောင်ကုတ်လျက် ...၊

"ပြုံးနေတယ် .. ဒီမှာ ဆူညံနေတာကိုလား .."

"မဟုတ်လောက်ပါဘူး .. မမစံပယ် က ခြောက်နေတယ်ပြောရင် အရီးလှ ကြိုက်မှမကြိုက်တာ .."

"ဒါဆို ပြုံးနေတာက .."

"နတ်သူငယ် မြူတာနေမှာပေါ့ .."

"ဘာ ..."

"ခို .. ခို .. ခို .."

"ဟာ .. လာပြန်ပြီ .. ဒီ .. ခိ .. ခိ .."

ဦးသောင်း ဒီအသံကို နားကြားပြင်းကပ်လာပြီး လှည့်ကြည့်တော့ တရားခံကို မတွေ့ ...၊

ဒါပေမယ့် သံချောင်း မျက်နှာ စပရိန်တွန့်ဖြစ်နေဆဲကို မျက်မှောင် ကုတ်ကြည့်လိုက်ပြီး ...၊

"ဘယ်က ရယ်သံမှမထွက်နဲ့ .."

ဦးသောင်း လူငယ်တွေကို စိတ်တိုင်းမကျပေ ...၊ ဒါပေမယ့် ဘယ်



သူပြန်၊ ဘယ်သူနေခဲ့လို့ ခွဲထုတ်လိုက်ဖို့က အသုဘအိမ်မှာ လူအင်အား က သိပ်မရှိ ...၊

"ငယ်ငယ် .."

"ရှင် .."

"နင့်ကို မယ်လှ က အပေါ်မှာ ဘာတွေခိုင်းထားတာလဲ .."

"သူ့နားပဲနေဖို့ပြောတာ ဘာမှမခိုင်းဘူး၊ အဲ .. ဒါပေမယ့် သနပ်ခါး လိမ်းခိုင်းတယ်၊ အောက်မဆင်းနဲ့လို့လည်း ပြောတယ် .."

"ဒါပဲလား .."

"ဟုတ် .."

ထုံးစံအတိုင်း သတိပေးကြိမ်းမောင်းပြီး မီးစက်မီးနဲ့ ဘက်ထရီမီး ချိန်းပေးလိုက်သည်။ ပြီးတော့ ပြန်လာခဲ့၏။ မီးစက်တွေ တဖွားဖွားကျ နေဆဲမှာ အိပ်ချင်စိတ်လည်းကုန်ပါ၏။

ဦးသောင်း ကိုယ့်အိမ်ပြန်ရောက်တဲ့အထိ မီးရောင်မြင်နေရသည့် ဒေါ်လှ တို့အိမ်ဘက်ကို လှမ်းမျှော်ကြည့်မိသေးသည်။

စိတ်ထဲမှာ မယ်လှ ရူးများရူးသွားပြီလားဆိုသည့် အတွေးကလဲ ကြီးစိုးနေခဲ့လျက် ကြာလာလေ ဒါ ဖြစ်နိုင်သည်လို့ တွေးမိလာလေ ...။

သို့သော် လူတစ်ယောက် သေသည်ရှင်သည်ဆိုတာ တရားနဲ့ ဖြေသိမ့် နိုင်ဖို့ ခဲယဉ်းပေမယ့် ဖောက်ပြန်ရူးသွပ်သွားရတဲ့အထိတော့ ဖြစ်ဖို့မရှိ ဘူးမို့လား ...၊

"အဖေ .."

"ဟင် .."

ခင်ဆုံ ကလည်း အဖေ ပြန်လာရင် ဆူခံထိတော့မှာလားဆိုသည့် အတွေးနှင့် ရင်တုန်နေခဲ့တာဖြစ်သည်။ ထို့ပြင် ဆူညံသံတွေလည်း ကြား နေရသဖြင့် ပြဿနာတစ်ခုခုရှိပြီဆိုတာ သိနေခဲ့၏။

ဦးသောင်း ပြန်ဝင်လာပြီး ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ..၊

"အမေ .. ဘာဖြစ်လို့လဲဟင် .. မိုးမိလာလို့လား .."

အနားမှာ ခင်ဆုံ ဝင်ထိုင်လိုက်တော့ ဦးသောင်း ငုံ့ကြည့်ကာ ..၊

"နင်က ခုထိ မအိပ်သေးဘူးလား .. ဘာလုပ်နေတာလဲ .."

ဒါဆို ငထွား တို့နဲ့ အမေ ပက်ပင်းမတိုးဘူးဆိုတာ သေချာသွားပြီမို့ ခင်ဆုံ စိုးရိမ်စိတ်ပျောက်သွား၏။

"သမီးလည်း အဲဒီအိမ်ဘက်ကိုပဲ စိတ်ရောက်နေတာနဲ့ အိပ်လို့မရဘူးဖြစ်နေတာ ..၊ အမေ အဲဒီကို သွားလိုက်ပြန်လိုက်နဲ့ မိုးမိပြီးဖျား.."

"မဟုတ်တာ သမီးရယ် .. တောသူတောင်သားပဲ နေပူမိုးရွာတာလောက်ကို 'ဟတ်ချိုး' ဖြစ်နေပါ့မလား .."

"ဒါဆို အမေ ဘာဖြစ်လာတာလဲဟင် .."

ခင်ဆုံ မှန်အိမ်မီးကို မီးစာမြှင့်လိုက်ပြီး နှစ်ယောက်နား ပိုနီးအောင်ဆွဲယူရွှေ့လိုက်၏။ ဦးသောင်း က မှန်အိမ်မီးကို အဓိပ္ပာယ်မဲ့ကြည့်နေရင်း..၊

"မယ်လှ ရဲ့ ပုံစံက ထူးခြားနေတယ်၊ ပြီးတော့ သူ တစ်ခုခုကြံစည်နေတာလို့ အမေ ခံစားမိနေတာလည်း ဘာဖြစ်လို့မှန်းမသိဘူး ကြာလေ ပိုခံစားမိလေပဲ .."

"မမစံပယ် ရဲ့ အသုဘကလည်း မိုးထဲရေထဲကျမှ ဒုက္ခပါပဲနော်၊ သေသွားတဲ့လူကို အပြစ်တင်တာ မကောင်းပေမယ့် ဒီအသုဘကြောင့် လူကြီးလူငယ် ဘယ်သူမှ မနေရဘူး .."

"ဟုတ်တယ် .. ခက်နေတာက ရေအိုင်ပြီး တောင်ပိုင်းကွင်းစပ်က ကန်ဟောင်းကြီး ကန်သင်းပဲ့ကျသွားတယ် .."

"ဟယ် ..."

"ကန်ထဲမှာ ဝပ်နေတဲ့ ရေတွေက ဒီဘက်အကုန်ကျပြီး သင်္ချိုင်းတစ်ခုလုံး ရေမြုပ်နေပြီ .."

"ဒါဆို .. မိုးပြတ်သွားရင်တောင် ဒီအသုဘကို .."



"ကဲ .. ကဲ .. စိတ်ညစ်စရာတွေ တွေးမနေနဲ့တော့၊ မနက်ဖြန်ကျ[illegible]င်တော့ သူကြီးနဲ့ သေချာတိုင်ပင်ရတော့မယ်၊ အလောင်းကို ဗိုက်ခွဲ[illegible]ဖို့လည်း မယ်လှ က သဘောမတူဘူး၊ မြေချဖို့လည်း ခက်နေတယ်၊ [illegible]အလောင်းမြေချနိုင်ဖို့ တခြားနည်းလမ်းတစ်ခုခု ရှာမှဖြစ်တော့မှာ .."

"အမေ ခုန ဒေါ်ကြီးလှ ပုံစံ ထူးခြားနေတယ်ဆိုတာက ဘာလဲဟင်၊ [illegible] ဘာဖြစ်လို့လဲ .."

"ဘာဖြစ်ရမှာလဲ .."

ဦးသောင်း က ပြောလက်စနှင့် ခုန တရုတ်ကြီး တို့ အလောင်းကို [illegible]ပြေးပြီး သေးပါချတာတွေပါ ပြောပြလိုက်ကာ ..၊

"ဟော့တော် .."

"အဲဒီလိုတွေ ဖြစ်ပျက်နေတာတောင် သူက ပြုံးနေတယ်၊ တစ်[illegible]လေးမှ အသံမထွက်ဘဲ တမင်မျိုသိပ်ကျေနပ်နေတာနဲ့ မတူဘူးလား.."

"ဟုတ်ပါ့မလား အမေရယ်၊ ဒေါ်ကြီးလှ က သရဲခြောက်တယ်[illegible]တာတောင် ကြိုက်တာမဟုတ်ဘူး .."

"ဒါကြောင့် ထူးဆန်းတယ်လို့ အမေ ပြောတာပေါ့၊ မယ်လှ ရူးနေ[illegible]ဟုတ်ရင်လည်း တစ်ခုခု အကြံရှိထားတာတော့ သေချာသလောက်ပဲ.."

ခင်ဆုံ က မျက်မှောင်လေးကုတ်နေရင်း ခဏကြာမှ ..၊

"နေ့လယ်တုန်းက ရွာထဲမှာ ဟင်းရွက်လည်ရောင်းတဲ့ ဒေါ်ပုတု [illegible]ပြောသွားတာရှိသေးတယ် အမေ .. ဒေါ်ကြီးလှ က အိမ်တွင်းအုန်း[illegible]တဲ့အပြင် အိမ်စောင့်နတ်တွေ ဝိုင်းစောင့်နတ်တွေကို သူ့အိမ်မှာ [illegible]စောင့်ရှောက်ပါနဲ့လို့ နှင်ထားတယ်တဲ့၊ ပြီးတော့ ဘုရားဆွမ်းတော်[illegible] မကပ်တော့ဘူးတဲ့၊ သူတော်ကောင်းအိမ်ဆို မကောင်းဆိုးဝါး[illegible]နိုင်ဘူးတဲ့ .."

"ဒါဖြင့် .. သူက အိမ်မှာ သရဲမွေးတော့မယ်ပေါ့ .."

"မသိဘူး အမေ .. ဒေါ်ပုတု ဆီက မနက်အရုဏ်ဆွမ်း[illegible]အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်နေကျတဲ့၊ ဒေါ်ပုတု.ကလည်း ဒေါ်ကြီးလှ အိမ်ရောက်ရင် ဒီလို ပဲ ထိုင်စကားပြောနေကျတဲ့ .. မနက်တုန်းကတော့ ရွာလယ်ဇရပ်မှာ တွေ့ပြီး အဲဒါတွေ ပြောဖြစ်ကြတာတဲ့၊ ဆွမ်းလည်း မလောင်းဘူး၊ ဆွမ်း တော်လည်း မကပ်တဲ့အတွက် ဘာမှ မဝယ်တော့ဘူးလို့တောင် ပြော လိုက်သေးတယ်တဲ့ ..”

“ငါတို့ကိုတော့ ဘာတစ်ခုမှ ဆိုးတာကောင်းတာမပြောတော့ဘဲ ပြောချင်တဲ့လူကို ပြောပြနေတာပဲ၊ ဘာပဲဖြစ်ဖြစ် သိလိုက်ရတာကိုတော့ ကျေးဇူးတင်ရမှာပဲ ..”

“အဖေ ..”

“ဟင် ..”

“အိမ်မှာ နတ်ကောင်းနတ်မြတ်တွေ မစောင့်ရှောက်တော့ဘူးဆို ရင် မကောင်းဆိုးဝါးတွေ ဝင်ထွက်ကြတော့မှာပေါ့နော် ..”

“အင်း .. ပြောရရင်တော့ ယုံကြည်မှုတွေပါပဲ၊ လမ်းဘေးမှာ အမိုးအကာ နံရံသုံးဘက်တည်းနဲ့ မလုံမခြုံအိပ်နေရတဲ့လူတွေဆို ဘယ် လိုလုပ်မလဲ ..”

“ဒါပေမယ့် ..”

“ကဲ .. ကဲ .. အိပ်တော့ ..”

ဦးသောင်း က ပြောပြီးတာနှင့် အခန်းထဲ ထဝင်သွားသဖြင့် ခင် ဘာမှဆက်ပြောလို့မရတော့ဘဲ ကျန်ခဲ့၏။

ဒီညကနေ နောက်မနက် မိုးမလင်းခင်ထိ ဘာမှတွေဖြစ်ကြဦးမည် မသိ ..၊



အခန်း (၁၇)

“ဘာ ...”

“တကယ်လား .. မိငယ် ..”

“ဟုတ်တယ်၊ ဘုရားစင်ပေါ်မှာ ဘုရားဆင်းတုတော်လေးတောင် ရှိတော့ဘူး ..”

“ဘယ်သွားထားလိုက်တာလဲ ..”

“စောင်နဲ့ပတ်ပြီး ဘုရားစာအုပ်တွေထားတဲ့ သေတ္တာထဲ ထည့်ထား လိုက်တာ ..”

“အဲဒါ ဘာတွေလျှောက်လုပ်တာလဲ ..”

“ငယ် လည်း မသိဘူးလေ၊ ဒါပေမယ့် ငါ့သမီး ဘယ်မှသွားစရာ မလိုဘူးလို့ ပြောနေတာပဲ ..”

စုပိုင်းထိုင်နေကြသည့်လူတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ မိုးကတစိမ့်စိမ့်ရွာနေသည့်အသံက ညဉ့်နက်နက်ကို တယော စိုးနေသလိုပင် ..၊

ဘက်ထရီမီးတွေကလည်း မဖောက်မပြန် ရှိနေခဲ့၏။ သို့သော် .. ဒါလှ လုံးဝကြီး ငြိမ်သက်နေတာကို သူတို့ စိတ်ထင့်နေကြလေသည်။

“အား .. ချမ်းလိုက်တာ ..”

“မင်းကလည်း လူကြားထဲမှာနေပြီးတော့ ..”

www.burmeseclassic.com

www.burmeseclassic.com



"မိုးစောတော်ပါနေတဲ့လေက ဘယ်လောက်ချမ်းတယ်မှတ်လို့လဲ ..."
မင်းက ဂျာကင်ကြီးဝတ်ထားပြီး ငါ့ကို ကဲ့ရဲ့နေ .."
ထွေး က ဘုန်းရိုပ် ကို ပခုံးချင်းပြန်တိုက်ပြီး တစ်ခွန်းမှ မခံ.. တခြား
လူတွေကတော့ ကြောက်သည့်စိတ်ကို တိုက်ဖျက်မရဖြစ်နေကြကာ ..
"ငါတို့ကမှ ဒုက္ခ .."
"ဘာဖြစ်လို့လဲ .."
ဘုန်းကြီးကျောင်းသား တေွး က မှောက်တွိုင်ထိုင်ရင်း စတင်
ညည်းညူ၏။ ခုထိ နှာခေါင်းမှာ နှာနေဆဲရှိသည့် ကျောင်းသားစိန်တုတ်
က မှောင်ချိတ်နေသည့် ပတ်ဝန်းကျင်နှင့် တစ်ပေချောင်း မီးလေးလင်း
နေသော အလောင်းစင်ကို စေ့ခနဲကြည့်သည်။
ပြီးတော့ မျက်နှာကမန်းကတန်း လွှဲပစ်ကာ ..
"ငါတို့ ပြန်ချင်ရင်တောင် ဒီမသာကို ဖြတ်ပြီး အမှောင်ထဲမှာ
ဘယ်လိုလုပ်ကြမလဲ .."
"အဲဒီတော့ ပြန်မနေနဲ့ပေါ့ကွာ .."
"ခင်ဗျား ပြောမှ သတိရတယ်၊ ကိုသံချောင်း ကြည့်ရတာ ကြောက်
တတ်ပုံမပေါ်ဘူး၊ ကျွန်တော်တို့ကို ကျောင်းနားထိ လိုက်ပို့ပေးပါလား"
"ဟား .. ဟား .. ဟား .."
သံချောင်း က ခပ်မိန့်မိန့်ရယ်ပြီး အားလုံးကိုကြည့်ကာ ..
"မင်းတို့ကနှစ်ယောက် ငါက တစ်ယောက်တည်းကွာ .. နှစ်ယောက်
ပြန်ရမယ့်လူက ကြောက်နေရသလား .."
"ခင်ဗျားကလည်း တစ်ယောက်တည်းပြန်ရမှာ ကြောက်နေတာလား"
"ငါ့ရာဇဝင်မှာ သရဲကြောက်လို့ အော်ရပါတယ်ဆိုတာ တစ်ခါမှ
မရှိခဲ့ဘူး .. သဘောပေါက် .."
"ကဲ .. တော်ကြစမ်းပါကွာ .."
ချမ်းသာ ၏ စိတ်ညစ်လက်ညစ် ညည်းညူသံဖြစ်ကာ အားလုံး
ခပ်လှမ်းလှမ်းမှာ ခေါင်းကုပ်ထိုင်နေလျက် ..
"ငါ ဗိုက်ဆာလာပြီ .."



"အေးပေါ့ .. ဒီလောက်ပတ်ပြေးနေရတာ .."
"ငါလည်း ပြန်ချင်တာပဲ .."
တရုတ်ကြီး အသံ ထွက်လာတော့လည်း သံချောင်း က လှမ်းကြည့်ကာ..
"ဒါပေါ့ ပါချထားတာ နည်းတာမှ မဟုတ်ဘဲ .."
ဘယ်သူ့ကိုမှ အလွတ်မပေးဘဲ စနောက်နေကာ သံချောင်း မျက်နှာ
က သံပုရာသီးကိုက်ထားသလို ..
"မိငယ် .."
"ရှင် .."
"ငါတို့စားဖို့ တစ်ခုခုလုပ်ပေးပါဟာ .."
"ဟုတ်တယ် လုပ်ပေးလိုက်၊ အားလုံး ကြောက်လန့်နေကြတဲ့
ကြားက မပြန်ဘဲ နေပေးကြတာ၊ မသာရှင်က ကျေးဇူးတင်ရမှန်းမသိဘူး.."
ဘုန်းရိုပ် က ခပ်ကျယ်ကျယ်ပြော၏။ သူတို့တွေ မျက်လုံးပြူး
သွားကြပြီး ဒေါ်လှ တစ်ခုခု ထအော်တော့မှာကို သိလိုက်ကြသည်။
သို့သော် .. ဘာသံမှ ထွက်မလာခဲ့သဖြင့် ကိုယ်စီသက်ပြင်းမော
ချမိကြပြီး ငယ် မရှိတော့တာကို လှည့်ကြည့်၍ ..
"လက်သုပ်လေး တစ်ခုခုစားရင်း ဖဲရိုက်ကြရင် ကောင်းမလား.."
သံချောင်း က ဘုန်းရိုပ် ကို ကပ်ပြောသည်။ ဘုန်းရိုပ် က ထွေး ကို လှမ်း
ကြည့်၏။ ထွေး က ချမ်းသာ ကို တစ်ဆင့်လှမ်းကြည့်ပြီး နှုတ်ခမ်းမဲ့၍ ..
"သဘောပဲလေ .. ငါကတော့ အဆင်သင့်ပဲ .."
"အေး .. ဟုတ်တယ်၊ အရီးလှ ဆီကလည်း ကန့်ကွက်သံထွက်
မလာပုံမရှိတော့ ချလိုက်ရအောင် .."
တရုတ်ကြီး မျက်လုံးကျယ်သွားသည်။ ဖဲသမားသုံးယောက်နဲ့
ဘုန်းရိုပ် တို့ အဆင်ပြေသွားလျှင် သူ့တိုက်တွန်းချက်မထုတ်ရဘဲ ဖဲရိုက်
ရတော့မှာမို့ ဝမ်းသာသွား၏။
"ချမ်းသာ ရော .."
"ငါတို့ မပါဘူးနော် .."
တေွး တို့က ပြိုင်တူထပြောကြကာ ..
"ဆရာတော်သိရင် ကြိမ်လုံးစာမိမှာ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ပြန်ကြလေ .."

"မပြန်ရဲလို့ပေါ့ .."

"ဖဲလည်း မရိုက်ဘူး၊ ဒီလောက်သေအောင်ကြောက်နေပြီး တစ်ညလုံး ဘာထိုင်လုပ်နေမှာလဲ .."

"ပုဆိုးခြုံ အိပ်နေမယ် .."

ပြောနေရင်း လူလယ်ခေါင်မှာပဲ ပူးကပ်လှဲလိုက်ကြ၏။

"ငါလည်း မပါချင်ဘူး၊ ခဏ မှိန်းချင်သေးတယ် .."

ဘုန်းရိပ် က ဝါးခနဲသမ်းပြီး ပက်လက်ဝါးကုလားထိုင်အစုတ်ကြီးနား လျှောက်သွား၏။

အလောင်းစင်နဲ့ နီးနီးလေးမို့ အားလုံးက သူ့ကိုလှည့်ကြည့်နေကြ၏။ ထိုပေါ်မှာပဲ ထိုင်ချလိုက်တော့မှ ...၊

"ဟိတ်ကောင် .. ရေမွှေးနဲ့လို့ ထင်နေလို့လား .."

"ငါ လေကြောင်းသိတယ် ငထွား၊ မိုးမတိတ်မချင်း ဒီနေရာမှာ အနံ့အသက်ကင်းစင်နေလိမ့်မယ် .. မယုံရင် လာရပ်ကြည့်လိုက် .."

"ယုံယုံ မယုံယုံ အဲ့ဒီနားလာဖို့ စိတ်မကူးဘူး .."

သူတို့တွေ ဖဲထုပ်ကို ရှေ့မှာချလိုက်ပြီး နေရယူလိုက်ကြစဉ် ...

"ဝှမ် .."

"ဂလုံ .. ချွမ် .."

"ဟ .. မိငယ် တော့ ရန်စနေပြီ .."

မီးဖိုချောင်လေးက သေသေသပ်သပ်နှင့် အဆောင်သပ်သပ်ခွဲထားပေမယ့် အိမ်မကြီးနဲ့ တွဲလျက်ပဲမို့ သူတို့နဲ့ သိပ်တော့ အလှမ်းမဝေးပေ။

"မီးမထွန်းဘဲ လုပ်နေတာကိုး အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ပြီပေါ့.."

"သူ့ဟာသူ အိုးခွက်နင်းတာကိစ္စမရှိဘူး၊ အရီး နိုးလာမှ ငါတို့ ဖျာလိပ်ပြီး အိပ်ရမှာ .."

"အိပ်လို့ရရင်လည်း ကောင်းသားပဲ .."

"ဟုတ်တယ် .. မကြည့်ချင် မြင်ရက်သား .."

တရုတ်ကြီး က အလောင်းစင်ကို ခပ်စောင်းစောင်းလှမ်းကြည့်ပြီး မဲ့ကာ ...၊



"ပုတ်တယ် ပွတယ် နံတယ် ဆော်တယ်နဲ့ တစ်ညလုံး တရားမှတ်နေရတော့မှာ .."

"ရှဲ .."

မီးခြစ်ခြစ်လိုက်သံနှင့်အတူ မီးဖိုချောင်လေးထဲမှာ လင်းသွားတော့သူ့မျက်မြင်ကြည့်မိကြပြန်၏။ ထုသံထောင်းသံတွေ ထွက်လာတော့လည်း ထိုအသံ၏ အပေါ်က ကြားသွားမှာစိုးကာ သူတို့မျက်နှာတွေ မဲ့သွားကြသည်။

"ကဲ .. ချကွာ .. လုပ် .. မင်းက ဝေလိုက် .."

"ဟုတ်တယ် .. သိမ်းဆိုရင် သိမ်းလိုက်ရုံပေါ့၊ ဟိုကောင်တွေ ကြည့်ဦး ခေါင်းချတာနဲ့ ပျော်တော့တာပဲ .."

"ပျော်မှာပေါ့ .. ဆေးရိုးတွေနဲ့ မီးဖိုထားတော့ ခြင်မှ မကိုက်တာနေပြီး စိမ်ကျနေကြတာ .."

ဘုန်းရိပ် တို့လူစုထဲမှာ အောင်ကြီး က ရောက်ကိုမလာခဲ့တာဖြစ်ရာ ချမ်းသာ နဲ့ ဘုန်းရိပ် က အိပ်ပျော်နေကြပြီဖြစ်သည်။

ငထွား တစ်ယောက်ပဲ လတ်ဆတ်နေသည့်မျက်နှာနှင့် ဖဲဝိုင်းမှာ ထက်ကြွနေလျက် ...၊

"ကောင်းတယ် .. ငါတို့ချည်းပဲ ကျွေးတာမွေးတာလေးစားပြီး ညစိမ်ယစ်လို့ရတာပေါ့၊ မင်းတို့ မကြောက်တာ သေချာတယ်နော်.."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ မင်းက .."

သံချောင်း က ဘုန်းရိပ် အသံနှင့်တူအောင် ရယ်နေပြီဆို တော်တော်နဲ့ မပြီးတတ်ဘဲ ...၊

"မင်းတို့အုပ်စုသာ လူရှိန်အောင် မကြောက်သလိုလိုနေကြပြီး အဖော်ရမှ ခြေကုန်သုတ်နေကြတာပါ .."

"ဘာကွ .."

"ဟား .. ဟား .. မင်းတို့ ခင်ဆုံ ကို သွားချောင်ကြတာ ငါမသိဘူးထင်လို့လား၊ ချမ်းသာ နဲ့ အတူတူ ခွေးပြေးပြေးလာကြတာလေ .. ဟီး.. ဟီး.."

"ခွေးပြေး မပြေးလို့ နောက်မှာပါလာတာပေါ့ကွ .."

"နောက်မှာ ကျန်ခဲ့တာပါ .. အပြေးနောက်ကျသွားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လေကျယ်မနေနဲ့ .. မင်းကို အပျိုကြီးနဲ့ တည့်တည့်တိုးဖို့ ဆုတောင်းပြီး ငါအဓိဋ္ဌာန်ဝင်ဦးမယ် .."

"လုပ်လေ .. ဟား .. ဟား .. ဟား .. ဘုန်းရိပ် လို လူရှိန်အောင် မဟုတ်ဘူးနော် ..၊ အဟဲ .. သတ္တိကောင်းတဲ့နေရာမှာတော့ သူ့ထက် .. ဆယ်ဆ .."

လက်တွေထောင်လိုက်ကွေးလိုက်နှင့် ကျော်ဟိန်း နဲ့တူအောင် ကြိုးစားနေတာလားမသိ ..။

ငထွား က မျက်စောင်းကြီးတစ်ချက်နှင့် နေရာမှ ထရပ်သည်၊ ဒီကောင် ဘုန်းရိပ် နဲ့ဆို ဒီလိုရယ်နေနိုင်မှာမဟုတ် ..၊

အကြည့်က ပက်လက်ကုလားထိုင်ပေါ်မှာ မျက်နှာမှောအိပ်နေသည့် ဘုန်းရိပ် ဆီ ရောက်သွားသည်။

"ချမ်းသာ .."

မီးဖိုချောင်ဘက်က ခေါ်သံထွက်လာသဖြင့် ခေါင်းထောင်သွား၏။

"ချမ်းသာ က ဗိုက်ဆာတယ်ဆိုတာနဲ့ပဲ ချမ်းသာ ကို ကွက်ခေါ်မနေနဲ့ မိငယ် .. ငါတို့အားလုံးစာနော် .. မပြောမရှိနဲ့ .."

"လာယူဖို့ခေါ်တာ နေမှာပေါ့ကွာ .. သွားယူလိုက်စမ်းပါ၊ ငါဗိုက်ဆာနေပြီ .."

ချမ်းသာ က လူမမာသံနှင့် ပြောပြီး ဗိုက်ပွတ်ပြနေသည်။ ငထွားက မိန်းမတွေ ရန်တွေ့သလို ပုဆိုးစနှစ်ဖက်ကို ဖင်ပေါ်ရောက်သွားအောင်ခါးထောက် 'မ' ၍ ..၊

"မင်းလည်း လုပ်ထားဦး .. သတိလေးတစ်ချက်လစ်ထားလိုက်တာနဲ့ လူမမာဝဲစားလေးကျနေတာပဲ .. ဟွန်း .. ငါ့အကျိုးဆောင်ပေးထားလို့ပေါ့.."

"ကဲ .. စကားများလိုက်တာကွာ .."

ငထွား မကျေနပ်ပေမယ့် သွားတော့သွားလိုက်၏။ သူ မီးဖိုချောင်အဝင်ဝရောက်တာနှင့် ကြွေရည်သုတ်ဇလုံအဖြူကြီးက သူ့ရှေ့တန်းရောက်လာသဖြင့် ဇလုံကို ယူလိုက်ရင်း စိတ်က ဇလုံထဲက လက်သုပ်ကိုပဲ စူးစိုက်သွားမိကာ ..၊

"အံမာ .. ငှက်ပျောဖူးသုပ်ပါလား .. ချမ်းသာ အကြိုက်ပဲ၊ ရေကာဘယ်သူ့အကြိုက်ဖြစ်ဖြစ် စားရဖို့အဓိက .."



စားကြမယ်ဆိုမှ ပန်းကန်နားမှာ စုပြုံလာကြသည်။ ချမ်းသာ ကထိုင်နေရာကနေ ဖင်ရွှေ့လာပြီး နှာခေါင်းရှုံ့မှုပ်မှုနှင့် ..၊

"ဟွန်း .. တစ်ချောင်းတည်းလား .."

"ကဲ .. အဲ့ဒီ ငကြောက်ကို ဖွန်းပေးလိုက်စမ်းပါကွာ၊ ငါတို့က ခုမှ ပိုင်ဇီးစမှာ၊ တို့ဖို့ ချန်ထားလိုက် .."

သံချောင်း က တစ်ချက်ပဲလှည့်ကြည့်ပြီး ဖဲချပ်တွေဆနေသည်။ ငထွားက သူတို့ဘေးမှာပဲ ဝင်ထိုင်ပြီး ချမ်းသာ နဲ့ ခေါင်းချင်းဆိုင်စားနေရင်း ..၊

"ကြက်သွန်လှီးပြီးသားတွေနဲ့ သုပ်ထားတာလားမသိဘူး .."

"အေးလေ .. ငြီးစော်နံသလိုပဲ .."

"အင်း .."

ချမ်းသာ က ခေါင်းညိတ်ဝါးနေရင်း ဇလုံကို ပိုမြှင့်ကိုင်ကာ ဖွန်းနဲ့ လှျောက်ဖွ၍ ..၊

"မဟုတ်ဘူးကွ .. ဘဲဥခေါက်မွှေပြီး ဆေးချထားတဲ့ပန်းကန်ကို ပြန်သုံးထားတဲ့ အနံ့မျိုး .. ညှီဟောက်ဟောက် .."

"ကိုကြီး .. ဟင် .. ကိုကြီးက အိပ်နေတာလား .."

သူတို့ ငှက်ပျောဖူးသုပ်ဇလုံကို သံသယနဲ့ စစ်ချက်ယူနေတုန်းငယ် က အနားရောက်လာသဖြင့် ..၊

"မိငယ် .. နင့်ဟာက .."

"ဟင် .. အသုပ်တွေစားနေတာလား .."

သူတို့ မမေးရသေးဘဲ ငယ် က တအံ့တသြနှင့် ..၊

"ခေါ်ကြီးတင်နွယ် လာပို့သွားတာလား .. အဲ့ဒါလည်းကောင်းစပဲ၊ ကိုကြီးတို့က ဗိုက်ဆာနေလို့ အသုပ်သုပ်စားချင်တဲ့အကြောင်းသွားပြောတာ .. အရီးလှ က ဘာမှ အဆင်သင့်မရှိဘူး မသုပ်နဲ့တဲ့ ..၊ တော့ ဇက်ကြောဆွဲနိုင်းနေတာနဲ့ ပြန်ဆင်းမရဘဲဖြစ်သွားတာ .."

ချမ်းသာ နဲ့ ငထွား ဝါးလက်စပါးစပ်တွေ လုံးဝရပ်တန့်ငြိမ်သက်သွားကြ၏။ သံချောင်း တို့ကလည်း သတိထားမိပြီး လှည့်ကြည့်ကြသည်။

သူတို့ ဘယ်လိုကပ်ဆိုးတွေ ဝင်နေတာလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုချမ်းသာ တို့ ဘာဖြစ်ထားကြလို့လဲဟင် .."

"မိငယ် .."

"ဟင် .."

"နင် မီးဖိုချောင်ထဲ တစ်ခါမှ မရောက်သေးဘူးပေါ့ .."

"ဟင့်အင်း .. ခုမှ ဆင်းလာတာပါဆို .."

"ခွပ် .. ဒေါင် .."

ဇလုံကြီးက ချမ်းသာ လက်ထဲကနေ ကျေနပ်ကြည်ဖြူစွာ လျှောဆင်းသွားကာ ဖွန်းကပါ ထပ်ချပ်မကွာလိုက်ပါသွား၏။

"ဝေါ့ .."

"ဝေါ့ .."

"ဟယ် .. ဘာ .. ဘာဖြစ်ကြတာလဲ .."

"ဒီ .. ဒီကောင်တွေ .. ဘာဖြစ် .."

ဖဲသမားအုပ်စုလည်း ရယ်ဖို့သတိမရအောင် မျက်လုံးတွေပြူးကုန်ကြ၏။ ဒီလောက်တောင် ကွင်းကွင်းကွက်ကွက်ကြီး ...၊

"ဝေါ .."

"ဟိတ်ကောင် .. ရှူလိုက်တာကွာ .. ဝေးဝေးသွားအန်စမ်းပါ .."

"အေးလေ .. သရဲက ချမ်းသာ ဗိုက်ဆာတယ်ဆိုလို့ ပက်လက်ကနေ ထလုပ်ပေးရှာတာ .. မင်း ဘာလို့ကပ်စားတုန်း .."

ငထွား ဒေါကန်သွားသည်။

"သံချောင်း မင်း မျက်ခွက်မပြောင်နဲ့နော် .. ငါတို့မှာ .. မင်း.. ဝေါ့.."

"ဟား .. ဟား .. ဟား .."

ဒီည သံချောင်း အတွက် 'ရယ်' မဲပေါက်ထားသလိုပင်၊ သူချည်းပဲ ရယ်ခွင့်ကြုံနေရကာ ...၊

တွေ့မယ် .. တွေ့ဦးမှာ မင်းလိုကောင် ...၊



## အခန်း (၁၈)

အခြေအနေတွေက ပိုပိုဆိုးလာပေမယ့် ထိန်းချုပ်မယ့်သူက မရှိဘဲ ဖြစ်နေ၏။ ထို့ပြင် မိုးကသည်းသည်းမည်းမည်း ရွာချလာသည်။ ဘက်ထရီမီးတွေလည်း ဖျော့ကျသွားကြ၏။

ထို့ကြောင့် ဖဲရိုက်နေသည့်လူတွေအတွက် နှစ်ပေမီးချောင်းပဲထားပြီး အားလုံးကို ဖြုတ်ထားလိုက်ရ၏။

"ဒါလေးလည်း ခဏကြာရင် မှိတ်သွားမှာပဲ .."

ဘုန်းရိပ် က ထိုင်ရာမထပြောကာ ငယ် နဲ့ ချမ်းသာ ကို ငထွား ကို ဦးဆောင်ပြီး ပြန်ပို့ခိုင်းလိုက်၏။

"ငထွား .. မင်း မပြန်လာဘဲတော့ မနေနဲ့နော်၊ ဒီထဲ ဝင်မလာရဲရင် ခြံဝက အသံပေးလိုက် .."

"လေကျယ်ပြန်ပြီ ကိုသံချောင်း ရာ .. နေခဲ့ရမှာ ကြောက်ရင် ကြောက်တယ်ပေါ့၊ သူကပဲ ဆရာကြီးလိုလို .."

"ဟ .. ငါတို့မှာ ဒီမှာ ငါးယောက်ပဲ ကျန်တော့တာကို .."

"ဒါပဲလေ .."

"ဘုန်းရိပ် က ထိုင်ရာမထကိုယ်တော်ကြီး .. မျက်လုံးတောင်ဖွင့်ကြည့်ရဲလားမသိဘူး .."

"ဂျိမ်း .."

မိုးသံလေသံတွေက ကြမ်းလာသည်။ ငယ် က သူမ [illegible]လေးကို [illegible]နေရင်း လေကြောင့် မရဖြစ်နေသဖြင့် ဘုန်းရိပ် က ထသွားပြီး ဖွင့်

www.burmeseclassic.com



ပေးလိုက်၏။

"ဟွန်း .. ဒါကျတော့ မြင်တယ် မျက်လုံးက .."

"မြင်တာမဟုတ်ဘူး .. သူ့ထီး ဖွင့်မရတာက ငါ့မျက်နှာမိုးပက်တယ်.."

"သြော် .. မိုးပက်လို့ ထရှာတာ .."

ဘာရယ်မဟုတ်ပေမယ့် မီးရောင်ရော လူတွေပါ အားနည်းသွားတော့ သံချောင်း အပြုံးပျက်ချင်လာ၏။

ရယ်ခဲ့တာတွေလည်း များပါပြီ။ မကြောက်ဘူးလို့ ကြွေးကြော်နေခဲ့တာ ဘယ်နှစ်ခါလဲ ..၊

"သံချောင်း .."

"ဟင် .."

"ငါတော့ ဖဲရိုက်ရမှာ စိတ်တောင် မပါတော့ဘူး .."

"ဘာဖြစ်လို့လဲ .."

ဖဲဖော်ကြီး က ခပ်ဖျော့ဖျော့မီးရောင်ကို အာပြရင်း ဟိုကြည့်ဒီကြည့် နှင့်..၊

"ရွာထဲမှာ နာမည်ကြီးနေတာ မင်း သိလား .."

"သိသားပဲ .."

"အေး .. ဒေါ်လှကြီး က သူ့သမီးကို အိမ်ထဲမှာ ထင်တိုင်းကြံခွင့်ရအောင် အမျိုးမျိုးလုပ်နေတာ၊ ရက်ကလည်း လည်သေးတာမဟုတ်ဘူး နော် .. ဒီ အသုဘကျမှ ဟိုဖြစ်ဒီဖြစ်နဲ့ .."

မျက်နှာနားလာကပ်ပြောပြီး နောက်ထပ် ဖဲချပ်တွေဝေနေကာ..၊

"ဒီမိန်းမ ချမ်းသာ ကို မရဘဲ အသေဆောသွားတာ ငါတို့ကံဆိုးတာပဲ.."

"ဘာဆိုင်လို့လဲ .."

"ချမ်းသာ ကိုပဲ မည်းခြေတင်ပြီး လိုက်ကပ်နေတာ မင်းတို့မမြင်ဘူးလား .. ညဦးတုန်းက တစ်ခါလိုက်တယ်၊ အခုတစ်ခါ ချမ်းသာ ဗိုက်ဆာတယ်ကြားတာနဲ့ မီးဖိုချောင်ထဲ ရောက်သွားတယ် .."

"အေး .. မင်းပြောနေတာလည်း ကြားချင်ကြားမှာ .. ငါတော့ ကျောချမ်းလာပြီ .."



"အေးပါ မင်းသိဖို့ပဲလိုတာ .."

ဖော်ကြီး က တစ်ပွဲနိုင်ပြီး ထပြန်ဖို့ကြိုးစားနေလျက် ..၊

"မင်းတို့ရော ဘယ်လိုလဲ .. တော်ကြာ မီးမှိတ်သွားရင် ဖဲရိုက်လို့ ရတော့မှာမှမဟုတ်တာ၊ မိုးအေးအေးနဲ့ သရဲခြောက်ခံမယ့်အစား ပြန်အိပ်ရင် ကောင်းမယ်ထင်တယ် .."

"အမှန်ပေါ့ .."

ဖဲသမားသုံးယောက်က တိုင်ပင်ပြီးတာနှင့် ထရပ်၏။ သံချောင်း ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ဘုန်းရိပ် က ငြိမ်နပ်နေတာငြိမ်လို့ ..၊

"မင်းတို့ကလည်း ရပ်ရေးရွာရေးပဲကွာ .."

"ဒါပေမယ့် ငါတို့က ရွာနှစ်ရွာကြားက လူတွေပါကွာ ..၊ ဘယ်ရွာက အရေးကိုမှ တာဝန်ယူထားတာမဟုတ်ဘူး၊ ခုလည်း မင်းတို့ခေါ်လို့လာတာ .."

"သူကြီးခေါ်ခိုင်းတာလေ .. မင်းတို့ သူကြီးရှိတုန်းကတော့ ဘာမှ မပြောကြဘဲနဲ့ .."

သံချောင်း တားဆီးပေမယ့် အားလုံးက ပြန်ကြဖို့သာ တညီတညွတ်တည်းဆုံးဖြတ်ကြ၏။ အသုဘအိမ်မှာ သူရယ်၊ ဘုန်းရိပ် ရယ်၊ အိမ်ပေါ်မှာ ဒေါ်လှ ရယ် ဒါပဲကျန်ရစ်ခဲ့၏။

ဒီထဲမှာမှ မျက်လုံးကြောင်တောင်တောင်နဲ့ နိုးထကျန်ရစ်ခဲ့တာက သူတစ်ယောက်တည်းရယ်၊ မိုးကအရှိန်မချဘဲ သည်းနေ၏။ ပတ်ဝန်းကျင်က ပိန်းပိတ်အောင်မှောင်နေသည်။

ခုနလေးတင် ချမ်းသာ အတွက် မစံပယ် လက်သုပ်တွေသုပ်ပေးခဲ့တာ ပူပူနွေးနွေးကြီး ..။

ဖွန်းတပ်ထားသည့်ဇလုံကို လှမ်းကြည့်ပြီး မီးဖိုချောင်ဘက်ကို မျက်လုံးက ရောက်သွားသေးသည်။ သူ့မျက်လုံးက ကျီးကန်းတောင်းမှောက်ဖြစ်နေတာကို ဘုန်းရိပ် မျက်လုံးမှေးကြည့်ပြီး လှောင်ရယ်နေပြီလား..၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဒီ့ထက်အဖြစ်ဆိုးမှ ဟားတိုက်ရယ်မလို့ ချက်ကောင်းစောင့်နေတာလား ...၊

"ဂျိမ်း .."

ဟိုတွေးဒီတွေးမို့ မိုးခြိမ်းလိုက်သံကို ထိတ်ခနဲဖြစ်သွား၏။ ငထွားမြန်မြန်ပြန်လာပါစေပဲ ဆုတောင်းရတော့မည်။ ထို့ပြင် နောက်ထပ် အသုဘစောင့်မယ့်လူတွေ ထပ်ခေါ်လာပါစေလို့ပါ အပိုဆုတောင်းနေမိသည်။

"ဂျိမ်း .."

နောက်ထပ် မိုးခြိမ်းသံသည် လျှပ်စီးလက်ခြင်းနှင့် မရှေးမနှောင်းဖြစ်သွားခဲ့ပြီး ...၊

"ဟင် .."

ဝင်းခနဲ လျှပ်ရောင်တစ်ချက်မှာ အသုဘစင်ကို သူ လှမ်းကြည့်မိ၏။ စင်ပေါ်မှာ မစံပယ် ရဲ့ အလောင်းမရှိ ...၊

မဖြစ်နိုင်ဘူး ...၊

တံတွေးမျိုချလိုက်တာ ဖလုတ်တော်တော်နဲ့ မြန်မကျဘဲ အသက်ရှူရပ်မတတ်ဖြစ်သွား၏။

"အေးပါ .. မင်းကျမှ အချိုကြီးထိမယ် သံချောင်း၊ ငါ စောင့်ကြည့်ဦးမယ်" လို့ အားလုံးက သူ့ရယ်သံကို ကြိမ်းဝါးနေခဲ့ကြတာ ...၊

သူ တကယ်အခြောက်ခံနေရပြီလား ...၊

ကြောက်တော့ ကြောက်တတ်တာပေါ့၊ အသွေးအသားနဲ့ သက်ရှိလူပဲ။

ကိုယ့်ဘာသာ ဖြေရှင်းချက်ထုတ်ရင်း ကြောက်သည့်နေရာကိုပဲ စိုက်ကြည့်နေမိသည်။ စမ်းတဝါးဝါးတိုးလာရင်း ဘုန်းရိပ် ရဲ့ဘေးမှာရပ်မိ၏။ ဒီတစ်ခါ လျှပ်စီးလက်လိုက်စမ်း ...၊

ကောင်းကင်ပြင်သည် ရေစည်ပိုင်းလိုမ့်သွားသလို အသံမျိုးနှင့် ဒိန်းဒလိန်းမြည်နေစဉ် လျှပ်စီးလက်မှာကိုစောင့်ရင်း အသက်အောင့်နေမိသည်။ ပြီးတော့ ရှေ့ထပ်တိုးပြီး သေချာအမိဖမ်းဖို့ အားယူနေမိ၏။ ထိုစဉ် ...

"အဟွတ် .. အဟွတ် .."



"အောင်မလေးဗျ .."

တစ်ကိုယ်လုံးဖျင်းခနဲ ဖြစ်သွားကာ ခန္ဓာကိုယ်ကြီးပါ ဘေးကိုလွှားခနဲရောက်သွား၏။

"အဟွတ် .. အဟွတ် .. အဟာမ်း .. ဟာမ်း .."

"တောက် .. ဒီကောင် ငါ့ကိုတမင်လုပ်တာနေမှာ .."

လူချင်းကပ်နေသဖြင့် နားထဲမှာ ဗုံးကွဲသလိုမြည်ဟီးသွားသည့် ချောင်းဆိုးသံကြောင့် ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်သည့် ကိုယ့်အဖြစ်ကို မလုံမလဲနှင့် ...၊

"ဘုန်းရိပ် .. ဟိတ်ကောင် .."

ပခုံးကို ခပ်ဆတ်ဆတ်ပုတ်၍ ခေါ်လိုက်၏။

"ဟင် .. အဟွတ် .. အဟွတ် .."

ထူးတော့ ထူးပေမယ့် မျက်လုံးမဖွင့်ဘဲ ပြန်ငြိမ်သွား၏။ သူ သေချာကြည့်၍ ...၊

ဒီကောင် တကယ်အိပ်ပျော်နေတာပဲ၊ မဖြစ်ဘူး သံချောင်း တစ်ယောက်တည်း လူစွမ်းကောင်းမလုပ်ချင်နဲ့၊ အိပ်လိုက်တော့ ...၊ ကိုယ့်ဘာသာ ဘာလုပ်ရမည်ကိုတွေးကာ ဘုန်းရိပ် ရဲ့ဘေးမှာပဲ ငုတ်တုတ်လေးထိုင်ချကာ ပက်လက်ကုလားထိုင်ကို မှီ၍ သေချာလက်ပိုင်ထားလိုက်သည်။

ထိုစဉ် လျှပ်စီးလက်သွားတာ ဝင်းခနဲ ...၊

ဘာကြီးတုံး ...၊

မျက်လုံး မမှိတ်ရသေးမီ ဒသမ သုံးစက္ကန့်လောက်မှာ မီးဖိုချောင်ဘက်ကနေ လှုပ်ရှားနေသည့် အရိပ်ကြီးတစ်ရိပ် ...၊

ဝဝတုတ်တုတ်မြင့်မြင့်မားမားကြီးအပြင် ဆံပင်တွေ ဖားလျားနဲ့ အရှည်ကြီး ...၊

မဟုတ်ဘူး .. ငါ့ စိတ်ထင်နေတာ၊ အဲ့ဒါ ဘာမှမဟုတ်ဘူး၊ မျက်လုံးစွင့်မကြည့်နဲ့တော့ ...၊

နံ့လိုက်တာ .. အပုတ်နံ့ကြီးပဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို ဖွတ်အတင်းဖိမှိတ်ထားရင်း နှာခေါင်းတွေက ရှုံ့မွရှုံ့မွနှင့် သူ့အလိုလို အလုပ်လုပ်နေကြ၏။ သေချာအနံ့ခံကြည့်လေ သေချာလေ ...၊

ပို့သေချာတာက အနံ့က သူနဲ့ တဖြည်းဖြည်းနီးကပ်လာခြင်း ...၊

ထိုစဉ် မျက်လုံးထဲမှာ မှောင်အတိကျသွား၏။

ဘက်ထရီကုန်သွားပြီဆိုသည့်အသိက ခေါင်းနားပမ်းကြီးသွားစေ၏။ ခါးကြားထဲမှာ ထိုးထားသည့် လက်နှိပ်ဓာတ်မီးကို တိတ်တဆိတ် စမ်းမိ၏။

လက်ထဲရောက်လာတော့ ပတ်ဝန်းကျင်ကို ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ရမှာလား၊ လက်နက်တစ်ခုလို ကိုင်ထားရမည်လား ...၊ ချီတုံချတုံနှင့် လက်တွေပါ တုန်လာတာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိ ...။

ဘုန်းရိပ် ကို နှိုးဖို့သတိရလိုက်သော်လည်း ထိုအသိက နောက်ကျသွားခဲ့ပြီး ...၊

"သံချောင်း .."

ဟာ ...၊

တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းဖြန်းထသွားခဲ့၏။ သူ့တစ်သက်မှာ မကြားခဲ့ဖူးသော သေးကျစ်ကျစ် မပီမသနှင့် ကျောချမ်းလောက်ဖွယ်အသံသည် ...၊

"ထ .. ထ .."

နာမည်ခေါ်ပြီး ထနိုင်းနေသဖြင့် သံချောင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေ၏။ ညှို့ဆေးမိသွားသူကဲ့သို့ ကြောက်စိတ်က အသိစိတ်ကို လွှမ်းမိုးသွားခဲ့ပြီး ...၊

"ဖဲရိုက်မယ် .."

သူ ထရပ်လိုက်တာနှင့် မစံပယ် ၏ ဖောင်းပွနေသည့် ကိုယ်လုံးကြီးက လှုပ်လီလှုပ်လဲ့နှင့် နောက်ပြန်လှည့်သွား၏။

ဒါ .. ဒါ သရဲခြောက် နေတာ .. သူက သရဲ .. ငါက လူ .. ငါ့ကို သူ ဘာမှမလုပ်နိုင်ဘူး ...၊



မကြောက်နဲ့ သံချောင်း .. မင်း မကြောက်နဲ့ ...။

ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအားပေးပေမယ့် ဒူးတွေက ဆတ်ဆတ်[illegible] နေသည်။ ဘုန်းရိပ် ကို လှည့်ကြည့်ပြီး ခေါ်မိသည်။ ဒါပေမယ့် [illegible]သံကျယ်ကျယ်မထွက်နိုင်ဘဲ သွားခြေတွေ ယားကျိကျိဖြစ်လာပြီး မေး[illegible]သံတွေ ဖြစ်နေ၏။

"ဓာတ်မီးဖွင့်စမ်း .."

ဓော်ကြီး တို့ ဝိုင်းထိုင်ခဲ့သည့်နေရာမှာ မစံပယ် က အကျအန[illegible]၏။ ရှည်လျားသော ဆံပင်တွေက ဘေးနှစ်ဖက်ကနေ ဖြိုဆင်းနေ[illegible] နှုတ်ခမ်းလွှာနှစ်ထပ်က နှုတ်ခမ်းပုံစံပျောက်နေလောက်အောင်[illegible]င်းကြွပိတ်သိပ်နေ၏။

ဓာတ်မီးဖွင့်လိုက်ပေမယ့် လက်တုန်နေသဖြင့် မီးရောင် က လှုပ်ခါ[illegible]၏။ ထူလန်နေသော နှုတ်ခမ်းတွေကြားက ပြူတစ်ငေါ်ထွက်နေသည့် [illegible]ကြီးတွေက မသေခင်တည်းက လူကို ရုပ်ဆိုးစေလောက်အောင် [illegible]ကျဲကျဲမို့ ခုချိန်မှာ ဆိုဖွယ်ရာမရှိ ...၊

"ငါ့ကိုကြည့်နေတာလား .. ဟိ .. ဟိ .. ဟိ .."

ဝင့်ထိုးထားသည့် ဓာတ်မီးရောင်ပေါ်မှာ ရယ်လိုက်သည့် မျက်နှာ[illegible] ပြာမဲနေကာ ...၊

"သံချောင်း .. ဟိ .. ဟိ .. ဟိ .."

ဖဲချပ်တွေကို သူပဲ ပစ်ချဝေနေပြီး တဟိဟိရယ်ကာ အကုန်လုံး[illegible]ချလိုက်၏။ ပြီးတော့ အသုပ်ဇလုံကို လှမ်းယူသည်။

သူ့လက်ရာကို သူ့ဘာသာအားပေးနေလျက် တဟိဟိရယ်တာ[illegible]ည်း မရပ် ...၊

သံချောင်း ကြည့်နေရင်း မျက်လုံးတွေ တဖြည်းဖြည်းပြူးထွက်[illegible]။ ပါးစပ်ကြီးဖြဲလိုက်တိုင်း ထွက်ကျလာသည့် မည်းမည်းအရည်[illegible] တတောက်တောက်နှင့် အသုပ်ထဲမှာ စီးမျောသွားသည်။

ပြီးတော့ အားလုံးကိုသိမ်းကျုံးပြီး ပါးစပ်ထဲ ထည့်သည်။ မဝါးဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မျက်နှာကြီးမော့၍ ဖွန်းနဲ့ ထိုးသိပ်ထည့်သည်။

ငှက်ပျောဖူးအသုပ်တွေက မည်းမည်းအရည်တွေနဲ့ရောကာ ပါးစောင်ကနေ မဆုံ့မပြဲပြန်ထွက်ကျလျက် ...။

"ဟိ .. ဟိ .. ဟိ .. ဟစ် .. ဟစ် .."

ဒီပါးစပ်ကြီးထဲထည့်နေပြီး ဒီပါးစပ်နဲ့ ရယ်တာမဟုတ်သလို အလုပ်နှစ်လုပ်တို တစ်ပြိုင်တည်းလုပ်နေ၏။ ထိုပြင် မျက်နှာကြီးပြန်မတ်လာပြီး သူ့ကိုစိုက်ကြည့်ကာ မစံပယ် မျက်လုံးကြီး တဝင်းဝင်းက ပြူးကျယ်လာလျက်

"နင်နဲ့ ငါနဲ့ ချရအောင် .."

ကြည့်နေရင်း မျက်နက်ဆံလေး သေးကျုံ့သွားကာ ငရုတ်ကောင်းစေ့လောက်လေးကျန်လျှင် သံချောင်း မျက်ဖြူလန်သွား၏။

ထို့နောက် နေရာမှာတင် တဂစ်ဂစ်တက်နေလေသည်။

"ဟိ .. ဟိ .. ဟိ .. ဟစ် .. ဟစ် .."

မိုးက အုန်းအုန်းဒိုင်းဒိုင်းရွာနေဆဲဖြစ်ကာ ဒေါ်လှ နေအိမ်ဆီသို့ တက်သုတ်ရိုက်လာနေကြသော ဓာတ်မီးရောင်တွေက ခြေရင်းဘက်ကရော၊ ခေါင်းရင်းဘက်လမ်းကြားမှာပါ တဝင်းဝင်းနှင့် ပြေးလွှားလာကြ၏။

"မှောင်မည်းနေတာပဲဟ .. ဘုန်းရိပ် ရေ .. အိပ်နေကြတာလား .."

ဦးသောင်း က ခြံအဝင်ဝကို အရင်ရောက်ကာ အထဲကို ဓာတ်မီးတစ်ချက်ထိုးလိုက်ပြီးမှ လမ်းဘက်က ဓာတ်မီးရောင်တွေဘက်ပြန်ကြည့်၏။

"ဘယ်သူတွေလဲဟေ့ .."

"ဘကြီးသောင်း ကျွန်တော်ပါ .. ငထွား ပါ၊ ချမ်းသာ နဲ့ ငယ်ငယ်ကို ပြန်ပို့ရင်းနဲ့ ညအိပ်စောင့်မယ့်လူ ထပ်စုလာတာ .."

"အထဲမှာ ဘုန်းရိပ် ရှိလား .. မှောင်မည်းနေတာပဲ .."

"ဘက်ထရီကုန်သွားတာထင်တယ် .."

သူတို့ ခြံဝမှာပဲ နှစ်ဖက်ပေါင်းမိကာ အထဲကို အပြေးအလွှားဝင်ခဲ့ကြသည်။ ဖျာပေါ်မှာ ဓာတ်မီးတစ်လက်က ဖွင့်လျက်သားနှင့် စောင်း... သောက်ထားသည့် ဇလုံကမှောက်နေပြီး ဖွန်းက တခြား ...။



"သံချောင်း .. ဟာ .. ဒီကောင် ဘာဖြစ်တာလဲ .."

"တက်နေတာဟ .. နိုပ်ချစမ်း .. ခြေမကိုချိုး၊ ပေါင်ကိုလက်မဝှက်...သီးဆုပ်ပြီးထိုး .."

"ပါးစပ်က အမြှုပ်တောင်ထွက်နေပြီ .. မြန်မြန်လုပ်ကြစမ်း .."

ဦးသောင်း က လူငယ်တွေကို ညွှန်ကြားရင်း သံချောင်း ကို ဆွဲ...သည့် လက်ထဲကနေ ဇက်ပိုးနောက်ကို တဖတ်ဖတ်ပုတ်ပေးနေ၏။

"အင်း .. ဟင်း .. ဟင်း .. အင်း .."

"သံချောင်း .. သံချောင်း သက်သာလား .."

"ကျသွားပြီ .. ကျသွားပြီ .."

"အံမာ ..သင်းက ခုထိ အိပ်နေတုန်း .."

ငထွား က ဖတ်ဖတ်မောသွားပြီးမှ ဘုန်းရိပ် မျက်နှာကို ဓာတ်မီး...ထားလိုက်၏။

"ကျွတ် .."

ဘုန်းရိပ် မျက်လုံးပိုကျုံ့သွားကာ မျက်နှာလွှဲပစ်၏။ ပြီးတော့...၊

"ဟား .. ဘာလုပ်တာလဲကွာ .."

"ဘာလုပ်ရမှာလဲ .. မင်းက အေးဆေးအိပ်နေတယ်၊ ဒီမှာ သံချောင်း ...ဖြစ်နေလဲ သိလား .."

ဟင်!...၊

ဘုန်းရိပ် လူတွေအများကြီးကိုမြင်ကာ လှဲနေရာကနေ ချက်ချင်း ...တက်ဖြစ်သွားသည်။ ပြီးတော့ မိုးအေးအေးထဲမှာ ချွေးသံရွှဲရွှဲနှင့်... သွားရည်တွေကျနေဆဲဖြစ်သော သံချောင်း ကို တအံ့တသြကြည့်၍...၊

"ဒီလူက ဘာဖြစ်တာလဲ .."

"အေးပေါ့ .. မင်းက ပြန်မေး .."

ငထွား တို့က ပါလာသည့်ဘက်ထရီနှစ်လုံးနှင့် အိမ်ရှေ့အိမ်နောက်... ပြန်ဖွင့်လိုက်ကြကာ ...၊

"ဟာ .. ရှုပ်ပွနေတာပဲ .. ဒီအရည်တွေက ဘာတွေတုံး .. နံလိုက်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"အသုတ်တွေ မှောက်ကျတာကွ .."

"သံချောင်း ဘာတွေဖြစ်ကြတာတုံး .. မင်းနဲ့ ဘုန်းရိပ် ရန်ဖြစ်..

ရန်ဖြစ်ထားတာလို့ ထင်စရာရှိပေမယ့် ဘုန်းရိပ် က အိပ်နေလို တာသိုးလို့ ..၊

"ဟာ .. ငထွား .. ဘကြီးသောင်း ဟိုမှာ .. ဟိုမှာ .. မစံပယ်ကြီး"

"အောင်မလေးဗျ .."

ကျောနောက်ကနေ 'မစံပယ်ကြီး' လို့ တစ်ယောက်က အော်လို တာနှင့် ခုမှ လိုက်လာခဲ့သည့် အပုလေး လှည့်မကြည့်ဘဲ ကျောကော့အေ ၏။ ပြီးတော့ ဘုန်းရိပ် ရဲ့ ပက်လက်ကုလားထိုင်ဘေးမှာ ပြေးဝပ်လို တာ ပြားနေတော့သည်။

"ဟ .. ဘယ်လိုတွေဖြစ်ကုန်တာတုံး .."

အားလုံး အိမ်ရှေ့ကိုပြေးသွားကြလျှင် ဘုန်းရိပ် က ရှေ့ဆုံးကဖြ ကာ ငထွား နဲ့ ဦးသောင်း က နောက်က ..၊

"မသာက မှောက်ခုံကြီး .."

"အယ်ဗျာ .. ခြေထောက်တစ်ဖက် အောက်မှာတန်းလန်းနဲ့ .."

"ဧကန္တ ယာယီစင်ပေါ် ပြေးတက်တာ ခြေချော်တာဖြစ်မယ်.."

"ဟား .. ဟား .. ဟား .."

"ဟိတ်ကောင်တွေ လျှောက်ပြောမနေကြနဲ့ .."

လူငယ်တွေကို အပြစ်မတင်ရက်လောက်အောင် ဒုက္ခတွေတစ်ထ တစ်ဝပေးနေသဖြင့် ဒီအသုဘအိမ်ကိုလည်း ဦးသောင်း စိတ်ပျက်နေပါပြ

ထို့ကြောင့် ဆူလိုက်ငေါက်လိုက်ရင်း ရှေ့ထပ်တိုးကြည့်ကာ ..

"ဒီမသာက ဘယ်လိုဖြစ်ပြီး ပက်လက်ကနေ မှောက်လျက်ပြောင် နေရတာလဲ .."

'မသာလို့ တစ်တစ်ခွခွ မခေါ်ကြပါနဲ့ မလှ သနားပါတယ်' ငြ သူကိုယ်တိုင်ပြောခဲ့ပေမယ့် ဦးသောင်း ဒီတိုင်းပဲ ပြောလိုက်မိကာ ရှေ့ နည်းနည်းထပ်တိုး၏။



ထိုစဉ် မိုးကလေနဲ့ ရောချ ဖျန်းခနဲပြေးရိုက်သွားကာ တွဲလွဲပြန့် နေသည့် အလောင်း၏ ဆံပင်ရှည်တွေ လွင့်မြောက်ပျံတက်သွား၏။

"ဟာ .. အခင်းပေါ်မှာ ငှက်ပျောဖူးသုပ်တွေ ကြည့်စမ်း .."

ဘုန်းရိပ် က ဦးသောင်း လက်ထဲက ထီးကိုယူ၍ မြန်မြန်ဆန်ဆန် တာ အလောင်းစင်ရဲ့ ရှေ့ကနေ ပတ်သွားပြီး သေချာကြည့်သည်။

"ဟုတ်တယ် .. ရွှံ့တွေထဲမှာရောပဲ .. ငထွား .. လာ .. မင်းနဲ့ ငါ အလောင်းကို ပက်လက်လုပ်လိုက်ရအောင် .."

"ဟာကွာ .. ကြားလို့မှမကောင်း .."

"ဟိတ်ကောင် .. ဆွဲလှန်လိုက်ဖို့ပြောတာ .."

"အပျိုကြီးကွ .."

"ငထွား .. လာကိုင်ဆို ကိုင်လိုက် .. ဘာဖြစ်ဖြစ် .. အရင်းအမြစ် တွေးနေတယ် .."

"ကိုင်း .. ဝိုင်းကူလိုက်ကြစမ်းပါကွာ .. မိုးက ပိုသည်းလာပြီ.."

"သံချောင်း .. မင်းတို့ ဘာဖြစ်ကြတာလဲ .. ဒီမှာ ဖဲထုပ်ကြီးက ည်း ပွလို့ .."

သံချောင်း မျက်နှာကြီးပြူးလျက် ကြောင်စီစီပြန်ကြည့်နေ၏။ ပါးစပ်တော့ တဟာဟာဖြစ်နေပေမယ့် ဘာသံမှမထွက်ပေ ..။ သတိရ ပေမယ့် လက်တွေဒူးတွေက တုန်နေဆဲ ..၊

"ဟား .. မသာ ပါးစပ်ထဲမှာ ငှက်ပျောဖူးသုပ်တွေ တိုးလို့တန်းလန်းနဲ့ဟ.."

"ဟာ .. ဒါဆို .. ငှက်ပျောဖူး ထခိုးစားတာလား .."

"အသားစိမ်း ငါးစိမ်း စားတာပဲ ကြားဖူးပါတယ်၊ ထမင်းဟင်းဆိုရင် ောင် ဟုတ်တုတ်တုတ် .."

တစ်ယောက်တစ်ခွန်း ပြောသံတွေကြားတော့ သံချောင်း ကို မေး ကြသူတွေ အလောင်းစင်ရှိရာ ပြေးသွားကြ၏။

"အဲ .."

"အဲဗျာ .. အံ့ရော .."

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်း ကိုယ်တိုင် ကြက်သီးထသလိုလိုဖြစ်သွားသဖြင့် လူငယ် တွေ ပြောချင်တာပြောနေကြတာကို တားဆီးဖို့မေ့နေ၏။ အိမ်တံစ မြိတ်အောက်ထဲ ပြန်ဝင်လာကြကာ ...၊

"ဘာမှမဟုတ်ဘူး .. ငါသိပြီ ဒီပြဿနာ .."

"ဘာသိတာလဲ .."

ငထွား က မေးဆတ်မေး၏။ ဘုန်းရိပ် က ပုဆိုးအနားစနှစ်ဖက် 'မ'၍ သံချောင်း ဘက်ကို လှည့်လိုက်ကာ ...၊

"ဟိုတစ်ယောက်က စားချင်နေတာကို အသာတကြည်မပေး နဲ့ ဒီကောင် အတင်းပြန်လုလို့ ရန်းရင်းဆန်ခတ်တွေဖြစ်ကြတာ .."

"အေး .. ဖြစ်နိုင်တယ်၊ ငါတို့ကသာ ကြောက်တာ၊ သူက သ မကြောက်တတ်ဘူးဆိုတော့ သရဲနဲ့ အနိုင်မခံအရှုံးမပေး ပြန်ဖိုက်(ထ်) နေမှာ၊ သူ့ခမျာ ဖြောင့်ဖြောင့်တောင် မမျိုနိုင်ရှာဘူးကွာ .. သံချော ဆိုတဲ့ကောင် တော်တော် အစားခုတ် .."

"ဂစ် .. ဂစ် .."

"ဟ .. လုပ်ဦး .."

"ဟိုမှာ တက်နေပြန်ပြီ .."

"သံချောင်း .. သံချောင်း ဟိတ်ကောင် .. မပြောတော့ဘူး၊ မ တော့ဘူး၊ မင်း ကြောက်တာသိပါပြီ .. အောင်မလေးနော် .."

"ဘာ .. ခုမှ အောင်မလေးနော်လဲ.. မင်းတို့ သေတော့မယ် .."

ဦးသောင်း စိတ်ညစ်လက်ညစ် ကြိမ်းမောင်းရင်း လက်သီးဆုပ် ပါ ရွယ်မိ၏။

တစ်ညလုံး ရှုပ်ရှုပ်ထွေးထွေးနှင့် သက်ပြင်းမောင် မချအားနိုင် သင်းတို့က ရယ်မောမပျက် ...၊



## အခန်း (၁၉)

"ဒီနေရာလား .. သူကြီး .."

"အေး .. ဟုတ်တယ်၊ သွက်သွက်လေးတူးကြ၊ မိုးကျလာရင် ကုန်း ဖြစ် ချိုင့်ဖြစ်ဖြစ် ကျင်းထဲတော့ ရေဝင်မှာပဲ .."

"ကျွန်တော်တို့ပါ ဝိုင်းကူလိုက်မယ် .."

အောင်ကြီး နဲ့ ချမ်းသာ တို့ပါ အသုဘချဖို့ ကျင်းအတွက် အားတက် သရော ဝိုင်းကူပေးကြ၏။ မိုးက ညို့နေပေမယ့် မနက်ပိုင်းတော့ ခဏ တိတ်နေတတ်သဖြင့် ဒီအချိန်ကို တမင်ရွေးလိုက်ရတာဖြစ်သည်။

ဘုန်းရိပ် က ပုဆိုးနှစ်ဖက်စ 'မ'၍ ကုန်းမြင့်ထိပ်ကနေ ပတ်ပတ် ည်ကို လှေလာကြည့်ရှု့ရင်း ...၊

"သူကြီး ဒီကုန်းထိပ်က တောင်ပိုင်းရွာနဲ့ ဆိုင်တာထင်တယ်နော်.."

"အဲ့ဒီက သူကြီးမိန်းမနဲ့ ငါ့မိန်းမ မသန်း တို့ သေချာပြောပြီးပါ ဒီလိုမှ မလုပ်ရင် မရတော့တာကို .."

လူငါးယောက် တူးလိုက် ဖယ်လိုက်နှင့် ကျင်းတစ်ကျင်းက ခဏ တွင်းမှာ သေသေသပ်သပ်ပုံပေါ်လာသည်။

"ဘုန်းရိပ် လာဦးကွ .. ငါ့ကို အကျီလက်စခေါက်ပေးဦး ..."

"အေး .. လာပြီ .."

ညစ်တီးညစ်ပတ်ကိုင်ဖို့ဆို အမြဲတမ်းနောက်တွန့်နေတတ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကိုတော့ ဘုန်းရိုပ် ပျာပျာသလဲ ကူညီဖော်ရလေသည်။

ငထွား က ပုဆိုးလေးတမမနှင့် သူ့ကို အမုန်းမပါသော မျက်စောင်းရွယ်လျက် ..၊

"သရဲမက ဖဲချဖို့ မင်းကိုခေါ်ရမှာ .."

"တော်တော် မေတ္တာထားနေတယ် .. ဟုတ်လား .."

"ဘယ်တုန်းကမှကို မရှိတာ .."

ကုန်းထိပ်မှာ ဘုန်းရိုပ် တို့ လူစုံတက်စုံရှိနေကြကာ ကျင်းတူးသည့် လူနှစ်ယောက် သပ်သပ်ပါသေးသည်။ ဦးသောင်း က လိပ်ပတ်ထားသည့် ထီးခေါက်ကို လက်ဖျံမှာ ချိတ်လျက် ကုန်းအောက်ကနေတစ်ချက်လာကြည့်ပြီး အပေါ်တက်မလာပေ ..၊

"ကျုပ် .. အသုဘ မြေချဖို့ကိစ္စ သွားစီစဉ်ထားလိုက်မယ်၊ မယ်လှပဋ္ဌာမြေလူးဖြစ်နေလို့ ဘယ်တရားနဲ့ချတ်ရမယ်မှန်း မသိဘူး .."

လို့လည်း ပြောသွား၏။ သူကြီး ဦးဌေးကြွယ် က တူးနေကြသည့်ကျင်းနှုတ်ခမ်းမှာရပ်ကြည့်ရင်း ..၊

"အစတည်းက ဒီလိုလုပ်လိုက်ရင် ပြီးသွားမှာကို အဲဒီ မလှ တို့ညာနေမိတာနဲ့ ရှုပ်ကုန်တာ .. ဒီကြားထဲမှာ ရာသီဥတုကတစ်မျိုး .."

"ရာသီဥတုနဲ့လည်း မဆိုင်သေးဘူး သူကြီး၊ အရီးလှ က မစံပယ်ကိုဖုတ်သွင်းထားတာမို့လို့ ဒီလောက်ဆိုးသွားတာ .."

ငထွား က ရှုံ့ပျော့တွေကို ကျင်းထဲပြန်ပြိုမကျအောင် ဘေးဆွဲထုနေရင်း လှမ်းပြောသည်။

"အလောင်းကို ခြေမက ကြိုးဖြုတ်ထားတာကြည့်၊ မလုပ်ကောင်းတာတွေ .."

"အဲ့ဒါက .."

အောင်ကြီး ကလည်း တစ်ဖက်မှာ အလုပ်လုပ်ရင်း လွှတ်ခနဲအသံထွက်လာ၏။ သူကြီးနဲ့ အားလုံး လှမ်းကြည့်တော့ မလုံမလဲမျက်လွှာချ



၏။ ဘုန်းရိုပ် က ထိုမျက်နှာကိုကြည့်လိုက်တာနှင့် ရိပ်မိလိုက်ကာ ..၊

"ငါ ထင်သားပဲ .. အရင်နေ့တည်းက အပ်ချည်လုံးယူခဲ့ပြီး ခြေမကို ကြိုးချည်လိုက်ပါဆိုတာ မင်း သေချာမချည်ခဲ့တာမို့လား .."

အောင်ကြီး တိတ်တိတ်နေပြီးမှ မရဲတရဲမော့ကြည့်၏။

"အလောင်းက အေးစက်စက်ကြီးကို မကိုင်ရဲလို့ပါ၊ ဒါပေမယ့် ငါ ထမီစနဲ့ခံပြီး ချည်ခဲ့တာပဲ၊ သူ့ဟာသူ မနိုင်လို့ ပြုတ်သွားတာ .."

"ဘယ်လိုလုပ် နိုင်တော့မှာလဲကွ .. ဒီအလောင်း ဒီလောက်တဖုတ်ဖုတ်ပြုတ်ကျပြီး အငြိမ်မနေတာ .."

ချမ်းသာ က ရှုံ့မဲ့ကဲ့ရယ်တာနှင့် မပြီးနိုင်ဘဲ ..၊

"အပျိုကြီး မသာမို့လို့ တော်သေးတာ၊ နွားကျောင်းသားမသာဆိုတစ်ရွာလုံး ခြောက်ထိုးဖြစ်သွားနိုင်တယ် .."

ဟု အဆုံးသတ်လေသည်။ အောင်ကြီး နဲ့ သူ အထိုက်အလျောက်တော့ အနားရခဲ့ကြတာမို့ စိတ်ကတော့ တည်ငြိမ်နေပါပြီ။ ဒါပေမယ့်ထိုအသုဘကို စိတ်ပျက်နေမိခြင်းက အသံကြားတာနှင့် နှာခေါင်းရှုံ့မိတဲ့အထိ ..။

"ဒါလည်းဒါပေါ့ .. ဒေါ်ကြီးလှ ကိုက အောက်လမ်းဆရာဆီသွားပြီး အစီအရင်ကြိတ်လုပ်နေတာ၊ ငါ့မိန်းမက သတင်းအတိအကျရထားတာနော် .."

"ဟုတ်တယ် .. နောက်ဆို သူ့သမီးကို ခြံထဲမှာပဲ ထားမှာတဲ့ .."

"ကဲပါကွာ .. အလုပ်မြန်မြန်လက်စသတ်ကြ .. အားလုံးလည်းပေကျံနေကြပြီ .."

ကျင်းကတော့ တူးပြီးသွားပြီဖြစ်ကာ လက်စသတ်နေကြတုန်း တောင်ဘက်ခြမ်းက ရွာသားလေးငါးယောက် စုရုံးတက်လာကြ၏။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ .."

ပြောဆိုပြီးသားမို့ ဘာမှမပြောစရာမလိုတော့ဘူး ငထွားကာမှ

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းကိုကြားတော့ အားလုံးက အကဲခတ်နေမိရင်း ပြန်ဖြေဖို့မေ့နေကြ၏။ ဘုန်းရိပ် က ရှေ့ဆုံးက ခေါင်းဆောင်နဲ့တူသူကို ရည်ရွယ်၍…၊

"ကျင်းတူးနေတာလေ … မမြင်ဘူးလား …"

"မြင်တာပေါ့ကွ … ဒီနေရာမှာ ဘာလုပ်ဖို့လာတူးတာလဲလို့မေးနေတာ…"

"မင်းတို့ မဂ်လာဆောင်ရင် လက်ဖွဲ့မလို့ …"

"ဘာကွ …"

ခေါင်းဆောင်လူက ဆံပင်ရှည်ပွပွနှင့်ဖြစ်ကာ ဘုန်းရိပ် ပြောလိုက်မှန်းသိတော့ ဘုန်းရိပ် ဆီကို တိုးလျှောက်လာကာ …၊

"မင်းက ဘာမို့လို့ ဒီလိုပြောရဲရတာလဲ …"

"ဟော့ … နေဦး …"

ပြောနေကြတာက မချေမငံစကားတွေမို့ ဦးဌေးကြွယ် ဝင်ပါရကာ…၊

"မောင်ရင်တို့ ရွာသူကြီးကတော်နဲ့ ကျုပ်တို့ပြောဆိုပြီးသားပါ၊ တို့ရွာမှာ ဘယ်လိုမှထားလို့မဖြစ်တော့တဲ့ အသုဘမြေချဖို့ကိစ္စကြောင့်…"

"ကိုယ့်ရွာကိစ္စ ကိုယ့်ဘာသာရှင်းရတာပဲဗျ … ကုန်းနိမ့်ထဲမှာ သင်္ချိုင်းမြေရှိနေကြတာ ကျုပ်တို့ရွာတွေအတူတူပဲ … ဒီကုန်းမြင့်က ရွာနှစ်ရွာစပ်ကြားမှာဆိုပေမယ့် ကျုပ်တို့ဘက်မှာပဲ …"

"ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ အသုဘဖြစ်လာရင် မောင်ရင်တို့လည်း ဒီတိုင်းလုပ်ရမှာပဲ …၊ နောက်ပြီး ဒီနေရာမှာ ကုန်းမြင့်ဖြစ်နေရတာ ဘာကြောင့်လဲဆိုတာရော မင်းတို့မသိသေးရင် လူကြီးသူမတွေကို ပြန်မေးကြည့်လိုက်ပါ…"

အစတုန်းက ရွာနှစ်ရွာစပ်ကြားမှာ ချောင်းစွယ်လေးတစ်ခုရှိခဲ့သည်။ ဘယ်ကနေ ဖြတ်ဝင်လာခဲ့သလဲ အစအဆုံးမသိပေမယ့် ချောင်းလေးက ကျဉ်းကျဉ်းလေးနှင့် ရေကြည်သည်။

ရေလည်းမများဘဲ ခမ်းခြောက်သွားတဲ့အထိလည်း မဖြစ်ခဲ့ပေ …။ ထိုချောင်းလေးကြောင့် စိုက်ပျိုးမွေးမြူရေးတွေ တိုးတက်ကောင်းမွန်လာ



ခဲ့လျက် လူတွေ လောဘတက်လာခဲ့ကြသည်။

သူ့ဘက်က ပိုင်သင့်သည်။ ငါ့ဘက်က ပိုင်သင့်သည်နှင့် ခွဲခြားမှုတွေစလာခဲ့ပြီး ပဋိပက္ခတွေပါလာခဲ့၏။ နှစ်တွေလတွေကြာလာသည်နှင့်အမျှ အမုန်းအငြိုးတွေပါ ဖြစ်လာခဲ့ကြကာ ရန်ငြိုးရန်ဘက်တွေကဲ့သို့ ချောင်းမြောင်းလုပ်ကြံကြတဲ့အထိ အမုန်းမီးတောက်တွေ ဒလဟောပေါ်လာခဲ့၏။

ထိုအခါ အပြန်အလှန် တုံ့ပြန်မှုတွေရှိလာခဲ့ကြပြီး အုပ်စုလိုက် သင်းဖွဲ့ပြင်ဆင်ခဲ့ကြ၏။ တစ်ညမှာတော့ ရွာဦးကျောင်းဆရာတွေ တားဆီးနေသည့်ကြားကပင် အိမ်က သားမယားတွေ မသိလိုက်ခင် ယောကျ်ားတွေ နှစ်ဖက်ချိန်း၍ အသေအကြေ တိုက်ခိုက်ကြတော့၏။

မိန်းမနဲ့ သားသမီးတွေ သိကုန်ကြသည့်အခါ နောက်ဆက်တွဲတွေ ဝါပါပြီး ချောင်းစပ်မှာ သွေးချောင်းစီးခဲ့၏။ ရွာမှာ ရှိမနေကြသည့် လူတစ်ချို့နှင့် လူမမယ်လေးတွေသာ ကျန်ခဲ့ကြကာ ရွာငယ်လေးနှစ်ရွာ ပျောက်ကွယ်လုလုဖြစ်သွားခဲ့၏။

အလောင်းတွေကို ဖြေဖို့ရင်း တောင်ပို့ဖြစ်ခဲ့သည့်အလျောက် ချောင်းကလေးပါ ပျောက်ကွယ်သွားခဲ့၏။ ထို့နောက် ဤနေရာမှာ တောထူလာတိုင်း ရှင်းလင်းမီးရှို့ရင်းဖြင့် တောင်ပို့လေးကနေ ကုန်းမြင့်ဖြစ်လာခဲ့သည်။

နောက်ထပ် နယ်မြေလုသည့်အဖြစ်တွေ ထပ်မရှိရအောင် သူ့ရွာကိုယ့်ရွာဆိုတာ ခွဲခြားထားပေမယ့် ဘယ်ရွာက ဘယ်လမ်းကို ပိုင်သည်။ ဘယ်ရွာက ဘယ်ကုန်းကို ပိုင်သည်ဆိုတာ မရှိရဟု ဆရာတော်တွေက မိန့်ကြားခဲ့သည်။

နောက်ပိုင်း မျိုးဆက်တွေထဲမှာ ဦးဌေးကြွယ် တို့ ကိုယ်တိုင် လူကြီးသူမဖြစ်လာခဲ့ရတဲ့အချိန်ထိ ဒီလိုအဖြစ်တွေ ထပ်မရှိခဲ့တော့ပေမယ့် သိမထားတဲ့သူဆိုတာ မရှိသလောက်ပင် …။

ရှိခဲ့သည့် အကြောင်းတွေကလည်း ဒဏ္ဍာရီပုံပြင်တွေဖြစ်လာခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အတိတ်ဆိုတာက ဖျောက်ဖျက်မရနိုင် ..။

လူရှယ်က မျက်နှာကြီးတင်းနေကာ ဦးဒွေးကြွယ် ကို စိုက်ကြည့်နေ၏။ သူ့နောက်က လူငယ်တွေကလည်း မျက်နှာထားတွေ ခပ်တင်းတင်းနှင့်..၊

"ကျွန်တော်တို့ ပြောချင်တာက အားလုံးရဲ့အမြင့်မှာရှိနေတဲ့ ဒီ ကုန်းမြင့်ပေါ်မှာ အသုဘချဖို့ဆိုတာ .."

"ဒါကလည်း သင်္ချိုင်းကုန်းပြင်ကြီးပါပဲ .. မင်းတို့ နားမလည်သေး ရင်တော့ .."

"ခဏလေးသူကြီး .. ခဏလေးပါ .."

ဘုန်းရိပ် က စကားဖြတ်တောင်းပန်ကာ ကျင်းနှုတ်ခမ်းမှာရှိနေ ကြသေးသည့် သူ့လူတွေကို ပြန်ဖို့မေးဆတ်၍ ..၊

"မကျေနပ်ရင် ထားလိုက်တော့မယ်လေ .."

ဟိုလူတွေကို မကြည့်ဘဲ ဦးဒွေးကြွယ် ကိုပဲ မျက်နှာမူကာ ..၊

"ကျွန်တော်တို့က လူသေကောင်ထည့်ဖို့ ကျင်းတူးထားပြီးပြီ၊ သူတို့က တားခွင့်ရှိလို့တားတယ်ဆိုရင် ထားခဲ့လိုက်ရုံပေါ့၊ သူတို့လိုရင် သုံးလို့ရတာပဲ .."

ဘုန်းရိပ် မျက်နှာက မချိုမချဉ်မဲ့ပြုံးနှင့်ရှိကာ ဆံရှည်နှင့်လူ မျက်နှာကြီးတင်းသွား၏။ မသာကျင်းကြီးကို အသုံးတည့်တဲ့အခါ သုံးရအောင် ဆိုပြီး စပယ်ယာထားရောလား ..၊

မပြောကောင်း မဆိုကောင်း နိမိတ်မကောင်းတဲ့အလုပ် ..၊

"ဟိတ်ကောင် .. မင်းလူ စကားမပြောတတ်ဘူးလား .."

"သိပ်ပြောတတ်တာပေါ့ .. အဲ့ဒါကြောင့် မင်းလိုကောင် နားလည် လွယ်အောင် ပြောပေးလိုက်တာ မရှင်းလိုက်ဘူးလား .."

"တောက် .."

"ကဲကွာ .. တော်ကြပါတော့ ဟိုမှာလည်း သူကြီးကိုယ်တိုင်ပါ နေတဲ့ ဥစ္စာ .."



သူတို့ဘက်က လူတစ်ယောက်က ပြေရာပြေကြောင်းဝင်ပြောကာ ရှေ့ထွက်လာ၏။

"ကျွန်တော်တို့ကတော့ ဒီလိုလုပ်တာကို သဘောမကျတာ အမှန် ပဲ သူကြီး .. ဒါက ကုန်းမြင့်ကြီးလေ .."

ပြောပြီး ဘုန်းရိပ် ကိုတော့ မျက်မှောင်ကုတ်ကြည့်ကာ ..၊

"ရိုးရာဓလေ့ကို အလေးထားကြတဲ့ ကျွန်တော်တို့လို တောရွာ တွေမှာ စကားအပြောအဆိုဆင်ခြင်တတ်ဖို့လည်း သူ့ကို သင်ပေးလိုက်ပါ ဦး၊ ဒီတစ်ခါ ဒီလိုပြောလိုက်လို့ အောင်မြင်သွားပေမယ့် .."

"နေဦး .."

ဘုန်းရိပ် က လက်ကာတား၍ ..၊

"ငါက ပြောလိုက်တော့ ငါ လွန်းတယ်ပေါ့၊ အသုဘ ကျင်းတူး နေမှန်းသိရက်နဲ့ တားဆီးဖို့လာကြတဲ့ မင်းတို့ကတော့ မင်္ဂလာရှိတဲ့ နိမိတ် ရေးပြီးတော့လား .."

"ငါတို့က မဖြစ်သင့်တာကို တားဖို့လာတာကွ .."

"ဖြစ်သင့်လို့ မင်းတို့သူကြီးက ခွင့်ပြုလိုက်ပြီးပြီပဲ .. မင်းတို့ရွာမှာ ဗိုလ်တစ်ထောင် တပ်သားတစ်ယောက်လား .."

သူတို့ဒေါသတွေ မျက်နှာမှာပေါ်လာကြသည်။ ဘုန်းရိပ် က ခပ် တည်တည် ..၊

"သူကြီးကတော်က ခွင့်ပြုလိုက်တယ်၊ အခု ခွင့်မပြုပြန်ဘူးလား၊ သူကြီးလင်မယားက တွေးပြီးသား တံတွေးပြန်မျိုတယ်ဆိုရင် ငါတို့က နာခံပါတယ်၊ သူတို့ကိုယ်တိုင် အမှာတော်ရှိလိုက်တာဆို ခုချက်ချင်း ကျင်းကို ပြန်ဖို့ပေးသွားမယ် .."

"ဟိတ်ကောင် .. မင်း .. မင်းနော် .."

"သူကြီး .. သူကြီးတို့လူက ကျုပ်တို့တစ်ရွာလုံးကို စော်ကားနေ တာနော် .."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဒုက္ခရောက်နေကြတုန်းမို့ ပြောမှားဆိုမှားတွေ ဖြစ်ရတာပါ၊ ငါတို့ရွာမှာ အဲဒီအသုဘကြောင့် တစ်ရွာလုံးဒုက္ခရောက်နေရတာ မင်းတို့က မသိဘူးလေ ..၊ ဒီမှာကလည်း ကိုယ့်ဒုက္ခနဲ့ကိုယ် မဖြစ်သာလို့ပါ၊ ကျုပ်က ကိုယ့်လူဘက်က ကိုယ်ပြောတာ မဟုတ်ပါဘူး၊ မတတ်သာတဲ့အခြေအနေဆိုတာ မင်းတို့ ခန့်မှန်းနိုင်အောင်လို့ .."

"သူကြီး ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ .."

ကျင်းတူးသည့်လူက လှမ်းမေးတော့ ငထွား က ကြားဖြတ်ဖြေလိုက်၏။

"ထားခဲ့လိုက်တော့ ပြန်မယ် .."

"ဟာ .. ဟော့ .. မလုပ်နဲ့လေ .."

"မင်းတို့ပြောနေရင်း မိုက်ရိုင်းနေကြတာလား၊ ဒါ မလုပ်ကောင်းဘူးကွ .."

"လုပ် .. လုပ် .. ဆက်သာလုပ်ကြ .. လာဟော့ .. သွားမယ် .."

အားလုံး အလန့်တကြား ဖြစ်ကုန်ကာ ချက်ချင်း လှည့်ပြန်ကြပေမယ့် ဆံရှည်ကြီးက ပေစောင်းစောင်းနှင့် ..၊

ဘုန်းရိပ် က မျက်နှာခပ်လွှဲလွှဲနှင့် နှာခေါင်းမွှတ်ကာ ..၊

"သူ့အတွက်ကျင်းကို သူများဦးသွားလို့ အဲဒါ .."

ဟင် ..၊

ဆံရှည် တုံ့ခနဲရပ်သွားကာ မျက်လုံးတွေပါ ပြူးသွား၏။ ပြန်ကြည့်တော့ ဘယ်သူကမှ ဘာမှမပြောသလိုလို ..။

အားလုံး ပြန်သွားကြတော့ ဦးဗွေးကြွယ် က သက်ပြင်းချလိုက်ပြီး..၊

"ဘုန်းရိပ် ဆိုတဲ့ကောင်နော် .. မင်းကြောင့်တော့ ခက်တယ်.."

"သူကြီးကလည်း ဘုန်းရိပ် ပြောလိုက်လို့ ဒီကောင်တွေ လက်လျှော့သွားတာ၊ အဲဒီတောင်ပိုင်းရွာက သူကြီးက အရမ်းအကောင်းကြိုက်ပြီး တအားပျင်းတာ၊ ဘာဖြစ်ဖြစ် လုံ့လစိုက်တယ်မရှိဘူး၊ ဘုန်းရိပ် ပြောသလို



ပဲ .. သူတို့ရွာက ဗိုလ်တစ်ထောင် တပ်သားတစ်ယောက် .."

ဒါလည်း ဟုတ်တယ်ဆိုတာသိပေမယ့် သွေးချောင်းစီးဖူးသည့်ရွာတွေမို့ ပဋိပက္ခဆို ဘယ်လိုအကြောင်းတရားနဲ့မှ အစမပျိုးစေချင်ပေ..။

"အေး .. အေး .. အသုဘမြေချဖို့ကိစ္စက အဆင်ပြေပါပြီ၊ မင်းတို့ရဲ့ လူစုပြီး ဝိုင်းကူလိုက်ကြပါဦး၊ ဦးသောင်း နဲ့ မယ်လှ လည်း ဘယ်လိုအကြိတ်အနယ်တွေ ဖြစ်ကုန်ပြီလဲ မသိဘူး .. ဘုန်းရိပ် .."

"ဗျာ .. သူကြီး .."

"အေး .. မင်း ရောက်သွားမှ ပိုဆိုးကုန်မယ်၊ မိခင်တစ်ယောက်ရင်ထဲက သောကကို စာနာပြီး ဘာပြောပြောနားလည်ပေးလိုက် .."

"သူတို့မှာ အမေတစ်ခု သမီးတစ်ခုကွ .."

"ပေါင်းမှ နှစ်ခုပဲရှိတဲ့ သားအမိတွေ အများကြီးပါ သူကြီးရာ၊ သူကျမှ ချစ်တတ်နေတာ .."

"တွေ့လား .. ပြောရင်းဆိုရင်းနဲ့ .."

"ပြောပြတာပါ .. အရိုးလှ တော့ .. ဟွန်း .. လက်လန်တယ် .."

"မင်း ပုံစံကြည့်ရတာ ဟိုရောက်တာနဲ့ ပြဿနာရှာမယ့်ပုံပဲ .."

"အေး .. တောက်လျှောက်ကူညီလာခဲ့ပြီးမှ အပြီးသတ်ကျမှ သံပုရာတစ်ခြမ်းနဲ့ မချေဖို့ မင်းသိဖို့ပဲလိုတာပါ .."

"အဟွန်း .."

ရယ်နေတဲ့ပုံကိုပဲ သေချာကြည့်လေ စိတ်မချလေ ..၊ တကယ်မလွယ်တဲ့ ကောင်လေးတွေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟယ် .. ငှက်ပျောတုံးကြီး ကောင်းလိုက်တာ၊ ကိုင်းဖျားလက်တွေ အကုန်ရှင်းပြီးသားကြီးတော် .."

ရွာထဲက မုန့်ဟင်းခါးသည် မသန်းဌေး က ဘုန်းရိပ် ထမ်းလာသည့် ငှက်ပျောပင်ကြီးကိုကြည့်ပြီး အိမ်ရှေ့ထိ ပြေးထွက်လာ၏။

"ဘုန်းရိပ် .. အဲဒါကြီး ဘာလုပ်မလို့လဲဟင် .."

"အစ်မကရော ဘာလုပ်မလို့လဲ .."

"ငါ့ဟင်းအိုးထဲ ခပ်ချင်လို့ပေါ့ဟ .. မိုးကရွာနေတော့ နင့်အစ်ကိုက ငှက်ပျောပင်သွားရှာပေးပါဆို ခိုင်းလို့ကို မရဘူး၊ ငါ့မှာ ငှက်ပျောပင်ကုန်နေလို့ .."

ရွာထဲမှာ ဘာအတွက်အရေးကြီးဆုံးဖြစ်နေလဲဆိုတာ မသန်းဌေးမေ့နေသည်ထင်၏။ ဘုန်းရိပ် က ငှက်ပျောပင်ကို ပခုံးပြောင်းထမ်းလိုက်ပြီးရယ်ကာ ..၊

"နည်းနည်းလိုချင်ရင် ဖြတ်ယူထားလိုက်လေ .. ဓားမ သွားယူလိုက်.."

"ဟယ် .. နင်ကလည်း အဖျားပိုင်းကြီးက ဘယ်လိုလုပ်ကောင်းမှာလဲ၊ နင်က ဘာအတွက်မို့လို့လဲ၊ သွားထပ်ရှာလိုက်ပါဟယ် .. နော်.. ငှက်ပျောတောတွေ အများကြီးပဲဟာ .. ငါ့ကို တစ်ပင်လုံးပေးခဲ့ပါ၊ မနက်



[illegible]ရင် မုန့်ဟင်းခါး အဝကျွေးပါ့မယ် .."

ဘုန်းရိပ် ပြုံးလိုက်သည်။ စိတ်ထဲမှာ ဘာကိုသဘောကျသွားတာလဲ [illegible]တာ သူ့ကိုယ်သူပဲ သိသည်။ ဒေါ်လှ အိမ်ထဲရောက်လာတော့ သူ့ကို [illegible]လုံးက စောင့်နေကြသည်မို့ မျက်နှာတွေအားလုံးက သူ့ဆီမှာ ..၊

"ဘယ်မှာလဲ .. ငှက်ပျောတုံး .."

"ဘုန်းရိပ် .. မင်းကို ငါ ငှက်ပျောတုံး ခုတ်ခိုင်းလိုက်တာလေ.."

သူကြီးနဲ့ ဦးသောင်း ကလည်း ဒေါသမဖြစ်ခင် အံ့သြသည့်အကြည့်[illegible]နှင့်ဖြစ်၏။

အသုဘထမ်းဖို့စောင့်နေကြသည့်လူတွေရော၊ ခေါင်းသွင်းဖို့ပြင်[illegible]ပြီး စောင့်နေသူတွေရော အားလုံးကိုအေးဆေးဝေ့ကြည့်လိုက်ပြီးမှ..၊

"ကျွန်တော် စဉ်းစားမိလို့ .."

"လုပ်ပြီကွာ .."

"ကျွတ် .. ဒီကောင်လေးကတော့ .."

မိုးတွေညိုလာတာကြောင့် အသုဘချဖို့အရေးတကြီး စိစဉ်နေကြ[illegible]ကို အချိန်ကပ်မှ ဘာတွေ ထော်လော်ကန့်လန့်လုပ်ပြန်ပြီလဲ ..၊

"ကဲ .. ပြောကွာ၊ မင်းက ဘာတွေပိုသိနေပြန်ပြီလဲ .."

ဦးသောင်း ရဲ့ မေးခွန်းကြောင့် ဘုန်းရိပ် ကြိတ်ပြုံးမိကာ ..၊

"ဟိုမှာလေ .. လူသေကောင်နဲ့ ထည့်မယ့်ခေါင်းကိုကြည့်ပါဦး၊ [illegible]တ်ပုတ်ပွနေတာကြီးကို ခေါင်းနဲ့ဆံ့အောင်တောင် မနည်းထည့်[illegible] – ငှက်ပျောတုံးကြီးဘယ်လိုထပ်ထည့်မလဲ ..၊ အဲဒါကြောင့် ခုတ်[illegible] ထားပစ်ခဲ့တာ .."

"ဟင် ..."

ဒါကို လူတိုင်းသိနေတဲ့ကိစ္စ သင်းကျမှ အကျယ်တဝင့်တင်ပြ[illegible]လား ..၊

"ဘကြီးသောင်း ပဲ စဉ်းစားကြည့်၊ မချိမဆံ့ ဖိသိပ်ထည့်ရင် ကျိုး[illegible]ည်းနင်းတာထက် ကြည့်ရဆိုးမှာနော် ..၊ ပိုဆိုးမှာက ကျိုးသေသီး



www.burmeseclassic.com

www.burmeseclassic.com



က မနံဘူး .. ဒါကြီးက .."

"ကဲ .. တော်ပါပြီကွာ .. မင်း လုပ်လိုက်ရင် ကိုယ်ထင်ရာကိုယ်.."

"ဟုတ်ပ .. ဘုန်းရိပ် ရာ ..၊ အပျိုလူပျိုသေရင် ငှက်ပျောတုံးထည့်ပေးရတာ ထုံးစံပဲ ..၊ ကျပ်လို့သိပ်လို့ မထည့်တဲ့မသာရှိဖူးသလား .."

"ယောက်ျားရင့်မာကြီးတွေ ဖျားနာတက်ချက်ကုန်အောင် ခြောက်တဲ့ မသာလည်း ဒီမသာပဲရှိတယ် သူကြီးရာ၊ မသာဖြစ်နေလို့ပေါ့ မဟုတ်ရင် ကျောတစ်ရာရင်တစ်ရာ ဒဏ်ခတ်၊ ကိုယ့်ကျင်းထဲကိုယ့်ဘာသာ ခုန်ဆင်းဆိုပြီး ဖနောင့်နဲ့ ပေါက်လွှတ်မှာ .."

"ဟဲ့ .. ဘုန်းရိပ် .."

"ဗျာ ..."

ဒေါ်လှ မျက်နှာ အိမ်ထဲက ပြတင်းပေါက်ကနေပေါ်လာသည်။ သူ့အေးမှာ ဝိုင်းဝန်းဖျောင်းဖျနေကြသည့် ဒေါ်မြရှင် တို့ ဒေါ်တင်နွယ် တို့ အပါအဝင် ရွာထဲက အမျိုးသမီးကြီးတွေ စုဝိုင်းနေကြ၏။

ဒေါ်မြရှင် ကိုယ့်သားအကြောင်း ကိုယ်သိသည်မို့ ဒေါ်လှ နဲ့ စကားစပ်မိလိုက်တာနှင့် ရင်လေးသွား၏။ ထို့ပြင် ထင်ထားသည့်အတိုင်း ..

"နင်က စကားပြောရင် လူကြီးသူကြီးမှန်း မသိပါလား၊ အရိုးသုံးပါးလည်း နားမလည်ဘူး .."

"ကျွန်တော် ဘာပြောလို့လဲ အရီးလှ ရာ၊ အဲ့ဒါပဲ .. ဟုတ်တာ ပြောရင် လက်မခံချင်ကြဘူး .."

"ဘာကိုဟုတ်တာလဲ .. ငါ့သမီးအတွက် ငှက်ပျောတုံးလိုတာ နင် တမင်ထားခဲ့တာလေ၊ ထားခဲ့တဲ့အကြောင်းကို ပြောနေလိုက်တာ လည်း မစာမနာ .."

"အားလုံးကိုယ်စား ပြောရတာပါ .. အပျိုကြီးကြောင့် ကျွန်တော်တို့ကောင်တွေ ရူးကြောင်မူးကြောင်တွေ ဖြစ်ကုန်တာ ကံကောင်း အသက်မပါတယ် .."

"အောင်မလေးဟယ် .. သေအောင် မလုပ်လို့မသေတာပါ၊ ငါ



ည်း ငါ့သမီးလေး မသွားခင် လွှတ်လွှတ်လပ်လပ်နေပါစေဆိုပြီးတော့.."

ပြောရင်း ဒေါ်လှ ငိုပါလေပြီ ..၊

"သွေးကုန်းမြေက မြေကြီးလေးလက်တစ်ဆုပ်ယူပြီး သူများပြော အတိုင်း နည်းနည်းပါးပါး လုပ်ကြည့်တာပါ .."

မျက်ရည်တွေ သုတ်ရင်း ဝန်ခံပေမယ့် အားလုံးပါးစပ်အဟောင်း ဖြစ်ကုန်ကြ၏။ သွေးကုန်းမြေဆိုတာ ရွာနှစ်ရွာစပ်ကြားက ခုပ ကျင်းတူးလာခဲ့တဲ့ ကုန်းမြင့်ကိုခေါ်တာပါ။

ထို ကုန်းမြေမှာ မကျွတ်လွတ်သည့် ဝိညာဉ်တွေရှိနေသည်။ နှစ် ပေါင်းရာနဲ့ချီနေပြီမို့ သရဲသက်တမ်းအရ ရုပ်ပြောင်းဖန်ဆင်းလို့ ရသည်။ ညာတွေလည်း ပါးစပ်ရာဇဝင်တွေဖြစ်ခဲ့ဖူး၏။

တကယ် ဟုတ်,မဟုတ် ဘယ်သူမှ မစမ်းသပ်ခဲ့ကြပါ။ စိတ်မဝင် စိုးလည်း ငယ်သူတွေကို ကြီးတဲ့လူတွေက တားမြစ်ခဲ့ကြ၏။

"သေတဲ့လူတွေနဲ့ ဆက်သွယ်ဖို့ မကြိုးစားနဲ့၊ သူတို့က လူလောက နေစဉ်ကစိတ်တွေ မရှိတော့ဘူး၊ နင်တို့ကို ဒုက္ခပေးမှာ .." စသဖြင့် ကြောက်လန့်အောင် ပြောထားခဲ့ကြတာဖြစ်သည်။

ဒေါ်လှ ကတော့ အကောင်အထည်ဖော်ခဲ့ပြီဖြစ်လေသည်။ အလောင်း အောင်ကို လမ်းလျှောက်နိုင်တဲ့အထိ လှုပ်နှိုးခဲ့၏။ ဒါတောင် မတတ် တတ်နဲ့ လုပ်ခဲ့တာမို့လို့ ..၊

"ခုတော့ ငါ့သမီးလေးနဲ့ စကားလည်း မပြောရပါဘူး၊ သူ့ခမျာ ကြောင့် လူမုန်းခံရတာပဲ အဖက်တင်တယ် .."

"ဒါပေါ့ .. မသာကို သွားနှိုးတာကိုး .."

မကြားတကြား မေတ္တာပို့သံထွက်လာ၏။ ဒေါ်လှ စကားပြောလေး ကြုံကြုံပါအောင် ငိုနေရပေမယ့် သနားရမယ့်အစား စိတ်ပျက်ခေါင်း ခြင်းတွေပဲရှိနေကာ ..၊

"သူ့မို့လို့ပဲ ကြက်ကြက်ဖန်ဖန် မစံပယ်မသာကို နှိုးလိုက်နိုင်တာနဲ့ ယ် ပြန်ဖြစ်လာမှာ ကျနေ၊ ဘာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အရီး .. အစက ဒီလောက် ကလေးမဆန်ပါဘူး .."

"အေးနော် .. ဘုန်းရိုပ် တို့ အုပ်စုက ဒီအသုဘဒဏ်ကို တော်တော် ခံလိုက်ရတာ၊ ကြည့်ပါဦး .. ဒီနေ့ထိ လာကူညီနေကြတုန်း၊ ကလေးတွေ က လူကြီးပြန်လုပ်နေရတာပါရော .."

"ဘုန်းရိုပ် ဆိုတဲ့ကောင်က အစတည်းက စကားပြောရင် ကိုးလို့ ကန်းလန့်ရယ် .."

"ပြောပြီပေါ့ကွာ .. ဒီလောက်ထိ ဘယ်သူခံချင်မှာလဲ၊ ငါတို့ဆို လည်း ပြောမိမှာပဲ .."

အသုဘမြေချဖို့ အစီအစဉ်မှာ ငှက်ပျောတုံးမပါဘဲ သစ်တုံးအရှည် ခပ်တုတ်တုတ်တစ်ချောင်းကိုပဲ တူစုံဖက်၍ ထည့်ပေးလိုက်ရသည်။

အကိုင်အတွယ်မခံတော့သည့် အလောင်းက သချိုင်းရောက်တဲ့ အထိ အားလုံးကို အနံ့နဲ့ နှိပ်စက်လေသည်။ နေမွန်းတည့်ချိန်ကြီးမှာ နေမမြင်ရတာကြာပြီပေမယ့် မိုးတိတ်နေတတ်ပါ၏။

ဒါပေမယ့် ဒီနေ့ နေမွန်းတည့်ချိန်မှာ မိုးတွေအုံ့မည်းကာ မိုးဖွဲ လေးတွေကျနေခဲ့၏။ ဒေါ်လှ ကို သနားသဖြင့် တစ်ရွာလုံးနီးပါးလိုက်ပို့ကြ သော်လည်း နှာခေါင်းတွေ တရှုံ့ရှုံ့နှင့် ခပ်ဝေးဝေးမှာပဲ စုဝေးလိုက်ပါကြ၏။

"အောင်မလေး သမီးရေ .. ဘယ်သူမဆို သေရင်ပုပ်ကြတာပါပဲ ငါ့သမီးရဲ့ အပုပ်နံ့ကျမှ နှာခေါင်းတွေပိတ်ထားကြတာ ဟန်တော် မဆောင်နိုင်ကြဘူး သမီးရဲ့ .. ဟီး .. ဟီး .."

ဖြစ်ရလေတယ် ..၊

လိုက်ပို့တဲ့လူတွေအကြည့်ချင်းဆုံ၍ ခေါင်းတခါခါဖြစ်ကုန်ကြ ၏။ အပုပ်နံ့ပါဆိုမှ ဘယ်သူ့အပုပ်နံ့လေးကတော့ မွှေးသားပဲလို့ပြော ခဲ့တဲ့လူများရှိလို့လား ..၊

"ခဏလေး .. ခဏလောက် ကြည့်ပါရစေ .. မြေကြီးထဲ မချ လေးပါ၊ ငါ့သမီးကို ကြည့်ပါရစေ .."

"ဒီလောက် ရုပ်ပျက်နံစော်နေတာကို အရီးကလည်းဗျာ .."



"ပြလိုက်ပါ ကိုချမ်းသာ ရယ် .. အရီးလှ သနားပါတယ် .."

ငယ် က ဒေါ်လှ ရဲ့ လက်တစ်ဖက်ကို ကိုင်ထားရင်း ချမ်းသာ ကို တောင်းပန်ပေး၏။ ဖွင့်လိုက်တော့ အက်ကွဲပေါက်ထွက်မတတ် ောင်တင်းဖောင်းကားနေသည့် တစ်ကိုယ်လုံးက မျက်စိ၊ နှာခေါင်းဆို လည်း ပျောက်လုနီးပါးဖြစ်နေ၏။

ထို့ပြင် သွားတွေက အပြူးသားငေါထွက်နေကာ ပါးစပ်မှာ အသုပ် အစအနကျန်နေသေးသဖြင့် ဒီအကြောင်းမသိတဲ့လူတွေ ဟာခနဲ ယ်ခနဲဖြစ်ကုန်ကြ၏။

"မစံပယ် ဆိုတာ ယုံနိုင်စရာတောင် မရှိဘူးဟယ် .."

"အစတည်းက ရုပ်ဆိုးတော့ ပိုဆိုးတာပေါ့ .."

"ရုပ်ဆိုးဆိုး ချောချော သေရင် အပုပ်ကောင်ရုပ်ပါပဲဟယ် .."

"ဒါပေမယ့် ငှက်ပျောဖူးသုပ်ထမိုးစားတဲ့ မသာ သူပဲရှိတယ်လေ .."

"မဟုတ်ဘူး .. သံချောင်း ပြောတော့ ဖရိုက်သေးတယ်တဲ့ .."

"ခစ် .. ခစ် .."

"အောင်မလေး ရယ်နေသေးတယ်၊ နင့်ပါးစပ်ထဲကို အပုတ်နံ့တွေ လုံးကြီးဝင်ကုန်ပြီ .."

စကားသံတွေ ကျွတ်စီကျွတ်စီ ထွက်လာနေကြတာကို သူကြီးနဲ့ သောင်း တို့လည်း မထိန်းနိုင်တော့ပေ ..။ ထို့ပြင် ဟိုဘက်ရွာကလူတွေ က်လာပြီး ခပ်လှမ်းလှမ်းကနေ ရပ်ကြည့်နေကြသဖြင့် အသုဘက ည်သလိုဖြစ်နေခဲ့သည်။

လူများသလောက် စကားတွေများနေတာကို မထိန်းတော့ဘဲ မကြား ယောင်ဆောင်နေလိုက်ရ၏။

"ဒီမှာ ငါ့ညီ .. အဲ့ဒီအပျိုကြီးက တော်တော် သောင်းကျန်းသွား ဆို .."

ဘုန်းရိုပ် က လက်တို့မေးသည့်လူကို လှမ်းကြည့်လိုက်၏။ ဟိုဘက် တစ်ယောက်ဖြစ်ကာ ထိုသူ့ဘေးမှာ လူငယ်နှစ်ယောက် ခြုံပျက်..။

"အင်း .. ဟုတ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အောက်လမ်းနည်းနဲ့ မသာ နှိုးထားတာဆိုတာဟုတ်လား၊ ငါတို့ဘက်မှာလည်း ဝါဆိုမိုးနဲ့အပြိုင် အဲ့ဒါမျိုးဖြစ်ဖူးတယ်ကွ …၊ မိုးနဲ့ ပိတ်ပြီး အသုဘချလို့မရတာလေ …"

"ဟုတ်တယ်ဗျ … ကျုပ်တို့ဘက်ကတော့ အသက်ခုနစ်ဆယ်အရွယ် အမေအိုကြီးပဲ …၊ မသေခင်တည်းက သူငယ်ပြန်နေတော့ သူလည်းသောင်းကျန်းရော အိပ်တဲ့လူတောင်မနေရဘူး …"

"ဘာလုပ်တာလဲ …"

"ကလိလိုက်ထိုးတာလေ … အသုဘက မြေမကျသေးဘူး၊ မီးဖိုထဲမှာ ဘာချက်ချက်ကုန်တာပဲ၊ သူ့ မသာကို မစောင့်ဘဲ တုံးလုံးပက်လက်နေလိုက်တာနဲ့ ကလိလိုက်ထိုးတော့တာပဲ၊ အိမ်ရှေ့ခြံတံခါးမှာ သူ့ပြောင်းဖူးဖက်ဆေးလိပ်ကြီးတရဲရဲနဲ့ လူတိုင်းမြင်တယ်၊ ဒါပေမယ့် အဘွားကတော့ ဘယ်သူမှ နှိုးတာမဟုတ်ဘူး … သူ့ဟာသူ ဖုတ်ဝင်သွားတာ –

ဘုန်းရိပ် ကလည်း ပြန်ပြောပြကာ အဆင်မပြေကြသည့် နှစ်ဖက်ရွာက တစ်ရွာတည်းသားတွေလို ဖြစ်နေခဲ့၏။

"ဟောဒီ သွေးကုန်းမြေကိုက သူ့အလိုလို အစွမ်းထက်နေတာ ဒီနားကရွာတန်းတွေမှာ အောက်လမ်းဆရာ မလိုဘူးနော် … မဆိုးဘူး–

ဘုန်းရိပ် က ပြုံးနေပေမယ့် ခေါင်းခါလိုက်ကာ …၊

"ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်လာရင်တော့ သွားပြီ …"

"ခုထိတော့ မဖြစ်သေးပါဘူးကွာ …"

စကားပြောနေရင်း ဘုန်းရိပ် မျက်လုံးက ဒေါ်လှ နဲ့ ငယ့် ဆီ မကြာမကြာ ဝေ့နေခဲ့လျက် …၊

ကျွတ် … ဒီကောင်မလေးကတော့ …၊

"မိငယ် …"

ဘယ်လိုမှ ကြည့်နေလို့မရတော့ဘဲ လက်ကိုသွားဆောင့်ဆွဲတာ–

"ဘာလုပ်နေတာလဲ … ကျင်းထဲအိုခုန်ချတော့မလို့လား …"

"ကိုကြီး …"

"ဒီလောက်နံစော်စို့ရွှဲနေတာကြီးကို …



ဒေါ်လှ ဘေးကနေ ငယ့် ကိုဆွဲခေါ်ချလာကာ စိတ်တိုတိုနှင့် ဖခုံးတစ်ခြမ်းကိုပါ ဆွဲခါပစ်မိ၍ …၊

"လူသေကောင်ကြီးကို ဒီလောက်ဆွဲလွဲကိုင်တွယ် … အဲ့ဒီလက်ကြီးတို့ပဲ … နင်က …"

"ငယ် က လက်ကိုမထိပါဘူး … ပခုံးကိုပဲ …"

"တော်တော့ နင် … သွား … ဝေးဝေးသွားနေ …"

ငယ့် ကို ဘုန်းရိပ် ဆူနေတာ လူကြီးတွေရော၊ လူငယ်တွေရော မြင်ကြသည်။ ထိုထဲမှာမှ သူကြီးသမီး သက်ထား နှင့် ဝိုင်း တို့ မိန်းကလေးတစ်စုက အထူးသဲတိထားကြည့်နေကြကာ …၊

"တွေ့လား သက်ထား … ကိုဘုန်း က အဲဒီကောင်မလေးကိုဆို သူ ထိန်းကျောင်းချိုးပိုးနေရတဲ့ ကလေးကျနေတာပဲ …"

ဝိုင်း က တိုးတိုးလေးကပ်ထောင်သည်။ ငယ် က သူတို့တွေနဲ့ တော်မီးမယိမ်းပေမယ့် အားလုံးထက် အံသက်ငယ်တာလည်းမှန်သည်။

ထို့ပြင် ဖြူဖြူဥဥနှင့် ကိုယ်လုံးသေးသေးလေးမို့ သူငယ်ချင်းတွေ ဆမယ့် အငယ်ဆုံးလို့ သဘောထားနေကြတာဖြစ်သည်။

ကဲ့ရယ်နေလျှင်လည်း ကဲ့ရယ်နေသည်လို့မထင်၊ နှိမ့်ချပြောနေသည်း စိတ်ဆိုးဒေါသထွက်ပုံမပြ …၊

သူမပုံစံလေးက ဖြူစင်နေတာကြောင့်လည်း ကလေးဆန်နေသလို ဖြစ်နေခဲ့တာပါ။ ငယ့် အပေါ်မှာ မိန်းကလေးချင်း မနာလိုမှုန်းတီးဖွယ် ဘာမှမရှိပေမယ့် တစ်ဖက်မှာ မျက်နှာလိုမျက်နှာရ ပြောပြရမယ့်အကြောင်းမျိုးရှိလာရင်တော့ …၊

"ဟုတ်ပ … မရိုးသားတဲ့ပုံမရှိပေမယ့် နည်းနည်းတော့ မှန်သလိုပဲ…"

"အဲ့ဒီတစ်ယောက်ကလည်း မလိမ်ပိုးမလိမ္မာပုံလေးနဲ့ ချွဲတော့ချွဲတတ်တယ်ဟ …"

သက်ထား က ငယ့် မျက်နှာကို စူးစိုက်ကြည့်ကာ …၊

"လူကောင်လေးသာသေးတာ ရုပ်လေးကလည်း လှတယ်ဆိုတော့လည်း ကိုဘုန်း ကို မှန်းချင်မှန်းနေမှာပေါ့ …"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. သက်ထား ရယ် .. ဒီလောက်တောင် ချစ်လို့ပါပြော[illegible] တကောက်ကောက်လိုက်နေတာ ဟိုဘက်ရွာကတောင် သိကြတဲ့ဟာ[illegible]

"ဒေါ်ဒေါ်မြ ကလည်း နိုင်းကောင်းလို့ မှိန်းနေတာပါ၊ တခြ[illegible] စာရင်းငှားတွေဆို ပိုက်ဆံပေးရတယ်၊ မိသားစုလိုက်တင်ကျွေးထား[illegible] တယ်၊ ဒါလေးကို ပိုက်ဆံမကုန်ဘဲ တစ်သက်လုံး နိုင်းလာခဲ့တာလေ[illegible]

တိုးတိုးကြိတ်ကြိတ် စကားသံတွေကိုကြားကာ စန်းရီ စိတ်မကောင်[illegible] ဖြစ်မိ၏။ သူကြီးသမီးကို မသိမသာကြည့်လိုက်တော့ ကျောက်စိမ်းရော[illegible] ချိတ်ထမီနှင့် အပါးသားအစိမ်းလေးကို ရင်ဖုံးလေးချုပ်ဝတ်ထား[illegible] မြန်မာဆန်ဆန် သေသေသပ်သပ်လေးပင် ..။

ငယ် ကတော့ ပန်းရောင်လား ဇေဒါရောင်လား ခွဲမရအောင်[illegible] နေသည့် ထမီအပွင့်ရိုက်လေးနှင့် ရှန်သား အဖြူညစ်ထပ်ထပ်ရင်ဖွဲ့လ[illegible] တိုလေးကို ဝတ်ထားသည်။

ထည်ဝါတောက်ပပုံချင်းလည်းမတူ၊ ဖွံ့ထွားလှပသည့် ကိုယ်ဟ[illegible] ချင်းလည်း တခြားစီပါ။ ငယ် က အရပ်တော့ သိပ်မပုပေမယ့် ကိုယ်[illegible] က သေးညှပ်နေသဖြင့် မိန်းမတို့မှာ ရှိအပ်သော ဖွံ့ထွားသင့်သည့်အတို[illegible] အတာဆိုတာ ဘာမှမရှိ ..။

တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုတာလို ပြောင်းလဲသွားနိုင်[illegible] တောင် ငယ့် ဘဝက ပြောင်းလဲ့မယ့်အခြေအနေလည်း မရှိရှာ ..။

အသုဘ မြေချသည့်ကိစ္စအဝဝပြီးချိန်တွင် ငယ် က ဘုန်းရိုပ် [illegible] လိုက်သည့်အတိုင်း လူတွေရဲ့နောက်မှာ မတ်တပ်လေးရပ်ကြည့်နေလျှ[illegible] ရှိကာ လူငယ်တစ်ယောက်က သူမရှေ့ရောက်သွား၏။

"ငယ်ငယ် .."

"ဟယ် .. တူးတူး .."

"နင် ငါ့ကို မှတ်မိသားပဲ .."

"မှတ်မိတာပေါ့ဟ .. နင်က အခု ဘယ်မှာနေတာလဲဟင် .."

ဆရာတော့်ကို ထီးမိုးပေးထားရင်း ဘုန်းရိုပ် က ငယ် တို့ကို လှမ်း[illegible] ၏။ ခုနက ခေါင်းပေါ်မှာ တဘက်ခေါက်လေးတင်ပြီး ငြိမ်ငြိမ်လေးရပ်[illegible]



သည့် ငယ် က ခေါင်းပေါ်တဘက်တင်ထားဖို့လည်း မေ့သွားသည် ထင်၏။

မိုးဖွဲလေးတွေ ကျနေသည့်အောက်မှာ စကားတွေပြောနေလိုက် တာ ရွှန်းရွှန်းဝေလျက် ..၊

"ငယ် ရေ .. ပြန်မယ် .."

"ဟုတ်ကဲ့ .. ကြီးကြီး .."

ငယ် က ဒေါ်ကျော့ ကိုပါ မိတ်ဆက်ပေးနေကာ ..၊

"ကြီးကြီး .. သူက တူးတူး လေ .. ဘဘမုန်း ရဲ့သား အောင်ခန့် .."

"အောင်ခန့် .. ဩော် .. တူးတူး လို့ခေါ်ကြတာ ဟုတ်ပါရဲ့ ထွား လာလိုက်တာ၊ မင်းတို့ ဘယ်မှာနေကြတာလဲ .."

"ကျွန်တော်တို့ မြို့ကို ပြောင်းမယ်ဆိုပြီး ထွက်သွားတာလေ၊ မန္တလေးမှာ အမေ ဆုံးသွားတော့ အဖေက မြို့မှာ အဆင်မပြေပါဘူးဆို ပြီး တောကိုပဲ ပြန်လာကြတာ .."

"ဩော် .. မသိတာ ဆုံးသွားပြီကိုး .. ဒါဖြင့် မင်းတို့က .."

"ကျွန်တော်တို့ တောင်ပိုင်မှာပဲ ဘိုးလေး တို့နဲ့ အတူတူနေလိုက် တော့တာ .."

"ဒီကုန်းလေးကျော်ရင် လာလို့ရတာပဲကွယ် .. နီးနီးလေးတောင် လာမလည်ကြဘူး၊ နေနိုင်လိုက်ကြတာ .."

"မဟုတ်ဘူး ကြီးကြီး၊ အဖေက မြို့နဲ့အရောင်းအဝယ်လုပ်နေ တော့ မအားလို့ပါ၊ ကျွန်တော်ကလည်း မြို့မှာပဲ ကျောင်းတက်ပြီး ဒီကို ပြန်မလာဖြစ်တော့တာလေ .."

"ခုရော .."

"ခု .. အဖေ နေမကောင်းလို့ပြန်လာတာ .. ကျွန်တော်လည်း ကျောင်းပြီးသွားပြီဆိုတော့ မပြန်သေးပါဘူး .."

"ဟုတ်လား .. ဒါဆို ရွာကိုအလည်လာခဲ့ဦးလေ .."

အချိန်တွေကြာခဲ့ပြီဖြစ်သလို ဒေါ်သီတာ မရှိတော့ဘူးဆိုလို့လည်း စကားစမြည်းပြောဖြစ်တာပါ။ တူးတူး တို့အမေ ဒေါ်သီတာ က ငွေဝုဏ် ကောက်တာမဟုတ်ဘဲ မျိုးရိုးဇာတိအပေါ်မှာ အစွဲကြီးတဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငယ် နဲ့ မပေါင်းရဘူးနော် .. သူ့အဖေက ကလိမ်ကကျစ် သူခိုး.."

ဒီတိုင်းပြော၍ ကလေးချင်းလက်ကိုဖြုတ်ပြီး ဆွဲခေါ်သွားခဲ့ဖူး၏။ ဒေါ်ကျော့ ကလည်း ကိုယ့်သွေးသားဘာဖြစ်ဖြစ် ကိုယ်သာပြောမည်၊ သူများပြောရင် မကြိုက်တဲ့သူမျိုး ..။

ခုတော့လည်း ကြာခဲ့ပါပြီ ..၊

"ဘယ်သူလေးလဲ .. မကျော့ .."

အသုဘပို့ပြီး ပြန်လာကြတော့ ဒေါ်မြရှင် က မေးသည်။ ဒေါ်ကျော့ က ပြန်ပြောပြကာ ..၊

"သူများကလေးတွေ ပညာတတ်လေးတွေ ဖြစ်လာကြတော့လည်း မိငယ် အတွက် စိတ်မကောင်းဖြစ်မိတယ် မမြ ရယ်၊ သူ ငယ်ငယ်က ကျွန်မ သူ့အဖေအပေါ် မုန်းလွန်းလို့ ကောင်မလေးကို ပစ်ထားခဲ့မိတယ်.."

ဒေါ်မြရှင် က ပင့်သက်ရှိုက်ရင်း ခေါင်းတညိတ်ညိတ် ..၊

"ကလေးက အကြောက်ကြီးပြီး နုံအအလေးဖြစ်လာတယ်၊ စာသင်ပေးလို့ မရလည်း ရိုက်၊ ကျောင်းမသွားချင်ဘူးပြောလည်းရိုက်၊ ပညာမလိုချင်လည်း နင့်ကံတရားပဲဆိုပြီး လက်လွှတ်စပယ်ထားခဲ့မိတာ ဒီနေ့ထိပဲ.."

တလှုပ်လှုပ်လျှောက်နေရင်း ဒေါ်ကျော့ ရဲ့ နောင်တတွေကို နားထောင်နေမိသည်။ ဒေါ်မြရှင် တွေးမိနေတာက ဒေါ်ကျော့ ဟိုအရင်တုန်းက ခု ပြောပြနေတာတွေထက် အများကြီးပိုဆိုးသေးသည်ဆိုတာပင်..။

နောက်တစ်ခုက ခုချိန်ထိလည်း ငယ့် အပေါ်မှာ ကောင်းကွက်မရှိခဲ့သေး ..။

တစ်ရွာလုံးရဲ့ ကရုဏာတရားတွေ ငယ့် အပေါ်မှာ စုပုံနေခဲ့တာကိုက ကြီးတော်ဖြစ်သူ၏ ရက်စက်တော့ကဲ့ခါးခြင်းကြောင့် မဟုတ်ဘူးလား..။

ဒါပေမယ့် နောင်တရပါပြီဆိုတော့လည်း ..၊



အခန်း (၂၁)

"မမြ .. မမြ ခဏနေစမ်းပါဦး၊ ပြောချင်လွန်းလို့ ရှင့်ကိုစောင့်နေတာ .."

ညနေစောင်း မိုးလေကင်းနေတုန်း အလုပ်ကိစ္စလေးနဲ့ တောင်ပိုင်းရွာသွားခဲ့ဖြစ်သည်။ ရွာထဲပြန်ဝင်လာကာမှ ဒေါ်လှ က ထမိတစ်ဖက် 'မ'၍ အပြေးတစ်ပိုင်း လိုက်လာကာ ..၊

"ဘုန်းရိပ် .. ဘုန်းရိပ် .. မမြ .. ရှင့်သား ဘုန်းရိပ် ကြောင့် သိလား.."

"မသိဘူး .. ဘာဖြစ်လို့လဲ .."

"ငှက်ပျောတုံး ခုတ်ခဲ့ပါဆိုတာ မိသန်းရွှေ မုန့်ဟင်းခါးဆိုင်ကို ရောင်းစားပြီး ကျွန်မသမီးအတွက်ကျတော့ သစ်တုံးပြတ်ကြီးနဲ့ ထည့်လွှတ်လိုက်တာလေ .."

နှစ်ယောက်စလုံး ပိတ်ထားသည့်ထီးတွေ ချိုင်းကြားညှပ်ကာ လမ်းကလေးပေါ်မှာပဲ မျက်နှာချင်းဆိုင်ရင်း ..၊

"ညက ကျွန်မကို စံပယ် အိပ်မက်လာပေးတယ်၊ အို .. အိပ်မက်မဟုတ်ပါဘူး၊ ကျွန်မ နိုးနေပါပြီ .. သူ ကျွန်မခြေရင်းမှာ ထိုင်ငိုနေတာ.."

"အင်း .. ဟုတ်မှာပေါ့၊ ရှင်က အလောင်းကိုတောင် လမ်းထလျှောက်အောင်လုပ်နိုင်သေးတာ .."

"ရှင်တို့ ဒါပဲပြောနေကြတယ်၊ အချိန်တန်ရင် ကျွန်မသမီးကသာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနားမှာ ရှိတာပေါ့ရော .. ဘယ်သူက ကျွန်မနဲ့ နေပေးသလဲ ..''

''မလှ ရယ် .. ဒီတစ်ယောက်သေသွားရင် နောက်တစ်ယောက် အဖော်ရှိအောင် အရံထားပေးကြတယ်လို့များ မလှ ဘယ်မှာကြားဖူးလို့လဲ၊ မွေးလာတာရော .. သေရတာရော ဘယ်သူမှ အဖော်မပါကြပါဘူး၊ တကယ်လို့ ရှင် အရင်သေသွားရင်လည်း ရှင့်သမီးတစ်ယောက်တည်း ကျန်ခဲ့မှာပဲ..''

''ကျုပ် သိပါတယ်၊ ဒါပေမယ့် တစ်ရွာလုံး ဒါကိုပဲ ကဲ့ရဲ့နေကြတာက မလွန်ဘူးလား၊ ကျွန်မ သမီးကျမှ ထုံးစံကလနားတွေကိုတောင် ဂရုမစိုက်ကြတော့ဘဲ အပျိုလေးသေတာကို သစ်တုံးနဲ့ ချပစ်ကြတယ် ..''

''နို့ .. အဲဒါ မလှ ရှေ့မှာတင်ပဲလေ ..''

''ဘယ်ကလာ မမြ ရယ် .. ကိုသောင်း ဆူနေတော့ ဘုန်းရိပ် နောက်တစ်ခေါက် ပြန်ရှာပေးမှာပဲဆိုပြီး ကျွန်မ လှည့်မကြည့်ခဲ့မိဘူး၊ ရပ်မိရပ်ဖ တစ်ယောက်ဖြစ်ပြီး ရိုးရာဓလေ့ထုံးစံကိုတော့ မပယ်ကောင်းပါဘူး၊ နဆော့ စံပယ် လာပို့နေမှ ကျွန်မ သိရတယ်လေ၊ အဲဒါ စုံစမ်းကြည့်တော့ ဘုန်းရိပ်က ငှက်ပျောတုံးကို ခုတ်လာခဲ့ပြီးမှ မိသန်းမြွေး ကို ပြန်ရောင်းသွားတာတဲ့ ..''

''သားက ...''

''အောင်မလေး .. ဘုန်း ဒီလိုပဲလုပ်နေကျ၊ မိဘက ရွှေတွေကို ရာဝင်အိုးနဲ့ သိပ်ထားသလေးဘာလေးနဲ့ သားကတော့ ကြက်ခိုးဖမ်းလိုက်၊ ဘူးသီးခိုးလိုက်၊ ဟွန်း .. ကြက်ကာလသားဟင်းနဲ့ထွက်လာပြီဆို မမေးနဲ့ အဲ့ဒါ ဘုန်းရိပ် ပဲ ..''

ဒေါ်မြရှင် မျက်နှာမှာ ဒေါသရိပ်တွေတက်လာခဲ့ပြီဖြစ်၏။ သူငယ်ချင်းတွေနဲ့ အစအနောက်သန်တာ ပျော်သလိုနေတတ်တာကြောင့် ဒီလို ပြဿနာတွေ ကိုယ့်ဆီရောက်လာခဲ့တာ တစ်ပုံကြီး ...။

ကြက်သားဟင်းဆို အမေ့ဟင်းအိုးထဲက ဆီပြန်ရဲရဲကိုမကြိုက် ကြည်လောင်လောင် ဆီတစ်ပြောက်နှစ်ပြောက်နှင့် ဂျင်းတက်နှစ်ခြမ်းကွဲကြီး ပေါလောပေါ်နေသည့် ကာလသားဟင်းကိုမှ ကြိုက်သည်။

ဒီသား ဒီလောက်ထိ စိတ်နောက်ကိုယ်ပါ ပြောတတ်လုပ်တတ်



တာတွေကြောင့် ကိုယ့်ရပ်ကိုယ့်ရွာသာမဟုတ်လျှင် မလွယ် ...၊

ဒါကြောင့်လည်း ဘုန်းရိပ် တို့ ဘွဲ့လေးတစ်ဘွဲ့ သွားပြေးယူပြီး ကိုယ့်ဒေသကို မပစ်ခွာနိုင်ပါဆိုသည့် နာမည်ကောင်းနှင့် ပြန်ချလာတာ ဖြစ်နိုင်၏။

''ဘာလဲ မမြ .. ဘုန်းရိပ် က ငှက်ပျောတုံးပြန်ရောင်းစားသွားပါတယ်ဆိုတာ မယုံဘူးဖြစ်နေတာလား ..''

''မဟုတ်ပါဘူး .. မလှ ရယ်၊ ဒါ ဟုတ်ဟုတ်မဟုတ်ဟုတ် ကျွန်မသားက မလိမ်မှာဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ဒီကလေးတွေအကြောင်းလည်း မလှ ခုမှ သိတာမှမဟုတ်ဘဲ ..''

''သိတယ် .. သိတယ် .. ဒါကြောင့် သည်းခံနေခဲ့တာပေါ့၊ ခုတစ်ခါတော့ ဘုန်းရိပ် တစ်ခုခု ပြန်လုပ်ပေးမှ ဖြစ်မှာနော် .. မဟုတ်ရင် စံပယ် ကျေနပ်မှာမဟုတ်ဘူး ..''

''ဒေါ်လှ ဘာတွေ ဒေါ်ကန်နေတာတုံး ..''

လယ်သိမ်းပြီး ပြန်လာသည့် ဦးဂျပန် က အဝေးတည်းက စကားကြားဖြတ်သလို လှမ်းအော်ကာ ...၊

''ခင်ဗျားတို့ သားအမိကိစ္စတွေ ပြီးပြီမှတ်တာ မပြီးသေးတဲ့ပုံပဲ..''

''မပြီးရတဲ့အကြောင်းရင်းက ထုံးစံမရှိတာကို လုပ်ထည့်လိုက်တော့ မကျွတ်မလွတ်တဲ့သတ္တဝါအတွက် ပြေးစရာမြေမရှိ ဖြစ်ရတာလေ ..''

''ဘယ်သူ မကျွတ်တာတုံး .. စံပယ် လား ..''

ထွန်ခြစ်ကို ပခုံးပြောင်းထမ်းပြီး အနားမှာရပ်လိုက်တော့ လမ်းပေါ်မှာ သုံးပွင့်ဆိုင်ဖြစ်သွားသည်။

''ခင်ဗျားသမီး ဘယ်လိုလုပ် ကျွတ်မလဲ ဒေါ်လှ ရယ် .. အလောင်းမြေမချခင်တည်းက ခင်ဗျားက ခိုင်းထားတာကိုး ..''

''အို .. ကျွန်မတို့သားအမိသံယောဇဉ်ကိစ္စက မကျွတ်တာနဲ့ မဆိုင်ပါဘူး ..''

ဒေါ်လှ က သူလုပ်ထားတာကျတော့ အကောင်း ...၊

ဦးဂျပန် က တဟားဟားရယ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"သေသွားပြီတဲ့ဝိညာဉ်က ရေဲရောက်မလား၊ နတ်ပြည်သွားသလား ဒါမှမဟုတ် နောက်ထပ်ခန္ဓာတစ်ခုရဖို့ အမိဝမ်းဗိုက်မှာ သန္ဓေတည်နေပြီလား .. အဲဒါတွေ ဘယ်သူသိလို့လဲ .."

"ခုနစ်ရက်မလည်မချင်း သူတို့ဘယ်မှ မသွားပါဘူးတော် .."

"ဘယ်သူပြောတာတုံး .."

"အို .. ဒါ လူတိုင်းသိတာပဲဟာ .. ဒီမှာ ကိုဂျပန် ရှင့် ကျုပ်ကို ပုလိပ်စစ်သလို လာစစ်မနေနဲ့၊ ကျွန်မတို့တွေ လှူဒါန်းပြီး အမျှအတန်းဝေကြတယ်ဆိုတာ ဘယ်သူတွေအတွက်တုံး၊ မကျွတ်မလွတ်တဲ့ ဝိညာဉ်တွေဆိုတာ မရှိဘူးလို့ ရှင်ပြောချင်လို့လား .."

"မပြောပါဘူးဟာ .. ဒါ ဘယ်သူမပြုမိမိအမှုပဲ၊ နင် ဘာတွေလုပ်ထားတယ်ဆိုတာ တစ်ရွာလုံးသိနေတဲ့ဥစ္စာ၊ စံပယ် ခုလိုဖြစ်ရတာ နင့် ကြောင့်ပဲ .."

"ဘယ်လို .. ဘာရယ် .."

"ဟုတ်တယ် .. နင် သူ့ကို လူလိုလူ့ပ်ရှားတာမြင်ချင်တယ်၊ အဲ့ဒါကြောင့် ဖုတ်သွင်းပြီး နှိုးတယ်၊ ဒီခန္ဓာကိုယ်ကြီးက ထလာပေမယ့် အပမှီတယ်ဆိုတာတွေ နင်မကြားဖူးဘူးလား ..၊ သူ့ကို မကျွတ်လွတ်အောင် အိမ်မှာ ဆွမ်းကပ်တော့လည်း နင် သူ့နာမည်ခေါ်ပြီး အမျှမဝေဘူး .."

"တိုးတိုးတော့ ခေါ်ပါတယ်တော် .. အိမ်ထဲမှာပဲဥစ္စာ မကြားဘဲနေမလား .."

မလုံမလဲ ခေါင်းငုံ့သွားသည့် ဒေါ်လှ ကို ကြည့်ကာ ဒေါ်မြ သက်ပြင်းချရင်း ..၊

"ကဲပါရှင် .. ဘုန်းရိုပ် ကို ငှက်ပျောတုံးကိစ္စ ကျွန်မ ဆုံးမလိုက်ပါ့မယ် .. သွားမယ်နော် .."

"နေဦး မမြ .. ကျွန်မက ဆုံးမစေချင်တာမဟုတ်ဘူး၊ အဲ့ဒါထက် ထိရောက်တာတစ်ခုခု လုပ်ပေးစေချင်တာ .."

"ဘာ!..."

ဒေါ်မြရှင် တအံ့တဩဖြစ်သွားသည်။ ငှက်ပျောတုံးမထည့်မိတဲ့



ကိစ္စကို နာနာဘာဝနဲ့ ဘယ်လိုဖြေရှင်းရမှာလဲ ..။

'ရော့ .. အင့် .. ကျေပြီ' ဆိုပြီး လက်ထဲထည့်ပေးလို့ရသည့်ကိစ္စလည်းမဟုတ် ..။

ဒေါ်လှ ကလေးဆန်နေသည့်အဖြစ်က 'နပ်ချေးပြန်တပ်ပေး' လို့ အော်ပြီး ခြေဆင်းငိုနေသည့်ကလေးလို ..၊

"ခက်တော့တာပဲ မလှ ရယ် .. ရှင့်မှာ .."

"ကဲ .. ကဲ .. မိုးတွေလာပြီ ဒေါ်မြ လည်းသွားတော့၊ ဒေါ်လှ ကလည်း စဉ်းစားဗျာ .. ဒါက ဘုန်းရိုပ် တစ်ယောက်တည်းနဲ့ ပတ်သက်တဲ့ ကိစ္စလည်းမဟုတ်ပါဘူး၊ ပြီးတာလည်း ပြီးသွားပြီ .."

"မပြီးလို့ အခု ကျွန်မသမီးက ညတိုင်း လာငိုနေတာပေါ့ .."

နောက်မှာ ဘာတွေပြောကျန်ခဲ့မှန်းတော့ မသိ၊ ဒေါ်မြရှင် ဒီတစ်ခါ သားဖြစ်သူကို စိတ်ဆိုးလာတာ လမ်းတစ်လျှောက်လုံး ထမီ'မ'လာခဲ့မိတဲ့အထိ..။

"ကိုဘုန်း .. ဟဲ့ .. ဘယ်မှာလဲ ကိုဘုန်း ရော .."

"ဟင် .. အရီး ဘာဖြစ်လို့လဲ .."

စန်းရီ နဲ့ ငယ် တို့က အိမ်ရှေ့မှာ ပဲရွေးနေကြကာ ဒေါ်မြရှင် ပုံစံကြောင့် မျက်လုံးလေးတွေ ဝိုင်းနေ၏။

"ကိုဘုန်း ဘယ်မှာလဲပဲ ပြောစမ်း .. သင်းကြောင့် .."

ဒေါ်သက ဖိနပ်ချွတ်မည်ပြင်ပြီးမှ အပြင်ပြန်ထွက်ဖို့ ပြန်လှည့်မိ၏။ ထိုစဉ် ဘုန်းရိုပ် နဲ့ အောင်ကြီး တို့ ခြံရှေ့ကနေ ဝင်လာကြသဖြင့်..၊

"လာစမ်း ကိုဘုန်း .. မင်းကြောင့် ရှင်းခဲ့ရသမျှ ဒီပြဿနာကို ငါ သည်းမခံနိုင်ဆုံးပဲ .."

"ဘာဖြစ်လို့လဲ .."

ရယ်လာသည့် ဘုန်းရိုပ် မျက်နှာက အရယ်မပျက်ပေမယ့် မျက်မှောင်ကုတ်သွားကာ ..၊

"အမေ ရန်ဖြစ်လာတာလား .."

"ဟဲ့ .. ရန်ဖြစ်ရအောင် ငါက သျှောင်ပေစူးနဲ့ အရွယ်လေးလား.."

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေတိုကာ မိန်းကလေးတွေထိုင်နေကြသည့် ဆေနှစ်ဆယ်ကျော် ပတ်လည်ရှိသော ပျဉ်တိုင်ပျဉ်ခင်းနှင့် ကွပ်ပျစ်ကြီးမှာပဲ ဆတ်ခနဲထိုင်ချ လိုက်ပြီး ...၊

"ငါ့ကို မလှ ပြောသွားလိုက်တာ စုံနေတာပဲ .."

ဒေါ်မြရှင် ပြောပြတာတွေကို ရှိသမျှလူတွေအားလုံး နားထောင် နေကြကာ ...၊

"ဒီမိန်းမတော့ စိတ်ပျက်စရာပဲ .."

စန်းရီ အဖေက ကြားသည့်နေရာကနေ ရေရွတ်နေ၏။ ဇနီးဖြစ် သူကလည်း ခေါင်းညိတ်နေလျက် ...၊

"သမီးသေမှ .. ဦးနှောက်ချောင်သွားတာလားမှ မသိဘဲ .."

ဒေါ်မြရှင် က ဦးစံထွေး တို့လင်မယားကို လှည့်ကြည့်သည်။ ပြီးမှ သားဘက်ပြန်လှည့်၍ ...၊

"ထုံးစံကလနားဆိုတာ မဖျက်ကောင်းဘူးလေ၊ ငါတို့လူကြီးချင်း ကိစ္စကို ဘယ်လို မျက်နှာလွှဲရမှာလဲ .. မင်းလုပ်ခဲ့တာက .."

"ကျွန်တော်လုပ်တာ အမေနဲ့မှ မဆိုင်ဘဲ .."

"ဘာ ..."

"အခု .. အမေ မျက်နှာလွှဲခဲ့ပြီမို့လား .. နောက်လည်း အဲဒီအကြောင်း လာပြောရင် အပြောမခံနဲ့ .."

"ကြည့်စမ်း .. ကြည့်စမ်း .."

"ဟုတ်ပါတယ် ဒေါ်လေးမြ ရယ် .. ဒီမိန်းမကြီးကြောင်နေတိုင်း ဂရုစိုက်မနေပါနဲ့ .."

"သြော် .. နောက်တစ်ယောက်က လာသေးတယ် .."

အောင်ကြီး က ခေါင်းကုတ်ပြီး ရယ်ကာ ...၊

"မဟုတ်ပါဘူး .. ဒေါ်လေးမြ ဦးနှောက်ခြောက်မှာစိုးလို့ပါ .."

"နေပါဦး .. အပျိုလူပျိုသေတာကို ငှက်ပျောတုံးကြီးထည့်ပေး လိုက်တာနဲ့ပဲ နောက်ဘဝကျ လင်ရပါ့မယ်လို့ ဘယ်ပုဂ္ဂိုလ်က အာမခံ



ားတာလဲ .."

"ဟဲ့ .."

"နောက်ဘဝ လူပြန်ဖြစ်ပါ့မယ်လို့ရော .. သူ့ကိုယ်သူ ဘာနဲ့သေချာ တ်ထားတာလဲ .."

"ကိုဘုန်း .. မင်း .."

"ပြောပြတာ .."

"ဒါ ပြောစရာလား .. လူကြီးသူမ စကားဆိုတာ .."

"ဆုံးမစကားတွေကို မြေဝယ်မကျနားထောင်ရတာ သဘာဝကျ ယ်လေ၊ အဓိပ္ပါယ်မဲ့စဉ်းစားကြည့် .."

"အံမာ .."

"ဒီလို အယူသည်းနေတာကြီးကို အမြဲတမ်း အမှန်တရားပါလို့ ာန်းတာ ကောင်းလား ..."

"မင်းတို့ ဘိုးဘေးဘီဘင်တည်းက ဒါတွေကို .."

"အဘိုးတို့လက်ထက်က ဟုတ်တယ် အမေရ၊ အခု မြို့ကြီးတွေမှာ ကြိုဟ်စက်ကြီးထဲထည့်လိုက်နဲ့ အသုဘချတဲ့ကိစ္စပြီးပြီ၊ ငှက်ပျောတုံး ထည့်ရှို့ပေးပါလို့ ပြောလို့ရဖို့နေနေသာသာ သင်္ဂြိုဟ်မယ့်အသုဘတွေ ်းစီနေရင် အသုဘရှင်တွေတောင်မှ စပိ(ဒ်)နဲ့ ငိုရတာ .."

"ဘာရယ် .."

"ခွီး .."

အောင်ကြီး ရယ်ချင်တာကို ပါးစပ်ပိတ်လိုက်သဖြင့် မျောက်သံ ်သွား၏။

"ဟုတ်တယ် အမေ မသိလို့၊ ငါ့အဖေ ငါ့အမေကို နောက်ဆုံးမြင် ဆိုပြီး မီးသင်္ဂြိုဟ်စက်ရှေ့ရောက်မှ ငိုချင်းချဖို့ မစဉ်းစားနဲ့ 'အောင် ' မဆုံးခင် ကျိမ်းခနဲပဲ၊ အမေရဲ့ .. အမေရဲ့ ငိုမှာတွေ နားတော့ .."

"အသေစောလို့ နမျောလှချေရဲ့လေ့တောင် မပါရတော့ဘူးလား"

"အဲ့ဒါ အိမ်ပြန်ရောက်မှ ဆက်လေ .."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .. နှစ်ယောက်သား ငါ့ကို လှောင်နေကြတာ .. ကဲ ဟယ် .."

အနီးဆုံးမှာရပ်နေသည့် အောင်ကြီး ရဲ့ ခေါင်းကို မမှီတမှီလှမ်း ခေါက်၏။ ငုံ့ရှောင်လိုက်ကာမှ တည့်တည့်ထိမိသွားသဖြင့် အောင်ကြီး ရှုံ့မဲ့လျက် ...၊

"မရှောင်ဘဲနေလိုက်ရမှာကို .."

"ခစ် .. ခစ် .. ခစ် .."

မိန်းကလေးတွေ ရယ်သံထွက်လာတော့မှ ရှုံ့မဲ့နေသည့်မျက်နှာ ကို ပြေပြစ်ဖို့ကြိုးစားရသည်။ ထိုစဉ် ဦးသောင်း က ထီးကောက်ကြီး တကိုင်ကိုင်နှင့် ခြံဝမှာပေါ်လာကာ ...၊

"လူစုံပါလားဟေ့ .. အတော်ပဲ .."

ဒေါ်မြရှင် လှမ်းကြည့်ပြီး ခေါင်းကြီးသွားမိလေသည်။ သားနဲ့ ပတ်သက်နေတာလား ...၊

"မင်းကိုပဲ မည်းခြေတင်ပြီး လျှောက်တိုင်နေတာ ဘုန်းရိပ် ... စံပယ် ပြဿနာကမပြီးသေးဘူးကွ .."

ဟင် ....၊

ဒေါ်မြရှင် ကြိုတွေးထားတာတောင် ဟင်ခနဲဖြစ်သွား၏။

"ငါ့ဆီလည်း လာတယ် .. သူကြီးဆီ ထပ်ရောက်သွားလို့ သူကြီး က ငါ့ကို လှမ်းခေါ်တယ်၊ အခု ငါ မင်းကို လာခေါ်ရတာပဲ .."

ဦးသောင်း က အနားရောက်တဲ့အထိ ပြောလာရင်း ...၊

"စိတ်ကသိကအောက်တော့ မဖြစ်ပါနဲ့ဗျာ .. ကလေးတွေကလည်း ... ရပ်ရေးရွာရေးဆို ကူညီရှာပါတယ်၊ ဒါက မဖြစ်သင့်ပေမယ့် မပြေး... ကန်ရာရှိသဆိုသလိုပဲ တိုင်ပြီဆိုမှတော့ သူကြီးကလည်း မေးမြန်းရ... မှာလေ .."

"ဘာကိုမေးမှာလဲ ဘကြီးသောင်း .. ငှက်ပျောတုံးခဲထည့်ရ... အကြောင်းပဲလား .."



"မဟုတ်ဘူးလေ .. စကားအဖြစ်ပြောတာ၊ သူကြီးခေါ်တာက ...ငှက်ပျောတုံးကိစ္စကို မယ်လှ ကျေနပ်သွားအောင် ဘာလုပ်ပေးကြမလဲ ...တာပဲ .."

ဦးသောင်း ကိုယ်တိုင်က ဘုန်းရိပ် တို့လူစုကို ကျေးဇူးတင်ဂုဏ် ...ဖြစ်သည်။ ဆူနေပြောနေရပေမယ့် ဒီအသုဘကိစ္စမှာ ခေါ်လှ ပြဿနာ ...မျှ ဒီကလေးတွေ သည်းခံခဲ့ရှာသည်။

ထိုပြင် လူကြီးသူကြီးတွေကို တိုင်တာတောတာလည်းမလုပ်၊ ခို ...ဝင်တာမျိုးလည်း မရှိခဲ့ပေ ...။

ဒါတွေကို ခုပဲ သူကြီးနဲ့ ပြောဖြစ်ခဲ့ပါသေးသည်။ ထို့ကြောင့် ဒေါ်မြရှင် ...ရိပ် တို့ကို ဆူနေမှန်းသိသဖြင့် ရှင်းပြရင်း ...၊

"ဘယ်လိုပဲဆိုးပေမယ့် သူ့ခများ မှုဆိုးမလေ၊ ဒီကြားထဲမှာ သား ...နှစ်ယောက်ပဲရှိတာကို တစ်ယောက်ပဲ့သွားတော့ သူ့သောကကလည်း ...ဘာမှမဟုတ်ဘဲ၊ ကျုပ်တို့ကပဲ နားလည်ပေးဖို့ကြိုးစားရမှာ .."

"ဒါက ဟုတ်ပါတယ် ကိုကြီးသောင်း ရယ်၊ ဒါပေမယ့် အားလုံး ...ပြီးသွားပြီလေ၊ ဝိညာဉ်က မကျေနပ်ပါဘူးဆိုတဲ့ကိစ္စကို ကျွန်မတို့ ...လိုရှင်းပေးရမှာလဲ .."

"အဲဒီကစပြီး သဘာဝမကျတာ အမေ .. သေတဲ့လူက ဘာမှမသိ ...၊ အရှိးလှ ကပဲ ဂျပန်မှုလီလုပ်နေတာ .."

"ဟဲ့ .. ဒီကောင်လေး ပြောလေကဲလေပါလားဟင် .."

"ပြောပြတာ .."

"မပြောနဲ့ .."

ဘုန်းရိပ် မျက်နှာလွှဲပြီး နှာခေါင်းတွန့်၏။ ခိုင်းတိုင်းလုပ်စရာ ...ရဲက ဘာမို့လို့လဲ ...၊

ပြောနဲ့ဆိုတော့လည်း မပြောရ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ငယ်ငယ် ရေ .."

ဟင် ..။

ကိုယ့်နာမည်ကို ခေါ်သံကြားလိုက်ပေမယ့် စိမ်းသက်သည့်အ ခေါင်းထောင်ကြည့်လိုက်မိ၏။ စန်းရီ ကပါ နွားစာစဉ်းနေတာကို လှမ်းကြည့်နေကာ ..။

"ငယ် ရေ .. အပြင်မှာ ဧည့်သည်ဟ .."

ကိုယ့်နေရာက မမြင်ရသဖြင့် ကမန်းကတန်းထကြည့်လိုက် ခြံစည်းရိုးအပြင်မှာ တူးတူး က ရပ်နေ၏။

"ဟယ် .. တူးတူး ပါလား .. လာလေဟ .."

အိမ်ပေါ်ထပ်ပြတင်းပေါက်မှာ မတ်တပ်ရပ်ပြီး ခေါင်းဖြီးနေ ဘုန်းရိပ် ကို ငယ် က မမြင် ..။

ဒေါ်မြရှင် ကလည်း ဘုန်းရိပ် နားလာပြီး ဧည့်သည်ဆိုသည့် ကြောင့် ငုံ့ကြည့်လိုက်၏။ စံပယ့် အသုဘချတဲ့နေ့က ငယ့် ကို လာပြောသည့် ကလေးမှန်းသိလိုက်သည်။

ဒီကောင်လေးမိဘတွေက ဒီရွာသားတွေမှန်းသိပေမယ့် မ ပြောပြတုန်းက အမှတ်တမဲ့မို့ ရုတ်တရက် စဉ်းစားမရခဲ့ပေ ..။

ခြံထဲထိဝင်လာကြရင်တော့ အိမ်ပေါ်ခေါ်နိုင်ပြီး ကျွေးမွေး ပေးလိုက်မှာပါ။ ငယ် က ခြံစည်းရိုးနားမှာပဲ စကားပြောနေသဖြ



"သား .. ဘယ်ကိုလဲ .."

"ဟိုနှစ်ယောက်ကို သွားပြောမလို့ .."

ဒေါ်မြရှင် မျက်မှောင်ကုတ်သွားသည်။

"အိမ်လာပြီး ရိုးရိုးသားသား စကားပြောတာပဲ ဒီကောင်လေးက ည်း ဒီရွာသားပါ .."

"နတ်ပြည်ကပဲ လာလာ အမေရာ၊ သူတို့စကားပြောနေပုံက သေး ချင်ရင် ပြောစရာကြီး .."

ဘီးကို မှန်ကလပ်လေးပေါ် လှမ်းတင်ကာ ဘုန်းရိပ် ချက်ချင်း သွားသည်။ ငယ် က တခစ်ခစ်ရယ်နေကာ တူးတူး ကဗူးလေး ဘာတွေထုတ်ပေးနေသည်မသိ ..။

"တမင်တကာ သိမ်းထားတာတော့မဟုတ်ပါဘူး၊ ငါ့မှာ ငယ်သူ ချင်းဆိုလို့ နင်ပဲရှိတာလေ၊ ရှေးဟောင်းနှောင်းဖြစ်လေးတွေ အပျင်း တွေးစရာမရှိမှာစိုးလို့ သိမ်းထားရင်းနဲ့ သွားလေရာပါနေတာ .."

ဘုန်းရိပ် အနားရောက်သွားမှ ဘူးဖွင့်လိုက်တာနှင့် တည့်တည့်တိုး အထဲမှာ ဘာမှ မဆန်းပြားသောပစ္စည်းလေးတွေပါ။ စက္ကူဖွန်လေး ရယ်၊ အနီရောင်ပြယ်နေပြီဖြစ်သည့် ကော်ပုတီးကုံးသေးသေးလေး တုံးရယ်၊ ဒါပဲဖြစ်သည်။

ဒါပေမယ့် ဒီချိန်ထိ ရှိနေသေးတာကို မြင်လိုက်ရတော့ ဘုန်းရိပ် ထဲမှာ ကသိကအောက်တော့ဖြစ်သွားခဲ့၏။

"ခစ် .. ခစ် ငါ အံ့ဩလိုက်တာ၊ နင့်လို အမှတ်တရ ငါ့မှာ ဘာမှ ဘူး၊ ဒါပေမယ့် .. ငါ နင့်ကို သတိမရလို့တော့မဟုတ်ပါဘူးဟာ.."

"တော်ပါဟာ .. အသိသာကြီးကို .."

"မိငယ် .."

ဟင်!...။

ငယ် ဖျတ်ခနဲလှည့်ကြည့်ကာ ..။

"ကိုကြီး .."

"အိမ်ပေါ်ခေါ်သွားလေ .. အမေ စောင့်နေတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. ဟုတ် .."

ငယ် က သွက်သွက်လေးခေါင်းညိတ်ပြီး လက်ဆွဲမခေါ်ရုံတစ်မယ်

"လာပါဟ .. ငါက ဒီမှာပဲ နေကုန်နေခမ်းရှိနေတော့ မိသား တွေ့လိုပါပဲ .."

"ဟုတ်ပါတယ် .. အဲဒါကြောင့် ငါ နှင့်အိမ်ကနေ ဒီထိလိုက် ရတာပေါ့ .."

နှစ်ယောက်အတူတူဝင်လာကြတော့ စန်းရီ ကလည်း လှမ်းရ ပြုသဖြင့် တူးတူး က ပြန်နှုတ်ဆက်သည်။

"စန်းရီ .. ကျွန်တော့်ကို မှတ်မိတယ်နော် .."

"မှတ်မိတာပေါ့ .. တူတူး ဆိုတည်းက သိလိုက်တယ်၊ ဒါပေမယ့် ပြောမယ့်သူမရှိရင် သိချင်မှသိမှာနော် .."

"ကျွန်တော်ကတော့ အားလုံးကို မှတ်မိပါတယ် .."

"ဒါပေါ့ဟ .. နင်က ထွက်သွားတဲ့သူလေ၊ ငါတို့က ဒီမှာပဲရှိ ကြတော့ ပြန်မြင်လိုက်တာနဲ့ တန်းသိမှာပေါ့ .."

စန်းရီ က ငယ့်လို မဟုတ်ပေ ...။ တစ်ခွန်းမကျန် ချေပ၍ ပေါ်ရောက်တဲ့အထိ မပြီးနိုင် ...။

"အရီးလေးရေ .. အဲ့ဒါ တူးတူး တဲ့ ကြည့်ပါဦး .."

"လာ .. လူလေး ထိုင်၊ ငယ် က ဒီမှာလေ စန်းရီ လည်းရှိတော့ ငယ် တည်းက ဒီမှာကစား .. ဒီမှာပဲ စားရင်းနဲ့ မိသားစုဖြစ်နေတော့တာ ..

ဒေါ်မြရှင် က တူးတူး ကို စကားပြောရင်း အကဲခတ်နေခဲ့၏။ လူ ပီပီ တူးတူး နဲ့ ငယ့် ရဲ့ သံယောဇဉ်ကို တိတ်တဆိတ်တိုင်းတာနေမိရင်း

ဒီကောင်လေး မရိုးသားတာတော့ သေချာပါတယ်ဟု ကောက်ချ ချလေသည်။



## အခန်း (၂၃)

"မိုးကတော့ ပြီးသွားပြီကွ .. ကေ့နှ .. မစံပယ်မသာ ပြီးသွားလို့ အားမသိဘူး .."

ငထွား နဲ့ ချမ်းသာ က ထင်ကြေးတွေပေးပြီး ကြယ်မှုန်တွေ ဟိုတစ် နှင့် ဒီတစ်ပွင့်မြင်နေရသည့် မိုးကောင်းကင်ကို မော့ကြည့်ကြသည်။

"ဟဲ .. ဟဲ .. ညအရေးမှာ လကလေးမသာပေမယ့် ဒီလိုညမျိုးမှာ အသုဘမဖြစ်တာတော့ ကျေးဇူးတင်ရမှာပဲကွ .."

"ဘာလဲ .. မိုးထဲရေထဲမှာ ဖြစ်တာကိုပဲ မမေ့နိုင်တာလား .."

ချမ်းသာ က ခေါင်းခါ၍ ...၊

"မဟုတ်ဘူးလေကွာ .. အဲဒီတုန်းက ဖြစ်ခဲ့တာတွေကို ရာသီဥတု သာယာတာလေးနဲ့ ပြန်ဖြေသိမ့်ရမှာပေါ့၊ ခုဆို ရွှံ့ဗွက်တွေတင်နေတာပဲ ရှိတယ် လူသွားစရာလမ်းပေါ်လာတယ်၊ စိုစိုစိစိမဖြစ်တော့ဘူး .."

"မင်းတို့က အဆင်ပြေနေတာပေါ့၊ ငါ့မှာတော့ လူကသာ စိုစိုစိစိ ဖြစ်တယ် နေ့စဉ် နားပူရတာ ကြာရင် ဒွာရကိုးပေါက်စလုံးက မီးခိုးတွေ ထွက်လာတော့မလားပဲ .."

ဓာတ်မီးကိုင်ပြီး ရှေ့ကသွားနေသည့် ဘုန်းရိပ် က ပုဆိုးစတစ် စကိုတော့ 'မ' ထားသေး၏။ ရွာလယ်လမ်းက မကျဉ်းပေမယ့် လှည်း ဘီးရာအတိုင်း ဗွက်တွေထနေသဖြင့် ဘေးနှစ်ဖက်ခြံစည်းရိုးတိုင်တွေ အစပ်စပ်စပ်တွေကနေ ကပ်သွားနေရသည်။

ငထွား က ဘုန်းရိပ် ဘေးကို အတင်းကပ်သဖြင့် ပုခုံးချင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာ ဖွက်ထဲကို ခြေထောက်တစ်ဖက်ကျသွား၏။ သို့သော် ကမန်းကတန်း ပြန်နှုတ်ပြီး ရွံ့ကွာအောင် ဖနောင့်တစ်ချက်ပေါက်၍ ကွာတာမကွာတာကို ဂရုမစိုက်ဘဲ ..၊

"ဘုန်းရိပ် .. အဲဒါကို မင်းတာဝန်ယူလိုက်တယ်ဆို၊ ငှက်ပျောတုံးကိစ္စ ဘာပြန်လုပ်ပေးရမှာတဲ့လဲ .."

"ဘာမှ မလုပ်ပေးနိုင်ဘူး .."

"ဟင် .. မင်းကို သူကြီး ခေါ်နိုင်းတယ်မို့လား .."

"နိုင်းတယ်လေ .. ငှက်ပျောတုံးတစ်တုံးခုတ်သွားပြီး ဘယ်လိုထည့်ပေးရမလဲဆိုတာ လုပ်နိုင်းတဲ့သူကိုပဲ ပြန်မေးလိုက်တဲ့ .."

"အရီးလု ကိုလား .."

"ဟုတ်တယ် .. နောက်ကလိုက်စမ်းပါကွာ .. ငါ့အကျီ ခြံစည်းရိုးတန်းနဲ့ ငြိတော့မယ် .."

"ငါလည်း ဖွက်တွေ နင်းမိတာပဲကွ .."

"အဲဒါကြောင့် နောက်ကလိုက် .."

"မင်းနဲ့ ပြောချင်တာ မင်း မျက်နှာကို မြင်ရမှဖြစ်မှာပေါ့ .."

နောက်က ချမ်းသာ က ရယ်ကာ ..၊

"မင်း ခင်ဆုံ နဲ့ ချိန်းတွေ့ရင်တော့ မျက်နှာမြင်ရလို့လား .."

"သတိရအောင် လာမဆွနဲ့ .."

"မေးတာဖြေစမ်းပါ .."

"အဲဒါက မျက်နှာမမြင်ရပေမယ့် သူ့အငွေ့အသက်လေးကို နွေးနွေးထွေးထွေးခံစားပြီး သူ့လက်လေးကို ဆုပ်ကိုင်ပြီး .."

"ရပြီ .."

ငထွား က ချမ်းသာ ကို စပ်ဖြဲဖြဲလှည့်ကြည့်ကာ ..၊

"မင်းတို့လိုကောင်တွေ ဒါမျိုး ဘယ်နားထောင်နိုင်စွမ်းရှိမလဲ မင်းတို့မှာမှ မရှိတာ .."

ဘုန်းရိပ် ကလှည့်ကြည့်ကာ ..၊

"ဘာမရှိတာလဲ .."



သွားကာ အေးစက်စက်အငွေ့အသက်ကြီးကိုပါ ခံစားမိလိုက်၏။ ပြီးတော့ အနံ့ .. ဒီအနံ့ကြီးကို မေ့နေခဲ့ရင်လည်း ကောင်းသား ..၊

ခုတော့ သူ့နောက်မှာ ဘယ်သူဆိုတာ ချက်ချင်းသိလိုက်ကာ ..၊

"ငထွား .."

"ဟင် ..."

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်မိသည်နှင့် အေးစက်ခြင်းအမှတ်က ညီညွတ်ခြင်းမှာ ရှိနေလျက် ..၊

"အဲဒါကြီးက ဘာလုပ်နေတာတုံး .."

"မင်း .. မင်းနောက်မှာ တစ်ခုခုကြုံစည်နေတာ .."

"ငါ ပြေးရင်ရော .."

"ဟင့်အင်း ..."

ချမ်းသာ ငထွား လက်ကို ပို၍ဖိညှစ်ဆွဲထားကာ ..၊

"မင်း ငါ့ကိုထားပြီး မပြေးနဲ့ .."

"မပြေးဘူး .. ဟင် .. ဟင့်အင်း .."

ငထွား ခေါင်းညိတ်လိုက် ခေါင်းခါလိုက်ဖြစ်သွားပြီး ..၊

"ငါ့ကိုကြည့်နေတာ ချမ်းသာ ငါ ရှူးရှူးတွေထွက်ကျကုန်ပြီကွ.."

"ငါလည်း .. ငါလည်း ထွက်တော့မယ် .."

"ပြေးမယ် .."

"အေး .. ဝမ်း .."

"တူး .."

"သရီး .."

"သရီး .."

ပြိုင်တူပြေးကြပေမယ့် ကျောကော့ပြေးသည့်လူက တစ်ပတ်ပြန်ညည်နေရသည့် ငထွား ကိုဝင်တိုက်မိ၏။ ပြေးကြဖို့ ယူလိုက်သည့်အရှိန်တွေကအရာမှာတင် လုံးထွေးလဲကျကုန်ကာ ရွံ့တွေထဲမှာ နှစ်ပတ်သုံးပတ်လိမ့်၏။

"ဟာ .. ဟိုကောင်တွေ .."

အိမ်ပေါက်ဝကနေ ဓာတ်မီးရောင်ဝင့်လိုက်သဖြင့် ဗရုတ်ဗရက်

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ စောင့်ဖို့ကို သဘောကျသွားကြ၏။

"ဘုန်းရိပ် မင်းက မှောင်မှောင်မည်းမည်းထဲမှာ ငါတို့ကိုထားခဲ့ပြီး တစ်ယောက်ထဲဝင်မယ် ဟုတ်လား .."

"အကြီးကျော့ က မိန်းမသားတွေချည်းပဲကွ .. ညဘက်ကြီး ယောကျ်ား တစ်ပြုံကြီး မဝင်သင့်ဘူး .."

"သုံးယောက်တည်းကို .."

"အေးလေ .. ဒီကောင် တစ်ခုခုတော့ တစ်ခုခုပဲ .."

ဘာမှမဟုတ်တာသိလျှက်နှင့် မနေချင့်ဘဲ နေခဲ့ရသလို တစ်ယောက်တစ်ခွန်း ချွန်ပေးလိုက်သည်။ ပြီးမှ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ပြီး..။

"ဟီး .. ဟီး .. ဒါမျိုးဆို ဘုန်းရိပ် ဆိုတဲ့ကောင် တော်တော်အားကိုးရတာနော် .."

"ဒီကောင်က ခေါင်းဆောင်ပီသတဲ့ စိတ်လေးတော့ရှိတယ်ကွ၊ ဒါပေမယ့် ဒီနေ့ထိ သူ သရဲဘယ်လောက်ခြောက်သလဲဆိုတာ ငါတို့မဖော်နိုင်သေးဘူး .."

"ဟုတ်တယ် .. အခြောက်ခံလိုက်ရရင် ငါတို့ချည်းပဲ၊ သူလည်း ဘယ်လမ်းကိုမှ ခေါင်းရှောင်ကျန်ခဲ့တာမရှိဘဲနဲ့ ငါတို့နဲ့ချည်းပဲ ပက်ပင်းတိုးတာကွ .. ဒီတစ်ခါ သူ့ကို စမ်းသပ်ရမယ့်အလှည့်ပဲ .."

"ဟား .. ဟား .. ဟား .. ဟုတ် .. အင် .."

ထွေး ရယ်သံတိခနဲရပ်သွားသည်။ ပြီးတော့ ချမ်းသာ ကို ကြည့်၍ စကားတွေထစ်ထစ်ငေါ့ငေါ့နှင့် ..၊

"ချမ်း .. ချမ်းသာ .."

"ဟင် .. ဘာတုံး .."

ထွေး လက်ညှိုးတစ်ဖက် ကတုန်ကယင် ကြွတက်လာကာ မှုန်ပျပျ ကြယ်ရောင်တို့၏ လင်းအားဖြင့် မြင်နေရသော ဆံပင်ဖွားလျားနှင့် အရိပ်ကြီးကား..

"မင်း .. မင်းနောက်မှာ .."

"ဟမ်!...."

ချမ်းသာ မျက်လုံးပြူးသွားသည်။ ကျောပြင်ကြီး တောင့်ခနဲမတ်



"ရည်းစားလေ .. ဟဲ .. ဟဲ .. မင်းလည်း ကိုယ့်ကို ကြိုက်မယ့်သူတွေရှိရင်ရှိမယ်၊ မင်း သတ္တိမရှိလို့သာ ချစ်သူမဖြစ်တာပေါ့၊ မဟုတ်ဘူးလား .. ဝန်ခံလိုက် .."

ပြောပြီး ချမ်းသာ ကို ပြန်စောင့်လိုက်တော့ သုံးယောက် ရှေ့နောက်တစ်တန်းတည်းပြန်ဖြစ်သွားကာ သူက အလယ်လူဖြစ်လျက် ..၊

"မင်းလည်း အပျိုကြီးက သေသွားမှ ရင်ဖွင့်ရှာပေမယ့် ချစ်မယ့်သူ ရှိတယ်ဆိုတော့ မဆိုးဘူး .."

"အံမာ .. ရည်းစားလေးတစ်ယောက်ထားပြီး တော်တော်လေး ဘဝင်လေဟပ်နေတဲ့ အသံပါလား .."

"ဟပ်စရာရှိလို့ ဟပ်တာလေ .."

"မင်း သူငယ်ချင်းတွေ စွန့်အားအားပေးမှုကြောင့်ဆိုတာ မမေ့နဲ့၊ ဟွန်း .. 'ကိုယ်တော်ကြီး အစွမ်းမဟုတ်ဘူး ညောင်စွမ်း' .."

သူ့စကား သူပြောပြီး ချမ်းသာ က ရယ်နေသည်။ သုံးယောက်မှာ ဘုန်းရိပ်တစ်ယောက်ပဲ ဓာတ်မီးပါကာ ခုန်ရကျော်ရမည့် ရွံ့ဗွက်မျိုးရှိလာမှ ဘုန်းရိပ် က နောက်ပြန်လှည့်ထိုးပေးဖော်ရ၏။

"အရှေ့ထဲမှာကွာ .. လကမသာ၊ ဗွက်ကမခြောက်နဲ့ .."

"ဓာတ်မီးရောင်လေး ပေးတာက မစို့မပို့ဆိုတာ ထည့်ပြောဦး.."

ဘုန်းရိပ် က နောက်လှည့်မကြည့်ဘဲ ရယ်ကာ ..

"စေတနာရှိသလောက်က ဒါအကုန်ပဲ .. ဗွက်မနင်းစီချင်ရင် 'မည်းမည်းရှောင် ပြောင်ပြောင်နင်း' တဲ့ ..၊ အဲ့ဒါ သတိထား .."

"ဟုတ်တယ် .. မင်းပဲတော်တာ၊ နော် .. ဝန်ခံတယ် နောက်ကိုလှည့်ထိုးပေးဦး .."

"ဒီမှာ ခဏစောင့် .."

"မင်း .. ဘာလဲ .."

"အကြီးကျော့ တို့အိမ် ငါပဲဝင်လိုက်မယ်၊ မင်းတို့ ဒီကစောင့် .."

ဒေါ်ကျော့ တို့အိမ်က သိပ်မကောင်းပေမယ့် ခြံထဲမှာတော့ အုန်းတုံးပြီးတွေ ချခင်းထားသဖြင့် လျှောက်လို့ ..ကောင်းပါသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်နေကြတာတွေ့ကာ ဘုန်းရိပ် ခြံပြင်ကိုပြေးထွက်လာ၏။

"ဟ .. မည်းမည်းရှောင် ပြောင်ပြောင်နှင်းဆိုတာ တကယ်နင်းနေကြတာလား .. အတုံးအရုန်းနဲ့ ဘာဖြစ်ကုန်တာတုံး .."

"အား .. ထူပါဦးဟ .. သေပါပြီ .."

"မင်းက ဝင်တိုက်တာ .."

"မင်းက နေးနေတာ .."

"ကျွဲလူးတာကမှ လှဦးမယ်ကွာ .. ဟား .. ဟား .. ဟား .."

ခေတ်မီးမပိတ်ဘဲ ပခုံးတွေလှုပ်အောင်ရယ်ကာ လဲနေသူတွေကို ထူလည်းမပေးဘဲ ခြံစည်းရိုးနားမှာ အကျအနထိုင်လိုက်၏။ သူတို့နှစ်ယောက် အတင်းလူးလဲထနေရင်း ...၊

"မရယ်နဲ့ .. မင်းကြီးတော်ကြီး ကြည့်နေတယ် .."

"ဟာမ် ! .. ဘာ ..."

"အဲဒီမှာ ကြည့်လိုက်တော့ ငါပြေးပြီ .."

"ငထွား .. နေပါဦး .."

ချမ်းသာ ပုဆိုးကျွတ်တာကို ပြန်မဝတ်နိုင်ဘဲ ဒီတိုင်းတစ်ဖက်ကကိုင်ပြီး ငထွား ပြေးတဲ့အတိုင်း သေလုမျောပါးပြေးလိုက်လေသည်။

ဘာတွေဖြစ်ကုန်တာလဲ ...၊

ဘုန်းရိပ် သံသယဖြစ်သွားခြင်းနှင့်အတူ တစ်စုံတစ်ခုကို ခံစားမိလိုက်၏။ ပြီးတော့ ငထွား ဘာပြောသွားတာလဲ၊ အကျအနထိုင်လျက်သားနှင့် ကျန်ခဲ့ပြီးမှ ခွက်ထိုးခွက်လန်ရယ်ပြီးနေမှ ...၊

မှောင်ရိပ်ဘက်ကိုကြည့်ဖို့ ဆဋ္ဌမအာရုံက နှိုးဆော်နေ၏။ နဝမအာရုံက သမ္ဘုဒ္ဓေရှုတ်ဖို့ သတိရလာသည်။ ဒါပေမယ့် သူ တရားစာဆိုတာ တစ်ပိုဒ်မှ မရ ...၊

ထိုအခါ ဒသမအာရုံက ဆယ်ပါးသောအကျိုးကို ရှေးရှု၍ လွတ်အောင်ပြေးဖို့ ဆုံးဖြတ်စေခဲ့ပြီး ...၊

"အဟမ်း .."

ဟန်လုပ်ထိန်းချုပ်ရင်း ခပ်ဖြည်းဖြည်းထရပ်သည်။ ထွာခြေ့ရှ



ကျောခိုင်း၍ မကြောက်သလိုလို ဟန်ဆောင်သွားလိုက်ဖို့ စိတ်ကူးတို့သည်...၊

"ငါ့ ငှက်ပျောတုံးပြန်ပေး .."

ရေအိုးထဲ ခေါင်းထည့်ပြောလိုက်သလား ထင်ရသည်။ ကြက်သီးတွေ ဖျန်းခနဲထသွား၏။ ဒီတိုင်းမကြားသလို တစ်လှမ်းနှစ်လှမ်းလျှောက်စဉ် ခြေထောက်တွေ အားယုတ်နေသလို ခံစားမိလိုက်၏။

ငါ ဒီလောက်ကြောက်နေတာလား .. မကြောက်နဲ့ ဟိုကောင်တွေ ရယ်လိမ့်မယ် ...၊

ကိုယ့်ကိုယ်ကိုယ် အားပေး၍ နောက်ထပ်ခြေလှမ်းလိုက်လျှင် သူ့ရှေ့မှာ ဆံပင်တွေဖားလျားရှုပ်ပွလျက် ပခုံးပေါ်မှာ သစ်တုံးကြီးထမ်းထားသည့် မစံပယ် ...၊

"ငါ့ ငှက်ပျောတုံးပြန်ပေး .."

"ဘယ်သူယူထားလို့လဲ .. လာ နောက်မနေနဲ့ .."

သူ ရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်တာနှင့် သူမက လိုက်ပိတ်၍...၊

"ငါ့ ငှက်ပျောတုံးပြန်ပေး .."

"မယူဘူးဆိုမှ .."

ကြောက်သည့်စိတ်က ကိုယ့်ပြေးလမ်းဖွင့်ဖို့တစ်ခုသာ မြင်ယောင်ကာ သရဲရော ဘာရော နားမလည် ...၊ အတင်းတိုးတိုက်ပြီး ပြေးခဲ့လေသည်။

သူ့ကိုယ်မှာတော့ ရွံ့ထက်ဆိုးသော ဘာတွေမှန်းမသိ ပေကျံနံစော်သွားခဲ့ပြီး ...၊

တောက် .. ဒီသရဲမ သူများကိုခြောက်မယ်ဆိုလည်း ရေလေးဘာလေးချိုးပြီးမှ လာပလား ...၊

ကိုယ့်အိမ်ရှေ့ရောက်မှ ယောဟဲဆိုက်နေရင်း ကျိန်ဆဲရင်းနှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဒီကိစ္စ ပေါ့လို့မဖြစ်အူး .."

"ဟုတ်တယ် .. အဲဒါ ဒီကောင့်ကြောင့် .."

"ဘာကွ .."

ဘုန်းရိပ် က ထန်းရည်ဆိုင်မှာ ကြွက်ကြော် ဝါးနေရင်း စိတ်တိုသွားသည့် မျက်နှာနှင့် လှည့်လာကာ ..၊

"ငှက်ပျောတုံး ခုတ်ယူသွားပြီး တစ်ခုခုပြန်လုပ်ပေးရမယ်တဲ့၊ အဲဒါကို မြောက်ချောင်ထဲက ဆရာဘကျော် ဆီမှာ သွားမေးလိုက်တဲ့ .. သူကြီးက ငါ့ကိုခိုင်းတာ .."

"အဲ့ဒါ မင်း ဘာမှမလုပ်ဘူးလေ .."

"ဘာလို့လုပ်ရမှာလဲ .. အဓိပ္ပာယ်မရှိ .."

"အခု ငါတို့ကို ငှက်ပျောတုံး လိုက်တောင်းနေပြီလေ .."

"မင်းတို့ဆီမှာ တောင်းတာမဟုတ်ဘူး၊ ငါ့ဆီတောင်းတာ .."

"ငါတို့က မင်း ဘယ်သွားသွား ပါနေတာလေ .. ခုလည်း ငါတို့ကို အရင်ခြောက်တာပဲ .."

"နောက် .. ငါ သွားသမျှ လျှောက်မလိုက်နဲ့ .."

"မရတော့ဘူး .. တစ်သက်လုံး ပါလာတဲ့အကျင့် .."

ထန်းရည်ဆိုင်မှာ တမင်လူစုပြီး မနေ့ညက အဖြစ်ကို ပြောနေမိ



ကြသည်။ အောင်ကြီး က သူတို့ပြောသမျှကို သုံးသပ်ပေးသူကြီးဖြစ်နေကာ..၊

"ဒီကိစ္စ လုံးဝပေါ့လို့ မဖြစ်ဘူး .."

"လာပြန်ပြီ .. အခွေရစ်နေတာကျနေတာပဲ .."

"တကယ်ပြောနေတာ .. ညတုန်းကလည်း ငါ့အဘိုးကပြောတယ်၊ သွေးကုန်းမှာ ဘာညာလုပ်ထားတဲ့ အလောင်း သွားချတာ မကောင်းဘူးတဲ့၊ မဟုတ်တာတွေ လျှောက်ဖြစ်နိုင်တယ်တဲ့ .."

"ဘာလဲ .. ဘာညာတွေ လုပ်ထားတယ်ဆိုတာက .."

အောင်ကြီး က အဘိုးအဘွားတွေနဲ့ နေတဲ့သူမို့ ရှေးဟောင်းနှောင်းဖြစ်တွေထဲက တစ်ခုခုကြားရပြီဆို အောင်ကြီး ဆီကပဲဖြစ်တတ်၏။

"ငါတို့ အဲဒီအလောင်းကို ဘာမှမလုပ်ပါဘူး .."

"ဟုတ်တယ် .. အဘိုးကလည်း ငါတို့အုပ်စုကိုပြောတာမဟုတ်ပါဘူး၊ အရီးလှ က သူ့သမီးနဲ့ စကားပြောဖို့ နှီးထားတယ်ဆိုတာ တစ်ရွာလုံးသိနေတဲ့ဥစ္စာ .. နောက်ပြီး သူကိုယ်တိုင်ဝန်ခံသေးတယ်လေ၊ သွေးကုန်းမြေက မြေကြီးလေး လက်တစ်ဆုပ်ယူပြီး ကြားဖူးထားတဲ့ နည်းလေးတွေနဲ့ လုပ်ကြည့်ခဲ့တာပါဆိုတာ .."

"အေး .. အဲ့ဒါ ဟုတ်တယ် .."

သူတို့ ခုမှ ဒီကိစ္စကို သတိရသွားကြသည်။

"သွေးကုန်းမှာ သေခဲ့တဲ့ အလောင်းတွေက နည်းတာမှမဟုတ်ဘဲ၊ ဟိုတုန်းက အဲဒီနေရာကို ပရိတ်တော်တွေရွတ်ဖတ်ပြီး သံဃာ့ဂုဏ်တော် အမိန့်နဲ့ တင်းကျပ်စည်းချထားခဲ့တာ .."

"နှစ်တွေကြာပြီဆိုတော့ မကျွတ်လွတ်ကြတဲ့ အစိမ်းသရဲတွေက သူတို့စည်းပေါက်စေမယ့် အခွင့်အရေးကို စောင့်နေမှာပဲ .."

"အမှန်ပေါ့ .. အခု .. အဲဒီစည်းပေါက်သွားတာဆိုရင် သွားပြီ.."

ဘုန်းရိပ် က ခေါင်းညိတ်၍ ..၊

"သူကြီးနဲ့ ဘကြီးသောင်း တို့ အမေ့ဆီ ကိုယ်တိုင်ရောက်လာပြီး အဲ့ဒီကိစ္စ ပြောသွားကြသေးတယ်၊ နောက်ပြီး ငါ့ကို တာဝန်ပေးတာပဲ၊ လူကြီးတွေက ပိုသိကြမှာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ငထွား က ကြွက်ကြော်ပေါင်တစ်ဖက်ကို လှန်လှောကြည့်နေပြီးမှ ပြန်ချလိုက်ကာ ..၊

"ငါလည်း မနက်က ပြောသံကြားသေးတယ်၊ တို့ရွာဘက်မှာ မစံပယ်ကြီး က သောင်းကျန်းနေတယ်၊ ဟိုဘက်ရွာမှာကျတော့ တစ်ညလုံး ခွေးတွေအူနေတာ၊ ကလေးတွေလည်း ထငို၊ စိတ်မနဲ့တဲ့သူက ဟိုပြော ဒီပြောတွေပြောပြီး အိမ်အောက်ပြေးဝင်ပုန်းလိုပုန်း .."

"ဟုတ်လား .."

"ဒါဆိုရင်တော့ ငါတို့ မစံပယ် အတွက် ကျင်းတူးတုန်းက လာပြသနာရှာထားတာနဲ့ ဆက်စပ်ကြည့်ရင် ဒီကိစ္စ .."

"ပေါ့လို့မဖြစ်ဘူး .. ဒါပဲ .."

အောင်ကြီး စကားကို ငထွား က ထပ်ဆက်ပြောပြီး မျက်စောင်းထိုးသည်။ ပြီးမှ ဘုန်းရိပ် ဘက်လှည့်၍ ..၊

"ဘယ်လိုလဲ .."

"ဘာလဲ ..."

"ငှက်ပျောတုံးကိစ္စ .."

ဘုန်းရိပ် က မန်ကျည်းပင်မှာ ကျောကပ်မှီလိုက်ပြီး ခပ်မဲ့မဲ့နှင့်..၊

"ဘယ်လိုမှ မလဲဘူး၊ ဘာလုပ်ပေးဖို့မှလည်း စိတ်မဝင်စားဘူး.."

"ငှက်ပျောတုံးမထည့်လိုက်နိုင်တဲ့ကိစ္စက မင်းကြောင့်နော် ဘုန်းရိပ်၊ ခုလည်း မင်းပဲ ခွေးပြေးပြေးခဲ့ရပြီ၊ နောက်ထပ် မင်းကိုပဲ မည်းချေတင်မှာ သေချာတယ် .."

"တင်ပါလေ့စေကွာ .. သူက သရဲပဲ .."

"မင်းပဲ ခြေးရတာ ထည့်ပြော .."

"အဲဒါ ကြောက်လို့မဟုတ်ဘူး၊ သရဲနဲ့ ဖက်မဖြစ်ချင်လို့ .."

"လာသေးတယ် .."

သူငယ်ချင်းတွေ ရယ်ကြမှာလည်း စိုးသည်။ ပြန်မပြောဘဲလည်း မနေနိုင် ..၊ ပြောလိုက်သည့် အကျိုးဆက်ကြောင့်လည်း တစ်ဆိတ်ရှိ ဒါကိုပဲ ထည့်ထည့်ပြောနေတာ စိတ်တိုလာပြီဖြစ်၏။



"ဒီတစ်ခါ ဒီသရဲမ လာပါလေ့စေ .."

"ဘာလုပ်မှာလဲ .. မွေးကြိုင်သင်းပျံ့တဲ့ ကိုယ်လေးကို ဖက်လှဲပြီး.."

"ဝေါ့ .."

အောင်ကြီး က တကယ်အန်ချင်လာသည့် မျက်နှာကြီးနှင့် ဖျို့အန်[illegible] ချမ်းသာ က စောင့်ကြည့်ကာ ..၊

"အန်တာကလည်း မျိုချလိုက်တာတွေ ဘာမှ ပြန်မထွက်ဘဲနဲ့.."

"ဘာလဲ .. ပြန်ထွက်ရင် မင်း ကောက်စားမလို့လား .."

"သေနာကျ .."

အောင်ကြီး ချမ်းသာ ပခုံးကို ရိုက်ထည့်လိုက်တာ ဖျန်းခနဲ ..၊

ထိုစဉ် ထန်းရည်ဆိုင်ရှင်က နောက်ထပ် ကြွက်ကြော်တစ်ပန်း[illegible] လာချပေးရင်း သောမှာ ထိုင်လိုက်၏။

"ထန်းရည်ဆိုင်မှာ ရေနွေးကြမ်းမရှိတော့လည်း စိတ်မချမ်းသာပေ[illegible] ကြည့်နေရတယ်၊ ဘယ်လိုလဲ တစ်အိုးလောက် ချမလား၊ မင်းတို့[illegible]သောက်ဆို လျှာစိုရုံပါပဲ .."

ဒါကျတော့ လေးယောက်စလုံး ပျာပျာသလဲလက်ကာတား၏။ [illegible]ရိပ် က ခေါင်းခါ၍ ..၊

"မလုပ်ပါနဲ့ .. အလိုလိုကမှ ကျွန်တော်တို့အုပ်စုကို လူရှုပ်တွေ [illegible]သတ်မှတ်ခံထားရတဲ့ထဲ ထန်းရည်သမား လူရမ်းကားစာရင်းထဲ ထပ်[illegible]ပါ့မယ် .."

"ဟုတ်တယ် .. ဒီကောင်တွေ 'ဆိုးတော့မဆိုးလှပါဘူး' ဆိုတဲ့ [illegible]ရထားတဲ့ ဂုဏ်ပုဒ်လေးတော့ ထိန်းဦးမှ .."

ထန်းရည်ဆိုင်မှ လွှတ်လပ်သည့်အရသာကို ကြိုက်သည်။ ပြီးတော့ [illegible]ယောက်စလုံးက ကြွက်ကြော်ကြိုက်ကြ၏။

ဒါကြောင့် မကြာမကြာ ကြွက်ကြော်စားဖြစ်ကြကာ ဖားကျတော့ [illegible] က မကြိုက်သဖြင့် သူတို့ပါ ရှောင်ကျဉ်ခဲ့ရ၏။ ဒီဆိုင်မှ [illegible]ရည်မသောက်ဘဲ ကြွက်ကြော်ချည်း အခြောက်တိုက်လာစားတတ် [illegible]သူတို့အုပ်စုပဲရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင် ကိုပွား က ရယ်ကာ ...၊

"အေးပါကွာ .. မင်းတို့ကို အလကားအတင်းတိုက်ပြီး အရီးမြ ရဲ့ ကြိမ်းမောင်းတာလည်း ငါ မခံပါဘူး၊ ဒါပေမယ့် အခု မင်းတို့ပြောတဲ့ စကားထဲမှာ မပါသေးတာ တစ်ခုရှိတယ် .."

"ဟင် .. ဘာလဲ .."

"အဲဒါ ဒီနေ့သတင်းပဲ .. မင်းတို့ သိသေးပုံမပေါ်ဘူး .."

"ဩော် .. ဘာလဲဆိုမှပဲ .."

အောင်ကြီး က တစ်ခုခု အာရုံများပြီဆို သိသာဆုံး ...၊

ကိုပွား ပြောမှာကို သူပဲ သိချင်ဆုံးဖြစ်ကာ ...၊

"ဘာသတင်းလဲ .."

"ဒေါ်ကြီးလှ သူကြီး အိမ်ကိုသွားတယ် .."

"ဟမ်!..."

"ဘာလဲ .. ဒီနေ့လား .."

"အေးလေ .. ဒီနေ့ထပ်သွားတာမို့လို့ ပြောတာပေါ့၊ ဘာကြောင့် ဆိုတာတော့ မင်းတို့သိမှာပါ .."

လေးယောက် တိတ်ကျသွားပြီးမှ ဘုန်းရိပ် က ကိုပွား ကိုကြည့်၍..၊

"အပျိုကြီးနဲ့ ငှက်ပျောတုံးကိစ္စပဲလား .."

"ဟုတ်တယ် .. သူ့သမီးက သူ့ကို လာပြောနေတုန်းပဲတဲ့၊ သူကြီး ကို ရန်တောင်တွေ့သွားတယ်ဆိုပဲ .."

ငထွား နဲ့ ဘုန်းရိပ် မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ ငထွား က ပခုံးကြီးကုတ်ပြကာ ...၊

"ကြောက်စရာပဲ ဘုန်းရိပ် ရေ .. မင်းက သရဲမကြောက်လည်း မစံပယ် ကတော့ မရမချင်း တိုင်နေမယ့်ပုံပဲကွ .."

"ဟုတ်တယ် .. ငါတို့ ဒီတိုင်းနေလို့မရလောက်ဘူး .."

ကိုပွား က သူတို့ပြောနေတာကို နားထောင်ကာ ...၊

"ငှက်ပျောတုံးတစ်တုံးကိုဖြတ်ပြီး သူ့မြေပုံမှာ သွားချပေးလိုက် ကွာ .. ဒါလေးပဲဟာ .."



"မဟုတ်ဘူး .. အဲဒီ ငှက်ပျောတုံးကို ဆရာ့ဆီမှာ အစီအရင်သွား ...ဦးမှာ .. ရှုပ်နေတာပဲ .."

ဘုန်းရိပ် မျက်နှာက တကယ်စိတ်တိုနေသည့်ပုံဖြစ်သည်။ ပြီးတော့ ...ခေါက်ကာ ...၊

"သေနေကာမှ ဒီ ငှက်ပျောတုံးကို ဘာလုပ်ဖို့ ဒီလောက်လိုချင် ...လဲ မသိဘူး၊ အဲ့လိုမှန်းသိရင် ငှက်ပျောတုံးနဲ့ သူ့ကို တစ်ခါတည်း ...ည်ပေးလိုက်တယ် .."

"ဒါကတော့ သေလို့ ပိုလိုချင်တာပေါ့ ဘုန်းရိပ် ရာ၊ နောင်ဘဝ ...င် အပျိုကြီးဘဝနဲ့ပဲ သေရမှာစိုးလို့နေမှာပေါ့ .."

"နောက်ဘဝမှာ ဒီရုပ်ကြီးနဲ့ပဲဆိုရင်ရော သူ့ကို ဘယ်သူက ယူမှာလဲ.."

...ချမ်းသာ က အချစ်ခံခဲ့ရသူမို့ ပစ်စလက်ခတ် ကဲ့ရယ်၏။ ဘုန်းရိပ် ...ဘက်ခံမဲပေး၍ ...၊

"နောက်ဘဝမှာ လူပြန်ဖြစ်မယ်လို့ရော သူ့ကို ဘယ်သူပြောသလဲ၊ ... ဒီလောက်ဆိုးတဲ့ .."

"ဟုတ် .. ဖြောင်း .."

"အောင်မယ်လေး .. သေပြီ .."

အသံကြားလိုက်တည်းက ထိုင်နေသည့် လူစု ရှဲခနဲကွဲသွားကာ ...ခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ဖက်ထားပြီး ဝါးကွပ်ပျစ်ပေါ်မှာ ...တွေအလှိမ့်တွေနဲ့ စုံသွား၏။

မရှောင်လိုက်နိုင်ရင်လည်း တွေးရဲစရာမရှိပေ။ သူတို့ ခေါင်းပေါ် ...တည့်က မန်ကျည်းကိုင်းကြီး ကျိုးကျလာတာ နည်းနည်းနောနော ...ဟုတ် ...။

တင်ပါးလွှဲထိုင်နေသည့် ကိုပွား ကတော့ အချိန်မီ ထရပ်ပြီး နောက် ...တိုက်နိုင်သဖြင့် သစ်ကိုင်းခြောက်နဲ့ အပင်ကို တအံ့တဩမော့ကြည့်ကာ...၊

"'မန်ကျည်းတစ်ညို့ လူတစ်ခို' တဲ့ .. ဒီလောက် သစ်ကိုင်းကြီး ...မှမဟုတ်ဘဲ ကျိုးကျလာစရာ အကြောင်းမရှိဘူးကွ .."

www.burmeseclassic.com

www.burmeseclassic.com



"အသိသာကြီး ကိုဖွား ရာ .."

"ကံကောင်းလို့ ငါ့ခေါင်း .."

သူတို့တွေ အသီးသီး ပြန်ထထိုင်လိုက်တော့ သစ်ကိုင်းကျိုးကြီး အလယ်မှာ ခန့်ညားစွာရှိနေလျက် ကြွက်ကြော်ပန်းကန် ဘယ်ဆီလွင့် ထွက်သွားသည်မသိ ..။

ကြွက်ကြော် အပိုင်းအစတွေက အောင်ကြီး ရဲ့ ပုဆိုးပေါ်မှာ တုံး၊ ငထွား ရဲ့ အင်္ကျီအိတ်ထဲမှာ တစ်တုံး၊ ပေါင်တစ်ချောင်းက ကိုဖွား ရဲ့ ရှပ်အင်္ကျီအိတ်အပြင်မှာ တွဲလောင်းချိတ်လျက် ..။

"ဟိတ်ကောင်နော် .. သစ်ကိုင်းကျိုးတာအကြောင်းပြပြီး အိတ် ကပ်ထဲ ထည့်ဝှက်ထားဖို့ မကြိုးစားနဲ့ .."

"မင်းသာ ပေါင်ကြားထဲ ထည့်ဝှက်ထား .."

"ကိုဖွား ကိုကြည့် .. သူပဲရောင်းပြီး ပြန်ယူဖို့ကြံစည်နေတာ .."

"မဟုတ်ရပါဘူးကွာ .."

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

ကံကောင်းလို့ ခေါင်းကွဲခြင်းဒုက္ခကို ရှောင်ရှားနိုင်ခဲ့ပြီး ရယ်သံ တွေပါ ထွက်လာကြ၏။ ငထွား က ဘုန်းရိပ် မျက်နှာကို ကလေးဆူသလို လက်ညှိုးတစ်ချောင်းထောင်ပြ၍ ..။

"နောက်ကို မင်း သူများမကောင်းကြောင်း ကဲ့ရယ်ဦးမလား .. ပြောစမ်း .."

"ဘယ်တော့မှ မကဲ့ရယ်တော့ဘူး .."

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."



## အခန်း(၂၅)

"ဟောဒီက ပဲပြုတ်.. ပဲပြုတ် ယူကြဦးမလားဟေ့ .. မဝင်းမေ ရေ.."

ပဲပြုတ်သည် ဒေါ်စာဥ ၏အသံစူးစူးက မိုးမလင်းသေးခင်အချိန် ...င်း နာရီသံကြားရသလို အတိအကျပေါ်လာမြဲဖြစ်ကာ ..။

"လူပျိုကြီး ပေါက်စီ ရေ .. ပဲပြုတ် .."

ရွာလယ်လမ်းတစ်လျှောက် စားနေကျ ဖောက်သည်တွေကို လှည့် ...နှိုးရင်း ရောင်းရင်းဖြင့် ..။

"ဒီဘက်က .. ဒေါ်လှ .. အဲ့ .."

ဒေါ်လှ အိမ်ကို အော်ခေါ်နေကျမို့ ခေါ်တော့ ခေါ်လိုက်သေးသည်။ ...ဆမယ့် အချိန်မှီ ဘရိတ်အုပ်၍ ထိုအိမ်ရှေ့ကနေ ခပ်သုတ်သုတ်ဖြစ်တ ...ဖို့ သွားနှုန်းကို မြှင့်လိုက်ပေမယ့် ..။

ဟင်!....

ခြံဝနားမှာ တုံ့ခနဲ ရပ်သွား၏။ ရောင်နီမပျို့တပျို့ အလင်းရောင် ...ပြင်သော်လည်း ဆံပင်စုတ်ဖွား ဖားလျားနှင့် အပျိုကြီး မစံပယ် ၏ ...ကို ဒီတိုင်းကြီး မြင်နေရသည်။

ထိုပြင် သူ လာသည့်ဘက်ကို တည့်တည့်ရပ်ကြည့်နေကာ လက် ...ကိုဆန့်ထွက်လာတော့ ထိုလက်ထဲမှာ ကြွေရည်သုတ်ဇလုံပြဲ ...လုံးကို ကိုင်လျက် ..။

www.burmeseclassic.com

www.burmeseclassic.com



"ပဲပြုတ် .."

"အောင်မယ်လေး .. ကယ်ကြပါဦး .."

ဒေါ်စာဥ ခေါင်းပေါ်က ပဲပြုတ်တောင်းကို လက်နှစ်ဖက်နဲ့ နေအောင် ကိုင်ထားလျက် အော်ပြေးလေသည်။

"ပဲပြုတ် .. နေပါဦး .."

"မရောင်းဘူး .. မရောင်းဘူး .. မလိုက်လာနဲ့နော် .."

နောက်လှည့်ကြည့်လိုက်တိုင်း ဆံပင်ဖားလျားနှင့် သူမနောက် ပါလာနေသဖြင့် ..။

"လုပ်ကြပါဦး .. စံပယ်ကြီး .. လိုက် .. လိုက် .."

နောက်တစ်ခေါက် လှည့်ကြည့်ပြီး ရှေ့ပြန်လှည့်လိုက်လျှင် တစ်ရှည်းနှင့် ထွက်လာသည့် သံချောင်း နဲ့ မျက်နှာချင်းဆိုင် ဖြစ်သွား

"ဟင် ..."

"အရီးစာဥ .. ဘာလဲ .."

"ငါ့နောက်မှာ .. ငါ့နောက်မှာ .. စံပယ်ကြီး လိုက်လို့ .."

"ဟမ်!..."

"ဟိုမှာ .. ဟိုမှာ .."

ဒေါ်စာဥ နောက်ကိုလက်ညှိုးနောက်ပြန်ထိုးပြ၏။ ဆံပင်ဖား နှင့်ပုံကို လှမ်းမြင်လိုက်ကာ သံချောင်း နောက်ထပ် သက်သေမရှာတော့ နွားတွေထားခဲ့ပြီး ချက်ချင်းပြန်လှည့်ပြေး၏။

"ငါ့ကို စောင့်ပါဦးဟဲ့ .. သံချောင်း ရဲ့ .."

ပြေးဖော်မြင်လိုက်တာနှင့် ဒေါ်စာဥ ၏ ပြေးနှုန်းတွေ နှစ်ဆ တက်သွားကာ ပဲပြုတ်တောင်းပါ ပြုတ်ကျခြင်းသို့ရောက်လျက် –

"ဟဲ့ .. ဟဲ့ .. ဘာတွေဖြစ်ကုန်ကြတာလဲ .."

"ဟိုမှာ မခင်ဆုံ ရယ် .. အဘွား .."



"ခင်ဆုံ အသံမဟုတ်ပါဘူး .. ပဲပြုတ်သည် မစာဥ ပါ .."

ဒေါ်လုံး တို့ မြေးအဘွား အိမ်ထဲက အပြေးအလွှားထွက်လာကြ ဖြင့် သူတို့ ဝိုင်းရှေ့မှာ ခင်ဆုံ က ပန်းကန်ပြားလေးကိုင်လျက် ရပ်နေ၏။

"ခင်ဆုံ .. ဘာတွေဖြစ်တာလဲ .. ငါ့မှာ အရုဏ်ဆွမ်းလေးကပ်နေ တာတောင် ဆုံးအောင်မရှိခိုးလိုက်ရဘူး .."

"ဒေါ်စာဥကြီး ဘာဖြစ်သွားမှန်း မသိပါဘူး ဘွားလုံး ရယ်၊ အရီးလှ တို့ အိမ်ရှေ့ကနေ အော်ပြီးပြေးတာပဲ .."

"ယော!..."

ခင်ဆုံ က ပန်းကန်ပြားလေးကို ခြံစည်းရိုးတိုင်နှစ်လုံးကြားမှာ ခဏ တွမ်းတင်ကာ ပြေကျနေသည့် ဆံပင်တွေကို တစ်ပတ်ရှိုပြန်ထုံးထား လိုက်၏။

"နို့ .. ညည်းက စောစောစီးစီး ဘယ့်နှယ်ကြောင့် ဖို့ယို့ဖားလျား ဖြစ်နေရတာလဲ .."

"ဖားလျားထွက်လာတာမဟုတ်ပါဘူး ဘွားလုံး ရယ် .. ညတည်း က အဖေက ပဲပြုတ်လေးနဲ့ ထမင်းကြော်ထားပေးပါလို့ ပြောထားလို့ ပဲပြုတ်ထွက်ဝယ်တာပါ၊ အဲဒါ ဒီက ထွက်လာတုန်း ဒေါ်စာဥကြီး က လှတ်ပြေးတော့ အဲ့ဒီနောက်လိုက်ရင်းနဲ့ ဆံပင်က ပြေကျသွားတာ .."

"ဒါဆို .. ညည်း ဆံပင်ဖျားလျားကို မြင်လို့လန့်ပြေးတာပေါ့ .."

"မဟုတ်ပါဘူး .. သူ ပြေးတော့ ကျွန်မက အိမ်ပေါ်ကဆင်းလာ တုန်းပဲရှိသေးတာ၊ အဲဒါကြောင့် မမီလိုက်မှာစိုးပြီး ပြေးလိုက်ရတာလေ.."

"သိပြီ .. သိပြီ .."

ဒေါ်လုံး သက်ပြင်းရှည်ကြီး ချလိုက်ပြီး အိမ်ထဲပြန်လှည့်ဝင်ကာ..၊

"စံပယ့် လက်ချက်ပဲ .. တော်သေးတယ် ငါတို့နဲ့ အိမ်နီးနားချင်း မဟုတ်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"အဘွား .. အဲ့ဒါ .. ကြီးကြီးစံပယ် သရဲခြောက်တာလားဟင် .."

ဒေါ်လုံး ရဲ့ မြေးမလေးက အသက်ရှစ်နှစ်ပဲရှိသေးသည်။ မြေး အဘွားနှစ်ယောက် မေးကြဖြေကြရင်း အထဲပြန်ဝင်သွားကြ၏။

ခင်ဆုံ ပဲပြုတ်မရလိုက်ဘဲ စိတ်မချမ်းသာစွာ ပြန်လှည့်လာခဲ့ သည်။ ညညဆိုလည်း အိမ်ရှေ့မှာ ခွေးတွေအူတိုင်း ကိုတရုတ်ကြီး တို့ နေစရာမရှိတော့ပေ ..။

ပြီးတော့ ပြူးတူးပြဲတဲနှင့် ဟိုဟာမြင်တယ်၊ ဒီဟာမြင်တယ်ဆိုပြီး အိမ်ပေါ်တက်ပြေးလာတာတွေလည်း ခဏခဏပင် ..။

"လူတွေပြောနေကြသလို အရိုးလှ တကယ်ပဲ သရဲခွေးမြူနေတာလား .."



အခန်း (၂၆)

"ဒေါ်စာဥကြီး က အပျိုကြီးကို ကြောက်ပြီးပြေးတယ်၊ ခင်ဆုံ ထွက်လိုက်လာတာကို အပျိုကြီးလိုက်တာပါဆိုပြီး သံချောင်း နဲ့ ရော ပြေးတယ်၊ ဟား .. ဟား .. ဟား .."

"ဟော့ .. တိတ်ကြစမ်း .."

ရယ်နေသည့် ဘုန်းရိပ် ပါးစပ်ကြီး ချက်ချင်းတိခနဲပိတ်၏။ ဦးမြေးကြွယ် က လှေကားရင်းကနေ ရှပ်အင်္ကျီလက်ပွပွကြီးကို တစ်ဖက် ခေါက်တင်နေရင်း မျက်နှာထားတည်တည်ကြီးနှင့် လျှောက်လာ၏။

ပြီးတော့ သူတို့လေးယောက်ရှေ့မှာ ဝင်ထိုင်လိုက်ကာ ..၊

"မင်းတို့ကို မြင်လိုက်ရရင် တစ်ခါမှ မျက်နှာပိုးမသေဘူး၊ ဒီကို ဆင့်ခေါ်လိုက်တာ မင်းတို့အုပ်စုဖွဲ့ ရယ်ဖို့ မှတ်နေသလား .."

"မမှတ်ပါဘူး .."

ဘုန်းရိပ် က တည်တည်တံ့တံ့ ခေါင်းခါလိုက်ပေမယ့် အပြုံးလက်စ နှင့် သူကြီးဘက်လှည့်ကာ ..၊

"မနက်မိုးမလင်းခင်က အဖြစ်လေးကို သူကြီး သတင်းမကြား သေးလို့ပါ .. ကြားရင် ရယ်မှာပဲ .."

"ဘာ!..."

သူကြီးက မျက်မှောင်ကုတ်သွားပြီး 'ဘာ' လိုက်သဖြင့် ဘုန်းရိပ် အားတက်သွား၏။

"ဒေါ်စာဥကြီး လေ .. မစံပယ် က ပဲပြုတ်ထွက်ဝယ်တာကို မရောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထွက်ပြေးတာ .. ဟီး .. ဟီး .. ခင်ဆုံ က ပဲပြုတ်ဝယ်ဖို့ထွက်လိုက်တော့လည်း မစံပယ်ကြီး လိုက်လာပါပြီဆိုပြီး .."

ဘုန်းရိပ် က ပုံနဲ့ပတ်နဲ့ အော်ပြောပြလျှင် ဦးဒွေးကြွယ် မျက်နှာကြီး ပြုံးစိစိဖြစ်လာ၏။

"သံချောင်း က လယ်ထဲဆင်းဖို့ ထွက်လာတာပဲ ဒါပေမယ့် ခေါ်စာဥကြီး ပြေးလာတာမြင်ပြီး မစံပယ် နာမည်ကြားလိုက်တာနဲ့ ပြန်လှည့်ပြေးတာ ခေါ်စာဥ လိုက်လို့ မမီဘူး .. ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

သူကြီး မနေနိုင်တော့ဘဲ လိုက်ရယ်မိလေသည်။ သက်ထား အိမ်ပေါ်က ဆင်းလာတာမြင်မှ ...၊

"တော်ကြတော့ .."

ရယ်ရှိန်သတ်၍ မျက်မှောင်ကြီးကုတ်ပစ်ကာ ...၊

"ရယ်စရာရှိရင်လည်း တော်ရုံပေါ့ .."

"ဟုတ်ကဲ့ပါ .. သူကြီးက ရပ်တော့မယ်ဆိုလည်း အချက်လေးဘာလေး ပြတာမဟုတ်ဘူး .."

"ဟိတ်ကောင် .."

"ဗျာ .. သူကြီး .."

"ငါ့ကို မင်း သူငယ်ချင်း မှတ်နေသလား .."

"မမှတ်ပါဘူး .. ပြောပြတာ .."

သက်ထား က ဘုန်းရိပ် ကို ကြည့်ပြီး ရယ်သည်။ ဒီရွာမှာ ချမ်းသာဆုံးသူဌေးသားက ပျော်ပျော်နေတတ်သလောက် သောက်စားရမ်းကားတာလည်းမရှိ၊ ပညာတတ်တစ်ယောက်လည်း ဖြစ်ကာ၊ ရွာသူကြီးကို စိတ်တိုအောင် ရယ်မောအောင် သူပဲ တတ်နိုင်လေသည်။

"အဟမ်း .."

သူကြီးက ချောင်းတစ်ချက်ဟန့်၍ ...၊

"ပြောစရာရှိတယ် .."

"ပြောလို့ရပါပြီ .."



"အံမာ .."

"နားထောင်နေတာကို အကြောင်းကြားတာပါ .."

"ဘုန်းရိပ် .."

"ဗျာ .. သူကြီး .."

"ပါးစပ်ပိတ်ပြီး နားထောင် .."

"အဲ့ဒါက မဖြစ်နိုင်ပါဘူး သူကြီး .."

"ဘာကွ ..."

"ညတုန်းက ကင်းတဲမှာ သွားစောင့်ရင်းနဲ့ ကွမ်းယာစားမိလို့ ထုံးပေါက်ထားတာ လျှာတွေ ဒီမှာ .."

ဘုန်းရိပ် က ပါးစပ်ဖြဲ၍ လျှာကို ဟိုထိုးဒီထိုး လှုပ်ပြကာ ...၊

"အဲ့ဒါကြောင့် လေသလပ်နေဖို့ ရှာကြံပြီး ပြောနေရတာ .. ဒီလျှာကို ဘယ်လိုမှ အငြိမ်ထားဖို့မဖြစ် .."

"တော်စမ်း .. ဟိတ်ကောင် .."

"ခိ .. ခိ .. ခိ .."

"ခွိ .. ခွိ .."

"မင်းတို့ကပါ .. ဘာလဲ .."

အောင်ကြီး နဲ့ ချမ်းသာ ခေါင်းတွေငုံ့ရယ်ရင်း မတ်ခနဲပြန်မော့၍ ခပ်တည်တည် ...၊

သူကြီး ဒီကောင်တွေကို တင်းကျပ်ဖို့ ဘယ်လိုပဲကြိုတင်ပြင်ဆင်ထားပါစေ ပြောလိုက်ဆိုလိုက်ပြီဆို အမြဲတမ်း ဒီတိုင်း ...၊

စကားတစ်ခွန်းက လိုရာမရောက်နိုင်ဘဲ တစ်ခါတလေ ကိုယ်ပါရောမရယ်မိအောင် ထိန်းနေရတာတွေ ရှိသေးသည်။

သက်ထား က ဦးဒွေးကြွယ် ဘေးမှာ ဝင်ထိုင်လိုက်ရင်း ...၊

"မနေ့တုန်းက သက် နဲ့ အမေနဲ့ ဆရာအောင့်ဆီ သွားကြတယ် ကိုဘုန်း ရဲ့ .. အဲ့ဒါတွေကို ပြန်ပြောမလို့ အဖေက ခေါ်ခိုင်းလိုက်တာ.."

"သြော် .. ဟုတ်ကဲ့ ပြောပါ သူကြီး .."

ဦးဒွေးကြွယ် က လေးယောက်စလုံးကို အကဲခတ်သည်။ တည်

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်ကြည်ဖြစ်သွားကြတာကို မြင်မှ ...၊

"ငါ ဆရာအောင့် ဆီက ပေးလိုက်တဲ့နည်းတွေကို ပြောပြမယ်၊ မင်းတို့ သွေးကုန်းမြေကို သန်းခေါင်အချိန်သွားပြီး ..."

"ဟာ!..."

"ဗျာ .. သူကြီး .."

"သွေးကုန်းကို ဟုတ်လား .. သူကြီး ကျွန်တော်တို့ကို စိတ်တိုလို့ တမင်ပြောတာမို့လားဟင် .."

ဘုန်းရိုပ် က အေးဆေးသည့်အပြုံးဖြင့် ...၊

"နောက်နေတာပါ .."

"ဟိတ်ကောင်တွေ .."

ဦးမြွေးကြွယ် စိတ်တိုသွားကာ ဒူးနှစ်ဖက်ပေါ်မှာ လက်နှစ်ဖက်ကို ခပ်ကားကားထောက်၍ ...၊

"ငါ စကားပြောရင် လေးလေးစားစားနားထောင်ဖို့ စိတ်ကူး.."

"လေးစားပါတယ် သူကြီးရယ် .. ဒါပေမယ့် သွေးကုန်းကို သွားရမယ့်အချိန်ကြီးက .."

"ည သန်းခေါင်ကျော် တစ်ချက်တီး .."

"အဲ့ဒါ .. အဲ့ဒါကြီးကို သူကြီးပဲ စဉ်းစားကြည့်ပါဦး .."

"အောင်ကြီး .."

"ဗျာ .."

"ဒီကိစ္စ မင်းတို့ စခဲ့တဲ့ ပြဿနာ .."

"မဟုတ်ပါဘူး .. သူကြီးက ကျွန်တော်တို့ကိုပဲ ခိုင်းတော့ .."

"မင်းတို့ကို မခိုင်းဘဲနဲ့ ငါတို့လူကြီးတွေက လုပ်ရမှာလား .."

"အဲဒီလိုမဟုတ်ပါဘူး .. ဒါပေမယ့် .."

"စကားမရှည်ကြနဲ့ .. ငါ ဆက်ပြောမယ် နားထောင် .."

"ဘုန်းရိုပ် .. အဲ့ဒါ မင်းကြောင့် .."

အောင်ကြီး က ရှုံ့မဲ့မဲ့နှင့် မပြီးနိုင် ...၊

"ငှက်ပျောတုံးပဲ သူလိုချင်တာကို သစ်တုံးကြီး ထည့်ပေးလိုက်တော့.."



"အေးလေ .. သုံးနေမကျတော့ မသုံးတတ်ဘူးဖြစ်နေမှာပေါ့.."

"ဟိတ်ကောင် ဘာတုံး .."

ချမ်းသာ က ခြေထောက်ကို လှမ်းတို့ပြီး ကပ်သတိပေးသည်။ ငထွားက ခပ်တည်တည် ...၊

"ထုံးစံက ငှက်ပျောတုံးလေ၊ ငှက်ပျောတုံးမထည့်ဘဲ သစ်သားတုံးကြီး ထည့်လိုက်တာကိုပြောတာ .."

"ဟေ့ .. ဘာကြောင့်ပဲဖြစ်ဖြစ် မင်းတို့ ထင်ရာပြောခတ်တဲ့ ပါးစပ်တွေကြောင့်ဖြစ်ရတာ .."

"သူကြီးကလည်း .."

" 'နှုတ်ကြောင့်ကြေ လက်ကြောင့်သေ' တဲ့ စကားဆိုတာ မပြောအပ်တာကို မပြောရဘူး၊ လူမှာ စည်းရှိသလို နှုတ်စည်းက ပိုအရေးကြီးတယ်၊ အခု မင်းတို့ ပေါ့ပေါ့တွေးပြီး လုပ်ခဲ့တဲ့ကိစ္စကို မင်းတို့ပဲ တာဝန်ယူရမှာ၊ 'မလိမ္မာ နှစ်ခါဆင်းရဲ' ဆိုတာ မှတ်ထား .."

"နှစ်ခါမကတော့ဘူးထင်တယ် .."

ဘုန်းရိုပ် က ခပ်တိုးတိုးပြောလိုက်ပြီးမှ သူကြီးဘက်လှည့်၍ ...၊

"ဟုတ်ကဲ့ပါ .. ကျွန်တော်တို့ ဘာသွားလုပ်ရမှာလဲပဲ ပြောပါ သူကြီး .. လုပ်ပါ့မယ် .."

ကြည့်စမ်း .. ဒီကောင် သူ့ကိုယ်သူ သူရဲကောင်းကြီးပေါ့ ...၊

သုံးယောက်စလုံး၏ အကြည့်တွေ ဘုန်းရိုပ် ဆီ ရောက်ကုန်ကြ၏။ သွေးကုန်းမြေက အစတည်းက ဆိုးခဲ့တဲ့ နေရာ အချိန်မတော် ဘယ်သူမှ တစ်ယောက်တည်းသွားလာ ဖြတ်သန်းရဲကြတာမဟုတ် ...။

ခုတော့ ရွာထဲမှာ ဘယ်သူမှ မနေနိုင်အောင် ခြောက်လှန့်နေတဲ့ တစ္ဆေ [illegible]ယ်ကြီး နဲ့ ဒီသရဲတွေ ပူးပေါင်းနေကာမှ ...၊

"သေချာနားထောင်ကြ .."

ဦးမြွေးကြွယ် ပြောပြနေသမျှ အောင်ကြီး တဲတွေးနှင်နေခဲ့လေ[illegible]...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မင်းတို့က ဒီမှာ ဘာကိစ္စလဲ .."

"ဗျာ ..."

"ငါ ခိုင်းထားတဲ့ကိစ္စကရော .."

"ပြင်ဆင်ပြီးပါပြီ .. ဟို .. ကျွန်တော်တို့ ဒီမှာ ဘာပိုင်းကူရဦးမလဲလို့ .."

သူကြီး အိမ်ဝိုင်းထဲမှာ မနက်ဖြန် ရဟန်းခံရှင်ပြုပွဲအတွက် အိုးကြီးခွက်ကြီးတွေနဲ့ ချက်ပြုတ်ပြင်ဆင်နေကြတာ တစ်ရွာလုံးမှာရှိသည့် မိန်းကလေးအားလုံးနီးပါးပင် ..။

ညွန့်ကြားဦးဆောင်သူကလည်း သူကြီးကတော်နှင့် ဒေါ်မြရှင် တို့အမျိုးသမီးကြီးတွေအုပ်စုပဲဖြစ်ကာ အလှူတစ်ခုရဲ့ သဘာဝအတိုင်း မစခင်တည်းက စည်ကားစိုပြည်နေခဲ့၏။

"ဟဲ .. ဟဲ .. မနက်ကျရင်တော့ ဆရာတော့်ကျောင်းသွားပြီး အပီဆွဲပစ်လိုက်မယ် .."

"ဟဲ့ .. ဩော် .. စိမ်းစိမ်းစိုစိုတွေ လှီးဖြတ်နေတာကြည့်ပြီး ကြိမ်းဝါးနေလိုက်တာ .. ဘာလဲ .. အစိမ်း ကောက်စားတော့မလို့လား .."

ဒေါ်တင်နွယ် က ငေါ့ား ဖြစ်နေပုံကိုကြည့်၍ မျက်လုံးပြူးနှင့်မေး၏။ ဦးသောင်း က သူကြီးနဲ့စကားပြောနေကာ မနက်ဖြန် ဆရာ



တော့် ကျောင်းမှာ ကျွေးမွေးရေးအစီအစဉ်အတွက် သက်လတ်ပိုင်း လူရွယ်တွေကို တစ်ယောက်ပြီးတစ်ယောက် လက်ယပ်ခေါ်နေ၏။

တရုတ်ကြီး တို့ သံချောင်း တို့လည်းပါကာ ..။

"သူကြီး .. ကျွန်တော်တို့နဲ့ ဘုန်းရိပ် တို့ တွဲလုပ်ရမှာမဟုတ်ဘူး ဓိုလားဟင် .."

သံချောင်း က ဘုန်းရိပ် တို့ကို လှမ်းကြည့်ပြီး တော်တော်ကြီးနိုးရိမ်နေသည့်မျက်နှာနှင့် ..။

"သူတို့နဲ့သွားရင် ကျွန်တော်တို့နောက်ကို မစံပယ် လိုက်မှာ ကြိမ်းသေတယ် .."

"ဟား .. ဟား .. ဟား .."

ဘုန်းရိပ် က ကြားသွားပြီး သံချောင်း တို့ နားကိုလျှောက်သွား၏။ နှုတ်ခမ်းနစ်ဖက်စ 'မ' ကိုင်ပြီး ခပ်လှုပ်လှုပ် လျှောက်လာပုံကို သူ အစကသောက်ျားချင်း အားကျခဲ့သည်။ ဒီလိုရယ်သည့်အသံမျိုးလည်း ဘုန်းရိပ်ဒိုးစံကို အိမ်မှာ အထူးတလည်လေ့ကျင့်ပြီး မတူတူအောင် လိုက်တူလျှောက်ရတာကိုလည်း ဂုဏ်ယူခဲ့၏။

ခုတော့ သူ့ဆီကို ဘုန်းရိပ် လျှောက်လာပုံကပဲ သရဲတစ္ဆေတစ်ကောင်လိုလို ..။

"ဘယ်လိုဖြစ်တာလဲ ကိုသံချောင်း .. ခင်ဗျားပဲ ပြောတုန်းကတော့ သရဲမကြောက်ဘူးဆို .. ဟား .. ဟား .. ဟား .."

"ခုတစ်လော ငါ သွေးအားနည်းနေတယ်ကွ .. တော်ရုံဆို ခံနိုင်ည်မရှိဘူး .."

"ဘယ်လောက်လောက်ဆို ခံနိုင်လဲ .."

"ဟော့ကောင် .."

"မေးကြည့်တာလေ .. မနေ့မနက်က ခင်ဗျား အော်ပြေးတယ်ဆိုတော့ မအော်ဘဲ ခံနိုင်မယ့်ခြောက်နည်းမျိုးရှိသေးလားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သရဲဆိုတာ နပမ်းဖက်သတ်လို့လည်း ရတာမဟုတ်ဘူး.."

သူ နားလည်သွားခဲ့ပြီ ...၊

ချမ်းသာ က ပြုံးစိစိနှင့် ထပ်ရောက်လာပြီး ခနဲ့သည်။ သူက သံချောင်း ၏ လှောင်ရယ်ခြင်းကို တိုက်ရိုက်ခံစားခဲ့ရသည့်လူ ...၊

"အခု မခံပယ် က ဘုန်းရိပ် ကိုလည်းမဟုတ်ဘူး၊ ကျုပ်ကိုလည်း မဟုတ်ဘူး၊ အားလုံးနဲ့ သက်ဆိုင်တဲ့ သရဲဖြစ်သွားပြီ .."

"ဘာလို့ သက်ဆိုင်ရမှာလဲကွ .."

"ခင်ဗျားက သူ့ မသာမှာ ဟားတိုက်ရယ်တယ်၊ မကြောက်ဘူးဆိုတဲ့ စကားတွေနဲ့ စိန်ခေါ်တယ်၊ အဲဒါကြောင့် ဆိုင်သွားတာ .."

"မင်း ငါ့ကို သရဲနဲ့ ရန်တိုက်မပေးနဲ့နော် .. ငါတို့ ဒီလိုပဲ အတိုက်အခံပြောနေကျ .."

"သရဲက နားမလည်ဘူး .."

"ဟား .. ဟား .. ဟား .."

ဘုန်းရိပ် က ဟားတိုက်ရယ်သည်။ မိန်းကလေးတွေက ခိုးခိုးခစ်ခစ် ဖြစ်ကုန်ကြ၏။ သံချောင်း မျက်နှာကြီး ရှုံ့မဲ့နေကာ သူကြီးနဲ့ လူကြီးတွေကိုကြည့်လိုက်တော့လည်း မျက်နှာတွေက ပြုံးယောင်ယောင်တွေမို့ အားကိုးမဲ့သွား၏။

"သူကြီးက သူတို့နှစ်ယောက်ကို ဆရာတော့်ဆီ လွှတ်နေတာလား၊ ညဘက် ဘယ်သူမှ အပြင်မထွက်ရဲတာ ကျွန်တော်တို့ လိုက်သွားပေးလိုက်မယ်လေ .."

"ဟာ .. မလိုပါဘူး၊ ငါတို့ချည်းပဲ သွားရဲပါတယ်၊ လာ .. တရုတ်ကြီး သွားမယ် .."

"ဟား .. ဟား .. ဟား .."

ဘုန်းရိပ် က မျက်နှာငုံ့ချလိုက်ပြီး ပခုံးတွေ လှုပ်အောင်ရယ်၏။ သံချောင်း နဲ့ တရုတ်ကြီးတို့ ခြေလှမ်းတွေ သွက်သွားကြတာ နောက်မှာ



မြုံပြုံးနေတဲ့အတိုင်း ...၊

ဘုန်းရိပ် ရယ်နေတာကို သက်ထား က ကြည့်ကောင်းကောင်းနှင့် ကြည့်နေပြီးမှ ...၊

"ဟဲ့ .. အဲ့ဒီကိုပဲ ငေးမနေနဲ့ဦး .. ဟိုမှာကြည့် .."

မိညို က သက်ထား ကို လက်တို့ပြီး တစ်နေရာကိုပြ၏။ လှမ်းကြည့်လိုက်တော့ ငယ် က ဘူးသီးအခွံတွေ လှီးချနေတာဖြစ်ကာ လောလောဆယ်မှာ လက်ကလည်း မလှုပ်၊ မျက်လုံးတွေက ဘုန်းရိပ် ထံမှာ စူးစိုက်နေလျက် ...၊

"တွေ့လား .. အဲ့ဒီ မိန်းမ ကိုဘုန်း ကိုများ တွေ့လိုက်ရင် ဘယ်အချိန်ဘယ်နေရာမှာတွေ့တွေ့ အမဲပဲ ...၊ အရှက်ကိုမရှိဘူး .."

သက်ထား မျက်ခုံးတန်းလေးတွေလည်း တွန့်ချိုးနေခဲ့လျက် ငယ့်ဆီ သေချာကြည့်၍ ...၊

"သူတို့က တစ်အိမ်တည်းမှာ အတူတူအမြဲရှိနေကြတာပဲဟာ ..၊ စန်းရီ ဆို သူ့လိုမဟုတ်ပါဘူး .."

"သက်ထား ရယ် .. စန်းရီ က သူ့ဘဝ သူနားလည်တယ်၊ လောဘ သဏ္ဍာယလည်း မရှိလို့ပေါ့ .."

"သူက ဘာလောဘတွေ ရှိနေတာလဲ .."

မေးလိုက်ကာမှ ကြားနေရသည့် ဝိုင်းက ဟိုဘက်ကနေ သက်ထား နား ကပ်ထိုင်လိုက်ကာ ...၊

"သူဌေးသားကိုလိုချင်တဲ့ လောဘပေါ့ဟယ် .. ကိုဘုန်း အမေက ဆို ရွာသူကြီးထက်တောင် ချမ်းသာတဲ့ဟာ .."

"ဟဲ့ .. နင်က သူကြီးသမီးနားမှာ သူ့အဖေအတင်းတုတ်နေတာ သား မဝိုင်း .."

ဝိုင်း က ရယ်ကာ ...၊

"တင်စားပြောတာပါ မိညို ရယ် .. ရွာသူကြီးဆိုတာ အာဏာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အားလုံးထက် တောင့်တင်းတဲ့သူလေ .. အရီးမြ တို့က သက်ထား တို့ထက် ချမ်းသာတာ အတွင်းပစ္စည်းကိုမကြည့်နဲ့ဦး .. အပြင်မှာ အလုပ် အကိုင်နဲ့ လယ်ယာ ကျွဲနွားပိုင်ဆိုင်မှုတွေကိုပဲ ယှဉ်ကြည့် ..''

''ကဲပါ .. မပိုင်း ရယ်၊ ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ငါတို့ထက် ကိုဘုန်း က ချမ်းသာပါတယ် .. ဆက်ပြော ..''

''အဲ့ဒါပြောတာပဲလေ .. သူ့ဘဝက စာမတတ်ပေမတတ်၊ မိဘမဲ့ တစ်ကောင်ကြွက် .. ပြီးတော့ ရှိတဲ့ ကြီးတော်ကလည်း မကြည့်မဖြူနဲ့ နေ့စဉ် ကြိမ်တွယ်နေတာ ..''

မိညို က ပိုင်း ပြောတာကို ခေါင်းညိတ်ထောက်ခံ၍ ...

''ဟုတ်ပနော် .. ပြောရမယ်ဆို လုံးဝမတန်မရာပါဘူးယ် .. ဖအေ ကလည်း သူခိုး၊ မအေက အကျင့်မကောင်းပါဘူး ..''

''မျိုးမသန့်တဲ့ ပြစ်ချက်ကို ထည့်ပေါင်းရင် ကိုဘုန်း လို လူက သူ့ကို မမှန်းအားဆိုတာ အရှုံးတောင် တွေးနိုင်တယ်၊ ဒါကို အရီးမြ က ညှာတာနေတော့ သင်းက စိတ်ကူးယဉ်နေမှာပေါ့ ..''

''သက်ထား ရယ် .. နင်ကလည်း ကိုဘုန်း က ရည်းစားစကား ပြောနေတာ ပြန်ကြိုက်လိုက်ပြီးတာပဲ ..''

မိညို က သက်ထား ဘက်ကို စေတနာပါပါ တိုက်တွန်းနေကာ..

''နင်နဲ့မှ နေနဲ့လ ရွှေနဲ့မြ ချောချောလှလှလေးတွေလည်းဖြစ်၊ သူချစ်ကိုယ်ချစ် မိဘချစ် ..''

''ငါနဲ့ အရီးမြ က သိပ်တော့ မရင်းနှီးပါဘူး ..''

''အဲဒါတော့ မသိဘူး၊ အရီးမြ က နင့်ကို ချွေးမတော်ချင်ကြောင်း တော့ ခဏခဏ ပြောနေတာနော် ..''

''အေးလေဟယ် .. မိငယ် ကလည်း အပျိုကြီးမစံပယ် လောက် တော့ ရုပ်မဆိုးဘူးနော် .. တော်ကြာ မတန်မရာတွေးရင်း ပါသွားဦးမယ်..''

''ကဲ .. ကဲ ..''



သူတို့ ဝိုင်းဖွဲ့နေသည့် စားပွဲပေါ်ကို ရေတတ်သီးခြောက်အညှာခြွေ တွေထည့်လာသည့် ဆန်ကာတင်လိုက်ပြီး အေးချစ် က ဖျာပေါ်မှာ လက်ခတ်ထိုင်ချလိုက်၏။ ပြီးမှ ...

''ဟဲ .. မမောကြသေးဘူးလား နင်တို့ .. တစ်နေ့လာလည်း မိငယ် ကြောင်း ကိုဘုန်း အကြောင်း ..''

''မောချင်ပေမယ့် မြင်နေရတာကိုးဟဲ့ .. ဟိုမှာကြည့်ပါဦး၊ ကိုဘုန်း မျက်လုံးကို မခွာတော့ဘူး ..''

''ဘာဖြစ်လဲဟယ် .. ကိုဘုန်း ကလည်း သူ့ကို ဖုတ်လေတဲ့ ငါးပိ တောင် မမှတ်ပါဘူး၊ ငယ် ကလည်း ဟန်မဆောင်တတ်တာပါ၊ အကြိုက်ကြီးလာရင် မကြည့်ဝံ့မခေါ်ဝံ့တာတွေ ဖြစ်လာတာပဲ၊ တစ်ခုလပ်ပါ၊ ဒါမျိုးတွေ နင်တို့ထက်ပိုသိတယ် ..''

''သိတော့ ဘာဖြစ်လဲ .. ငါတို့ သူ့အတင်းပြောတယ်ဆိုပြီး နင်က တာလား ..''

အေးချစ် က သူတို့အုပ်စုပဲပေမယ့် အားလုံးထဲမှာ အသက်အကြီး သည်။ ပြီးတော့ သူမက အိမ်ထောင်ကွဲထားတာဖြစ်သည်မို့ စကား ရင် နာကျင်တာလေးတွေ စာနာတာလေးတွေပါလာတတ်၏။ အားလုံးကတော့ သူမက ဆရာလုပ်သည်ပဲ ထင်ကြကာ ...

''ငါတို့က သက်ထား မျက်ကန်းလမ်းမမြင်ဖြစ်နေလို့ မီးအိမ် နေတာ၊ တကယ်ဆို ကိုဘုန်း က သူ့ကို ရည်းစားစကားပြော ကြာလှပေါ့ ..''

အဖြေမပေးခဲ့တာက အဖြေမတောင်းခဲ့လို့ပဲဆိုတာ ဘယ်သူမှ မသိ.. ကိုယ့်ဘာသာ ကြိတ်ခံစားရင်း သက်ထား က ဟန်ဆောင်ပြုံးလေး သောမျက်နှာလွှဲနေ၏။ ဒါပေမယ့် သူမ မျက်နှာလွှဲလိုက်သည့် ငယ် ထိုင်နေသည့်စားပွဲဘက်ကို ဖြစ်လျက် ...

''သူ ဒီမှာလာဝိုင်းကူတာလည်း ကိုဘုန်း လာမယ်မှန်းသိလို့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ ..."

အေးချစ် က သက်ထား ပြောလိုက်တာကို အံ့ဩသလိုကြည့်
ပြီးတော့ ငယ် ဆီ မျက်လုံးရောက်ကာ ...၊

"သူက တစ်ရပ်ကွက်လုံးက ခိုင်းဖတ်လိုဖြစ်နေတာပါဟာ ...
သဘောနဲ့သူ ဘယ်နေရာမှ မသွားရဲပါဘူး ..."

"ဘာလဲ ... မိအေး ...၊ နင်က သူ့ဘက်က ရှေ့နေလား ..."

"မဟုတ်ပါဘူးဟယ် ... သက်ထား ကလည်း ငါက နင့်စိတ်သက်
အောင်ပြောပြတာပါ၊ သူနဲ့ ကိုဘုန်း တို့ ပိုပြီး အနေနီးတယ်ဆိုပြီး
စိုးရိမ်စိတ်ဖြစ်နေတယ်မို့လား ..."

"သူ့လို မိန်းမမျိုးနဲ့ ငါက ဖြစ်စရာလား ..."

မျက်လုံးထဲမှာတော့ မီးလောင်မတတ်ပူပြင်းနေတာတွေက ဒီတို
အေးချစ် သက်ပြင်းခိုးချလိုက်မိစဉ် ...၊

"ဟွန်း ... ဒီကောင်မလေး သူ့အဆင့်သူ နားမလည်သေးတာ
အခု ငါ သင်ပေးပြမယ် ကြည့်နေ ..."

သက်ထား က ပြောပြီးတာနှင့် ဘယ်ဘက်ရင်အုံပေါ်မှာ
နေသည့် ကျစ်ဆံမြီးလေးတစ်ဖက်ကို လက်နဲ့ကိုင်၍ နောက်ပို့ပစ်လိုက်သည်

ငယ် ကို လှမ်းခေါ်မလိုပြင်ပြီးမှ ဘေးဘီကိုဝေ့ကြည့်လိုက်ပြီး
တိုင် နေရာမှ ထရပ်၏။ ငယ် ကတော့ မသိပေ၊ ဘူးသီးစိပ်တွေကို
ဆန်ဆန်လှီးချလိုက်၊ ဖျတ်ခနဲ ပြန်မော့ပြီး ဘုန်းရိပ် တို့ စကားပြော
နေကြတာကို ငေးကြည့်လိုက်နှင့် ...၊

"မိငယ် ..."

"ဟင် ..."

ဆတ်ခနဲ မော့ကြည့်ကာ သက်ထား ကို မြင်လိုက်မှ ပျာပျာ
ဖြစ်သွားပြီး ...၊

"ရှင် ... မမသက်ထား ..."



"အဲ့ဒါတွေထားခဲ့ ... မီးဖိုချောင်ထဲမှာ သားငါးခုတ်ထစ်ပြီး စုပုံ
ထားတဲ့ အိုးခွက်ပန်းကန်တွေ သွားဆေး ..."

"မမသက်ထား ... အဲ့ဒါတွေကို ကိုကြီးသာလှ တို့ လင်မယားက..."

"ဘယ်သူ့မှ လွှဲချမနေနဲ့ ... အခု ငါခိုင်းတာကို သွားလုပ် ..."

ငယ် ကိုင်ထားသည့် ဓားပါးလေးကို ချထားလိုက်ပြီး ခေါင်းညိတ်
သည်။ မီးဖိုချောင်ထဲမှာ ရေနံဆီမှန်အိမ်လေးကို မီးစာမြှင့်တင်လိုက်
ကြည့်တော့ ဘာမှမရှိ ...၊

မီးဖိုချောင် သစ်သပ်ဆောက်ထားသည့် အဆောင်က သုံးပင်အိမ်
ကလုံးစာနီးပါးရှိပေမယ့် ဘုန်းရိပ် တို့ အိမ်လို အုတ်ပတ်ကာ သွပ်မိုးတော့
မဟုတ်ပေ ...။

ထို့ပြင် အပြင်ထွက်သည့် နောက်ဖေးပေါက် ထပ်ရှိသေးသဖြင့်
အိမ်ကို ဖြတ်ယူလိုက်ပြီး တံခါးဝထိ သွားကြည့်မိ၏။ သူမ ထင်သည့်
ဆိုင်း သွေးသံညှီနံ့တွေနှင့် ဒန်အိုးအကြီးအသေးတွေ ဓားမတွေ အစအန
အပုံတွေက အပြင်ဘက် ရေကန်ဘေးက ကျောက်ပြားပေါ်မှာ ...၊

မှောင်မိုက်နေသည့် အပြင်ကို တစ်ချက်ကြည့်လိုက်ပြီး မီးအိမ်ကို
ယူ၍ အပြင်မြင်ရအောင် တံခါးဝအလယ်တည့်တည့်မှာ ချိတ်ထား
လိုက်သည်။

ဒီနေရာမှာ ဘယ်သူမှမရှိကြတာ မျက်လုံးကစားမိပေမယ့် ဒေါ်လှ
မိမှာလည်း သူမ ဒီလောက်ကြီးတော့ မကြောက်ခဲ့ပေ ...။ မကြောက်
တာမျိုးလည်း မဟုတ်ဘဲ ကြောက်သည့်စိတ်ကိုက အစပျိုးမလာ
တာဖြစ်သည်။

ထမီကို ထပ်တိုအောင် ခါးမှာ ကျပ်ကျပ်ပြင်ဝတ်၍ ပခုံးထောက်
ဆံပင်လေးကို နားနောက်မှာ ထိုးသိပ်ညှပ်လိုက်ပြီး ကျောက်ပြား
မှာ ငုတ်တုတ်လေးထိုင်လိုက်၏။

ပြန့်ကျဲနေသည့် အိုးတွေကို ကြီးစဉ်ငယ်လိုက် ထပ်တင်ကာ ဇလုံ

www.burmeseclassic.com

www.burmeseclassic.com



တွေမားတွေကို တစ်ဖက်မှာ စုထပ်ပုံလိုက်သည်။ ပြီးမှ တစ်ခုချင်းပြန် ပြီး ဘေးက ခုံပြားလေးပေါ်မှာတင်သည်။

ရေထခပ်လိုက် ပြန်ထိုင်ပြီး ဆေးလိုက်နှင့် တစ်ခုပေါ်တစ်ခု ရင်း အောက်ခံခုံပြားလေးပေါ်မှာ ဒန်အိုးတွေက ခပ်လှုပ်လှုပ်ဖြစ်လာ နောက်ထပ် ဆေးလိုက်သည့် ဒန်အိုးကြီးတစ်လုံးကို ထပ်တင်ဖို့မရ သဖြင့် ကိုင်ထားလျက်နှင့်ဘယ်မှာ ချရမှန်းမသိ ..၊

"ပေး .."

သူမနောက်မှာ တစ်ယောက်လာရပ်ပြီး ဒန်အိုးကို ဆွဲယူလိုက်လျ

"အတော်ပဲ မပေါက်စ ရယ် .. အဲဒါလေး နောက်က တန်း ပေါ်မှာပဲ တင်ထားလိုက်ပါ .."

လှည့်တော့ကြည့်လိုက်ပေမယ့် ဝတ်ထားသည့် ခရမ်းရင့်ရောင် အဖြူနှားပါသည့် ထမိနားစကိုပဲ မျက်လုံးကရောက်ပြီး ရှေ့ပြန်လှည့်မိ

ထိုအချိန်မှာ သက်ထား ကလည်း မီးဖိုချောင်ထဲကို တစ်ယော ယောက်ဝင်သွားမှာ စိုးရိမ်နေကာ ..၊

"ဝိုင်း နဲ့ မိညို ဟိုမှာ မပေါက်စ တဝဲဝဲနဲ့ မီးဖိုချောင်ထဲဝင် ရင် ဒုက္ခပါပဲ .."

ကပ်ပြောလိုက်သဖြင့် ဝိုင်း တို့က မပေါက်စ ကို လှမ်းကြည့်သ ပါးစပ်က ကွမ်းဝါးနေသလား၊ အားလုံးအတွက် ဧည့်ခံထားသည့် ကြော ပွင့်သုတ်တွေ စားနေတာလား ..၊

ပါးစပ်တလှုပ်လှုပ်နှင့် မီးဖိုချောင်ရှေ့မှာ ထမီပြင်ဝတ်နေ၏။ က ခရမ်းရင့်ရောင်ပေါ်မှာ အဖြူအညိုကြန့်လန့်စင်း ဒူးနားနှင့် ထ ဝတ်ထားသဖြင့် မှောင်ထဲမှာ ရပ်နေလည်း ထင်းနေသည်။

ထို့ပြင် ဆံပင်ကောက်ကောက်အုံ့ထူထူမှာ မျက်နှာက အသာ ပြည့်ပြည့်ပြားပြားဖြစ်၏။ ကိုယ်လုံးကလည်း တုတ်တုတ်ခိုင်ခိုင်မို့ အ လုပ်ကြိုးပြီဆို သူမကိုပဲ နေရာတကာမှာ အားကိုးရ၏။



တစ်ခါတလေကျတော့ သူမက ဟိုကြည့်ဒီကြည့် မတ်တပ်ထနေ ဦးစီးခေါင်းဆောင်လိုလို ဘာလိုလို ..၊

"အဲဒီမိန်းမ သိပ်စပ်စုတာ၊ မီးဖိုချောင်ထဲဝင်ပြီး မိငယ် ကို ငါခိုင်း တာ သိသွားရင် .."

"ဟုတ်တယ် .. လူမတတ်ပေမယ့် လက်ဖက်ထုပ်တော့ တတ်တယ် ဆိုတာလိုပဲ မိငယ် က သူ့ကို ဘယ်လိုဆက်ဆံနေပေ့စေ၊ ဘာမှန်းညာမှန်း ဘာမှမသိဘူး၊ ခေါင်းထဲလည်း ထည့်တာမဟုတ်ဘူး၊ ဒီမိန်းမ တို့ထောင် ပေးလိုက်မှ တိုင်ရတောရမယ်မှန်းသိသွားမှာ၊ သူကြီးသိရင် နင့်ကို ဆူမှာပဲ.."

နောက်ထပ် ပြဿနာတက်တဲ့ အသံမကြားချင်ဘူးလို့ သူကြီးက မှာထားခဲ့သည်။ ပြီးတော့ ငယ့် ကို ဒေါ်လှ က လိုက်ချောင်းနေသဖြင့် အားလုံးကို ပြောထားတာရှိသေးသည်။

"မယ်လှ ငယ်ငယ့်ကို လာခေါ်တာတွေ့ရင် ငါ့ကိုပြောကြနော်၊ ငါ့အနားမှာ မရှိရင်လည်း ပါမသွားစေနဲ့၊ မယ်လှ လုပ်ပုံတွေက မဟုတ် သေးဘူး၊ ကောင်မလေးကြားထဲက ဒုက္ခရောက်သွားလိမ့်မယ် .." တဲ့..။

တစ်ရွာလုံးက လူကြီးတွေကလည်း ငယ့် ကိုပဲ ဘာဖြစ်လို့သနား ကြင်နာနေကြမှန်း မသိပါ။

"ဒီကောင်မလေး စိတ်ကောင်းလေးတော့ ရှိတယ်နော်၊ ဘယ်သူ့ ဖြစ်ဖြစ် စာနာစိတ်နဲ့ ကြည့်တတ်တယ်၊ မယ်လှ သူ့သမီးကို ဈွလန်းနေ ရှာတယ်ဆိုပြီး သူ့ကို ဘယ်ခေါ်ခေါ် ပါသွားတာပဲ၊ မယ်လှ ကို သူ တကယ် သနားနေတာဖြစ်မယ် .."

"ကြောက်လည်း မကြောက်တတ်ဘူးဗျ .. လူသေထားပါတယ်၊ ခြောက် ပါတယ်ဆိုတဲ့ အိမ်မှာ သေတဲ့လူရဲ့ အမေနဲ့ နှစ်ယောက်တည်းသွားနေ တာ ကြည့် .."

"သတိလစ်သွားတာကလည်း လူသေကောင်က ပြူးပြီမှတော့ မိန်းကလေးပဲ မကြောက်ဘဲနေမလား .." တဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ချီးမွမ်းတဲ့လူနဲ့ စာနာပေးတဲ့လူနဲ့ မိငယ် တို့က အဲဒီလိုနေတတ်တဲ့ မိန်းမ ...။

"ဟွန့် .."

ကိုယ့်စိတ်ထဲမှာ ပေါ်လာတာတွေကြောင့် သက်ထား တစ်ယောက်တည်း နှုတ်ခမ်းမဲ့သွား၏။ သူမ ဘာတွေးလိုက်သလဲဆိုတာ ဝိုင်း တို့က လည်းသိကာ၊ ထိုစက်ကွင်း သူတို့ဆီရောက်မလာခင် ကမန်းကတန်း ထလိုက်ကြကာ ...၊

"နင်တို့ မြန်မြန်သွားကြ .. အဲ့ဒီမိန်းမ မိငယ် ဆီရောက်သွားရင် ပြဿနာက မသေးဘူး .."

သက်ထား ထပ်ပြီးမီးထိုးပေးလိုက်သဖြင့် ဝိုင်း တို့ ခြေလှမ်းတွေ ပိုသွက်သွားသည်။

"မပေါက်စ ဒီမှာ ဘာလုပ်နေတာလဲ .."

"ဟင်!..."

ဝိုင်း တို့ သူ့ရှေ့ရောက်လာတာကို မပေါက်စ က အံ့သြသွားပုံရှိကာ နှစ်ယောက်စလုံးကို သေချာကြည့်နေပြီး ...၊

"အတော်ပဲ .. ငါ မီးဖိုချောင်ထဲ ဝင်မလို့၊ တစ်ယောက်တည်း မဝင်ရဲလို့ ဘယ်သူ့ခေါ်သွားရမလဲ ကြည့်နေတာ .."

"ဘာလုပ်ဖို့လဲ .."

"အိုးတွေ ဆေးမလို့လား .."

"မဆေးပါဘူး .. အိုးတွေက ဘုန်းကြီးကျောင်းကအိုးတွေနဲ့ပဲ ချက်မှာ၊ ဒီမှာ ကိုင်တွယ်ထားတဲ့ အိုးတွေကိုလည်း ကိုသာလှ တို့ ဆေးမှာပဲ၊ ငါက .. ထန်းလျက်ခဲနဲ့ ပဲကြီးလှော် သွားနှိုက်ချင်လို့၊ အဟဲ .. သိတယ်မို့လား .."

မပေါက်စ က သူမ ကွမ်းစားထားသည့်ပါးစပ်ကို ဖွင့်ပြပြီး ရယ်ကာ...

"ကွမ်းတပျစ်ပျစ်နဲ့ မနေရဲတော့ ပါးစပ်က အားနေတယ်လေ၊ တစ်ခုခု



စား ဝါးနေရမှ ဖြစ်မှာ .."

ပါးစပ်ထဲမှာ တစ်ခုခုစားနေတာကလည်း ကုန်နေပုံပေါ်ကာ သူမ မီးဖိုချောင်ထဲ ဝင်ရှာဖို့ စိတ်ကူးနေတာဖြစ်နိုင်၏။

"ဒါဆို .. ကျွန်မတို့ ယူခဲ့ပေးမယ် .. လိုက်မနေနဲ့တော့ .."

"ဟင် .. နင်တို့လည်း ဝင်မွှေကြမှာလား .."

"မမွှေပါဘူး .. ကျွန်မတို့က သက်ထား ခိုင်းတာရှိလို့ပါ၊ မပေါက်စ အတွက် ထန်းလျက်ခဲနဲ့ ပဲကြီးလှော် .. ဒါပဲနော် .."

မပေါက်စ ကပ်လိုက်မလာနိုင်အောင် နှစ်ယောက် အလျင်စလိုဝင်ခဲ့တာ အထဲရောက်မှ နောက်ပြန်လှည့်ကြည့်ရ၏။

"ပါတော့ မလာတော့ဘူး .. ဘယ်မှာလဲ ပဲကြီးလှော် နဲ့ ထန်းလျက်ခဲ တွေက .."

"မှောင်မည်းနေတာပဲ .. သူ ကိုင်ထားတဲ့ ဓာတ်မီးလည်း ယူမလာခဲ့ရဘူး .."

မိညို က ထန်းလျက်ခဲ ရှာဖို့သာ အာရုံများနေပေမယ့် ဝိုင်း ကတော့ မိငယ် ဘယ်လိုလုပ်နေသလဲဆိုတာပဲ သိချင်စိတ်ဖြစ်နေခဲ့၏။

"မိညို .. ဖြည်းဖြည်းစမ်းရှာနော် .. ပန်းကန်တွေလဲ ပြိုကျနိုင်လို့ သူများတွေ ဝင်လာဦးမယ်၊ ငါ မိငယ် ကို သွားချောင်းလိုက်မယ် ...၊ ပြီးရင် အဲဒီက မုန့်အိမ်ပါ ဖြုတ်ယူခဲ့မယ် .."

"အေး .. ဟုတ်သားပဲ၊ မိငယ် နောက်ဖေးမှာ တစ်ယောက်တည်း ရှိနေနော် .. သတ္တိကလည်း ကောင်းလိုက်တာ၊ မီးထွန်းထားပေမယ့် ငါဆို နေရဲပါဘူး၊ မစံပယ် က နေရာတကာ ဝင်ထွက်သွားလာနေတာ .."

"ဘယ်ကြောက်မလဲ လူတကာ ခိုင်းလွန်းလို့ အထုံအကျဉ်စွဲပြီး နာရကြောက်ရမှာတွေ ဘာမှမှ မသိတော့တာ .."

ဝိုင်း က ရင့်ရင့်သီးသီးပြောပြီး နောက်ဖေးတံခါးနားတစ်ဖက်က ချောင်ကို လည်ပင်းရှည်ကြည့်၏။ မီးဖိုချောင်နဲ့ နောက်ဖေးသွက်သည့်

www.burmeseclassic.com

www.burmeseclassic.com



တံခါးက အလယ်မှာ ဗီရိုမြင့်ကြီးတစ်လုံးနဲ့ အိုးခွက်ပန်းကန်စင်ကြီး ကွယ်နေကာ မီးရောင်က အထဲကိုမရောက်ပေ ...။

"ဒီမှာ မှောင်နေတာ ဘာမှမှ လုပ်မရဘဲဟ .. ငါပါလိုက်မယ်.."

ဝိုင်း က ရှေ့ကသွားလျှင် မိညို ကလည်း ထန်းလျက်ခဲ ရှာရေး အစီအစဉ်ကိုထားခဲ့ပြီး နောက်ကလိုက်၏။ သို့သော် ...

"ရော့ .. မပေါက်စ ဒီအိုးလေးကို ခုနလင်ဗန်းပေါ် ထပ်ထားလိုက်နော် .."

ငယ့် စကားသံကိုသေချာကြားလိုက်ရကာ ဝိုင်း နဲ့ မိညို တို့ခံနေ ရပ်သွားကြသည်။ မှန်အိမ်ထွန်းထားသည့်နား ရောက်နေပြီမို့ ဝိုင်း က မိညို ကို ပြန်လှည့်ကြည့်ပြီး မေးဆတ်ပြ၏။

မိညို က သူမလည်း ဘာမှန်းမသိသဖြင့် ခေါင်းခါပြလိုက်သည်။ မပေါက်စ က ဘယ်မှာမို့လို့လဲ ...။

"ရပါပြီ မပေါက်စ ပြီးရင် သွားတော့လေ .. ငယ့် ဘာသာလုပ်လို့ ရပါတယ် .."

ဝိုင်း တံခါးဝကနေ ချောင်းကြည့်ဖို့ကို ရှေ့ကို ခြေတစ်လှမ်းမှ မတိုးဖြစ်ဘဲ မျက်လုံးတွေကတော့ ယောက်ယက်ခတ်နေ၏။ မိညို ကလည်း ရှေ့တက်မလာဘဲ ဝိုင်း ရဲ့ နောက်ကနေ မျက်လုံးဝိုင်းနေသည်။

အိုးတိုက်နေသည့် အသံကလည်း နှစ်သံထွက်နေသဖြင့် သိချင်စိတ်က ပြင်းပြကာ ဝိုင်း တို့ ခေါင်းနှစ်လုံး တံခါးကြားကနေ ပြူးတစ်ထွက်လာပြီး ချောင်းမိကြ၏။

ဟင်!...။

အယ်!...။

သူမတို့ အသံတိတ်မျက်လုံးတွေ ပြူးထွက်သွား၏။ ငယ် က ဒီဘက်ကို ကျောခိုင်းနေပြီး ငယ့် နောက်မှာ ဆံပင်ဖားလျားကြီးနှင့် ငုတ်တုတ်ထိုင်ပြီး အိုးတိုက်နေတာ မစံပယ် ...။



သူမတို့ ကြောင်ငေးကြည့်နေတုန်း မစံပယ် မျက်နှာကြီး ဒီဘက်ကို ဆတ်ခနဲလှည့်ကြည့်၏။ သို့သော် ...။

ကျောခိုင်းထားသည့် ကျောပြင်ကြီးက မပါဘဲ မျက်နှာချည်းပဲ လည်ထွက်လာတာမို့ ...။

"အစ် ..."

"အမလေး .."

ဝိုင်း နဲ့ မိညို စူးစူးဝါးဝါးတောင် မအော်လိုက်နိုင်ကြဘဲ ညင်သာစွာ မေ့မျောခြင်းသို့ရောက်လျက် ထိုနေရာမှာထင် ပုံလျက်သား...။

အပြင်ကလည်း ဘယ်သူမှ မသိ၊ ငယ် ကလည်း မသိ ...။

မြေပြင်ပေါ်မှာ ကြာမြင့်စွာ တိတ်တိတ်ဆိတ်ဆိတ် ထပ်ပုံလဲနေရင်း...။

"ဟဲ့ .. ဟဲ့ .. ဒါ ဘယ်လိုဖြစ်ကြတာတုံး .."

"အောင်မလေး .. ကွေးကပ်နေလိုက်ကြတာ မြေကြီးပေါ်မှာဟယ်.. အိပ်ချင်ရင် ပြန်ကြပါလား .. ဒီမှာ လာနီးအိပ်ရတယ်လို့ .."

"ဟား .. ဟား .. ဟား .. ဘာမှမဟုတ်ဘူး၊ ပြီးမှ ပြန်တာလိုလို့နဲ့ ရောဖြီးချင်လို့ .. အဲ့ဒါ .."

"မဟုတ်ဘူး မိငယ် ကို ဝိုင်းကူပေးနေတာလို့ ဖြီးမှာ .."

အားလုံး ဝိုင်းရယ်နေကြသည့်အလယ်မှာ သတိရလာကြပြီး ဝိုင်း နဲ့ မိညို ဘာမှလည်း မဖြေရှင်းနိုင် ...။

ငယ် က သူမတို့ရှေ့မှာ စိုးရိမ်သည့်မျက်နှာလေးနှင့် ...။

"နင်တို့ အဲဒီမှာ တကယ် လာအိပ်နေကြတာလားဟင် ..."

ဝိုင်း ဘာမှမဖြေဘဲ ပါးစပ်ပိတ်နေခဲ့၏။

ဆိုးလိုက်တဲ့ အဖြစ် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဘာ ..."

ထိုသတင်းက မနက်ပိုင်း ဘုန်းကြီးကျောင်းမှာ သိမ်းဆင်းလောင်း နေကြကာမှ ဦးသောင်း နားထဲ အရင်ရောက်သွားကာ ..၊

"တစ်ညလုံး ဘာသံမှ မကြားလိုက်ဘဲနဲ့ .."

ဦးသောင်း က တရုတ်ကြီး ပြောတာကို မယုံချင်၊ တရုတ်ကြီး က ခင်ဆုံ နဲ့ ဝိုင်း တို့ အတူတူအလုပ်လုပ်နေကြသည့်နေရာကို မေးဆတ်ပြကာ ..၊

"ခင်ဆုံ ကို ဝိုင်း နဲ့ မိညို ပြောပြနေတာ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားတာပါ ကိုကြီးသောင်း ရာ၊ အဖြစ်သနစ်ကတော့ သက်ထား က စတာပဲ .."

"ဟော ..."

"ဟုတ်တယ် .. မိငယ် က ခုထိ သိတောင်မသိဘူး၊ ညက မပေါက်စ သူ့ကို ဝိုင်းကူတယ်ပဲထင်နေတာတဲ့၊ ဒီမနက် မပေါက်စ က မလာနိုင်တော့ ငယ် က ဘယ်လိုလုပ်သိမလဲ ..၊ အပျိုကြီးသရဲကလည်း မိငယ် ကိုတော့ ကြောက်အောင် မခြောက်ဘဲ သွားတောင်အလုပ်ကူလိုက်သေးတယ် အံ့ရောပဲ .."

"အဲဒါ ကူတာမဟုတ်ဘူးကွ .. ခြောက်လို့ ခြောက်နေမှန်းတောင်



မသိတဲ့လူကို ဘယ်လိုပြူးပြဲပြနေနေ ဟိုကသိမှာမှမဟုတ်တာ၊ ဘာလုပ်လုပ် ကြောက်စိတ်ဝင်နေရင်တော့ သစ်ကိုင်းခြောက်ကတောင် လမ်းထလျှောက်ပါတယ်ဆို .."

ဦးသောင်း က ငယ် ရှိရာကိုကြည့်ပြီး သက်ပြင်းချလိုက်၏။

"ဒီကောင်မလေးကိုမှ ဘာဖြစ်လို့ တုပြိုင်ချင်နေကြတာလဲ၊ ခက်တော့တာပဲ .. ဘာမှမရှိတဲ့လူကို ရှိနေတဲ့လူက .."

"ဘာမှမရှိတဲ့လူ မဟုတ်ဘူး ကိုကြီးသောင်း ရ .. ငယ်ငယ့် ကို ဘုန်းရိပ် နဲ့ ရင်းနှီးနေတာကို မနာလိုတာ၊ ဘုန်းရိပ် ကလည်း ငယ့် ကို သူ့ညီမလိုပဲ စောင့်ရှောက်တယ်လေ ..၊ သက်ထား ဆိုတဲ့ ကောင်မလေးကိုက ပုတ်ပုတ်စပ်စပ်လေးပါ .."

"မင်းက သူများအတင်းလည်း ပြောတတ်တာပဲလား တရုတ်ကြီး.."

"မဟုတ်ပါဘူး ကိုကြီးသောင်း ကလည်း ကိုကြီးသောင်း လိုလူက ကျွန်တော့်လို လူမှမရှိရင် ဘာသတင်းကို သိရမှာလဲ၊ ဟဲ .. ဟဲ .. စေတနာနဲ့ပါ .."

သူမတို့အဖြစ်ကို လူကြီးတွေသိကုန်ကြပြီဆိုတာ သက်ထား က သတိမထားမိပေ ..။ ဝိုင်း တို့ကို ပါးစပ်လုံလှပြီထင်နေလျှက် ဦးသောင်း တို့ ဂရုစိုက်ကြည့်နေကြတာကိုလည်း ဂရုမစိုက်ဘဲ ..၊

"မိငယ် .."

ငယ် က သိမ်ဆင်းလောင်းပြီး ပိုနေသည့်ဆပ်ပြာခဲတွေကို ဒေါ်မြရှင် ဆီ ပြန်ပေးဖို့ အာရုံများနေသဖြင့် ရုတ်တရက်မကြား ..၊

"ရှင်ငယ် .."

"ရှင် .."

ဒီရွာမှာ သူမ နာမည်ကို အစအဆုံးခေါ်တတ်ပြီး တစ်ခါမှလည်း နူးနူးညံ့ညံ့မရှိတတ်သော သက်ထား အသံကို ငယ် က အထူးမှတ်မိနေကာ ပျာပျာသလဲလှည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်နေတာလဲ .."

"ဟို ..."

"နင် ဒီလောက်တောင် ဟိုအိမ်ဒီအိမ်ပြေးလွှားဆေးကြောနေရတဲ့ လက်တွေနဲ့ သိမ်ဆင်းလောင်းတဲ့ပွဲမှာ ဝင်ပါလိုက်သေးတယ် ဟုတ်လား.."

ငယ် က သခွားရောင် ကီမိုနိုထမီအဖြူပွင့်လေးနှင့် ရှန်သားသခွား ရောင်လေးကို ဝတ်ထားကာ ဆံပင်တိုတိုလေးတွေကို နှစ်ဖက်ခွဲပြီး ကျစ်ဆံမြီး ကျစ်ထား၏။

ထို့ပြင် ကျစ်ဆံမြီးလေးတွေကို ပြန်ထုံးထားတာ နားအပေါ်တစ် ဖက်တစ်ချက်မှာ လောက်စာလုံးလေးတွေကပ်ထားသည့်အတိုင်း ...၊

ဒီပုံစံလောက်ဆိုရင်ပဲ သူမ တော်တော်လေး ပြင်ဆင်ထားတာမှန်း သိသာနေပါပြီ။

ပြီးတော့ ပါးပြင်ထက်မှာ လေးထောင့်စပ်စပ်ပါးကွက်ကျားလေး နှစ်ဖက်က ဖြူဥနေသည့် မျက်နှာပေါ်မှာ ဝါရိပ်ရိပ်လေးထင်နေ၏။

"နင်က ဘာကြည့်နေတာလဲ .. ဒါတွေ ငါပြောနေရမယ့်အစား နင် ကိုယ့်နေရာကို နားလည်ရမှာ .."

ကိုယ်ကပဲ စေ့စေ့စပ်စပ်ကြည့်နေခဲ့ပြီး သက်ထား က ဦးအောင် ပြောသည်။ ငယ် က ဘာမှပြန်မပြောတဲ့ သူမကိုသာ ငေးကြည့်နေ၏။

အမှန်ပြောရလျှင် ငယ့် မျက်ဝန်းလေးတွေက တည့်တည့်ဆုံကြည့် မိလိုက်တာနှင့် သူမကိုပြစ်တင်မောင်းမဲလိုစိတ်တွေ ပျက်ပြားကုန်ရတဲ့ အထိ ဖြူဖြူစင်စင်ကြည်ကြည်လင်လင်လေးဖြစ်သည်။

ဝိုင်း တို့အုပ်စုတွေတောင် သူမကို နှိမ့်ချပြောဆိုနေကြပေမယ့် တကယ်တမ်း နစ်နစ်နာနာ ချောက်တွန်းပစ်လိုက်တာမျိုး ဘယ်အခါမှ မလုပ်ခဲ့ဖူးကြပေ ...။

ဒါပေမယ့် သက်ထား အတွက်ကတော့ သူမ ဖြူစင်နေတာကိုက မာယာတစ်မျိုးလို့ ခံစားနေမိတာဖြစ်၏။ ဘုန်းရိပ် နဲ့ နီးနီးနေတာကို



...ခန့်တိုမိတာလား၊ ရွာထဲကလူတွေ သူမကိုဆို အမြဲတမ်းအကောင်းမြင် ...ပြင်နာနေကြတာကို မခံချင်စိတ်ဖြစ်မိတာလား ...၊

ဘာမှန်းမသိပေမယ့် သူမရဲ့ ကောင်းသတင်းအဖြာဖြာအပေါ်မှာ ...နှန်းရိပ် တို့သားအမိ အမှတ်ပြည့်ပေးနေမှာကို မလိုလားခြင်းသာဖြစ် ...သည်။

"အဲ့ဒါတွေ ထားခဲ့ပြီး .. အခု အိမ်ကိုပြန်တော့ .. သွား .."

"ခု .. ခု ပြန်ရမှာလားဟင် ..."

"ဟုတ်တယ် .. ခု ပြန်ခိုင်းနေတာ၊ အိမ်မှာ ဘယ်သူမှမရှိဘူး၊ ...န်းကြီးကျောင်းကို လှယ်ယူခဲ့တဲ့ဟင်းအိုးတွေ ဆေးထား .."

ငယ် ခေါင်းလေးညိတ်၍ ကိုင်ထားသည့် ဆပ်ပြာတုံးတွေနဲ့အိတ် ...ို အားမှာရှိသည့် စားပွဲပေါ်မှာပဲ သွားချထားလိုက်၏။

"ဟဲ့ .. နေဦး .."

"ဟုတ် .."

"တစ်ယောက်ယောက်မေးရင် အလုပ်တွေမပြီးသေးလို့ ခဏပြန် ...ယ်လို့ပြောသွား .."

"ဟုတ် .."

"ကျောင်းကို လုံးဝပြန်မလာခဲ့နဲ့တော့ .. ဘယ်သူခေါ်ခေါ် ဘာ ...ကြောင်းရှိရှိနော် .. နားလည်လား .."

"ဟုတ်ကဲ့ .."

ငယ် ခေါင်းလေးငုံ့ပြီး ထွက်လာခဲ့သည်။ သူမ ဒီအလှူရေစက်ချ ...ရေးပွဲမှာ နာကြားခွင့်မရှိတော့သည့်အဖြစ်က သေချာသွားကာ ကျောင်း ...ပြင်ရောက်လာကာမှ ငိုချင်သလိုလို ...၊

မမသက်ထား သူမကို ဘာဖြစ်လို့ စိတ်တိုနေရတာလဲ၊ သူကြီးအိမ် ...မှာ သူမ ညအိပ်ညနေထိ အလုပ်တွေလုပ်ပေးခဲ့ဖူးပါသည်။ အလှူပွဲတွေ ...လည်း ခရာခဏပင် ...။

www.burmeseclassic.com

www.burmeseclassic.com



ခုကျမှ စိတ်တိုနေတာကို တုံ့နှေးစွာ သျှောက်ရင်း စဉ်းစားလာ သည်။ ဘုန်းကြီးကျောင်းက ဖျော့စည်တီး၍ ခြိမ့်ခြိမ့်သဲအလှူသံကို နှ တသရင်း ခြေလှမ်းတွေက ပိုနှေးလာ၏။

အလှူသီချင်းသံနဲ့ ဝေးလာလေ ကိုယ်က လူတွေနဲ့ မသက်ဆိုင် သော အခြားတစ်ဖက်ကို ရောက်နေသလို ခံစားလာရလေ ...။

"ကြီးကြီးရယ် .. မမသက်ထား ဆို .. အလှူပွဲတွေမှာ ကွမ်းတောင် ကိုင်ပန်းတောင်ကိုင်ပဲနော် .. ဟိုဘက်ရွာကတောင်လာခေါ်ကြရတယ် မမသက်ထား က တော်တော်လှတာကိုး .."

"လှတာတစ်ခုတည်းနဲ့လည်း ပန်းတောင်ကိုင်လို့မရဘူးအေ့ - ကိုယ့်ရပ်ရွာရဲ့ ကျက်သရေဆောင်အလုပဂေးဆိုတာ မိစုံဖစုံရှိရတယ် ပညာတတ်ရတယ်၊ သူများထက်လည်း ချောရတယ်၊ ညည်းကများ အဲဒီလို ဖြစ်ဖို့ အိပ်မက်မက်နေတာလား၊ ရှိတာလေးနဲ့ လှအောင်ဝတ်ပြီး အေးအေး တော်သလိုနေစမ်းပါအေ .. မမီမကမ်း လှမ်းမှန်းမနေနဲ့ .." တဲ့ ...။

ကြီးကြီးကတော့ ဘယ်စကားကိုမှ နားဝင်ချိုအောင် မပြောခဲ့တဲ့ သူပါ။ တကယ်တော့ သူမ စိတ်ကူးယဉ်နေခဲ့တာ မဟုတ်ပေ ...။ မ သက်ထား ရဲ့ ပြည့်စုံမှုတွေကိုတွေ့တိုင်း ကိုယ့်ထက်အရာရာ ကံကောင်း တဲ့သူအဖြစ် အထင်ကြီးအားကျခြင်းသာဖြစ်၏။

သူငယ်ချင်းချင်းတောင်မှ သူမ သည်းခံနားလည်နိုင်ခဲ့တာမို့ သူကြီး သမီးလည်းဖြစ်သော သက်ထား အပေါ်မှာ စိတ်ကွက်ငြိုငြင်စရာလည်း အကြောင်းမရှိပါ။

ဒါပေမယ့် တရားနာခွင့်မရတော့သည့်အဖြစ်ကြောင့် ငိုချင်စိတ် ဖြစ်လာခဲ့ခြင်းကို တားဆီးမရပေ ...။ ပခုံးတစ်ဖက်မှာ အနီရောင်တဘက် ကျားလေးတင်ထားသဖြင့် တဘက်အဖျားလေးကို လက်နှစ်ဖက်နဲ့ ဖိဆုပ် ထားရင်း ခြေလှမ်းတိုင်းမှာ မျက်ရည်က ပြိုချင်လာသည်။

တစစဝေးကွာကျန်ခဲ့သော အလှူသီချင်းသံက လူကိုငိုချင်းချိုး



ည့်နှယ် ...၊

'ဒါတွေ ငါပြောနေရမယ့်အစား နင် ကိုယ့်နေရာကို နားလည်ရမှာ...'

'ဟိုအိမ်ဒီအိမ်ပြေးလွှားဆေးကြောနေရတဲ့ လက်တွေနဲ့ သိမ်းဆင်း င်းတဲ့ပွဲမှာ ဝင်ပါလိုက်တယ်ဟုတ်လား ..'

'မိစုံဖစုံရှိရတယ်၊ ပညာတတ်ရတယ်၊ သူများထက်လှရတယ်..'

'နင် ကိုယ့်နေရာကို နားလည်ရမှာ ..'

နားမလည်တတ်လွန်းသည့် ကိုယ့်အဖြစ်ကို ရှက်ရမှန်းသိလာတော့ မောင်းထုတ်လို့ ထွက်ခဲ့ရသည့်အဖြစ်ကိုရောက်ခဲ့ပြီးမှ ...၊

"ဒုတ် .."

"အား .. သေပါပြီ .."

လမ်းဘေးက သစ်မြစ်ဆုံတစ်ခုကို ခလုတ်တိုက်မိပြီး အသည်းခိုက် င်နာသွား၏။ ဒဏ်ရာကိုငုံ့ကြည့်လိုက်မိစဉ် ပခုံးပေါ်က တဘက် င်လေးအပုံလိုက် သျှောကျသွား၏။

တဘက်ကို ကောက်ဖို့လည်းသတိမရ၊ ရှေ့ဆက်လည်း မသွားနိုင် ဘဲ မြစ်ဆုံပေါ်မှာပဲ ထိုင်လိုက်ကာ ခြေထောက်ကို ငုံ့ကြည့်မိသည်။ သတိလက်လွတ်သျှောက်နေပြီး ဘယ်လောက်တောင် ပစ်စလက် အရှိန်ပါသွားသည်မသိ ...။ ခြေမခြေသည်းလန်သွားကာ သွေးတွေ င်းရဲတက်လာ၏။

"အား .. သေပါပြီ နာလိုက်တာ .."

စိတ်က ထိခိုက်မလွယ်တာမို့ နာကျင်သွားတိုင်းတော့ မျက်ရည် တ်ပေ ...။ ဒါပေမယ့် ဒီနေ့တော့ တရားနာခွင့်မရခဲ့လို့ ဝမ်းနည်း ဒဏ်ရာကို ငုံ့ကြည့်မိပြီး မျက်ရည်တွေ ချက်ချင်းဝေ့တက်လာခဲ့၏။ နေရာတကာ ငါပဲ အမှားမှားအယွင်းယွင်းဖြစ်နေခဲ့တာပါလား...၊ ကိုယ့်အဖြစ်ကို ကွင်းကွင်းကွက်ကွက် မြင်သွားသလို ပို၍ဝမ်းနည်း သည်။ နားစွင့်ကြည့်လိုက်တော့ တရားပွဲစတော့မည့် မျှောသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရ၏။

"မြန်မြန်လာပါဟဲ့ .. တရားနာတော့မယ့်ဗျောတီးနေပြီ .."

"လာပါပြီ အမေရယ် .. အမေ ဆွဲနေတာနဲ့ တရားပွဲမှာ ကမ်းမင်း ဆေးလိပ်တွေ ပြေကုန်တော့မှာပဲ .."

တရားပွဲအမီ ကသုတ်ကရိုက်သွားလာနေကြသည့်လူတွေကို မြင်လျှင် ဒဏ်ရာကို ထမီအနားစလေးနဲ့ ကွယ်ထားလိုက်မိ၏။

"မိငယ် .. ဒီမှာ ဘာထိုင်လုပ်နေတာလဲ .."

"အေးလေ .. တရားမနာဘူးလား .. ချက်ဟယ်ပြုတ်ဟယ်နဲ့ တစ် ညလုံး တောက်လျှောက်အပင်ပန်းခံလာပြီးတော့ .."

"ဟင် .. ဟုတ် .. သွား ..."

သွားမယ် မသွားဘူးမှာ မုသားပါသွားမှာကြောင့် စကားတွေ ထစ်နေ နေတုန်း ဟိုသားအမိက ထွက်သွားကြပြီဖြစ်၏။ ထိုစဉ် သူမရှေ့တည့် တည့်ကနေ တန်းတန်းမတ်မတ်လာနေသည့် စက်ဘီးတစ်စီးက အောက်မှာ ရပ်တန့်သွား၏။

ဒဏ်ရာကိုငုံ့ကြည့်နေမိစဉ် မျက်ဝန်းထောင့်မှာ ဘီးနှစ်ဘီးစလုံး ပေါ်လာကာမှ ငယ် မော့ကြည့်မိလျှင် ..၊

"တူးတူး .."

"နင် ဘာထိုင်လုပ်နေတာလဲ .."

"ငါ!..."

တူးတူး က စက်ဘီးပေါ်ကနေ ခြေထောက်ရပ်နေရာကနေ ဆင်း လိုက်ပြီး ဒေါက်ထောက်၏။ ချည်ချောပုဆိုးအပြာရောင်ကွက်စိပ်နှင့် အတွင်းက ရှပ်အင်္ကျီအဖြူအပြာစင်းပေါ်မှာ တိုက်ပုံအဖြူကိုထပ်ဝတ် ထားသည်။

ကတ္တီပါ ညှပ်ဖိနပ်နှင့် ရှင်းသန့်နေသော ခြေထောက်အစုံက လိုက် ဖက်နေကာ ..၊



"နင်က ခုလိုကျတော့ ယောကျ်ားကြီးတစ်ယောက်လိုပဲနော် .."

"ဘာ ..."

"ဟိုတုန်းကဆို ဘောင်းဘီတိုပေပေရေရေလေးနဲ့ ပါးပေါ်မှာ ပါး ချိတ်ဝိုင်းဝိုင်းပိစိလေးနှစ်ဖက်နဲ့လေ .."

"လုပ်ပြီ မိငယ် ရာ .. ဟိုတုန်းက ဘယ်အရွယ်လဲ၊ အခု အသက် ဘယ်လောက်ကြီးသွားပြီလဲ .."

"ဘာဖြစ်ဖြစ်လေ .."

"ဟုတ်တယ် .. နင်ကတော့ သိပ်မပြောင်းလဲသလိုပဲ၊ ခပ်ညှောင် ညှောင် သေးညှပ်ညှပ်၊ ဖြူဖြူဖတ်ဖတ်လေးရယ်၊ တိုနံ့နံ့ပဲလူမွှေးပလူ ဆောင် ဆံပင်တွေရယ် .."

တူးတူး ပြောသမျှ ငယ် က ငုံ့ကြည့်လိုက်၊ ပါးကိုင်လိုက် ဆံပင် ကိုင်လိုက်နှင့် ..၊

"ဟုတ်လား .. ငါက ဘာမှကြီးမလာဘူးလားဟင် .."

"ဟား .. ဟား .. ဟား .."

"တူးတူး .. ငါ တော်တော်သေးလို့လား .."

"အရူးမ .."

တူးတူး က မတ်တတ်ကနေ ငယ့် ခေါင်းကို ဖက်ခနဲလှမ်းပုတ်ကာ..၊

"ဘာတွေ လျှောက်မေးနေတာလဲ .."

"မဟုတ်ဘူးလေ .. ငါက လူစင်မမီလောက်အောင် .."

"အဲ့လို ဘယ်သူပြောတာလဲ .."

"လူစင်မမီဘူးလို့တော့ မပြောကြပေမယ့် မပြောရက်ကြတာနေ မှာပေါ့ .."

"လျှောက်တွေးနေပြန်ပြီ .. နင်လည်း တခြားသူငယ်ချင်းတွေလို ပါပဲ .. နည်းနည်းပိန်တာကတော့ .."

"ဘာဖြစ်လို့လဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"မဝလို့ပေါ့ .. ဟား .. ဟား .. ဟား .."

တူးတူး က စတွေ့တည်းက ရင်းနှီးမှုတွေနဲ့ နွေးထွေးခဲ့တာဖြစ်ကာ ခုဆို ဟိုကလေးဘဝတုန်းကအတိုင်း ..၊

"ဘာထိုင်လုပ်နေတာလဲ .. ငါမေးတာနှစ်ခါရှိပြီ .."

"ငါ .. ငါ ဘုန်းကြီးကျောင်းက ပြန်လာတာ .."

"ပြန်လာတာ .."

"အင်း .."

"ခုမှ တရားနာမှာမို့လား .."

ငယ် က သက်ထား ပြောတာကို သတိရကာ ..၊

"ဘယ်သူပဲလှူလှူ ပိုင်းလုပ်ကိုင်ပေးရင်း တရားနာခဲ့ရတာပဲဟာ ငါ အိမ်မှာ သိမ်းစရာရှိတာ သွားသိမ်းထားချင်လို့ .."

"အိမ်မှာ ဟုတ်လား .. အိမ်မှာဘယ်သူရှိလို့လဲ .."

"နင်ကလည်း အမေးအမြန်းထူလိုက်တာ တူးတူး ရယ် .. တရားနာ အမီ သွားမှာမို့လား .. သွားတော့လေ .."

"ဘယ်သူက တရားနာချင်တယ်ပြောလို့လဲ .. ငါက သေရင် အဝီစိရောက်မယ့်ကောင်ထင်တယ် တရားပွဲဆို ထိုင်ရမှာ သိပ်ပျင်းတာ .."

ပြောပြီး သူမဘေးမှာ ဝင်ထိုင်လိုက်သဖြင့် ငယ် က ဘေးကိုထပ်ရွှေ့ပေးသည်။ သို့သော် ခြေထောက်ကို အားပြုလိုက်ရသဖြင့် မျက်နှာလေး မဲ့ခနဲဖြစ်သွားပြီ ..၊

"အ ..."

"ဟင် .. ဘာဖြစ်သွားတာလဲ .."

ငယ် ကမန်းကတန်း ပြန်မော့ပြီး ခေါင်းခါပေမယ့် ..၊



## အခန်း (၂၉)

"ငယ် ရေ .. ငယ်ငယ် .."

ပန်းကန်တွေ ဆေးနေကြတဲ့ နေရာမှာတော့ ငယ် ရှိမှာပဲလို့ ထွက်လာ ဒေါ်မြရှင် နဲ့ စန်းရီ တို့ ကျောင်း၏ ဘေးလှေကားကနေ အတူတူ ဆင်းလာခဲ့ကြသည်။

ပန်းကန်ဆေးနေသည့်နေရာမှာ ကျောင်းသားနှစ်ယောက်နှင့် ရွာသား တစ်ချို့ရှိနေကြပေမယ့် ငယ့် ကို မတွေ့ ..၊

"ဟဲ့ .. ခွေးညို တို့ အေးချစ် တို့ ဒီမှာ ငယ် မရှိဘူးလား .."

"ဟင့်အင်း .. သိမ်ဆင်းပြန်လာတည်းက ပျောက်နေတာ .."

"ဟော ..."

ဒေါ်မြရှင် အံ့သြသွားကာ အပေါ်ပြန်တက်ဖို့လုပ်ပြီးမှ ပြန်လှည့်ကြည့်၍ ..၊

"နင်တို့ တရားနာဖို့ တက်ခဲ့ကြလေ .. ဟိုဘက်က ရွာသူကြီး ကတော်မယား မလာသေးလို့ စောင့်နေတာ မြန်မြန်လုပ်ကြ .."

"ဟုတ်ကဲ့ ကြီးကြီး .. လာမှာ .."

ဒေါ်မြရှင် ပြန်လှည့်တက်ခဲ့ရင်း လျှောကျသွားသည့် ပဝါ ကို ပခုံးပေါ်ပြန်ဆွဲတင်ကာ ..၊

"သြော် .. ဒီကောင်မလေး ဘယ်ပျောက်သွားပါလိမ့်၊ ရဟန်းခံ တရားနာကို ရှေ့ဆုံးက ထိုင်မယ်လို့ချည်းပြောနေတာ .."

"ပိုင်း တို့ မိညို တို့လည်း မတွေ့ဘူးဆိုတော့ သူတို့ဆော့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြသလား ...၊ ဒါမှမဟုတ် တစ်ခုခုအလုပ်မပြီးသေးလို့လားပဲ ..."

စန်းရီ က တစ်ခုခုဆိုတာတွေးမိပေမယ့် တခြားဖြစ်နိုင်တာကို ကွေ့ရှောင်ပြောလိုက်၏။ ငယ် ကိုဆို ပြဿနာတစ်ခုခုရှာဖို့ အမြဲအဆင်သင့်ရှိနေတတ်တာ သက်ထား နဲ့ ဝိုင်းတို့ အဖွဲ့ပဲဖြစ်သည်။

ဒီလိုအချိန်ကျမှ မိငယ် အကြောင်းမရှိဘဲ တစ်နေရာရာ သွားနေတာ မဖြစ်နိုင် ...၊

"အလှူပြီးနေပြီကွယ် .. ပန်းကန်ဆေးဖို့အပြင် ဘာရှိတော့လို့လဲ တရားနာမယ့် ပရိသတ်ထဲမှာလည်း ငါ သေချာကြည့်ခဲ့ပါတယ်၊ မိငယ် လုံးဝမရှိဘူး .."

"အရီးရယ် .. သူ့ဟာသူ နောက်မှာပဲ .."

"အို .. သူတစ်နေရာမှာ ဝင်ထိုင်မှာပဲဆိုပြီး ထားလိုက်လို့ မဖြစ်ဘူး၊ ဒီကောင်မလေးက သူ့စိတ်ဆန္ဒအတိုင်း ဘာမှလုပ်ရဲတာမဟုတ်ဘူး ဘယ်သူလက်တို့ခေါ်ခေါ် ဘာခိုင်းခိုင်းထလိုက်သွားမှာ .."

ဘယ်သူဘာခိုင်းခိုင်းဆိုပေမယ့် သက်ထား နဲ့ ဝိုင်း တို့ပဲ မဆုံရင် ကာ စနောက်အနိုင်ကျင့်တတ်ကြတာကို ဒေါ်မြရှင် လည်းသိနေသည်သာ။

နာမည်တပ်မပြောတာက သက်ထား က သူကြီးသမီးဖြစ်နေသော ကြောင့် ပြီးတော့ ကိုယ့်သားနဲ့ ရည်ရွယ်ထားသည့် ချွေးမလောင်း ..

"စန်းရီ .."

"ရှင် .."

"နင် ကျောင်းဝင်းထဲ သွားဆင်းရှာစမ်း၊ ငါ့ကို မကျေနပ် သေချာ အပ်လိုက်တာဟဲ့ .. ဒီမိန်းမက သူ့တူမကို သူ့ဘာသာထုထုရိုက်ရိုက် သူများအနိုင်ကျင့်တယ်ဆိုရင် ထမီအလံလွှင့်လာမှာ .."

ဒေါ်မြရှင် က ပဝါကို ပခုံးဘယ်ညာပေါ် သေချာဆွဲတင်ခြုံလိုက်ရင်း အပေါ်စီးကနေ ကျောင်းဝင်းထဲကို လိုက်ကြည့်ပြီးပြောနေ၏။ စန်းရီ က ခေါင်းညိတ်လိုက်ပြီးမှ ...၊

"အရီးတို့က ငယ့် ကိုဘယ်သူအနိုင်ကျင့်မယ်ထင်လို့လဲဟင် .."

"တစ်ရွာလုံးပဲအေ .. အဆန်းလုပ်ပြီး မေးနေပြန်ပြီ .. ကဲ .. ထ



မမြန်သွားရှာ .. နင်ပါ ပြန်မလာဘဲ မနေနဲ့ဦး .."

"ဟုတ်ကဲ့ပါ .. အရီး တရားပွဲထဲပြန်သွားထိုင်နေပါ၊ ကျွန်မ ရှာလာခဲ့ပါ့မယ် .."

လှည့်ထွက်လာရင်း စန်းရီ မျက်နှာ ပြုံးယောင်သမ်းလာခဲ့၏။ ပြီးတော့ ခေါင်းခါမိသည်။ သက်ထား ငယ့် အပေါ်မှာကြိတ်ပြီး မနာလို ဖြစ်နေတာ အရီးမြ ကိုယ်တိုင်က ငယ့် ကို သမီးရင်းလေးလို စောင့်ရှောက်နေတာကြောင့်လည်း ပါလေသည်။

ဒေါ်မြရှင် ဆိုတာ တစ်ရွာလုံးမှာ ချမ်းသာဆုံးဖြစ်သည့်ပြင် ရွာနီးချုပ်စပ်က လယ်ယာသမားတွေထိ စပါးပေး သီးနှံပေးကြွေးတွေ ဖြန့်ထားနိုင်သူမို့ ဒီနားကရွာတွေမှာလည်း ဒေါ်မြရှင် သာ ချမ်းသာဆုံးလို့ ပြောလို့ရသေးသည်။

ဒါပေမယ့် မာန်မာနထောင်လွှားခြင်းမရှိဘဲ ရပ်ရေးရွာရေး သာရေး နာရေးဘာပဲဖြစ်ဖြစ် လူအားရော ငွေအားပါ ပါဝင်ကူညီဖို့ လက်မတွန့်ခဲ့ပေ။

လူကြီးတန်းဆို သူမကိုယ်တိုင်၊ လူငယ်ကာလသားတွေနဲ့ အဆင်ပြေမှာမျိုးဆိုလည်း သားဖြစ်သူကို ကူညီစေခဲ့သူ ...၊

ထို့ကြောင့် သဘောကောင်းသူစာရင်းမှာ ထိပ်ဆုံးက ပါဝင်နေခဲ့သည့် ဒေါ်မြရှင် ၏ အတွင်းစိတ်ကို ဘယ်လိုမှ ခန့်မှန်းဖို့ မလွယ်ပေ။

ဒေါ်မြရှင် ငယ့် ကို ဘယ်လိုသဘောနဲ့ အခွင့်အရေးပေးနေတာလဲ၊ ဘယ်လိုသံယောဇဉ်မျိုးလဲဆိုတာ ...၊

"အရီး .. ဘာရှာနေတာလဲ .. လည်ပင်းကြီးတလိမ်လိမ်နဲ့ .."

တရုတ်ကြီးက ယောက်ျားတွေနေရာယူနေကြသည့် ရှေ့ဆုံးဘောင်းကနေ ဒေါ်မြရှင် ကို လှမ်းမေး၏။

တရားမနာသေးပေမယ့် လူတွေတော်တော်စုံနေကြပြီဖြစ်ကာ အလှူ့အိမ်ရှင်သူကြီးဇနီးမောင်နှံနဲ့ ဒေါ်မြရှင် တို့ အမျိုးသမီးကြီးတွေကတော့ နေရာယူပြီးပါပြီ ...။

တခြားသူတွေက ဘုန်းကြီးတရားပွဲအတွက် ဖွယ်ဖွယ်ရာရာပြင်ဆင်နေကြတုန်းမှာ ဒေါ်မြရှင် က သားနဲ့ ငယ့် ကို လှည့်ပတ်ရှာနေသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တရုတ်ကြီးက ပြောချင်လွန်းလို့ လျှာယားနေလျက် ...၊

"ဘုန်းရိုပ် ကိုလား .. မိငယ် လား .."

"နှစ်ယောက်စလုံးပဲကွယ် .. ကိုဘုန်း ကိုလည်း တရားနာအ

လာခိုင်းထားတယ်၊ ငယ် ကလည်း တရားနာချင်တယ်လို့ပဲပြောနေပြီးတော့

လူငယ်သဘာဝ လွတ်လပ်ချင်တာကို အပျက်သဘောမပါရင်ပြ

တာပဲဆိုတဲ့ နားလည်မှုနဲ့ ဒေါ်မြရှင် သားဖြစ်သူကို အလိုလိုက်ပေးခဲ့သည

ဒါပေမယ့် ဘာသာရေးကိုလည်း မလစ်ဟင်းစေချင်ပေ၊ လူငယ်တွေ

စည်းလွတ်ခြင်းကို ဘာသာရေးနဲ့ ထိန်းချုပ်ထားနိုင်တာမျိုးဖြစ်စေချင်၏

"ဘုန်းရိုပ် တော့ မသိဘူး အရီး .. မမီရင်တောင် တရားနာမ

ဘဲတော့ နေရဲမှာမဟုတ်ပါဘူး၊ ငယ် ကတော့ မလာမှာသေချာတယ်

"ဟင် .. ဘယ်လို .."

တရုတ်ကြီးက ဒေါ်မြရှင် ဘက်ကို ပိုနီးအောင် သေချာရွှေ့ထိုင

လိုက်ကာ ...၊

"သက်ထား မောင်းထုတ်လိုက်တာ ကျွန်တော် မြင်တယ် .."

"ဘာ!..."

"ပြောနေတာတော့ မကြားဘူး၊ ဒါပေမယ့် တစ်ခုခုလို့ထင

သေချာကြည့်နေခဲ့တာ၊ ငယ် ပြန်သွားတဲ့အထိမြင်တယ် .."

ဒေါ်မြရှင် တအံ့တဩဖြစ်သွားသည်။

"ပြန်လွှတ်တာ မဟုတ်လောက်ပါဘူးဟယ် .. တစ်ခုခုလိုတာရှိ

များ ပြန်ယူခိုင်းတာလား .."

တရုတ်ကြီးက ဦးသောင်း တွေ့သွားမှာစိုးသဖြင့် ခေါင်းထော

ကြည့်သည်။ ပြီးတော့ ခေါင်းကုတ်လိုက်ပြီး ...၊

"အဲ့ဒါတော့ မသိတော့ဘူး အရီးရာ .. ကျောင်းနဲ့အိမ်နဲ့က နီးန

လေးမှ မဟုတ်တာ၊ စက်ဘီးရှိတဲ့ သံချောင်း တို့ ငထွား တို့ရှိနေတာ

ဘာလို့ မခိုင်းသလဲ .."

ဒေါ်မြရှင် တွေးရခက်သွား၏။ တရုတ်ကြီးက သူ့နေရာသူ ကု

ချောင်းချောင်းနှင့် သွားပြန်ထိုင်နေလျက် ဒေါ်မြရှင် မျက်လုံးတွေ သက်ထ



ဆီ ရောက်သွားမိသည်။

သူကြီးနဲ့ ဒေါ်သန်းသန်း က တခြား၊ သက်ထား က တစ်နေရာ ဖြစ်ကာ ဘာကိုစိတ်လှုပ်ရှားနေမှန်းမသိဘဲ ဟိုလှည့်ကြည့် ဒီလှည့်ကြည့် နှင့် မျက်လုံးတွေကလည်း ဂနာမငြိမ် ...၊

ကြည့်နေတုန်း သူမက ပရိသတ်အပြင်ကို ခေါင်းလေးငုံ့ခါးညွတ်ပြီး ထွက်လာ၏။ ဒေါ်လှ ကလည်း ဟိုရှာဒီရှာနှင့် သူမရှေ့ကို ရောက်သွားကာ...၊

"သက်ထား .. ငယ် ရော .."

"တွေ့ချင်ရင် သွားရှာပေါ့ ဒေါ်လေးရယ် .. သက် က သူ့ကိုစောင့် ကြည့်နေတာမှ မဟုတ်ဘဲ .."

"ဩော်အေ .. စောင့်ကြည့်နေသေးလားလို့ ငါမေးတာမဟုတ်ပါ ဘူး၊ ဒါက သူကြီးဦးဆောင်တဲ့ အလှူဆိုတော့ သူ့ကို ညည်းတို့နိုင်းနေ ကြမှာပဲ ထင်လို့ပါ .."

"သူ့ကို လူတိုင်းခိုင်းနေတာပဲ .. သက် တို့အလှူဖြစ်တာနဲ့ပဲ သူ သွားလေရာ သိနေရမယ်လို့ .."

"အမလေး .. အပေါက်ကလည်း ဆိုးလိုက်တာ ရုပ်လေးသနားကမားနဲ့.."

"ဟွန်း .. တောက် .."

သက်ထား က ခပ်ကြိတ်ကြိတ်တောက်ခေါက်ပြီး ချာခနဲလှည့် သွား၏။ အလှမ်းကွာပေမယ့် ဒေါ်မြရှင် က သူတို့ပါးစပ်တွေလှုပ်နေတာ ကို သေချာကြည့်နေတာမို့ ပြောနေသမျှကိုလည်း သိနေခဲ့၏။

ထို့ကြောင့် ကိုယ်တိုင်မေးကြည့်မလို့ နေရာမှ ထလိုက်လာခဲ့သည်။

'အပေါက်ဆိုးလိုက်တာ' လို့ ဒေါ်လှ ပြောတာရိုင်းပေမယ့် သမီး စိတ်နဲ့ ရှုံသွပ်မတတ်ဖြစ်နေသည့် မအေလောက်အရှုယ်ကြီးကို ပြန်ပြောသွား သည့် လေသံမျက်နှာထားအရ သက်ထား မယဉ်ကျေးတာက ထင်ရှားနေ၏။

ဒီကောင်မလေး အစက ဒီလိုမဟုတ်ဘူးထင်ခဲ့တာပါ၊ ဒါပေမယ့် တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်နေတုန်းမို့ ပြောမှားဆိုမှားဖြစ်သွားတာလား .."

"လူတွေရှေ့မှာမို့လို့တကယ် .. ပြီးတော့ အလှူအတန်းလုပ်နေလို့ မဟုတ်ရင် အဲဒီမိန်းမကြီးကို ငါ ဒီ့ထက်ပြောပစ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြရှင် အဝင်ဝတံခါးကနေ အပြင်ဘက် တစ်ဆစ်ချိုးကွေ့ဖို့ ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။ ဒီအကွယ်တစ်ဖက်မှာ သက်ထား ရှိနေမှန်းသိလိုက်ကာ ...၊

"သူ့ကိုယ်သူ သမီး သေထားတယ်ဆိုပြီး သူကြီးမှန်းမသိ၊ ကူညီရမှန်းမသိ၊ အသုဘရက်တုန်းက အကုန်လုံးကို သိမ်းကျုံးစော်ကားတာ သိလား .. ငါ့အဖေကို သူ့ ခိုင်းဖတ်လိုပြောတာဆိုတာ ခံပြင်းဆုံးပဲ ...၊ အခု သူ့သမီး မသာပြီးသွားပြီ .. ဒီပုံစံလာဆက်ဆံလို့ကတော့ နောက်ဆိုတွေ့မယ်.."

"ကဲပါ သက်ထား ရယ် .. အပြင်မှာ ကိုဘုန်း တို့ ရောက်လာကြပြီ .. အရိုးမြှ မသိခင် ပြန်လစ်ထွက်ဦးမယ်လို့တောင် ပြောနေကြတယ်၊ နင် သူနဲ့ အတူတူထိုင်ပြီး တရားနာချင်တယ်ဆို .."

"တော်ပါဟာ .. အဲဒီမိန်းမကြီး မိငယ် ကို ပတ်ရှာနေတာနဲ့ ဝါ လုပ်ထားတာ လူသိတော့မှာ .. သမီးသေမှပဲ မိငယ် ကို သူ့သမီးမှတ်နေလားမသိဘူး .. အရှုံးက အရှုံးပါ .."

"ဟယ် .. မိငယ် ကို နင် တကယ်ပြန်လွှတ်လိုက်တာလား .."

"ဟုတ်တယ် .. ဟိုလူက ငယ်၊ ဒီလူက ငယ် နဲ့ နားကြားပြင်းကပ်လို့ .."

ဖြစ်ရလေတယ် ...၊

ဒေါ်မြရှင် တရားနာပရိသတ်ဘက်ကို လေးကန်စွာ လှည့်လာရင်း မျက်နှာမှာ စိတ်ပျက်ပူလောင်ခြင်းတွေ ဖြစ်ပေါ်နေကာ ...၊

ဒါ ဘာဆိုင်လို့လဲ ...၊

ဒီကောင်မလေးအပေါ်မှာ မနာလိုဝန်တိုစရာ ဘာရှိလို့လဲ၊ လူ့စိတ် သဘော တယ်ပြောရခက်ပါလား ...၊

မိန်းကလေးတွေကို လူငယ်သဘာဝဆိုပြီး နားလည်ပေးလိုက်ရမလား၊ ဒါက မဖြစ်သင့်ဘူးဆိုပြီးတော့ပဲ ဆုံးမစကားတွေပြောပြလိုက်ရမှာလား ...၊

ငယ့် ကို မြင်ယောင်ကာ စိတ်မကောင်းခြင်းက ဘယ်လိုဖော်ပြရမှန်းတောင် မသိ ...၊



အခန်း (၃၀)

"မိငယ် ခြေထောက်က ဘာဖြစ်တာလဲ .."

စက်ဘီးပေါ်ကနေ သမင်လည်ပြန်ကြည့်ရင်း ရေရွတ်ကာ လမ်းကြားအကွေ့ကျကာမှ ထပ်လှည့်ကြည့်ပြန်၏။ နောက်ကထိုင်လိုက်လာခဲ့သည့် သက်ထား စိတ်တိုသွားမိကာ ...၊

"ခြေထောက် ဘာမှဖြစ်တာမဟုတ်ဘူး။ အလှူအကြောင်းပြပြီး ချိန်းတွေ့နေကြတာဖြစ်မှာပေါ့၊ မြန်မြန်နင်းစမ်းပါ ကိုတုန်း ရယ်၊ ဆရာတော် ကျိန်းနေတာနဲ့ တိုးမှာစိုးလို့ပါ၊ သောက်ဆေးက သေချာလျှောက်ခဲ့မှဖြစ်မှာ .."

တရားပွဲတုန်းက ဆရာတော် နေမကောင်းတာသိရသဖြင့် သူကြီးကတော်က ဆရာတော့်အတွက် လိမ်းဆေးနဲ့ နှပ်ဆေးတွေပို့ခိုင်းလိုက်တာဖြစ်သည်။

ဘုန်းရိပ် သူကြီးဆီ လာတုန်း ကြုံကြိုက်ကာ သူ့စက်ဘီးနဲ့ ကျောင်းကို ထွက်လာခဲ့တာဖြစ်သည်။

သို့သော် နှစ်ယောက်တွဲစက်ဘီးစီးခွင့်ရတုန်း ကြည်နူးနေခဲ့တာတွေလည်း ကြက်ပျောက်ငှက်ပျောက် ...၊

"ဒီကောင်မလေး အလှူတုန်းကလည်း မတွေ့ဘူး .."

"အလှူနေ့ကလည်း အဲဒီကောင်နဲ့ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ..."

"တူးတူး လေ .. ဦးကြည်စိုး သား .."

"တူးတူး နဲ့ ဘယ်သွားနေလို့လဲ .."

"ခုတော့ ဘယ်သိမလဲ .."

"မဟုတ်ဘူးလေ .. မနေ့က .."

"အဲဒါလည်း မသိဘူး၊ ဒေါ်ကြီးစုစု တို့အိမ်ရှေ့က သစ်မြစ်တုံးကြီးပေါ်မှာ အတူတူထိုင်နေကြတာတဲ့ .."

ဘုန်းရိပ် စက်ဘီးကို ဘုန်းကြီးကျောင်းဝင်းထဲ ကွေ့ဝင်ခဲ့ရင်း ငယ်နဲ့ တူးတူး တို့ စက်ဘီးတွန်း၍ အတူတွဲသွားနေကြပုံကို မြင်ယောင်နေ၏။

ဘယ်လိုစိတ်နဲ့မှ မဟုတ်ပေမယ့် အံ့သြနေတာကြောင့် သူတို့ပုံရိပ်တွေက ထင်နေတာဖြစ်၏။ ဒီကောင်နဲ့ ငယ်သူငယ်ချင်းတွေဆိုပေမယ့် အတူတူကြီးပြင်းခဲ့ကြတာမှ မဟုတ်ဘဲ ..။

ပြောရရင် ကလေးဘဝခဏမှာပဲ သူတို့တွေ ရွာက ထွက်သွားခဲ့ကြတာဖြစ်သည်။ ပြန်လာကြတယ်ဆိုတော့လည်း တောင်ပိုင်းမှာပဲနေလိုက်ကြတာ ဒီဘက်ကို တစ်ချက်လေးမှ ကူးလာလည်ခဲ့တာမဟုတ်..။

ခုမှ ပြန်တွေ့ကြတာကို ငယ် ဒီလောက်ထိ ရင်းနှီးသွားတာ မဖြစ်နိုင်ဘူးထင်သည်။ ထို့ပြင် ရွာလယ်လမ်းမှာ ခုလိုမျိုး တွဲလျှောက်နေဖို့က ပိုပြီးတော့မဖြစ်နိုင် ..။

"ကိုဘုန်း လာလေ .. ဟိုမှာ ဆရာတော် စကြံန်လျှောက်နေတယ်.."

ကျောင်းရဲ့ လှေကားရင်းမှာ သက်ထား ဆင်းလိုက်တာနှင့် သူစက်ဘီးကို နောက်ပြန်လှည့်ကာ ..။

"ငါ မလိုက်တော့ဘူး .. နင့်ကို ခဏကြာရင် လာပြန်ခေါ်မယ်လေ.."

သက်ထား မျက်မှောင်ကုတ်နှင့် စိုက်ကြည့်ကာ ..။

"ဘာလဲ .. ငယ့်ဆီပြန်သွားမလို့လား၊ ငါ ပြောတာမယုံဘူးထင်တယ်.."

"မဟုတ်ပါဘူး .. သူတို့ဘာသာ ဘယ်လိုပတ်သက်ပတ်သက်



ခြေထောက်တစ်ဖက်ထော့နေတာကို သိချင်လို့ .."

သက်ထား တစ်ယောက်တည်းကျန်ခဲ့လျက် လာရင်းကိစ္စကိုတောင် မေ့သွားခဲ့၏။

"ဒကာမ သက်ထား လာပေါ့ .. ကျောင်းကိုလာတာလား .."

"ဟင် .. ဟုတ် .. အဲ့ .. တင်ပါ့ဘုရား .."

စကားတွေတင်မဟုတ် ခြေလှမ်းတွေလည်း မှားကာ အုတ်လှေကားထစ်တွေပေါ် လှမ်းတက်ပြီးသား ခြေထောက်ကို ပြန်ရုတ်မိလို ရုတ်မိ..။

အပေါ်တက်မှာလိုလို .. ပြန်ထွက်တော့မှာလိုလို ..။

ဘုန်းရိပ် နဲ့ ရှင်ငယ်လေး ဆိုတဲ့ အသံကြားလိုက်ရတိုင်း သူများတွေလို ရည်းစားဟာသတစ်ခုအဖြစ် ပြီးမြောက်သွားခဲ့သည်မရှိခဲ့သော ရင်ထဲမှာ ..။

သင်းက ဒီအချိန်ကျမှ ခြေထောက်ထော့ကျိုးနဲ့ ရွာလယ်လမ်းပေါ်ထိ ဘာထွက်လုပ်နေတာလဲ ..။

ခြေလှမ်းတိုင်းက ဒေါသစိတ်တွေနှင့်သာ ..။

"နင် ခြေလှမ်းနေပုံက လဲကျတော့မလိုပဲ ငယ် ရာ .. ငါနဲ့အတူမစီးချင်ရင် နင့်ကိုပဲ တင်တွန်းသွားပါ့မယ်၊ ရွာထိပ်က ဆေးဆရာအိမ်ကို လိုက်ပို့တာ ဘာမသင့်တော်စရာရှိလို့လဲ .. ပြီးတော့ ငါက .."

"နင့်ကို တစ်ချို့လူတွေက သိပ်တောင်မသိတော့ဘူး၊ မသိကြရင် လူစိမ်းပဲဟ .. အလိုလိုကမှ ငါ ဘာလုပ်လုပ် မှားချည်းပဲ မှားနေတာ.."

"ဟုတ်ပါပြီ .. အခုက ခြေထောက်မှာ ဒဏ်ရာရှိလို့လေဟာ .."

"ရပါတယ်ဟာ .. ငါ စက်ဘီးကို အားပြုထားတာပဲ ဖြစ်ပါတယ်.."

တစ်ကိုယ်လုံး ပူခြစ်နေပြီဆိုတာ ဖန်စပ်ကျိန်းရှနေသည့် မျက်ခွံတွေထဲက သတိပေးနေကြသည်။ မနေ့က ဒဏ်ရာဖြစ်လာတာကို ခလုတ်တိုက်မိတယ်ပဲ ပြောခဲ့ပြီး ဘာမှမဟုတ်သလိုနေခဲ့မိ၏။

တစ်နေကုန် အညှော်တွေမိကာ သွားလာမပျက်အောင်နေခဲ့သမျှ သန်းခေါင်ကျော်တည်းက ကိုက်ခဲနာကျင်လာတာဖြစ်သည်။ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်တော့ လန်ထွက်နေသည့် ခြေသည်းတစ်ဝက်က လန်လျက်အတိုင်း သွေးတွေခဲနေသည်။

သွေးထဲမှာ ဖုန်းတွေသဲတွေနှင့် နီရဲယောင်ကိုင်းနေကာ ခြေမတစ်ချောင်းတည်းက တင်းပုတ်ကြီးလိုဖြစ်နေ၏။ သောက်စရာဆေးဝါးလည်းမရှိ၊ ကိုယ့်ဒဏ်ရာကိုလည်း မကိုင်ရဲဘဲရှိကာ သူမ မိုးလင်းတဲ့အထိ လူးလိမ့်ခံခဲ့ရ၏။

"ကြီးကြီးက နှင့်ကို မကြင်နာဘူးနော် .. ဟိုတုန်းကအတိုင်းပဲ.."

စကားပြန်စလာတော့ တူးတူး က ဘာကိုတွေးမိသွားသည်မသိ..။

"နေမကောင်းလို့ ဆေးလေးသွားဝယ်ချင်တယ်ဆိုတာတောင်မှ.."

"ဖင်နာခေါင်းနာဖြစ်တိုင်း ဆေးလေးပြေးဝယ်သောက်ရအောင် ကိုယ့်ကိုယ်ကိုယ် သူဌေးသမီးထင်မနေနဲ့ မယ်မင်းကြီးမ .. ကြည့်လုပ်.."

ဆိုပြီး ပိုက်ဆံသုံးရာကို ဆောင့်အောင့်ပစ်ပေါက်ပေးခဲ့သည်။ တူးတူးစကားကိုကြားလိုက်တာနှင့် ဆုပ်ကိုင်ထားသည့် ပိုက်ဆံလိပ်လေးကိုပို၍ ဖိဆုပ်မိကာ ကြီးကြီး ပြောတာတွေကိုလည်း တွေးမိ၏။

ရွယ်တူယောကျ်ားလေးတစ်ယောက်ရှေ့မှာ အပြောခံရတာကို ရှက်မိပေမယ့် ..၊

"ကြီးကြီးလည်း နေမကောင်းဘူးဟ .. မနက်တည်းက မူးတယ်ပြောနေတာ၊ ငါ့အနာကိုလည်း သူ့ကိုမပြထားဘူးလေ၊ ဒီလောက် ဖြစ်နေမှန်းမသိလို့ပြောတာပါ .."

"လုပ်မနေပါနဲ့ဟာ .. နင် ဘယ်လောက်ဖြစ်နေတာ ငါတောင်မြင်တာနဲ့ သိတယ်၊ အခု နင့်နဖူးကို စမ်းကြည့်ရမလား .."

"ဟင် ..."

"နင် အဖျားဝင်နေတာ နင့်မျက်နှာတွေနီနေတာမြင်တာနဲ့ သိသာတယ် .."

"မဟုတ်ပါဘူး .. နည်းနည်းပါးပါးပါ .."



"သိသာတာကိုပြောတာပါ .. နင့်နဖူးကို ငါမစမ်းပါဘူး .."

ဆေးဆရာအိမ်ကို ရောက်ကြတော့ ဒဏ်ရာကိုကြည့်ပြီး ဆရာကြီးဦးမြဘူး က မျက်လုံးကြီးပြူးသွားလျက် ..၊

"ဟ .. ဒီလောက်ဖြစ်နေတဲ့အထိ နေရလား .. အပ်နဲ့ထွင်းရမှာကို ပေါက်ဆိန်နဲ့ပေါက်ရအောင် .. ငါ့နယ်နော် .."

ဆေးကုခန်းတော့ မဟုတ်ပေမယ့် ဆေးပုလင်းဗွေ၊ ဆေးမြစ်တွေစုံနေအောင် ရှိနေသော ခေါင်းရင်းဘက်ခြမ်းလေးမှာပဲ ဦးမြဘူး က ဆေးကုပေးတာဖြစ်သည်။ ထို့ကြောင့် လက်ထဲက စိပ်ပုတီးကို ခေါင်းတနေ စွပ်ချလိုက်ရင်း ထသွားကာ ..၊

"လာကြ .. ဒီဘက်ကို .."

"ဟုတ် .."

ငယ် က ဆေးခန်းလေးဘက်ကို မသွားသေးဘဲ သူမကို တွဲထားသည့် တူးတူး ရဲ့ လက်ကိုလွှတ်၍ ..၊

"ငါရပါပြီ .. နင် .."

"ငါ ဘယ်မှမသွားတော့ဘူး .. နင့်ကို ပြန်ပို့ပြီးရင် ပြန်မယ် .."

တူးတူ က ရွှဲဖြေသည်။ ပြီးတော့ ငယ့် လက်ကို ပြန်ကိုင်ထား၍..၊

"ဘာမှ အရေးမကြီးပါဘူးဆိုမှ .. ပြန်ပဲခိုင်းနေတယ်၊ ထိုင် .. ဒီမှာ .."

"အင်း .. အား .."

ငယ် နားလည်သွားကာ စိတ်ကိုလျှော့ထားလိုက်မိသည်။ တူးတူးနဲ့ သွားပြန်နေတာ ကြီးကြီး ကြိုက်ပါ့မလား၊ ရွာထဲကလူတွေ လှမ်းကြည့်ကြတာ ဘယ်လိုထင်ကုန်ပြီလဲ ..၊

ဝေဒနာက တစ်ဖက် စိုးရိမ်စိတ်တွေက တစ်ဖက်နှင့် ..၊

"အား .. နာတယ် .. နာတယ် .. မလုပ်ပါနဲ့ .."

ဦးမြဘူး က ခြေမကို သေချာထိကိုင်ကြည့်ပြီး ပြန်ပြောကာ ..၊

"မကိုင်လို့ မရဘူး ရှင်ငယ် .. သမီးအနာက အပိတ်ပြီး ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ပေးတော့မှာ .. အနာဝပြန်ဖွင့်ပြီး ဆေးလိမ်းရမယ်၊ ဆေးသောက်ရမယ်.. အဲ့ဒါကိုလည်း ခုပဲ ဘဘ လုပ်ပေးမှဖြစ်မှာ .."

"ဟင် ..."

"လုပ်ပါ ဘဘရယ် .. ဟုတ်တယ် .. သူဟာသူဆိုအနာခံမှာမဟုတ်ဘူး.."

"မဟုတ်ဘူး .. အိမ်ကျမှ ငယ့် ဘာသာလုပ်ပါ့မယ်၊ တကယ်လုပ်မှာပါ ဘဘရယ် .. ဟိုလေ .. ငယ် .. ငယ့်မှာ ပိုက်ဆံလည်း သုံးရာတည်းပါတာ၊ သောက်ဆေးလေးဖြစ်ဖြစ် လိမ်းဆေးလေးပဲဖြစ်ဖြစ် .."

"ဘဘက ပိုက်ဆံပါမှ ကုပေးတဲ့ ဆေးဆရာမဟုတ်ပါဘူး သမီးရယ် .. အသက်ကယ်ရင်း ဝမ်းစာရှာနေတာပါ၊ ဒီ ဆေးဝါးတွေက မြို့မှာလို ဘယ်ကုမ္ပဏီကမှ သွားဝယ်ထားတာလည်း မဟုတ်ဘူး၊ ဘဘ စိတ်ရင်းစေတနာနဲ့ တောထဲကိုယ်တိုင်ဝင်ပြီး ရှာထားတဲ့ နွယ်မြက်သစ်ပင်တွေ၊ ဆေးဖိုးမရလည်း ဘဘ ထမင်းမငတ်ပါဘူး .."

ဦးမြဘူး က သူ့အလုပ်သူလုပ်နေရင်း နူးညံ့စွာရှင်းပြနေ၏။ ဖန်ဆေးရမယ်ဆိုပြီး ရေနွေးထည့်လာသည်။ လက်တစ်ဝါးစာတောင် မရှိတတ်သော သောက်ဆေးတွေ အစုံအလင်နေရာချပြီးမှ ..၊

"ဘဘ .. အပ်တွေ ဓားတွေ မကိုင်ဘူး၊ ရေနွေးလေးနဲ့ အနာဝ ပွင့်အောင် ဆေးချပေးမယ် .."

"ဘဘ .. ငယ် အကြာကြီးနေလို့မရလို့ပါ၊ ကြီးကြီးကို ခဏပဲလို့ ပြောခဲ့လို့ပါ .. ဟို နာရင်နာပါစေတော့ မြန်မြန်လုပ်ပေးပါနော်.."

ဦးမြဘူး မျက်ဝန်းမှာ ကရုဏာရိပ်တို့ ယှက်သမ်းသွားသည်။ ရှင်ငယ်လေး ရဲ့ ဘဝအကြောင်းကို ရွာထဲမှာ မသိတဲ့လူမရှိကြပေ ..။ သနားပေမယ့် မကူညီနိုင်ကြတာက ကြီးကြီးဆိုသူက သူမရဲ့ အြီးတော်အရင်းခေါက်ခေါက်ဖြစ်နေခြင်းပင် ..။

"အေး .. အေး .. ဘဘကို လူလေးက ဒီဆေးမြစ်လေး သွေးပေးထား.."

"ဟုတ်ကဲ့ .. ဘဘ .."



တူးတူး က ရှပ်အင်္ကျီလက်ဝတွေ သေချာခေါက်တင်ကာ စေတနာ ...သန်စွာ ဆေးသွေးပေးပါသည်။ သို့သော် ..၊

"ကိုတူး .."

ခြံဝကနေ ခေါ်သံက စူးစူးဝါးဝါး ..၊

သူတို့လှမ်းကြည့်လိုက်တော့ ရွာထဲက ကုန်စုံဆိုင်ကြီးက အပျိုကြီး ...ရင် နဲ့ သူ့တူမ ခင်နန်း ..၊

ဒေါ်စံရင် က အသက်ငါးဆယ်နီးပါးရှိနေပြီဖြစ်ကာ တူ တူမတွေ ...အုပ်စီးရင်း မာနကလည်းကြီးသည်။ ဒီရွာသားတွေနဲ့ ရောင်းဝယ် ...ပေမယ့် ဘယ်သူ့ကိုမှ တရင်းတနှီး ပေါင်းခဲ့တာမရှိပေ ..။

ဤသို့ ဖြစ်ရခြင်းအကြောင်းက သူမတို့ တစ်မျိုးလုံးသည် မြို့မှာ ...င်းတက်ပြီး မြို့မှာပဲ အနေများခဲ့ကြသော ပညာတတ်တွေချည်း ...ကြသောကြောင့် ..၊

"မင်းက ငါတို့ဆီလာတယ်ဆိုပြီး ရောက်မလာပါလား မှတ်တယ် ...ာပြီး လူနာပြုစုနေတာပေါ့လေ .."

သူမတို့နဲ့ တူးတူး ဆွေမျိုးတော်ကြတာကိုသိပေမယ့် ငယ် အား ...ကို အမှတ်တမဲ့ပါ။

"သွား .. သွား တူးတူး .. နင့်အဒေါ် ဆူလိမ့်မယ် .."

"ဟာကွာ .. အရီးလေးကလည်း တော်တော်ပွမ်တာပဲ .. အိမ်က ...လေးဆီပဲလာတာကို .."

"သွားပါဟာ .. သူများတွေ လှမ်းကြည့်ကုန်ကြပြီ .."

"ကျွတ် ..."

"ဟဲ့ .. ထွက်ခဲ့စမ်း .. အဲဒီထဲမှာ ရှင်ငယ်လေး လား .. ဆေးဖိုး ...ရာမရှိရင် ပေးပစ်ခဲ့၊ မင်း ခု ထွက်ခဲ့စမ်း .."

ထိုအချိန်မှာ ဘုန်းရိပ် ရဲ့ စက်ဘီးက ဆေးဆရာဦးမြဘူး ရဲ့ ခြံဝ ...ရောက်လာပြီဖြစ်လျက် ..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ...၊

ဘုန်းရိပ် ကို မြင်လိုက်တော့ ငယ့် ရင်ထဲက ကြောက်စိတ်က ငယ် ထိပ်တက်ဆောင့်သွား၏။ စက်ဘီးနဲ့ အနားကဖြတ်သွားတုန်းက ဘုန်းရိ ကို ငယ် လုံး၀ မမြင်လိုက်ပေ ...။

ခုမှ မထင်မှတ်ဘဲ လာတွေ့သွားသည်ဟုထင်ကာ ဒီအခြေအနေ ဖြစ်နေရခြင်းအတွက် ထိတ်လန့်သွား၏။ အစ်ကိုကြီးတစ်ယောက်ကို အပြစ်ပြုမိထားသည့် ညီမငယ်တစ်ယောက်က ကြောက်ရွံ့တာမျိုး ...

"ဘုန်းရိပ် ... မင်း အထဲသွားမှာလား၊ တူးတူး ကို လွှတ်လိုက်စေ ပါ၊ ဒီကောင်လေး ဘာတွေမှိုင်းမိနေသလဲမသိဘူး၊ ငါက လာဆို ခုလာ ဟွန်း ... တွေ့မယ် ... သင်း ..."

ဘုန်းရိပ် မျက်နှာတင်းသွားသည်။ အိမ်ရှေ့မှာ စက်ဘီးရပ်ပြီး ဖြောင်းခနဲ ခေါက်ချလိုက်တော့ မျက်နှာနဲ့အသံကို ကြည့်ကာ ငယ် လက်ဖျားလေးတွေ အေးသွား၏။

"တူးတူး ရယ် ... နင် ... သွားပါတော့ ..."

"တူးတူး ... မင်းကို ခေါ်နေတာ တစ်ရွာလုံးကြားတယ်၊ မင်း တစ် ယောက်ပဲ မကြားတာလား ..."

တင်းနေသည့် ဘုန်းရိပ် မျက်နှာကြောင့် တူးတူး ကလည်း ငယ် ကို ပြန်ကြည့်သည်။ ဟိုတုန်းတည်းက ဘုန်းရိပ် ဆိုလျှင် ငယ် က မီးဆေ ပြီးသား ...၊

ဒီကောင်ကလည်း အသက်ချင်းမတိမ်းမယိမ်းတွေကို ဘာဖြစ်ဖြ သူ့ပဲ ဆရာကြီး ...။

တူးတူး နေရာမှ ထရပ်ကာ ဘုန်းရိပ် ကို မျက်နှာချင်းဆိုင်ကြည့် ၏။ အရပ်အမောင်းနည်းနည်းကွာပေမယ့် မော့ကြည့်ရလောက်အောင် တော့ မဟုတ်ပေ ...။

"ကျွန်တော် ကြားပါတယ် ... ဒီမှာ ငယ် တစ်ယောက်တည်း မထား



ခဲ့နိုင်လို့ ..."

"ခု နှစ်ယောက်ဖြစ်သွားပြီ မင်း ပြန်တော့ ..."

သူ တစ်ခုခု ပြန်ပြောမည်ပြင်လိုက်စဉ် ...၊

"ဟဲ့ ... တူးတူး ... အောင်မယ် ... တောက် ..."

ဒေါ်စံရင် က ထမီစတစ်ဖက် 'မ'၍ ခြံဝိုင်းထဲကို တလွှားလွှား ဝင်လာပြီဖြစ်လျက် ...၊

"နင် ဘာလုပ်နေတာလဲ တူးတူး ... နင်ကရော ပြန်မယ့်လူကို ပုဆိုးစ ဆွဲထားပြီး ဒိုပြနေတာလား မိငယ် ..."

"မဟုတ်ပါဘူး အရီးလေးရယ် ..."

ခေါင်းခါငြင်းလိုက်သော်လည်း ငယ့် မျက်ဝန်းမှာ မျက်ရည်တွေ ဆူနေသဖြင့် ...၊

"ညည်းကလည်း အဲဒီလိုလေသံ ဟန်ပန်တွေနဲ့ အဆင်ပြေနေတာ နော် ... ဒါပေမယ့် ငါကတော့ မရှုဘူး ..."

"ခင်ဗျားကိုလည်း ရမလားလို့ ဘယ်သူမှ မမေးပါဘူး ..."

"ဘာပြောတယ် ..."

ဘုန်းရိပ် က မော့ငေးနေသည့် ငယ့် မျက်နှာရှေ့က ကာကွယ်ရပ် လိုက်ပြီး ...။

"အခု ခင်ဗျားတူ ပုဆိုးကို သူ ဆွဲမထားဘူးမို့လား ... ပြန်ခေါ်သွား ဦးလေ ..."

"မင်း ... မင်း တော်တော်မိုက်ရိုင်းပါလား ဘုန်းရိပ် ..."

"ကိုတုန်း ရာ ... ခင်ဗျားကလည်း မိန်းမတစ်ယောက်နဲ့ဖက်ပြီးတော့..."

တူးတူး ကလည်း ချဉ်တူးတူးကြည့်ပြီး မကျေနပ်ချက်နှစ်ရပ်ပေါင်း ၍ ဝင်ကျပ်၏။ ဘုန်းရိပ် က တူဝရီးနှစ်ယောက်ကိုကြည့်၍ ...၊

"အခု လောလောဆယ် ဆေးဆရာအိမ်ထဲဝင်ပြီး သူ့လူနာကို မျက် ...စောင်ကားနေကြတာက ခင်ဗျားတို့က အရင် ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းလို ရာဇဝင်တွင်အောင် ရိုင်းစိုင်းခဲ့တဲ့လူထက် ငါတို့က မို တယ်ပေါ့ .."

"ဘာလဲ မိုက်ရိုင်းတာချင်း ပြိုင်ချင်လို့လား .."

တစ်ခါတစ်ခါ ကလေးဆန်ချင်အောင် ကတ်သပ်ပြောတတ်သည့် အကျင့်က ငယ် သာ ပုံကျမေ့မျောမသွားခဲ့ဘူးဆိုလျှင် မိန်းမလိုမိန်းမ ရန်တွေ့တတ်သည့်ဘွဲ့တစ်ခုပါ ထပ်တိုးသွားနိုင်သေးသည်။

သို့သော် ဒေါ်စံရင် နဲ့ တူးတူး တို့တောင် ခြံပြင်မထွက်ရသေးခင် သူ ငယ့် ကိုယ်လေးကိုပွေ့၍ ထွက်လာခဲ့၏။

"ဟဲ့ .. ဟဲ့ .."

"တောက် .. ကြည့်စမ်း .."

ခြံဝမှာ ဆုံသွားသဖြင့် လူကိုပွေ့ထားရသည့် ဘုန်းရိပ် က တစ် စက်လေးမှ မရှောင်ပေ၊ ဒေါ်စံရင် တို့ သုံးယောက် ကမန်းကတန်း ရှောင်ပေးကြရင်း တစ်ယောက်ပေါ်တစ်ယောက် ထပ်ပြီးလဲပြိုမတတ်..

"တောက် .."

တူးတူး ၏ တက်ခေါက်သံက ပြောင်မြောက်လွန်းသဖြင့် ဒေါ်စံရင် ဖျတ်ခနဲလှည့်ကြည့်သည်။ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေက ဘာဖြစ်တာလဲ ...၊

ဘုန်းရိပ် နဲ့ ရှင်ငယ်လေး တို့နဲ့ တွေ့ပြီးပြီဆိုပြီး ပြုံးချိုနေတဲ့မျက်နှာ က မနေ့တစ်နေ့တုန်းက အကောင်း ...၊



## အခန်း (၃၁)

"ခလုတ်တိုက်တယ်ဆိုတာ ငါသိတယ်လေ .. ခလုတ်တိုက်တာ သားက ဒီလောက်ထိဖြစ်ခဲ့တယ်ဆိုတာကို မယုံနိုင်တာ .."

အဖျားတွေကြီးပြီး စကားတောင် ကောင်းကောင်းပြန်မပြောနိုင် သေးသည့် လူမမာရှေ့မှာ ဒေါ်ကျော့ ဒေါသူပုန်ထနေခဲ့၏။ ဘုန်းရိပ် နဲ့ အိမ်ထဲဝင်လာသည့် ခြေလှမ်းတွေ ပိုပြီး မြန်မြန်ဆန်ဆန်ဖြစ်သွားသည်။

အပြင်ခန်းဟု သတ်မှတ်သော ဘုရားခန်းနှင့် ကပ်လျက် အခန်း ကျယ်ထဲမှာ ငယ့် ကို ထားခဲ့သည်။ သူ ရောက်သွားတော့ ဒေါ်မြရှင် နှင့် စန်းရီ တို့သားအမိပါ ရှိနေကြကာ ဒေါ်ကျော့ က ငယ့် ဘေးမှာ ထင်ပလ္လင်ခွေထိုင်၍ ဒေါသထွက်နေ၏။

"မကျော့ ရယ် .. ခလုတ်တိုက်တာဖြစ်ဖြစ် ကြက်သွန်လှီးဓားလေး ရှသွားတာဖြစ်ဖြစ် အခန့်မသင့်ရင် ဖြစ်တတ်တာပဲ .."

"အခုဟာက တူးတူး နဲ့ ရှိနေတုန်းဖြစ်သွားတာလေ၊ ဒီဒဏ်ရာ ကြောင့် ဒီကောင်လေးနဲ့ တွဲသွားတဲ့ကိစ္စက ဘယ်လောက်တောင်ကြီး ကျယ်သွားခဲ့သလဲ .."

"ဒဏ်ရာနဲ့ တူးတူး ကိုတော့ တွဲမပြောပါနဲ့၊ တစ်ခါတလေ တိုက် ဆိုင်မှုဆိုတာ .."

"မမြ ပြောတာကို ကျွန်မ နားလည်တယ်၊ ဒါပေမယ့် တိုက်ဆိုင် တာပဲဖြစ်ဖြစ် ရည်ရွယ်တာဖြစ်ဖြစ် မိန်းကလေး အနေအထိုင်မှတ်လို့ ရတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အနေအထိုင်မတတ်တာတွေကို သူ နေထိုင်ကောင်းလာမှ ပြော လို့မရဘူးလား .."

"ဟင် ..."

ဘုန်းရိုပ် အသံကြောင့် ဒေါ်ကျော့ က လှည့်ကြည့်၏။ ငယ် စောင် ခြုံလေးထဲကနေ မျက်ရည်တွေဝေ့နေကာ ဘုန်းရိုပ် ဝင်လာတာနှင့် မျက်နှာ ကို မြုပ်ကွယ်သွားမတတ် ငုံ့ပစ်လိုက်၏။

ဒေါ်မြရှင် က သားကိုမော့ကြည့်ပြီး သက်ပြင်းချကာ ...၊

"ဟုတ်တယ် .. နေထိုင်မကောင်းတုန်းတော့ ဖိနှိပ်ဆူမနေပါနဲ့ နောက်ပြီး သူ နေကောင်းတဲ့အထိ ကျွန်မအိမ်မှာပဲ နေပါစေ၊ ဒီမှာ တော့ ဆရာနဲ့ ဆေးမှန်မှန်ကုလို့ရတယ်၊ သူ့အတွက် စန်းရီ တို့လည်း ဂရုစိုက်လို့ရတာပေါ့ .."

"ဟုတ်ပါတယ် အကြီးကျော့ ရယ် .. ခြေထောက်ဖြစ်ထားတာ တော့ ပြန်မကောင်းဘဲနဲ့တော့ သူ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး၊ သူ့ ဝေယျာဝစ္စကို ကျွန်မတို့ ရှယ်တူချင်းလုပ်ပေးတာ ပိုကောင်းပါတယ်.."

"ကျေးဇူးတင်ပါတယ်အေ .. မမြ ကိုရော၊ ဒီထိပြန်ခေါ်လာပေး တဲ့ ဘုန်းရိုပ် ကိုရော .. ငါက ကျေးဇူးမတင်လို့ပြောတာမဟုတ်ပါဘူး အခု တူးတူး နဲ့ သူ့ကို ပြောသွားတာကြည့်စမ်း .."

"ဟိုက ပြောသွားတယ်ဆိုတာ မသိကြတဲ့ တစိမ်းတွေပါ၊ ကျွန်တော် ကြားနေရတာတော့ အကြီးကျော့ပြောတာတွေကမှ ပိုပြင်းထန်နေသလိုပဲ.."

"သား ..."

ဒေါ်မြ က တားဆီးဖို့ ကြိုးစားပေမယ့် ဘုန်းရိုပ် က တစ်ချက် လှမ်းကြည့်ပြီး ပြောနေတာကိုမရပ် ...၊

"သားတစ်မ်းတွေကတောင် နားလည်ဖို့ကြိုးစားနေကြရင် အကြီးကျော့ က သူ့ကြီးတော်အရင်းကြီး .."

"ဒါကြောင့် ငါ ပိုသိတာပေါ့ .. ကိုဘုန်း ရယ် .."

"ဒါဆို မိငယ် က တကယ်ကို အကျင့်မကောင်းခဲ့တာပေါ့ .."

"သား .. ဒီလိုမပြောရဘူးလေ .."



"မေးကြည့်တာပါ .. ကျွန်တော်တို့က ကယ်တင်ဖို့ကြိုးစားတာ အကြီးကျော့ က ဆွဲနှစ်နေတယ်၊ အချင်းချင်းပြဿနာရှာနေတာနဲ့ပဲ ဖြစ်နေ အခြေအနေမှန်က ပေါ်လာမှာလား .. တကယ် စိတ်ပျက်ဖို့ကောင်းတယ်.."

ပြောပြီး ပြန်ထွက်သွားသဖြင့် ဒေါ်ကျော့ က ဒေါ်မြရှင် နား တိုးထိုင် ထိုက်ကာ ...၊

"ဒီကောင်လေးဘက်က လူတွေ အစတည်းက ဂုဏ်မောက်ကြ တာ မမြ လည်း သိတာပဲ .. အဲ့ဒါကြောင့် တူးတူး ပြန်ရောက်လာတည်း က ဒီကောင်လေးနဲ့ သိပ်မတွဲနဲ့လို့ ကျွန်မ သတိပေးထားခဲ့တာ မမြ.."

"အင်း .. ခက်တာပဲ မကျော့ ရယ် .. ရှင့်ဘက်ကလည်း ဒေါသ ဖြစ်ထိုက်တယ်၊ မိငယ် ဒီလိုအနေအထိုင်မဟော့ရမ်းဘူးဆိုတာလည်း သံသယဖြစ်ဖို့ မရှိဘူး၊ ဒီတော့ အဲ့ဒါကို ထားလိုက်ပါတော့၊ ကောင်မလေး လည်း စိတ်ဆင်းရဲလှပါပြီ .."

"ဟုတ်သားပဲ .. အကြီးကျော့ ကလည်း မိငယ် သနားပါတယ်၊ ကောင်းကောင်းလည်း နေမကောင်းသေးဘဲနဲ့ .."

"ကိုဘုန်း စိတ်ဆိုးတာလည်း အပြစ်မတင်နဲ့ မကျော့ .. ကိုယ်တိုင် ခြင်လာကြားလာရတဲ့သူတောင်မှ ငယ့် ကို နားလည်နေတဲ့ဟာ .. မကျော့ က လူမမာကို ဖိနှိပ်ပြောနေတော့ .."

စန်းရီ အမေက စိတ်ထဲရှိသလိုပြောနေပြီးမှ အားနာဖို့သတိရသွား သလို ဒေါ်မြရှင် ကိုပါ လှမ်းကြည့်ပြီး စကားရပ်သွားသည်။

ဒေါ်မြရှင် ကလည်း ကိုယ့်အတွေးနဲ့ကိုယ် တစ်စုံတစ်ခုကို အဖြေ ရှာနေသည်ဖြစ်ကာ ...၊

"ဒီကိစ္စမှာ ငယ့် ကို ကျွန်မတို့က မွေးစားထားသလိုဖြစ်နေတဲ့ အကြောင်းနဲ့လည်း ဆိုင်လိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ စံရင် တို့က တူးတူး တို့နဲ့ ဆွေမျိုးဆိုပေမယ့် ဒီလောက် စခုတ်စယက်လိုက် ဖြစ်ရလောက်အောင် သူတို့မိသားစုချင်း ရောထွေးခဲ့ကြတာမဟုတ်ဘူး.."

"ဟုတ်တယ် .. ဟုတ်တယ် .. အဲ့ဒီ ဒေါ်စံရင်ကြီး က အရိုးစွဲကို ဆိုက်ပြိုင်နေတာ ဟိုတုန်းတည်းက .."

www.burmeseclassic.com

www.burmeseclassic.com



စန်းရီ က ချက်ချင်းဝင်ပြော၏။

"ချမ်းသာတာချင်း လိုက်လို့မမီတော့ သူတို့ကိုယ်သူတို့ တော…ပေမယ့် ပညာတတ်မျိုးရိုးဆိုပြီးတော့လေ မရှိရှိတာနဲ့ လိုက်ပြိုင်နေတာ…

"သူတို့ ပညာတတ်တာ သူများက ဝါးစားလို့ရလို့လား၊ ကို…ထမင်းကိုယ်စားပြီးတော့ အံ့ပါရဲ့ .. ငါကလည်း ဒီမိန်းမတွေ အပြော…ခံလိုက်ရတာကို ဘယ်လိုမှ မကျေနပ်တာပဲ .."

ဒေါ်ကျော့ က စန်းရီ စကားကိုနင်းပြီး ဒေါသကို အဆုံးသတ်…ကြိုးစား၏။

"ဒီလိုအပြောခံရဖို့ ဒီဒဏ်ရာဖြစ်လာတာကို စိတ်တိုတယ်၊ မေ…တို့ သိတဲ့အတိုင်းပဲလေ သူများပြိုင်ဆိုင်ပြောကြပြီဆို သင်း ဘာပြော…တတ်လို့လဲ .. သူများဖိနှိပ်ပြောတာကိုခံမယ် .. ထိုင်ရှိခိုးဆိုခိုးမယ် …အလကား မိန်းကလေး .."

ပြောနေကြတာတွေကို မျက်လုံးတွေမှိတ် ကြားနေရရင်း မျက်ရည်…ပူတွေ တလိမ့်လိမ့်စိမ့်ဆင်းလေသည်။ မျက်နှာကိုကွယ်ထားလို့ရပေမယ့် ငိုနေ…တာကို မျိုသိပ်ရခြင်းကြောင့် နှပ်တွေရေလိုပြိုကျလာတာကို တားဆီးလို့မရ…

"ဘယ်မှာလဲ ဆေးဆရာ အိမ်က ပွဲခေါ်လာခဲ့ရတဲ့ လူမမာ .." ဆိုင်…ကြီးကြီး ဘီလူးဆိုင်းတီးဝင်လာတည်းက သူမရင်ထဲက အပူတွေတဖြန်းဖြန်း…ပြန့်ကားတက်လာခဲ့သည်။

တစ်ကိုယ်လုံး ပူခြစ်တောက်ခြင်းက ဆေးမသောက်ရသေးခင်က…အတိုင်း တစ်ကပြန်စတက်လေသည်။

သူမဘဝမှာ အရာရာကို ကြောက်ရွံ့ခဲ့ရပေမယ့် ကြီးကြီးကို ကြောက်…ခဲ့ရသည့် နေ့ရက်တွေကသာ သေရာပါနာကျင်မှုတွေဖြစ်ခဲ့ရသည်။

ထို့ကြောင့် သူမဟာ ဒီကြောက်ရွံ့ခြင်းဖြင့် သေသွားနိုင်ပါသည်…ဆိုရင် လူတွေယုံပါ့မလား ...၊



အခန်း ( ၃၂ )

"တကယ်လား .."

"ဟုတ်တယ် တကယ် .. ငါတို့လည်း ဒီတစ်ခါ ဘယ်သူ့ပယောဂမှ မပါဘဲ သူ့စရိုက်နဲ့သူ သွားပြီဆိုပြီး အချိုကြီးစောင့်ကြည့်နေခဲ့တာ.."

"ဟုတ်ပ သက်ထား ရယ် .. ကိုဘုန်း ငယ် ကို ပွေ့ထွက်သွားတာများ ဇာတ်လမ်းထဲက မင်းသား မင်းသမီးကို ပွေ့သွားတာကျနေတာပဲ၊ သူက ဗလနဲ့ ဇနဲ့လေ .. မိငယ် က ကိုယ်လေးသေးသေးလေးနဲ့ စဉ်းစားကြည့်ပါလား .. ဆရာဘူး အိမ်ကနေ ပွေ့သွားတာ အိမ်ပြန်ရောက်တဲ့ထိ အေးဆေးပဲ .."

"နင်တို့က အိမ်ရောက်တဲ့အထိ လိုက်ကြည့်နေလို့လား .."

"ဩော် .. သက်ထား ရယ် .. ဆွဲခြင်းလေးတစ်လုံးဆွဲသွားသလို အရိပ်ကောင်းလေးတွေ့တာနဲ့ နားဦးမှဆိုပြီး မြေကြီးပေါ် ခဏချထားလို့ဖြစ်တဲ့ ကိစ္စမျိုး .. လူကြီးတစ်ယောက်လုံးကို .."

ဝိုင်း နဲ့ မိညို တို့က သေချာသတင်းပေးနေကြသည်။ ပြီးတော့ သက်ထား မျက်နှာကို အကဲခတ်ကာ ...၊

"နင့်ကိုတောင် ဘုန်းကြီးကျောင်းမှာ လာပြန်မကြိုနိုင်ဘူးဆို.."

"ဟုတ်တယ် .. ငါ့စိတ်ထဲလည်း မသက်သာတာနဲ့ သူ့လာအောင်စောင့်ကို မနေချင်တော့တာ .."

www.burmeseclassic.com



မလာနိုင်လွန်းလို့ ကိုယ့်ဘာသာ ပြန်လာရတာ မဟုတ်ဘူးလားလို့ ဝိုင်း စိတ်ထဲက ဖြေမိရင်း မျက်ခုံးတွေ မသိမသာပင့်သွား၏။ ပြီးတော့ မိညို နဲ့ မျက်လုံးချင်းဆုံသွားသည်။

အခြေအနေကတော့ မင်းသမီးက မိန်းမကြမ်းဖြစ်ဖို့ နီးစပ်နေပြီဖြစ်ကာ ...၊

"ငါတို့က မိငယ် ကို အထင်သေးနေတာ သိလား၊ တူးတူး ကလည်း အဲဒီနေ့က အပျိုကြီးတို့နဲ့ တော်တော် စစ်တိုက်သွားတယ်တဲ့.."

"ဒါလည်း သိလိုက်တာပဲလား .."

သတင်းပေးတာကို ကျေးဇူးတင်ပေမယ့် မကြားချင်တာတွေချည်း ကြားနေရသဖြင့် သက်ထား မျက်နှာ သုန်မှုန်လာ၏။ မလိုလားသည့် လေသံကပါ သိသာလာကာ ...၊

"ဟိုဘက်ရွာထိ အဲ့ဒါတွေကို လိုက်စုံစမ်းထားတယ်ပေါ့ .."

"ဘယ်က ဟုတ်ရမှာလဲ .. အပျိုကြီးတို့နဲ့ ပြန်လိုက်သွားတာနဲ့ ဒီမှာပဲဖြစ်ကြတာလေ၊ အိမ်နီးပါးနီး အကုန်လုံးကြားကြတယ်၊ သူကြီးအိမ်ထဲထိ ဘယ်သူမှလာပြီး အတင်းမတုတ်ရဲပေမယ့် အပြင်မှာ ငါတို့ဖြင့် မကြားချင်မှ အဆုံး .."

"အေးလေဟယ် .. နင်က သူကြီးသမီးဆိုတော့ တစ်ပင်တိုင် မြနန်းနဲ့နေတဲ့ မင်းသမီးလို ဘာမှဘယ်သိမလဲ .. ငါတို့က အဲဒါကြောင့် လာပြေးပြောတာလေ၊ မယုံမရှိနဲ့ သက်ထား .. မိငယ် က ချစ်မွေးကိုပါလာတာထင်တယ်၊ ဘယ်သူမှ မထင်မှတ်တဲ့နေရာကနေ အသာလေးရိတ်လှီးနေတာ .."

"ဘယ်လို .."

သက်ထား စိတ်ဝင်စားသွားသဖြင့် ဝိုင်း က ရယ်ကာ ...၊

"လူတိုင်းရင်ထဲမှာ သူ့ကိုဆို မကောင်းမြင်တာ သိပ်မရှိဘူးလေ၊ သူ့အသံလေးက တမင်ချွဲတာမဟုတ်ဘဲနဲ့ ကလေးဆန်တယ်၊ ပြီးတော့



သူများတွေက ဒီလူကို အစ်မခေါ်ရင် သူက မမခေါ်တယ်၊ သူများက အဘလို့ခေါ်တဲ့လူကို သူက ဘဘ .."

သက်ထား က မဲ့ပြုံးနှင့် ပခုံးတွန့်လိုက်၏။

"သူက အဲ့ဒီလို နှုတ်နှပ်ချွဲပစ်နေမှ နေရချောင်မယ့်ဘဝကိုး .."

"ဒါလည်း ဒါပေါ့လေ .. သူ တမင်လုပ်ပြောတာတွေတော့ မဟုတ်ပါဘူးဟာ .. ခုကိစ္စမှာလည်း တူးတူး က မနေ့တည်းက သူကိုယ်တိုင် လိုက်ပို့ထားခဲ့တာဆိုတော့ ဒီနေ့ လူမမာလာမေးတယ် မိငယ် ကလည်း ရှားနေလို့ ဆရာဆီထွက်လာတယ် .. အဲဒီမှာ တွဲဖြစ်သွားတာပါ .."

"ဘယ်သူပြောတာလဲ .."

"အပျိုကြီးကို ပြန်ခံပြောနေတုန်းက အဲ့ဒီလို တူးတူး ပြောသွားတာတဲ့၊ ငါတို့လည်း သူများပြန်ပြောပြလို့ ကြားရတာလေ .."

"တော်တော့ .. တော်တော့ အဲ့ဒါတွေလည်း စိတ်ဝင်စားဖို့ကောင်းတဲ့အပိုင်းမဟုတ်သေးဘူး .."

မိညို က စကားဖြတ်ကာ ...၊

"စိတ်ဝင်စားဖို့ကောင်းတာက တူးတူး က ငယ် ကို ဘယ်တော့မှ ဖြတ်မှာမဟုတ်ဘူးလို့ ပြောသွားတာပဲ .."

"ဘာ!..."

"အပျိုကြီး ဒေါ်စံရင် က နောက်မဆက်ဆံဖို့ပြောတယ်၊ တူးတူး က ခေါင်းခါပြီး မဖြတ်နိုင်ဘူးလို့ပြောသွားတယ်၊ ကိုဘုန်း ကလည်း ဘာမှသေချာမသိရသေးဘဲနဲ့ ငယ် ကို ကာကွယ်ပြီး အိမ်ထိပွေ့ခေါ်သွားတယ်လေ၊ ပြီးတော့ .. အရီးမြ က ခုထိအိမ်ပေါ်တင်ပြီး ပြုစုစောင့်ရှောက်နေတုန်း .."

ဝိုင်း က ဆတ်ခနဲ ခေါင်းညိတ်ကာ ...၊

"အေးလေ ...ဒီလောက် အုန်းခနဲဖြစ်သွားတဲ့ကိစ္စ .. ကိုယ့်သားတလည်း သူ့ကိုပဲအိမ်ထိ ပွေ့ခေါ်လာတယ်၊ အဲဒါ ကြည့်ဖြူစရာလား..

www.burmeseclassic.com

www.burmeseclassic.com



နင်ပဲ စဉ်းစားကြည့် သက်ထား၊ ဒါ သေးတဲ့သံယောဇဉ်မဟုတ်ဘူးနော်..."

"နေပါဦး နင်တို့က မိငယ် အတင်းတုတ်နေတာလား၊ ချီးမွမ်းခန်းဖွင့်နေတာလား .."

"အဲ့ ..."

ဝိုင်း တို့ အိုးတို့အမ်းတမ်းဖြစ်သွားပြီးမှ အားတုံ့အားနာပြုံး၍..၊

"နင် အိမ်ထဲမှာပဲ စိတ်ချလက်ချမနေဖို့ သတိပေးတာပါ သက်ထားရယ် .. အရီးမြ က နင့်ကို ချွေးမ .. ချွေးမနဲ့ ခေါ်နေတာလေ၊ လူကြီးချင်း စကားစထားကြတာလည်းရှိတယ် .."

"အဲဒါနဲ့ပဲ ငါက သူ့ကို လက်ထပ်ပါရစေလို့ လူကြီးတွေကို ဖွင့်ပြောရမှာလား .. ဝေးသေးတယ်၊ ငါ အဲလောက် သိက္ခာမမဲ့သေးဘူး ဝိုင်း .. တစ်ရွာလုံး ရှင်ငယ်လေး ကို သနားကြင်နာကြပေမယ့် ငါ ကြည့်မရဘူးဖြစ်နေတာ ကိုဘုန်း နဲ့ သက်ဆိုင်တာ ဝန်ခံတယ်၊ ဒါပေမယ့် သဝန်တိုလွန်းလို့တော့ မဟုတ်ဘူး .."

ဖွန်ပန်းရုံကြီးနားမှာ ရပ်နေကြရင်း ဖွေးဖွေးလှုပ်အောင် ပွင့်နေသည့် ဖွန်ပန်းတွေကို သေချာခူးနေကြတာလည်း မဟုတ်ဘဲ စကားပြောရင်း တလှုပ်လှုပ်ခြွေယူနေမိကြသည်။

လက်တစ်ခုပ်စာလောက်လေးတွေ ကိုယ်စီရတော့ ငုံ့နမ်းလိုက်စကားပြောလိုက်နှင့် ...၊

"သူများတွေ မမြင်တဲ့ သူ့ရဲ့ မာယာအပလီတွေကို ငါက မြင်နေလို့ .."

"ငယ် လား .."

"ဟုတ်တယ် .."

နှုတ်ခမ်းမဲ့ခေါင်းညိတ်၍ လက်ခုပ်တစ်ဖက်ထဲမှာ ခူးထားသည့် ဖွန်ပန်းတွေကို ပင်ခြေက ရွံ့ဗွက်ထဲကြဲချပစ်လိုက်သည်။

ဝိုင်း တို့ နမြောတသစွာ လိုက်ငုံ့ကြည့်မိစဉ် သက်ထား က ပန်းရုံဘေးက ဝါးခြမ်းပြားအခွေးတစ်ချောင်းကို ဆွဲထုတ်ယူကာ ရွံ့ပေါ်တင်



နေသည့် ပန်းပွင့်တွေကို ရွံ့ထဲအရောက်ထိုးနှစ်ပစ်၏။

လက်တို့သည် ဒေါသအလျှောက် တစွပ်စွပ်ထိုးနှက်နှစ်ပစ်ရင်း..၊

"အလကားလုပ်ယူနေတာ သူ့ဘဝက သူများသနားမှ စားရချောင်မှာလေ၊ ကိုဘုန်း ကို သူများထက်ထူးပြီး ကိုကြီး ကိုကြီးနဲ့ ခေါ်နေတာ ကြည့်ပါလား .. တော်ရုံမိန်းမကောင်းက သိက္ခာမရှိ အရှက်မရှိနဲ့ ခေါ်ရဲပါ့မလား .."

"အေးနော် .. ငယ်ငယ်တည်းက ဒီတိုင်းခေါ်လာတာဆိုရင်လည်း ငယ်ငယ်တည်းကကို အရှက်မရှိခဲ့တာပဲနေမှာ .."

ငယ်ငယ်တည်းက ခေါ်လာတာကို ဖော်ချင်တာလား၊ တကယ်တဲ့ရယ်လိုက်တာလား ..၊

သက်ထား မျက်မှောင်ကုတ်သွားပြီး ဖျတ်ခနဲကြည့်တော့ မိညို၏ အရိုးခံပြောနေသည့် မျက်ဝန်းတို့နှင့် ..၊

"တကယ်ပြောတာပါ .. အဲ့ဒီ ငယ်ငယ်တည်းက သူ့အကျင့်တွေ ကို ခုမှ စဉ်းစားမိလို့ .."

သက်ထား အောင့်သက်သက်နဲ့ ငြိမ်နေလိုက်ရသည်။ လူတွေကို ဘယ်လိုနားလည်ရမလဲ ..၊

ကိုယ့်ဘေးမှာ ရှိနေတဲ့လူတွေကလည်း အထဲတစ်မျိုး အပြင်တစ်မျိုး..၊

လူတွေတာကို မက်မောကြသလဲ ဘာကိုအဓိကလဲ ဘာက သာမည လဲ..၊

စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးလာခြင်းက ကိုယ်လိုအပ်တိုင်း လိုသလောက်မရနိုင်သော ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"အမေ့ ဘာချက်တာလဲ .."

ဘုန်းရိပ် အိမ်ပေါ်တက်လာတည်းက ဒီလိုမေးလာပြီဆို ဗိုက်ဆာလာတာပဲဖြစ်သည်။ ငယ် အိပ်ရာထဲကနေ လူးလဲထကာ ဆံပင်ကိုဖိသပ်ချသည်။ အင်္ကျီကို ဖြန့်ဆန့်အောင် ပြုပြင်၍ ထမီနိုင်နိုင်ပြင်ဝတ်လိုက်ပြီး ကြောင်အိမ်လေးထဲမှာ အသင့်ပြင်ဆင်ခပ်ထားပြီးသား ဟင်းပန်းကန်တွေကို ထုတ်လိုက်၏။

အိမ်မှာ ဘုန်းရိပ် က ဘယ်တော့မှ မီးဖိုချောင်ထဲကို မဝင်ပေ .. မီးဖိုချောင်နဲ့ တွဲလျက် ထမင်းစားပွဲကြီး ရှိပေမယ့် သူ စားဖို့ဆို ထမင်းနဲ့ ဟင်းပုံ၍ ဒါမှမဟုတ် ဟင်းနဲ့ထမင်း သေချာခပ်ပြီး အပေါ်မှာပဲ ပြင်ပေးရ၏။

ထို့ကြောင့် အပေါ်မှာပဲ သူ့အတွက် ထမင်းဟင်းထည့်သိမ်းပြီး ပြင်ပေးထားနေကျ ..။

"မိငယ် .."

"ရှင် .. ကိုကြီး .."

ရေချိုးပြီး တက်လာသည့် ဘုန်းရိပ် က ရင်ဘတ်ကျယ်ကြီးကို တဘက်နဲ့ ပွတ်ရင်း ထမင်းပွဲပြင်ပေးနေသည့် ငယ့် ဆီးကို ချက်ချင်းရောက်လာသည်။



"နင်က ဘာထွက်လုပ်တာလဲ .."

မီးရောင် ထိန်နေသည့် တစ်အိမ်လုံးကို တစ်ချက်ပြန်ကြည့်ပြီးမှ ..

"စန်းရီ တို့ရော .. အမေရော့ ဘယ်သွားလဲ .."

"ဘုရားထီးတင်ပွဲအတွက် အစည်းအဝေးလုပ်တယ်လေ ကိုကြီး၊ အဲဒါ သူကြီးအရေးတကြီး ခေါ်လို့သွားရတယ် .."

ညမှုညတာ အပြင်ထွက်စရာရှိလျှင် စန်းရီ တို့ သားအမိက ခေါ်မြှင်နဲ့ အဖော်လိုက်ပေးနေကျ ..။

"ဘယ်သူမှ မရှိရင်လည်း အထဲကလှမ်းအော်လိုက်ရင် ပြီးတာပဲ၊ ဘာလို့ ထွက်လာတာလဲ ငါ့ဘာငါ ထည့်စားလည်းရတာကို .."

ငယ် က ငါးကြော်နှပ်နဲ့ သီးစုံချဉ်ဟင်းကို ထမင်းပွဲနဲ့ သေချာကပ်ထားပေးလိုက်ရင်း ..။

"ကိုကြီးက ဟင်းတစ်မျိုးမြင်ရင် တစ်မျိုးပဲ စားတာလေ .."

ပြောရင်း ခြေဖျော့နင်းကာ ရေတ်သီးကြော်ပန်းကန်လေးထုတ်ယူချလိုက်၏။ ပြီးမှ ခြေဖျော့၍ ပြန်လှည့်ကာ ..။

"ဟင်းတွေက အုပ်ဆိုင်းထားရတာ ကိုကြီးရဲ့ .. သေချာပြင်ဆင်ပေးထားတာတွေကို ကိုကြီးက မမြင်လို့ မစားလိုက်ရင် စားစေချင်တဲ့လူက ဘယ်စိတ်ကောင်းမလဲ .."

"ဟုတ်ပြီ .. ထားခဲ့တော့ .. သွား .."

ဘုန်းရိပ် အိပ်ခန်းထဲဝင်ကာ ပုဆိုးအင်္ကျီပြန်လဲပြီး ထွက်လာခဲ့၏။ ငယ် က အနွေးထည်ဟောင်းလေးနဲ့ဖြစ်ကာ မျက်နှာလေးက နီနေဆဲပင်..။

ထို့ပြင် နှုတ်ခမ်းသားလေးတွေလည်း နီမြန်းခြောက်သွေ့နေ၏။ ဘုန်းရိပ် က ငယ့် နဖူးကို လက်ခုံနဲ့ ကပ်လိုက်ပြီး ..။

"ကိုယ်တွေ ပူနေသေးတယ် .."

"မပူပါဘူး .. ကိုကြီးလက်က အေးနေလို့ပါ .."

"သွားတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .. ငယ် ကိုကြီးကို ငါးရိုးထွင်ပေးမယ် .."

"ဟာ .. နေပေ့စေ .."

"ရှုံလို့လားဟင် .. ငယ် လက်ဆေးထားတာပါ ကိုကြီးရဲ့ .."

"အဲဒီလက်ကို ထပ်ခါထပ်ခါ ဆေးနေလို့ ကောင်းမလား .. မလိုဘူး ဆိုမှပဲ.."

သူ စားပွဲမှာ ဝင်ထိုင်လိုက်တော့ ငယ် က မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ကာ ..၊

"ငယ် ခဏထိုင်ဦးမယ်နော် .."

"ထိုင်ပြီးနေမှ .."

ဘုန်းရိပ် က ဇွန်းနဲ့ပဲစားတတ်တာမို့ ငါးကြော်ဖွဲ့နေတာကို ငယ် အသည်းယားစွာကြည့်နေမိသည်။ ငါးစားတိုင်း သူမပဲ အရိုးထွင်ပေးနေကျပါ။

စန်းရီ နဲ့ ဒေါ်မြရှင် တို့ ရှိနေတတ်ပေမယ့် ဒါမျိုးဆို ငယ် ကပဲ လုပ်ပေးလာခဲ့တာဖြစ်ကာ ဘုန်းရိပ် ကလည်း ငယ် လုပ်ကိုင်ပေးမှ စိတ်တိုင်းကျတာဖြစ်၏။

တစ်ခါတလေ စန်းရီ က ထမင်းပွဲပြင်နေလျှင် ..၊

"မိငယ် မလာဘူးလား .."

"ဟာ .. သွား .. သွား .. နင်မလုပ်နဲ့ နွားချေးပြေးကိုင် ကောက်ရိုးကိုင်နဲ့ နင့်လက်ကြီးက .."

ဟု ခါးခါးသီးသီးပုတ်ထုတ်ဖယ်ချပစ်တတ်သူ ..၊

တကယ်ဆို ဒီအိမ်မှာ ငယ် လည်း ဘယ်အလုပ်မဆို ကြုံသလိုဝင် လုပ်နေတာပဲဖြစ်သည်။ ဒါပေမယ့် ဘုန်းရိပ် ကတော့ ခွဲခြားနေတာပင်။ အားလုံးကလည်း နားလည်ပြီးသား ..၊

"ကိုကြီး .. ကိုကြီး နေဦး .. ငါးရိုးပါသွားပြီ .."

ဘုန်းရိပ် စားနေတာကို ထိုင်ကြည့်ရင်း တွေးနေမိတာမို့ ဇွန်းပေါ် တင်လိုက်သည့် ငါးတုံးမှာ အရိုးထောင်နေတာကို ငယ် က မြင်သည်။



ိုင် က ပါးစပ်ထဲသွင်းခါနီးမှ ပြန်ချပြီး ငယ် ဖယ်ပေးတာကို ပြန် ်၏။

ပြီးတော့ ငယ့် မျက်နှာလေးကို စိုက်ကြည့်ကာ ..၊

"နင်နဲ့ တူးတူး နဲ့က ဘာလဲ .."

"ဟင်!..."

"နေ့လယ်က တူးတူး လာသေးတယ်ဆို .."

"ဟင်!..."

"ကျွတ် .. ပြူးတူးပြဲတဲနဲ့ကွာ .."

"မလာပါဘူး .. ကိုကြီးကို ဘယ်သူပြောတာလဲ .."

ငယ့် မျက်နှာကို စိုက်ကြည့်ရင်း ထမင်းဆက်စားနေလိုက်သည်။ အနေတွေ ပြောင်းလဲနေတာကို ဒီကောင်မလေး မသိသေးဘူးလား..၊ တူးတူး ဆိုတဲ့ သတ္တဝါကလည်း ခုကျမှ အသည်းအသန်ဘာဖြစ်ရောဂါ နေတာလဲ၊ သူ လှုပ်ရှားသမျှ မိငယ် ကို သက်ရောက်မှုတွေဖြစ် ာ သဘောကျစရာကောင်းနေလို့လား ..၊

"ဟင် .. ကိုကြီး .. တူးတူး က ဘယ်ကိုလာတာတဲ့လဲ .."

"ဘာလဲ .. မတွေ့လိုက်ရလို့ ဝမ်းနည်းသွားတာလား .."

တကယ် သံသယရှိနေတာမဟုတ်ဘဲ သူ့ပါးစပ်က ဒီစကားထွက် ခဲ့တာ ပြောမိပြီးမှ နောင်တရ၏။

"မဟုတ်ပါဘူး ကိုကြီးရယ် .. တူးတူး အဲ့လိုလာတယ်ဆိုတာကို ်နိုင်သလိုဖြစ်သွားလို့ပါ .."

"ဘာကို မယုံနိုင်တာလဲ .."

"သူ ငယ့် ဆီကို မလာရဲတော့ပါဘူး၊ ရွာထဲမှာ ဒီလောက်ဖြစ်ထား သူ သိတယ် .."

"လာရဲလို့ လာတယ်ဆိုရင်ရော .."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘက်ကတော့ အဆင်သင့်ပဲလား .."

"အဆင်သင့်ဆိုတာ ကိုကြီး ဘာကိုပြော်တာလဲ .."

"သူလာရင် ထွက်တွေ့မှာပဲလားလို့ မေးနေတာ .."

ငယ် က ဒီမေးခွန်းကို နားလည်ပုံမပေါ်ဘဲ မျက်တောင်တွေ[illegible] ၍ ငြိမ်ကျသွားသည်။ သူမကို အကဲခတ်ရင်း အံ့သြခြင်းတွေ ဖြစ်လာ[illegible] ဘုန်းရိပ် ထမင်းစားနေတာတောင် ရပ်တန့်သွားခဲ့၏။

တူးတူး နဲ့ သူမလေး ရိုးသားရဲ့လား ..၊

"မိငယ် .. နင်က .."

လွှတ်ခနဲ ထပ်မေးဖို့ စလိုက်ပြီးမှ ဘရိတ်ပြန်အုပ်မိ၏။ တူးတူး[illegible] သူမ သံယောဇဉ်ဘယ်လောက်ထိ ငြိနေသလဲဆိုတာ သူနဲ့ ဘာဆိုင်လို့[illegible]

ဒီကိစ္စ ဆက်မမေးတော့ဖို့ ဆုံးဖြတ်မိသည်။

ဒါပေမယ့် နှစ်ဖက်ရင်ဆိုင်နေကြတဲ့ အရေးကိစ္စထဲမှာ ပါဝင်[illegible] ဖက်ခဲ့တာက သူ ..၊

ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်၊ ဘာက မလုပ်သင့်ဘူး [illegible] သင့်တယ်ဆိုတာတွေကို သူ ခွဲခြားသိဖို့မလိုဘူးလား ..၊ သိထားသင့်တ[illegible] ဆိုသည့် နောက်ထပ်သက်သေပြချက်နှင့် မျက်လုံးက သူမ မျက်နှာ[illegible] ဆီ ရောက်ပြန်သည်။

"မိငယ် .."

"ပြောလေ .. ကိုကြီး .."

"တူးတူး က ပညာတတ်တစ်ယောက်အဖြစ်နဲ့ အချိန်တွေ[illegible] မှ ပြန်လာတော့ နင် သူ့ကို အထင်ကြီးတဲ့စိတ်တွေ ဖြစ်နေမှာပေါ့ -"

ငယ် က သူမေးသမျှကို ငေးကြည့်နေပြီး မဖြေ ..၊

"ငါက နင့်ကိစ္စကို ဝါသနာအရ စပ်စုနေတာမဟုတ်ဘူး၊ သူ[illegible] သာ သတ္တိရှိရှိရောက်လာရင်ဆိုတဲ့ မျှော်လင့်ချက်တွေ နင့်လေသံထဲ[illegible] ပါနေလို့ .."



"သူဆိုတာ တူးတူး ကို ပြောတာလား ကိုကြီး .."

"ဟုတ်တယ် .. ငါ ဒီလောက် အများကြီးပြောနေတာကို တစ်က[illegible]နစပြီး မေးမလို့လား .."

စိတ်တိုသွားသဖြင့် ခေါက်ငမ်းသလို လေသံဖြစ်သွားသည်။ ငယ် [illegible] မျက်လွှာချသွားပြီးမှ သူ့ ဖွန်းထဲမှာ ငါးရိုးမြင်လိုက်သဖြင့် လက်ကို [illegible]ထားပြီး ဖယ်ပစ်လိုက်၏။

အပိုတွေလျှောက်လုပ်ပြီး ဇေလည်ကြောင်ပတ် ရှောင်ထွက်ချင် [illegible]တာလား ..၊

ငါးရိုးဖယ်ပေးလိုက်သည့် ထမင်းလုတ်ကို ပါးစပ်ထဲထည့်ချင်စိတ် [illegible]ရှိတော့ဘဲ ပန်းကန်ထဲကိုပဲ ဒေါက်ခနဲပြန်ချပစ်မိကာ ..၊

"နင့်ကို အဲဒါတွေမေးမိမှာစိုးလို့ ငါ တမင်ရှောင်နေတာ၊ နင်နဲ့ [illegible]းတူး ဘယ်လိုတွဲနေတာ၊ ဟိုကောင် ဘယ်လောက်ထိ ခြေလှမ်းကျဲနေ [illegible]ာ - တစ်ရွာလုံး ပြောနေလိုက်တာ ပွထလို့၊ ဆရာဘူး အိမ်က ပြဿနာ [illegible]းတော့ ဒီကောင် အပျိုကြီးတို့နဲ့ ဘယ်လောက်အတိုက်အခံ လုပ်သွား [illegible]ာတွေထိ မကြားချင်မှ အဆုံး .."

တစ်အိမ်တည်း နေကြသည့် သံယောဇဉ်တို့နှင့် သူမအတွက် သူ [illegible]ကွယ်ပြောဆိုခဲ့မိသည်။ ဒီကောင်မလေးအကြောင်း သူသာ အသိဆုံး [illegible] ဘယ်သူမှ ထင်သလိုပြောဆို ဇော်ကားခွင့်မရှိသလိုမျိုး ..၊

ဒါပေမယ့် တစ်ရွာလုံး ပြောနေကြတာတွေကတော့ သူ ဘာတစ် [illegible] မသိခဲ့ရသည့်အကြောင်းတွေဖြစ်နေ၏။

"တောက် .."

ထမင်းပန်းကန်တစ်ခုလုံးကို ဘေးတွန်းပစ်လိုက်ရင်း ..၊

"အခု နင် ဒီအိမ်ပေါ်ကနေပြီး တူးတူး ရောက်လာမှာကို မျှော်[illegible]နေတာလား .. အဲဒါပဲ ဖြေ .."

"ဟင့်အင်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုဟင့်အင်းတာလဲ .."

"မသိဘူး .."

"ဘာ ..."

စိတ်က ထောင်းခနဲဖြစ်သွားကာ နေရာမှ ထရပ်လိုက်မိသည်။ ထိုင်ခဲ့သည့် ခုံကို ဘေးရွေ့သွားအောင် ခြေကန်တွန်းလိုက်ပေမယ့် လွဲကန် သလိုဖြစ်သွားကာ ခုံက ဒုန်းခနဲ မြည်သံနှင့်အတူ နောက်လန်လဲကျသွား၏။

ထိုအခါကျမှ မတုန်မလှုပ်လေးငိုင်ငေးနေသည့် ငယ့် မျက်လုံးတွေ ဝိုင်းဝိုင်းလည်သွားသည်။ ပြီးတော့ နေရာမှ ကမန်းကတန်းထရပ်လိုက်ကာ..

"ကိုကြီး .. ဘာ .. ဘာဖြစ် .."

"ဘာဖြစ်တာလဲ .. ဟုတ်လား .. ငါ ဘာမေးမေး မျိုသိပ်ရှောင်လွှဲ နေတာ ဘာလဲ .. နင် ဘာလုပ်ဖို့ကြံတ်ပြီး ကြံစည်နေတာလဲ၊ တူးတူး နဲ့ နင့်အခြေအနေက ဘယ်သူမှ မသိလိုက်ခင်အချိန်မှာ ဘယ်လောက်ထိ မြင့်တက်သွားသလဲ .. ကြိုက်တဲ့မေးခွန်းကို အရင်ဖြေ .."

"ကိုကြီး မေးနေတာတွေ ငယ့် ရင်ထဲမှာ ဘာမှမှမရှိတာ ဘာကို ဖြေရမှာလဲ ..၊ ငယ် ဘာကိုမှ မမျိုသိပ်ဘူး၊ မျိုသိပ်တတ်တဲ့အကျင့်မရှိ လို့လည်း ငယ့် ရင်ထဲမှာ ဘာဖြစ်နေနေ တစ်ရွာလုံးသိကြတာ၊ သိကြလို့ ငယ့် ကို မိန်းမနောက်ပိုးလို့ တစ်ရွာလုံးက ပြောခဲ့ကြတာ .."

ငယ် ကလည်း ဒေါသသံလေးနဲ့ ဖြစ်ကာ အဖျားခတ်တုန်ယင်နေ ပုံလေးက သူ့ဒေါသတွေကို ကမောက်ကမဖြစ်စေခဲ့လျက် ..၊

"ငယ် အမြဲတမ်းတွေးနေတာက တခြား၊ ကိုကြီး မေးနေတာက တခြား၊ အဲ့ဒီ တူးတူး နဲ့ ပတ်သက်တာ ငယ့် ရင်ထဲမှာ ဘာမှမရှိဘူး ငယ့် ဘက်က ဘာမှမဟုတ်တဲ့အတွက် ဘယ်သူတွေ ဘာပြောနေနေ ငယ် က ဘာကို ဂရုစိုက်ရမှာလဲ၊ အဲဒါ ငယ် ရှဲ့တာမဟုတ်ဘူး ကိုကြီး အစတည်းက ဒီတိုင်းပဲ နေတတ်ခဲ့တာ .."

မတ်တတ်ရပ်နေရင်း ခြေထောက်က တဖျင်းဖျင်းနာကျင်နေတာ



ကို ခံစားမိနေသည်။ စိတ်ကြောင့် ဒဏ်ရာကို ဂရုမထားခဲ့မိပေမယ့် ဒဏ် ရာသည် စိတ်ကြောင့် ပြောင်းလဲလျော့သွားသည်မရှိခဲ့ဘဲ ..၊

"ကိုကြီးက တူးတူး နဲ့ ပတ်သက်တာတွေကျမှ ဘာဖြစ်လို့ အများ ကြီး မေးနေတာလဲ၊ ငယ် ဖြေချင်တာ သူ့အကြောင်းတွေမဟုတ်ဘူး.."

မျက်ဝန်းတို့ ဆုံဆည်းမိကြစဉ် ငယ့် မျက်ဝန်းမှာ မျက်ရည်တွေနဲ့ ဖြစ်ကာ စူးရဲသော ဘုန်းရိုပ် မျက်ဝန်းတွေ တဖြည်းဖြည်းပျော့ပျသွားခဲ့ ၏။ ပြီးတော့ ..၊

"ငါ နင့်ကို မေးနေတာက သူများဝိုင်းပြောလာကြမှာကို မလိုချင်လို့.."

"ဘာကို ဝိုင်းပြောမှာလဲ ကိုကြီး၊ တူးတူး နဲ့ ငယ့် ကိုလား .. ငယ် တို့က သူငယ်ချင်းတွေပါ .."

"သူငယ်ချင်းလို မဟုတ်တာတွေ တူးတူး က ဟိုအိမ်မှာပြောသွား ပြီ .. အဲဒါတွေ နင်သိရဲ့လား .."

"မသိဘူး .. သိစရာမှ မလိုတာ သိရတော့ ဘာလုပ်မှာလဲ .. ငယ် တွေးနေတာ ကိုကြီး အကြောင်းပဲ၊ နေ့ရော ညရော ကိုကြီးအကြောင်း တွေကလွဲပြီး ငယ် ဘာမှမတွေးဘူး .."

သူ မျက်နှာလွှဲပစ်မိလျှင် ငယ် က နှုတ်ခမ်းလေးမဲ့သွားကာ ..၊

"ငယ့် ကို ကိုကြီး ညီမတစ်ယောက်လိုချစ်တယ်ဆိုတာ ငယ် သိပါတယ်၊ ငယ် ကလည်း ကိုကြီးဆီက ဘာကိုမှ မမျှော်လင့်ခဲ့ပါဘူး၊ ဒါပေမယ့် ကိုကြီး မိန်းမယူသွားမှာကို ကြောက်တယ်၊ ကိုကြီးနားမှာ ခုလို နေနေရတဲ့အခွင့်အရေးလေးတောင် မရတော့ရင် .."

"ဘာတွေလျှောက်ပြောနေတာလဲ .."

"ကိုကြီးကို မမသက်ထား နဲ့ အမြန်ဆုံးပေးစားဖို့ အဒေါ်က စီစဉ်နေပြီ.."

ပြန်ထိုင်မလို့ လဲနေသည့် ခုံကိုဆွဲထူလိုက်ရင်း ဘုန်းရိုပ် က ဖျတ် ခနဲ လှည့်ကြည့်၏။ ငယ် က မျက်နှာလေးရှေ့တိုးလိုက်ကာ ..၊

"အဲ့ဒါ ကိုကြီး သိပြီးပြီလား ဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ သူကြီးဆီမှာ အမေ ပြောပြောနေတာ တစ်ရွာလုံးသိတာပဲ.."

"ခု စီစဉ်တာကိုတော့ ဘယ်သူမှ မသိကြပါဘူး .."

ငယ့် အသံလေးက ကြေကွဲခြင်းဖြင့် တုန်ခါနေကာ ..၊

"အဲ့ဒါ .. အရီး အဲဒီလိုလုပ်ဖို့ ဖြစ်သွားခဲ့တာ ငယ့် ကြောင့် သိလား.."

"ဘာတွေပြောနေတာလဲ .. ပြန်ထိုင် .."

ဘုန်းရိပ် က ခုံမှာပြန်မထိုင်ဘဲ ငယ့် ကိုပဲ ထိုင်စေကာ ရေသွားသောက်၏။ ပြီးမှ ပြန်လာပြီး ..၊

"ထိုင်လေ .. ဘာလုပ်နေတာလဲ .."

ငယ် က ခေါင်းခါ၍ ..၊

"ကိုကြီး ထမင်းမစားတော့ဘူးလား .."

"ပြောနေတဲ့ စကားကို ဆက်ပြော .. ဝေ့လည်ကြောင်ပတ်တွေ လုပ်မပစ်နဲ့ .."

"ငယ့် ကို ဘယ်သူ့မှ သွားမပြောရဘူးလို့ ကြီးကြီးက မှာထားတယ်၊ ဒါပေမယ့် ကိုကြီးကို ငယ် မေးချင်တာ ဘယ်လိုမှ မနေနိုင်လို့.."

"ဘာကိုလဲ .."

"လူကြီးတွေက ပေးစားရင် ကိုကြီးက မမသက်ထား ကို ယူမှာလားဟင် .."

စားပွဲစွန်းမှာ ခပ်နွဲ့နွဲ့ကပ်မှီကာ လက်ပိုက်လိုက်တော့ နှစ်ယောက်က ထောင့်မှန်ကျ နီးကပ်သွားခဲ့၏။ မျက်တောင်ဖျားတို့ မေးစင်း၍ ငုံ့ကြည့်မိလျှင် ငယ့် မျက်နှာလေးက သူ့ကို မော့ငေးနေတာ ပြစ်ဒဏ်ကျခံ ရတော့မည့် တရားခံတစ်ဦးလိုပင် ..၊

"ဟင် .. ကိုကြီးက မမသက် ကို ချစ်နေတော့ အဲ့ဒါကို လက်ခံမှာပဲမို့လား .."

"ဟွန်း .."

နှုတ်ခမ်းပိတ်ရင်း ပြုံးလိုက်တိုင်း ငယ် ကိုကြီးကိုငေးကြည့်ခဲ့ရ



ည်။ ခုလည်း ငေးကြည့်နေမိလျက် ..၊

"ငယ် သိပါတယ် .. ဒါပေမယ့် ဒါပေမယ့် ကိုကြီးနဲ့ ငယ် မခွဲ ဘူး ကိုကြီး မမသက် နဲ့ဖြစ်ဖြစ် တခြားသူနဲ့ဖြစ်ဖြစ် လက်ထပ်သွား ဆိုရင် ငယ် က ခုလို ကိုကြီးနားမှာ နေလို့မရတော့ဘူး၊ အဲဒီအဖြစ် ကြောက်တယ်၊ ကိုကြီးဆီက ဘာကိုမှ မမျှော်လင့်ပေမယ့် အနားမှာ နေ့လေးတော့ ရချင်မိတယ် .."

ငယ် စကားတွေ တတ်နေတာကို စိုက်ကြည့်ရင်း ပြုံးမိတော့မလို သွားသည်။ ဒါပေမယ့် တလွဲတွေတွေးပြီး သူမလေးက ကြေကွဲသွား ည်မို့ မပြုံးရက်ခဲ့ ..၊

"ကိုကြီးကို ငယ် ချစ်တယ် .. ကိုကြီးရဲ့ ဇနီးဖြစ်ရဖို့တွေ ဘာညာ ပါဘဲ အရီးလေးတို့နဲ့ရော စန်းရီ တို့နဲ့ရော ခုလိုပဲ ရင်းနှီးပျော်ရွှင် လေ ..၊ အဲ့လိုမျိုး တစ်သက်လုံးနေသွားချင်တယ် .."

"နင် မေတ္တာငတ်နေတာပါ .."

"ဟင် .."

"မိသားစုမွေးချင်းဘာမှမရှိဘဲ မကြင်နာတတ်တဲ့ ကြီးတော်တစ် ရဲ့ ထိန်းချုပ်မှုအောက်မှာ နင် အထီးကျန်နေခဲ့တာ အဲဒါကြောင့် မိသားစုတွေအပေါ်မှာ တွယ်တာနေတာပဲ .. နင့်ကို ဘယ်သူတွေ င်လွဲနေနေ ငါ နားလည်တယ် .."

"ကိုကြီးက ငယ့် ကို သနားနေတာလား၊ ဒီအိမ်သားတွေအားလုံး ချစ်တာမှန်ပေမယ့် ကိုကြီးကို အားလုံးထက်ပိုချစ်တယ်၊ ဘယ် ချစ်မျိုးမှန်း မသိပေမယ့် ဒါဖြစ်သင့်တာ မဖြစ်သင့်တာတွေ ဘာမှ နဲ့ ငယ် က ချစ်နေရတာကိုပဲ ပျော်တာ .. အဲဒါတွေက ကိုကြီး မိန်းမ ရင် .."

"ငါက ယူတော့မယ်ပြောနေလို့လား .."

"ဒါပေမယ့် ယူရမှာပါ၊ ကိုကြီးက မမသက် ကို ချစ်နေခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခု အရီးတို့က ပေးစားတော့မယ်၊ တကယ်တော့ အဲဒါတွေ … ကြောင့်ဖြစ်လာခဲ့တာ .."

"ပြန်ပေါ်လာပြီ .. ခုန ပြောခဲ့တဲ့စကား .."

"ဟုတ်တယ် .. အဲဒါ ကိုကြီးကို ငယ် ပြောခဲ့ချင်တာ .."

ငယ် က နာနေသည့် ခြေထောက်ကို ဖော့နင်းကာ ဘုန်းရှိ… မျက်နှာချင်းဆိုင်ရပ်လိုက်၏။

"ဒီပြဿနာတွေ ဖြစ်ခဲ့ရတာရော .. ငယ် အခု အိမ်ပေါ်ရောက်… ခဲ့တဲ့အထိ အရီးက ငယ့် အတွက်ပဲ စဉ်းစားခဲ့တာပါ၊ ဒါပေမယ့် ပတ်ဝန်း… ကဲ့ရဲ့စကားတွေနဲ့ ကိုကြီးနဲ့ ငယ် နီးစပ်သွားမှာကိုတော့ မဖြစ်စေချင်ဘူး…

အမေ သူ့ကို ဒီလိုစကားမျိုး တစ်ခါမှမပြောခဲ့ဖူးပေ ..။ သူ့ရှေ့… ပြောသမျှက ငယ့် ကို သနားကြောင်း၊ ငယ် ဘယ်လိုဖြူစင်တဲ့အကြော… ဒါပဲဖြစ်၏။

"စန်းရီ တို့ကိုလည်း ငယ် မေးကြည့်ပြီးပြီ .. အဲဒါတွေက တကယ်…

"ဘယ်သူပြောတာလဲ .. အကြီးကျော့ လား .."

ငယ် က ခေါင်းညိတ်ကာ ဒေါ်မြရှင် ပြောခဲ့တာတွေကို ဒေါ်… ပြန်ပြောပြသည့်အတိုင်း ..။

"ဘယ်သူတွေ ဘာပြောပြော ငယ် အနေအထိုင်မတတ်လို့ မဟုတ်… မှန်း ငါသိတယ်၊ ဒါကြောင့် ခု ပြဿနာဖြစ်ခဲ့တာကို ငယ့် ဘက်က… ကာကွယ်ပေးခဲ့တာ၊ ဒါပေမယ့် ဒီလိုရှုပ်ထွေးမှုတွေကြောင့် ငါ့သား… ရိုက်ခတ်လာနိုင်တဲ့ ဂုဏ်သိက္ခာအတွက်တော့ တားဆီးရလိမ့်မယ်တဲ့…

သူမ ကြားခဲ့သမျှကို ပြန်ပြောပြ၍ ..၊

"အရီး မှန်ပါတယ် .. ငယ့် လို မိန်းကလေးမျိုးနဲ့ ဘယ်မိတကမှ…

"ဘာတွေလျှောက်မှန်နေတာလဲ .. အမေက ဘာကိုရည်ရွယ်… ပြောတာမှန်း နင် နားလည်လို့လား .."

"ကြီးကြီးကတော့ လူကြီးချင်းသဘောကို နားလည်မှာပါ၊ …



ကို သနားပြီး အိမ်မှာခေါ်ထားလိုက်ပေမယ့် အရီး စိုးရိမ်နေတာကို ကြီးကြီး က ရိပ်မိလို့ ပြန်ပြောပြတာ .."

"မဖြစ်နိုင်ဘူး .. ဒီကိစ္စ ငါတောင်မသိရသေးတဲ့ဟာ .. တို့သားအမိ ကြားမှာ၊ ပြီးတော့ အမေ့မှာဒီလိုမျိုးသိပ်လျှို့ဝှက်တတ်တဲ့အကျင့်မရှိဘူး.."

"အဲဒါက ငယ် အိမ်မှာရှိနေသေးလို့ အားနာတာနေမှာပါ၊ အရီး ကို ငယ် နားလည်ပါတယ်၊ ကိုကြီးကိုလည်း ငယ် က အပိုင်ရချင်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် တခြားမိန်းမတစ်ယောက်နဲ့ ယူသွားမှာမျိုး တော့ ငယ် မလိုချင်ဘူးသိလား .. အဲဒါကြောင့် ကိုကြီးကို မိန်းမပေးစား မယ်ဆိုတော့ ငယ့် ကြောင့်ဆိုရင် ငယ် ဘာပဲလုပ်ရလုပ်ရ .."

သူမ ဘာအဓိပ္ပာယ်တွေနဲ့ ပြောနေမှန်း သိပေမယ့် ဘာတွေလုပ် ဖို့ စိတ်ကူးနေသလဲဆိုတာ မခန့်မှန်းနိုင် ..။

ထို့ပြင် ရှင်ငယ်လေး ဆိုသည့် ကောင်မလေး ဒီလောက်ထိ လေးလေး နက်နက် ခံစားတတ်နေတာကို အံ့ဩမိ၏။

စူးရဲစွာ အကဲခတ်နေသည့် မျက်ဝန်းတွေကို သူမက ပြန်၍ ငေး ကြည့်နေလျက် ..၊

"ကိုကြီးမှာလည်း ဇနီးမရှိဘဲနဲ့ ငယ် ကလည်း ဒီတိုင်းနဲ့လေ၊ ဘဝတစ်လျှောက်လုံးနေသွားရပါစေ ကိုကြီးနဲ့ နီးနီးလေးပဲ ငယ် နေချင် တယ်၊ အဲ့လိုမဟုတ်ရင်တောင်မှ ကိုကြီးကို အဝေးကနေ လွမ်းနေလို့ရ အောင် ကိုကြီး မိန်းမမယူပါနဲ့နော် .."

အရူးမလေးလို့ ပြောပြီး သူ ရယ်ခဲ့မိသလား၊ ဒါမှမဟုတ် ခေါင်း ညိတ်ပြုံးပြပြီး သူမကို နှစ်သိမ့်ပေးခဲ့သလား ..၊

သူမကတော့ သူ့ရှေ့ကနေ လှည့်ထွက်သွားတာ မြင်ကွင်းတစ်ဆုံး ထိဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ငယ် .."

သူ ဖျတ်ခနဲလှမ်းဆွဲလိုက်မိသဖြင့် လူက ဆတ်ခနဲခါသွား၏။ ထို့ကြောင့် မျက်လုံးတွေဖွင့်လိုက်တော့ အပြင်ကနေ သူ့ကိုခေါ်နေကြသည့် ငထွား တို့အသံတွေ ..။

"ဝါး ..."

အိပ်ရာထဲမှာပဲ ငုတ်တုတ်ပြန်ထိုင်နေမိကာ သူ အိပ်မက်မက်နေတာကို ပြန်တွေးလိုက်မိသည်။ ညတုန်းက ငယ် ပြောခဲ့တဲ့စကားတွေကို အိပ်မက်ထဲမှာပဲ သူမ နောက်တစ်ခေါက်လာပြောနေခဲ့၏။

အပြင်မှာ သူ နားထောင်ရင်း ကျန်ခဲ့ပေမယ့် အိပ်မက်ထဲမှာတော့ ငယ့် ကို တားဆီးလိုက်မိသေးသည်။ သို့သော် ..။

"ဘုန်းရိပ် .."

"ဘာတုံး .."

"ဘာလဲ .. အိပ်ရေးမဝသေးတာလား .."

"မသိဘူး .."

"အေးလေ .. အိပ်ရာထဲက နိုးထုတ်လာခဲ့တာ မနိုးဘဲ ထလိုက်လာတဲ့အတိုင်းပဲ .."

အပြင်ကို အတူတူထွက်ခဲ့ကြတဲ့အထိ သူ့စိတ်တွေ မကြည်လင်..။



"ကိုဘုန်း တို့ ထိုင်ကြဦးနော် .. အဖေ ထမင်းကြော်စားနေလို့.."

သူကြီးက ခေါ်လိုက်တိုင်း သူတို့တစ်အုပ်လုံးကိုပဲဖြစ်ကာ တာဝန်တစ်ခုခုပေးပြီဆိုလည်း အုပ်စုလိုက် ..။

"သက်ထား က ဒီနေ့တော်တော်လှနေပါလား၊ ဘယ်အလှူကိုသွားထားတာလဲ .."

သူတို့အတွက် ငှက်ပျောသီးတစ်ဖီးကို ဗန်းကလေးနဲ့ လာချပေးသော ချမ်းသာ က လှမ်းနောက်သည်။ ရေညှိစိမ်းရောင် ဝါတိတ်ကဲ့နေပွဲထိုင်ဝတ်ကြတာမျိုး ပြောင်နေကာ အဝါချိတ်သေးသေးလေးတွေနဲ့ဖြစ်သည်။

ပြီးတော့ သူမက ရွှေထည်လက်ဝတ်လက်စားတွေကိုပါ ညွတ်နေအောင် ဝတ်ထား၏။ ကျောသာသာ ဆံပင်ရှည်တွေကို နှစ်ဖက်ခွဲ၍ ကျစ်ဆံမြီးကျစ်သည်။

ပြီးမှ ပြန်ထုံးထားသဖြင့် ဘယ်ဘက်ဆံထုံးမှာ ယုဇနပန်းခက်လေးတွေ အဆုပ်လိုက်ကပ်ပန်လိုက်တော့ ပိုလှသွားလေသည်။

လှတယ်ဆိုတာနှင့် ရှက်သွေးကြွယ်သွားသည့် မျက်ဝန်းလေးတွေက ဘုန်းရိပ် ဆီ ဝေ့သွား၏။ ပြီးမှ ..။

"အမေ လယ်ထဲခဏသွားလို့လေ .. ပြန်လာရင် ထီးတော်တင်မယ့်ဘုရားအတွက် ဘုရားပွဲအစီအစဉ်တွေ ဆရာတော့်ကျောင်းမှာ သွားလုပ်ကြမှာ၊ ပြီးရင် တောင်ပိုင်းကိုလည်း ဆက်သွားဖို့ရှိတော့ .."

"ပွဲဆက်တွေ များနေတာပေါ့ .."

"ဟွန်း .."

"နင်တို့နှစ်ယောက် ဒီသီတင်းကျွတ်မှာတော့ စာရင်းမလွတ်စေနဲ့နော် .. ဒါမှ ငါတို့ ဝါးတီးရမှာ .."

"ဘာလဲဟ .. ဘာမှမစားလာကြဘူးလား .."

သူကြီး ထွက်လာတာနှင့် စကားစပြတ်သွားကြ၏။ သက်ထားက နေရာမှ မသွားခင် ဘုန်းရိပ် ကို လှမ်းကြည့်သေးသည်။ ဘုန်းရိပ်

www.burmeseclassic.com

www.burmeseclassic.com



က နဖူးခြစ်ရင်း စိတ်နဲ့လူနဲ့ မကပ်သည့်ပုံနှင့် သူမ ကြည့်လိုက်တာကို မသိ ..။

"ဟိတ်ကောင် .."

"ဟ. ..."

သေချာလက်ထောက်ပြီး နဖူးကုတ်နေတာမို့ ချမ်းသာ လက်ကို တိုက်ချလိုက်တော့ လက်နောက် မျက်နှာပါသွားပြီး ငိုက်ခနဲ ..၊

"သူတောင်းစား .."

"အေး .. တောင်းစားဖို့ကို မင်းပဲတွေးနေတာ၊ ဟိုက မြောင်းရောချောင်းရောပေးနေတာကို မင်းက ရေစီးရေလာကောင်းဖို့မတွေးဘူး.."

"ဘာလဲ ..."

"သက်ထား အလှတွေပြင်ထားတာ မင်းလာမယ်မှန်းသိလို့ကွ.. ပြင်ရကျိုးနပ်အောင် နည်းနည်းပါးပါး .."

"ဘာလုပ်ပေးရမလဲ .."

"ဩော် .. အင်း .. အာဘွားလေးသွားပေးလိုက်လေ .."

ဘုန်းရိပ် စပ်ဖြဲဖြဲဖြစ်သွားပြီးမှ မချိုမချဉ်ပြန်တည်ကာ ..၊

"ဖအေရှေ့မှာ သူ့သမီးကို လှမ်းရှိုးနေရင် ကောင်းမလား .."

"ဘယ်တုန်းက ဂရုစိုက်သွားတာလဲ .."

"ဟွန်း .. မင်း မကြည့်လို့မသိတာပါ .."

ဒီကောင်တော့ တကယ်ပါပဲ ..၊

သက်ထား ကို ရည်းစားစကားပြောထားပြီး အဖြေတောင်းဖို့ကျ တော့ မသိသလိုလို မလစ်သလိုလို ..၊

အဖြေမတောင်းပေမယ့် တွေ့လိုက်တာနှင့် သူချည်းပဲ သေလုမျော ပါးလိုက်ကြိုက်နေရသလိုလို မျက်စိလည်အောင်လည်း လုပ်တတ်သေးသည်။

"ဟိုနှစ်ကောင် ဘာတွေတွတ်ထိုးနေတာလဲ .."

"ဗျာ ..."

ချမ်းသာ နဲ့ ဘုန်းရိပ် မျက်နှာချင်းဆိုင်နေရာကနေ မျက်နှာတွေ



အော်တိုမစ်တစ် အသင့်ဖြစ်သွား၏။

"ရပ်ကွက်ထဲမှာ ဟိုအရေးဒီအရေးတွေလည်းရှိနေလို့ ငါ ခိုင်းထားတဲ့ ကိစ္စကို မလောဆော်တဲနေခဲ့တာ၊ မင်းတို့ ဒီည ဟိုကိစ္စလုပ်ဖို့အသင့်ပြင်ကြ.."

"ဘာကိစ္စလဲသူကြီး .."

ဘုန်းရိပ် က မသိတတ်နားမလည်သူလေးလို မျက်နှာသေလေးနှင့်..၊

"အိမ်မှာ ခုထိ ပွည်ကွစရှိနေတော့ ခေါင်းတွေရှုပ်ပြီး ဘာမှမသိ တော့ဘူး၊ သူကြီး ပြောလိုက်တာ ဘာကိစ္စများလဲ .."

သူကြီးက မျက်မှောင်ကြီးကုတ်၍ ကြည့်နေပေမယ့် ဘုန်းရိပ် က မျက်နှာတစ်ချက်မှ မပျက် ..၊

"ဝါမဝင်ခင် အမီလုပ်ကြမယ့် မင်္ဂလာဆောင်တွေလား ..ဒါဆို ငထွား နဲ့ ခင်ဆုံ တို့ပဲဖြစ်မယ် .."

"အေး .. အဲဒါ ဖြစ်နိုင်တယ်ကွ .."

"ဟောကောင်တွေ .. မင်းတို့ .."

ငထွား မျက်လုံးပြူးသွားကာ အောင်ကြီး နဲ့ ဘုန်းရိပ် ကို လှမ်း ကားသည်။ တို့ဖို့ဆိတ်ဖို့က နီးနီးကပ်ကပ်လည်း မဟုတ် ..၊

ဒီကြားထဲ ချမ်းသာ က ရယ်ကာ ..၊

"ဟုတ်တယ် သူကြီး ငထွား နဲ့ ခင်ဆုံ တို့အတွက်ဆိုလို့ကတော့ ကျွန်တော်တို့အဖွဲ့ ဘာဆောင်ရွက်ပေးရမလဲ၊ အရိုးကြေကြေအရေခမ်း ခမ်းပါ .. ဖြစ်ပါတယ် .."

"ဒီကောင်တွေကတော့ ငါ့နားမှာသာ ကြိမ်လုံးရှိရင် မင်းတို့သေပြီ.."

"ဟမ် ..."

"မ .. မဟုတ်ဘူးလား .. ကန်တော့ .. ကန်တော့ .."

"မင်းတို့ သချိုင်းသွားဖို့ကိစ္စကိုပြောနေတာ၊ ငှက်ပျောတုံးသွား ထားဖို့ .. မစံပယ် အတွက် ငှက်ပျောတုံးကိစ္စကို ဒီညအပြတ်ဖြတ်ဖို့.."

"ငှက်ပျောတုံးဖြတ်ဖို့က ဘယ်လိုဓားနဲ့ ဖြတ်ဖြတ် ပြတ်ပါတယ်.."

"ငါ့အိမ်ကဓား ထက်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှားမက မှားကောက်ကြီးရယ် .. ကြိုက်သလိုသုံးလို့ရတယ်.."

"တော်ကြစမ်း .."

သူကြီး စားပွဲကို ဖျန်းခနဲပုတ်လိုက်ကာ ...၊

"ကြိုက်တဲ့စားနဲ့ ခုတ်ခဲ့ .. ပြီးရင် ငါ အားလုံးအစအဆုံးပြန်ပြော ပြမယ်၊ အဲဒီအတိုင်း တစ်သွေမတိမ်းလုပ်ခဲ့ .."

"သူကြီး ကျွန်တော် တစ်ခု မေးချင်လို့ပါ .."

ဘုန်းရိပ် ပဲ အသံထွက်လာတာမို့ သူကြီး မျက်နှာကြီးက ပုပ်သိုး နေကာ ...၊

"ဘာလဲ .."

"အပျိုကြီးက ခုလောက်ဆို အရိုးကျနေလောက်ပါပြီ .."

"ခုမှ ဆယ်ရက်ပဲရှိသေးတာကွ .."

"ဒါပေမယ့် သူ မသိတော့ပါဘူး .."

"ဟုတ်ပါတယ် သူကြီးရယ် .. ငှက်ပျောတုံးမလိုတော့ဘဲနဲ့ တစ်ခုခု နဲ့ အဆင်ပြေသွားပြီနေမှာပါ .."

"ငထွား .."

"ဗျာ ..."

"တောက် .. မင်းတို့ ပေါက်ကရတွေ လျှောက်ပြောနေရင် ထိပ်တုံးစာ မိတော့မှာနော် .."

ဘုန်းရိပ် က ဖျတ်ခနဲလှည့်လာတာ ဝမ်းသာအားရနှင့် ...၊

"ထိပ်တုံးစာ နှစ်ဆယ့်လေးနာရီမိသွားရင် သင်္ချိုင်းကိုသွားစရာ မလိုတော့ဘူးတဲ့ .. ငါတို့ ထိပ်တုံးအမိခံလိုက်ကြမလား .."

"ကောင်းတယ် .."

"ဒါဆို လုပ်လိုက်ပါ သူကြီး .."

လေးယောက်စလုံး ရယ်မောမပျက် တက်ညီလက်ညီဆုံးဖြတ်နေ ကြတာကိုကြည့်၍ သူကြီး မျက်နှာကြီး နီရဲလာ၏။ ဘုန်းရိပ် က ချမ်းသာ တို့ဘက်ကိုပဲလှည့်၍ ...၊



"မင်းတို့ ထမင်းကြမ်းအဝစားခဲ့ပြီးပြီမို့လား .."

"စားပြီးပြီ .."

"မစားရသေးလည်း မစံပယ် နဲ့ မတွေ့ရဖို့အရေး တို့အရေးပဲ.."

"ဟုတ်တယ် .. သင်္ချိုင်း မသွားရဖို့အရေး တို့အရေး .."

ဘုန်းရိပ် ခေါင်းခါ၍ ...၊

"နောက်ထပ် အရေးကြီးတာ ရှိသေးတယ် .."

"ဘာလဲ ..."

"အပျိုကြီးမသာ ထပ်ရှိမလာဖို့အရေး .."

"တို့အရေး .."

"ဘုန်း...."

သူကြီးက စားပွဲခုံကို လက်ဝါးနဲ့ ပုတ်ထည့်လိုက်ကာ ...၊

"မင်းတို့လိုပဲ ငါ့အရေးလည်းရှိတယ် နားထောင် .. ခုကနေ ညနေ ခြောက်နာရီထိ မင်းတို့ကို ထိပ်တုံးခတ်မယ် .."

"ဟင်!..."

"ခိုင်းတဲ့ကိစ္စကို မလေးစားဘဲ တလွဲတချော်တွေဖြစ်လာရင်လည်း နှစ်ဆယ့်လေးနာရီ ထိပ်တုံးစာမိမယ် .."

"ဟာ ...."

"အဲ့ဒါ ငါ့အရေးပဲ .. ဟော .. ပေတလူး လာစမ်း .. ထိပ်တုံးသယ်လာခဲ့.."

"သူကြီး အဲ့ဒါ ဘာအပြစ်နဲ့လဲ .."

"အေး .. မင်းမေးမှ မေးပါ့မလားလို့ .."

သူကြီးက ဘုန်းရိပ် ကို ခပ်ပြုံးပြုံးကြည့်၍ ...၊

"မသိရင် မှတ်ထား .. အဲ့ဒါ အမြင်ကတ်ပုဒ်မလို့ခေါ်တယ် .."

မှတ်သားထိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၅)

သူကြီးက ပြောသလိုတော့ မလုပ်ခဲ့ပါ။ နှစ်နာရီလောက်ပဲ ထိပ်တုံး ခတ်ထားပြီး ပြန်ဖြုတ်ပေးခဲ့၏။ အိမ်ရောက်တော့ အမေက ဆူလိုက်တာ ရစရာမရှိ ..။

"နည်းတောင် နည်းသေးတယ် ကိုဘုန်း .. ငါ့သား အရွယ်ရောက် လာပြီဆိုပြီး အမေလုပ်တဲ့သူက စိတ်တွေချမ်းသာလို့၊ သားကတော့ အား မကိုးရတဲ့အပြင် ကိုယ့်ပြဿနာနဲ့ကိုယ် ရှင်းလို့မနိုင်ဘူး .."

"အရီးကလည်း ဒီတစ်ခါတော့ သူကြီးက လွန်တာပါ .."

"အံမယ် .. လာသေးတယ် .."

သူငယ်ချင်းတွေက ဒါမျိုးဆို ညီညွတ်ကြတာသိထားသဖြင့် သူတို့ ထမင်းပိုင်းနားမှာ ထိုင်လိုက်ရင်း ဒေါ်မြရှင် က ခပ်မဲ့မဲ့နှင့် ..၊

"ယောဒီရွာတွေထဲမှာ ငါတို့သူကြီးလောက် ရပ်ရေးရွာရေး လူမှုရေး တွေမှာ တက်ကြွတဲ့ သူကြီးမျိုးမရှိဘူး၊ မင်းတို့လို အုပ်စုလို ဆိုးတဲ့ဒဏ် ကို ခံနိုင်တာလည်း သူပဲ .."

"ဟုတ်ပါလိမ့်မယ် အရီးကလည်း ထစ်ခနဲဆို ထိပ်တုံးပဲ .."

"ကျွန်တော်တို့က မဆိုးရဘူး၊ သူ ဆိုးတာကိုပဲ သည်းခံနေရတာ.."

"သူ့သမက်လောင်းကြီးတစ်ကောင်လုံး ပါနေတာလည်း ညာညာ တာတာမရှိဘူး .."

ဘုန်းရိပ် က မျက်ချဉ်နဲ့ ဝက်ပေါင်ခြောက်ဟင်းကို ခပ်ယူလိုက်ရင်း



နေသည်။ ဒေါ်မြရှင် က သားမျက်နှာကို အကဲခတ်၍ ..၊

"သမက်လောင်းဆိုလို့ ပြောဖို့သတိရသွားပြီ .. ဒီဝါမဝင်ခင် သား ... ထား ကို အမေတို့က .."

"ကျွန်တော် အိမ်ထောင်မပြုချင်သေးပါဘူး .."

"ဟင်!..."

"ဟင်!... တာ ဘုန်းရိပ် .."

အားပါးတရ ခပ်ယူစားသောက်နေကြသည့် လက်တွေ ရပ်တန့် ကြသည်။ ဒေါ်မြရှင် ကတော့ မျက်မှောင်တစ်ချက်ကုတ်သွားပေ ... ဆေးဆတ်၍ ..၊

"ပြောပါဦး .. ဘာဖြစ်လို့လဲ .."

"ဘာမှမဖြစ်ပါဘူး .. ဒီတိုင်းပဲ နေချင်သေးလို့ .."

"အဲ့ဒါ မိန်းကလေးဘက်က ငြင်းရမှာလေ .. မင်းက .."

"အမေကလည်း ယောကျ်ားလေးဖြစ်တိုင်း ဘာလာလာ ဝဲလ်ကမ်း ရမှာလား .. မိန်းမယူတာ လွယ်တာမှတ်လို့ .."

"ယူတာကတော့ လွယ်ပါတယ်ကွာ .. မင်းကလည်း ဒီ့ထက်လွယ် ... ဒီလောက်မလွယ်ဘူး .."

"အေးလေ .. ယူပြချင်စမ်းပါဘိ .."

ထွား က ခင်ဆုံ ကို မပိုင်နိုင်သေးသူမို့ အသည်းယားသည့်အသံ ... ပြောကာ ငါးလေးအိုးကပ်ဟင်းနဲ့ ထမင်းလုတ်ကြီးကို ပါးစပ်ထဲ ... သည်။ ပြီးတော့ ..၊

"အ ..."

"သွားပြီ .. အရိုးစူးပြီ .."

ဘုန်းရိပ် က ပြောပြီးရယ်ကာ ..၊

"ကြိမ်းဝါးတုန်းပဲရှိသေးတယ် အရိုးစူးပြီ .. ဘယ့်နှယ်လဲ လိုချင် ... မိန်းမ .."

အရိုးစူးနေတာကို ရှင်းရင်း ပြန်မပြောနိုင်သေးမယ့် ထွား က ခေါင်း ... ညိတ်၏။ အားလုံးပြီးတော့မှ ..၊

www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တယ် ဟောကောင် .. အရီးလေးက ငါ့အတွက် ဆေ့စပ်ပေး မယ်ဆိုလို့ကတော့ .. ဟွန်း.. လာထားပဲ.."

"တော်ကြစမ်းပါကွယ် .. ဒီသားတစ်ယောက်အတွက်တောင် ငါ့ မှာ ခုအရွယ်ထိ ပြောမကောင်းဆိုမကောင်း .."

"ဒါတော့ အရီးကခွဲခြားတာပဲ၊ ကျွန်တော်တို့ကလည်း အရီးလေး သားတွေမဟုတ်ဘူးလား .."

"ဟုတ်တယ်နော် .. ကျွန်တော်တို့က အရီးကို အမေလိုသဘော ထားတာ .."

"အေးပေါ့ .. စားသောက်ကောင်းအောင်ပြော .."

ချမ်းသာ တို့တွေကိုကြည့်၍ ဒေါ်မြ က ချစ်စနိုးပြုံးနေကာ တစ် ဝိုင်းတစ်ဖွဲ့တည်း စားသောက်နေကြတာကို မြင်ရတိုင်းလည်း ကြည်နူး နေခဲ့တာပင် ..။

ပြီးတော့ အားလုံးက ဘုန်းရိပ် အတွက်ဆို နေရာပေးတတ်ကြ တာ ပြောစရာမလို၊ ထမင်းတစ်ဝိုင်းတည်းစားကြတာတောင် ဘုန်းရိပ် ကြိုက်တတ်တဲ့ဟင်းဆို ဘယ်သူကမှ ဝင်မနှိုက်၊ လုယက်စားပစ်တယ် ဆိုတာမျိုးလည်း မရှိခဲ့ပေ ..။

"ဟုတ်တယ် အရီး .. ညီအစ်ကိုလို စေတနာနဲ့ တိုက်တွန်းရမယ် ဆိုရင် ဒီကောင့်ကို သက်ထား နဲ့ ပေးစားလိုက်တာ အသင့်တော်ဆုံးပဲ.."

အောင်ကြီး က သခွားသီးကို ထမင်းနဲ့မဟုတ်ဘဲ နှစ်ကွင်းလောက် ဒီတိုင်းဝါးစားနေပြီးမှ ရွှေဖရုံသီးနဲ့ ပုစွန်ဟင်းကို ခပ်ထည့်ပြီး ပုံလိုက်ကာ..

"ဘာဖြစ်လို့ သင့်တော်တာလဲဆိုရင် သက်ထား က ရွာမှာအလှဆုံး ပြီးတော့ သူကြီးသမီး၊ ပြီးတော့ ဒီကောင့်ကို ကြိုက်နေတာ တစ်ပိုင်းသေလို့.."

"ဘုန်းရိပ် ဆိုရင် တစ်ပိုင်းသေနေတာပါပဲကွာ .."

"ဟ .. ဒါဆို ဘုန်းရိပ် က တစ်ပိုင်းသေနေတာကြီးနဲ့ ညားရ ပေါ့ .. ဘာတစ်ပိုင်းလဲ .."

"အောက်ပိုင်း .."

အောင်ကြီး မေးတာကို ချမ်းသာ က ဖြေလိုက်ပြီး သူကပဲ



ကြောင်ကြောင်ပြန်ကြည့်ကာ ..၊

"ဟုတ်တယ်လေ .. ကိုယ်တစ်ပိုင်းသေပါတယ်ဆို အောက်ပိုင်း ..အပေါ်ပိုင်း ဘယ်လိုလုပ်သေမှာလဲ .."

"အေးလေ .. စာတွေးတွေးတာမဟုတ်ဘူး .. အရီးရှေ့မှာ .."

ငထွား က ခရာကြီး .. သို့သော် ချက်ချင်းမျက်နှာမဲ့သွားကာ..၊

"တစ်ခုတော့ရှိတယ် .."

"ငါ့ တစ်ဝက်ကျွေး .."

အောင်ကြီး ဝင်နှောက်ပြီးမှ ဒေါ်မြရှင် ကို ကြောက်ပြီး ငြိမ်သွား၏။ ငထွား ကတော့ အားနာသလိုလေးတစ်ချက်ပဲကြည့်ကာ ..၊

"ဒီကောင်မလေးက မာနကြီးတယ် .."

"မိန်းကလေးဆိုတာ မာနကြီးမှ .."

အောင်ကြီး က စကားထောက်လှပ်ရင်း ထမင်းစားမပျက် ..၊

"ပြီးတော့ .. နည်းနည်းလည်း ပျင်းတယ်တဲ့ .."

ဒေါ်မြရှင် မျက်ခုံးတွေပင့်တက်သွားသည်။ အပျော်အပျက်ပြော ကြသည့် အောင်ကြီး တို့တွေ ခေါင်းထောင်သွားကြကာ ဘုန်းရိပ် သားအမိကို အကဲခတ်ကုန်၏။ သူများတွေ အတည်အတံ့စီစဉ်နေ ကြသည့်ကိစ္စကို ဒီကောင် ..၊

"ပြီးတော့ နည်းနည်းတော့ အပြောကြမ်းတယ်ဆိုပဲ .."

"ဟိတ်ကောင် .. မင်းပြောတော့ တစ်ခုပဲရှိတယ်ဆို .."

"ဒါက ခွဲခြမ်းစိတ်ဖြာခြင်းတွေ .."

မသိမသာ တားဆီးဖို့ ကြိုးစားတာလည်းမရ ..၊

"အဲ .. ပြောရမယ်ဆိုရင် ကုတ်ကုတ်လေးနေပေမယ့် နည်းနည်း တော့ ပုပ်စပ်တယ်လို့လည်း ပြောသံကြားတယ် .."

"မင်း နည်းနည်းလေးတွေများနေပြီ တော်တော့ .."

နောက်ဆုံး အောင်ကြီး က ပေါ်တင်ဝင်တားလိုက်ကာ ..၊

"မင်းနော် .. ငါတို့ကို အရီးရိုက်ထုတ်အောင် မလုပ်နဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"မရိုက်ပါဘူးကွယ် .. အရီးတို့လူကြီးတွေကလည်း လူငယ်တွေအကြောင်း အကောင်းအဆိုးနေရာတကာ ဘယ်လိုလုပ်သိနိုင်မှာလဲ။ မင်းတို့တွေပြောမှ သိရမှာပေါ့၊ ဒါနဲ့ နေပါဦး နင်တို့က ငါ့ကိုနောက်နေတာလား .. တကယ်သိလို့ပြောနေတာလား .."

"ဟာ .. ဒါ နောက်စရာလား အရီးရာ .."

ဒေါ်မြရှင် က အမုန်းမပါသည့် မဲ့ပြုံးနှင့် သားဖြစ်သူကို မျက်လုံးစွေကြည့်ကာ ..၊

"ဒါတော့ မပြောနိုင်ဘူးလေ .. နင်တို့သူငယ်ချင်းက မလိုချင်ပါဘူး ခေါင်းခါနေတော့ .."

"လုံးဝ မဟုတ်ဘူး အရီး .. အဲဒီကောင်မလေးက .."

"ထွား .."

"ဟမ် .. အဟွန်း .. ပြောမပြောချင်ပါဘူး အရီးရာ .."

"သေနာ .. အကုန်လုံးပြောပြီးနေမှ .."

ဘုန်းရိပ် က ထမင်းတစ်ဝက်နှင့် မစားတော့ဘဲ နေရာမှ ထသွားရင်း ရယ်နေ၏။

"ဟင် .. ပြီးသွားပြီလား သား .."

"တွေ့လား .. ဟိုကောင် စိတ်ထိခိုက်ပြီး ထသွားပြီ၊ မင်းကို ထိုးတော့မယ် .."

"ဟိုဘက်လှည့်ပြီး လက်သီးသွေးနေပြီ တွေ့လား.."

"ဒီး .. မူး ..."

ရေသောက်နေရင်း ရယ်ချလိုက်သဖြင့် ရေတွေပါးစပ်ထဲကပြန်ထွက်ကာ နံရံမှာ ချိတ်ထားသည့် သမင်ချိုကြီးတစ်ခုလုံး ရေတွေစိုရွှဲသွား၏။

"ဟား .. ဟား .. ဟား .. တွေ့လား၊ ဒီကောင် ဟိုဘက်လှည့်ပြီး ဒေါသတွေကြိတ်ထွက်နေတာ .."

"တွေ့တယ် .. ဒီကောင့်မှုတ်အား မသေးဘူး .."

"အေးလေ .. ရေတွေပြန်ထွက်လာတာ ဆင်နှာမောင်းနဲ့ မှုတ်တာ



ကျနေတာပဲ .."

"သေနာကောင်တွေ တော်တော့ .. စားစရာရှိတာ ဖြောင့်ဖြောင့်တန်းတန်း မရှိမချဘူး .."

ဒေါ်မြရှင် ကတော့ ဒီကောင်လေးတွေ အစအနောက်သန်တာတွေကြားရလွန်းလို့ ရိုးနေပါပြီ။

"သားကို အမေ အကဲခတ်ရတာ .. သက်ထား ကို လိုချင်ပုံမပေါ်ဘူးထင်တယ်၊ ဟိုအရင်ကတော့ သားတို့ချင်း ချိတ်တိတ်တိတ်ဆို .."

"အမေ့ကို ဘယ်သူပြောတာလဲ .."

"ဩော် .. မင်းနှယ် .. တစ်ရွာလုံးပြောနေကြတာပဲ သားရယ် .."

"တစ်ရွာတည်းသားချင်း .. ဒီလိုစနောက်နေကြတာ အမေကလည်း.."

"ဟုတ်တယ် အရီး .. သူက စနောက်ပြီး ရည်းစားပြောနေကျ.."

"ယှော့ကောင် .. ယှော့ကောင် .."

"မင်း မဟုတ်လို့လား .."

"ငါ ရေခွက်နဲ့ ပေါက်ထည့်လိုက်မှာ ..."

"ကြွေခွက်ကြီးနဲ့ ပေါက်မှာလား .. လုပ်လေ နဖူးနဲ့ ရေခွက် ဘယ်ဟာပိုမာသလဲသိရတာပေါ့ .."

ဘုန်းရိပ် က ရေခွက်ကို ရေအိုးဖုံးပေါ်ပြန်ချကာ ..၊

"အလကား လျှောက်ပြောနေတာ အမေ .. တစ်ခါမှ မပြောဖူးဘူး.."

"ပြောဖူးတယ်တော့ လုပ်လိုက် ဘုန်းရိပ် .."

"အေးလေ .. 'တစ်ရွာလုံးက ပြောနေကြသလို နင်နဲ့ငါ ရည်းစားတွေဖြစ်သွားရင် ကောင်းမှာပဲ၊ ဘယ်လိုလဲ' လို့ ဘယ်သူမေးတာလဲ.."

"ဟုတ်သားပဲ ချမ်းသာ .. အဲဒါ ရည်းစားစကားမှ မဟုတ်တာ၊ ငါ ဘုန်းရိပ် ဘက်က ငါ ထောက်ခံတယ် .."

"ဟုတ်တယ် .. အဲဒီကောင်မလေးက မစားကောင်းတဲ့အသီး .."

"လူတစ်ကောင်လုံးကြီးကိုကွာ .."

"ဟုတ်လား .. ချမ်းသာ ဘာကို မစားကောင်းတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြရှင် ကတော့ သက်ထား နဲ့ ပတ်သက်တာကိုသာ အမိအရ ပြန်ဆက်မေးနေကာ …၊

“ဒီမိန်းကလေးကို အကဲခတ်နေတာ တစ်ခုခုတော့ လိုနေသလိုပဲ လို့ထင်တော့ ထင်သား …”

လူငယ်တွေရှေ့မှာ နည်းနည်းလောက် စကားလေးခင်းပေးလိုက်တာနှင့် …၊

“အဲ့ဒါပဲ အရီး … သူက လှပေမယ့် စကားပြောကြည့်လိုက်တာနဲ့ ချစ်မွေးကိုမပါတာ အသိသာကြီး …”

“ဟုတ်တယ် … သူပဲသိတာ …”

“တစ်နေရာရာမှာတော့ ပါချင်ပါမှာပေါ့ကွ … ငြိမ်းမွေးတို့ဘာတို့ ဆိုတာ မမြင်ကွယ်ရာတွေမှာ ပေါက်ထွက်တဲ့ဟာ …”

ဒေါ်မြရှင် က ရယ်ကာ …၊

“ဒါပဲလား … ဒီလောက်နဲ့တော့ ချွေးမအဖြစ်က ထုတ်ပယ်ဖို့မပြော နိုင်ဘူး …”

“ဟာ … အရီး အထင်မလွဲနဲ့နော် … အဲဒီလိုထုတ်ပယ်ဖို့ပြောပြနေ တာမဟုတ်ဘူး၊ ဒီကောင်မလေးရဲ့ အရှိကိုအရှိအတိုင်း အရီး သိအောင်လို့ …”

“ဟုတ်တယ် … မင်းပဲသိတာ … အရီး မသိသေးဘူးပြောပြလိုက် …”

စကားတစ်ခွန်းသည် လိုရာမရောက်နိုင်ဘဲ ရယ်မောခြင်းနဲ့သာ မပြီးမဆုံးနိုင်ဖြစ်နေခဲ့လျက် နောက်ဆုံးကျမှ …၊

“သက်ထား က ဘုန်းရိပ် ကို နှစ်ပိုင်းသုံးပိုင်းသေအောင်ကြိုက် နေတာတော့ သေချာတယ် အရီး … စိတ်ဓာတ်လေးကတော့ …”

“အင်း … ပြုပြင်တယ်ဆိုတာလည်း ကိုယ်တိုင်လုပ်မှဖြစ်တာ …”

ဒါကိုပဲ ရေရွတ်၍ သက်ပြင်းချမိ၏။ သက်ထား အကြောင်း အကောင်းမကြားခဲ့ဘူးတာတော့ စိတ်ပျက်စရာပါ။

သူမအေးမှာရှိနေကြသည့် မိန်းမဖော်တွေကိုယ်တိုင်က နည်းနည်း လောက် သက်ထား အကြောင်းစပေးလိုက်တာနှင့် မျက်နှာတွေရှုံ့ခဲ့သူ



ကြတာက အရင် …၊

ပြီးတော့ အလှူနေ့က တရုတ်ကြီးလာပြောပြတဲ့ စကားတွေရယ်၊ သူမကိုယ်တိုင် ကြားခဲ့ရတဲ့ သက်ထား ပြောနေတဲ့အကြောင်းတွေရယ်…

ဒီမိန်းကလေး သားကို သဘောကျပြီး သားနဲ့ ရင်းနှီးနေတဲ့ ဘယ် သူ့ကိုဖြစ်ဖြစ် သဝန်တိုသည်။ ငယ့် ကိုကျတော့ တိုက်ရိုက်ဖိနှိပ်တာမျိုး တွေ လုပ်နေခဲ့၏။

သားနဲ့ သူမကို သဘောတူမိတာက သူမရဲ့ အလှအပတွေနဲ့ မျိုးရိုး အဆင့်အတန်းလေးကိုပါ။ စိတ်ဓာတ်ကို အကဲခတ်ရင်း ဒီလောက်ထိ ကြာနေခဲ့တာက သားအတွက် အလှအပအဆင့်အတန်းကိုပဲကြည့်ပြီး ရွေးချယ်မပေးချင်တာကြောင့်ဖြစ်သည်။

‘သားကိုချစ်နေတာလေးဆိုတော့ ချစ်တဲ့သူက နားလည်သည်းခံ မှာပဲ’ လို့ ကိုယ့်ဘက်က ရမှာလေးကိုတွေးပြီး ပေးစားဖို့စိတ်ကူး ခဲ့တာလည်း ကြာလေ လျော့ရဲပျက်ပြားလာလေ …၊

တကယ်တမ်းကျတော့ သားရဲ့ အိမ်ထောင်ဘက်ကို သားကိုယ်တိုင် နှစ်သက်မြတ်နိုးတာလေးပဲ ဖြစ်စေချင်သည့်ဆန္ဒကသာ အနိုင်ယူနေခဲ့လျက်…၊

“ဒါဆို သားက သက်ထား ကို လက်မထပ်ချင်တာ သေချာတယ်ပေါ့…”

လူငယ်တွေအားလုံး ငြိမ်သွားသည်။ ဒါက အတည်အတံ့မေးလိုက် တာမှန်းသိတာကြောင့် မျက်နှာပိုးတွေသပ်၍ ဘုန်းရိပ် ကို လှမ်းကြည့်ကြ၏။

“အမေ ပြောချင်တာက အခု မလိုချင်သေးတာလား …, သူ့ကို အိမ် ထောင်ဘက်အဖြစ် စိတ်ကူးထဲမှာကို မရှိတာလား …”

“အမေကရော ကျွန်တော့်ကို မမေးဘဲနဲ့ တစ်ခုခုပြောဆို လွှန်ကျံ နေတဲ့အထိ …”

“မင်းအမေ ဘယ်တုန်းက အဲ့ဒါမျိုးလုပ်ဖူးလို့လဲ ကိုဘုန်း၊ အမေက ငါ့အမေပဲဆိုတဲ့အထိုင်နဲ့ သားသမီးကို ဒီမှာထိုင် ဟိုနေရာမှာနေဆိုတာ မျိုး ဘယ်တော့မှ မညွှန်ကြားဘူး၊ အခု သားက ကလေးလည်းမဟုတ် တော့ဘူး၊ ပြီးတော့ ဒါက အိမ်ထောင်ရေး …”

www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားကို ကြားကာမှ ငယ် ပြောခဲ့တာတွေကို သတိရ... သည်။ ဒီစကားတွေကို အကြီးကျော့ က ပြောပြခဲ့ပါသည်ဆိုလျှင် အ... က မပြောဘဲ အကြီးကျော့ က ဘာသဘောနဲ့ ပြောတာလဲ ...။

"မိငယ် နေကောင်းသွားပြီလား အမေ .."

"အင်း .. ကောင်းလို့ သူကြီးတော်ဆီ ပြန်သွားပြီ.."

ဘုန်းရိပ် မျက်နှာပျက်သွားသည်။ ကြီးတော်အိမ်ဆိုတာနဲ့ ဒီအိမ်... ဘယ်အိမ်က ကိုယ့်အိမ်လို့ ခွဲခြားနေတာနေတာမျိုး ငယ့် အတွက် မရှိ...

အထူးသဖြင့် ငယ် ဒီမှာပဲနေထိုင်ကြီးပြင်းလာခဲ့တာ လူတိုင်းအသိ...

"ပြန်သွားပြီဆိုတာ ဘယ်တုန်းကလဲ အမေ .. ညကတောင် ... ကိုယ်တွေ့ပူနေသေးတာ .."

"သား ဝင်ကြည့်လိုက်သေးလား .. ဟုတ်တယ် မနေ့က တစ်... ကုန်အပြင်တော့ သိပ်မထွက်ဘူး၊ အမေလည်း ဘုရားထီးတင်ပွဲကို... သွားလာနေရတာ လူမမာကိုတောင် မကြည့်နိုင်ဘူး .."

"ကျွန်တော် ထမင်းစားဖို့ သူ ထွက်ပြင်ပေးတာပဲ .."

"သြော် .. ဒီကောင်မလေးကတော့ နေမကောင်းဘဲနဲ့ .."

"စန်းရီ .. စန်းရီ .."

"ရှင် .. လာပြီ .."

စကားပြောနေကြတုန်း စန်းရီ ကို အသံကျယ်ကြီးနှင့် လှမ်း... လိုက်သဖြင့် ဒေါ်မြရှင် သားဖြစ်သူကို တအံ့တသြကြည့်သည်။

ချမ်းသာ နဲ့ ငထွား တို့ မျက်နှာတွေပြုံးစိစိတွေ ဖြစ်ကုန်ကြ... ဒါပေမယ့် ဘာသံမှတော့ ထွက်မလာခဲ့ပေ၊ အဘယ့်ကြောင့်ဆိုလျှင် ဘုန်းရိပ် မျက်နှာပေါ်က ရာသီဥတုကအခြေအနေက မကောင်း ...။

စန်းရီ ကလည်း လှေကားကို အပြေးတစ်ပိုင်းတက်လာကာ -

"ကိုဘုန်း ဘာလဲဟင် .."

"ငယ် ဘယ်အချိန်က ပြန်သွားတာလဲ .."

"မနက် အရုဏ်ဆွမ်းလောင်းပြီးတည်းက အမေ့ကို ပြောသွား...



တယ်တဲ့၊ ကျွန်မ မနက်က ဆွမ်းချက်မထတော့ မသိလိုက်ဘူး .."

"ဒါဆို အမေ့ကို ဘာမှမပြောဘဲ ထွက်သွားတာပေါ့ .."

ပြန်လှည့်မေးမှ ဒေါ်မြရှင် က ခေါင်းညိတ်ကာ ...။

"ဒီလိုပဲ ဟိုအိမ်ဒီအိမ်ကူးနေတာ ဘာဖြစ်လို့ အထူးတဆန်းတွေ မေးနေတာလဲ .."

အထူးအဆန်းတွေ မေးနေမိတာက သူ့ကို ငယ် ပြောသွားတာတွေကိုက ထူးဆန်းနေလို့ဖြစ်သည်။ သူမစကားတွေကြောင့် သူ့မှာ အိပ်မက်တွေ မက်လို့မက် ...။

တစ်နေကုန် ဖျတ်ခနဲ ဝင်လာလိုက်၊ ခဏခဏ တွေးမိလိုက်၊ အချိန်တော်တော်များများက သူမစကားတွေကြောင့်ပဲ ဘာမှန်းမသိ ပူလောင်နေခဲ့ရသည်။

"ဘာဖြစ်လို့လဲ .. ငယ် နဲ့ သားနဲ့ စကားများထားကြလို့လား၊ ဒါလည်းမဖြစ်နိုင်ပါဘူး၊ ငယ် က ဘယ်သူ့အပေါ်မှာမှ အတိုက်အခံလုပ်ခဲ့တာမဟုတ်ဘဲနဲ့ .."

ဒေါ်မြရှင် က ကိုယ့်ဘာသာမေးပြီး ပြန်ဖြေနေခဲ့လျက် ...။

"ဒီကောင်မလေး ပြန်သွားတဲ့ပုံက တစ်မျိုးလို့တော့ ငါလည်းထင်သား၊ မင်းတစ်ခုခု သိထားတာဘာရှိလို့လဲ သား .."

"ပြောလိုက်လေကွာ .. ဘာလဲ တူးတူး နဲ့ ကိစ္စတစ်ခုခု .."

"မဟုတ်ပါဘူးကွာ .. အဲ့ဒါ ငါမေးပြီးပြီ၊ အလကားပြဿနာကြီးအောင် ဟိုအပျိုကြီး ဒေါ်စံရင် လျှောက်လုပ်နေတာ .."

"သူတို့က မပတ်သက်စေချင်ဘူးဖြစ်နေတာ လျှောက်ဖွတာဖြစ်နိုင်ပါ့မလားကွ .. လူငယ်ချင်းကတော့ .."

"ဟား .. မဟုတ်ပါဘူးဆိုမှ ဘာဖြစ်လို့ ဒါချည်းပဲပြန်ရစ်နေတာလဲ.."

ဒေါသပါနေတာက လိုတာထက်ပို၏။ ချမ်းသာ ပါးစပ်ပိတ်လိုက်ရင်း တံတွေးမျိုလိုက်တာ ဂွိခနဲအသံထွက်ရှာ၏။

"အဲ့ဒါ အကြီးကျော့ ကစပြီး အလုပ်မဟုတ်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ကိုဘုန်း ရေ ဘယ်ကိုလဲ .."

"ခဏပဲ အမေ .."

"ဟ .. ငါတို့ ငှက်ပျောတုံးရှာရဦးမှာလေ၊ သံတံစို့လည်းရှာရဦးမှာ မိုးချုပ်တော့မှာဟ .."

ဘယ်သူတွေ လှမ်းအော်ပေမယ့် ဘုန်းရိပ် က ပြန်လှည့်မကြည့်ဘဲ စက်ဘီးဆွဲထွက်၏။

"ဘာတွေဖြစ်ကြတာတုံး .. ပြောစမ်းပါဦးဟယ့် .."

"ကျွန်တော်တို့လည်း မသိဘူး အရီး၊ ထမင်းစားနေတုန်းကလည်း အကောင်းပဲ .."

"မိငယ် ပြန်သွားတာကို အကြောင်းတစ်ခုခု ရှိတယ်ထင်လို့ဖြစ်မှာပေါ့.."

ထွေး က စပြီး ခန့်မှန်းခြေထွက်လာ၏။ စန်းရီ က ဘုန်းရိပ် ရဲ့ စက်ဘီး ခြံထဲက ထွက်သွားတဲ့အထိ လိုက်ငုံ့ကြည့်နေ၏။ ပြီးမှ ပြန်လှည့်လာကာ..၊

"မနေ့ညတုန်းကလည်း ငယ် ကျွန်မကို လာမေးသေးတယ် အရီး.."

"ဟင် .. ဘာတွေလဲ .."

"ဟို ..."

စလိုက်မိပြီးမှ အဆုံးထိပြောဖို့ တွန့်ဆုတ်သွားကာ စန်းရီ လည်ပင်း ကုတ်လိုက် နဖူးပွတ်လိုက်နှင့် ...၊

"ဟိုဥစ္စာလေ .. အရီးက ကိုဘုန်း နဲ့ သက်ထား ကို ပေးစားမယ် ဆိုတာ သူ့ကြောင့်လားတဲ့ .."

"အဲ့ဒီတော့ နင် ဘာပြန်ဖြေလိုက်လို့လဲ .."

ကြောက်စရာမဟုတ်ဘဲ စန်းရီ တုန့်ခနဲဖြစ်သွားသည်။ ပြီးတော့ အားလုံး စိတ်ဝင်တစားဝိုင်းကြည့်နေကြတာကို လှည့်ပတ်ကြည့်ကာ အစဖော်မိလေခြင်းဆိုသည့် နောင်တကို နောက်ကျစွာရခဲ့ပြီး ...၊

"ကျ .. ကျွန်မလည်း အိမ်မှာပြောဆိုနေကြတာကိုကြားပြီး ကိုယ်ထင်သလိုပဲ .."

"ကိုယ်ထင်သလိုဆိုတာက ဘာလဲ .. သူ့ကြောင့် ငါက သားကို



မြန်မြန်ပေးစားပစ်မှာဆိုတာလား .."

"အဲ့လိုတော့ မဟုတ်ပါဘူး .. ဟိုလေ ငယ့် ပြဿနာကို ပြောကြတာတွေနဲ့ ကိုဘုန်း ကို စေ့စပ်ပေးမှာတွေ ရောသောကြားပြီး ကျွန်မကိုယ်တိုင် တကယ်ပဲ အဲ့လိုထင်လိုက်လို့ပါ .."

"ဖြစ်ရလေ စန်းရီ ရယ် .. နင်ထင်သလိုဖြေပုံကြီးက အသည်းငယ်တဲ့သူဆိုရင် အဆိပ်သောက်သေသွားနိုင်တယ်အေ့ .."

စန်းရီ မျက်နှာလေးငယ်လျက် ဘာမှလည်း မရှင်းပြနိုင် ...၊

"စေ့စပ်မယ်ဆိုတာက မသန်းသန်း က ကလေးတွေကိုစွန့်နားမှု လွန်းလို့ မိန်းကလေးရှင်ဘက်က စပြောနေတာကိုအားနာပြီး ခေါင်းညိတ်လိုက်တာ လောလောဆယ်လူကြီးချင်း ကြောင်းလမ်းထားဖို့ပါ၊ မဖြစ်မနေ လက်ထပ်ပေးပါ့မယ်လို့တော့ အာမမခံရဲကြောင်း၊ ကလေးအတွက် တစ်ကွက်ချန်ပြီး ငါပြောခဲ့တယ် .. သေချာမသိဘဲနဲ့အေ .."

"ဒါပေမယ့် မိငယ် ကလည်း ဘာဖြစ်လို့ ထင်သလိုလုပ်သွားရတာလဲ၊ အကြီးကျော့ ဆိုတာကရော ဘာလဲ .."

"အဲ့ဒါတွေကို အကြီးကျော့ က ပြောလို့ သူသိတာလေ၊ အဲဒါကြောင့် ဟုတ်လားလို့ ကျွန်မကို လာမေးတာပေါ့ .."

"အကြီးကျော့ က ဘာလို့ ဒီလိုပြောတာလဲ၊ အရီးလုပ်သမျှ သူ သိတာပဲဟာ .."

"ရှုပ်ကုန်ပြီ .. အဲ့ဒါမှ ရှင်းဖို့ခက်တာ၊ အင်း .. ငါလိုက်သွားဦးမှပါ .. ဒီကောင်လေးက စကားပြောရင် ဘယ်လိုအမိုက်ဟယ်ရောက်သွားသွား ဂရုစိုက်တာမဟုတ်ဘူး .."

ဒေါ်မြရှင် ထထွက်သွားတော့ သူတို့တွေကျန်ခဲ့ပြီး ဘာလုပ်ရမှန်းမသိ..။

ဘုန်းရိပ် ဆိုတဲ့ကောင် မိငယ် နဲ့ ပတ်သက်လာပြီဆို ခြေမကိုင်မိ လက်မကိုင်မိနဲ့ အမြဲတမ်းဒီလို ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၆)

"မင်းကလည်း မိငယ် အိမ်ကို လာလာ မလာလာ မင်း ဒီလိုပဲနေလာခဲ့တာ ခုကျမှ ဘာဖြစ်တာလဲ .."

"အေးလေ .. သူတို့ တူဝရီးနှစ်ယောက်စလုံး သွားကြတာပါတဲ့ဆို .. အကြောင်းတစ်ခုခုရှိလို့ဖြစ်မှာပေါ့ကွ .."

ခေါင်းငိုက်စိုက်နှင့် လုံးဝအသံတိတ်နေသည့်သူ့ကို ချမ်းသာ တို့ တတ်သမျှ မှတ်သမျှတွေပြောပြီး နှစ်သိမ့်နေကြရသည်။ ဒါပေမယ့် သုန်မှုန်နေသည့် မျက်နှာက ပြန်ကြည်မလာခဲ့ပေ ..။

ငထွား နဲ့ အောင်ကြီး က တကိုင်ကိုင်လုပ်နေကြသည့် သံတံစို့ ရှည်ကြီးနဲ့ တူကိုဘေးမှာ ချထားလိုက်ကြကာ ..၊

"အရီးလေးလည်း မျက်နှာမကောင်းရှာဘူး၊ မင်းကလည်း ငယ် နဲ့ မင်းနဲ့ ဘာတွေဖြစ်ကြလို့ ဒီလောက်တောင် .."

"မသိဘဲနဲ့ လျှောက်ပြောနေပြန်ပြီကွာ .."

"အေးလေ .. သိအောင် ပြောမှ သိမှာပေါ့ကွ .. မိငယ် နေမကောင်းသေးဘဲ ပြန်သွားတာကို စိတ်မကောင်းတာလား၊ ဒါမှမဟုတ် သူတို့ တူဝရီး ဘာလုပ်ကြတာလဲဆိုတာ မင်း သိနေလို့လား .."

"မိငယ် ကို တစ်နေရာသွားပို့တာ .."

"ဟင်!..."



"ဟုတ်လို့လား .. အကြီးကျော့ တို့ ဆွေမျိုးတွေက ချောင်းခြားရွာမှာဥစ္စာ၊ အဝေးကြီးပဲ .. ဘာအကြောင်းနဲ့ သွားပို့တာလဲ မင်းက သေချာသိနေလို့လား .."

"မသိဘူး .. ဒါပေမယ့် .."

သူငယ်ချင်းတွေကိုတော့ ငယ် ပြောပြတဲ့အတိုင်း ပြန်ပြောပြမိသည်။ ပြီးတော့ အိမ်ပေါ်မှာ အမေ ဘုရားသောက်တော်ရေကပ်ဖို့ ပြင်ဆင်နေတာကိုလှမ်းကြည့်ကာ ..၊

"အမေ အဲ့ဒီလိုတွေးပြီး သူ ထင်သလိုလုပ်မှာမဟုတ်ဘူးဆိုတာ ငါ အစတည်းက သိတယ် .."

"အေးလေ .. အရီးက မိငယ် ကို စန်းရီ ထက်တောင် ပိုဦးစားပေးသေးတယ်၊ အားလုံးသိတာပဲဟာ .."

"ဒါဆို .. အကြီးကျော့ ဘာသဘောနဲ့ သွေးခွဲစကားပြောတာလဲဆိုတာ စဉ်းစားရမှာ .."

"ငါ့အထင်ပြောရရင်တော့ ဒေါ်ကြီးကျော့ က အကြင်နာတရားရှိတာမဟုတ်ဘူးလေ၊ မိငယ် ကို ဈေးကောင်းရလို့များ ရောင်းစားလိုက်တာလား .."

"ဟာ ...ဒီဝဲစားက တစ်မျိုး .."

အောင်ကြီး ကို ငထွား က ပခုံးကိုတွန်းပစ်လိုက်ပြီး ပစ်ပစ်နှစ်နှစ်ဆဲ၏။ အောင်ကြီး က ဘေးကို ပုံခနဲလဲကျသွားပြီးမှ ပြန်ထပြီး တန်းလျားအစွန်းမှာ ဝင်ထိုင်ကာ ..၊

"ဒီတိုင်းလုပ်တာမဖြစ်နိုင်ဘူး မင်းတို့ထင်လား၊ ချောင်းခြားမှာသူတို့အမျိုးတွေရှိပေမယ့် အားလုံးက တောက်ခါးကြတာ နာမည်ကြီး၊ ဘယ်သူက ဘယ်သူ့ကိုမှ ထောက်ပံ့မှုမရှိလို့ ဒေါ်ကြီးကျော့ ထမီအလံတင်ပြီး သူ့ဆွေမျိုးတွေကို စိန်ခေါ်ခဲ့သေးတာ မကြားဖူးဘူးလား .."

"စကေ့ အကြီးကျော့ ထမီအလံတင်တုန်းက ဒီကောင် နို့နံကလို ဘွပ်ပျစ်အောက်မှာ ငုတ်တုတ်လေးထိုင်မော့နေတာဖြစ်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး .. မင်းကြီးတော် ထမီအလံတင်မှ မော့မှာ .. ခွေးသူခိုး.."

"ဟား .. ဟား .. ဟား .."

"ဟိတ်ကောင် .. အပေါ်မှာ အရီးဘုရားရှိခိုးနေပြီဟ .."

ချမ်းသာ ပါးစပ်ပိတ်ပစ်လိုက်ပြီး တခိခိရယ်၏။ ဘယ်သူတွေ ရယ်နေနေ ဘုန်းရိပ် က နှုတ်ခမ်းတွေ တင်းတင်းစေ့ထားလျက် မှောင်ရိပ်ထဲကိုပဲ အဓိပ္ပာယ်မဲ့ငေးနေကာ ..။

"မိငယ် ပြန်ပါမလာလို့ကတော့ အကြီးကျော့ နဲ့ ငါ မလွယ်ဘူး.."

"ဟမ်!..."

"ဘာလုပ်လို့ရမှာလဲကွ .. သူ့တူမ သူ အမှန့်ကြိတ်ပစ်လည်း မင်းက တစ်စိမ်း .."

"သူ့တူမ သူ ဘာလုပ်လုပ် ငါတို့သားအမိကို ခုတုံးလုပ်သွားတာ ငါ ပြောခွင့်ရှိတယ် .."

"ဘုန်းရိပ် မင်း ရိုးရောရိုးရဲ့လား .."

"ငါ့ဟာငါ ရိုးရိုးမရိုးရိုး .."

"အကြီးကျော့ အိမ်ရှေ့မှာ မင်း တက်ခေါက်လိုက်တော့၊ အရီး အံ့သြပြီးကြည့်တဲ့ပုံက မင်းကို အဲ့လိုထင်သွားတာ သေချာတယ် .."

"လူငယ်တွေ အရိပ်အကဲကို လူကြီးတွေက အသိဆုံးကွ ..၊ ဒီကောင် ဖြစ်နေတာ အသိသာကြီး .."

ဘုန်းရိပ် အကြည့်တွေ ငထွား ဆီရောက်သွား၏။ ငထွား က အလင်းရောင်တစ်ခြမ်းကျနေသည့် ဘုန်းရိပ် မျက်နှာကို ခပ်တည်တည် ပြန်ကြည့်ကာ ..။

"အကြောင်းပြချက်အမျိုးမျိုးထဲမှာ ဘယ်အကြောင်းပြချက်မှ မနိုင်လုံဘူးဖြစ်နေတာ ညာနေလို့ပဲ .. ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဘယ်လိုပုံစံ လုပ်သွားသွား မိငယ် ကို ခေါ်သွားလို့ မင်း ဒေါကန်နေတာ .."

"ဟုတ်တော့ ဘာဖြစ်လဲ .."

"မိငယ် ကို မင်း ချစ်နေတာပေါ့ .."



"ရည်းစားလေးထွစ်ယောက်ပဲ ထားဖူးတာကို ဆရာကြီးအထာနဲ့ လာလိမ့်မနေနဲ့ .. ချစ်တာနဲ့ ကရုဏာက တခြားစီ .."

"လုံးဝထပ်တူညီနေတာကြီးကို တခြားစီလို့ ပြောသေးတယ် ဘုန်းရိပ်ရာ၊ 'ပေါက်ပင် ဘာကြောင့်ကိုင်း ဖျိုင်းနားလို့ကိုင်း' ဒါပဲ .."

"အေးလေ .. ပုစဉ်းနားရုံနဲ့ ပေါက်ပင်ကိုင်းပါ့မလား .."

ဘုန်းရိပ် တွန့်ခနဲမဲ့လိုက်ကာ ငထွား မျက်နှာကို ချဉ်တူးတူးကြည့်၏။ ပြီးမှ ..။

"ငါ စိတ်မကောင်းဖြစ်နေတာက ငါ မိန်းမယူမှာစိုးလို့ မိငယ် က ထွက်သွားခဲ့တာ၊ အကြီးကျော့ က ဒါကို အညာကိုင်ပြီး မိငယ် ကို ချောက်တွန်းလိုက်တာ ဒါ ဖြစ်သင့်လို့လား .."

"မင်းကလည်း သက်ထား ကို မခံမင်ခဲ့တူးမို့လား .. ခုဆို ပိုကင်းသွားပြီ.."

"ဟုတ်တယ် .. အဲဒါ ငယ် နဲ့ ဘာမှမဆိုင်ဘူး၊ အစတည်းက ငါ့ရင်ထဲမှာ သက်ထား က အမေါင်းအသင်းမိတ်ဆွေအဆင့်ထက်ပိုခဲ့တာမဟုတ်ဘူး.."

"ဟုတ်မှာပေါ့ .. အစတည်းက မင်းရဲ့ မသိစိတ်က မိငယ် ဆီမှာပဲဟာ.."

"ငထွား .."

"ဘာတုံး .."

"ဘာဖြစ်လို့ ဒါကိုပဲ လှည့်ပတ်ခွေနေတာလဲ .."

"သိနေလို့ပေါ့ .."

ထိုစဉ် ...

"အု .. ဝူး .. ဝ .. ဝူး .."

"သောက်ပလုတ်တုတ် .."

အောင်ကြီး လက်ထဲက ဓားမ လွတ်ကျသွားကာ ခြေထောက်ပေါ် ကျမှာစိုးတာလား၊ လန့်တာတွေ စုပြုံသွားတာလားတော့မသိ ..။

ဓားလွတ်ကျတာနှင့် ဝုန်းခနဲခုန်ထ၏။ ခွေးအုသံတွေက အော်မြရှင် တို့ခြံရှေ့မှာပဲ ဆွဲဆွဲငင်ငင် ..၊

"ဒီရှေ့မှာ ခွေးတွေစုပြုံအူနေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောဘူးလား .. လုပ်စရာရှိတာ သွားလုပ်လိုက်အောင်ပါဆို.."

"ဒီအပျိုကြီးကလည်း ဘာဖြစ်လို့ ဒီငှက်ပျောတုံးကိုပဲ သေကာမှ ခမည်းတောင်းနေတာလဲမသိဘူး၊ လွန်လွန်းတယ် .."

မဲ့ရွဲ့အပြစ်တင်နေပေမယ့် ချမ်းသာ နဲ့ ထွေး ပန်းချင်းထပ်သွားကြသည်။

"အု .. အူး .. ပူး ..."

"ဟား .. အူလိုက်တဲ့ခွေးစုတ်တွေ .. ဘာလို့ ငါတို့ရှေ့မှာပဲ လာအူနေတာလဲမသိဘူး .."

"ငှက်ပျောတုံးတောင်းနေတာ .."

"ကဲ သွားမယ်ကွာ .. ထ .."

"ဒီကောင်ကမှ မထတာ .."

"ဟုတ်တယ် ထကွာ .. ဘုန်းရိပ် .."

"ဒီအပျိုကြီးရဲ့ ပြဿနာအဝဝ ငှက်ပျောတုံးပေးလိုက်ရင် ပြီးပြီ၊ မိငယ် ကီစွ နောက်မှခွေး .."

"ဘာ ..."

"နောက်မှ-တွေးလို့ပြောတာ .."

သူတို့သုံးယောက်စလုံး ထရပ်ပြီးမှ ဘုန်းရိပ် က လေးလေးကန်ကန် ထလာသည်။ လက်ထဲမှာ ဓားလက်နက်တွေကိုင်ထားကြသဖြင့် ခွေးတွေ အသံနောက်ဆုတ်သွားကြ၏။

"ငှက်ပျောတုံး ဘယ်သူဝင်ယူမှာလဲ .."

"အစတည်းက တာဝန်ခွဲပြီးသားပဲ .. ဘုန်းရိပ် ဝင်ယူ .."

"မင်းတို့သွားနှင့်ကြ .."

"ဘာ!..."

"အံမယ် .."

ချမ်းသာ နဲ့ အောင်ကြီး သံပြိုင်ထွက်လာကြသည်။ ဘုန်းရိပ် က ဓားမကို လက်ပြောင်းယူလိုက်ကာ ..၊

"ငါနဲ့ ဘယ်သူမှ မလိုက်နဲ့၊ မင်းတို့မြေပုံပြန်ရှာထား၊ ငှက်ပျောတုံး



...ို့ ကျင်းယက်ထား .."

"ဟာ .. မရဘူး ဟေ့ကောင် .. ငါတို့အတူတူပဲ .."

"ဒါဆို မင်းတို့ ငှက်ပျောတုံးဝင်ခုတ် .. ငါပဲ သချိုင်းသွားမယ်.."

"ဟမ် ..."

"ဒါလည်း မကောင်းဘူး .."

သုံးယောက်တစ်ယောက် လူခွဲထားတာတောင် ဘုန်းရိပ် ကို မျက်စိ ...ာက်က ပျောက်မှာစိုးနေကြကာ နောက်ဆုံးတော့ လေးယောက်အတွဲ ...ိုက် လှုပ်ရှားနေရကာ အလုပ်က ခရီးမရောက်နိုင် ..၊

"တောက် .. သူ့မေ ကလွှားပဲ .. မိုးဆက်တိုက်ရွာနေတုန်းကမှ ...ွားလာကောင်းသေးတယ်၊ ရွှံ့တွေချည်းပဲ .."

"ချမ်းသာ .. မင်းအရပ်က ပုတယ်လေ၊ ဘာလို့ ငှက်ပျောတုံး ... င်ထမ်းတာတုံးကွ .."

"ဟေ့အေး .. သံတစို့ကြီးက လေးတယ် .."

"ကျွတ် .. ဘက်မညီဘဲထမ်းနေရတာ သေရောပေါ့ကွ .."

"ပေး .. ငါ့ကို .."

ဘုန်းရိပ် က ငှက်ပျောတုံးကို သူ့ပခုံးပေါ်ဆွဲယူတင်လိုက်ကာ..၊

"ကိုယ့်ခြေတိမ်းနဲ့ကိုယ် ထိုးကြည့်ပြီး သေချာလျှောက်၊ ကုန်းတက် ...ချော်မလဲစေနဲ့ .."

ဒီတစ်ခါတော့ ဓာတ်မီးတွေကိုယ်စီကိုယ်ငှ ပါကြကာ ညမှောင် ...ှောင်မှာ သူတို့ဓာတ်မီးရောင်တွေပဲ တဝင်းဝင်းနဲ့ဖြစ်နေ၏။

"မှောင်လိုက်တာ လရောင်မရှိ ကြယ်ရောင်မမြင်နဲ့ .."

"ဘာလဲ .. တွံတေးသိန်းတန်သီချင်းဆိုမလို့လား .."

"အိပ်ပျော်နေကြတဲ့ ဟိုသတ္တဝါတွေ နိုးကုန်မှာစိုးလို့ တကယ် ...ာ်ဆိုပစ်လိုက်ချင်တာ .."

"ဟိတ်ကောင် .. စကားထဲမှာ ပါမလာစေနဲ့ .."

သူတို့ ကုန်းမြေပေါ်ရောက်လာတော့ ကုန်းမြေတစ်ခြမ်းမှာ မြေ



www.burmeseclassic.com

www.burmeseclassic.com



တွေ နိမ့်ကျနေကာ တစ်ချို့နေရာတွေက ပြိုကျနေ၏။

"ဘယ့်နှယ် မိုးပြီးနေမှ မြေပြိုတာလား .."

"ဒါ သဘာဝပဲ .. မိုးကြီးနေရင် ဘာမှ မသိသာဘူး၊ မိုးများမိုးနိုင် ရေများရေနိုင် .."

"ဘာဆိုင်လို့လဲ .."

"ဆိုင်တာမဆိုင်တာ မသိခင် မင်း ဒီဘက်လာလိုက်၊ မင်းပါရော ပါသွားလိမ့်မယ် .."

"ဒီနေရာနဲ့က အဝေးကြီး .. အောင်မယ်လေး .."

"ဆွဲ .. ဆွဲထားဟ .."

မြေသား ပဲ့ကျသွားတာ သိပ်မများဘဲ ရွံ့ပျော့ပျော့မှာ ခြေချော်ပါ သွားကာ ဘုန်းခနဲမလဲခင် ချမ်းသာ ကို ထွေး က ဆွဲထားနိုင်၏။ နှစ် ယောက်ပူး ယိမ်းယိုင်သွားလျှင် အောင်ကြီး က လှမ်းဆွဲကာ ဘုန်းရိုင် ရောက်လာကာမှ လေးယောက်စလုံး မတ်မတ်ပြန်ရပ်နိုင်၏။

ချမ်းသာ မျက်နှာ ညောင်ရွက်လေးလောက် ငယ်ကျသွားခဲ့လျှင် သုံးယောက်အလယ်ကို တိုးဝင်ရပ်၏။ ပြီးတော့ ရောက်နေသည့် နေရာ ကို အလန့်တကြားကြည့်ကာ ...၊

"ငါတို့ သွေးကုန်းပေါ်မရောက်သေးဘူးလား .. မြေပုံရော .."

"အေး .. ဟုတ်တယ်ဟ .. မ .."

"ဟော့ကောင် နာမည်မခေါ်နဲ့ .."

"အေး .. အဲဒီ ဥစ္စာရဲ့ မြေပုံ .."

ဘုန်းရိုင် က လှည့်ပတ်ကြည့်ရင်း ခေါင်းနဲ့ ဖျောက်ထိုးနေကာ

"မတွေ့တော့ဘူး .."

"ဟမ်!...."

"မတွေ့တော့ဘူး ဟုတ်လား .."

ဒါ ဖြစ်နိုင်သည်မို့ အားလုံး မျက်လုံးပြူးသွားကြ၏။ မစံပယ် ကို ကုန်းမြင့်ပေါ်မှာ မြှုပ်ခဲ့ကြတာမဟုတ်ပေ ...။ မြေပြန့်လွှတ်ရုံလေး



ကုန်းပေါ်တင်ထားတာမို့ ဘာဖြစ်သွားပြီလဲဆိုတာ ...၊

"မြေပြိုတဲ့ထဲ ပါသွားပြီလား .."

"ပြိုတာ မဟုတ်လောက်ဘူးကွ .. အပေါ်က ပဲ့ကျတဲ့ မြေစိုတွေ ဖုံးသွားတာ .."

ဘုန်းရိုင် က ပြောလိုက်ရင်း တစ်နေရာကို ခေါင်းမီးထိုးကြည့်၍ လျှောက်သွား၏။

"ဒီမှာဖြစ်မယ် .."

"ဘယ်မှာလဲ .."

သုံးယောက်စလုံး ပြေးကြည့်ကြတာက သိချင်လို့မဟုတ်ဘဲ ဘယ်သူမှ နောက်ချန်မနေရဲလို့ဖြစ်ကာ မြင်လိုက်ရတော့ အသက်ရှူများကုန်ကြ၏။

မြေမွမွကြားမှ ထမီစကို တစ်စွန်းတစ်မြင်နေရ၏။ ဒါ အပျိုကြီး စံပယ် မှန်း သူတို့သိလိုက်ကြကာ ခြေထောက်တွေ ပြိုင်တူပြန်တွန့် သွားကြသည်။

"ကျွတ် .. ပြန်ဖော်ပြီး မြှုပ်ရတော့မယ်ထင်တယ် .."

"ဟာ .. ဘာလို့မြှုပ်ရမှာလဲ ထားလိုက်တော့ ဘုန်းရိုင် .. ပိုတောင် ကောင်းသေးတယ်၊ ငှက်ပျောတုံးကို သူကြီးပြောသလို မြေပုံမှာ စိုက်နဲ့ ထားခဲ့ဖို့လည်း မလိုတော့ဘူး၊ အဲဒီမြေပွပွထဲမှာ နှစ်ထည့်ပြီး ပြန်ဖို့ ထားလိုက်ရင် ပြီးပြီ .."

ဘုန်းရိုင် က လက်မခံပေ ...၊

"မဖြစ်ဘူး .. ဒုက္ခခံလက်စနဲ့ နောက်ထပ်ပြဿနာမပေါ်အောင် တစ်ခါတည်းလုပ်ခဲ့မှဖြစ်မယ် .. ဒါကြီးကိုပဲ မပြီးနိုင်မစီးနိုင် ပြုစုပျိုး ထောင်ပေးနေရတာ စိတ်ပျက်လာပြီ .."

"ဟာ .."

"မင်းကလည်း ပြောတော့လွယ်တယ် .."

သူတို့စိတ်ညစ်သွားကြပေမယ့် ဘုန်းရိုင် ပြောသလိုလုပ်မှပဲ ဖြစ်မှာ ဆိုတာ သိနေကြ၏။ ထို့ကြောင့် ခေါင်းမီးတွေကို ဖွင့်ထားကာ ပုဆိုး

www.burmeseclassic.com



တွေတိုတိုပြင်ဝတ်ပြီး တက်ညီလက်ညီလုပ်ကြလေသည်။

"ဟွန်း .. နံလိုက်တာကွာ .."

"နှာခေါင်းလုံအောင် စည်းထားပေါ့ကွ .."

"မင်းလို မာဖလာမပါဘူးလေ၊ မသာဖြစ်တာတောင် အပြင်ထွက်ပြီး ဖလန်းဖလန်းထနေမယ်လို့မှ မထင်တာ .."

အောင်ကြီး က မာဖလာပါလာသဖြင့် အဆင်ပြေနေကာ ချမ်းသာ က ရှုံ့မဲ့နေ၏။ ငထွား က အနီးအနားမှာရှိသည့် သစ်ပင်ပုလေးက အရွက်တွေခူး၍ ဘာရွက်မှန်းမသိဘဲ လုံးချေပြီး နှာခေါင်းပေါက်တွေထဲ ထိုးသိပ်ထည့်ထား၏။

ဘုန်းရိပ် က သူ့ကိုလှည့်ကြည့်ကာ ...

"အသက်ဝဝ မရှူလိုက်နဲ့ .. အဲဒီသစ်ရွက်တွေ ပြန်နှိုက်ထုတ်ဖို့ မင်းနှာခေါင်းပေါက်ထဲ လက်တစ်ဆုံးနှိုက်မပေးနိုင်ဘူး .."

"လက်တစ်ဆုံးနှိုက်လို့ရနေရင်လည်း မင်း လက်ကြီးနဲ့ နှိုက်မခိုင်းဘူး .. ငါ့ ခင်ဆုံးလေး ရှိတယ် .."

"ဆုတောင်း .."

အလောင်းကို မဖော်ဘဲ ဘေးကထပ်နှိမ့်ချကာ သူ့ဘာသာ နစ်ကျသွားအောင် လုပ်လိုက်သည်။ ထိုအချိန်မှာ ခွေးတွေအူနေတာ စူးစူးရှရှ ဖြစ်လျက် ...၊

"ခွေးစုတ်ခွေးနာ ခွေးပေါက်တက်ကရတွေ .. လိပ်ခေါင်းမထွက်ကြဘူးလားမသိဘူး .."

"ခွေးလိပ်ခေါင်းဆိုတာ မင်း ကြားဘူးလို့လား .."

"ရှိရင် ရှိမှာပေါ့ .."

"ဟော့ကောင်ရော့ .."

နောက်ဆုံး ငှက်ပျောတုံးကြီး သူ့ခြေထောက်နား ရောက်လာသဖြင့် ငထွား က တရားခံရှာသည်။ ဘုန်းရိပ် က မေးဆတ်ပြကာ ...

"ပြီးနေပြီဥစ္စာ .. တံစို့နဲ့ ရိုက်ထည့်လိုက်တော့ .."



သူကြီးက လုပ်နည်းအဆင့်ဆင့်ကို သေချာပြောပြလိုက်တာမို့ ...သွား မြေပုံဘေးမှာ ခြေဖျားထောက်ထိုင်လိုက်ကာ ငှက်ပျောတုံးကို ...ပ်ခေါင်းသေချာကြည့်ပြီး နေရာချလိုက်၏။

ပြီးတော့ သံတစို့ကို ငှက်ပျောတုံးခါးလယ်လောက်မှာ ထိကပ်...ားပြီး အသက်အောင့်လိုက်သည်။

"သံဆိုတာ သရဲနိုင်တယ်တဲ့၊ ငါ့ကို ဆရာကြီးက သေချာပြော...ိုက်တယ်၊ တစ်ခါတည်း ထည့်မမြှုပ်နိုင်ပေမယ့် ဒီငှက်ပျောတုံး သူနဲ့ ...နေတဲ့သဘောနဲ့ သံတံစို့နဲ့ ရိုက်သွင်းထားခဲ့ရမယ်၊ ရိုက်ထားပြီးတဲ့ ...ံစို့က ပြန်ဆွဲနှုတ်ရင်တောင် အလွယ်တကူပါမလာရဘူး၊ ဒါပေမယ့် ...တို့ ရိုက်ချပြီးတဲ့အချိန်မှာတော့ ခိုင်မခိုင် ပြန်နှုတ်မကြည့်နဲ့၊ မတော်တဆ ...ွတ်ပါလာခဲ့ရင် ဒီအခြေအနေထက် ဆိုးသွားနိုင်တယ်တဲ့၊ ဒီအလောင်း ...ာ ဖုတ်သွင်းခံထားရလို့ အထူးဂရုစိုက်ရမယ်တဲ့ သေချာမှတ်ထား .."

ငထွား က အသက်အောင့်ပြီး တူနဲ့ရိုက်ချဖို့ရွယ်ရင်း သူကြီး ပြော...ာတွေကို ပြန်စဉ်းစားလိုက်မိသည်။ ဒီအသုဘကြောင့် သွေးပျက်မတတ် ...ိတ်လန့်ခဲ့ရပေမယ့် သင်္ချိုင်းကိုပြန်လာခဲ့တာကျတော့ ထင်သလောက် ...ုတ်ဘဲ ထိတ်လန့်မှုနည်းပါးနေတာကို ဂုဏ်ယူနေမိသည်။

ကြောက်တဲ့စိတ်က အထုံအကျဉ်စွဲသွားတာလား၊ မသာကပဲ သဘော...ောင်း ငြိမ်သက်နေလို့လား၊ ခုထိ အဆင်ပြေနေတာက ကျေနပ်စရာ ...။

"ဒုတ် .. ဒုတ် .."

"ငထွား လက်ချော်ထုမိဦးမယ်နော် .."

ဘုန်းရိပ် က သတိပေး၏။

"လက်ကို ချော်မထုဘူး၊ ငှက်ပျောတုံးကပဲ လိမ့်နေတာ .."

"ချမ်းသာ သွားကိုင်ပေးထားလိုက်ကွာ .."

"နေပါဦး .. ငါ့လက်ကို ရွံ့ထဲက ဘာစူးသွားလဲမသိဘူး .."

"ပြစမ်း .. ငါလည်း ဆူးစူးသွားသေးတယ်၊ စမ်းကြည့်ပြီး ရမ်း...မ်းဆွဲနှုတ်လိုက်တာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာမှမတွေ့ဘဲ သွေးထွက်နေတာကွ ... ကျွတ် ... နာလိုက်တာ"

"ပြစမ်းပါဆို ..."

တစ်ယောက်က ဓာတ်မီးနဲ့ ထိုးပြထားကာ ချမ်းသာ နဲ့ အောင်ပြ တို့ ကြင်နာနေကြသည်။ ငထွား ၄က်ပျောတုံးနဲ့ သံတံစို့စိုက်မိသွား နှင့် အင်တိုက်အားတိုက် ရိုက်ချ၏။

ပြန်နှုတ်ဖို့တောင် အလွယ်တကူ မရရဘူးဆိုတော့ နာနာရိုက်ထား မှ မဟုတ်ရင် ဒီ မသာမ ငါတို့ကိုထပ်ပြီး ဒုက္ခပေးလာဦးမှာ ...၊

စိတ်ထဲက ရေရွတ်ရင်း အားပါးလာကာ ...၊

"ကိုင်းကွာ ..."

"ဒုတ် ..."

"ကိုင်းကွာ .. ကိုင်းကွာ ..."

"ဒုတ် .. ဒုတ် .. ဒုတ် .."

အချက်ပေါင်းများစွာ ရိုက်သွင်းပြီးမှ လက်နှစ်ဖက်စုံချ၍ အသ ဝဝရှူရ၏။

"ပြီးပြီ ... ကဲ ... ဘာတတ်နိုင်သေးလဲ၊ ခေါ်စံပယ် .. ဟား .. ဟား"

ပင်ပန်းနေသဖြင့် စိတ်တွေတိုကာ အားပါးတရပြောပြီး ရယ် လိုက်မိ၏။ သို့သော် ...၊

"ဟိ .. ဟိ .. ဟိ .."

ဟင် ...၊

တူကို သေချာကောက်ပြီး ပြန်ထမလို့ ပြင်ကာမှ မော့ကြည့်လို တော့ သူ့ရှေ့မှာ ၄တ်တုတ်ထိုင်ပြီး သွားအဖွေးသားနှင့် ရယ်ပြနေသည် မစံပယ် ...၊

"ဘုန်း .. ဘုန်းရိုပ် .. ဒီမှာ ထွက်လာပြန်ပြီ .. ဟ .."

အသားကုန်ပြေးဖို့ ခုန်ထလိုက်ပေမယ့် ပုဆိုးစကို လှမ်းဆွဲထား လိုက်သဖြင့် ...၊

"လွှတ် .. လွှတ်နော် .. သရဲမ .. ဘုန်းရိုပ် .. အောင်ကြီး တို့ လုပ်



ကြပါဦး ..."

ညဥ့်ယံမှာ ငထွား ၏ အော်သံကြီးက ဝမ်းခေါင်သံပါနေကာ ပုဆိုးစ ကို လက်နှစ်ဖက်နဲ့ ခြေကန်ဆွဲ၍ မျက်စိစုံမှိတ်ပြီး ဇွေ့ဇွေ့ခုန်နေ၏။

"လာပြီ .. ဟော့ကောင် ဘာမှမရှိဘူးကွ .. အတင်းရုန်းမနေနဲ့.."

"ရှိတယ် .. ရှိတယ် ငါ့ကိုလာပြီးပါ ဆွဲနေတာ သရဲမ .. အပုပ် ကောင်မ .. ကိုင်း .. ကိုင်းကွာ .."

"ဟာ .. ဟော့ကောင် .."

ငထွား အတင်းဆောင့်ရုန်းပြီး ပုဆိုးကမပါဘဲ လူချည်းပဲ ကျွတ် ထွက်ကာ ကုန်းမြင့်ပေါ်ကနေ ဒလိမ့်ခေါက်ကွေးကျသွား၏။

"ငထွား ..."

"ခေါ်မနေနဲ့ ဘုန်းရိုပ် .. ပြေးဟ .."

"ငါ့စောင့်ဦး .."

"ဟိတ်ကောင်တွေ .. ဒီမှာ .."

ဘုန်းရိုပ် ပုဆိုးပြေးကောက်မလို လုပ်နေပြီးမှ ရှေ့မှာ မပြတ်၊ နောက် ကို လှည့်ခေါ်ရင်း ဘာမှလည်း မကောက်လိုက်ရဘဲ သူပါ ရောယောင် ပြေးရလေသည်။

လေးယောက်အတန်းလိုက် ပြေးရသည့်အချိန်မှာ တိမ်ညိုဖုံးနေ သည့် လပြည့်ကျော် လဝန်းကြီးက ဝိုင်းဝိုင်းစက်စက် ခေါင်းပြူလာခဲ့၏။

ထိုအခါ ရှေ့ဆုံးကနေ ဘောင်းဘီတိုနှင့် ပြေးနေသော ရှုံ့လှုသား ငထွား မှစ၍ နောက်က သုံးယောက်စလုံးမှာလည်း ပုဆိုးတွေကို ပခုံး ကနေ စလွယ်သိုင်းစွပ်ထားကြလျက် ...၊

"သေချင်းဆိုး မသာမ ဖုတ်သရဲမ နင်တွေ့မယ် .. ဒီတစ်ခါအတွေ့ပဲ.."

ငထွား အော်ကြီးဟစ်ကျယ်ကြိမ်းဝါးနေရင်း ပြေးနေဆဲနှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"မင်းတို့မှာ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်း .."

စိုးရိမ်တကြီး မေးမြန်းကြည့်ရှုပြီးသည့်နောက်မှာ သူကြီးမျက်နှာ ရှုံ့မဲ့သွားကာ အပြစ်တင်ခြင်းနဲ့ စ၏။ သက်ထား က အိမ်ပေါ်ပြတင်း ပေါက်ကနေ ကြည့်နေပြီး ရယ်နေသည်။

ညက အဆင်ပြေကြရဲ့လားလို့ စောစောစီးစီး သတင်းလာမေး သည့် ဦးသောင်း လည်း မျက်နှာကြီး မအီမလည်နှင့် ..၊

"သရဲဆွဲတာ ဟုတ်ရဲ့လားကွာ .."

"ဒါတော့ လုံးဝဖြစ်နိုင်တယ် ကိုကြီးသောင်း၊ ကျွန်တော် ယုံတယ် ဘယ့်နှယ် သွေးကုန်းပေါ်ကိုသွားပြီး ဖုတ်ဝင်ထားတဲ့မသာကို ပြန်မြင် ရတဲ့ကိစ္စ .."

တရုတ်ကြီးက သူတို့ဘက်က ထောက်ခံချက်တွေပေးနေလျက်

"ဒါနဲ့ လေးယောက်စလုံးမပါဘူးဆိုတော့ မစံပယ် က မင်းတို့ လေးယောက်စလုံးကို ကြံစည်လိုက်တာလား၊ လောဘကြီးလိုက်တာ"

"ဟာဗျာ .. မဟုတ်ပါဘူး .."

အောင်ကြီး က ဆတ်ဆတ်ခါငြင်းတော့ တရုတ်ကြီး အကြည့်က ချမ်းသာ ဆီရောက်၏။

"မင်းကိုတော့ အစတည်းက သူက ကြိုက် .."



"ခင်ဗျားနော် .. ဒီမှာ အရှိန်က သေသေးတာမဟုတ်ဘူး .."

"မင်းကလည်းကွာ .. ယောကျ်ားချင်း .."

"ကိုတရုတ်ကြီး .."

"ဟေ .."

"ကဲဟော့ .. တော်ကြစမ်း .."

တရုတ်ကြီးက နဂိုတည်းက ခပ်ထူထူမို့ ဦးသောင်း အချိန်မီဝင် တားလိုက်သည်။ သို့သော် ...

"ငါက မရှင်းလို့မေးတာပါ၊ ကိုချက်ကြီး က ညတုန်းက အပြင် မှာ အပေါ့ထွက်သွားရင်း မင်းတို့ပြေးလာတာကို တိုက်ရိုက်မြင်ခဲ့တာ..၊ သူပြောတော့ မင်းတို့မှာ ပုဆိုး .."

"ပါတယ်ဗျ .. ကျုပ်တို့ ပုဆိုးတွေကို ကွင်းသိုင်းပြေးကြတာ.."

"ဘာလို့လဲ .."

"ခင်ဗျားကြီးတော်က လှမ်းဆွဲလိုက်မှာစိုးလို့ .."

"နို့ .. ငထွား က ဘောင်းဘီလေးနဲ့ဆို .."

"သူက တိုက်ရိုက်ဆွဲခံရတာ .."

"ဟာ!..."

တရုတ်ကြီး ဟာခနဲလုပ်လိုက်ကာ အားလုံးက သူ့ကိုလှည့်ကြည့် ကြ၏။ ပြီးတော့ တံတွေးမျိုလိုက်သေးသည်။

"ငထွား .."

"ဘာလဲ .."

"ဘယ်လိုနေလဲ .. မင်း .."

"ဘာ ဘယ်လိုနေရမှာလဲ .. ခင်ဗျား အဆွဲခံကြည့်ပါလား .."

"ဆွဲတာတွေ တော်ကြတော့ မင်းတို့ဘာသာ လန့်ဖျန့်ပြေးကြတာ.."

"သူကြီးက မိုးလင်းမှ သွားကြည့်တာကိုး .. ညတုန်းက ဘာကယ် ဆွဲတာပါဆို .."

www.burmeseclassic.com

www.burmeseclassic.com



"သြော် .. အေး .. သရဲက မင်းတို့ပြေးကုန်ကြမှ ပုဆိုးကို သံတံစို့နဲ့ ရိုက်ထည့်ထားလိုက်တာ .."

တစ်ယောက်တစ်ခွန်းနှင့် ရှင်းမရနိုင်အောင် ဖြစ်လာတော့ သူကြီးစိတ်တိုလာ၏။ ဦးသောင်း ကတော့ လူငယ်တွေ ကသောင်းကနင်းဖြစ်လာကြတာကို စာနာနေမိသည်။

တစ်ခုခုဖြစ်ခဲ့သည်ဆိုတာလည်း ယုံကြည်နေ၏။ မိုးလင်းမှ သွားကြည့်တော့ သံတံစို့ကို ငုတ်တုတ်ထိုင်ရိုက်တည်းက ပုဆိုးအဖျားစကိုပါ ရောရိုက်ပစ်လိုက်တာမို့ ထလိုက်သည့်အခါမှာ အောက်ကဆွဲထားသလို ဖြစ်သွားခဲ့၏။

ဒါပေမယ့် လူငယ်တွေပြောပြသမျှ အဖြစ်အပျက်တွေကတော့ မှသားမပါနိုင်ပေ။ စံပယ် ဘယ်လောက်ထိ ဒုက္ခပေးသွားသလဲဆိုတာ သူ့မျက်စိအောက်တင်ပဲမို့ ..၊

"ကဲ .. ကဲ .. အဲ့ဒီကိစ္စကို ငြင်းမနေကြနဲ့တော့ ဘယ်အရာဖြစ်ဖြစ် စိတ်ကြောင့်ဖြစ်တတ်တာရှိသလို မယုံနိုင်စရာတွေလည်း ဖြစ်နေတာရှိတာပဲ၊ အခုတော့ အားလုံးပြီးသွားပါပြီ .."

"တကယ်ပြီးရဲ့လား ကိုကြီးသောင်း ရာ၊ ထွေးကို မစံပယ် က ရှေ့ကတည့်တည့်ကြည့်ပြီး ရယ်ပြလိုက်သေးတာ .."

တရုတ်ကြီး က အထွန့်တက်၏။

"သံက သရဲကိုနိုင်တယ်ဆိုပြီး သံတံစို့နဲ့ ရိုက်ချခဲ့ပြီးပြီ၊ သူက ကျင်းထဲက ထွက်ပြီး ရယ်ပြလိုက်တယ်ဆိုတော့ .."

"သူ့ရဲ့ ဘဝဖော်က ချမ်းသာ မဟုတ်တော့ဘဲ ထွေး ဖြစ်သွားပြီနေမှာပေါ့ .."

"ဘုန်းရိပ် နော် .. မင်းတောင်မှ ပုဆိုးကျွတ်အောင်ပြေးရတာ.."

"ငါ့ပုဆိုးပြုမှာစိုးလို့ တမင်စလွယ်သိုင်းထားလိုက်တာ .."

"ဟား .. ဟား .. ဟား .. ရုပ်ကြီးကကွာ .."



ဘုန်းရိပ် ရဲ့ ရယ်ချင်ပက်ကျိမျက်နှာကို လက်ညှိုးထိုးပြီး တရုတ်ကြီး က တဟားဟားထရယ်၏။

ဘုန်းရိပ် မျက်နှာ စပ်ဖြဲဖြဲဖြစ်လာခဲ့လျက် ..၊

"တကယ်ပြောတာ အစတည်းက ကျွန်တော်က ပုဆိုးရှည်ရှည်ဝတ်တတ်တော့ ဒီတိုင်းပြေးရင် ပြုမှာစိုးလို့ .."

"မင်း ပြေးတာမပြေးတာကိုပဲ လိုချင်တာ ဟောကောင် .. ဒီထဲမှာ မင်းက ခေါင်းဆောင် .."

"ဒါကတော့ ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ ထပြေးကြတော့ ကိုယ်ကျန်နေခဲ့ရင် .."

"မစံပယ် လက်စာမိသွားမှာစိုးလို့ .."

ချမ်းသာ က စကားထောက်ပြီး တခိခိရယ်နေ၏။ ဘုန်းရိပ် က လက်သီးနဲ့ လှမ်းရွယ်ရင်းရယ်ကာ ..၊

"သူတောင်းစား အကြီးအကျယ်အော်ပြီး သူများမပြေးပြေးအောင် မင်းပဲ အသံပြုတာ .."

"ဟုတ်ပါတယ် .. ငါ အော်လွန်းလို့ ပြေးရတာပါ .."

သူတို့ပြောဆိုနေကြတာကြည့်ပြီး သူကြီးလည်း ဘာမှမပြောနိုင်တော့ပေ ..။ ဖြစ်ခဲ့တာ အမှန်လား၊ ကြားနေရတာတွေ မှန်သလား၊ ဘယ်သူ့စကားထဲကအမှန်ကို ရှာရမှန်းလည်း မသိ ..။

ထိုစဉ် ဒေါ်မြရှင် တို့ကတစ်ဖက် ဒေါ်တင်နွယ် နဲ့ ခင်ဆုံ တို့က တစ်ဖက်၊ သူကြီး ခြံရှေ့ကျမှ ပေါင်းမိကြကာ အုပ်စုလိုက်ဝင်လာကြ၏။

"ကဲ .. ကဲ .. မင်းတို့ကိစ္စ ဒီမှာတင်ပြီးပြီလို့ မှတ်လိုက်ကြတော့.."

သူကြီးက ခုနမျက်နှာမျိုးမဟုတ်တော့ဘဲ နှုးညံ့ပြေပြစ်သည့်အကြည့်နှင့် ပြောကာ ..၊

"လူငယ်တွေ ဟိုဘက်ကွပ်ပျစ်ကို ပြောင်းကြ၊ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်စားပြီးမှ ပြန် .."

ဝံခါး

www.burmeseclassic.com

www.burmeseclassic.com



"ဟား ...."

"သွားပြီ .. နောက်တစ်ခါ ရာသီဥတုဖောက်ပြန်တော့မယ် .."

"မဟုတ်ဘူး ထိပ်တုံးနဲ့ ကောက်ညှင်းပေါင်း မှားပြောတာဖြစ်မှာ.."

လူငယ်တွေ တီးတိုးပြောနေကြတာကို သူကြီးက မကြားချင်ယောင်ဆောင်ကာ ဒေါ်မြရှင် တို့ကို နေရာပေးကြိုဆိုလိုက်ရင်း ..၊

"ထိုင်ဗျာ .. ဒီမနက် မြို့က အလှူ့ရှင်သူဌေး ရောက်မယ်ကြားလို့ ကျုပ်တို့လူကြီးပိုင်းတွေ တစ်စုတစ်ဝေးတည်း ကြိုဆိုချင်လို့ ညတည်းက ဆင့်ခေါ်ထားတာပါ .."

"ဟုတ်ကဲ့ပါ .. သိပြီးပါပြီ .. ဒါနဲ့ ဒီမနက် သေချာရဲ့လား သူကြီး ကျွန်မတို့ဘက်က လှည်းလမ်းတွေ ရာသီဥတုကြောင့် ပျက်နေတာလေ.."

"ဒီနေ့ မရောက်ရင် မနက်ဖြန်တော့ သေချာတယ်ဗျ ..၊ လမ်းကြောင့်တော့ သူတို့စောင့်နေမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ သေချာစီစဥ်ထားပေးဖို့ သေချာမှာထားတာလေ .."

"သူတို့က ဘယ်နှစ်ယောက်လဲ သူကြီး၊ လူများရင် ကျွန်မရဲ့ မာလကာခြံထဲမှာ အိမ်တစ်လုံးအားနေတာ သူတို့အတွက် ပြည့်စုံမှာပါ.."

ဒေါ်မြရှင် က ခြံကျယ်ကြီးတွေမှာ အိမ်တွေပါ တစ်ခါတည်း ဆောက်ထားတာမို့ ရွာထဲမှာ ခုလိုကိစ္စတွေရှိလာလျှင် အားကိုးရလေသည်။ သူကြီးက ဒါကို အားကျပေမယ့် ..၊

"အေးဗျ .. မြ အိမ်က အိပ်ခန်းတွေနဲ့ ကျယ်ကျယ်ဝန်းဝန်း သပ်သပ်ယပ်ယပ်ပဲ၊ ရေမီးအဆင်ပြေအောင်လည်း ခင်ဗျားစီစဥ်ပေးမှာ သိပါတယ် .. ဒါပေမယ့် ကျုပ်က သူကြီးဖြစ်နေတော့ သူတို့ဆန္ဒကို ကြည့်ပြီးမှပဲ .."

"ဟုတ်ပါတယ် .. မြ ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ က သူကြီးဖြစ်ပြီး တာဝန်မယူချင်သလိုမြင်သွားမှာလည်း စိုးရသေးတယ်.."

ဒေါ်သန်းသန်း တို့သားအမိ အိမ်ပေါ်ကဆင်းလာကြကာ ဒေါ်သန်းသန်း



က လူကြီးတွေဝိုင်းမှာ ထိုင်ကာ သက်ထား နဲ့ မိန်းကလေးတစ်ယောက်က လူငယ်တွေအတွက် စားစရာတွေပြင်ပေးနေကြ၏။

"သမီးရေ .. ဒီမှာ လူကြီးတွေအတွက် .. ငှက်ပျောရွှေခြည်လေးနဲ့ ရေနွေးကြမ်းလုပ်ပါဦး .."

"ဟုတ်ကဲ့ပါ .."

သူကြီးအိမ်မှာ မိန်းကလေးတွေချည်း သုံးယောက်တောင်ရှိနေကာ ငှက်ပျောရွှေခြည်နဲ့ ရေနွေးကြမ်းကို သူမတို့ကပဲယူလာချပေးကာ သက်ထား ကတော့ ဘုန်းရိပ် တို့ဘေးမှာ ထိုင်နေ၏။

ဒေါ်မြရှင် က ရယ်မောစကားပြောနေသည့် သားဖြစ်သူနဲ့ သက်ထားကို ထိုင်ရာကနေ မသိမသာ လှမ်းကြည့်နေမိကာ ..၊

"ဖြူပြာ တို့က ဒီမှာပဲနေကြတော့တာလား .."

မိန်းကလေးသုံးယောက်ကို ဖြူပြာ နာမည်ပဲတပ်ခေါ်လိုက်မိသည်။ ဒေါ်သန်းသန်း က ခေါင်းညိတ်၍ ..၊

"ဟုတ်တယ် မြ ရယ် .. အိမ်ဝေယျာဝစ္စနဲ့ သမီးအတွက် အဖော်ရအောင်လေ .."

"ဩော် .."

"သိတဲ့အတိုင်းပဲ သမီးက ငယ်ငယ်တည်းက ခိုင်းမယ့်စေမယ့်လူနဲ့နေလာရတော့ သူ့ဝေယျာဝစ္စတောင် ခုထိ မအေက ဝင်ပြောဝင်ပြပေးနေရတုန်း .."

"ဟုတ်လား .."

ဒေါ်သန်းသန်း က သူ့သမီးလေးကို ဘယ်လိုရွှေပေါ်မြတင်ထားတဲ့အကြောင်းတွေ ပြောပြနေရင်း ဂုဏ်ယူကျေနပ်နေတာလည်း သိသာနေ၏။ ဒါပေမယ့် သူမ ပြောပြနေတာက ကျေးတောရွာကလေးမှာဆိုတာကို မေ့နေသည်ထင်၏။

"ငယ်တုန်းက အပြင်ကို လုံးဝပေးမထွက်ဘဲ အိမ်ထဲမှာပဲ တံခါး

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆော့နိုင်းခဲ့တဲ့ အကျိုးကျေးဇူးတွေကြောင်လေ၊ ခုလည်း အများနဲ့ ရောနှောပြီး ယောလားဝါးလား မနေတတ်တော့ဘူး မမြ ရဲ့ မသိရင် တစ်ဝင်တိုင်မြန်နန်းနဲ့ မွေးလာသလိုပဲ ပေါင်းသင်းဆက်ဆံရေးကလည်း မိဘက အလိုလိုက်ထားတဲ့အတိုင်း နေလာတော့ တော်ရုံလူနဲ့ သိပ်အဆင်မပြေဘူး .."

ဒေါ်တင်နွယ် က ပြုံးနေပေမယ့် မဲ့သလိုမျက်နှာကြီးနှင့် ခေါင်းညိတ်၍ ...၊

"ဒါကြောင့် သူ့သည်းညည်းခံနိုင်မယ့် မိန်းမဖော်တွေ ခေါ်ထားရတာပေါ့နော် .."

"ဟုတ်ပ .. ဟုတ်ပ .. ဟွန်း .. ဟွန်း .. ချောချောလှလှ တစ်သွေးတစ်မွေးလေးဆိုပြီး လွှတ်အလိုလိုက်ခဲ့မိတာကိုး .."

"ဒါပေါ့ မမသန်း ရယ် .. အသိပညာ အတတ်ပညာဆိုတာ ဆရာသမားသင်ပြပေးတဲ့ပညာရယ်၊ လူမှုနယ်ပယ်က ပေးတဲ့ ဘဝပေးအသိပညာရယ် ဒါကိုခေါ်တာလေ၊ ဒီအသက်အရွယ်ထိ အသိပညာအတတ်ပညာ မစုံသေးဘူးဆိုတော့ မမသန်း စိုးရိမ်ထိုက်ပါတယ် .."

ဒေါ်သန်းသန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သူမ ပြောချင်တာက စိုးရိမ်နေတာတွေကို မဟုတ်ပေ ..။ သူကြီးကတော့ ဇနီးဖြစ်သူ အရောက်ပို့ချင်တဲ့စကား ဒါရိုက်ရှင် လွဲသွားပြီကိုသိကာ မျက်နှာပူသလို ကြီးဖြစ်လျက် ...၊

"ရပ်ရေးရွာရေး ပြောနေတာကို ဘယ့်နှယ် သားရေးသမီးရေးတွေ ပါလာတာလဲကွ .."

ဒေါ်တင်နွယ် က ရယ်ကာ ...၊

"စပ်မိစပ်ရာဆိုတာ ဒီလိုပါပဲ သူကြီးရယ်၊ ကျွန်မဖြင့် သူကြီးအိမ်ကို မနက်ခင်းအရောက်လာဖို့ ဆင့်လိုက်တော့ သက်ထားလေး နဲ့ ကိုဘုန်းကိစ္စမှတ်နေတာ၊ အဟွန်း .. မင်္ဂလာချိန်ခါလည်းဖြစ်နေတော့လေ .."

ဒီတစ်ခါ ဒေါ်တင်နွယ့် စကားကြောင့် မျက်နှာပူသွားတာက ဒေါ်မြရှင် ဖြစ်၏။ သူတို့နာမည်တွေပါလာသဖြင့် ဘုန်းရိပ် တို့ဘက်က



မျက်နှာတွေလည်း ဒီဘက်ကို အာရုံစိုက်လာကြလျှင် ...၊

"အဲ့ .. အဲဒါကလေ .."

"ကျွန်မတို့ကတော့ မမြ သားဆိုတာနဲ့တင် အားလုံးကို ငြင်းစရာမရှိစာရင်းထဲ ထည့်ထားလိုက်တာပါ၊ မင်္ဂလာကိစ္စကိုလည်း မမြ တို့သဘောပဲ .."

ဒေါ်သန်းသန်း က အစတည်းက ဒီကိစ္စကို အမြန်စီစဉ်ချင်နေတဲ့ သူမို့ ဒေါ်တင်နွယ် စပေးလိုက်တာနှင့် သူမက အေးသံချောင်းခေါက်ပြီးသား ...၊

**ဒေါ်မြရှင် နဲ့ ဘုန်းရိပ် မျက်လုံးချင်းဆုံသွားကြသည်။ သားရဲ့ဆန္ဒကို သူမ သိပြီးပြီမို့ ဒီကိစ္စကို ဘယ်လိုနောက်ပြန်ဆုတ်ရမလဲဆိုတာ ရှောင်တခင်ဆုံးဖြတ်ဖို့ ခက်နေ၏။**

"ဟုတ်တယ် .. ဒါတော့ လုံးဝထောက်ခံတယ်၊ မမြ တို့က တစ်ရွာလုံးမှာ ချမ်းသာဆုံးနော်၊ ဒါပေမယ့် ကိုဘုန်း ကို မွေးထားတာတော့ အောက်သက်ကိုကျေနေတာပဲ၊ ပညာလည်းတတ်တယ်၊ စိတ်ဓာတ်စာရိတ္တလူမှုဆက်ဆံရေး ဘာမှပြောစရာမရှိဘူး၊ သက်ထားလေး မှာ ချို့ယွင်းချက်ရှိသမျှ ကိုဘုန်း နဲ့ဆို ပြည့်စုံသွားပြီပေါ့ .."

တကယ်က ဒေါ်တင်နွယ် အရောက်ပို့နေတာ မင်္ဂလာကိစ္စကို မဟုတ်ပေ။ သက်ထား ရဲ့ စိတ်သဘောကို ဘဝင်မကျသောကြောင့် ဒေါ်မြရှင် တွေးမိအောင် တမင်ယှဉ်ပြောပြနေတာဖြစ်သည်။

**သူကြီးသမီးနဲ့ ကိုဘုန်း တို့ကို လူကြီးချင်းစေ့စပ်ကြတော့မည်ဆိုတာ ရွာထဲမှာ သတင်းသဲ့သဲ့ကြားလိုက်တာနှင့် 'ကိုဘုန်း နဲ့ သက်ထား က မလိုက်ဖက်ပါဘူး' ဆိုတာ အားလုံး၏ စိတ်ထဲမှာ ဖြစ်ခဲ့ကြ၏။**

**ဒါကို ဒေါ်မြရှင် က မတွေးမိဘူးလားလို့ စိတ်ကသိကအောင့်ဖြစ်ရသဖြင့် ...၊**

"ကျွန်မတို့ကတော့ ဘယ်တော့ စားရမလဲပဲ စောင့်နေကြတာနော် .."

သက်ထား က ဘုန်းရိပ် ကို လှမ်းကြည့်သည်။ ဘုန်းရိပ် က ငါး

www.burmeseclassic.com

www.burmeseclassic.com



ကြော်ကိုကိုင်ပြီးမှ ပြန်ချ၍ ရယ်လိုက်လျှင် ..၊

*"စားလေ ကိုဘုန်း .. ငါးမစားရဲလို့လား .."*

"ဟင် .. အဲ့ .. မဟုတ်ပါဘူး .."

"ဒီကောင်က ငါးစားရင် ငါးရိုးထွင်ပေးတဲ့လူရှိမှ .."

"အိမ်မှာဆို .. မိငယ် က လုပ်ပေးနေကျလေ .."

ချမ်းသာ နဲ့ ငထွား တို့က တစ်ယောက်တစ်မျိုးထောင်ပေးကြပြီး ချောင်းတွေဘာတွေ ဆိုးလိုက်သေး၏။ သက်ထား မျက်နှာလေး ညိုသွားသည်။

ငါးရိုးထွင်ပေးရမှာ အပန်းမကြီးပေမယ့် မိငယ် လို မိန်းမလုပ်ပြသွားတဲ့အတိုင်း သူ့လိုမိန်းမက လိုက်လုပ်စရာလား ..။ ပြီးတော့ ဒီနေရာမှာ နှစ်ယောက်တည်းလည်းမဟုတ် ..။

"ဟိုမှာ လူကြီးတွေကတော့ စကားစနေပြီ ဟေ့ကောင် .. ဘုရားလူကြီးကို ကြိုဆိုကြမှာလား၊ မင်းတို့ကို ဇွေစပ်ပေးမယ့်ပွဲလား မသိဘူး.."

"ငါတို့ ကြားရတာတော့ ရပ်ရွေးရွာရေးမပါသေးပါဘူး .."

"ပြောကြလေကွာ .. မင်းတို့ချင်းက အိုခေပြီလား .. ဘာလဲ ငါတို့ရှိနေလို့လား .."

ချွေးကောင်တွေ ဘယ်လိုအချွန်နဲ့ လာ 'မ' နေကြတာလဲ ..၊

စိတ်ထဲမှာ ကြိမ်ဆဲရင်း ဆံပင်သပ်လိုက်၊ ပါးကုတ်လိုက်ဖြစ်နေဆဲ..၊

"ဟော .. မကျော့ .."

"သူကြီးအိမ်မှာ လူစုနိုင်းထားတယ်ဆိုလို့ ဝင်လာတာ .."

ဒေါ်ကျော့ က တဘက်စောင်အကျားလေး ခေါင်းပေါ်မှာ ခေါက်တင်လျက် ဆွဲခြင်းလေးလက်မှာ ချိတ်ထားသဖြင့် ..၊

"ခင်ဗျား ခုမှ ပြန်လာတာလား .."

"ဟုတ်တယ် .. ဒါတောင် ချောင်းခြားထိ မသွားဖြစ်ခဲ့လို့ပြန်နိုင်တာ.."

ဒါဆို မိငယ် ကို ဘယ်ကြားမှာ ချောင်ထိုးပစ်ခဲ့တာလဲ ..၊



ဒေါ်ကျော့ ကို မြင်လိုက်တာနှင့် ရယ်ဟာဟာမျက်နှာက တင်းခနဲသွားကာ ဘုန်းရိပ် မျက်လုံးတွေ ရှူးရဲသွား၏။

ချမ်းသာ တို့လည်း မိငယ် ကိစ္စကိုသိထားသဖြင့် ဒေါ်ကျော့ ဝင်လာတာမြင်တာနှင့် ဘုန်းရိပ် ဆီ အကြည့်တွေဖျတ်ခနဲရောက်သွားကြ၏။

ခုနကနဲ့ လုံးဝခြားနားသွားခဲ့သည့် မျက်နှာထားတွေကြောင့် သက်ထား တိထားမိသွားသည်။ လှည့်ကြည့်လိုက်တော့ ဒေါ်ကျော့ ကလည်း ဘုန်းရိပ် တို့သားအမိဆီကို မလုံမလဲ အကြည့်တစ်ချက်ဝေ့လိုက်တာနှင့် ညှိတည့်တိုး၏။

"ဒါဆို ကျွန်မ အိမ်တစ်ခေါက်ပြန်လိုက်ဦးမယ်၊ အိမ်ကိုမရောက်သေးဘဲ ဝင်လာတာ .."

"ပြန်ပြန် .. ခရီးပန်းလာတော့ ပြန်မလာပါနဲ့၊ ညေ့သည်စောင့်ဖို့ ကြာဦးမှာ .."

ဒေါ်ကျော့ ဝမ်းသာအားရ ခေါင်းညိတ်ပြီး ပြန်လှည့်လျှင် ..၊

"အကြီးကျော့ .. ငယ် ဘယ်မှာလဲ .."

ဘုန်းရိပ် ဘယ်လိုမှ ဟန်ဆောင်မနေနိုင်ဘဲ နေရာမှ ထရပ်ရင်းမေးသည်။ အားလုံး အံ့သြသွားကြကာ စကားသံတွေလည်း တိတ်သွား၏။

"ငါ့ကိုလား .."

"မိငယ် ကို ဘယ်ခေါ်သွားတာလဲလို့မေးတာ .."

မေးပုံက တရားခံစစ်သည့်နှယ်၊ ဒေါ်ကျော့ မျက်နှာ ခပ်မှုန်မှုန်သွား၏။ သို့သော် ..၊

"သြော် .. သူ့ဆွေမျိုးတွေဆီ အလည်သွားပါစေဆိုပြီး ပို့ပေးလိုက်တာ၊ မွေးလာတည်းက ဘယ်ကိုမှ သွားလာဖူးတာမဟုတ်ဘူးမို့လား .."

"ခဏနေပါဦး .."

ဘုန်းရိပ် က ဒေါ်ကျော့ ခြေလှမ်းပြင်တိုင်း တားဆီးပြီးဖြစ်ဘာ..၊

"ကျွန်တော် ပြန်ပို့ပေးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟင် ...။

တင်းနေသည့်မျက်နှာက ရှိသေကျိုးနွံစွာ ကြိုပို့လုပ်ပေးမှာမဟုတ် မှန်းသိသာနေ၏။ ဒေါ်မြရှင် တို့သိကြပေမယ့် တခြားလူတွေက အံ့ဩ နေကာ ဘုန်းရိပ် က ဒေါ်ကျော့ ကို အမူအခင်းကြီးတစ်ခု စစ်ဆေးတော့ မည့်ပုံ ပေါက်နေတာကို အထူးစိတ်ဝင်စားနေကြသည်။

ထို့ပြင် ငယ် နဲ့ ပတ်သက်နေမှန်းလည်း သိသာနေကာ ...။

"မမြ ... ကိုဘုန်း ဘာဖြစ်တာလဲ ..."

"အဲ ... ဟို ..."

ဒေါ်မြရှင် အကြည့်က သက်ထား ဆီ ရောက်သွား၏။ သက်ထား ကြည့်နေသည့် အကြည့်တစ်ချက်က ရင်ထဲကို လက်နက်တစ်ခုလို ဖြတ် ဝင်သွားခဲ့လျှင် ဖြေရခက်နေသည့် အားနာခြင်းတွေ လျော့ပါသွားခဲ့ပြီး

"သူတို့ကိစ္စရှိမှာပေါ့ မနွယ် ရယ် ... မသိပါဘူး ..."

"အေးနော် ... ကိုဘုန်း က မိငယ့် အတွက်ဆို အကွက်ကိုချေ တာပဲ၊ မလှ အိမ်မှာ အသုဘည တွေမှာလည်း ငယ့် ကို သူပဲစောင့်ရှောင် နေတာ၊ သံယောဇဉ်ကတော့ သေးသေးကွေးကွေးမဟုတ်ဘူး ..."

ဒေါ်တင်နွယ် က အားပါးတရပြောပြီး မသိသလိုပင်၊ ဒေါ်သန်းသန်း မျက်နှာ ပျက်နေလျက် ဒီတိုင်း စက်ဘီးတွန်းပြီး ဒေါ်ကျော့ နဲ့ ပါသွား သည့် ဘုန်းရိပ် ၏ ကျောပြင်ကို မျက်စိတစ်ဆုံးစိုက်ကြည့်နေခဲ့သည်။

ပြီးတော့ အေးဆေးပြုံးနေနိုင်သည့် ဒေါ်မြရှင် ဆီ မျက်လုံးရောက် သွားပြီး တအံ့တဩတွေးမိ၏။

ဒီလို အခြေမဲ့အနေမဲ့ ပညာမဲ့တဲ့ မိန်းကလေးမျိုးနဲ့ ဘာလိုလိုပြော နေတာကို ဘာကြောင့် ပြုံးနေနိုင်တာလဲ ...။



## အခန်း (၃၈)

"အဲ့လောက်ထိ ဒေါ်ကြီးကျော့ လုပ်ဖို့မကောင်းဘူး ..."

"ဘယ်လောက်ထိ လုပ်ရမယ်ဆိုတာ မင်း ငါ့ကို ညွှန်ကြားဖို့မလို ဘူး ဘုန်းရိပ်၊ ငါ့တူမကို ငါ ဘယ်လိုမွေးမွေး ဘယ်လိုကျွေးကျွေး သူများ တွေ နှိမ်နှိမ်ချချ ပြောလာရင် မခံရပ်နိုင်တဲ့ ကရုဏာစိတ်တော့ရှိသေး တယ်၊ ငါ့တူမ ငိုနေရင် ဘယ်သူ့ကြောင့်လဲမေးပြီး ငါ မနိုင်ရင်တောင် ဘက်ခေါက်မိသေးတယ်၊ သူ့အတွက် ဘယ်သူနာကျင်ပေးဖူးသလဲ မင်း သိရင် ပြောစမ်းပါ ..."

ဘုန်းရိပ် ဆွံ့အသွားသည်။ ဒေါ်ကျော့ က ခုထိ ကိုင်ထားမိဆဲ အဘက်စောင်လေးကို ဘုရားခန်းထဲ ပစ်ပေါက်ထည့်လိုက်ပြီး ပြန်လှည့် လာကာ ...။

"ငါ့တူမက မိန်းမနောက်ပိုး၊ သားနဲ့ မျှားပြီး အနိုင်းခံနေရတဲ့ သူများ နိုင်းဖက်နောက်ပိုးမ ..."

"အကြီးကျော့ အဲဒါတွေကို ..."

"ခုမှ အကျယ်ချဲ့ပြောနေတယ်ဆိုပြီးတော့လား၊ အေး ... ဟုတ် တယ် မျိုးသိပ်တယ် သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်၊ မနေ့ ညနေ့ကစပြီး ငါ သည်းခံနိုင်စွမ်းကုန်သွားတာပဲ ..."

ဒေါ်ကျော့ က စကားနည်းသလောက် စိတ်ထက်တဲ့သူဖြစ်သည်။ ထို့ပြင် အတန်းပညာလည်း အလယ်တန်းဆင့်ထိ အောင်မြင်ထားတာမို့

www.burmeseclassic.com



ဒီရွာသားတွေထဲမှာတော့ ပညာတတ်စာရင်းဝင်ပဲဖြစ်၏။

ညီမဖြစ်သူကျတော့ အထက်တန်းပညာ သင်ပြီးကာမှ အိမ်ထောင်ကျသွားခဲ့တာဖြစ်သည်။ သူမတို့ မိဘတွေလက်ထက်က အဆင်ပြေခဲ့ပေမယ့် သမီးနှစ်ယောက်၏ ပညာရေးကိုပဲ ဦးစားပေးလွန်းတာကြောင့် မိဘနှစ်ပါး၏ ကျန်းမာရေး စီးပွားရေးတွေပါ ထိခိုက်ခဲ့ရသည်။

သမီးတစ်ယောက်က မည်းမည်းညိုညို ရုပ်ရည်က မလှ၊ သမီးငယ်ကျတော့ ဖြူဖြူစင်စင်လှလှလေး ..။

ရုပ်ဆိုးတဲ့ သမီးကိုလည်း ရုပ်ဆိုးပေမယ့် ပညာလေးတော့ ထူးချွန်မှလို့ တွက်၏။ ဖြူဖြူလှလှသမီးလေးကျတော့လည်း ရုပ်ရည်လေးနဲ့လိုက်အောင် သူမဘဝလေးကို မြှင့်တင်ပေးချင်ကြသည်။

အတိတ်ဆိုတာ အရိပ်လိုကပ်ပါစေသည်က ဒေါ်ကျော့ ဟာ မလှခဲ့သည့် ရုပ်အဆင်းကြောင့် စိတ်တွေလည်းကြမ်းလာခဲ့သည်။

ညီမဖြစ်သူ၏ အလှကြောင့် သူမက ပိုပြီး ဖေးမိနှိပ်ခဲ့ရသည်။ ထိုညီမကမွေးပြီး ကိုယ့်ခေါင်းပေါ် လုံးလုံးပုံကျလာခဲ့သည့် ရှင်ငယ်လေး၏ဘဝတစ်ခုလုံးကို တာဝန်ယူလိုက်ရတော့ သူမ၏ ကြမ်းတမ်းမှုတွေက အဆုံးမဲ့ဖြစ်လာခဲ့၏။

ဒါပေမယ့် သွေးသားဆိုသည့်စိတ်က အသွေးအသားထဲမှာ စီးဆင်းနေတာမို့ လက်သည်းဆိတ်တော့ လက်ထိပ်နာသည်သာ ..၊

ညိုညစ်ညစ် မျက်နှာကြီးက ဒေါသကြောင့် အနီရောင်စွတ်ကာ ကြည့်ရဆိုးခြင်းသို့ရောက်၏။ ထို့ပြင် မျက်ဆံသေးသေးတို့က ပို၍သေးကျုံ့ပြီး ဘုန်းရိပ် ကို စိုက်ကြည့်နေလျက် ..၊

"ငါ့တူမကို ဒီရွာ ပြန်မလာနိုင်တော့အောင်လုပ်တာ ဘယ်သူနဲ့ဆိုင်သလဲပြော .."

"မဆိုင်ပေမယ့် ကျွန်တော်ပြောလို့ရတယ် .."

"ဘာ ..."

"ဒေါ်ကြီးကျော့ ကျွန်တော်တို့ကို ခုတုံးလုပ်ပြီး ငယ် ကို ခေါ်ထုတ်သွားတာ၊ မဟုတ်ရင် မိငယ် ကို ကြိုးတုပ်ခေါ်ရင်တောင် သူလိုက်မှာမဟုတ်ဘူး .."

"ငါ့ဟာငါ ဘယ်သူ့ကို ခုတုံးလုပ်လုပ် မြင်းမိုရ်တောင်ပြိုကျတော့မှာပါလို့ပြောပြော ဘယ်သူမှလည်း ခုတုံးကြီးဖြစ်မသွားဘူး၊ မြင့်မိုရ်တောင်လည်း တကယ်ပြိုမကျဘူး၊ ဒီမှာ ဘုန်းရိပ် ငါ့တူမ ပြုစုလုပ်ကိုင်ဆေးတာလေးတွေနဲ့ အခန့်သား အငြိမ့်နေရတဲ့အရသာကို မင်း မတ်မောနေတာလား .."

"ဘာဗျ .."

"မင်းတို့အိမ်မှာ မိငယ် က စာရင်းငှားလောက်တောင် အဆင့်ရှိတာလေ .."

"စာရင်းငှားဖြစ်ဖြစ် ကျေးကျွန်ဖြစ်ဖြစ် ပိုက်ဆံပေးနိုင်ရင် ကြိုက်သလောက် ခေါ်နိုင်းလို့ရတယ် .."

"ငါ့တူမကတော့ အလကား ကျွန်ကိုး .."

"ခင်ဗျား မမိုက်ရိုင်းနဲ့ ဒေါ်ကြီးကျော့ .. ကျွန်တော်တို့ ဆက်ဆံနေကြတာ စေတနာမေတ္တာအရင်းခံနဲ့ .."

"ကြားကောင်းတဲ့ စကားပဲ .."

"မကျော့ နေဦး .. သားလည်း တော်စမ်း .."

ခြေတံရှည်အိမ်မြင့်မို့ အိမ်ပေါ်မတက်ခင်တည်းက အပြန်အလှန်စကားသံတွေကို ကြားနေရတာဖြစ်သည်။ ဒေါ်မြရှင် အသံပေးလိုက်ပေမယ့် အိမ်ပေါ်ကို အရင်ရောက်သွားတာက ငထွား နဲ့ ချမ်းသာ တို့ဖြစ်တာ ..၊

"အကြီးကျော့ ကလည်း ဒီလောက်ထိဖြစ်စရာမလိုတဲ့လူတွေချင်းဟာ.."

"ဟုတ်တယ် .. အကြီးကျော့ က တစ်သက်လုံးကောင်းပုံကောင်းရုပ်နဲ့ နေလာပြီးတော့ .."

"မင်းတို့က လာပြန်ပြီလား .."

"လာတာမဟုတ်ဘူး .. ခုန အားလုံးကြားလိုက်တယ်၊ မိငယ် ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံးက နားလည်ကြတယ် ..”

“ဘာကိုလဲ .. ကိုဘုန်း ကို တစ်ပိုင်းသေအောင်ကြိုက်နေတဲ့ ကောင်မလေးဆိုပြီးတော့လား ..”

“အဲ့ဒါတွေကလည်း ရင်နှီးပွင့်လင်းမှုတွေကနေ ..”

“တော် .. တော့် .. အဲ့ဒါတွေ မင်းတို့မပြောနဲ့ ..”

ဒေါ်မြရှင် အပေါ်ရောက်လာတော့ မောနေသဖြင့် ရုတ်တရက် စကားမပြောနိုင် ..၊

ပိုက်ဆံရှိသည့်အိမ်တွေက ကျွန်းကနုတ်ပန်းတွေနဲ့ လက်ရမ်းဆင်ပြီး လှေကားထစ်တွေ များသလောက် ကျွန်းပြားအထူကြီးတွေနဲ့ လှေကားဆင်တာဖြစ်သည်။

ဆင်းရဲတဲ့ ခြေတံရှည်အိမ်တွေကျတော့ လှေကားထစ်တွေကိုထ ခြေဖျားတစ်ထောက်စာ အပြားလေးတွေဖြစ်ကာ သားက လက်ရမ်းထ လည်း တန်းလေးတစ်တန်းတည်းမို့ လက်နဲ့တန်းနဲ့ မိအောင်ကိုင်ရတာ က တစ်မျိုး ..။

“မကျော့ ဘာတွေဖြစ်သွားတာလဲ၊ ကျွန်မတို့ကိုလည်း ပြောပါဦး မနေ့တစ်နေ့ကနဲ့ ဒီနေ့လေးမှာ ရှင့်မျက်နှာက ပြောင်းပြန်လှန်ပစ်လိုက် သလိုပါလား ..”

ဒေါ်မြရှင် ရှေ့ရောက်လာတော့ ဒေါ်ကျော့ မျက်နှာတော့ပျက် သွား၏။ သို့သော် .. ချက်ချင်း ပြန်တင်း၍ မော့ကာ ...

“မောလာတယ်မို့လား မမြ .. ထိုင်ပါ ..”

ထိုင်ပါပြောပြီး သူမကိုယ်တိုင်လည်း ထိုင်တာမဟုတ်၊ သို့သော် တင်းထားသည့်မျက်နှာနှင့် ..၊

“ကျွန်မ ဘာမှမပြောင်းလဲပါဘူး၊ ဘယ်သူမှ မထင့်တာကို လုပ် လိုက်တဲ့အတွက် ထူးဆန်းသွားတာပါ ..”

“ဘာလုပ်လိုက်တာလဲ .. သားက ဘာသိလို့လိုက်မေးတာလဲ..”

“မိငယ် ကို ချောင်းခြားမှာ ယောကျ်ားပေးစားဖို့ ထားခဲ့တာဖ



အမေ ..”

“ဟင်!...”

ဒေါ်မြရှင် ဘယ်လိုမှ မယုံနိုင် ..၊

“ဘယ်လိုဖြစ်ရတာလဲ မကျော့ ရယ် .. ချောင်းခြားနဲ့ ဒီရွာ ရှင် ဘယ်တုန်းကမှ အကူးအသန်းအဆက်အသွယ်လည်းမရှိခဲ့ဘဲနဲ့ ..”

“အဲဒါ ပိုကောင်းလို့လုပ်တာပဲ မမြ ..၊ ရွာနားကမြက် ရွာနွား စားဘူးတဲ့၊ ဒီရွာမှာဆို ကျွန်မတူမက မိန်းမနောက်ပိုးသဝက တက်မှာ မဟုတ်ဘူး၊ ဘယ်သူကမှလည်း လူရာသွင်းတာမဟုတ်ဘူး ..”

“ဟိုမှာကျတော့ရော ..”

“သူနဲ့ ပေးစားမှာက သူဦးလေး နှစ်ဝမ်းကွဲသုံးဝမ်းကွဲပဲ ဆွေမျိုး ကောင်းထဲက ဆိုပါတော့ ..”

ဒေါ်မြရှင် ဟန်ဆောင်ပန်ဆောင်လေးတောင် ခေါင်းမညိတ်နိုင်..၊

“သူ့ထက် အသက်ကြီးပေမယ့် ချောင်းခြားလိုရွာကြီးမှာတောင် သူချမ်းသာစာရင်းဝင်တယ် ..”

“ဟုတ်ပါပြီ .. ဒါပေမယ့် မိငယ် သဘောကို ရှင် မေးခဲ့ရဲ့လား..”

“မလိုပါဘူး မမြ ရယ် .. သင့်တော်လို့ စီမံပေးရင် နာခံရမှာပေါ့၊ ဒါနဲ့ မမြ တို့ အုပ်စုလိုက်ရောက်လာကြတာ ဒီသတင်းမေးချင်လို့လား..”

“ကိုဘုန်း ထလိုက်သွားတာကို အံ့သြလို့လေ .. ဘာကိစ္စတွေဖြစ် နေကြမှန်း သိကိုမသိတာ ..”

ပြောရင်း ဘုန်းရိပ် ကို ပြန်ကြည့်ကာ ..၊

“သားက ဘာဖြစ်လို့ ဒီထိလိုက်လာတာလဲ .. သူ့တူမကို သူ စီမံပေး ခွင့်ရှိတယ် ..”

သူ့အခွင့်အရေးကို ဘာမှစွက်ဖက်လို့မရမှန်းသိရက်နဲ့ ဘုန်းရိပ် တာတွေဒေါပွနေမှန်း ခုထိ ဒေါ်မြရှင် မသိပေ ..။

ကိုယ့်သားသမီးကို နှင်ပဲ့ငဆ ပြောနေတာတော့ ဝင်ပါရမှာပဲဖြစ်တော..

“လာ ပြန်မယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အမေ .. ဒေါ်ကြီးကျော့ က ကျွန်တော်တို့ .."

စကားက ဒီမှာတင် ထစ်ငေါ့သွားလျက် နောက်ထပ်ပင့်သက်ရှိုက် လိုက်ပြီးမှ ...၊

"ကျွန်တော့်ကို ခုတုံးလုပ်ပြီး ငယ့် ကို ခေါ်သွားတာ၊ ငယ်ဘာ မသိဘဲ ဟိုရောက်မှ ချောင်ပိတ်ခံလိုက်ရတာ .."

"ဟင်!..."

"ဟော့ .. မင်းစကားက ဘာလဲကွ .."

"ကျွန်တော့်ကို သက်ထားနဲ့ လက်ထပ်ဖို့သေချာနေပြီလို့ အကြီးကျော့ ပြောခဲ့တာ၊ အမေက သူ့ကို ကျွန်တော်နဲ့ နီးစပ်မှာစိုးလို့ မင်္ဂလာ အမြန်လုပ်ရတဲ့ပုံမျိုး .."

"ဘာပဲပြောပြော ငါ့တူမ စိတ်ယိုင်နေတာကို တည့်မတ်ဖို့ ဘာစကားဖြစ်ဖြစ်ပြောရမှာပဲ .."

"စကားဆိုတာ ပြောလို့ရတိုင်း မပြောရဘူး မကျော့၊ ရှင် ပြော လိုက်တဲ့သက်ရောက်မှုက ကျွန်မတို့အားလုံးရဲ့ စိတ်ခံစားရဂုဏ်သိက္ခာ ကို ထိခိုက်နိုင်တယ်ဆိုရင် .."

"ပူမနေနဲ့ မမြ .. အဲ့ဒီစကားကို ဘုန်းရိပ် ဘယ်လိုသိလာ မသိပေမယ့် ကျွန်မ ပြောခဲ့တာတော့ မိငယ် တစ်ယောက်တည်းရယ်.."

"ကျွန်တော့်ကို မိငယ် ပြောသွားတာ .."

"သိသားပဲ .."

"မိငယ် ကို အဲဒီလို တံခါးပိတ်ဝါဒနဲ့ ဒေါ်ကြီးကျော့ ဖွတ်လုပ် လို့မရဘူး .."

"ဘာပြောတယ် .."

ဘုန်းရိပ် မျက်နှာပေါ်က ခံပြင်းရိပ်တွေကြောင့် ဝင်ပြောဖျောင်း ဖို့ ရှိနေသည့်လူတွေပါ ဆွံ့အငေးမောနေခဲ့ကြ၏။

ပုဆိုးနားစနှစ်ဖက်ကို စုံမ၍လမ်းလျှောက်တတ်သည့်ပုံစံက စကား ပြောနေတုန်း 'မ'ထားတော့ မိုက်ရိုင်းစော်ကားသည့်အသွင်မျိုးဖြစ်သွား၏



ထို့ပြင် ဒေါသကို ပုံဖော်နေတာက ရှုံးရှုံးရဲရဲဖြစ်နေသည့်မျက်လုံး တွေပဲဖြစ်ကာ ...၊

"ဒေါ်ကြီးကျော့ မှာ ငါ့တူမဆိုတဲ့ ပါဝါရှိနေပေမယ့် သူ့တစ်သက် လုံး ဒေါ်ကြီးကျော့ မပေးခဲ့တဲ့ ဂရုစိုက်ကြင်နာမှုတွေကို ကျွန်တော်က ပေးခဲ့တာ၊ သွေးသားတော်တဲ့ လူက ကြင်နာရကောင်းမှန်းမသိတာကို ကျွန်တော်တို့ရဲ့ အကြင်နာတွေနဲ့ သူ့ဘဝကို နွေးထွေးမှုပေးခဲ့ကြတာ.."

"ဟွန်း .. ဟွန်း .."

"အခု မိငယ် ကို သေချာချော့မော့ဖျောင်းဖျပြီး ထားခဲ့တာလား၊ အတင်းအကျပ် ပိတ်လှောင်အမိန့်ပေးထားခဲ့တာလား .."

"မင်းရဲ့ မေးခွန်းတွေက စည်းကျော်မနေဘူးလား ကိုဘုန်း .."

"တစ်သက်လုံး ဘယ်အိမ်က ခေါ်ခိုင်းခိုင်း၊ ဘယ်အိမ်မှာနေနေ စည်းလွတ်ကမ်းလွတ်ထားခဲ့ပြီးမှ စည်းကျော်တာမကျော်တာတွေ လာ မေးမနေပါနဲ့၊ မေးတာကိုဖြေပါ .."

"ငါ ဖြေချင်မှ ဖြေမှာပေါ့ .."

"ခင်ဗျား မဖြေနိုင်လို့ မဖြေတာပါ .."

ဒေါ်ကျော့ မျက်နှာကြီးနီမြန်းစပြု၏။ အသားမည်းပေမယ့် သိသာ စွာ ခက်ထန်ညိုမှောင်လာလျက် ...၊

"မင်းက .."

"ကျွန်တော် မေးခွင့်ရှိတယ်၊ ရှိရှိမရှိရှိ ထပ်မေးဦးမယ်၊ မိငယ် ရဲ့ မင်္ဂလာကိစ္စကြောင့် ဒေါ်ကြီးကျော့ အတွက် အကျိုးအမြတ်တစ်စုံတစ်ရာ မှ မရှိတာ သေချာလား .."

ဒေါ်ကျော့ အသက်ရှူပြင်းလာပေမယ့် မဖြေ ...၊

"ရတယ် .. ကျွန်တော် ချောင်းမြောင်းထိလိုက်မယ် .."

ဒေါ်ကျော့ နှင့် အားလုံး ဟင်ခနဲဖြစ်သွားကြသည်။

"မိငယ် ကို ဖိနှိပ်ချုပ်ကိုင်ပြီး ဒေါ်ကြီးကျော့ ကိုယ်ကျိုးရှာခဲ့တာ ဆိုရင် ဘယ်သူဘယ်လို တော်စပ်နေနေ ဘာစည်းပဲရှိရှိ .."

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း …"

ဆုံးအောင်မပြောဘဲ ဘုန်းရိပ် လှေကားထစ်တွေကို ကျော်လွှားဆင်းသွားသည်။ ဒေါ်ကျော့ လိုက်ဆွဲတော့မတတ် ပြူးပြူးပြာပြာဖြစ်သွားကာ …၊

"ကြည့်ဦး မမြ … မမြ သား ပြောသွားတာ …"

"မပြောသင့်တာတွေကို မကျော့ က စပြောခဲ့တာပဲ၊ ကိုဘုန်းမိုက်ရိုင်းသလိုဖြစ်သွားရင်တော့ ကျွန်မ တောင်းပန်ပါတယ်၊ ဒါပေမယ့် မကျော့ က ငါ့တူမဆိုတဲ့ အသံကောင်းလွှင့်ပြီး ကျွန်မတို့ကို ဖိတ်ခေါ်ထားတဲ့အတွက် လူငယ်တစ်ယောက်က ဒီလောက်တော့ တုံ့ပြန်မှာပဲလေ …"

ဒေါ်မြရှင် က ပြောပြီးမှ ပြန်ဆင်းဖို့ပြင်ကာ …၊

"ကျွန်မတို့ မိငယ် အပေါ်မှာ ဘယ်လိုသဘောထား ဆက်ဆံခဲ့တယ်ဆိုတာ မကျော့ တင်ပြနေဖို့မလိုဘူး သူ့ရင်ထဲမှာရှိတယ် … အဲဒီအတွက်လည်း ကျွန်မတို့က သက်သေမပြပါဘူး …"

"ပြပြ မပြပြ အဲ့ဒါတွေက ကျွန်မတို့ချင်း ငြင်းခုန်ယှဉ်ပြိုင်နေစရာမလိုပါဘူး မမြရယ် … အကြင်မှာ မေတ္တာတွေဆိုတာ တော်စပ်မှုလောက် အကျုံးဝင်တာတွေလည်း မဟုတ်ပါဘူး၊ မမြ အခု ကျွန်မကို ပြိုင်ဆိုင်ပြောနေပေမယ့် မမြသား နဲ့ ပေးစားလိုက်ပါလားဆိုရင် မမြ ဘယ်လိုနေမလဲ …"

အငိုက်ဖမ်းမေးလိုက်ပေမယ့် ဒေါ်မြရှင် က မဲ့ပြုံးနှင့် ပြန်ကြည့်ကာ…၊

"ဘယ်လိုမှ မနေဘူး မကျော့ ကျွန်မတို့က ရင်ထဲမှာရှိတဲ့အတိုင်း အစကနေ ခုချိန်ထိ ဘာမှ မပြောင်းလဲဘူး၊ မိငယ် ကို ဟိုတုန်းကလည်း ချစ်တယ်၊ ခုလည်း ဒီအတိုင်းပဲ … ကိုယ့်ချွေးမဖြစ်လာဖို့ မမျှော်လင့်ခဲ့ပေမယ့် ဖြစ်လာမှာစိုးလို့ ချက်ချင်းကြီး မုန်းသွားစရာအကြောင်းလည်းမရှိဘူး၊ နောက်ပြီး ကျွန်မက ကိုယ့်သားသမီးနဲ့ ကိုယ်ကျိုးရှာမယ့် မအေမျိုး မဟုတ်ဘူး …"



ဒေါ်ကျော့ ဇွေ့ဇွေ့ခုန်မတတ် ကျန်ရစ်ခဲ့၏။ အမေက ဇော်ထားလိုက်၊ သားက ဇော်ကားလိုက်၊ သင်းတို့က ဘာမို့လို့လဲ … အိမ်ထဲမှာ တစ်ယောက်တည်းခေါက်တုံ့လျှောက်နေရင်း ထိုင်ဖို့ကို သတိမရ …၊

မိငယ် ကို အသက်လေးဆယ့်ငါးနှစ်ရှိသော မုဆိုးဖိုတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်ခဲ့တာတွေ ဘယ်သူ့မှသိလို့မဖြစ် …၊ ထိုလူနဲ့ ဆွေမျိုးအသိုင်းအဝိုင်းဆီက ဘယ်လိုအကျိုးအမြတ်ရဖို့ရှိတာတွေလည်း လူသိမခံနိုင်ပါ။

ဒါတွေကို ဟိုဟာမလေးက ဘာဖြစ်လို့ ဒီကောင်လေးကိုမှ ဖောက်သည်ချသွားခဲ့တာလဲ၊ အစပေါ်နေပြီဆိုတော့ ဒီကိစ္စကို မပေါ်အောင် ဘယ်လိုဖုံးကွယ်ထားရမလဲ …၊

ဘယ်သူ့မှ ဂရုစိုက်ဘူးဆိုတာက ဘယ်သူမှ ပြောမယ့်လူမရှိရင် ပြဿနာမဟုတ်ပေမယ့် ဒါတွေကို ဘုန်းရိပ် အကျယ်တဝံ့ထလုပ်လိုက်လျှင် ရွာထဲမှာ သူမ ဘယ်လိုမျက်နှာပြဝံ့ပါ့မလဲ …၊

မိငယ် ဆို တစ်ရွာလုံးက ကြင်နာကြ၊ သနားကြတာတွေပြောလို့မကုန် …၊

အစတည်းက ကိုယ်က မိငယ် အပေါ်မှာ ဇာတ်ထဲက ပုဏ္ဏားယုတ်လို မိန်းမမျိုး၊ အားလုံးက သတ်မှတ်ထားကြတာ ဒါတောင် ဘုန်းရိပ် တကယ်ပဲ ဦးအောင်ရောက်သွားခဲ့ရင် သွားပြီ …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"ဒီကောင်လေး ဘယ်တုန်းကမှ ဒီလောက်ဖွတ်တရွတ်မလုပ်တတ်ပါဘူး .."

"ဖွတ်လုပ်ရုံမကဘူး .. ဒေါသတွေပါကြီးနေတာ အရီးရဲ့ .."

"ကြီးလည်း ကြီးချင်စရာပဲကွာ .. အကြီးကျော် က ဘယ်လိုပုံစံကြီးဖြစ်နေမှန်း မသိတာ၊ ဟိုအရင်က ဒီလောက်ရင်းနှီးခဲ့ကြတဲ့လူချင်း ရန်သူလိုဖြစ်သွားတော့လည်း ချက်ချင်း .."

"ကဲ .. နင်တို့ကလည်း ဒါတွေပဲ ပြောလို့မပြီးဘူး၊ အခု ငထွား လိုက်သွားတာ ဘာအကြောင်းမှ မကြားရဘူးလား၊ စောစောစီးစီးရောက်လာကြလို့ ငါ့သားသတင်း ကြားရမလားမှတ်ပါတယ် .."

ဒေါ်ကျော့ အိမ်က ပြန်လာသည့် နေ့လယ်ကပဲ စက်ဘီးနဲ့ တန်းထွက်သွားတာဖြစ်ကာ အကျီတစ်စုံပဲအပိုပါသွားသည်။ ပြောရမယ်ဆိုသူများကိစ္စကြီးအတွက် ဒီလောက် မလိုအပ်ဘူးထင်သည်။

ငယ့် အပေါ်မှာ ရှိုးသားခဲ့သည့် ဘုန်းရိပ် ရဲ့ ရင်ထဲကို ဒီအဖြစ်က မီးမောင်းထိုးပြလိုက်သလိုပင် ..၊

ဆင်စီးပြီး မြင်းရံပါစေဆိုသည့် ဆုတောင်းမျိုးက မိဘတိုင်းရင်ထဲမှာ ရှိကြပေမယ့် ဆုတောင်းတိုင်းလည်း မပြည့်တတ်ကြပါ။ ဒေါ်မြရှင် ဒီသဘောတရားကိုလည်း လက်ခံနိုင်ပါသည်။



လိုချင်တာက ဘာကိစ္စပဲဖြစ်ဖြစ် မိဘကို အရင်ဖွင့်ပြောဖို့သာ ..

"အရီး .. ကျွန်တော်လိုက်သွားမယ်လေ .. ဘာဘက မေးရင် အရီးက နိုင်းလိုက်တာလို့ ပြောလေ .."

ပြောတဲ့သူက ချမ်းသာ ..၊

"လာပြန်ပြီ .. ပြန်မလာလို့ လိုက်ခေါ်ကြ .. လိုက်ခေါ်တဲ့လူက ပြန်ပေါ်မလာနဲ့ .."

"ဒီတစ်ခါ အဲလိုမဖြစ်စေရပါဘူး အရီးကလည်း .. ဟိုမှာက ကိုယ်နဲ့စိမ်းသက်တဲ့ရွာလေ၊ သူများရွာမှာ ကြက်မ ကိုယ့်ရွာမှာ ကြက်ဖဆိုတာ ဘုန်းရိပ် က ခေါင်းထဲထည့်မှာမဟုတ်ဘူး၊ ကိုယ့်ဘက်က အင်အားတောင့်မှ .."

"အင်း .. အဲ့ဒါဟုတ် .. ဟင် .. ဘာ .. အင်အားတောင့်မှဆိုတော့ နင်က ရန်ဖြစ်ဖို့ အင်အားသွားဖြည့်မှာလား .."

ပခုံးပေါ်တင်မည့် တဘက်စောင်ကို ပြန်ချလိုချမိနှင့် ဒေါ်မြရှင် စိတ်တွေများနေ၏။ မိငယ် က ဟိုမှာဘာဖြစ်နေသည်မသိ မကျော့ က ဘယ်လိုတွေစီစဉ်ထားသည်မသိ။

"အရီး .. အရီး .."

"ဟေ ..."

စဉ်းစားနေတုန်း စန်းရီ က အူရားဖားရားရောက်လာကာ ..၊

"အရီး .. ဘုရားဒကာ ညွှံ့သည်ကို သွားကြိုမလို့လား .."

"ဟုတ်တယ် .. သူကြီးအိမ်မှာ လူစုံနေပြီလား .."

"စုံနေပြီ .. ဒါပေမယ့် .. ဟို .. အကြီး .. အကြီးကျော့ လေ .."

"အင်း .. ဘာဖြစ်လို့လဲ .."

"အကြီးကျော့ က ဆွဲခြင်းနဲ့ တစ်ခါတည်းထွက်လာတာသိလား၊ ညွှံ့သည်ကြိုလာမယ့် လှည်းတွေထဲက တစ်စီးကို ငှားနေတာတွေ့တယ်၊ ချောင်းခြားကိုသွားမလို့တဲ့ .."

"ချောင်းခြားကို နောက်တစ်ခါ ပြန်သွားမလို့တဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးရေရွတ်ရင်း ချမ်းသာ နဲ့ အောင်ကြီးကို ကြည့်မိသည်။ အောင်ကြီး က စဉ်းစားမရပုံနှင့် ...၊

"ဘုန်းရိပ် အဲ့ဒီကိုတန်းသွားတာ ဘယ်သူမှ မသိပါဘူး .."

"သြော် .. သူ့ရှေ့မှာပဲ လိုက်သွားမယ်လို့ ပြောသွားတဲ့ဟာ .."

"မဖြစ်ဘူး .. မဖြစ်ဘူး .. သားနဲ့ ထွေး တို့ နောက်ကို ချမ်းသာ လိုက်သွားစမ်း .."

"အရီး .."

"ပြော .. ဘာလဲ .."

"ဘုန်းရိပ် နဲ့ ငယ် က ခိုးပြေးကြသလိုဖြစ်နေပြီ .."

"ကဲ .. ဘာဖြစ်ဖြစ်ဟယ်၊ ကလေးတွေ ဆေးမသီရန်မခ ပြန်ရောက် လာကြရင် ပြီးတာပဲ .."

"ဒါဆို အရီးက သဘောတူတယ်ပေါ့ .."

"ဘာကို သဘောတူရမှာလဲ၊ ဘာဖြစ်နေကြမှန်းမသိတဲ့ဟာကို.."

"အခြေအနေအရ ခိုးပြေးကြပြီဆိုရင်ဲရော .."

"နင်က ဘာမို့လို့ ဒါပဲမရမက မေးနေတာလဲ၊ ငါ မွေးထားတာ ဒီသားတစ်ယောက်ပဲရှိတယ်၊ ငါ့သား စိတ်ချမ်းသာဖို့ထက် အရေးကြီး တာ ဘာမှမရှိဘူး .."

"ဟေး ...."

ချမ်းသာ က လက်တစ်ဖက်ထောင်ပြီး ဟေးခနဲထအော်၏။ ဒေါ်မြရှင် အံ့ဩသလိုတော့ဖြစ်သွားမိ၏။ ဒီကောင်လေးတွေ သားကို မိငယ် နဲ့ သဘောတူနေကြတာလား ...၊

သားကရော မိငယ် ကို တကယ်ချစ်နေတာဟုတ်ရဲ့လား၊ မောင်နှမ စိတ်နဲ့ အမြင်မတော်လို့ ဝင်ပါနေတာမျိုးဆို ပေါက်ကရတွေလျှောက် ပြောနေကြတာကြောင့် သားကိုချစ်နေရှာသည့် ငယ် က သနားစရာ..၊

စိတ်က သားဆီမှာ ရောက်နေပေမယ့် ဩှသည်ကြိုဆိုပွဲအတွက် ဝတ်ကောင်းစားလှနှင့် သူကြီးအိမ်ကိုထွက်ခဲ့ရ၏။ သို့သော် ခြံဝိုင်းထဲ



ဝင်လိုက်တာနှင့် နေရာပေးဖို့ လာကြိုသလို ဒေါ်သန်းသန်း နဲ့ သက်ထား တို့အနားရောက်လာကြကာ ...၊

"မမြ ရေ .. ဟိုသတင်းဒီသတင်းတွေကြားနေရတာ စုံနေတာပဲ မမြ ကို မေးချင်လို့စောင့်နေတာ .."

နည်းနည်းတော့ ခေါင်းကြီးသွားမိသည်။ ဒီနေ့ ခေါင်းကိုဆင်နှင်း ခံရသည်လို့တော့ အိပ်မက်မမက်ခဲ့ဘူးထင်သည်။

"သက် ကတော့ တည့်တည့်ပဲမေးတော့မယ်၊ ကြားရတဲ့ သတင်း က မဖြစ်နိုင်ဘူးထင်လို့ပါ၊ ကိုဘုန်း က မိငယ် ကို ခိုးပြေးပြီဆို .."

"ဟင် !..."

"ဟဲ့ .. သြော် .. မဖြစ်နိုင်ဘူးထင်ရင်လည်း ဒီလိုကြီးမေးရသလား ငါ့သမီးရယ် .. ပြောပါဦး မမြ ရဲ့၊ ဟိုနေ့တုန်းကလည်း ကိုဘုန်း ဒီကနေ မကျော့ နောက်ကို ထလိုက်သွားတာ တစ်ခုခုပဲ၊ ခုလည်း ချမ်းသာ တို့ တစ်အုပ်စုလုံး ပျောက်နေကြတယ်၊ ကိုဘုန်း ကတော့ အဲ့ဒီညနေ တည်းက ပျောက်သွားတာဆို .."

မေးလိုက်တာတွေ အများကြီးကို ဘယ်ကစဖြေရမှန်းတောင် မသိ တော့ပေ။ သို့သော် .. ဖြစ်တော့လည်း ဖြစ်နေတာမို့ ဒါကို ဖုံးကွယ်ထား လို့လည်း ဘာမှမထူး ...၊

ထို့ကြောင့် ဒေါ်ကျော့ အပြောအဆိုမဟုတ်တာကစပြီး ဖြစ်နေတာ တွေကို ပြောပြလိုက်ရသည်။ သူမတို့သုံးယောက် ခြံဝကနေ အထဲဝင် မလာဘဲ ထောင့်ကပ်စကားပြောနေကြတာကို သူကြီးကတော့ မကြာ မကြာလှမ်းကြည့်၏။

သို့သော် ဇနီးဖြစ်သည့် ဒေါ်သန်းသန်း ကိုယ်တိုင်က နောက်ကို အာရုံမရှိဘဲဖြစ်နေကာ ...၊

"ဖြစ်ရလေ မမြရယ် .. ဒီမိန်း တမင်တကာ ဒီပွင့်ချိုးတာကို သား တစ်ယောက်လုံး ထည့်ပေးလိုက်ရလား .."

"ကျွန်မက ထည့်တာမဟုတ်ဘူးလေ .. သားက ကလေးမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တော့တာ ..”

“အဲဒါကြောင့်ပဲ ပြောနေတာပေါ့၊ သမီးရှင်တွေ သမက်ဖမ်းကြတာ ဒီနည်းလမ်းတွေပဲ ..”

ကိုယ့်မှာလည်း သမီးလေးနဲ့ကို ပြောစရာလား ..၊

ဒေါ်မြရှင် နားထောင်နေရတာတောင် မျက်နှာပူသလိုဖြစ်သွားမိ၏။

“သူတို့ တူဝရီးကို ချောင်းခြားတ ဘယ်ဆွေမျိုးကမှ အဖက်လုပ်တာမဟုတ်ဘူး၊ မမြ က မသိတာကျနေတာပဲရှင် ..”

“အခုဟာက .. ဆွေမျိုးကိစ္စမဟုတ်ဘူးလေ၊ ဆွေမျိုးကောင်းထဲကလူနဲ့ ..”

“ပိုဆိုးပြီပေါ့ .. သူတို့သာ ဒီမှာ အကုသိုလ်ကြီးမားလွန်းလို့ ရှပ်နဲ့နာမ်နဲ့လိုက်ပြီး မွဲတေပြာကျနေတာ၊ ကျန်တဲ့ဆွေမျိုးတွေက အတောင့်..၊ ပြောသမျှ ဘာတစ်ခုမှ အခြေအမြစ်မရှိဘူး မမြ ။ မို့ ယုံတယ် ..”

သူမက ကာယကံရှင်လို ဒေါ်သတွေ့ယမ်းပုံမီးကျဖြစ်နေလျက် ဒေါ်သန်းသန်း က တက်ခေါက်လိုက်သေးသည်။ သက်ထား မျက်နှာလေးကလည်း တင်းမာနေကာ ..၊

“ဟုတ်ရင်လည်း ဟုတ်မှာပေါ့ အမေရယ် .. မိငယ် က သူခိုးဓားပြရဲ့ သွေး၊ ပညာလည်းမတတ် နုံအအနဲ့၊ မွဲလိုက်တာလည်း ကုန်းကောက်စရာမရှိဘူး၊ သူ့ကိုအကြောင်းသိခေါ်သိချင်းကပဲ ယူမှာမို့လို့ အတင်းသွားထိုးထည့်ရတာနေမှာပေါ့ ..၊ စောင့်ပြီး နားထောင်ကြည့်ပါဦး ဘယ်လိုယောက်ျားမျိုးလဲဆိုတာ ..”

“ဟုတ်တယ် .. တစ်ခုလပ် မုဆိုးဖိုလား၊ ခေါင်းသုံးလုံးအရွယ်ကြီးလား ဒါမျိုးပဲနေမှာ၊ ကိုဘုန်း ကတော့ သူနဲ့အတူတူကြီးပြင်းလာတဲ့ မိန်းကလေးမို့ သနားပြီး လိုက်သွားတာနေမှာပါ ..”

သူမဘာသာ ထင်မြေးပေးပြန်ကာ ..၊

“ကျွန်မက မတော်တဆ အသွားမတော်တစ်လှမ်းဆိုတာမျိုးဖြစ်ပြီး အညတြမိန်းမတစ်ယောက်နဲ့ညားသွားမှာစိုးလို့ ပြောတာပါ ..”

“အဲဒါကိုတော့ မပူပါနဲ့ .. သားကို ကျွန်မ ယုံကြည်တယ် ..”



“ဟင် .. ဘာကိုယုံတာလဲ မမြ၊ ခုတောင် မမြ မလွှတ်ဘဲနဲ့ ထွက်သွားတာလေ၊ ဒါ တမင်ကြံစည်ထားတာဆိုရင်သွားပြီ .. ပြီးတော့ မိန်းမမာယာဆိုတာ ..”

ဒေါ်မြရှင် က အေးချမ်းစွာပြုံး၍ အပြင်ထွက်လာကြသည့် လူအုပ်ကြီးကိုလှမ်းကြည့်ရင်း ..၊

“မိငယ် မှာ မာယာမရှိပါဘူး၊ မကျော့ ကြံစည်ထားတာလား၊ မထားလား မသိရလောက်အောင်လည်း ကိုဘုန်း မတုံးပါဘူး ..”

“ခက်ပါ့ မမြ ရယ် .. မစိုးရိမ်တတ်လိုက်တာနော်၊ ကျွန်မကို အားလူမြင်ရင်တော့ ကျပျောက်တဲ့လူက မနေမျောရဘူး၊ ကောက်ရတဲ့သူက နမြောနေတယ် ပြောတော့မှာပဲ ..”

‘ဒါတော့ သိသားပဲ’ ဆိုသည့် ဒေါ်မြရှင် က လူအုပ်ထဲရောလိုက်သွားဖို့ ခြေလှမ်းပြင်၏။ ပြီးမှ ...

“အဲ့ဒါကြောင့် မသန်းသန်း စိတ်အေးအေးနေပါ၊ ကျွန်မကတော့ သိပ်စိတ်မပူဘူး၊ သူ စိတ်ချမ်းသာသလို ရွေးချယ်လာတာကို ကြည်ဖြူပေးဖို့ အဆင်သင့်ပဲ ..”

“ဘယ်လို ....”

“အကယ်၍ မသန်းသန်း ပြောသလို ဖြစ်သွားခဲ့ရင်ပြောတာပါ..”

အဲဒီလောက်တော့ စိတ်ရင်းက သဘောမကောင်းခဲ့ပါ။ ဒါပေမယ့် သားအမိရဲ့ စကားလုံးကြမ်းကြမ်းတွေကြောင့် တစ်ဖက်က မိန်းကလေးမှာ ရစရာမရှိတော့ပေ။

အကယ်၍ ဒီမိန်းကလေးက ကိုယ့်ချွေးမဖြစ်လာခဲ့ရင် သူမတို့ပြောနေသမျှက ကိုယ့်ကို စော်ကားနေသည်သာဖြစ်သည်မို့ တစ်ထိုင်တည်းမှာ ဆုံးဖြတ်ပြီး ပြောပြလိုက်တာဖြစ်သည်။

ညေ့်သည်သုံးယောက်ရောက်လာကြတော့ ဒေါ်သန်းသန်း တို့သားအမိမှလွဲ၍ အားလုံး ဂုဏ်ယူဝမ်းမြောက်စွာ အုံးအုံးကျွတ်ကျွတ်ဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြရှင် ကတော့ သွားကြိုပြီး သူကြီးခြံဝင်းထဲ ပြန်ရောက်ကြတဲ့အထိ ဘယ်သူနဲ့မှ ဟက်ဟက်ပက်ပက်မပြောတော့ဘဲ ဧည့်သည်တွေနဲ့ မျက်နှာချင်းဆိုင်ခုံတန်းမှာ နေရာယူလိုက်၏။

ဒေါ်ကျော့ က ဆွဲခြင်းကြီးတကားကားနှင့် သူမနဲ့ တစ်ယောက်ကျော်မှာဖြစ်ကာ တောက်လျှောက်ရင်းနီးကျွမ်းဝင်လာခဲ့ကြသည့် မျက်နှာထားမျိုးဘယ်ရောက်နေသလဲလို့ မေးရမတတ်ပင် ..။

မေးဖျားကိုပင့်၍ မျက်နှာကို ချီထားသည်။ ဆွဲခြင်းကိုပေါင်ပေါ်မှာတင်ထားပြီး ခါးမတ်မတ်ထိုင်နေပုံက အစည်းအဝေးတက်ရောက်လာသည့် လူကြီးမင်းလိုလို ..။

တစ်ချက်တစ်ချက် လှည့်ကြည့်ပေမယ့် ဒေါ်မြရှင် နဲ့ မျက်လုံးချင်းဆုံလိုက်တာနှင့် ချက်ချင်းရှောင်ဖယ်သွားပြီး ဘာမှမဟုတ်သည့်အတိုင်း..။

ဘုန်းရိပ် လိုက်သွားတာကို ဒေါ်ကျော့ သိနေပေမယ့် ဒေါ်မြရှင် ကတော့ ငယ့် ကို ဟိုရွာမှာ ဒေါ်ကျော့ ဘယ်လိုစီစဉ်နေရာချထားသလဲ မသိရသဖြင့် လိုက်သွားတဲ့သူနဲ့ ဟိုမှာရှိနေတဲ့သူ တွေ့ကြရင် ဘာဖြစ်မလဲ ဆိုတာ ရင်တွေပူနေရ၏။

ပြီးတော့ ငယ့် ကို လက်ခံထားကြတဲ့လူတွေ ဘယ်လိုရှိမလဲ ..။

စိတ်က တွေးနေရင်း မျက်လုံးတို့က ဧည့်သည်တွေဆီမှာဖြစ်ကာ သုံးယောက်အလယ်ကနေ မတ်တတ်ထရပ်လိုက်သည့်လူကိုပဲ စူးစိုက်သွားမိ၏။ အသံအားလုံးလည်း တိတ်ဆိတ်သွားခဲ့လေသည်။

နှစ်ရောင်ပြေးနေသည့်မျက်မှန်အနက်ကို တပ်ထားသဖြင့် ရွာသားတွေဘက်ကို မျက်နှာမူရပ်လိုက်ပြီး မျက်မှန်ကို ခပ်ဖြည်းဖြည်းဆွဲချွတ်လိုက်၏။ ပြီးတော့ စိတ်လှုပ်ရှားနေသလို နှုတ်ခမ်းပြင်ရင်း တံတွေးတစ်ချက် မျိုသည်။

ထို့နောက် ...

"ကျွန်တော်က ဒီရွာက ရွာဦးစေတီကို အပြီးသတ်တည်ပြီး ထီးတော်တင်ပွဲထိ အားလုံးပြည့်စုံအောင် ဆောင်ရွက်သွားမယ့် ဗိသုကာ



ပညာရှင်ပါ၊ နောက်တစ်မျိုးပြောရရင် ကျွန်တော်က ဒီရွာနဲ့ မစိမ်းတဲ့သူပါ။ ဟောဒီစေတီတော်တည်ဖို့ နေရာပန္နက်ရိုက်လှူထားစဉ်ကာလတည်းက စေတီတော်တည်ဖို့ ရွာသားတွေစုဆောင်းထားကြတဲ့ လက်ဝတ်ရတနာနဲ့ ငွေသားတစ်ချို့ကို .."

"ဟာ!..."

"ဒါ!..."

"သူ .. သူက .. မောင်ခန့်ကျော် ပဲ .."

"မကျော့ ရဲ့ မတ်ပေါ့ .."

"ဟယ် .. ငယ့် အဖေလားဟင် .. ဟုတ်လား .."

"ဒါနဲ့ စေတီတည့်မယ့် ပစ္စည်းတွေ ခိုးပြေးသွားတဲ့ သူခိုးလူလိမ်ဆို.."

စကားသံတွေ ဆူညံပွက်ထလာကြသည်။ သူကြီးနဲ့ လူကြီးပိုင်းတွေက အစ သူတို့ကိုယ်တိုင် မမှတ်မိအောင် ပြောင်းလဲနေသော ဦးခန့်ကျော်ကို အံ့သြရင်း ရွာသားတွေကို ငြိမ်ဝပ်စေဖို့လည်း မေ့နေခဲ့၏။

သူတို့ သိကြသည့် ခန့်ကျော် ဆိုသော လူရွယ်တစ်ယောက်က ရွာသားဆိုပေမယ့် ဗိသုကာပညာရှင်တော့ မဟုတ်ပေ။ သူ့ကိုယ်သူ ပညာတတ်ပါလို့လည်း ဘယ်သူ့ကိုမှ မပြောခဲ့ဘူးပါ။

ထို့ပြင် လူတွေယုံကြည်ပြီး အပ်နှံထားကြသည့် ဌာပနာပစ္စည်းနဲ့ ငွေတွေကိုလည်း ခိုးယူပျောက်ကွယ်သွားခဲ့တာ ဒီနေ့ထိ ..။

"ခဏလေးပါ .. ဟုတ်ပါတယ်၊ ကျွန်တော့်ကို ကြိုက်သလိုပုတ်ခတ်ပြောလို့ရပါတယ်၊ ကျေကျေနပ်နပ်ခံယူပြီးမှ အဖြစ်မှန်ကို ရှင်းပြမှာပါ.."

"ဟုတ်ပါတယ်ခင်ဗျာ .. ခဏလောက်သည်းခံပြီး နားထောင်ပေးကြပါ.."

ထိုင်နေသည့် ဧည့်သည်နှစ်ယောက်စလုံးကလည်း မတ်တတ်ထရပ်ပြီး တောင်းပန်စကားပြောကြ၏။

"ကျွန်တော်တို့အားလုံးက ဗိသုကာပညာရှင်တွေပါ၊ ဒီရွာမှာ စေတီတည်ဖို့ ထီးတော်တင်ဖို့နဲ့ ကျောင်းဆောက်လှူဒါန်းဖို့ထိ ရည်ရွယ်ပြီးတဲ့အပြင် သာစည်ရွာမထိ လမ်းချောဖောက်ပေးဖို့ အစီအစဉ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပါ အားလုံးပါလာတာပါ၊ ကျွန်တော်တို့သူငယ်ချင်း ဒီရွာမှာ အထင်လွဲ ရတဲ့အတွက် ဒါကို ရှင်းပြရင်းနဲ့ ဆုံးရှုံးသွားတဲ့ပစ္စည်းတွေအတွက် ဖြ ပေးဆပ်မှာလည်းဖြစ်ပါတယ် ..”

“ဘာကိုရှင်းပြမှာလဲကွ .. ငါတို့က ဒီနေ့ထိ လက်ငုတ်လက်ရင်း မဲ့ပြီး ဘုရားမရှိ ဒကာမရှိ ရွာတည်နေခဲ့ရတာ၊ သရဲခြောက်ခံရတာချင်း တူရင်တောင် ငါတို့ရွာက ဘုရားမရှိ တံခါးမရှိလို့ သရဲခြောက်သလိုလို–”

“ဘုရားစင်မရှိတဲ့ အိမ် ဘယ်အိမ်ရှိလို့လဲဗျ .. ကျုပ်တို့ရွာက တခြား ရွာတွေထဲမှာ ဘုရားစင်မရှိတဲ့အိမ်ဖြစ်နေတာ ..”

“ခဏနေပါကြပါဦး .. ကျုပ်တို့ရွာသားတွေကို မေတ္တာရပ်ခဲ့ပါ တယ် .. ခဏငြိမ်ပေးကြပါ ..”

ဦးသောင်း နဲ့ သူကြီးက နေရာမှထရပ်ကာ လက်ကာတားဆီး၍–

“မောင်ခန့်ကျော် ဘာကိုရှင်းပြချင်သလဲဆိုတာ နားထောင်ပေး သင့်တယ်လို့ ကျုပ်ထင်တယ် ..”

ဦးသောင်း က ရွာသားတွေနဲ့ သူကြီးမျက်နှာကိုကြည့်ပြောပြီး ပြန်ထိုင်သွား၏။ သူကြီးက ခေါင်းညိတ်လိုက်ပြီး ...၊

“ဒါ မှန်ပါတယ် .. မရိုးသားတဲ့လူက မကောင်းမှုလုပ်ခဲ့တဲ့နေရာ ကို နောက်ထပ်မလာရဲပါဘူး၊ အပြစ်ပြုမိပြီဆိုတဲ့ အသိတရားနဲ့ ပြန်ပြ ပြင်ဖို့ ကြိုးစားတယ်ဆိုတာလည်း သူတော်ကောင်းတို့ လုပ်ထုံးပဲလေ ဟိုတစ်ချိန်က အဖြစ်တွေကို ကျုပ်တို့အားလုံး သေချာသိချင်ပါတယ် မောင်ခန့်ကျော် ပြောပါ ..”

သူကြီးစကားအဆုံးမှာ အားလုံးငြိမ်သက်သွားကြလေသည်။



## အခန်း (၄၀)

“ဒီအိမ်ပဲ ..”

“ဩော် .. ကျေးဇူးပဲ ညီလေး ..”

ခြံဝိုင်းကြီးက ကျယ်သလောက် မျက်နှာစာရှေ့ပိုင်း အုတ်တံတိုင်း ...တ်ထားသည်။ အတွင်းနှစ်ဖက်ကျတော့ ခပ်နဲ့နဲ့ ဝါးတိုင်တွေမှာ ပျဉ် ...ာ့ပါပေမယ့် ကျိုးတို့ကျဲတဲ ...၊

ထို့ပြင် ဝါးရုံတွေက ခြံတိုင်သဖွယ်တောထနေသဖြင့် အေးချမ်း ...သို့ အသွင်ပဲဖြစ်သည်။

ရေနံချေးဝနေသောကြောင့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးက ပို၍ ...သွားထည်ဝါနေသလိုပင် ...။

ဘုန်းရိပ် ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ခပ်မှန်မှန်ဝင်လာခဲ့၏။ ...င်းခြားရှာသည် သာစည်နှင့် ချောင်းကလေးသာခြားပေမယ့် အတွင်း ...း တောစ်တော်ရောက်နေသဖြင့် တောခေါင်ခေါင်ဖြစ်နေခြင်းသာ ...။

တကယ့်က ရွာမကြီးတွေလောက် စည်ကားသလို လက်ဖက်ရည် ...း ဗီဒီယိုရုံတွေနှင့် ရဲစခန်းကအစ ရှိနေတာဖြစ်သည်။

ဒီလိုနေရာမှာ သူဌေးစာရင်းဝင်သည့်လူအဖြစ် ခေါ်ကျော် ဂုဏ်ယူ ...သွားစွာပြောခဲ့သူက ငါးပုံဆန်ကြိတ်စက်ပိုင်ရှင် ဦးဘလူ ဖြစ်၏။

ဆွေမျိုးမကင်းထဲကဆိုသည့် စကားနှင့် ဆွေမျိုးရှိသမျှကို သေချာ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းလိုက်တော့ မိငယ် ကို ဘယ်အိမ်မှာမှ မတွေ့ရဘဲ ဦးဘလူ အိ
အရောက် ပို့ခဲ့မှန်း နောက်ဆုံးကျမှသိရ၏။

"မယ်ကျော့ .. ငါတို့ဆီမလာပါဘူး၊ တို့နဲ့ အဆက်အဆံမရှိ
လည်း ကြာလှပေါ့ .."

"ဘာလဲ .. သူက ဒီမှာ လာတည်းခဲ့တယ်ပြောလို့လား .."

"အလကား လျှောက်ပြောတာ .. သူနဲ့ငါတို့ မခေါ်တာ ဘ
လောက်ကြာပြီလဲ၊ အဲဒီကောင်မက အမေရုမ်းဝင်စားတဲ့ကောင်မ -"

ခွေမျိုးဟူသမျှ ဤကဲ့သို့ ခါးခါးသီးသီး ဆီးဖြေဖော်ရကြကာ 'ရှု
ယှက်ယှက်' လို့ ပြောလွှတ်တာလည်းရှိ၏။ ဒီထဲမှာမှ ဦးဘလူ အိမ်
ညွှန်ပေးလိုက်ဖော်ရတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

သို့သော် သူ အိမ်ရှေ့ရောက်သွားချိန်မှာ အထဲက ထွက်ပေါ်
သည့် စကားသံတွေက ..၊

"ဟဲ့ကောင်မ .. နင့်အလုပ်ပြီးရင် နောက်ဖေးက တဲထဲမှာ
လေ၊ ပြောထားတာ မမှတ်ဘူးလား .."

"ငါ့ထမီ ကြွက်ကိုက်တာ ဖာခိုင်းမလို့ ခေါ်ထားတာပါ -"

"ဒါဆိုလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပါလား၊ မျက်ရည်လေး
စမ်းစမ်းစမ်းနဲ့ ဘာတွေ တုန်တုန်ချိချိဖြစ်နေတာလဲ .."

"အဖေ ဆင်းလာရင် မျက်ရည်ခံထိုးပြီး သနားခံမလို့ နေမှာ
အေ .. ငါလည်း ခေါ်ခိုင်းမိတာ နောင်တရပါတယ်၊ နောက်ဆို ဒီဟာ
ကို အိမ်ပေါ်ခေါ်တင်လို့မဖြစ်တော့ဘူး .."

"ဒီမှာဟဲ့ ရှင်ငယ်လေး ဆိုတဲ့မိန်းမ နင် ငါ့မျက်နှာကိုကြည့်
နင်နဲ့ ငါကမှ ရွယ်တူလောက်ပဲရှိတာ၊ ငါ့အဖေကို နင်က မှန်းနေတ
ဟုတ်လား .."

"မဟုတ်ပါဘူး .. မဟုတ်ရပါဘူး မမစန်း ရယ် .. ငယ် ဘာမှ
ရဘဲနဲ့ ကြီးကြီးခေါ်လို့ လိုက်ခဲ့တာပါ .."

"အေး .. သိသိ မသိသိ ထားလိုက်၊ နင့်ကြီးတော်ကို ငါတို့အ



က အောင်သွယ်တော် ခေါ်ချစ် ကနေတစ်ဆင့် ရွာတစ်ရှဉ်းနဲ့ လယ်
နှစ်ကေတောင် ပေးခေါ်ထားတာ၊ အောင်သွယ်တော်နဲ့ ခေါ်ခိုင်းလို့ စိတ်
ကူးတွေယဉ်မနေနဲ့၊ နင့်ကို ဒီအိမ်မှာ ခိုင်းဖို့ ကျွန်ဝယ်လိုက်တာ၊ ငါ့အဖေ
မယားအဖြစ် စံစားဖို့မဟုတ်ဘူး .."

"ဟုတ်တယ် .. စာချုပ်ပါပြလိုက်စမ်းပါ တင်စန်း ရယ်၊ ဟွန်း..
တို့အဖေက မုဆိုးဖိုမို့ နင့်လိုငယ်ငယ်ရွယ်ရွယ်ကို သာယာချင်ရင်တောင်
ငါတို့က ဘယ်တော့မှ အဖြစ်မခံဘူး၊ အဲဒါကြောင့် နင့်ကို အရောင်း
အဝယ်စာချုပ်နဲ့ လက်ခံခဲ့တာ .."

"ဒုန်း ..."

"အမယ်လေး .."

တစ်ဖက်ခြမ်းပိတ်ထားသည့် ခေါက်တံခါးကြီးက ရုတ်တရက်
ဒုန်းခနဲ ပွင့်ထွက်သွားကာ ..၊

"မိန်းကလေးတွေဖြစ်ပြီး ပြောတဲ့စကားတွေက ဒီလောက်တောင်
ရုန့်ရင်းကြမ်းတမ်းရလား .."

"ကိုကြီး ..."

မျက်ရည်လည်ရွဲနှင့် သံမံတလင်းပေါ်မှာ ကျုံ့ကျုံ့လေးထိုင်နေ
သည့် ငယ် က ကိုင်ထားသည့် ထမီကို ပေါင်ပေါ်က ဖယ်ချပြီး ဘုန်းရိပ်
ဆီ ထပြေးလာ၏။

မတင်စန်းရီ ညီအစ်မ ဘုန်းရိပ် နဲ့ ငယ့် ကို တအံ့တသြကြည့်နေ
ကြကာ ..၊

"ရှင်က!..."

"မင်းက ဘယ်သူလဲ .."

ဘယ်သူလို့ပြောမလဲ ..၊

ရုတ်တရက် အကြပ်ရိုက်သွားသည်။ သူများရပ်ရွာမှာ မပိုင်ဘ
ခွေးလို့မရ ..၊

ထို့ပြင် ထောင်းခနဲ ဆူပွက်သွားသည့် ဒေါသစိတ်နှင့် သူများအိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲကို ဝုန်းဒိုင်းကြဲ၍ ဝင်လာခဲ့မိ၏။ ထိုအချိန်တွင် ငယ့် သတင်းကို လှူခဲ့၍ စုံစမ်းပေးဖို့ ထွက်သွားသည့် ငထွား က နောက်ကျစွာရောက်လာခဲ့ပြီး ...၊

"ကိုထွား .."

"ဟာ .. မိငယ် ဘာတွေဖြစ်ကုန်တာလဲ ..."

"ဘာတွေဖြစ်နေတာလဲဟေ့ .."

ငထွား ရောက်လာတာနှင့် ဦးဘလူ အိမ်ပေါ်က ဆင်းလာတာက မရှေးမနှောင်းလေးပဲဖြစ်၏။

"အဖေ .. ဒီမှာ အဖေ့ အလုပ်သမားမရဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ လာကြည့်ဦး .."

အသက်လေးဆယ်ကျော် ငါးဆယ်အရွယ် မျက်နှာပြားပြား၊ မျက်ခုံးမွေးက အရာထင်ရုံနှင့် ကျောက်ပေါက်မာတွေ ဗလပွရှိသော ဤလူကြီးက ဦးဘလူ ဆိုလျှင် ...၊

တွေးမိလိုက်ပြီး ငထွား မျက်နှာပါ ရှုံ့တွသွား၏။ လူကြီးက လှေကားပေါ်ကနေ ဟန်ပါပါဆင်းလာကာ ...၊

"ပြောစမ်းဟေ့ .. မင်းတို့က ဘယ်သူတွေလဲ .."

"ကျွန်တော်က .. အဲ .. မဟုတ်ပါဘူး .. သူက မိငယ်ယောက်ျား.."

"ဘာကွ .."

မိငယ် နှုတ်ခမ်းနဲ့ မျက်လုံး ပြူးခနဲဖြစ်သွားသဖြင့် ငထွား က သတိပေးသလိုလို၊ စိတ်မရှည်သလိုလိုနှင့် ဘုန်းရိပ် ဘက်ကို တွန်းပစ်လိုက်ပြီး ရှေ့တစ်လှမ်းတိုးကာ ...၊

"တကယ်တော့ အကြီးကျော့ က ဘုန်းရိပ် နဲ့ သဘောမတူလို့ သူတို့လင်မယားကိုလည်း ကွဲအောင် သူလည်း အကျိုးရှိအောင်လို့ တမင်လုပ်စားတာ .."

"ဟေ့ကောင်တွေ မင်းတို့ လျှောက်မပြောနဲ့ .. ငါက ဒီကောင်မလေးကို စာချုပ်စာတမ်းနဲ့ .."



"စာချုပ်စာတမ်းချင်ယှဉ်ရင် ဘယ်သူက နိုင်မယ်ထင်သလဲ ဦးဘလူ.."

ဘုန်းရိပ် က ငထွား စကားကိုနင်းပြီး သရုပ်ဆောင်တာမောစေ့ ပီပြင်လွန်းနေ၏။ ဦးဘလူ မျက်နှာကြီး ပျက်သွားကာ ...၊

"မကျော့ ပြောတာ အဲ့ဒါတွေဘာမှမပါဘူး .."

"ဒါတွေပြောပြရင်လည်း ဘယ်သူက မယားခိုးအဖြစ်ခံပြီး ထောင်ထဲရောက်မယ့်လမ်းကို ရွေးမှာလဲ .. အဲဒီတော့ ကျုပ် ပြဿနာမရှာခင် အေးအေးဆေးဆေးစဉ်းစားပြီး နေခဲ့လိုက် .."

မိငယ် လက်ကိုဆွဲ၍ ခပ်တည်တည်ထွက်လာခဲ့ပေမယ့် ငထွား ပါးစပ်က ပွစိပွစိရွတ်ဖတ်နေလျက် ...၊

"ရှိသမျှ နတ်တွေသိကြားတွေအကုန်လုံး မစပါ၊ ဒီလူကြီး ရိပ်မိပြီး နောက်ကလိုက်လာရင် ရွှေလက်ငွေလက် ပဒ္မာမြားလက်တွေနဲ့ တားဆီးပေးကြပါ၊ ရွှေသားတော်လေးက ရွှေအုန်းငှက်ပျောတို့နဲ့ ပူဇော် .."

"ဟိတ်ကောင် .."

"ဟမ် ..."

"ဘာဖြစ်နေတာလဲ .. မိန်းမကြီးကျနေတာပဲ .."

"ငါ .. ဘာမှ .. ဟင် .. ဟိုမှာ ချမ်းသာ တို့ .."

သူတို့အုပ်စု ရွာလမ်းလေးပေါ်မှာပဲ လူစုံတက်စုံဖြစ်သွားကြပြီး...၊

"ငါ မင်းတို့စက်ဘီးတွေကို ရွာလယ်မန်ကျည်းပင်အောက်မှာ ကလေးတွေနဲ့ အပ်ထားခဲ့တာတွေ့လို့ မေးပြီးလိုက်လာတာ .."

"ဟုတ်တယ် .. မသိတဲ့အိမ် လိုက်မေးရတာ လမ်းလျှောက်သွားတာ ကောင်းမယ်ထင်လို့တဲ့ ဒီကောင် .. ပြီးတော့ လူခွဲလွှတ်တယ်လေ၊ ငါသာ အရောက်နောက်ကျသွားရင် ခုလောက်ဆို .."

"ဘာဖြစ်လဲ ပေါက်တက်ကရတွေ ရမ်းသမ်းပြောပြီးတော့ .."

"ပေါက်တက်ကရကြောင့် မင်းတို့အဆင်ပြေသွားတာမို့လား.."

ငထွား က ပြန်ပြောပြကာ ခုနက ထိတ်လန့်ခဲ့ရသမျှ ရယ်မောနိုင်ဖြစ်သွားခဲ့လျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို အရီး ထပ်လွှတ်လိုက်တာမို့လား .. ငါတို့လည်း ချောင်းခြားနဲ့ မြောင်းခြားနဲ့ မှားပြီး ဆည်သစ်ကြီးဘက်ထိရောက်သွားကြတာ .."

"အေး .. အရီးက စိတ်ပူတာလည်းမပြောနဲ့ အကြီးကျော့ ကလည်း လွှတ်တင်းနေတာကွ၊ 'နေစမ်းပါဦး မိငယ် က ဘယ်တုန်းက မပြောမဆိုဘဲ ကိုယ်ထင်ရာလုပ်တတ်သွားတာလဲ.."

ဘုန်းရိပ် က ကလေးတွေကို မုန့်ဖိုးပေးပြီး စက်ဘီးကို သစ်ပင်အောက်က သွားထုတ်လာ၏။ ချမ်းသာ တို့က ငယ် ကိုပဲ အားမလိုအားမရဖြစ်ရရင်း ...၊

"နင်ကြီးတော် ဘယ်တုန်းက ကောင်းဖူးလို့ ယုံစားလိုက်ရတာလဲ ပြောပါဦး .."

ငါးယောက်တစ်စုတည်းဖြစ်သွားတော့ စက်ဘီးတွေ တန်းစီတွန်း၍ ရွာပြင်ရောက်လာခဲ့ကြ၏။

"ပြောလေ မိငယ် .."

"ငယ် ဂုာ ..."

"အင်း ..."

"ငယ့် ကို အလုပ်လုပ်ရမယ်ပဲပြောခဲ့တာ၊ ကိုယ့်ဆွေမျိုးအိမ်မှာ လုပ်ရတာပဲဆိုပြီး ငယ် လည်း .. ပြီးတော့ .."

ဘေးမှာ စက်ဘီးကို လက်တစ်ဖက်နဲ့ တွန်း၍ ပုဆိုးတစ်ဖက်စ 'မ' ထားရင်း ပါလာသည့် ဘုန်းရိပ် ကို မော့ကြည့်ကာ ...

"ကိုကြီး ငယ့် ကြောင့် မိန်းမယူလိုက်ရမှာစိုးလို့ .."

"နင့်ကြောင့်မှ မဟုတ်တာ သူ့ အစတည်းက သက်ထား ကို ကြိုက်နေတာ လူတိုင်းသိတယ်၊ ခုပြန်ရင်ယူကြတော့မှာ .."

ဟင် ...၊

ငယ့် ခြေလှမ်းတွေ စုံရပ်သွားသည်။ သုံးယောက်စလုံး သူမရှေ့ကို ရောက်သွားကြပြီးမှ ပြန်လှည့်ကြည့်ကြ၏။ မျက်လုံးအဝိုင်းသားနှင့် ဓာဓာ



က ငိုလက်စမျက်ရည်တို့က ဝိုင်းစက်နေသည့် မျက်ဝန်းထဲမှာ ပြန်လည်အသက်ဝင်လာကြ၏။

သူမနဲ့ ယှဉ်လျက်ရှိနေသည့် ဘုန်းရိပ် က ချမ်းသာ ကို မျက်မှောင်ကုတ်လှမ်းကြည့်ကာ ...၊

"ကျွတ် .. ဘာလို့လျှောက်စနေတာလဲ .."

"ဟား .. စမှန်းသိရင်လည်း ခဏလောက်အောင့်နေပါဦးလားကွ.."

"အေးလေ .. ဒီကောင်မလေးကို ဒီလောက်တော့ ပညာပေးသင့်တာပဲ .."

"ငါလည်း ထောက်ခံတယ်၊ မနေ့တည်းက ထမင်းဆိုင်မရှိတဲ့ နေရာတွေမှာတောင် စားလို့လည်းမရ၊ ခဏလေးနားရအောင်ပါဆိုလည်း မနား၊ ဒီလောက် သောကမြိုင်ဇာတ်ကနေတာ .."

"ဟုတ်လား .. ထမင်းကောင်းကောင်း မစားရသေးဘူးပေါ့ .."

"မစားရသေးဘူး .."

သူတို့ပြောတာတွေ ကြားမှ ငယ် ပျာပျာသလဲ ရှေ့တိုးလာကာ ...၊

"ဒါဆိုရွာထဲ ပြန်ဝင်မယ်လေ .. မမသဲဖြူတို့အိမ်က သဘောကောင်းပါတယ်၊ အရီးမြ ကိုလည်းသိကြတယ်၊ အားလုံး ထမင်းစားရမှာပါ .."

"မစားချင်ဘူး .."

ဘုန်းရိပ် အသံပဲထွက်လာ၏။ ငထွား ရှုံ့မဲ့သွားကာ ...၊

"သိတယ် .. အဲ့ဒီအသံကြားရမယ်မှန်း .."

"ဒါဆိုလည်း ခရီးမစခင် ခဏလောက် နားရအောင်ကွာ .."

ပြောရင်း ချမ်းသာ က စက်ဘီးကို လမ်းဘေးသစ်ပင်ရိပ်နား တွန်းသွား၏။ အားလုံး ထိုနေရာမှာ စုမိကြပေမယ့် ဘုန်းရိပ် က ခေါင်းခါရင်း...၊

"ရွာကို မိုးမချုပ်ခင် ပြန်ရောက်အောင်သွားမယ် .. နားမနေကြနဲ့တော့.."

ငထွား တစ်ယောက်ပဲ ရှုံ့မဲ့နေရကာ ...၊

"မိငယ် .. နင့်ကို ဒီခရီးနဲ့ ဒီခရီးကြီး အကြီးကျော့ ဘယ်လိုများ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထုတ်လာသလဲဟင် .. အဲ့ဩရော ..”

“ငယ် တို့ကို ဘကြီးတို့က လှည်းနဲ့ လာကြိုနေတာ ..”

“ဘကြီးဆိုတာ ငါတို့ကို အိမ်ပေါ်က ဆင်းကောတဲ့ အဘိုးကြီးလား..”

“အင်း ...”

“ငါ ထင်တယ် .. နင့်ကို ဒီအဘိုးကြီးက လိုချင်တာနေမှာ၊ အလုပ်လုပ်ဖို့ခေါ်သလို အကြောင်းပြပြီးတော့ ..”

ငထွား ကအစ ဒီအိမ်နဲ့ ငယ့် အကြောင်းကို ဘယ်သူမှ သေချာ မသိကြသေးပေ ..။ ဘုန်းရိပ် ကလည်း သူ ကြားခဲ့ရသော ဖရုသဝါစာ စကားတွေကို ပြန်ပြောဖို့ စိတ်မကူးခဲ့ရာ ..၊

“အဲ့ဒါတွေ ပြောမနေနဲ့တော့ ကျက်သရေမရှိ ..”

“အဲ့ဒါကို မပြောလို့ရပေမယ့် မိငယ် အသည်းငယ်သလိုလိုနဲ့ ခေါင်းမာနေတာကို ခု ပြောမှဖြစ်မှာ၊ သူက သူထင်သလိုလုပ်သွားတိုင်း ဘေးလူတွေက ဘေးကနေ အေးအေးထိုင်ကြည့်နေနိုင်တာမဟုတ်ဘူး..”

“ဟုတ်တယ် ငယ် .. နင်က ဘုန်းရိပ် ကို မိန်းမ မယူစေချင်ဘူးဆိုတော့ နင့်ကိုငဲ့ပြီး သူက တစ်သက်လုံး မယူဘဲနေမှာတဲ့လား၊ နင်က ရော သူ မိန်းမမယူသရွေ့ သူ့ဘေးမှာ နေခွင့်ရနေမယ်ဆိုတာ ဘာနဲ့ သေချာနေတာလဲ၊ ခုပဲ နင် မှန်းသလိုဖြစ်လာလား မလာဘူးလား ကြည့်လိုက် ..”

ငယ် က ခေါင်းလေးငုံ့ပြီး မျက်လွှာချထား၏။ ရေညှိစိမ်းရောင် အင်္ကျီအပါးစားလေးနှင့် အစိမ်းရောင်ပါတိတ်ယောင်းလေးက သူမ အသား ဖြူဝင်းဝင်းလေးပေါ်မှာ ထင်းနေ၏။

ဆံပင်တိုလေးတွေ ပခုံးပေါ်မှာ ကပိုကရိုပြန့်ကျလျက် ငယ့် ပုံစံလေးက နုနုဖက်ဖက်နွဲ့နွဲ့နှောင်းနှောင်းလေးပင် ..။ သူမ ငြိမ်နေတာကို ဘုန်းရိပ် က မျက်တောင်ဖျားတို့စင်း၍ ငဲ့ကြည့်နေ၏။ အားလုံးက သူတို့ကို အကဲခတ်ရင်း ..၊

“ပြီးတော့ သူရောဒီတိုင်းနေမှာကျနေတာပဲ .. မိန်းကလေးက



သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ပိုတောင် လိုအပ်သေးတယ် ..”

“ဟင့်အင်း ငယ် က ယောကျ်ားမယူပါဘူး ..”

“အံမယ် ..”

“လာသေးတယ် .. ခုပဲ ဟိုအဘိုးကြီးလက်ထဲက မနည်းဆွဲထုတ်ခဲ့ရတာ ..”

“ငါတို့ လိုက်လာကြတာ သူကြီးတော် ဒီကို ပြန်လှည့်လာမှာသိလို့ .. အရီးက ဦးအောင်လွှတ်လိုက်တာ ..”

“ဘာ !...”

ဘုန်းရိပ် မျက်နှာက မကျေနပ်ခြင်းတွေအပြည့်နှင့် ..၊

“ဟုတ်တယ် မင်းသားရေ .. ခုနေသာ သူကြီးတော် ဒီရွာရောက် လာလိုက်ရင် ငါတို့ ပြေးပေါက်မှားပြီ ..”

တကယ်တမ်း လိုက်လာမယ်ဆိုလည်း သူတို့နဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာမှာဖြစ်သည်။ ညွှန့်သည်ဘုရားဒကာထဲက ပြောလိုက်သော အတိုက်အကြောင်း တစ်စုံတရာကြောင့် မဟုတ်ခဲ့လျှင် ..၊

“ခုလည်း ရွာမှာ ကိုဘုန်း က မိငယ် ကို ခိုးပြေးသွားပြီဆိုတာ ဟိုတစ်ဒီတစ်စ ပြောနေကြပြီ ..”

“ဟုတ်တယ် ယော့ကောင် .. အဲဒီပြဿနာလည်းရှိသေးတယ် ..”

“မင်းလည်း ထင်ရာလုပ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ခုတော့ ရင်ဆိုင်ရမှာတွေ အများကြီးပဲ ..”

“ဘာမှမှ မထူးတော့တာ မင်းတို့ ခိုးပြေးလိုက်ကြတော့ ..”

ငယ့် ကိုယ်လေး ဆတ်ခနဲဖြစ်သွားသည်။ ပြီးတော့ ဘုန်းရိပ် ကို လှည့်ကြည့်၏။ ဘုန်းရိပ် က စိုက်ကြည့်နေတာနှင့် ဆုံမိသွားလျှင် ..၊

“ကိုကြီး ငယ့် ကို မခိုးပါနဲ့၊ ငယ် .. ငယ် က ကိုကြီးနဲ့ အဲ့သလိုဖြစ်ဖို့ထိလည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး ..”

“မျှော်လင့်တိုင်းလည်း ဖြစ်လာတာမဟုတ်ဘူး ခေါ်ရှင်ငယ်လေးရေ .. သက်ထား တစ်ယောက် မျှော်လင့်လွန်းလို့ တစ်မိုးသေနေတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် အံခု သူ့အတွက်ဖြစ်မလာဘဲ နင့်အတွက်ဖြစ်လာတာ ..”

“နေပါဦး .. ဘုန်းရိပ် က ဘာလို့ ငြိမ်နေတာလဲ၊ ငါတို့ပြောတာ မင်းအိုခေလား .. ဒါမှမဟုတ် တခြားနည်းလမ်းတစ်ခုခု စဉ်းစားမိလို့လား ..”

“မဟုတ်ဘူး ..”

“ဒါဆိုဘာလဲ ..”

ဘုန်းရိပ် က စက်ဘီးကို ဒေါက်ထောက်ထားလိုက်ပြီး လက်တစ်ဖက်တင်၍ ငယ့် မျက်နှာလေးကို စီးမိုးကြည့်သည်။ ပြီးတော့ သူမကို တိုက်ရိုက်မပြောဘဲ ..၊

“သူ အမြဲတမ်းပေါ့ပေါ့ပါးပါးပြောနေတဲ့ ငါနဲ့ နီးနီးနေချင်တယ် ဆိုတဲ့စကားကို သူ သေချာနားလည်ရဲ့လားပဲ သိချင်တာ ..”

“ဟင် .. ငယ့် ကိုလား ..”

ငယ် က ကိုယ့်ရင်ဘတ်လေးကို ပြန်ပုတ်ပြပြီး မေး၏။

“ဟုတ်တယ် .. နင့်ကို ပြောနေတာ၊ ဘုန်းရိပ် ကို နင် ဘယ်လို သဘောထားသလဲ .. အစ်ကိုလို ခင်တွယ်နေတာလား၊ ချစ်သူလို ပိုးပန်းနေတာလား ..”

ငယ့် ပါးပြင်လေးတွေ ပန်းရောင်လွှမ်းသွားသည်။ ပြီးတော့ ဖျတ်ခနဲ မျက်လွှာချပစ်၏။ ပြီးမှ ..၊

“အစ်ကို မဟုတ်မှန်းတော့ ငယ် သိပါတယ် ..”

ဘာလိုလိုဖြေပုံကို ချမ်းသာ တို့ အားမလိုအားမရဖြစ်သွားကြပေမယ့် ဘုန်းရိပ် က ပြုံးသည်။

ဒီကောင်မလေးကြောင့် ..၊



## အခန်း (၄၁)

“တော်ဝင်သဇင်ဆိုတဲ့ မင်္ဂလာပန်းမြတ်ဟာ တော်ဝင်သူရဲ့ ဦးခြမြတ်မှာပဲ ထိုက်တန်တာနော် .. ကြည့်စမ်းပါဦး၊ ဘုန်းရိပ် နဲ့ ငယ် တို့ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ ..”

လူကြီးစုံရာနဲ့ ဝိုင်းဖွဲ့စကားပြောနေကြစဉ် ပြန်ရောက်လာကာစ ငယ် နဲ့ ဘုန်းရိပ် တို့က လူကြီးတွေနဲ့ ခပ်လှမ်းလှမ်းမှာ နေရာယူ၏။ ငယ် က ခွဲထိုင်မလို့ ပြန်ထလိုက်လျှင် ဘုန်းရိပ် က လက်ကိုဆွဲထားပြီး နေရာမှာပဲ ထိုင်ဖို့ မျက်ရိပ်ပြ၏။

လူကြီးတွေလည်း ရှိနေကြကာ ကိုယ့်အဖေဆိုသည့် ပုဂ္ဂိုလ်ကြီးကို လည်း မြင်နေရသည်။ ဒေါ်မြရှင် ကလည်း ငုတ်တုတ် ..၊

“ကိုကြီး .. တော်ကြာ ..”

သူမ ထပ်ပြောဖို့ပြင်တော့ ဘုန်းရိပ် က ခေါင်းခါပြ၏။ ထို့ကြောင့် ပြန်ထိုင်နေလိုက်ရလျှင် သူမတို့ကိုကြည့်၍ တအံ့တဩရေရွတ်နေသည့် ဒေါ်တင်နွယ် နဲ့ ဒေါ်စာဥ တို့က ရယ်ကြ၏။

အမြဲတမ်း ရီးသားစွာ တစ်အိမ်တည်းနေလာကြပြီး ချက်ချင်းခိုးပြေးကြတဲ့အထိ ဖြစ်သွားကြတာ ဘယ်လိုအခြေအနေတွေမှန်း ငယ် သိပေမယ့် ဖအေ ပြန်ရောက်လာတာနှင့် တစ်ချိန်တည်းဖြစ်နေတာက ထူးဆန်းသော တိုက်ဆိုင်မှုပင် ..။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျွန်တော့်သမီးလေးကို မေတ္တာအကြင်နာတွေ အတိုးချပုံအောပေးမလို့ပါ၊ ကျွန်တော် တာဝန်မကျေခဲ့သမျှ သမီးလေးရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် မြှင့်တင်ပေးဖို့ ရည်ရွယ်ချက်တွေရော.."

ခုတော့ သမီးဖြစ်သူက အိမ်ထောင်သည်ဘဝနှင့် စောင့်ကြိုနေသည့်အဖြစ်ကို ဦးခန့်ကျော် အဆုံးထိမပြောပေမယ့် အားလုံးသဘောပေါက်သွားကြ၏။ အထူးသဖြင့် ငယ့် မျက်နှာလေးပျက်နေရှာကာ ..၊

"အဟမ်း .. ဟို .. ဒါက ဒီလိုရှိပါတယ်ရှင် .."

ဒေါ်မြရှင် က ညှော့သည်တွေရှေ့မှာမို့ နှစ်ဖက်မျှတအောင် ပြောပေးဖို့ရည်ရွယ်၍ ..၊

"ဖြစ်ကုန်တာကတော့ အပြစ်ကိုပုံမချချင်ပေမယ့် ငယ့် ရဲ့ ဂုဏ်သိက္ခာကို ချန်လှပ်ပြောရရင် သူ့ ကြီးတော်ရဲ့ အစီအစဉ်မတတ်တာတွေကြောင့်ပါ၊ ငယ် က ကြောက်တတ်တယ်၊ ရိုးသားတယ်၊ ရိုးသားတဲ့အတွက် သူချစ်တဲ့ခင်တဲ့ သူတွေက ပြောရင် ယုံလွယ်တယ်၊ မကျော့ က သူ့အစီအစဉ်နဲ့သူ ငယ့် ကို ချောင်းခြားကိုပို့လိုက်တာ .."

ဦးခန့်ကျော် က သူ အထင်လွဲခံရသည့်ကိစ္စတွေကို ရှင်းပြရင်း ထိုမနက်က ငယ့် ကိစ္စကို မပြောဖြစ်ခဲ့ကြပေ ..။ နေ့လယ်ပိုင်းကျမှ ငယ့် ကို ရှာကြတော့ ဒေါ်ကျော့ ကိုပါ ရှာမတွေ့ကြတော့ပေ ..။

ဒေါ်ကျော့ က မနက်ပိုင်း ဦးခန့်ကျော် ရှင်းလင်းပွဲလုပ်နေတည်းက မြို့က ဘုရားဒကာဆိုတာ ဦးခန့်ကျော် မှန်းသိသည်နှင့် ထပြန်သွားတာဖြစ်သည်။ ထို့ပြင် ..၊

"သူ့ဟာသူ နတ်ပြည်ကပဲ ဆင်းလာလာ ငါသိတဲ့ ခန့်ကျော် က သူခိုးပဲ၊ သင်းတည်မယ့် ဘုရားကိုလည်းမဖူးဘူး၊ ညှော့ကောင်းစောင်ကောင်းလုပ်ပြီးတော့လည်း မကြိုဆိုနိုင်ဘူး၊ သင်း ဒီရွာမှာ နေတော့မယ် ငါမနေဘူး .."

လို့ အော်ကြီးဟစ်ကျယ်ပြော၍ အိမ်တံခါးပိတ်ပြီးထွက်သွားသည် လို့ ကြားသည့် မြင်သည့် လူက ပြန်ပြောပြကြသည်။ တကယ်ပဲ မာန်မာန



ချနိုင်အောင် အတ္တကြီးတာလား၊ ငယ့် ကိစ္စကြောင့် မဖြေရှင်းရဲလို့ ထွက်သွားတာလားဆိုတာတော့ မသိနိုင် ..။ သို့သော် ...

ဖအေက သူ့သမီးကိုရှာနေသည်ဆိုတော့ ဒေါ်မြရှင် ကိုယ်တိုင် ဦးခန့်ကျော် ကို သွားတောင်းပန်ခဲ့သည်။ ခိုးပြေးကြပြီဆိုတာ မသိရသေးပေမယ့် ပါသွားသည့်သူကို ပြန်ခေါ်ဖို့အတွက် အုပ်ထိန်းသူနဲ့ အတိုက်အခံသုပ်ပြီး လိုက်သွားသည်ဆိုတာ ကိုယ့်သားဘက်က ရိုးရိုးသားသားပါလို့ ဘယ်လိုပြောမလဲ ..၊

ထို့ကြောင့် ကလေးတွေပြန်ရောက်လာကြလျှင် သူတို့ရဲ့အခြေအနေကိုကြည့်ပြီး မိဘတို့ ဝတ္တရားရှိတဲ့အတိုင်း သူမဘက်က တာဝန်ကျေရပါစေမည်ဟု ကတိထားခဲ့ရ၏။

အောင်ကြီး အရင်ပြန်လာပြီး အကျိုးအကြောင်း သိတော့မှ ဒီကအကြောင်းတွေကိုပါ ပြောပြပြီး ပြန်လာခဲ့ကြဖို့ ပြန်ခေါ်လိုက်ရတာဖြစ်သည်။

ဖအေနဲ့သမီး တစ်ယောက်ကိုတစ်ယောက် သိထားကြပြီးပေမယ့် တစ်ယောက်စီမှာ ပြစ်ချက်ကိုယ်စီ ခံစားနေကြရပြီး ခုချိန်ထိ နှုတ်မဆက်ကြသေး ..။

ဖအေကလည်း သမီး အိမ်ထောင်ပြုလိုက်တာ စောလှချေရဲ့ဆိုသည့် မချင့်မရဲစိတ်နှင့် နမြောမိပေမယ့် သူ့ဘက်က တာဝန်မကျေခဲ့ရသည့်အပြစ် ရှိတာကြောင့် ဘာမှမပြောနိုင် ..။

ငယ် ကလည်း အဖေဆိုတာကို တစ်ခါမှ မမြင်ဘူး၊ မခေါ်ဘူးခဲ့ပေမယ့် ပြန်ဆုံသည့်အချိန်မှာ ကိုယ်က မဖွယ်မရာပြစ်ချက်တစ်ခုကို ကျူးလွန်ခဲ့မိပြီမို့ မျက်နှာကိုတောင် ရဲရဲမကြည့်ရဲပေ ..။

မရဲတရဲခိုးကြည့်ဖို့ ကြိုးစားနေသည့် မျက်နှာလေးကို ဦးခန့်ကျော် က ခပ်လှမ်းလှမ်းကနေ ငေးကြည့်ရင်း ..၊

"ဖေဖေ အားလုံးသိပြီးပါပြီ သမီးရယ် .. သမီးအပေါ်မှာ ဟောဒီ သားစု ဘယ်လိုစောင့်ရှောက်ခဲ့တယ်ဆိုတာရော၊ သမီးရဲ့ ကြီးတော်ဘက်ပေါ်မှာ သူ့ရဲ့ အမုန်းတွေနဲ့ သမီးလေး ဘယ်လောက်ဆင်းရဲပင်ပန်း

www.burmeseclassic.com



ခဲ့တယ်ဆိုတာတွေ ..."

ကိုယ့်ကို ပြောနေကာမှ ငယ့် မျက်နှာလေးမော့လာပြီး ဖအေကို ကြည့်၏။ သူမ တစ်ခါမှ မမြင်ဘူးခဲ့ပေမယ့် စိတ်ကူးထဲမှာတော့ လူတွေ ပြောကြသည့် သူခိုးလူလိမ်ဆိုသော အဖေ့ပုံစံက ဒီပုံစံမျိုးမဟုတ်ခဲ့ပေ။

"မြို့သားဆိုပြီး နင့်အမေ မယ်မင်းကြီးမ မက်မောနေလိုက်တာ လေ .. ပြောမပြောချင်ဘူး၊ ပညာတတ်သူဌေးသားလို့တောင် သူ့မှာထင် နေသေးတာ၊ သူများအပ်ထားတဲ့ ပစ္စည်းတွေကို ခိုးပြေးတော့မှပဲ ..."

မုန်းတာတွေပြောလာပြီဆို အဖေ့လုပ်ရပ် ကောင်းသတင်းတွေကို မကြားချင်မှ အဆုံး ...၊

ထို့ကြောင့် သူမ ပုံဖော်ကြည့်ခဲ့ဖူးသည့် အဖေ့ပုံစက ညောင်နှာနာ ဖြူဖျော့ဖျော့နှင့် မသေမသပ်ခပ်နွမ်းနွမ်းပုံစံမျိုးသာဖြစ်သည်။

သူမရှေ့ကို တကယ်ရောက်လာတော့ ဖြူဝင်းနေသည့် မျက်နှာနှင့် ခေါင်းလိမ်းဆီ ပြောင်နေသော ဆံပင်တွေက ခပ်တိုတိုသေသေသပ်သပ်၊ ပြီးတော့ အဖြူရောင် ရှပ်အင်္ကျီပေါ်မှာ မီးခိုးရောင်ကုတ်အင်္ကျီရှည်ကြီး နှင့် ဘောင်းဘီရှည်အနက်နှင့် ဖိနပ်ကအစ လက်တောက်နေတော့သည်။

အင်ဂျင်နီယာတွေဆိုသော သူစိမ်းနှစ်ယောက်ကလည်း အဖေ့ ဘေးမှာ အမြဲတမ်းခြံရံနေကြလျက် ...၊

"အဟမ်း ..."

ငေးကြည့်နေသည့် ငယ့် မျက်ဝန်းလေးတွေ ဦးခန့်ကျော် ၏ ချောင်းဟန့်လိုက်သံကြောင့် မျက်တောင်ခတ်သွား၏။

"သမီးကို ဖေဖေ စကားအေးဆေးပြောချင်သေးတယ်၊ မေးချင် တာတွေလည်းရှိတယ်၊ ဒါပေမယ့် သမီးမှာ .."

"အဲဒါအတွက်တော့ မပူပါနဲ့ရှင် ငယ့် ကို ကျွန်မတို့ အပိုင်မသိမ်း သေးပါဘူး၊ အခြေအနေအကြောင်းကြောင်းကြောင့် ဖြစ်သွားခဲ့ ပေမယ့် ငယ် အသက်ငယ်သေးတယ်ဆိုတာ သိပါတယ်၊ နောက်ပြီး ခုလို သားအဖ ပြန်ဆုံကြတဲ့အခြေအနေတွေလည်း ရှိလာခဲ့တော့ မင်္ဂလာကိစ္စအတွက်



ဦးခန့်ကျော် စိတ်ကြိုက် ဆွေးနွေးလို့ရပါတယ် .."

ဒေါ်မြရှင် က ပေါ့ပေါ့ပါးပါးပြောလိုက်ပေမယ့် ထိုစကားအဆုံး မှာ ဘုန်းရိပ် ဖျတ်ခနဲလှည့်ကြည့်လိုက်သည့် မျက်ဝန်းတွေကို ဦးခန့်ကျော် သတိထားလိုက်မိ၏။

အားလုံးလည်း သတိထားမိကြကာ 'ဘယ်လိုစီစဉ်မှာလဲ' ဆိုသည့် အကြည့်တွေဖြစ်ကုန်ကြ၏။ ငယ် ကတော့ ဘာမှသတိမထားမိပေ ...။ သူမ ခိုးရာလိုက်ပြေးပြီး ပြန်လာတာကို အဖေ စိတ်မဆိုးဘူးဆိုသည့် အသိလေးနှင့် ပျော်သွား၏။

ထို့ကြောင့် နှုတ်ခမ်းလေး မသိမသာပြုံးနေကာ ပတ်ဝန်းကျင်က မျက်နှာတွေကို ဘာမှသတိမရ ...၊

ငထွား တို့လူစုက ဒေါ်မြရှင် သားဖြစ်သူကို လှည့်ကြည့်လိုက်မိ ကြောင့် ပြုံးစိစိတွေဖြစ်ကုန်ကြကာ ...၊

"အဟမ်း .. အဟမ်း .."

ချောင်းသံပေးပြီး ဘုန်းရိပ် လှမ်းကြည့်တော့ မျက်နှာတွေကို ဟိုလွှဲ ဒီလှည့် ...၊

ဒေါ်မြရှင် ကတော့ မိဘပီပီ ပြောသင့်တာကို ပြောရမှာမို့ ...၊

"လောလောဆယ် မကျော့ လည်း မရှိလို့ အိမ်မှာခေါ်ထားမှာ ပေမယ့် ကျွန်မတို့ လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်မပေးရသေးဘဲ ခွဲတစ်ပေါက်မစွန်းစေရပါဘူး၊ ဦးခန့်ကျော် လည်း အချိန်မရွေး ခေါ်တွေ့ နိုင်ပါတယ်၊ အိမ်ကိုလည်း လာနိုင်ပါတယ် .."

"ဟုတ်ကဲ့ .. ကြားရတာဝမ်းသာပါတယ် ဒေါ်မြရှင် .. ကျွန်တော် ကတော့ သမီးလေးဘဝ ခုလို ဖြူစင်နွေးထွေးတဲ့မိသားစုလက်ထဲ ရောက် နေတာရော ခုလို ဆုံဆည်းကြတဲ့အတွက်ရော ဝမ်းသာမိပါတယ် ဒါပေမယ့်.."

ဦးခန့်ကျော် ရဲ့ ဒါပေမယ့်ဆိုတာမှာ လူတွေအကုန်လုံး တိတ်ကျ သွားကြ၏။ အထင်မြင်လွဲခဲ့တာတွေကို ရှင်းပြလို့ ပြေလည်သွားပြီမို့ ဦးခန့်ကျော် က သူဌေးကြီးတစ်ယောက်အဖြစ်နဲ့ပဲ ရှိနေကာ ဆက်ပြော

www.burmeseclassic.com

www.burmeseclassic.com



နေကြသည့် ငယ် နဲ့ ဘုန်းရိပ် ရဲ့ကိစ္စကိုလည်း အထူးစိတ်ဝင်စားနေခဲ့ကြသည်ဖြစ်ရာ ...၊

"လူကြီးတွေရဲ့ ဆိုးရွားခဲ့တဲ့ အခြေအနေအရပ်ရပ်ကြောင့် ကျွန်တော့်သမီးလေးက မိဘမဲ့ပညာမဲ့လေးဖြစ်ခဲ့ရပါတယ်၊ အခု အဖေတစ်ယောက်အနေနဲ့ သမီးရဲ့ဘဝကို တတ်နိုင်သမျှ ပံ့ပိုးပေးချင်တယ်ဆိုရင် ကျွန်တော်ဘာလုပ်သင့်ပါသလဲ .."

"ဟင်!..."

ဒေါ်မြရှင် အကြည့်တွေ ဦးသောင်း နဲ့ သူကြီးတို့ဆီရောက်သွား၏။ ပြီးမှ ဘုန်းရိပ် နဲ့ ငယ့် ဆီရောက်ဝဲမိသည်။ ပြုံးစိစိဖြစ်နေကြသော ငတွားတို့ လူစုတောင် ဟင်ခနဲဖြစ်ကုန်ကြပြီး ...၊

ငယ့် ကို ပြန်သိမ်းမယ်လို့ပြောတာလား ...၊

ထိုမေးခွန်းက ရင်ထဲမှာ ကိုယ်စီဖြစ်ထွန်းသွားကြသည်။ ငယ်ကတော့ အဓိပ္ပာယ်မရှာပါ။ တာဝန်ကျေလိုကြောင်းတွေ ကြားနေရသဖြင့် ကျေနပ်ပီတိတွေသာ ဖြစ်နေခဲ့လျက် ရေတိုရေရှည်စီမံကိန်းတွေထိ သူမ စိတ်ကူးတွေက မပါ။

"သူတို့ချင်းလည်း တစ်ယောက်ကိုတစ်ယောက် ဖေးမညှာတာခဲ့ကြတဲ့ သံယောဇဉ်နဲ့ ဒီလိုအခြေအနေဖြစ်သွားခဲ့တာဆိုတော့လေ .."

ဦးခန့်ကျော် က စကားလှအောင်ခင်းနေသော်လည်း ဆိုလိုသည့်အဓိပ္ပာယ်မှာ ...၊

"ဟုတ်ကဲ့ .. ကျွန်မ ရှင်းရှင်းမေးမယ်နော် .."

"ဟုတ်ကဲ့ .. မေးပါ .."

"ဦးခန့်ကျော် က ငယ့် ကို ပြန်သိမ်း၊ အဲ .. မြို့ကိုပြန်ခေါ်သွားချင်တာလား .."

"တန်းသွားမယ်ဆိုရင်တော့ ဒါရိုက်ရှင်က ဒါပဲထင်တယ်၊ ဒါပေမယ့် ပြန်သိမ်းမယ်ဆိုတာမျိုးမဟုတ်ပါဘူး၊ သမီးလေး တစ်ခါမှ မမြင်ဘူး မထိတွေ့ဘူးတဲ့ နေရာအဆင့်အတန်းထဲကို ဆွဲခေါ်ပြချင်တာပါ။



အစွန်းရောက်အောင် ကြောက်တတ်နေတဲ့စိတ်က ဘာမှမရှိ မသိတဲ့ သူ့ဘဝအပေါ်မှာ သိမ်ငယ်နေတဲ့ ခံစားချက်တွေပဲလေ .."

ဒေါ်မြရှင် ခေါင်းညိတ်မိသည်။ သူကြီးတို့ကလည်း ခေါင်းညိတ်နေကြကာ သက်ပြင်းချသံတွေထွက်လာသေးသည်။

"သူ့ဘဝ ဘာလဲဆိုတာ သိလာအောင် ကျွန်တော် ခေါ်သွားချင်တာ၊ သူ့စိတ်ခံစားချက်တွေ ခိုင်မာသွားမယ်၊ ကိုယ့်စိတ်ကို ပြန်ပြီး ဖတ်နိုင်မယ်ဆိုရင် ကျွန်တော် ကျေနပ်နိုင်ပြီ၊ ခုချိန်မှာ သမီးက သူ့ကိုယ်သူတောင် ပိုင်တယ်မထင်ရဲတဲ့ သိမ်ငယ်မှုတွေနဲ့ အခွင့်အရေးဆိုတာလည်း နားမလည်ဘူး .."

"ဦးခန့်ကျော် ပြောတာက အခု ကလေးတွေကိစ္စကလည်း စိတ်ကစားတာမို့လို့ ဒါကို အတည်မပြု .."

"ဟာ .. မဟုတ်ပါဘူး၊ အဲ့ဒီလိုသဘောမဟုတ်ပါဘူး၊ ကျွန်တော်ပြောသမျှကို ကလေးတွေကိစ္စနဲ့ တိုင်းတာမကြည့်ဘဲ မိဘတစ်ယောက်ရဲ့ စေတနာတစ်ခြမ်းကနေ ဒေါ်မြရှင် စာနာနားလည်ပေးစေချင်တယ်.."

"ဒါမှန်ပါတယ် .. ကိုခန့်ကျော် ပြောတာ သဘာဝလည်းကျတယ်.."

"ဟုတ်ပါတယ် .. နှစ်ဖက်စလုံးမမှားပါဘူး၊ ဒါက မိသားစု အရေးဆိုပေမယ့် အားလုံးရှေ့မှာ သားသမီးတွေမင်္ဂလာကိစ္စဆွေးနွေးကြတယ်လို့ သတ်မှတ်ပြီး ကျုပ် နည်းနည်းတော့ ပြောချင်တယ် .."

သူကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ ...၊

"ကျုပ် ရွာသူဘက်က လိုက်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် မိငယ်လေး က အခု သားနဲ့ နီးစပ်သွားလို့ ချွေးမတော်ရမှာမျိုးမဟုတ်ဘဲ ငယ်ငယ်လေးတည်းက ဒီလူဒီမိသားစုရဲ့ လက်ပေါ်မှာ ကြီးပြင်းလာတဲ့ကလေးလည်း ဖြစ်တဲ့အတွက် မခွဲနိုင်မခွာရက်တဲ့ သံယောဇဉ်က အစတည်းက ရှိနေပြီးသားပါ .."

"ဟုတ်ပါတယ် .. ကျွန်တော် နားလည်ပါတယ် .."

"အဲ့ဒါကြောင့် ကလေးနှစ်ယောက်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ပတ်သက်နေကြတဲ့လူတွေကိုတော့ ပစ်ပယ်ထားလိုက်လို့မရဘူး–

"ကျွန်တော် မပစ်ပယ်ပါဘူး သူကြီး၊ ဒီရွာမှာ ကျွန်တော် ဘာမှ ပြန်မရှင်းဘဲ တင်ကျန်ခဲ့တဲ့ အမည်းစက်ကြောင့် သမီးလေး တစ်ဘဝလုံး သိမ်ငယ်ခဲ့ရတယ်၊ ဒီမိသားစုက အဲဒီအချိန်မှာ သမီးအပေါ် စာနာနားလည်စိတ်နဲ့ နွေးထွေးခဲ့ကြတယ်၊ ဒါတွေကို မမေ့နိုင်ပါဘူး၊ ဆိုချင်တာက အခိုက်အတန့်ခဏလောက်တော့ သမီးကို ကျွန်တော့်ရင်ခွင်ထဲ ပြန်ထည့်ထားချင်တယ် .. ဒါလေးပါပဲ .."

ဖြစ်ခဲ့သည့် အမည်းစက်ဆိုတာက သေးသေးနုပ်နုပ်မို့လို့လား–

လူတွေက ယုံကြည်ပြီး စုဆောင်းအပ်နှံထားသည့် ရွှေငွေရတနာထုပ်ကို ခိုးယူပျောက်ကွယ်သွားခဲ့၏။ နောက်မှာ သားမယားဘယ်လိုကျန်ခဲ့သလဲဆိုတာ တစ်ချက်လေးမှ ပြန်မကြည့် ..။

မြို့သားလူရည်သန့်လေး၊ နေထိုင်လုပ်ကိုင်ပုံလေးကအစ ယုံကြည်စရာမို့ ယုံကြည်ခဲ့ကြပေမယ့် ဒီယုံကြည်မှုကို တမင်ရအောင် ဟန်ဆောင်လိမ်ညာယူသွားရာရောမမြောက်လို့လား ..၊

ဒါပေမယ့် အားလုံးကို မေ့ဖျောက်ခဲ့ကြသည်။ ငယ့် ကို တစ်ရွာလုံးက အထင်သေးနှိမ့်ချကြပေမယ့် သူမတို့က အရေးပေးကြင်နာခဲ့၏။ ဒီအကြင်နာတွေက တစ်နေ့နေ့ ဒီကောင်မလေးအဖေ ဒီလိုပုံစံနဲ့ ပြန်လာမှာပဲဆိုတာ သိထားခဲ့တာလည်းမဟုတ် ..။

ဒေါ်မြရှင် စိတ်တိုင်းမကျဖွယ်တွေကို တွေးနေမိရင်း ဦးခန့်ကျော်၏ အတိတ်ဆီကို စိတ်ရောက်သွားပြန်သည်။ ထိုသူ့ကို အစတည်းက အင်ဂျင်နီယာကျောင်းသားဆိုတာလည်း ဘယ်သူမှ မသိခဲ့ကြပေ။ တကယ်တော့ ဦးခန့်ကျော် က မိခင်နောက်အိမ်ထောင်ပြုသည့်ကိစ္စကြောင့် လူငယ်ပီပီ မကျေမနပ်သည့်စိတ်နှင့် လေလွင့်ရှက်တိုက်နေခဲ့တာလို့ ပြောပြခဲ့သည်။

ငယ့် အမေနဲ့ လက်ထပ်မင်္ဂလာဆောင်ခဲ့ရတဲ့ကံကြမ္မာကတော့ နောင်အခါမှာ မျက်နှာငယ်စွာ ရှင်သန်ကြီးပြင်းကျန်ခဲ့ရပေမယ့် ရှင်ငယ်လေးရဲ့ ကံကြမ္မာသာဖြစ်နိုင်လေသည်။



ရွာကို သူရောက်လာတော့ မြို့သားလူချောလူသန့်လေးဖြစ်သည့် ပြင် မေရှင် နှင့် မကျော့ တို့ ညီအစ်မကလည်း ရွာမှာ မိဘလက်ငုတ်လက်ရင်းလေးတွေ ရှိနေတုန်းမို့ လူရိုသေရှင်ရိုသေရပ်တည်နေနိုင်ကြသည့်ကာလဖြစ်သည်။

ရွာဦးစေတီတည်မည့် အစီအစဉ်ကို သူတို့လင်မယားကပဲ အစဖော်ခဲ့တာဖြစ်သလို သူတို့ကပဲ 'မ'တည်အလှူရှင်တွေဖြစ်လာခဲ့သည်။ သို့သော် ...

ရွာသူရွာသားတွေ စုပေါင်းစုဆောင်းပြီး အပ်နှံကြသည့် လက်ဝတ်လက်စားနဲ့ အလှူငွေတွေကို သိမ်းဆည်းကြရသည့်အခါ တာဝန်ကဝိုကြီးလာခဲ့သည်။ မြို့ကို ခရီးထွက်ဖို့ရှိလာသည်နှင့် အိမ်မှာ မိန်းမသားချည်းပဲ ကျန်ခဲ့မှာကို ခန့်ကျော် စိတ်ပူခဲ့သည်။

ထို့ကြောင့် တောထဲတစ်နေရာမှာ သေချာသိမ်းဝှတ်ထားကြဖို့ မေရှင် နဲ့ တိုင်ပင်ပြီး သူနဲ့အတူယူသွားခဲ့၏။ တောထဲမှာ နေရာသေချာရှာတွေ့ပေမယ့် သူ မဝှတ်ရသေးခင် လုယက်ခံခဲ့ရလေသည်။

တကယ်တမ်းကျတော့ ထိုစဉ်တည်းက သူ့မှာ သမီးလေးတစ်ယောက်ရှိနေပြီဆိုတာသာ သိထားခဲ့ပါလျှင် ရုတ်တရက် မပြန်ဖြစ်ရင်တောင် သူ ဒီလောက်ထိ ပြတ်တောက်စွာနေနိုင်ခဲ့မှာမဟုတ်ပေ ..။

သူ့စိတ်ထဲမှာ စွဲနေတာက စေတီတည်မယ့်ငွေတွေ သူ့ကြောင့် ဆုံးရှုံးသွားခဲ့သည့်အတွက် ဒါကိုပြန်ပြီးမပေးဆပ်နိုင်သရွေ့ မပြန်တော့ ရို့သာ ..၊

ဘယ်သူမှ ယုံနိုင်မှာမဟုတ်တာကို သနားခံပြီး လူးလဲတောင်းပန်မယ့်အစား အမှန်တရားကို ဖော်ပြနိုင်မည့် တစ်နေ့နေ့ကိုသာ စောင့်တော့မည်လို့ ဆုံးဖြတ်ခဲ့၏။

မြို့မှာကျတော့လည်း မိခင်ဖြစ်သူရဲ့ စီးပွားရေးတွေက ပထွေး မြန်းတီးလို့ ပြုတ်ပြုတ်ပြုန်းနေပြီဖြစ်ကာ သေကောင်ပေါင်းလဲဖြစ်နေသည့် အမေ့ကိုလည်း သူ ကံကောင်းလို့ ပြုစုခွင့်ရလိုက်တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ မှားပါသည့်အကြောင်းကို ဝန်ခံသည်။ ရှင်းပြ မကြိုးစားတော့ပေမယ့် ထိုစဉ်က ဒဏ်ရာတွေပျောက်ကင်းပြီး ကျန်ရ ခဲ့သည့် အမာရွတ်တွေကိုတော့ ပြနိုင်ခဲ့သေး၏။

ထို့ပြင် သူ့ကို ဆေးကုပေးသော ဆရာဝန်နှင့် အတူ ဆေးမှတ်တမ်း တွေကိုလည်း နေ့စွဲနှင့်တကွ သက်သေပြနိုင်ခဲ့ပြီး အဖြစ်အပျက်ကာလ နဲ့ တိုက်ကြည့်စစ်ဆေးဖို့ပြခဲ့သေးသည်။

သူ ရှင်းပြသွားတာတွေက နိုင်မာသည်ဖြစ်စေ မနိုင်မာသည်ဖြစ် စေ ငယ့် ကို သနားချစ်ခင်နေကြသော၊ ထို့ပြင် အငြိုးအတေးကြီးမား ခြင်းမရှိခဲ့သော ရွာသားတွေကတော့ နားလည်လက်ခံပေးခဲ့ကြလေသည်။

သူ့ဘက်က အမှန်တရားကို ရယူသွားနိုင်တော့ မာန်မာနက ခေါင်း ထောင်လာတာမျိုးလား ..၊

ခုတော့ လူကြားကောင်းအောင် စကားအလှတွေသုံးပြီး ပါအောင် ခေါ်သွားမည်။ မြို့ကိုရောက်တော့ အနုအရွအသစ်အဆန်းတွေနဲ့ စည်းရုံး ပြီး သားနဲ့ ခွဲထုတ်တော့မည်။

ဒီတိုင်း မကြိုးစားဘူးဆိုရင်တောင် ကလေးစိတ်သာသာ ဒီမိန်းမ ငယ်လေးက တိမ်းလွယ်ယိမ်းလွယ်မဟုတ်ဘူးလား ..၊

ဒေါ်မြရှင် ဦးခန့်ကျော် ရဲ့ အဖြစ်တွေကို တွေးလိုက် ငယ့် အပေါ် မှာ ကိုယ်ချစ်ခဲ့ရတဲ့ အချစ်တွေနဲ့ နှိုင်းယှဉ်ပြီး မခံရပ်နိုင်ဖြစ်လာလိုက် နှင့် ကိုယ့်ကိုယ်ကိုယ် ကလေးဆန်နေမိမှန်းလည်း မသိလို့မဟုတ် ..၊

လှမ်းကြည့်လိုက်တော့ ငယ့် မျက်နှာလေးက ဖအေကိုကြည့်နေ လိုက်တာ လိုချင်တဲ့ကစားစရာရုပ်လေးကိုရသွားတဲ့ ကလေးတစ်ယောက် လိုမျိုး ..၊

ဒါဆို ကိုယ့်သားကရော ..၊



အခန်း (၄၂)

ရွာထဲမှာ စေတီတည်ရေးအတွက် လုပ်အားပေးနေကြသည့် ရွာ သားတွေက ဆောက်လုပ်ရေးပစ္စည်းတွေဝင်လာဖို့အတွက် လမ်းဖြူပြင် ရေးကို အရင်လုပ်ကြရသည်။

ဖောက်ထားပြီးသား လမ်းဟောင်းက အပြီးမသတ်ဘဲ လှသွား လမ်းသာသာပဲ ကျန်တော့တာမို့ လမ်းဖောက်သည့်အချိန်ကိုပါ ထည့် တွက်ရသည်။ စေတီတော်တည်၍ ထီးတော်တင်ပြီးသည့်အထိ၊ ထို့ပြင် ဘုန်းကြီးကျောင်းအသစ်တည်ဆောက်လှူဒါန်းဖို့လည်း ပါသေးရာ ..၊

"အချိန်ကို တွက်လိုက်တော့ အားလုံးပြီးစီးတဲ့အထိ ကျွန်တော် ရှိမနေနိုင်ဘူးဖြစ်နေတယ်၊ အဲဒီတော့ လုပ်အားဒါနအဖြစ် သူကြီးနဲ့ ဒီရွာသားတွေကိုပဲ အားကိုးပါရစေ .."

"ဟာ .. နေပါဦး .."

ကုန်ကျမယ့်အလှူငွေတွေကို ပေးအပ်မည့်လက်က လူကြီးပိုင်း တွေ တစ်ယောက်တစ်ခွန်းတားဆီးကြသဖြင့် တုံ့ဆိုင်းသွား၏။

"မျက်ချင်းတော့ လွှဲအပ်မသွားပါနဲ့ ဦးခန့်ကျော် .. အလှူဒါနဆို တာ အမျိုးမျိုးရှိသလို လုပ်အားဒါနနဲ့ ဝိတိကို ရယူခြင်းက ပွားများတာ ပါပဲ၊ အနည်းဆုံး ရက်နှစ်ဆယ်တစ်လတော့ .."

"အဲ့ဒါက .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဖြစ်နိုင်လောက်ပါတယ်ဗျာ .. ဦးခန့်ကျော် တို့ ရောက်ကာစက ကိုယ်တိုင်ပါဝင်လုပ်အားပေးကြမယ်လို့လည်း ကြားမိထားပါတယ်၊ ခုမှ မနေချင်ဖြစ်နေတာက .."

ထိုစကားမဆုံးခင် ဦးခန့်ကျော် အကြည့်တွေ ဒေါ်မြရှင် ဆီရောက်သွား၏။ မျက်လုံးချင်းဆုံတော့ အားနာပြုံးနှင့် နှုတ်ဆက်၍ ..၊

"ခုမှ မနေချင်ဖြစ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဆယ့်ငါးရက်လောက်တော့ နေပါ့မယ် .."

ဒေါ်မြရှင် လုပ်အားပေးလူငယ်တွေနားမှာ အကျွေးအမွေးလေး လုပ်ပေးရင်း နေရပေမယ့် ခါတိုင်းလို စကားမရွှင်နိုင်ဘဲ တိတ်ဆိတ်နေခဲ့၏။

ဒေါ်သန်းသန်း ကတော့ ခမည်းခမက်ချင်း ဘာတွေတိုင်ပင်ကြမှာလဲဆိုပြီး အကဲခတ်နေတာမို့ အခြေအနေကို သတိထားမိတာနှင့် အနားရောက်သွား၏။

"အဲဒါပေါ့ မမြရဲ့ .. 'တစ်ရွာသားကို ရည်းစားလုပ်တော့ လွမ်းရတယ်' ဆိုတာ .."

"အစတုန်းကတော့ ငယ် က တစ်ရွာသူမှဟုတ်တာ မသန်းသန်းရယ် .. ခုမှ .."

"ခုမှ ဘာဖြစ်လဲ .. သူ့ဖအေက ဒီလောက်ချမ်းသာနေတာပဲ၊ အစ တုန်းက သူခိုးဂျပိုးဖြစ်ခဲ့တော့လည်း ဘာဖြစ်လဲ .."

"သူခိုးကြမ်းပိုး မဟုတ်ပါဘူးရှင် .. သူတို့က အစတည်းက လူကုံထံတွေပါ၊ သူ ပြောပြပြီးပြီပဲဟာ .."

ဒေါ်သန်းသန်း က မသိမသာမဲ့၍ ရွာလူကြီးတွေနဲ့ အတူတူ မတ်တတ်ရပ်စကားပြောနေသည့် ဦးခန့်ကျော် ကို လှမ်းကြည့်ကာ ..၊

"အေးလေ .. သူ ပြောတော့ သူ့စကားပေါ့၊ စိန်ရောင်ရွှေရောင်က အရာရာကို ဖုံးနိုင်တာပဲ၊ ကျွန်မကတော့ မမြတို့ မြို့က ကျိုကျိုတက်သူဌေးနဲ့ ခမည်းခမက်ဖြစ်ရလို့ တော်တော်ပျော်နေမှာပဲထင်တာ .."

"ခုလည်း ပျော်နေတာပဲ အမေကလည်း .."

သက်ထား ကလည်း မအေနဲ့ သမီး တစ်လေသံတည်း ..။



ဘုန်းရိုပ် နဲ့ ငယ် တို့ ပြန်ရောက်လာကြသည့်နေ့က သူကြီးအိမ်မှာ စုဝေးကြတုန်းကတော့ သားအမိနှစ်ယောက်စလုံး ဟန်မဆောင်နိုင်စွာ တဖြုတ်ဖြုတ်ထထွက်သွားကြသည်။

"သူဌေးသမီးမှန်းလည်းသိ၊ ဟိုက ပြန်ခေါ်မယ်လည်းဖြစ်တော့ အရီးမြ စားမဝင်အိပ်မပျော်ဖြစ်နေမှာပေါ့ .."

စိတ်လည်းပျက်ရပါ၏။

ဒေါ်မြရှင် စကားပြန်ပြောချင်စိတ်တောင် ကုန်သွားမိလျက် ဘာမှလည်း မပြောတော့ဘဲ လှည့်ထွက်လာခဲ့သည်။

ဘုန်းရိုပ် တို့ လုပ်အားပေးသည့်နေရာလေးမှာ ငယ် က ရေတကောင်းလေးပိုက်လျက် ရေခွက်လေးတစ်ဖက်နှင့် ..၊

"ကိုကြီး ရေသောက်လေ .."

"မသောက်ချင်ပါဘူးဆိုမှ ဘာလာလုပ်တာလဲ ဟိုမတ်တတ် .. ဒီမတ်တတ်နဲ့ .."

"ငယ် လည်း လုပ်အားပေးနေတာပဲဟာ .."

"မိုးချုပ်တော့မယ် ပြန်တော့ .."

"ကိုကြီးရှိတာပဲဟာ .."

"ငယ့် ...."

နောက်ကနေ သက်ထား က ငယ့် လက်လေးကို ဆွဲခေါ်သွားပြီး ရယ်ပြုံးလျက် ..၊

"ငါက အတွေ့အကြုံမရှိတော့ နင့်ကိုပဲ မေးရမှာပဲ .. မှန်မှန်ဖြေနော်.."

နေဝင်သွားပြီမို့ ညနေခင်းအလင်းရောင်က ဖျော့ကျသွားပြီဖြစ်သည်။ သက်ထား က ငယ့် ကို သစ်ပင်ရိပ်အောက်ခေါ်သွားသဖြင့် ပို၍ အလင်းမှောင်ဖြစ်သွားရကာ ..၊

"ဟဲ့ .. နင်တို့ခိုးပြေးတဲ့ညက ဘယ်မှာအိပ်ကြတာလဲ .."

"အိမ်ထဲမှာ .."

"အိမ်ထဲမှာမှန်းတော့ သိတာပေါ့၊ ဘယ်သူက လယ်ကွင်းထဲ သွား

www.burmeseclassic.com

www.burmeseclassic.com



အိပ်မှာလဲ ..."

သိချင်လို့ မျက်နှာချိုသွေးနေတာတွေ ဖြုတ်ခနဲ ပျောက်ကွယ်သွား၏။ သို့သော် ချက်ချင်းပြင်ဆင်ပြုံး၍ ...၊

"ငါ ပြောတာက နင်တို့ ဆွေမျိုးတစ်ယောက်ယောက်အိမ်မှာ အိပ်ကြတာဟာ .. အဲဒါ ငထွား တို့ ချမ်းသာ တို့လည်းပါတယ်ဆိုတော့.."

"ကိုချမ်း တို့က ပြန်သွားကြတာလေ .. ကိုကြီးနဲ့ ငယ် နဲ့ပဲ .."

"ဘာ ..."

သက်ထား ရင်ထဲမှာ မီးလိုပူသွားသည်။ ငယ့် ဘဝအခြေအနေကို သူမ လိုက်လို့မမီနိုင်တော့ပေမယ့် ကိုချစ်ခဲ့ရသူနဲ့ ကိုယ်နိုင်ခဲ့တဲ့သူကို ဘယ်လိုမှ မကြည်ဖြူနိုင် ...။

"နင့်မှာ ဒီလောက်တောင် မိန်းမသိက္ခာ စောင့်ထိန်းရမှန်းမသိတော့ဘူးလား .. ကိုဘုန်း နင့်ကို သနားလို့ ကူညီဖို့လိုက်သွားတာ ဟိုကသာ တကယ်မယူဘူးဆိုရင် နင် ဘယ်လိုလုပ်မလဲ .."

"ငယ် က ကိုကြီးကို ယူဖို့မပြောပါဘူး .."

"ဒါပေမယ့် နင်တို့မှားယွင်းခဲ့ပြီမို့လား .."

"ဟင့်အင်း .."

သက်ထား မျက်နှာလင်းခနဲဖြစ်သွားသည်။ ဝမ်းသာသွားလိုက်တာ ဟန်ဆောင်လို့မရ ...။

"ဒါဆို နင်က သူဌေးသမီးဖြစ်နေပြီ၊ ဖအေနဲ့ မြို့ကြီးကို လိုက်သွားတာနဲ့ ကိုဘုန်း ထက်သာတဲ့ ယောကျ်ားတွေနဲ့ တွေ့ရမှာ၊ အရီးတို့ဆွေးနွေးနေတဲ့ မင်္ဂလာကိစ္စကို နင် ငြင်းပစ်လိုက် .."

"ငြင်းရမယ် .."

သက်ထား သူမကိုသင်ပြနေတာလား၊ ဘာဖြစ်စေချင်တာလဲ၊ ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ၊ ငယ် ဘာမှ နားမလည်တော့ဘဲ မျက်နှာကိုသာ ပြန်ကြည့်နေမိသည်။

"အရီးက ခုမှ နင့်ကို မခွဲနိုင်မခွာရက်သလို လုပ်ပြနေတာသိလား၊



နင့်ကို ကိုဘုန်း လိုက်ခေါ်တယ်ဆိုတော့လေ .."

"အရီးက ဘာပြောသလဲ .."

ဟင်!...၊

အသံကြောင့် သက်ထား ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူမနောက်မှာ ငထွား နဲ့ အောင်ကြီးက ...၊

သူတို့မျက်နှာတွေက ပြုံးနေကြပေမယ့် သက်ထား ရှက်သည့်စိတ်နှင့် မျက်နှာတစ်ပြင်လုံး ရဲတွက်သွား၏။

"ပြောပြလိုက်ပါ၊ အရီးက ငါတို့ကိုမပြောဘဲ နင့်ကိုပြောထားတာ တစ်ခုခုရှိနေတာလား .. ငါတို့သိအောင် ပြောလည်းရပါတယ် .."

"ငါက ကိုဘုန်း ခံစားရသက်သာအောင် ပြောပေးနေတာ၊ လာပြီး ရိသလိုလို လှောင်သလိုလိုနဲ့ .."

ရှက်ရမ်းရမ်းပြောပြီး လှစ်ခနဲထွက်သွား၏။ စိတ်ဆိုးသွားပြီဆိုသည့် အသိနှင့် ငယ် ပျာပျာသလဲဖြစ်ကျန်ခဲ့လျှင် ...၊

"နေစမ်းပါ .. ဘာလဲ လိုက်ခေါ်မလို့လား .."

"သူက ..."

"ဒီလောက် ခလောက်ဆန်ဖို့ကြိုးစားနေတာ အသိသာကြီးကို.."

"ခလောက်ဆန်တဲ့ စကားမျိုးကို ငယ် သိပါတယ် ကိုထွား ရဲ့၊ ဒါပေမယ့် ဘယ်သူဘာပြောပြော နားထောင်ပေးတတ်တာ နားကအကျင့်ပါနေပြီ .."

"ခုကစပြီး မပါနဲ့တော့ .."

ဘုန်းရိပ် ရောက်လာမှ 'ကောင်းတယ်' ဆိုသည့်မျက်နှာတွေနှင့် ခေါင်းညိတ်ကြ၏။ ငယ့် လက်ထဲက ရေတကောင်းနဲ့ ရေခွက်ကို ဆွဲယူပြီး ရေသောက်သည်။

ပြီးတော့ ငထွား လက်ထဲ ထည့်ပေးလိုက်လျှင် ...၊

"အေးပါ .. ကျေးဇူးတင်ပါတယ်၊ သိမ်းခိုင်းဖော်ရတဲ့အခွက်.."

ငထွား ခပ်ရွဲ့ရွဲ့ပြောပြီး သူ့ဘာသာ ရေခပ်သောက်လိုက်၏ ...

"မိငယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"နှင်က ဦးလေးခန့် နဲ့ ပြန်လိုက်သွားမှာလား .."

"အင်းလေ .. အဖေက လိုက်ရမှာလို့ပြောနေတာပဲ၊ ငယ် လည်း မြို့ကိုမရောက်ဖူးတော့ .."

"သိပ်လိုက်ချင်နေတယ်ပေါ့ .."

"အေးလေ .. နှင့်ကိုယ်နှင် အပျိုလေးမှတ်နေသေးလို့လား .."

"အယ် ..."

ဘုန်းရှိပ် ကို ဖျတ်ခနဲကြည့်ကာ ပါးပြင်လေးတွေပန်းရင့်ရောင် ဖြစ်သွား၏။ ဘုန်းရှိပ် မျက်နှာကြီးလည်း နီတီတီဖြစ်သွားကာ ..၊

"ဘာတွေလျှောက်ပြောနေတာလဲကွ .."

"ဟုတ်တာတွေ ပြောနေတာလေ .. မင်းတို့ မပေါင်းရသေးပေမယ့် အခြေအနေအရ ခိုးပြေးတဲ့အဖြစ်ကို ရောက်ခဲ့ပြီးပြီ၊ မင်းကို သူပိုင်သလို သူ့ကိုလည်း မင်းပိုင်တယ် .."

"ပိုင်ဆိုင်မှုတွေ ခွဲတမ်းချနေတာလား .."

အနားက ဖြတ်သွားသည့် ခွေးညိုကြီး တို့နှစ်ယောက်က ခြေစုံရပ်၍ လှမ်းနောက်သည်။ ပြီးတော့ သူတို့ကိုငေးကြည့်ပြီး ပြုံးဖြီးဖြီးနှင့် ..၊

"ဒါဆို ငထွား .. မင်းကိုတော့ ဘယ်သူပိုင်တာလဲ .."

"ငါ!...."

အဲ ..၊

"ဒေါင် ...."

သောက်လက်စရေခွက်က ဒေါင်ခနဲလွတ်ကျသွားသည်။ ငထွား သူ့ဘေးက အောင်ကြီး ကို တရားခံကြည့်ကြည့်ကာ ..၊

"မင်း ဘာပြောလိုက်တာလဲ .."

"ငါက ပြောစရာလား .."

မဟုတ်ဘူး 'ငါ' လို့ သေချာကြားလိုက်တာ ..၊

ကိုယ့်ကိုယ်ကိုယ် ထပ်သေချာပြီး ငယ် ကို ကြည့်မိ၏။

"နှင် ကြားလိုက်လား မိငယ် .."



"ကြားတယ် .. ကိုအောင်ကြီး နောက်လိုက်တာလားလို့ .."

အောင်ကြီး ရှုံ့မဲ့သွားကာ ..၊

"ဘာလို့ နောက်ရမှာလဲ .. ရှုံ့စရာကြီး .."

ဘုန်းရှိပ် က မှောင်ရိပ်သမ်းနေသည့် ဘေးဘီကိုကြည့်ကာ ..၊

"မင်း ဘယ်ဘက်က ကြားလိုက်တာပဲ .. အဲ့ဒီမှာ သူရှိနေလို့ဖြစ်မှာပေါ့ .."

ငထွား ကျီးတိကြောင်တိနှင့် ခေါင်းရောကိုယ်ပါ ချာလပတ်ရမ်းသွား၏။ မျက်နှာသည် ကြောက်စိတ်ဝင်နေတာ သိသာလျက် ..၊

"ဒီမိန်းမ မိုးတောင်မချုပ်သေးဘူး .."

"မစောင့်နိုင်တော့လို့နေမှာပေါ့ .."

"ဘုန်းရှိပ် နော် .. မင်း .."

"မင်းက အညှိအဟောက်တွေ စလိုက်တော့ သူလည်း .."

"မသာ .."

"ဟား .. ဟား .. ဟား .."

ဒါ ရယ်စရာလား ..၊

ငထွား သူများတွေလို မရယ်နိုင်ဘဲဖြစ်နေ၏။ မစံပယ် ဆိုတဲ့ မိန်းမ ချမ်းသာ ကနေ ဘာဖြစ်လို့ သူ့ဘက်လှည့်လာတာလဲ ..၊

သူတွေးနေတုန်းပဲရှိသေးသည် ဘုန်းရှိပ် က ရယ်လက်စမျက်နှာနှင့်..၊

"မင်း ဒီည ခင်ဆုံ နဲ့ ချိန်းထားတယ်မို့လား၊ အခု သူက ဦးအောင်ရောက်နေပြီ၊ မင်း ဘယ်သူ့ကို ရွေးမှာလဲပဲ စဉ်းစား .."

"အေးဟ .. သရဲမ တာဂတ်ပြောင်းသွားတာထင်တယ်၊ ချမ်းသာ က နည်းနည်းသေးနေတော့ .."

"ဘာ ..."

"လူကောင်သေးတာလေ၊ မင်းထက် အလုံးအရပ်နည်းနည်းသေး တယ်မို့လား .."

"ဒါဆို မင်းက ငါ့ထက် ပိုထွားတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းမှမင်း ဖြစ်နေတာပါကွာ .. ပုဆိုးတောင်ချွတ် .."

"သေနာကျ .."

"သူ ဆွဲထားလို့ မင်း ကျွတ်ကျန်ခဲ့တာမဟုတ်ဘူးလား .."

"အောင်ကြီး နော် .. မင်းတော့ .."

ရေခွက်ကို ဖြန်ငုံ့ကောက်လိုက်တာနှင့် ထွေး ဘာလုပ်တော့မှာကို သိကာ အောင်ကြီး ထွက်ပြေးလေသည်။ နေရာမှာ ငယ် နဲ့ ဘုန်းရိပ်နှစ်ယောက်တည်းကျန်ခဲ့၏။

"ကိုကြီး ထမင်းစားပြန်မှာမို့လားဟင် .. ငယ် လည်း ဒီမှာ ညလယ်စာအဆာပြေကျွေးဖို့ ကောက်ညှင်းပေါင်းနဲ့ စားတော်ပဲသွားပြုတ်ရဦးမှာ သွားမယ်လေ .."

သူဌေး ဦးခန့်ကျော် က လမ်းဖွင့်ပြီးတာနှင့် ပြန်မှာမို့ ဒီလမ်းကို အားချင်းပြီးအောင် ပြန်ဖွင့်နေရတာဖြစ်သည်။ လမ်းကြောင်းက ရှိပြီးသားပေမယ့် ပြန်ဖွင့်ရတာထင်သလောက် မလွယ် ...၊

သို့သော် လူကြီးတွေက ဦးဆောင်ကာ ရွာသားတွေက အင်တိုက်အားတိုက်ပါဝင်လုပ်ကိုင်နေကြတာဖြစ်သည်။ စေတီတော်ပန္နက်က ရှိပြီးသားမို့ ထီးတော်တင်ပွဲဆိုတာ ကြားတာနှင့် ဈေးသည်တွေ ပွဲလမ်းသဘင်ထည့်မယ့်လူတွေကအစ သူ့ထက်ငါ နားစွံ့ပြီး စီစဉ်ဖို့ခြေလှမ်းပြင်နေကြတာ ရယ်ဖို့လည်းကောင်းသည်။

အားလုံးပြီးစီးမှ ပွဲတော်ကျင်းပနိုင်မှာမို့ လူတွေက အရှူးထသလို ဖြစ်နေပေမယ့် ရွာသားတွေကလည်း အားကြိုးမာန်တက်ရှိကြသည်။

"ဟော့ .. မီးအိမ်တွေ မထွန်းကြနဲ့ဦး၊ မြင်နေရသေးတယ် .."

"သူကြီး .. ကျုပ်တို့ ခြုံနည်းနည်းခြောက်တာတွေ လမ်းတစ်ဖက်စီမှာ မီးရှို့လိုက်ရင် မကောင်းဘူးလား၊ ပိုးကောင်မွှားကောင်လည်း စိတ်ချရတယ်၊ အလင်းရောင်လည်းရတယ် .."

"ကောင်းတယ် .. ကောင်းတယ် .. ခြုံတွေမီးရှို့မရရင်လည်း မပူနဲ့၊ ကျုပ်အိမ်မှာ ထင်းခြောက်တွေ သွားသယ်နိုင်းလိုက်မယ်၊ မီးအား



ကောင်းလာရင် အစိုတွေလည်း ဘာခံနိုင်မှာလဲ .."

ဦးသောင်း က ခေါင်းညိတ်ကာ သူကြီးအိမ်မှာ ထင်းတွေသွားသယ်မဲ့လူငယ်တွေကိုလှမ်းခေါ်၏။ အရင်ဆုံးပြေးလာတာက ထွေး ပဲ ဖြစ်လျက်...၊

"ဘကြီးသောင်း ကျွန်တော် သွားသယ်မယ် .."

အပြုံးတွေဝေကာ မောကြီးပမ်းကြီးပြေးလာသည့် ထွေး ကို ဦးသောင်း က ခြေဆုံးခေါင်းဆုံးကြည့်ကာ ...၊

"မင်းတစ်ယောက်တည်း မဖြစ်ပါဘူး၊ သံချောင်း တို့ကိုခေါ်လိုက်.."

"ဖြစ်ပါတယ် ဘကြီးသောင်း ကလည်း .. ဘကြီးသောင်း ရဲ့ ထင်းသောင်ရုံကိုပဲ ဖွင့်ထားဖို့ ကိုတရုတ်ကြီး ကို ပြောပေး .. အပွန်း အိမ်မှာ င်ဆုံ လည်းရှိတယ်မို့လား .."

"ဟ .. ငါ့အိမ်မှာ သွားယူရမှာမဟုတ်ဘူး .. သူကြီးအိမ်မှာ .."

"ဗျာ ...."

"ဟာ .. ဒါဆို ပိုအဆင်ပြေတယ်၊ သူကြီး ထင်းရုံက ပိတ်ကိုမထားဘာ၊ သူ့ကိုပဲ လွှတ်လိုက်တော့ ဘကြီးသောင်း .."

နောက်ကရောက်လာသည့် လူရွယ်တွေက ခပ်တည်တည်ပြောပြီး ထွက်သွားကြကာ ကျောခိုင်းပြီးမှ တခွီးခွီးရယ်ကြ၏။

"ဒီည ထွေး ပြသသဒါးကွ .."

ထွေး ကြားဖြစ်အောင်ကြားလိုက်ကာ ကျိတ်ဆဲလိုက်မိ၏။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

ရှိန်းထားပြီးသားကို အရှိန်ပိုလောဘကြီးချင်ဦး .. မှားမိတဲ့ ဒီခေါ်စ် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

အတူတူယှဉ်တွဲလျှောက်လာဖြစ်ရင်း မိုးစုပ်စုပ်ချုပ်သွားသည်။ ဘုန်းရိပ် က ဓာတ်မီးနဲ့ဖြစ်ကာ ငယ် က သူ့အားမှာကပ်လျှက်ပါလာပြီး ...

"ကိုကြီး .. အရီးက ငယ့် ကို စိတ်ဆိုးနေတာလားဟင် .."

"ဘာဖြစ်လို့လဲ .."

"ငယ့် ကို စကားသိပ်မပြောဘူး၊ ပြီးတော့ ကောက်ညှင်းပေါင်း ဖိုးကို ဝိုင်း တို့နဲ့ ပြောခိုင်းတယ် .."

"အမေက အဲ့လို ကြိတ်မကောက်တတ်ပါဘူး .."

ဓာတ်မီးရောင်မှာ ရွှံ့ဗွက်မြင်တာနှင့် ငယ့် လက်ဖျားလေးကို ဆွဲ၍ သူ့ရှေ့က သွားစေကာ ရွှံ့ဗွက်လွန်မှ အတူတူပြန်လျှောက်ဖြစ်၏။

ထိုစဉ် သူတို့ရှေ့က ဓာတ်မီးရောင်နှင့်အတူ ခွေးညိုကြီး တို့ လေ ယောက်က ရေနံဆီပုံးတွေ ထမ်းလာကြတာဖြစ်ကာ ..၊

"ဘုန်းရိပ် .. သူကြီးက မီးအိမ်တွေ မထွန်းတော့ဘူးဆို ဒါတွေ ငါတို့ပြန်ထားရမှာလား .."

"ယူသွားလိုက်ပါ .. မသုံးမှ ပြန်သယ်ပေါ့၊ ရှေ့မှာပဲ ရောက်နေပြီကို"

"အေး .. ဟုတ်တယ် .. ပြန်ထားရမှာ ပိုဝေးတယ်ကွ .."

သူတို့ချင်း စကားပြောရင်း ကပ်ရှောင်သွားကြ၏။ အိမ်နီးချင်း



တွေလည်း ဟိုဘက်ခြံဒီဘက်ခြံ စကားတွေလှမ်းပြောနေကြလျှက် ..၊

"မြို့က သူဌေးတွေအတွက် ငှက်ပျောဖူးသုပ်မလို့ မကြီးစိန် ရေ ငှက်ပျောဖူးက အဖန်ရည်မကုန်ဘူးဖြစ်နေတယ်၊ လာလုပ်ပေးပါဦး.."

"အေး .. လာမယ် .. လာမယ် .. မန်ကျည်းသီးမှည့်လေး စိမ်ထား လိုက် .. ကလေးသိပ်ပြီးရင်လာမယ် .."

ရွာလယ်လမ်းကနေလာခဲ့သည့် တောက်လျှောက်မှာ အိမ်တိုင်းမှာ လှုပ်လှုပ်ရှားရှားနှင့် တက်ကြွနေကြ၏။ ငယ် က စကားသံကြားတိုင်း နားစွင့်ရင်း လှည့်ကြည့်ပြီး ..၊

"ဓာကယ် ဘုရားပွဲကျရင် ပျော်စရာကြီးနော် ကိုကြီး .. မိုးမင်း တို့ဓာတ်ကြီးငှားမယ်လို့ပြောတယ်၊ ရွာသားတွေ စကားရည်လုပွဲလည်း ထည့်မှာတဲ့၊ ပြီးတော့ ချောတိုင်ပွဲတွေ နွားအလှပြိုင်ပွဲတွေရောပဲ .."

"ဘယ်သူပြောတာလဲ .."

"ဖေကြီးတို့ ညကပြောနေကြတာ ကြားတာ .."

ဘုန်းရိပ် ဖျတ်ခနဲငဲ့ကြည့်သည်။ ငယ့် အသံလေးတိတ်သွား၏။ ရွာထဲမှာ အဖေအမေပဲ ခေါ်ကြပေမယ့် ဦးခန့်ကျော် က သူ့ကိုယ်သူ ဖေဖေလို့ တပ်ပြောတာကြားခဲ့သည်။

ငယ် က ခေါ်တော့ ဟိုလိုမဟုတ်၊ ဒီလိုမဟုတ်ဘဲ ဖေကြီးဖြစ်နေ၏။ ငယ် က အူကြောင်ကြောင်လေးဖြစ်သွားပြီးမှ ..၊

"ကိုကြီး ဘာဖြစ်လို့လဲဟင် .."

"နင်တို့သားအဖက ဘုရားပွဲလုပ်ရင် ဒီရွာမှာရှိနေမှာမို့လို့လား.."

"ရှိမှာပါ ကိုကြီးကလည်း .. ဘုရားပွဲအတွက်လည်း ဖေကြီးပဲ ခံပေးမှာဥစ္စာ .."

"မိငယ် .."

"ရှင် .."

"လူကြီးတွေ စီစဉ်နေကြတဲ့ကိစ္စကို နင် ဘယ်လိုခံစားရလဲ .."

"ဘာကိုလဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ငါ နိုးပြေးထားကြတဲ့အတွက် လက်ထပ်ပေးဖို့စီစဉ်နေတာတွေ .."

"အဲဒါက .. ဟို .. အရီးနဲ့ ဖေကြီးတို့ ပြောကြတယ်လေ၊ အခု မြန်းထားကြရုံပဲတဲ့ .. ငယ့် ကို မြို့ကိုခေါ်သွားပြီး ပြန်လာမှ .."

"ဘယ်တော့လဲ .."

"ဖေကြီးက သိပ်မကြာဘူးလို့ပြောတာပဲ .."

"သူများပြောတာတွေ မလိုဘူး ငါမေးတာ နင့်စိတ်ထဲမှာ ဘာဖြစ်ချင်တာရှိသလဲပဲ.."

"ငယ် က ..."

စကားပြောနေရင်း မျက်နှာကိုလည်း မော့မော့ကြည့်သေးသည်။ ထို့ကြောင့် နှစ်ယောက်တည်းနှင့် ခြေချင်းတိုက်မိတာ ခဏခဏ ...။

"ငယ် က ဘာပြောရမှာလဲဟင် .. ဖေကြီးက ပြန်မလာရဘူးလို့ ပြောတာမှမဟုတ်တာ၊ ပြီးတော့ ဟို .. ငယ် က နိုးရာလိုက်ထားတာကို ဖေကြီးက ဘာမှမဆူတော့ ဝမ်းသာပြီး .."

"ဘာကိုဆူစရာလိုလို့လဲ .. ဘာကြောင့် နိုးပြေးဖြစ်သွားတယ်ဆိုတာ သိနေကြတာပဲဟာ .."

"ကိုကြီးကရော ဘာလို့မေးတာလဲဟင် .."

"ဘာလို့မေးတယ်ထင်လဲ .."

ခြေလှမ်းတွေ ဖြိုင်တူနေသွားရင်း မျက်လုံးချင်းဆုံကြ၏။ တတ်နိုင်သမျှ လှောင်ကာ လှုပ်ရှမ်းနေပေမယ့် တစ်ယောက်မျက်နှာကို တစ်ယောက် မြင်နေရသေးသည်။

ထိုစဉ် ငယ် ခလုတ်တိုက်သွားပြီး ဟပ်ထိုးလဲမလိုဖြစ်သွားသဖြင့် ဘုန်းရိပ် က ကမန်းကတန်းပြန်ဆွဲလိုက်လျှင် လက်တစ်ဖက်နဲ့ ဆွဲဖက်လိုက်သလိုဖြစ်သွား၏။

ငယ် ထိတ်လန့်သွားပြီး ခါးကိုပြန်ဖက်ထားမိသောကြောင့် အမှောင်ထဲတွင် တမဲ့ဖက်လျက်သားနှင့် ငေးကြောင်သွားမိကြ၏။



ခဏကြာမှ နှစ်ယောက်စလုံးလွှတ်၍ မတ်မတ်စန့်စန့်ပြင်ရင်း ...

"နင့်ကို ငါပြောချင်တာက .."

ဘုန်းရိပ် နေရခက်သွားသလိုကြီးဖြစ်ကာ ချက်ချင်းစကားပြန်စပေမယ့် သူ ဘာကိုပြောလက်စ ရှိခဲ့မှန်းလည်းသတိမရတော့ဘဲ ...၊

"ငါပြောတာက .. နင်နဲ့ .."

"တူးတူး နဲ့လားဟင် .. အခု တူးတူး က လာတောင်မလာတော့ဘူးလေ၊ ငယ် နဲ့ ဘာမှမဟုတ်ပါဘူးလို့ပြောသွားပဲ .."

သူ့မှာ ပူပူလူလူကြီးဖြစ်သွားခဲ့ပြီး ဒီကောင်မလေးကတော့ အကောင်းတိုင်းပါလား ...၊

အတွေးသည် သူ မေးစရာရှိတာကို ပြန်သတိရသွားစေခဲ့ပြီး ...၊

"စောစောက ငါ မေးနေတာ နင့်စိတ်ထဲမှာရှိတာကိုလေ၊ ဘယ်လူကြီးပြောတဲ့စကားမှမပါဘဲ နင်ဖြစ်ချင်တဲ့ဆန္ဒ .."

"ငယ် က ..."

"နင် ငါ့ကို ချစ်တာတွေလူတကာကိုပြောတယ်၊ ငါ့ကိုလည်း ပြောတယ်၊ နောက်ပိုးမလေးလို့ခေါ်ကြတာကိုလည်း ဂရုမစိုက်ဘူး၊ အခု ခေါ်ကြီးကျော့ ညာခေါ်သွားတာကို လိုက်သွားခဲ့တာကရော .."

ငယ့် မျက်နှာလေး ငုံ့သွားသည်။ ကိုကြီးနဲ့ မမသက်ထား ယူလိုက်ကြရင်ဆိုတဲ့ စိုးထိတ်မှုကို မခံစားနိုင်၍ဖြစ်သည်။ သူမဆန္ဒက ကိုကြီးနားမှာ ခုလို အမြဲတမ်းအတူတူရှိနေခွင့် ...၊

"ငါကလည်း နင် ငါ့ကို ခုတုံးလုပ်ပြီး အညာခံရရှာပြီလို့ သိပြီး အမေတားတဲ့ကြားက နင့်ဆီရောက်အောင်လာခဲ့တာ .."

"ဒါဆို မမသက်ထား မပြောဖြစ်တဲ့စကားက တကယ်ပေါ့နော်.."

"ဘာလဲ .."

"အရီးက ကိုကြီးနဲ့ ငယ့် ကို .."

"အမေ တားတာက နင်နဲ့မဆိုင်ဘူး၊ ငါ ဒေါသနဲ့သွားပြီး သူများရပ်ရွာမှာ မှားမှာစိုးလို့ .."

www.burmeseclassic.com

www.burmeseclassic.com



ငယ် က ခေါင်းလေးညိတ်ကာ ...။

"မမသက်ထား က ပြောတယ်၊ ဘာမှမှ မကျူးလွန်ခဲ့ကြဘဲ မယူကြနဲ့တဲ့ .."

"အဲဒီတော့ အခု နင်က ဒီတိုင်းပြောချင်တာလား၊ ဘယ်သူပြောတာမှ မပြောပြနဲ့၊ နင့်စိတ်ထဲရှိတဲ့အတိုင်းဖြေ .."

"အဲဒါ .. ကိုကြီးကရော .."

"ဘာလဲ .."

"ငယ့် ကို သနားလို့ ကူညီရုံပဲ လိုက်လာတာလား .."

"ဟုတ်တယ်လေ .. ငါက နင့်ကို လာခိုင်းရအောင် နင်နဲ့ငါက ရည်းစားတွေမှမဟုတ်တာ .."

ငယ် အသံတိတ်သွားသည်။ ဘုန်းရိပ် အားမလိုအားမရဖြစ်လာပြီး ငယ့် လက်လေးကိုဆွဲ၍ သူ့ပါ ခြေစုံရပ်ပစ်ကာ မျက်နှာချင်းဆိုင်လိုက်သည်။

အိမ်ရှေ့ရောက်တော့မှာမို့ စကားမပြတ်သေးဘဲ ပြီးသွားမှာစိုးသောကြောင့် ...။

"မိငယ် .."

"ဟင် ..."

"နင် လိုအပ်နေတာ နင့်အဖေရဲ့ မေတ္တာလား .."

"ဟင်!..."

"အခု နင့်ရင်ထဲမှာ အားလုံးပြည့်စုံသွားပြီပေါ့ .."

"ငယ် .."

"နင် ငါ့ကို မေးတဲ့မေးခွန်းတွေက ငါ့နားထဲမှာ တော်တော်စိမ်းနေတာ.."

"ဘာကိုလဲ ကိုကြီး .."

"ငါ့ဘက်က ကူညီရုံပဲဖြစ်ဖြစ် မတတ်သာလို့ဖြစ်ဖြစ် နင် ငါ့ဘက်ကို မကြည့်ဘဲနဲ့ တောက်လျှောက်အစွဲအလန်းကြီးလာခဲ့တာ အခု ဒီမေးခွန်းတွေ နင် မေးတတ်လာပြီ .."

"ကိုကြီး .."



သူမ ဘာကိုဘယ်လိုစိတ်နဲ့ မေးလိုက်မိမှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိလိုက်ပေ ..။

"ငါ နင့်ဆီကို လေတိုက်လို့လွင့်တာဖြစ်ဖြစ် ရေစီးမျောပါလာတာဖြစ်ဖြစ် နင် လိုအပ်နေတဲ့အချိန်မှာ ငါ ရောက်အောင်လာခဲ့တယ်.. အဲ့ဒါကလိုရင်း .."

"ကိုကြီးက ငယ့် ကို စိတ်ဆိုးနေတာလားဟင် .."

"ကျွတ် .."

စိတ်ကတော့ တိုနေပါပြီ။ ဘာကြောင့်လဲလို့ မေးလာလျှင် သူလည်း မဖြေနိုင်၊ ဒီကောင်မလေးကို သူ ခိုးခဲ့သည်။ ထိုအဖြစ်ကိုရောက်ခဲ့ရသည့်အတွက် သူ့ရင်ထဲမှာ ကျဉ်းကျပ်မှုလောင်တာ ဘာမှမဖြစ် ...။

'ငါ မိန်းမရသွားတာလား' လို့ တစ်ချက်တစ်ချက် တွေးမိတော့ ရွာမှာ သူများတွေ မေးကြမှာကို ရှက်သလိုလို မျက်နှာပူသလိုလို ...။

ဒါပေမယ့် မိငယ် ဆိုတဲ့ မိန်းကလေးကို သူ့အရိပ်နဲ့ တရားဝင် အုပ်မိုးပေးနိုင်ဖို့ ဖြစ်လာတာကို ကျေနပ်သလို ခံစားမိတာက အမှန်ပင်...။

အချစ်ဆိုတာ ဖြူသလား မည်းသလား သူ စိတ်မဝင်စားပေ ..။ သူ လုပ်တာ မမှားဘူးဆိုသည့် အသိနှင့် ဘာကိုမှ ဂရုမစိုက်ဘဲ ဆုံးဖြတ်ခဲ့တာဖြစ်၏။

"ငယ် က ကိုကြီးကို .."

"ပြော .. စိတ်ထဲရှိတဲ့အတိုင်း .."

သူမ စကားစလာတာကို ဝင်ထောက်ပေးလိုက်ပေမယ့် ရုတ်တရက်မှ

"အမေ့ !..."

"ဟာ !..."

ငယ့် ကို တစ်စုံတစ်ယောက်က ဆောင့်တွန်းပစ်လိုက်သလို သူ့ရင်ခွင်ထဲ ပစ်စလက်ခတ်ဝင်လာ၏။ အမှတ်တမဲ့ကြီးမို့ ဘုန်းရိပ် ဆီးဖွေ့လိုက်ပေမယ့် အရှိန်ကို မထိန်းလိုက်နိုင်ဘဲ ခြံစည်းရိုးသစ်ပင်တွေပေါ် ပက်လျက်လား လန်ကျသွား၏။ ဘုန်းရိပ် က ပက်လက်ဖြစ်သွားကာ ငယ် က သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်သား ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟိ .. ဟိ .. အစ် .. အစ် .. အစ် .."

ရယ်သံက နီးနီးကပ်ကပ်ကြီးဖြစ်၏။ ပြီးတော့ စိမ့်ခနဲလေအေး တစ်ချက်နှင့်အတူ အပုတ်နံ့က ထောင်းခနဲ ..။

"ဟော့ .. ခြံထောင့်က ဘယ်သူတွေလဲ .."

ဒေါ်မြရှင် နဲ့ အင်းသူကြီး ဦးဘမှတ် တို့လင်မယား အိမ်ထဲက ထွက်လာကာ ဓာတ်မီးရောင်တွေကျလာ၏။

ထို့ပြင် သူတို့နောက်က ဘယ်လိုပါလာမှန်းမသိခဲ့လိုက်သော ဦးခန့်ကျော် နှင့် ဧည့်သည်နှစ်ယောက်အပြင် ဦးသောင်း လည်းပါလေသည်။

ရှေ့နောက် ဓာတ်မီးရောင်တွေ ဝေ့ဝဲကျလာတော့ ဘုန်းရိုပ် နဲ့ ငယ် တို့ ဒီတိုင်းဖက်လျက်သားနှင့် ဘာလုပ်လို့ ဘယ်ထပြေးရမှန်းမသိ။



## အခန်း (၄၄)

"ဒိုတတ်တဲ့ကလေး နို့သောက်ရတယ်ဆိုတာလိုပဲ .. ငယ်က ကလေး လို ပြောနေတော့ .. သားအပေါ်မှာ သူ သံယောဇဉ်ရှိနေတာ လူတိုင်း သိတာပေါ့၊ ဒါပေမယ့် ကျွန်မသားကကျတော့ သူနဲ့စာရင် လူကြီးပဲလေ၊ ထိန်းထိန်းသိမ်းသိမ်း နေတတ်တဲ့အတွက် သူ့ရင်ထဲကို ဘယ်သူက မြင်မှာလဲ၊ တကယ်တော့ ငယ့် အပေါ်မှာ သိပ်ကိုသံယောဇဉ်ကြီးပြီး ငဲ့ညှာခဲ့တာပါ .."

အိမ်ထဲကိုရောက်လာကြတော့ လူကြီးတွေရှေ့မှာ မဖွယ်မရာပုံစံ ကြီးနဲ့ ဖြစ်ခဲ့ရသည့်အတွက် ဘုန်းရိုပ် အထဲတန်းဝင်ခဲ့သည်။

ပြီးတော့ နေမထိထိုင်မသာဖြစ်လာခဲ့လျက် ရေထွက်ချိုးလိုက်မိ သည်။ ပြန်ဝင်လာတော့ အပြင်ဧည့်ခန်းမှာ ဒေါ်မြရှင် ပြောနေတာကို ကြားကာ ကြားသည့်နေရာမှာပဲ ရပ်နေလိုက်၏။

"ဟုတ်ပါတယ် .. ကျွန်တော် ထင်တာပြောရရင် ကလေးတွေရဲ့ မင်္ဂလာကိစ္စကို ဒီမှာပဲ စီစဉ်လိုက်ရင် ကောင်းမလားလို့ .. မြို့ကိုခေါ် သွားပြီးမှ နောက်တစ်ခေါက်ဆိုတာ လူငယ်တွေရဲ့စိတ်က .."

"ကျွန်တော် တစ်ခုလောက် ပြောပါရစေ .."

ဦးခန့်ကျော် ကလည်း ငယ် တို့ ချိန်းတွေ့နေကြတယ်ပဲထင်ကာ သမီးကို ငဲ့ကြည့်ပြီး ခေါင်းကို ခပ်ဖွဖွပွတ်သပ်ပြုံး၍ ..၊

"အားလုံးရဲ့ သံယောဇဉ်တွေကို ကျွန်တော် နားလည်ပါတယ်၊ အစကတော့ သမီးလေး ဒုက္ခမျိုးစုံရောက်ပြီး ကိုယ့်ကို ဦးစားပေးတဲ့ အနီးဆုံးလူတွေအပေါ်မှာ အားကိုးစိတ်ဖြစ်နေတာလားလို့ တွေးမိခဲ့တယ် အဲ့ဒါကလည်း ဒေါ်မြရှင် ထင်နေသလို မဟုတ်ပါဘူး၊ သမီးက စိတ်ကစား

www.burmeseclassic.com

www.burmeseclassic.com



တာဆိုရင် မောင်ဘုန်းရိပ် ရော .. ဒီကလူကြီးတွေပါ စိတ်ဆင်းရဲကြမယ်လို့ .."

"အဲ့ဒါကြောင့် စိတ်ကစားတာမှန်ရင် မြို့ကိုရောက်တာနဲ့ မေ့သွားမှာပဲဆိုပြီး ပြန်ခေါ်ဖို့ စီစဉ်လိုက်တာလား ဦးခန့်ကျော် .. ဒါဆိုရင်တော့ ကျွန်မကပဲ ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်၊ ကျွန်မက ငါ ချွေးမရပြီဆိုတဲ့ အသိစိတ်ဝင်ပြီးတည်းက ငယ့် ကို သမီးလိုပဲ သတ်မှတ်ထားလိုက်တာ .."

ငယ့် မျက်နှာလေးကို စိုက်ကြည့်ရင်း ဒေါ်မြရှင် က ဆက်ပြောနိုင်ဖို့ အားယူ၍ ..၊

"တိုက်တိုက်ဆိုင်ဆိုင် ရှင်က သူဌေးကြီးအဖြစ်နဲ့ ပေါ်လာခဲ့တော့ ကျွန်မပြောတဲ့စကားတွေက တန်ဖိုးမဲ့ရင် မဲ့သွားနိုင်တယ်၊ ဒါပေမယ့် ကျွန်မချစ်တာ ငယ့် ကိုပါ၊ ချွေးမပေမယ့် သမီးနဲ့တူတဲ့ မိန်းကလေးဆိုတာကို ယုံကြည်ပြီး သဘောကျခဲ့တာ .."

ဦးခန့်ကျော် က ခေါင်းညိတ်ပြပြီး ပြုံးနေ၏။

"ဦးခန့်ကျော် လည်း မြို့မှာအလုပ်မပျက် အသွားမပျက်ရအောင် ငယ့် ကို ဒီမှာပဲထားခဲ့ပါရှင်၊ ရှင့်လို မချမ်းသာပေမယ့် ကျွန်မတို့လည်း သူဌေးသမီးလို ဆင်ပေးနိုင်ပါတယ် .."

"ဟာ .. နေဦး မမြ .. သူက ဖအေလေ .. ခင်ဗျားတို့ချင်း အဆင်ပြေအောင်ညှိပါဦး .."

ဦးသောင်း က ဟိုဘက်ကလူတွေ မျက်နှာပျက်သွားကြတာမြင်တာနှင့် ဖာဖာထေးထေးပြောပေးရှာ၏။

ဒါပေမယ့် ဦးခန့်ကျော် က အေးဆေးစွာပြုံး၍ ..၊

"ကျွန်တော့်ကို ဒေါ်မြရှင် တို့ အထင်လွဲနေတဲ့ပုံပဲ .. ဒါကြောင့် ကျွန်တော့်စိတ်ကူးကိုပြောင်းပြီး တစ်ခုပြောပါရစေ .."

ဦးခန့်ကျော် က ငယ့် ခေါင်းလေးပေါ် လက်တင်ထားရင်း မျက်နှာလေးကို ချစ်စနိုးငုံ့ကြည့်နေကာ ..၊

"သားနဲ့ သမီးကို ဒီမှာ မင်္ဂလာဆောင်ပေးပြီးမှ ကျွန်တော် သူတို့ကို ခေါ်သွားပါ့မယ် .."

"ဟင် .. ဘယ်လို .. သူတို့ဆိုတာက .."



"မောင်ဘုန်း နဲ့ သမီးကိုပါ .."

"အိုရှင် .. နှစ်ယောက်စလုံးဖြစ်သွားတာကတော့ .."

"ကောင်းတာပေါ့ မမြ ရယ် .. ဒီ့ထက်ကောင်းရင်တောင် ဒီလောက် မကောင်းနိုင်ဘူး .."

ဦးသောင်း ထောက်ခံလိုက်တော့ ဒေါ်မြရှင် က ငယ့် ကို လှမ်းကြည့်၏။

"လမ်းဖွင့်ပြီးတာနဲ့ ကလေးတွေမင်္ဂလာဆောင်ဖို့ကိစ္စကို အားလုံး စီစဉ်ပေးကြပါ၊ ပြီးရင် ရန်ကုန်မှာ မင်္ဂလာထပ်ဆောင်ဖို့ ကျွန်တော် စီစဉ်မယ်၊ သမီးကို မြို့ကိုဒီတိုင်းခေါ်သွားတာထက် မောင်ဘုန်း ပါလာတော့ ဟိုမှာ သူ ရင်းနှီးတဲ့လူနဲ့ဆို ကျွန်တော်လည်း စိတ်ချရတာပေါ့ .."

"ဟုတ်တယ် .. ဟုတ်တယ် .. သိပ်ကောင်းတယ် .."

"ကောင်းတယ် ကိုခန့် .. ကောင်လေးကလည်း ခေတ်ပညာတတ်လေးပဲ၊ မြို့နဲ့စိမ်းတဲ့သူမှ မဟုတ်တာ၊ မင်းအတွက် သားတစ်ယောက်လို အားထားလို့ရတယ် .."

"အို .. ကျွန်မက သမီးတစ်ယောက်ထပ်ရပြီဆိုပြီး ပျော်နေတာ၊ သားကိုပါ အဆစ်မပေးနိုင်ဘူးနော် .. မြို့မှာ ခေါ်ထားဖို့တော့ သွေးတိုးမစမ်းပါနဲ့ရှင်၊ ကလေးတွေနဲ့ ကျွန်မ မခွဲနိုင်ပါဘူး .."

"ဟား .. ဟား .. ဟား .."

"ဟွန်း .. ဟွန်း .."

ဒေါ်မြရှင် မျက်စိမျက်နှာပျက်ပြီးပြောတော့ အားလုံးကရယ်ကြ၏။

ကွယ်ရာကနေ ဘုန်းရိပ် မသိမသာလှမ်းချောင်းကြည့်မိတာ ငယ့် ကိုဖြစ်သည်။ ငယ် က ဖအေ လက်မောင်းကို ဖက်ထားပြီး ရယ်နေလိုက်တာ သွားတန်းလေးတွေပေါ်လို့ ..။

ဘုန်းရိပ် နှာခေါင်းတွန့်လိုက်ရင်း မဲ့သည်။

ခပ်ချဉ်ချဉ်တော့ဖြစ်သွားမိသည်။ ဘာကိုမှန်းမသိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"ဒါကျတော့ မင်းတို့ မစံပယ် က အားကိုးရသားပဲကွ .."

"အေးဟာ .. လူကြီးစုံရာရှေ့မှာ တွန်းထည့်လိုက်တော့ ထပ်လျက်သား.."

"ဟောကောင် .."

ဘုန်းရိုပ် က ချမ်းသာ ပခုံးကိုဆောင့်တွန်းပစ်လိုက်ပြီး ရုပ်ကြီးက မချိုမချဉ်နှင့် ..၊

"ပြောလိုက်ရင် .. တစ်လုံးတစ်ဝ .."

"မင်း တအားဖက်ထားတာ ရုတ်တရက်ထလို့တောင် မရဘူးမို့လား၊ ငါ့ကို စန်းရီ ပြောတယ် .."

လုပ်အားပေးသည့်နေရာမှာ မီးပုံကြီးတွေ အားကောင်းနေကာ ပတ်ဝန်းကျင်မှာ လင်းလင်းချင်းချင်းဖြစ်နေ၏။ အလုပ်လုပ်ရင်း စကားပြောနေကြပေမယ့် အလုပ်လည်း မပျက် ..။

ထွေး က မြေပျော့တွေ သယ်သည့်လင်ဗန်းစုတ်ကြီးနဲ့ ကမန်းကတန်းရောက်လာကာ ..၊

"ညဦးက မင်းတို့ပြေလည်သွားတယ်ဆို .. ဟုတ်လား ဘုန်းရိုပ်၊ ဒီလထဲမှာပဲ မင်္ဂလာဆောင်မှာဆို .."

"ဟုတ်တယ် .. အဲဒါ ဘာဖြစ်လာတာလဲ .."

"ဟာကွာ .. မတရားဘူး .."

လင်ဗန်းစုတ်ကို ပစ်ချကာ ရှုံ့မဲ့ညည်းညူနေလျှင် ..၊

"ထွေး .. ဘာဖြစ်တာလဲဟေ့ .. ပြန်ချင်လို့လား .."



"ဗျာ .. မဟုတ်ပါဘူး .."

ရှုံ့မဲ့ခြင်းတွေ ပျောက်ဆုံးကာ လင်ဗန်းကို တမင်သက်သက်ပြန်ကောက်ရှာသည်။ ဦးသောင်း က ခဏကြည့်နေပြီးမှ တစ်ဖက်ကို ဆက်လျှောက်သွား၏။

ည ဆယ်နာရီလောက်ရှိပြီမို့ ပြန်တဲ့သူလည်းပြန်ပါပြီ။ သူကြီးနဲ့ ဦးသောင်း လှုချင်းလဲလှိုက်တာကို ထွေး ဝမ်းသာအားရပြုံးလျှက်ကြည့်တာ..

"ဘုန်းရိုပ် တွေ့လား .. ဘကြီးသောင်း ဒီရောက်လာပြီကွ .."

"ဒါပေမယ့် လူနည်းနေပြီ .. ကိုတရုတ်ကြီး တို့နဲ့ စံမိုး တို့ အုပ်စု လာအောင် စောင့်ဦး၊ မဟုတ်ရင် ကိုယ်ယောင်ပျောက်ဖို့မလွယ်ဘူး .."

"မင်း .. ငယ် ကို ခင်ဆုံ ဆီလွှတ်ထားတာ သေချာရဲ့လား .."

"သေချာတယ် .."

ခွေးညိုကြီး က သူတို့အလုပ်လုပ်ရင်း ပါးစပ်လှုပ်ရုံပြောနေကြတာကို သူလည်း အလုပ်လုပ်ရင်း ဝါသနာကြီးစွာ နားစွင့်ထားလျက် ..၊

"တော်တော်ညီညွတ်တဲ့ကောင်တွေ .. မိန်းမခိုးထားတဲ့ကောင်ကလည်း မခိုးရသေးတဲ့ကောင်ကို အင်တိုက်အားတိုက်ကူညီမယ်၊ ဟိုကောင်ကလည်း သူများမိန်းမရသွားတာကိုကြည့်ပြီး ပျောက်သေရုပ်နဲ့ .."

"ဒါကတော့ ခင်ဗျားစဉ်းစားကြည့်လေ .. ကျုပ်နဲ့ ခင်ဆုံ ကြိုက်လာကြတာ နှစ်နှစ်ကျော်ပြီ၊ ဒီကောင်က ရည်းစားတောင် ထားစရာမလိုဘဲနဲ့ သူ ကြိုက်တာလေးကို ရသွားတယ် .."

"ဟုတ်လား .. မထင်မှတ်ဘဲ နိုးဖြစ်သွားတာဆို .. ငယ် ကို မင်းက ကြိုက်နေတာလား .."

"ဟွန်း .."

"အံမယ် .. ပြုံးပုံက .."

"မှတ်ထား .. အဲဒါ ငါးရှုပြုံးလို့ခေါ်တယ် .."

"နှုတ်ခမ်းမွေးပါမှ ပိုတူတာကွ .. အဲ့ဒါက ငါးရှုပြုံးမဟုတ်ဘူး၊ အချောင် လူအထင်ကြီးခံရတာကို ကြိတ်သဘောကျနေတဲ့အပြုံး .."

ဘုန်းရိုပ် က အသံထွက်အောင် ရယ်ပစ်လိုက်ကာ ..၊

"ပြောစမ်းပါ .. အချောင်လူအထင်ကြီးခံလိုက်ရတာ ငါ့ဟာငါ

www.burmeseclassic.com

www.burmeseclassic.com



တောင် မသိလိုက်ဘူး …"

"မင်းအစွမ်းမှ မဟုတ်တာ၊ မစံပယ် တွန်းပို့လိုက်တာ မဟုတ်ဘူးလား … ဒီသရဲမ မင်းတို့လူစုနောက်ကိုပဲ တတန်းတန်းလိုက်နေတာ အံ့ဩဖို့ကောင်းတယ်ကွ၊ ကေန္တ မင်းတို့ထဲက ဘယ်သူ့ကိုလဲမသိဘူး…"

ပြောနေရင်း ခပ်လှမ်းလှမ်းမှာ ဖဲ‌ါက်တူးကိုင်နေကြသည့် အောင်ကြီးတို့ကိုပါ လှမ်းကြည့်ကာ …၊

"ကိုဘုန်း ကို ငယ် နဲ့ တွန်းပို့တယ်ဆိုတော့ သူက ကိုဘုန်း နောက်လိုက်တာမဖြစ်နိုင်ဘူး …"

ပြီးတော့ အောင်ကြီး တို့ဆီ ပြန်ကြည့်ပြီး …၊

"ခုတလော သူတို့အော်သံဟစ်သံလည်း မကြားပါဘူး … အင်း…"

သူ့ဆီ ပြန်ရောက်လာသည့် အကြည့်ကြောင့် ငထွား စိတ်တိုသွား၏။

"ဟော့လူ … ခင်ဗျားနော် …"

"ခုတစ်လောမှာ မင်းတို့ချည်းပဲ ဘာဖြစ်လို့ …"

"တော်တော့ …"

ငထွား ချာခနဲလှည့်ထွက်သွားပြီး ဘာတွေပြောသွားမှန်းမသိ၊ ဘုန်းရိပ်တို့ ရယ်နေကြတာကို ဆောင့်ခနဲထိုင်ချလိုက်ပြီးမှ လှမ်းကြည့်ပြီး မျက်စောင်းထိုးမိ၏။

အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်းပေါင်းအိုးကြီးက ငှက်ပျောဖက်လေးအုပ်ထားသဖြင့် မွှေးကြိုင်နေ၏။

စိတ်တိုပေမယ့် စားဖို့လည်း သတိရနေသေးသည်။ ကိုင်မယ်ပြင်ပြီးမှ ကိုယ့်လက်ကို ပြန်ကြည့်ပြီး တွန့်သွားမိသည်။ ထိုစဉ် သူ့နောက်မှာ တစ်ယောက်ရောက်လာပြီး သစ်သားယောင်းမလေးကို လှမ်းပေး၏။

"အတော်ပဲ … အဲ့ဒါရှာနေတာ …"

ယောက်မနဲ့ ဖဲ့၍ ငှက်ပျောဖက်လေးပေါ်တင်ကာ အကျအနစားနေလိုက်သည်။ ပြီးတော့ ယောင်းမကို နောက်ကိုပြန်ကမ်းပေးလိုက်သေး သည်။

ကုန်သွားတော့ တစ်ခါ သူ မတောင်းရဘဲ ယောင်းမကိုပြန်ပေးသဖြင့် ကောက်ညှင်းပေါင်းကို အလှည့်ကျ ခူးယူစားသုံးရင်း အဆင်ပြေနေခဲ့၏။ သို့သော် …၊



"ဂေ့ …"

"ပလပ် … ပလပ် … ပလပ် …"

လေတက်လိုက်တာ နည်းတဲ့အသံကြီးမဟုတ်၊ ပြီးတော့ စားသောက်နေတဲ့အသံက လူနဲ့တောင်မတူ …။

ကိုယ့်ဘာသာ စိတ်ထဲက ဖွဲ့ရယ်မိကာ နှာခေါင်းထဲ ဝင်လာသည့် အပုပ်နံ့ကြောင့် လူက မတ်ခနဲဖြစ်သွားသည်။

"ဂေ့ …"

"ပလပ် … ပလပ် … ပလပ် …"

ကြက်သီးတွေ ဖျန်းခနဲထသွားသော်လည်း လှည့်ကြည့်မိသည့် မျက်လုံးတွေကို ဘရိတ်မဖမ်းလိုက်နိုင် …၊

ဟင်!…၊

ဆံပင်ရှည်ဖားလျားဘုတ်သိုက်ကြီးနှင့် ဆောင့်ကြောင့်ထိုင်ပြီး ကောက်ညှင်းပေါင်းစားနေသော မစံပယ် …၊

သူမက ရင်ခွင်ထဲမှာ သူ ကျွတ်ကျန်ရစ်သည့် ပုဆိုးကို ပိုက်ထားလို့…၊

"ဘုန်းရိပ် ရေ …"

ငထွား တစ်ကိုယ်လုံး ကြိုးတုပ်ဆွဲလိုက်သလို မြောက်ခနဲခုန်ထလိုက်ကာ …၊

"ဒီမိန်းမ ငါ့နားမှာ လုပ်ပါဦးဟ …"

ငိုက်မြည်းစပြုနေကြသည့် လုပ်အားပေးနေသူတွေ ပြူးတူးပြဲတဲတွေထဖြစ်ကုန်ကြလျက် …၊

"ငထွား … မှောင်ထဲမပြေးနဲ့ကွ … ဒီဘက်ကိုလာ …"

"ဟား … ဟား … ဟား …"

"မစံပယ် လိုက်ထား …"

ပြေးနေရင်း ငထွား သေချာကြားလိုက်ကာ …၊

"ခွေးစုတ်ဝဲစား … နှမပေး အဲဒီသရဲမ သူနဲ့ ညားပါစေ…"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

ပြေးစမ်း .. ပြေးစမ်းနှင့် မောင်းတင်ပြေးနေရင်း ပြန်လှည့်ကြည့်တိုင်း နောက်ကနေ ပုဆိုးပိုက်ပြီး ပြေးလိုက်လာနေတာကို မြင်နေရ၏။

မှောင်နဲ့မည်းမည်းထဲမှာ ဆံပင်တွေ ဖွေခါဝဲပျံနေအောင် ပြေးလိုက်နေပုံက အသည်းယားဖွယ်ဖြစ်ကာ ထွေး ခြေလှမ်းတွေက ခြေဦးတည့်ရာမဟုတ်ဘဲ စိတ်ကူးဖြစ်ခဲ့တဲ့အတိုင်း ကဗျာလွှတ်သယ်ဆောင်သွားခဲ့ရာ..၊

"ဘုန်း .. ဘုန်း .."

"ဘယ်သူလဲ .."

"ခင်ဆုံ .. ခင်ဆုံ တံခါးဖွင့်စမ်းပါ၊ မြန်မြန်ဖွင့်ပါဟာ .. နောက်မှာ မစံပယ်ကြီး လိုက်နေလို့ .."

ခင်ဆုံ ဘာကိုမှ မစဉ်းစားနိုင်ဘဲ ချက်ချင်း တံခါးထဖွင့်၏။ ပြတင်းပေါက်ကနေ လူတစ်ယောက် ထစ်ဆောင်မှ တွယ်ထားနိုင်သည့် အကွာအဝေးကို ဒီည ထွေး ခုန်တက်လိုက်တာ လွှားခနဲ ..၊

"အောင်မလေး .. ပြုတ်ကျတော့မှာပဲ ထွေး ရယ် .. ဘာဖြစ်လာတာလဲ .."

"လုပ်ပါဦး .. ဆွဲတင်ပါဦး .. ဒီမှာ ဗိုက်နဲ့ ခံနေပြီ .."

ပြတင်းပေါက်ထဲကို ဒိုင်ဗင်ထိုးဝင်တာပေမယ့် ဗိုက်နဲ့ခံပြီး အထဲတစ်ဝက် အပြင်တစ်ဝက်ဖြစ်နေ၏။ ခင်ဆုံ က လက်ကိုကိုင်ပြီး အထဲ



ဆွဲချလိုက်ဖို့ပြင်သည်။

သူမ ဆွဲလိုက်ကာမှ ပြတင်းဘောင်က ဝါးထရံစတွေနဲ့ ထွေး ဗိုက်ကိုခြစ်မှာ တွေးမိပြီး ပြန်တွန့်သွား၏။

"ဒုက္ခပါပဲ .. နေဦး .. နေဦး .. မှန်တင်ခုံလေးဆွဲလာပေးမယ်၊ လက်နဲ့မိသွားမှ နင် အသာထိန်းဝင်လို့ရမှာ .."

ခင်ဆုံ က ကမန်းကတန်းပြေးလွှားလုပ်ပေးရာ၏။ သို့သော် ..၊

"ဟ .. ဘာ .. ဘာကြီးတုံး .."

"အောင်မလေး .. ဆွဲတော့မယ်ဟ .."

"ဒုန်း .. ဝုန်း .."

"ဟယ်တော့ .."

ထွေး ပြတင်းပေါက်ကနေ ကင်းမြီးကောက်ထောင်လျက် ဒိုက်ထိုးဝင်လာသဖြင့် မှန်တင်ခုံကို 'မ' ရွှေ့ဖို့ပြင်နေသည့် ခင်ဆုံ က လှည့်ကြည့်ကာ ..၊

"ခစ် .. ခစ် .. ခစ် .."

မျက်လုံးပြူးသွားပြီးမှ လက်ခုပ်လက်ဝါးတီး၍ ရယ်လေသည်။ ထိုစဉ် ပြတင်းပေါက်ကနေ မည်းခနဲ ဝင်လာသည့်အရာတစ်ခုက ခင်ဆုံ မျက်နှာကိုပစ်မှန်ပြီးမှ ပြုတ်ကျ၏။

"ဟယ် .. ဒီမှာ .. ပုဆိုး .."

"ဟုတ်တယ် .. အဲဒါ .. အဲဒါ .. ငါ့ဟာ .."

ထွေး ဟောဟဲဆိုက်နေကာ စကားတောင်သေချာမပြောနိုင် ..၊

"အဲဒါကြောင့် ငါမေးတာ ငှက်ပျောတုံးသွားထားလိုက်ရင် ပြီးပြီဆိုပြီးတော့ သရဲမက မြေပုံအပြင်မှာငုတ်တုတ်ထိုင်နေတာ ဘယ်လိုလုပ်မလဲ .. ကြိုပ်ပြွေ့တဲ့သရဲမ .. မိမနိုင် ဖမနိုင် သရဲမ .. ပိုက်ဆံချုပ်မရှိ .. ခေါင်းမရှိနဲ့ လွှတ်ချင်တိုင်းလွှတ်နေတဲ့ သရဲမ .."

"ဟော့ .. ဘာသံတွေလဲ .. ခင်ဆုံ .."

"ဟယ်!..."

ခင်ဆုံ မျက်လုံးပြူးသွားသည်။ ထွေး သရဲမထက်ပိုကြီးတဲ့ အန္တရာယ်ကြောင့် ပြတင်းပေါက်ကနေ သေလုမျောပါးပြန်ခုန်ဆင်းရလျှင်..၊



www.burmeseclassic.com

www.burmeseclassic.com



"ငထွား ခါးနာလို့ .. တဲ့ .."

တစ်ရွာလုံးမှာ ထိတ်လန့်ဗျာများခဲ့ရတဲ့အဖြစ်တွေ ထိုညမှာပဲ ပေါ်ပါးရယ်ရွှင်စရာတွေဖြစ်ခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် ခင်ဆုံ အိပ်ခန်းထဲမှာ ငထွား ရဲ့ ပုဆိုးအလုံးလိုက်ကြီးတွေ့သွားကာ မနက်ကျတော့ ငထွား ခါးနာနေသည့်အဖြစ်ကြောင့် ..၊

"ခင်ဆုံ နဲ့ ငထွား ကို ဘကြီးသောင်း က သဘောတူလိုက်ပြီ.."

မင်္ဂလာသတင်းနှစ်ရပ်သည် တစ်ပြိုင်တည်းမှာ ပျံ့နှံ့သွားခဲ့ပြီး တစ်ရက်တည်းမှာ မင်္ဂလာဆောင်ကြဖို့ အားချင်းစီစဉ်ရာတွင် ..၊

"ငထွား တို့က ချက်ချင်းကြီးပါလား .."

"ဟုတ်တယ် .. မမြ ရေ .. ကိုသောင်း က သဘောတူပါတယ်ဆိုတာနဲ့ ဖွတ်ကိုပုံဆာတော့တာ .. သူတို့ချင်းလည်း ရည်ငံခဲ့ကြတာကြာပြီပဲ.."

ငထွား ကိုလည်း သူ့အိမ်က အလိုလိုက်ကြရှာသည်။ မင်္ဂလာဆောင်နှစ်ခုစလုံး တစ်ရက်တည်း တစ်ချိန်တည်းမှာ ဖြစ်နေသောကြောင့် သံချောင်းတို့ အောင်ကြီး တို့တွေ တက်တခေါက်ခေါက်ဖြစ်နေကြလျက် ..၊

"လက်ဖွဲ့ကျတော့ နှစ်မျိုးပေးရမှာ .. စားဖို့ကျတော့ ဒီဗိုက်ထဲ နှစ်နေရာစလုံးမှာ ဘယ်လိုသွပ်သွင်းကြမလဲ .."

"ဟုတ်တယ်ကွ .. ငါတို့ နစ်နာတယ် .."

ငထွား ကတော့ သွားကြီးအဖြီးသားနှင့် မြောက်ကြွမြောက်ကြွဖြစ်နေကာ ..၊

"ဒီလိုသဘောမထားနဲ့လေကွာ .. ဟဲ .. ဟဲ .. မင်းမှာ ဒီထက်ပိုပြီး သမျှတတဲ့စိတ် ရှိတယ်ဆိုရင် ဘုန်းရိပ် နဲ့ ငယ် တို့ မင်္ဂလာဆောင်ကို အရင်သွား .."

"အံမယ် .."

"အဲဒီမှာ တစ်ဝတစ်ပြဲစားပြီးမှ ငါ့မင်္ဂလာဆောင်ကိုလာ .."

"ဟွန်း .. မင်းတစ်ယောက်ပဲ သိပ်တတ်နေတာဆိုတော့လေ .."

"ငါက ငဘုန်း လောက် မချမ်းသာဘူးလေကွာ .. ငယ့် အဖေလည်း မြို့ကနေ ငါတို့မမြင်ဖူးတဲ့ မုန့်တွေ မှာထားသေးတယ်ဆိုတော့.."



သံချောင်း က ဆံပင်တသသနှင့် တဟားဟားရယ်ကာ ..၊

"ငါတို့ကတော့ မမြင်ဖူးတာတွေကို မစားချင်ပါဘူး၊ တောမှာစားနေကျ ပဲဟင်းပျစ်ပျစ်နဲ့ မုန့်ဟင်းခါးလေးပဲ .."

"အံမာ .. ငါကလည်း အိမ်မှာလူကုန် ရေလိုက်ရင် ခုနစ်ယောက်တောင်ရှိတယ်၊ ဘုန်းရိပ် ဆီကိုလေးယောက် ငထွား ဆီကို သုံးယောက် ဒါမှမဟုတ် ဘုန်းရိပ် ဆီကို သုံးယောက် ငထွား ဆီကို လေးယောက်.."

"ခုနစ်ယောက်စလုံး လာခဲ့တော့ .. မင်းတို့ငတ်တာသိတယ်.."

"ဟား .. ဟား .. ဟား .."

မဏ္ဍပ်ဆောက်နေတာတောင် ကြားထဲက ငထွား ပဲ ဗျာများနေကာ..၊

"ဘုန်းရိပ် ငါတို့အတွက် ပန်းသိပ်လေးနှစ်တွဲလောက် ပြန်မှုပါကွာ ..မင်းတို့မှာ ဒီလောက်ပြည့်သိပ်နေတာ .."

"မမှုနိုင်ဘူး ဟေ့ကောင် .. မဏ္ဍပ်တစ်ခုစာငှားလိုက်ရင် အားလုံးပါတယ် .. ကိုယ်ပါတာကိုယ်သုံး .."

"ဘုန်းရိပ် .."

"ဘာတုံး .."

ပုဆိုးတိုတိုပြင်ဝတ်ကာ မဏ္ဍပ်ဆောက်နေသည့် နေရာမှာ ဘုန်းရိပ်က သူကိုယ်တိုင်ပြင်ဆင်နေသည်။ ငထွား တို့ ဥစ္စာခြောက်ဗျာများနေတုန်း..၊

"မင်းတို့က သူဌေးပဲကွ .. လက်ဖွဲ့တွေဘာတွေယူမနေပါနဲ့၊ ငါ့ဆီမှာပဲ သွားလက်ဖွဲ့လိုက်လို့ပြောလွှတ်လိုက်စမ်းပါ .."

"ဘာလို့ပြောရမှာလဲ .. ငါလည်း လိုချင်တာပဲ .."

"မဟုတ်က ဟုတ်က.."

"ဘာလို့မဟုတ်ဘူးထင်တာလဲ .. မင်္ဂလာလက်ဖွဲ့ဆိုတာ ပိုက်ဆံရှိတိုင်း လိုတဲ့အချိန် သွားပြေးဝယ်လို့ရတာတွေနဲ့ တူလို့လား .."

"အပိုတွေမပြောနဲ့ မင်း ဒီလောက် စိတ်ကူးမယဉ်တတ်တာ ငါသိတယ်၊ လုပ်ပါကွာ .. မင်းတို့က အခြေအနေအရ လက်ထပ်ကြတာ၊ ငါတို့က ဖျစ်ဖျစ်မြည်အောင်ချစ်ပြီး .."

"ခေါက် .."

www.burmeseclassic.com

www.burmeseclassic.com



"အား .. သေပြီ .."

ခုံပေါ်တက်ပြီး ချည်တုတ်နေသည့် ဘုန်းရိပ် က အမြင့်ကနေ လက်ရိုက်တုတ်နဲ့ ခပ်ဆတ်ဆတ် ခေါက်ထည့်လိုက်သဖြင့် မော့ပြောနေရသည့် ငထွား နဖူးပွတ်ရင် ရှုံ့မဲ့သွား၏။

"ခွေးကောင် .. ဒီလောက် အသနားခံနေတာကို ရက်ရက်စက်စက်.."

"သနားချင်အောင်ပြောမှ သနားလို့ရတာ .. ငါ့ဟာငါ ချစ်တာ မချစ်တာတွေ မင်းနဲ့ ဘာဆိုင်သလဲ .."

"ငါတို့က ပိုချစ်တယ်တော့ လုပ်လိုက် .."

"လာပြန်ပြီ .."

"ရတယ် .. မင်းဘာသာ လောဘတက်နေရင် လက်ဖွဲ့ကိုင်ထားတဲ့ သူဆီက လိုက်လုပေါ့၊ အရီးမြ က ငါ့ကိုပြောပြီးသား၊ ငါ့သား မင်္ဂလာဆောင်မှာ ရှယ်ကျွေးမှာ လက်ဖွဲ့မယူဘူးတဲ့ .."

"အမေ မင်္ဂလာဆောင်တာမဟုတ်ဘူး .. ငါ ဆောင်တာ .."

သူတို့အပေါ်နဲ့အောက် ညှိနှိုင်းမရဖြစ်နေစဉ် ငယ် တို့ သားအဖနဲ့ ခင်ဆုံ တို့ သားအဖလည်း ဒေါ်မြရှင် တို့နဲ့ အတူတူထိုင်နေကြတာဖြစ်ကာ သူတို့ဆီကိုပဲ လှမ်းကြည့်နေကြတာမို့ ..၊

"ကိုဘုန်း နဲ့ ငထွား ဘာတွေအငြင်းပွားနေပြန်ပြီလဲ မသိဘူး .."

ဒေါ်မြရှင် က ပြောပြီး မျက်မှောင်ကုတ်နှင့် လှမ်းကြည့်နေ၏။

ဦးသောင်း ကတော့ သူ့သမက်လောင်း မဏ္ဍပ်နှစ်ခုစလုံးမှာ ရှုပ်လွှားယှာများနေတာကို မနက်စောစောတည်းက မျက်စိစပါးမွှေးစူးနေခဲ့သည်ဖြစ်ရာ ..၊

"ကိုဘုန်း မဟုတ်ဘူး .. ဟိုကောင် ငထွား .."

"အဖေကလည်း သူတို့သူငယ်ချင်းတွေက ငြင်းခုံကြပြီဆို ဒီလိုပဲပေါ့.."

ခင်ဆုံ မျက်နှာပူပေမယ့် ကာကွယ်စကားလေးတွေ ဝင်ပြောသည်။ ဦးခန့်ကျော် က ပြုံး၍ ..၊

"တောမလေ့သဘာဝက တော်တော်ပျော်စရာကောင်းတယ်နော်၊ မြို့က မင်္ဂလာပွဲတွေဆိုရင် ဒီလိုကြည်နူးစရာကောင်းတဲ့ မြင်ကွင်းမျိုး



တွေမြင်ရမှာမဟုတ်ဘူး .."

ပြောပြီး ငယ့် ကို လှည့်ကြည့်၏။

"သမီးအတွက် အဝတ်အစားနဲ့ လက်ဝတ်ရတနာတွေ ရောက်တော့မယ်ထင်တယ် .."

နာရီပင့်ကြည့်ပြီးပြောကာ ..၊

"ဖုန်းပြောရင်းနဲ့ ပြတ်ကျသွားတယ်၊ လိုင်းမမိတဲ့နေရာဖြတ်နေလို့ထင်တယ်၊ တော်ကြာဆိုရင် ရောက်လာတော့မှာပါ .."

"ဖေကြီး .. ငယ် ကြိုက်တဲ့ အရောင်လေးပဲလားဟင် .."

ဦးခန့်ကျော် က သမီးမျက်နှာလေးကိုကြည့်နေပြီး ပြုံးနေလျက်တော်တော်နဲ့ ခေါင်းမညိတ်နိုင် ..။ ပြီးမှ နဖူးဆံစလေးကို ကလေးချော့သလို ခပ်ဖွဖွသပ်ပေး၍ ..၊

"သမီးကိုမေးပြီးမှ မှာလိုက်တာပဲ သမီးရယ် .. အားလုံးမှာတဲ့အတိုင်း ကွက်တိဖြစ်လာမှာပါ၊ မြို့မှာ မင်္ဂလာပွဲထပ်လုပ်ဖို့အတွက်ပါ ဟိုတယ်လ်မှာ တစ်ခါတည်း ဒိတ်လုပ်ပြီး ပြင်ဆင်ခိုင်းထားတယ် .."

"ဟိုမှာ မင်္ဂလာထပ်ဆောင်ရင်လည်း အရီးတို့အားလုံးကို ခေါ်မှာမို့ လားဟင် .."

"ဟုတ်တယ် .. တစ်ရွာလုံးပေါ့ .."

ငယ့် မျက်ဝန်းလေးတွေက ကလေးလိုကြည်စင်နေသည်။ ဒေါ်မြရှင်တလည်း ပြုံးနေကာ ဦးခန့်ကျော် ထထွက်သွားမှ ..၊

"အံ့သြစရာကြီးနော် .. ငထွား နဲ့ သမီးခင်ဆုံ တို့ကလည်း တစ်ချိန်တည်းမှာပဲ မင်္ဂလာဆောင်ကြတယ် .."

"မပြောချင်တော့ပါဘူး မမြ ရယ် .. ခေတ်ကာလ မိန်းကလေးတွေများ ထိန်းရခက်လိုက်တာ ကျုပ်ဖြင့် သေချင်ပါရဲ့ .."

လူကြီးတွေ စကားပြောနေတုန်း ငယ် က နေရာမှ အသာလေး ထလာခဲ့၏။ ငထွား က ငယ့် နောက်ကနေ ခင်ဆုံ ပါလာတာကို လှမ်းကြည့်ကာ ..၊

"ဟိုမှာ ဒီဘက်ကိုလာနေကြပြီ သေနာ .. ငါ့ကို အဖြေ မြန်မြန်ပေး.."

"ဘာပေးရမှာလည်း .. ရော့ .. ဒါ ကိုင်ထားဦး .."

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကနေ ကိုင်ထားလို့မနိုင်သည့် နှီးစည်းတွေ တူတွေကို တစ်ခုပြီးတစ်ခု ကိုင်ထားခိုင်းသလောက် ငထွား က ကိုင်ထားပေးရင်း မျှော်လင့်တကြီးမော့ငေးလျက် ...။

"လောစပီကာ ကိစ္စလေးပဲကွာ .. မင်းက မြို့က သူဌေးသမီးနဲ့ယူတာ ဆောင်းဘောက်(စ်)နှစ်လုံး တော်ပြီပေါ့၊ ဘကြီးအေး ရဲ့ လော်စပီကာက အစုတ်ကြီးကွ .. မင်းက ကိုရင်သန်းဌေး စက်ကိုယူရင် ငါက အစုတ်ကြီးနဲ့ ညားသွားမှာပေါ့ .."

"နားငြီးလိုက်တာကွာ .. သရဲမနဲ့ ညားတာနဲ့စာရင် လော်စပီကာ အစုတ်နဲ့ ညားတာ ဘာဖြစ်လဲ .."

"ကြည့်စမ်း .. ဒီလောက်တောင် ကက်ပိုးကက်ဖွဲ့ .. ကဲ .."

အပေါ်ကိုမော့ချည်နေတုန်း ငထွား က ပုဆိုးစကို ဆောင့်ဆွဲပစ်လိုက်သဖြင့် ဘုန်းရိပ် ကိုင်ထားသမျှ လွှတ်ကျကုန်ကာ ပုဆိုးကို ကမန်းကတန်း ပြန်ဖမ်းသည်။

ခပ်နဲ့နဲ့ ခုံပေါ်မှာမို့ ခဏအတွင်းမှာ လဲလဲပြိုပြိုဖြစ်ကုန်ကာ ..။

"အောင်မလေး .."

ဘုန်းရိပ် ဝရန်းသုန်းကားပြိုကျသွားတာ မြင်ကာ ငယ် နေရာမှာတင် ခွေခနဲလဲကျသွားလေသည်။

"ဘုန်းရိပ် .. ဟဲ့ .."

"အယ် .. ငယ် .. မိငယ် ဘာဖြစ်တာတုံး .."

"ဘုန်းရိပ် ပုဆိုးကျွတ်ကျတာနဲ့ လန့်ပြီး လဲသွားတာပဲ .."

"ဟယ် .. မဟုတ်က .. ဟုတ်က .."



## အခန်း (၄၇)

ဝရန်းသုန်းကား ပြေးကာလွှားကာနှင့် ငြင်းခုန်၍ အသံဝင်ရတဲ့သူတွေလည်းရှိကာ မင်္ဂလာပွဲပြီးသွားတော့ ရယ်သံတွေချည်းပဲ မဏ္ဍပ်ထဲမှာ ဆူညံနေ၏။

"ခင်ဆုံ .. ခင်ဆုံ လာပါဦး .. ဟိုကောင်တွေ ငါ တားလို့မရတော့ဘူး .."

သတို့သမီးက ဒီဘက်မဏ္ဍပ်ထဲရောက်နေသဖြင့် ငထွား ပြေးလာတာ ပိုးပုဆိုးက ဒူးခေါင်းနားမှာ လေထီးလိုလွင့်ပျံနေသည်။ တိုက်ပုံအင်္ကျီစရင်ဘတ်တစ်ခြမ်းက လန်ထွက်ပြီး ချိုင်းကြားထဲကနေ ဘယ်ပျောက်နေသည်မသိ ..။

"ဘာလဲ ငထွား ရယ် .. ငါ ခုနလေးကမှ ရောက်တာ .."

"အေးပါ .. အားလုံးပြီးစီးမှ စကားပြောစမ်းပါ၊ ဟိုမှာ ဖဲဘုရင်တို့အုပ်စုတွေ ငါတို့ မုန့်ဟင်းခါးဟင်းရည်အိုးကို ခွတုတ်နေကြပြီ .."

"သြော် .. စားတာပဲ စားပါစေပေါ့ ..၊ အို .. လဲတော့မှာပဲ .."

"စားတာမဟုတ်ဘူး အပိုစာတားတွေ ပြန်သယ်ဖို့ ချိုင့်တွေနဲ့ မြန်မြန်လာစမ်းပါ၊ နင်က မိန်းမဆိုတော့ ပြောလို့ကောင်းတယ် .."

"အို .. မိန်းမလည်း အားနာတာပဲ .."

"မနာနဲ့ သူတို့က လက်ဖွဲ့နှစ်ခါကုန်ရပေမယ့် ငါတို့လည်း တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပဲ ရတာ .. လာပါဆို မြန်မြန် ..”

ခင်ဆုံ ကို အတင်းပြန်ဆွဲခေါ်နေသဖြင့် ခြုံပဝါတို့လို့တန်းလန်းနှင့် ပါသွားတာ အလဲလဲအပြိုပြို ..။

“ထွေး ဆိုတဲ့ကောင်ကွာ .. ဖြစ်လိုက်ရင် မြင်မကောင်းဘူး ..”

“ဟုတ်တယ် .. မစံပယ် အပို့ကောင်းလို့ မိန်းမရသွားတာနဲ့ ဝမ်းသာလုံးဆို့ပြီး ရူးသွားတာထင်တယ် ..”

ငယ် က ထိုင်နေရာကနေ လှမ်းမြင်နေရသဖြင့် ပင်ပန်းနေသည့်ကြားက လိုက်ရယ်နေမိသည်။ စောစောပိုင်းက သူများလိုပဲလိုက်အော်ငြင်းခုံရင်း သူတို့လင်မယားဘက်ကနေ လက်ဖွဲ့လုပယူပေးသည့်လူတွေနဲ့ ထွေး ပြေးပြေးလာပြီး ငြင်းခုံတာနှင့် ပျော်နေရတာ ပင်ပန်းမှန်းမသိ..။

လက်ဖွဲ့မယူပါဘူးပြောပေမယ့် ဘုန်းရှိပ် က ယူမယ်ပဲဖြစ်နေသဖြင့် လက်ဖွဲ့ကိုင်လာပြီဆို ဘုန်းရှိပ် ကလည်း မငြင်း၊ ထွေး အတွက် ပြန်လုပေးမည့် အောင်ကြီး တို့ကလည်း ကဗွတ်ဝက စောင့်နေသည့် ဖျင်းတွေလို ..။

“မင်းဆီ အရင်လာကြတာနဲ့ မင်းက ကောင်းတာမယူနဲ့လေ ..”

“ဒါကတော့ နာမည်မပါတာတွေဆို ငါ ရွေးခွင့်ရှိတယ် ..”

“မရဘူးဟေ့ .. ငါတို့ ထွေး က မျက်နှာငယ်ရတယ် ..”

“မသိဘူး .. နောက်ကနောက် .. ရှေ့ကရှေ့ပဲ ..”

ဘုန်းရှိပ် ကလည်း တစ်ချက်မှ အရှုံးမပေးခဲ့ပေ ..။ မင်္ဂလာပွဲတောက်လျှောက်မှာ ဦးခန့်ကျော် ကိုယ်တိုင် အသံထွက်အော်ရယ်ရင်း ဧည့်သည်တွေ တော်တော်ပျော်ရွှင်ကျေနပ်နေကြ၏။

“ဒါမျိုး မြို့မှာ မြင်ရဖို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ..”

လို့ ပြောကြသေး၏။ နေ့လယ်ဆယ့်တစ်နာရီထိုးတဲ့အထိ မဏ္ဍပ်ထဲမှာ လူတွေကျပ်နေဆဲ ..။

ငယ် ကတော့ ရင်တွေတုန်လာကာ မတ်တတ်မရပ်ချင်တော့သလို ဖြစ်လာသဖြင့် မာလာကာပင်အောက်မှာ ဝါးကုလားထိုင်လေးချခင်းပြီး ထိုင်နေလိုက်တော့သည်။



တအောင့်ကြာတော့ ဘုန်းရှိပ် က ခွေးခြေလေးတစ်လုံး ဆွဲလာပြီး ဘေးမှာလာထိုင်ကာ ..။

“နေမကောင်းလို့လား ..”

“ကောင်းပါတယ် .. ကိုကြီး ဘာခိုင်းစရာရှိလို့လဲဟင် ..”

“ဘာမှ မခိုင်းပါဘူး .. ပြောချင်တာ မပြောရသေးလို့ ..”

“ဟင် .. ငယ့် ကိုလား ..”

“ဟုတ်တယ် ..”

သနပ်ခါးရောင် အကောင်းစား ပိုးချိတ်နှင့် ဆံထုံးပုံ့ပုံ့လေးထုံးထားသည့် မျက်နှာလေးက မိတ်ကပ်ပါးပါးလေးတင်ထားပေမယ့် ဖွေးနေသည်။

နှုတ်ခမ်းဆိုးဆေး နည်းနည်းလေးတင်လိုက်တာနှင့် နှုတ်ခမ်းသားလေးတွေက အရောင်လေးပိုရင့်သွားပြီး စုထွေးနေ၏။ ပြီးတော့ ရွှေစုတတ်သည့် တောအထာအတိုင်း ဒေါ်မြရှင် က ချွေးမလေးကို ရှိသမျှစုပုံဆင်မြန်းပေးထားသဖြင့် နှစ်ထပ်လည်တိုနှင့် ဒေါင်းဘယက်ကြီးအပြင် လက်နှစ်ဖက်မှာ လက်ကောက်တွေ ထပ်ညပ်နေ၏။

“ဦးခန့်ကျော် တို့ ချမ်းသာတာသိပါတယ်၊ ဒါပေမယ့် မြို့ကိုမရောက်ခင်တော့ ကျွန်မ အပိုင်းပဲနော် .. သမီးလေးကို ကျွန်မ စိတ်ကြိုက်ပြင်ဆင်ပေးမှာ ..” လို့ ကြိုပြောထားသဖြင့် ဦးခန့်ကျော် က တဖြုံးဖြုံးနှင့် ခေါင်းညိတ်ခဲ့သည်။

တကယ်လည်း ဘာမှ ဝင်မပါဘဲ သမီးကိုသာ တကြည့်ကြည့်နှင့်ရှိလေသည်။ ဘုန်းရှိပ် ကတော့ ငယ် နဲ့ စကားပြောဖို့ပြင်တိုင်း ယောက္ခမက မလှမ်းမကမ်းမှာ ရှိနေတတ်သဖြင့် တစ်မနက်လုံး ဘာမှပြောခွင့်မသာခဲ့ဘဲ ..။

“ငယ် ..”

“ရှင် .. ကိုကြီး ..”

“နင် ဒီနေ့ အရမ်းလှတယ် သိလား ..”

“ဟင် ...”

www.burmeseclassic.com

www.burmeseclassic.com



ငယ် မျက်နှာလေးဝင်းသွားသည်။ ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်ပြီးမှ ရှက်သလို အမူအရာလေးတွေဖြစ်သွားရင်း ပြန်မော့ကြည့်ကာ ...၊

"တကယ် လှလို့လားဟင် .."

"အင်း .."

"ကိုကြီးက ငယ့် ကိုဖြင့် မကြည့်ဘဲနဲ့ .."

"ကြည့်လို့ မြင်တာပေါ့ .."

"ကိုကြီး .."

"ဟင် .."

"ငယ့် ကို ကိုကြီး ဘယ်နှစ်ခါလောက် လှမ်းကြည့်နေလဲဟင် .."

ဘုန်းရိပ် က ပြုံး၍ တစ်ဖက်လှည့်သွား၏။ ငယ် က သူ့လက်ကို ဆုပ်ကိုင်လိုက်ပြီး ငုံ့ကြည့်ကာ ...၊

"တစ်ခါလောက်ပဲ ကြည့်လိုက်တာလား .. ခဏခဏ ကြည့်မိတာလား.."

"ဘာလုပ်မလို့လဲ .."

"ဟို .."

ငယ် မျက်တောင်လေးခတ်နေရင်း စဉ်းစားသည်။ ပြီးမှ ...၊

"ခဏခဏ ကြည့်တာဆိုရင် ဟိုဥစ္စာ .. လူကြီးတွေပြောကြတယ်လေ၊ ဒီကောင်က သူ့မိန်းမကို အရိပ်တကြည့်ကြည့်နဲ့ တအားချစ်တာပဲ ဆိုတာမျိုး .."

"ငါက အရိပ်ကိုကြည့်တာမှ မဟုတ်ဘဲ .. လူကိုကြည့်တာ .."

"ဟင်!..."

ငယ် တွေဝေသွားတာကိုကြည့်ပြီး ဘုန်းရိပ် အသည်းယားနေမိ၏။

"အဲလို ရှိသေးတာလား .."

လို့ ထပ်ပြောတော့ သူမ ပါးပြင်လေးကို လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်မိကာ ...၊

တော်တော်တုံးတဲ့ ကောင်မလေး ...၊

စိတ်ထဲက ကြိတ်ပြောမိသည်။ ထိုစဉ် စန်းရီ က ဖန်ခွက်လေးနဲ့ ရောက်လာကာ ...၊



"ကိုဘုန်း သံပုရာရည်ရပြီ .."

"ပေး .."

ဘုန်းရိပ် က လှမ်းယူပြီး ငယ့် ကို ပြန်ကမ်းပေးကာ ...၊

"ရော့ .. သောက်လိုက် .."

"ဟင် .. ငယ့် အတွက်လား .."

"ဟုတ်တယ်ဟော့ .. နင့်ကိုလှမ်းကြည့်ပြီး ပင်ပန်းနေတာသိလို့ ငါ့ကို ဖျော်ခိုင်းထားတာ .."

စန်းရီ က ရယ်သံလေးတစ်ဝက်နှင့် ပြောကာ ...၊

"နင်က မနေ့တုန်းကလည်း မူးလဲသေးတယ်လေ၊ အကြမ်းမခံတဲ့ ကောင်မလေးဆိုပြီးတော့ စိုးရိမ်လို့နေမှာပေါ့ .."

"ဟာ .. အဲဒါမဟုတ်ဘူး စန်းရီ ရ .. မနေ့က မိငယ် မူးလဲထားလို့ လန့်ပြီး ပြန်ချော့နေရတာပါ .."

တရုတ်ကြီးက အကျယ်ကြီးလှမ်းအော်သည်။ သောက ချမ်းသာ စပ်ဖြဲဖြဲနှင့် ...၊

"ဘာဆိုင်လို့တုံးဗျ .. မူးလဲတဲ့လူက လန့်တာမဟုတ်ဘူးလား၊ သူက ပူဆိုးကျွတ်တဲ့လုပ် ဘာကိုလန့်စရာရှိလို့လဲ .."

"ရှိတယ်ကွ .. အပြန်အလှန် လန့်နေကြတာ .. မိငယ် က လန့်ဖျန့်ပြီး မူးလဲတယ်၊ ဘုန်း က ပြန်လန့်ပြီး .."

"သူတောင်းစား .."

"ဒေါင် .."

ဘုန်းရိပ် မျက်နှာကြီးနီရဲနေကာ သစ်ကိုင်းတစ်စကောက်ပြီး လှမ်းပေါက်ထည့်လိုက်၏။

"ဟား .. ဟား .. ဟား .. ကြည့်ပါဦး ငါတို့က ဘာပြောလို့တုံး.."

"အေးလေ .. ဘာပြောရသေးလို့တုံး .."

ယောက်ျားလေးတွေ စနောက်နေကြသဖြင့် စန်းရီ ကလည်း ရယ်ရွှင်း လှည့်ထွက်လာခဲ့ရင်း ...၊

"ချဉ်တယ်လို့မအော်နဲ့နော် .. အဲ့ဒါလည်း သူပဲ ချဉ်ခိုင်းတာ .."

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောသွားသေးသည်။

"သောက်လိုက် .. ချဉ်မှ စိတ်ကြည်တာ .."

"ကိုကြီး တစ်ဝက်သောက်လိုက်ဦး .. ငယ် က ကျန်တဲ့တစ်ဝက် သောက်မယ် .."

"ငါက ဘာမှမဖြစ်ဘူး .."

"ငယ် လည်း မဖြစ်ပါဘူး ကိုကြီးရဲ့၊ မနက်တုန်းကတောင် ပိုင်း တို့ မိညို တို့လာတော့ ငယ့် ကို ပြောသွားသေးတယ်၊ ဖအေ ရောက် လာတာနဲ့ မာန်တက်မသွားနဲ့တဲ့ .."

"ကျွတ် ..."

"ငယ် အဲ့ဒီလိုပုံစံဖြစ်နေမှာ ကြောက်တယ်၊ ပြီးတော့လေ .. နောက် ဆို စန်းရီ ကို ငယ့် အတွက် ဒါမျိုးလုပ်နိုင်းတာတွေ မလုပ်ပါနဲ့နော်၊ ငယ် တို့က သူငယ်ချင်းတွေ .. ပြီးတော့ .."

"လျှောက်ပြောမနေနဲ့ အဲလိုနေတတ်အောင် တမင်သင်ပေးဦးမှာ.. ကဲ .. သောက်ပါဆိုကွာ .."

"ဘုန်းရိပ် .. မိန်းမနားကပ်ပြီး ဘာလုပ်နေတာလဲကွ .. ဒီကိုလာဦး.."

ဘုန်းရိပ် က  ငယ့် ကို ပြန်ငုံ့ကြည့်ကာ ...၊

"ပြီးရင် အထဲဝင်တော့ အဝတ်အစားလဲပြီး နားနေလိုက် .."

ပြောနေတုန်း ပိုင်းတို့ မိန်းကလေးအုပ်စု ရောက်လာကြကာ ...၊

"ငယ် ရေ .. လာပါဟ .. ငါတို့ ခေါင်းလန်းနဲ့ ထမင်းစားရအောင်၊ နင်က အပျိုနောက်ဆုံးညဆိုတော့ .."

ငယ် နဲ့ ဘုန်းရိပ် ဖျတ်ခနဲအကြည့်ချင်းဆုံကာ မျက်နှာတွေ ချက် ချင်းလွဲသွားကြသည်။ သို့သော် ရှက်ကိုးရှက်ကန်းမျက်နှာတွေက သိသာ စွာ နီမြန်းလျက် ...၊

"အံမာ ... ငယ့် ကို လာခေါ်နေကြပြီကြည့်စမ်း .. ခုမှ မဏ္ဍပ် တောင် မဖျက်ရသေးဘူး .."

"အေးလေ .. အစောကြီးရှိသေးတာ .."

နောက်ရောက်လာကြတာက ခေါ်တင်နွယ် ဦးဆောင်သော အေးမာ



တို့ အုပ်စုဖြစ်၏။ ပိုင်း တို့က မဲ့ရွဲ့ကာ ...၊

"ဘာဖြစ်လဲ .. ကိုယ့်ဘာသာ ကိုယ့်အပိုင်းကလူတို့ ချွဲသေးတော့ ကို တို့ပိုင်တယ် .."

"ဟုတ်တယ် .. ငါတို့ပဲ ဝှတ်မှာပေါ့ .."

"အံမာ .. ဒီလိုရမလား၊ ငယ့် ကိုတော့ လက်လွှတ်ခံနိုင်ပါဘူး ငါတို့က ဘုရားထီးတင်ပွဲမှာ အပီကဲဖို့အတွက် အားခဲထားတာ၊ ငယ် က တို့အတွက် ရတနာထုပ် .."

"ဘယ်သူပြောတာလဲ .. ဘယ်သူမှ ခေါ်သွားလို့မရဘူး၊ ငယ် နေမကောင်းဘူး .."

ဘုန်းရိပ် က အားလုံးအသံကို ဖုံးလွှမ်းသွားအောင်ပြောကာ ငယ့် နားကပ်လိုက်သည်။

"ဘုန်းရိပ် မှန်တယ် .. ဟော့ကောင် မပေးလိုက်နဲ့၊ မိန်းကလေး တွေဆိုပြီးတော့ ငါတို့ကို အနိုင်ကျင့်သွားတာ၊ သတို့သမီးနှစ်ယောက် ရှိတာပဲ ယောကျ်ားလေးတွေနဲ့ တစ်ယောက်စီမျှဝှတ်လို့ရတယ် .."

"ဟုတ်တယ် ဟော့ကောင် .. သူတို့ချည်းပဲ မခေါ်စေနဲ့ .."

သံချောင်း တို့ ချမ်းသာ တို့အပြင် ကိုတရုတ်ကြီး တို့ လူလတ် ပိုင်းတွေပါ နည်းတာမဟုတ်၊ အုပ်စုသုံးစု ပေါင်းမိတာနှင့် သိပ်မလွယ် တော့မှာကို တွေးမိကာ ဘုန်းရိပ် ငယ့် လက်ကို ဖျတ်ခနဲဖိဆုပ်ကိုင်ကာ—

"ငယ် .. ပြေး .."

"ဟာ .. ဟော့ကောင် .."

"ကိုဘုန်း .. ကိုဘုန်း နော် .. မညစ်နဲ့ .. ဒါ ငါတို့ပွဲ .. ငါတို့သတို့သမီး.."

ဆူညံသံတွေ အုန်းအုန်းထနေသဖြင့် အိမ်ပေါ်က လူကြီးတွေ ပြတင်း ပေါက်ကနေ ခေါင်းပြူကြည့်ကြ၏။ လူငယ်တွေ ခြံကိုပတ်၍ ဝရုန်းသုန်း ကားပြေးနေကာ ဘုန်းရိပ် က သူ ခြေလှမ်းကျဲသလောက် ငယ်က မမီ သဖြင့် ဇွေ့ခနဲပွေ့ချီလိုက်၏။

"ဟာ .. ဒီကောင် .."

"ဘုန်းရိပ် ကို မျက်ခြည်မပြတ်စေနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်လိုအော်နေနေ ဘုန်းရိပ် က ခြံနောက်ဖေးကနေ တိုး ထွက်ကာ တောလမ်းအတိုင်းပြေး၏။

ထိုစဉ် ခင်ဆုံ နဲ့ ငထွား တို့က မဏ္ဍပ်တောင်သိမ်းပြီးကြပြီဖြစ် ကာ နှစ်ယောက်လက်ချင်းတွဲ၍ ဒီဘက်မဏ္ဍပ်ကို ကူးလာကြတာဖြစ်သည်။

သို့သော် ပြေးလွှားနေကြတာမြင်သည်နှင့် ငထွား က သိလိုက်ကာ တုံ့ခနဲရပ်သွား၏။

"ဟာ .. ဟိုမှာ ငထွား တို့ .."

"ဟိုမှာ ခင်ဆုံ ရယ်ဟ .. ရှေ့ကို မဲမနေနဲ့ .. ဒီကောင်တွေလည်း ပြေးရင်ခက်မယ် .. လှူခွဲလိုက်.."

ငထွား မျက်လုံးပြူးသွား၏။

"လှူခွဲလိုက်တဲ့ .. ပြေး .. ပြေးမယ် ခင်ဆုံ .. တစ် .. နှစ် .. သုံး"

"ဟာ .. လှည့်ပြေးပြီ .."

လူအုပ်စုကြီး နှစ်ခြမ်းကွဲသွားကာ ခင်ဆုံ နောက်ကိုလိုက်တဲ့သူကလိုက်..

"ကိုကြီး ငယ့် ကို အောက်ချပေးပါ၊ ကိုကြီး အမောဆို့သွားလိမ့်မယ်.."

ဘုန်းရိပ် က နောက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ တောလမ်း ကို ခါးလယ်က ဖြတ်ပြီး ကိုယ့်ခြံထဲကို ပြန်ဝင်သည်။ သို့သော် အိမ်ပေါ် မှာ လူကြီးတွေရှိနေသဖြင့် ကောက်ရိုးပုံဆိုင်းထားသော ဝါးခက်အုပ် ဆောင်း ကြီးအောက်ကို ဝင်ထိုင်နေလိုက်ကာ ..၊

"ဟား .. မောလိုက်တာ .."

ငုတ်တုတ်ထိုင်လျှင် ခေါင်းလွတ်ရုံလေးမို့ ဘုန်းရိပ် က အရပ်ရှည် တော့ ခေါင်းကိုငုံ့ထားရသည်။ ငယ့် ကို ရင်ခွင်ထဲမှာ ထည့်ဖက်ထား သဖြင့် သူ့နှာခေါင်းက ငယ့် မျက်နှာလေးနဲ့ ထိကပ်နေခဲ့ပြီး ..၊

"မိငယ် .."

"ဟင် .."

ငယ် က ခေါင်းလေးငုံ့ထားကာ အသံလေးတွေပါ တုန်နေ၏။ ဘုန်းရိပ် လည်း ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်နေမှန်းမသိခြင်းအတွက် အသက်မှန်မှန်ရှူဖို့သာ ကြိုးစားနေမိသည်။



ဒါပေမယ့် ရင်ခုန်သံတွေပဲ တဒိန်းဒိန်းဖြစ်နေခဲ့လျက် အသက်ရှူ နှုန်းကို မှန်ကန်အောင် ဘယ်လိုမှ ထိန်းချုပ်လို့မရ ..၊

ရှိန်းဖိန်းပူနွေးနေသည့် အထိအတွေ့က ငယ့် ကို အမြဲတမ်းဆွဲထိုင် ပုတ်ခတ်လာခဲ့တာတွေနဲ့ ဘယ်လိုမှ မတူတော့ဘူးဆိုတာကို သိသာစွာ ခံစားမိနေခဲ့၏။

"ကို .. ကိုကြီး ပြောလေ .."

"ဟွန်း .. ဘာပြောမလို့မှန်းတောင် မသိတော့ဘူး .."

"ဒါဆို .. အပြင်ထွက်ရအောင်လေ .."

"ဟိုကောင်တွေ ဒီနားမှာ ပတ်ရှာနေတာ မကြားဘူးလား .."

"ဒါပေမယ့် .. ဟို .."

"ဘာဖြစ်လို့လဲ .."

ငယ် က သူ ဖက်ထားသည့်လက်တွေကို ဖယ်ချ၍ လှုပ်လှုပ်ရွရွ လေး ရုန်းဖယ်နေကာ ..၊

"ငယ် .. ငယ် မနေတတ်လို့ .."

"မနေတတ်ပေမယ့် နေရမှာပဲ .. ငြိမ်ငြိမ်နေ .."

"ကိုကြီးကလည်း .."

"ကောက်ရိုးတွေအောက်မှာ ယားလာပြီ .."

"ကောက်ရိုးတွေထဲ တိုးနေတာမှမဟုတ်တာ .."

"ဒါပေမယ့် .. ဟို .."

"ရှက်နေတာလား .."

သူ ငုံ့မေးလိုက်တော့ ငယ် က မော့ကြည့်သည်။ မျက်နှာနှစ်ခု မထိတထိ ပွတ်ကပ်သွားမိပြီး ငယ် အတင်းပြန်ငုံ့ဖို့ကြိုးစားပေမယ့် ..၊

"ဟင့်အင်း .. ကိုကြီးကလည်း .."

ဘုန်းရိပ် က ပြုံးကာ ငယ့် မျက်နှာလေးမှာ ပါးချဉ်းကပ်၍ ..၊

"သူတို့ကြားသွားရင် ပြေးလာကြည့်ကြမှာ .. ငြိမ်ငြိမ်နေ .."

ငယ့် အသံလေးတိတ်သွားလျှင် ခြေသံတွေက တဖတ်ဖတ် နီးကပ်လာကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်တော့ပေါ့ .. အိမ်ပေါ်မှာ လူကြီးတွေရှိတော့ ငါတို့ တက်မသောင်းကျန်းရဲဘူးဆိုပြီး ဒီကောင် တက်ပြေးတာ .. ညကျမှ သိမယ် .."

"ဟုတ်တယ် .. သတို့သမီးမဝှက်ရလည်း သူဌေးတွေဆီက မင်္ဂလာခဲ(ဂ)ဖိုး အေးဆေးတောင်းလို့ရတယ်၊ မရနိုင်တာက ငထွား .."

"ဟုတ်တယ် .. ဟုတ်တယ် .. ဒီကောင် အရမ်းကပ်ဖဲ့သပ်တာ .. ခင်ဆုံ ကို မရရအောင်ဝှက်ရမယ် .. လာကြ .."

"တွေ့မယ် .. ငထွား .."

အားလုံးမောလာကြကာမှ လက်လျှော့ပြီး ငထွား တို့ ဘက်ကို ပြန်လှည့်သွားကြသည်။ ဒီလောက်တော့ ငထွား ကလည်း လျှင်သည်။

"ခင်ဆုံ .. လာ .. ဒီဘက်ကို .."

"ဘုန်းကြီးကျောင်းကြီးထဲမှာ ငထွား ရယ် .. ခွေးရှိတယ်ဟ .."

"ခွေးက နောက်ဖေးကို မလာပါဘူး၊ ဟိုမှာ တိုက်ပျက်လေးရှိတယ် တွေ့လား .. အဲဒီမှာ မီးဖိုဆောင်လုပ်ထားတာ၊ သွား .. သွား နင့်ကို မမိဖို့အရေးကြီးတာ၊ ငါ ဟိုကောင်တွေ အခြေအနေကြည့်ပြီး လမ်းလွှဲသင့်ရင် လွှဲမယ် .."

ခင်ဆုံ က လှမ်းကြည့်ကာ ...၊

"ငါ့မှာ ပွဲထိုင်အဝတ်စားတွေနဲ့ ငထွား ရယ် .. တိုက်ပျက်က တစ်ခြမ်းပြိုထားတာ အထဲမှာ ကျဉ်းကျဉ်းလေး .."

"သွားပါဆိုမှဟာ .."

"သူတို့က ပျော်ချင်လို့လုပ်တဲ့ဟာ .. အများကြီးလည်း မတောင်းပါဘူး .."

"တောင်းတောင်း မတောင်းတောင်း မပေးဘူး၊ ဒီကောင်တွေ ဘုန်းရိပ် တို့ဆီက နင့်လောက်အောင် ရမှာကို အားမရနိုင်ဘူး၊ မရဘူး.. မပေးဘူး .."

"နင်ဟာလေ .."

ခင်ဆုံ ရှုံ့မဲ့မဲ့နှင့် သူ့လည်ပင်းက အညိုရောင် မာဖလာလေးကို



ဆွဲယူသွား၏။ မင်္ဂလာပွဲပြီးပြီပေမယ့် အလုပျက်မှာကလည်း ကြောက်သေးသည်။

ငထွား နောက်ကြောင်းပြန်လှည့်လာကာ တခြားဘက်ကို လမ်းလွှဲပြေးဖို့ပြင်၏။

သို့သော် ကိုရင်လေး တစ်ပါးက လက်မလေးထောင်ပြကာ ဟိုကောင်တွေ လိုက်လာကြမယ့်လမ်းကို ပြေးထွက်သွား၏။

"ကျွတ်.. ကျေးဇူးကြီးမာပါဘိ ကိုရင်ရယ် .."

ဝမ်းသာအားရ ရေရွတ်ရင်း ခဏတော့ နားစွင့်ထားမိသေးသည်။ ဘယ်လိုလဲ ပြန်လှည့်သွားကြတာလား၊ ဒီကို ရောက်မလာသေးတာလား၊ ဒီဘက်ကိုပဲ လိုက်မလာနိုင်ခဲ့တာလား ...၊

ဘာပဲဖြစ်ဖြစ် လွတ်ပြီပေါ့ ...၊

လုံးဝ တိတ်ကျနေသည့်အဖြစ်ကို တစ်မျိုးခံစားမိပေမယ့် နေမွန်းတည့်မှာ နေမထွက်ဘဲ မှောင်ရိပ်သမ်းနေတာကိုပါ မော့ကြည့်မိသေးသည်။

ဒီလောက်ထိ ဒုက္ခပေးလာခဲ့ပြီးမှ ဘာဖြစ်လို့ ဒီပုံစံပြန်ပြီး ညို့မှောင်လာတာလဲ၊ မိုးနဲ့ နွားသိုး အစိုးမရဘူးဆိုတာကျတော့ ပြောတော့ပြောနိုင်ပြီး သူ့ အစိုးမရသမျှ လူတွေကချည်း လိုမ့်ခံနေရသည်။

ဒီမိုးကြောင့်ပဲ မသာတစ်ကောင်နဲ့ တစ်ရွာလုံး ဒုက္ခရောက်ခဲ့တာဆို သတိရပြီး ဒေါသက မိုးကိုပါ ဆက်သွား၏။

ထို့ကြောင့် မာခေါက်ခေါက် ချည်ပြောင်ပုဆိုးကို ဖွမ်းခနဲဆွဲ 'မ' ကာ နောက်ပြန်လှည့်လာရင်း ...၊

"ရှာစမ်း .. ဒီတစ်ခါ မသာမရှိတော့ဘူး၊ မိုးအေးအေးနဲ့ နှပ်နေကြမယ့် မင်္ဂလာမောင်နှံပဲရှိတယ်၊ ဟား .. ဟား .. သန်းခေါင်ကျော်မှ ပြန်တို့ပြန်မယ်၊ မိုးပဲရွာရွာ မိုးကြီးပဲပစ်ပစ် ဒီထဲက ထွက်ကိုမထွက်ဘူး.."

နောက်က လိုက်လာတဲ့လူတွေရန်က ကင်းဝေးပြီမို့ နောက်ပြန် လှည့်ပြီး တံခါးမရှိသည့် အုတ်တိုက်ပျက်လေးကို တံခါးပိတ်ဖို့ ကြိုးစားနေ...

"ယောဒီထဲက ထွက်ကိုမထွက်ဘူး၊ မိုးအေးအေးနဲ့ မိုးလင်းနေပေါ့တွယ် .. ဟာ .. ဟ .."

www.burmeseclassic.com

www.burmeseclassic.com



သီချင်းလေးတအေးအေးနဲ့ သွပ်ပြားစ သံပြားစတွေ တောင်းစုတ် ခုံစုတ်တွေ ရှာဖွေစုဆောင်းကာ အပေါက်ဝမှာ စုထပ်ပုံသည်။

နောက်ကို လှည့်ကြည့်လိုက်တော့ ခင်ဆုံ က သူ့ကို စိတ်ပျက်နေသည့်ပုံနှင့် တိတ်တိတ်ဆိတ်ဆိတ်လေး ထိုင်ကြည့်နေ၏။

"ဒီတစ်ညတော့ သည်းခံလိုက်ပါဦး ခင်ဆုံ ရာ .. အဲ .. တစ်ည မဟုတ်ဘူး ခဏပါ၊ သန်းခေါင်ကျော်လောက်ဆို ဒီကောင်တွေ လက်လျှော့သွားပြီ၊ အဲဒီကျမှ အေးဆေးပြန်ကြတာပေါ့၊ ငါတို့က နှစ်ဖက်မိဘ ပြေလည်တယ်ဆိုပေမယ့် ဘုန်းရိပ် တို့နဲ့စာရင် မိုးနဲ့မြေပဲလေ .."

အတွင်းကထိုင်ပြီး တံခါးပေါက်ပိတ်သွားအောင် ပိတ်ဆို့နေရပေမယ့် တမင်ပိတ်တာမဟုတ်ဘဲ ပစ္စည်းစုတ်တွေ စုပုံနေသလို အပြင်က မြင်ရအောင် သေချာအကွက်ချလုပ်နေတာမို့ ခဏကြာမှ ပြီး၏။

"ဟဲ .. ဟဲ .. ပြီးသွားပြီ .."

သူ နေရာမှ ထရပ်ပြီး လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ခါနေစဉ် မိုးသားတွေက ပို၍ ညို့မည်းလာကာ မိုးသက်လေနှင့်အတူ မိုးစက်တွေ တပေါက်ပေါက်ကျလာသံက မိုးသီးကြွေသံကဲ့သို့ ကျယ်လောင်နေ၏။

"ကောင်းတယ် .. မိုးမှောင်နေတော့ အထဲကို သေချာမမြင်ရတော့ဘူး၊ နေရောင်မရှိတော့ ပူလည်းမပူဘူး .."

ခင်ဆုံ စိတ်ညစ်လက်ညစ်နှင့် သူ့ကိုပါ စိတ်ကောက်နေပြီမှန်း သိသည်။ ဒါပေမယ့် 'မင်း အလှည့်ကျမှ သိမယ် .. မှတ်ထား' လို့ ကြိမ်းဝါးထားတာတွေ သတိချပ်ထား၏။

ပြီးတော့ ဘုန်းရိပ် တို့ မင်္ဂလာဆောင်နဲ့ အပြိုင်လုပ်တည်းက ဒါလေးတွေ သက်သာမှာပဲလို့တွက်ပြီး ကိုယ့်အတွက် ဘယ်လောက်ကျန်မလဲဆိုတာလည်း အဖြေက ထွက်ပြီးသား ..။

နှစ်ဖက်စားချင်တဲ့ကောင်တွေ သေပေါ့ ..။

ကိုယ့်လုပ်ရပ်ကိုတွေးပြီး ကျေနပ်နေတာ သွားကြီးအဖြီးသားနှင့် ရယ်နေမိတဲ့အထိ ..၊ ခင်ဆုံ ကတော့ ငုတ်တုတ်ကနေ မလှုပ်ဘဲ သူ ဘာလုပ်လုပ် ဘာမှလည်း မတားဆီးတော့ပေ ..။



ထိုစဉ် မိုးတွေက သည်းလာ၏။

"စလာပြန်ပြီ .. ဒီမိုး၊ ဒီတစ်ခါ မိုးထဲမှာ သေတဲ့သောရှိလို့ကတော့ ငထွား တို့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားပုံကို ခေါင်းပေါ်ရွက်ပြီး ရက်မလည်မချင်း ပြန်မလာဘူးမှတ် .."

ပြောပြီး ခေါက်လိပ်နေသည့် ဖျာစုတ်တွေသွားထရှာသည်။ ပြီးတော့ တုတ်တစ်ချောင်းဆွဲ၍ တဘုန်းဘုန်းရိုက်ခါသည်။ ခင်ဆုံ က မာဖလာကို ခေါင်းပေါ်ပတ်တင်လိုက်ပြီး မျက်နှာငုံ၍ နှာခေါင်းပိတ်၏။

"ခဏလေး .. ခဏလေး .. တစ်နေ့လည် တစ်ညလုံးနေရမှာဆိုတော့ တုံးလုံးပက်လက်လေး လှဲနေလို့ရအောင် .."

"အေး နင်ပဲနေ .. ငါကတော့ မလှဲဘူး .."

"ခင်ဆုံ ရာ .. နင်ကလည်း ခုနစကား ပြန်ဆက်ပြောရရင် ငါတို့ မင်္ဂလာဆောင်က ငါတို့ရဲ့ အိမ်ထောင်ဦးစရိတ်ပဲလေ၊ ဂဲ(ခဲ)ဖိုးဆိုတာလည်း နည်းနည်းများများ အလကားကုန်မယ့်ပိုက်ဆံပဲ၊ ငါတို့က သူ့ဒွေးမှ မဟုတ်တာ၊ မယုံရင်ကြည့်နေ ဘုန်းရိပ် တို့က ငါတို့အတွက် ကင်းလွတ်ခွင့်ပါ လုပ်ပေးသွားမှာ .."

"နင်တို့က ကတ်ဖိုးကပ်ဖဲ့သိပ်လုပ်တာ၊ ဖယ် .. ဖယ် .. ငါ့ကို လာမထိနဲ့ .."

"ဟား .."

"မဟားနဲ့ သွား .. ဒါ ဘာလုပ်ခဲ့တဲ့ အဆောက်အဦးပျက်ကြီးမှန်းလည်းမသိ၊ ဘာပစ္စည်းတွေ ထည့်ထားမှန်းလည်းမသိ၊ ဘုန်းကြီးကျောင်းဝိုင်းထဲမှာပေမယ့် ဘုန်းကြီးကတောင် မသုံးတဲ့ဥစ္စာ .."

ဆယ်ပေ ဆယ့်ငါးပေ ပတ်လည်လောက်ကျယ်သည့် အုတ်ဖုတ်တိုက်သေးသေးက ခေါင်မိုးထောင့်နဲ့ နောက်တစ်ခြမ်းပြိုကျနေကာ ခြုံနွယ်တွေက အပေါက်ထဲထိ ထူထပ်အောင် ဝင်နေသဖြင့် အလင်းရောင်ကောင်း မဝင်နိုင်ပေ ..။

ကျောင်းဘက်ကို လှည့်နေသည့် ဝင်ပေါက်ကတော့ ကလေးတွေ ကျောင်းနောက်ဖေးမှာ ပြေးလွှားဆော့ရင်း ဝင်ထွက်ကြတာရှိသဖြင့် ခြုံ

www.burmeseclassic.com

www.burmeseclassic.com



တွေမလွှမ်းဘဲရှိနေ၏။

သို့သော် အမှိုက်ပုံကဲ့သို့ ပစ္စည်းအတိုအစတွေ ဝင်ပေါက်နားမှာ ပုံနေသောကြောင့် အလွယ်တကူဝင်ထွက်ဖို့တော့ မကောင်း ..၊

ခင်ဆုံ က မီးသွေးခဲနဲ့ ဆွဲထားသော ရုပ်ပုံတွေ စာကြောင်းတွေနှင့် ညစ်ပတ်အရောင်ပြယ်နေသော နံရံတွေကို ရှုံ့မဲ့ကြည့်ကာ ..၊

"ကိုယ့်ရွာထဲမှာပေမယ့် ငါ ဒီထဲကို တစ်ခါမှကို မရောက်ဖူးဘူး.."

"ငါလည်း မရောက်ဖူးပါဘူး၊ ခဏလေးပါဟာ .. ဒါ ပျော်ဖို့လည်း ကောင်းပါတယ်၊ အရှုံးမပေးနိုင်တာကိုက ကစားနည်းတစ်မျိုးပဲမဟုတ်ဘူးလား .."

"တော်ပါ့ .."

ခင်ဆုံ စိတ်တိုပြီး မျက်စောင်းထိုးမိပေမယ့် ဒေါသထွက်လှတာတော့ မဟုတ်ပေ ..။

"ဒီမှာ အပေါ်ကချထားတာ မြက်ဖျာကြီးက သန့်ပါတယ် .."

"ဟာ .. လွှတ်စမ်းပါ၊ မင်္ဂလာဆောင်ပြီးပြီဆိုပြီး ပေါက်ကရတွေ တွေးမနေနဲ့၊ ငါ့ကို ဒီလိုနေရမှာများ .. ဟွန်း .."

"ဘာမှမလုပ်ပါဘူး ခင်ဆုံ ရယ် .. ငါက ပျော်လို့ပါ၊ လုံးဝ မထိတော့ဘူး စိတ်ချ .. ဒါပေမယ့် စိတ်တော့မကောက်နဲ့နော် .. ငါတို့နှစ်ယောက်စလုံး တက်ညီလက်ညီတောင့်ထားမှ .. ဟဲ .. ဟဲ .."

"ဟွန်း .."

ဒီအုပ်စုတွေ ဟေးလားဝါးလားဆို သိပ်ဝါသနာပါကြသည်။ ပိုက်ဆံကပ်စေးနဲတာထက် မရမကအနိုင်လိုချင်နေတာကို မဖျောက်ဖျက်နိုင်တာက ပိုဆိုး၏။

ငထွား က ခင်ဆုံ့ မျက်စောင်းကို မျက်နှာသေလေးနှင့် ခံယူရင်း အုတ်ဘောင်ကို ခေါင်းအုံးလုပ်၍ လှဲလိုက်သည်။

"ခဏပဲ မှိန်းမှာပါ .. မိုးတွေက သည်းနေတော့ .."

"မိုးအေးတာနဲ့ မျက်တောင်စင်းလာတာ အဲဒါ လူပျင်းတွေအလုပ်.."

"မအိပ်ပါဘူးဆိုမှ .."



ပြောနေရင်း ငထွား အသံလုံးဝထွက်မလာတော့ပေ ..။ သူ့စိတ်ကူးထဲကအတိုင်း မိုးတိတ်တဲ့အချိန်မှာ စောနေသေးလို့ ဒီနေရာကို ဟိုကောင်တွေ ရောက်လာခဲ့ရင် ..၊

"ဟော .. စကားသံတွေကြားတယ် .."

"ဟာ .. ခင်ဆုံ မဖွင့်လိုက်နဲ့၊ အပြင်ကကြည့်ရင် အထဲမှာ လူရှိမှန်း မသိအောင် ငါ ပိတ်ထားတာ၊ သူတို့ မသိဘဲ ကျော်သွားမှာ မဖွင့်နဲ့.."

"ဒီကိုလာနေတာပါဆို .."

"ဟာကွာ .. ဒီကောင်မလေးတော့ .."

ဟင် ..၊

ငထွား နေရာမှ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ တိုက်ပျက်တစ်ခုလုံးက မှောင်မည်းနေကာ အပြင်မှာ မိုးစက်သံလည်း မကြားတော့ပေ..။

ဒါပေမယ့် မိုးမချုပ်သေးဘူးဆိုတာကို အပြင်မှာ အလင်းရောင်ရှိနေသေးတာကြည့်၍ သိနိုင်၏။ သူ အိပ်မက်မက်နေတာပဲ ..၊ ဘယ်လောက် အိပ်ပျော်သွားတာလဲ ညနေစောင်းနေပြီလား ..။

"ခင်ဆုံ .."

"ဟင် .."

ခင်ဆုံ က တံခါးဝမှာဖြစ်ကာ ပိတ်ထားတာတွေကို လူဝင်သာအောင် ဖြုတ်ချနေ၏။ ဒါတော့ အိပ်မက်မဟုတ်တာ သေချာပါပြီ။

"ခင်ဆုံ လာပါဟာ .. နင် အဲဒါတွေလုပ်နေလို့ ငါ အိပ်မက်ထဲတောင် ထည့်မက်တယ်၊ နင် ခုတည်းက ငါ့စကား .."

စကားပြောနေရင်း တံခါးဝမှာ ငုတ်တုတ်ထိုင်နေသည့် ခင်ဆုံ့ ကိုယ်လုံးကြီးကို သံသယဖြစ်သွား၏။ အလင်းရောင်ရှိနေသည့်ဘက်ကမို့ သူ့ဆီကကြည့်တော့ ဘာမှသေချာမမြင်ရပါ။

သို့သော် ခေါင်းမှာ မာဖလာဆောင်းထားတာ မဟုတ်နိုင် .. ဒါဆို..

"ဟာ!..."

သူ့ နှုတ်ဖျားမှ ဟာခနဲအသံကြီး ထွက်သွားကာ နံရံကိုကျောကပ်ပြီးသားဖြစ်သွား၏။ ဆံပင်တွေ ဖားလျားပြန့်ကျနေတာ အုပ်အုပ်ဖားဖား

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် မစံပယ် ဆိုတာ သူ မမှားနိုင် ...။

ထွက်ပြေးဖို့ကျတော့ သရဲက တံခါးဝမှာ ပိတ်စောင့်နေတာမို့မဖြစ် ...။

"ခ .. ခင်ဗျားကြီး .. စ .. စ .. ပ .."

ရှေ့ကို တရွရွတိုးတက်လာသည့် ဖားလျားကြီး၊ စကားသံက မေးရိုက်သံတွေပါကာ မပီမသ ...၊

"အောင်မလေး .. ခင်ဆုံ .. ခင်ဆုံ ဘယ်မှာလဲ .."

"ဟိ .. ဟိ .. ဟီး .."

"ခင်ဆုံ ရေ .. ငါ့ကို လာကယ်ပါဦး၊ ခင်ဆုံ .. ဘုန်းရိပ် တို့ .. ချမ်းသာ တို့ .. လာကြပါဦး .."

အသံတွေပြာအောင် အော်ခေါ်ရင်း သူ နောက်ဆုတ်နေရကာ စံပယ်သရဲမက ရှေ့ကိုတိုး၏။

"မ .. မလုပ်ပါနဲ့ .. ရှေ့မတိုးနဲ့နော် .."

"ဟွန့် .. အွန် .. ဟွန့် .. ဟွန့် .. အစ် .. အစ် .."

"အောင်မလေး ရယ်တာတောင် ချစ်စရာကောင်းအောင် မဟုတ်ဘူး .. သရဲပီသလိုက်တာ လုပ်ကြပါဦး .."

ကြဲရာမရသည့်အဆုံးမှာ ငုတ်တုတ်ကနေ ဦးသုံးကြိမ်မက အကြိမ်ကြိမ်ချ၍ ရှိခိုးတောင်းပန်မိတော့သည်။

"ဟိတ်ကောင် ထွေး .. ဟိတ်ကောင် .. ငါတို့ရောက်နေပြီ .. ဒီမှာ.."

"ဟင် ..."

"ထွေး .. ငါလေ ခင်ဆုံ .."

"သရဲမ .."

"မဟုတ်ပါဘူး ငါပါ .. ငါ အပေါ့သွားမလို့ အပြင်ထွက်သွားတာပါ၊ သူတို့က စောင့်ဖမ်းလိုက်တော့ ငါ့ကို မိသွားတာ .."

"မိသွားပြီ .."

ခုထိ သတိမကပ်သေးလို ပြူးကြောင်ကြောင်ကြည့်နေဆဲ ...၊

"ထွေး ရယ် .. ငါတော့ သေချင်တာပဲ နင့်လိုလူ ရှားပါတယ်ဟယ် .."



ခင်ဆုံ ကလည်း စိုးရိမ်စိတ်လေးဖိစီးလျက် ညည်းညူရင်း ငိုချတော့မလိုလို၊ အားလုံး ပိုင်းရယ်နေကြပြီး ...၊

"မင်းဆီက ဂဲ(ခဲ)ဖိုး မတောင်းတော့ပါဘူးကွာ .. သနားလို့ ဒီတစ်ပွဲလွှတ်ပေးလိုက်ပါ့မယ်၊ လာ .. လာ ပြန်လိုက်ခဲ့ .."

အပြင်မှာ မိုးမချုပ်သေးပေ ...။ ဒါပေမယ့် ထွေး တစ်ကိုယ်လုံး ချွေးတွေနစ်နေ၏။ ဒါရော အိပ်မက်လား .. တကယ်လား ထွေး ပတ်ဝန်းကျင်ကို မလုံမလဲကြည့်နေတုန်းမို့ ခင်ဆုံ သူ့လက်မောင်းကိုလှုပ်၍...

"ဘယ်လိုဖြစ်နေတာလဲ ထွေး .. သရဲကြောက်နေတာလား၊ ဥစ္စာခြောက်နေတုန်းပဲလား .. နင့်ဆီက ဂဲ(ခဲ)ဖိုးလည်းဘယ်သူမှ မတောင်းတော့ဘူး .. ပူမနေနဲ့တော့ .."

သူ့ကို ငြိုငြင်သွားပြီလား ....၊

ခင်ဆုံ့ ညည်းသံကြောင့် မျက်နှာကိုကြည့်လိုက်မိလျှင် ခင်ဆုံ ကလည်း ပြန်ကြည့်နေကာ ...၊

"ဟွန်း .. ဘာခုမှ မလိမ်ပိုးမလိမ္မာရုပ်လေးနဲ့ .."

ဖောင်းပွမို့အစ်ပြီး မည်းသည်းနေသည့်ကြားက သွားကြီးတွေဖြီးနေပြီး သူ့ကို ပါဖွေးနေသည့်မျက်နှာကြီး ...၊

ဒါပေမယ့် မျက်လုံးတွေက မျက်နက်ဆံမရှိ ...၊

"အား ...."

ထွေး ကိုင်ထားသည့်လက်ကို ဆောင့်လွှတ်ပစ်ကာ ...၊

"မစံပယ်ကြီး .. သရဲမ .."

"ဟော့တော် .."

"ဟာ .. ဒီကောင်တော့ လိုက်ကြဦး .."

"ထွေး .. အဲဒါ ခင်ဆုံ ပါကွ .."

"မလိုက်ခဲ့နဲ့ .. သရဲမကြီး .."

ဒီတစ်ခါ လိုက်သူတစ်သိုက်နှင့် အသားကုန်ပြေးနေသော ထွေး တစ်ယောက်တည်း ...။

"အမေရေ .. တံခါးအမြန်ဖွင့်ထားပေးပါ .. သရဲမ .. မစံပယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာပြီ .. ဖွင့်ပါဗျို့ ..”

အော်ရင်းပြေးနေသဖြင့် ရွာထဲမှာ အိမ်လုံးကျွတ် ထွက်ကြည့်ကြပြီး..၊

“ဝေထွား ဘာဖြစ်လာတာတုံး ..”

“မစံပယ် မွေးပြန်ပြီထင်တယ် .. ခစ် .. ခစ် .. ခစ် ..”

“ဟား .. ဟား .. ဟား .. ဒီကောင်တွေတော့ကွာ ..”

“ဟား .. ဟား .. ဟား သရဲက သူတို့နဲ့ကို ပျော်နေတာကွ .. ဟား.. ဟား .. ဟား ..”

ချစ်ခင်ကျွမ်းဝင်ခဲ့ကြတာလည်း မဟုတ် ..၊

မသင့်မြတ်သည့် ရန်ဘက်တွေလည်း မဟုတ်ဘဲ ..၊

မစံပယ် နဲ့ ကျွန်တော်တို့ စတင်ဆုံဆည်းခဲ့တဲ့အချိန်ကစပြီး မပြီးဆုံးနိုင်တဲ့ ထိတ်လန့်ဖွယ်တွေဟာ ကြာလာတော့လည်း ရယ်စရာ ဟာသတွေလို ဖြစ်လာခဲ့ပါတယ် ..။

ဖုတ်သွင်းခံခဲ့ရတဲ့ မစံပယ် ရဲ့ ရုပ်အလောင်းက သူ့ကိုမြင်ရတိုင်း ဒီပုံစံနဲ့ ဖြစ်နေပြီး သူ ကျွတ်လွတ်အောင် အလှူဒါနတွေလုပ်၊ အမျှဝေ ပေးလည်း သူမကတော့ သာဓုမခေါ်ဘဲ ဝေးဝေးပြေးရှောင်နေခဲ့တာထင် ပါတယ် ..။

အလှူတစ်ခုခုရှိပြီဆို မစံပယ် ပျောက်သွားတတ်ပြီး နောက်ပြီး တော့လည်း ပြန်ပေါ်လာတာပါပဲ။ ဒါပေမယ့် သူမကြောင့် ချစ်သူတွေ ညားခဲ့ကြတယ်။ သူမကြောင့် သွေးပျက်အောင် ထိတ်လန့်ကြရတယ်။ သူမကြောင့်ပဲ ဟာသမြောက်ခဲ့ရတဲ့အဖြစ်တွေ မပြီးဆုံးနိုင်အောင် ရှိခဲ့ ကြရင်းနဲ့ ...

ဘယ်တော့မှ ကွဲကွာမည်မထင်သော ‘ထန်းလုံးကြီး’ ရွာမှာပဲ...

‘ကျွန်တော်တို့နဲ့ မစံပယ် ..’

လရောင်ကျူးရင့်

www.burmeseclassic.com